
www.burmeseclassic.com

တက္ကသိုလ် နေဝင်း

# လေယာဉ်ပေါ်မှ လူသတ်မှု



BURMESE CLASSIC .com

# DEATH IN THE CLOUDS

AGATHA CHRISTIE

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာအုပ် - ၁၆ -

## တက္ကသိုလ်နေဝင်း

# လေယာဉ်ပေါ်မှလူသတ်မှု

ဒုတိယအကြိမ်

# DEATH IN THE CLOUDS

## AGATHA CHRISTIE

K

ကျော့မွေးစာပေ

အမှတ်-၁၂(ဘီ)၊ တတိယအလွှာ၊ စက်တွင်းလမ်း၊
ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် ■ ၅၀၀၉၆၄၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ ၅၀၀၉၃၁၀၆၀၈

ပုံနှိပ်ခြင်း ■ ပထမအကြိမ်
၁၉၈၅၊ ဧပြီ 'သက်တင်စာပေ'
ဒုတိယအကြိမ်
၂၀၀၆၊ အောက်တိုဘာ 'ကျော့မွေးစာပေ'

အုပ်ရေ ■ ၅၀၀

စာအုပ်ချုပ် ■ ကိုမြင့်

မျက်နှာဖုံး ■ ကိုစိုင်း(Stars)

အတွင်းဖလင် ■ ပုံရိပ်ရှင်

ကွန်ပျူတာစာစီ ■ ပုံရိပ်ရှင်

ထုတ်ဝေသူ ■ ဦးသန်းဆွေ 'Unity စာပေ'
အမှတ်-၃၆(အပေါ်ဆုံးထပ်)၊
ဟသာ်တလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ■ ဦးဇော်မြင့်ဝင်း(ကာလာနုံပုံနှိပ်တိုက်)
အမှတ်-၁၈၄(ဘီ)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ■ ၂၀၀၀ ကျပ်


## မြန်မာပြန်သူ၏အမှာ

မှုရင်းဝတ္ထုရေးသူ ကမ္ဘာကျော် စာရေးဆရာမကြီး 'အာဂါသာခရစ္စတီ' (AGATHA CHRISTIE) အား မြန်မာဘာဖတ်ပရိသတ်နှင့် အထူးဟလည် မိတ်ဆက်ပေးရန်မလိုဟု ထင်ပါသည်။

စာရေးသူ မြန်မာပြန်ပြီး သက်တင်စာပေတိုက်မှ ဖြန့်ချိထုတ်ဝေခဲ့သော 'အမြန်ရထားပေါ်မှ လူသတ်မှု'၊ 'ဟီလာရီ'၊ 'ဖြိုဟ်မွှေတဲ့ ကျောက်မျက်ရတနာ' ဝတ္ထုများဆိုလျှင် ဆရာမကြီး အာဂါသာခရစ္စတီ၏ လက်ရာများပင်ဖြစ်ပါသည်။

ဆရာမကြီးသည် လျှို့ဝှက်သည်းဖို စုံထောက်ဇာတ်လမ်းများ ဖန်တီးရေးသားရာ၌ သူမတူအောင် ထူးချွန်ပြောင်မြောက်ပြီး အထူးကောင်းမွန်လှပါသည်ဟု ကမ္ဘာ့စာပေ အကဲခတ်ပုဂ္ဂိုလ်များနှင့် စာပေသမားများ (အထူးသဖြင့် စုံထောက်ဝတ္ထုရေးဆရာများကပါ) ဝန်ခံချီးကျူးခြင်း ခံခဲ့ရပါသည်။ ဇာတ်အိမ်ဖွဲ့ပုံ၊ ဇာတ်ကို သယ်ဆောင်သွားပုံ၊ လှည့်ကွက်များ ဖန်တီးပုံ၊ ဇာတ်ကို အဆုံးသတ်ပုံများ၌ စာဖတ်ပရိသတ်၏စိတ်ကို တောက်လျှောက် ဆွဲဆောင်သွားနိုင်အောင် ရေးသားနိုင်စွမ်းရှိသူဖြစ်ပါသည်။

ယခု 'လေယာဉ်ပေါ်မှ လူသတ်မှု' ဝတ္ထုမှာလည်း ဆရာမကြီး၏ လက်ရာများအနက် အလွန်ထူးခြားဆန်းကြယ်သော ဝတ္ထုဇာတ်လမ်းတစ်ခု ဖြစ်နေပါသည်။ ယခင်ဝတ္ထုများတွင်ပါနေကျ စုံထောက်ကြီး 'ဟာကျူးလီ' ထူးခြားစွာ ထောက်လှမ်းဖော်ထုတ်ခြင်းက မဆန်းလှပဟု ဆိုနိုင်သော်လည်း လူသတ်မှု ဖြစ်ပွားရာနေရာကို ဖန်တီးပြထားပုံက အလွန်ဆန်းကြယ်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြင်သစ်ပြည်မှ အင်္ဂလန်ပြည်သို့ ပျံသန်းသွားသည့် လေယာဉ်တစ်စင်းပေါ်၌ ခရီးသည် ဆယ့်တစ်ဦးသာ လိုက်ပါသည့်အနက် အမျိုးသမီးခရီးသည်တစ်ဦး လေယာဉ်ပေါ်တွင် အသတ်ခံရပုံကို ဇာတ်အိမ်တည်ဆောက်ထားပါသည်။

ခရီးသည်များအပြင် လေယာဉ်မောင်း အစရှိသော လေယာဉ်မှူး၏ အဖွဲ့သားသာ ပါရှိသော လေယာဉ်ပေါ်မှ မည်သို့မှ မရိပ်မိအောင် လူသတ်မှု မည်သို့မည်ပုံ ကျူးလွန်နိုင်မည်နည်း။

လူသတ်တရားခံသည် လေယာဉ်ပေါ် လိုက်ပါလာသူတစ်ဦးသာ ဖြစ်ရမည်မှာ သေချာနေပေရာ မည်သို့လျှင် တရားခံအား ထောက်လှမ်းဖော်ထုတ်နိုင်ပါမည်နည်း။

ယင်းမေးခွန်းများ၏အဖြေကို ကမ္ဘာကျော် စုံထောက်ဝတ္ထုရေးဆရာမကြီး အာဂါသာခရစ္စတီ အလွန်ပညာပါပါ ဖန်တီးရေးပြထားပုံကို မြန်မာစာဖတ် ပရိသတ်အနေဖြင့် စိတ်ဝင်စားလိမ့်မည်ဟု ထင်မိပါ၍ ယခု မြန်မာပြန် ရေးသားတင်ပြလိုက်ရပါသည်။

တက္ကသိုလ် နေဝင်း

(၁)

ဤဇာတ်လမ်းဖြစ်ပျက်ရာ အချိန်ကာလကား ယနေ့လေယာဉ်ဖြင့် ခရီးသွားလာမှု ခေတ်စားခြင်းမရှိသေးသောကာလ ၁၉၃၄ ခုနှစ်က ဖြစ်သည်။

ခရီးသည်များ တင်ဆောင်ပျံသန်းသည့် လေကြောင်းကုမ္ပဏီများ မရှိသလောက် နည်းပါးသေးသည့်ခေတ်ဖြစ်သော်လည်း ထိုအချိန်က ပြင်သစ်ပြည် (ပဲရစ်မြို့)နှင့် အင်္ဂလန်ပြည် (လန်ဒန်မြို့)အကြား အသွားအပြန် ခရီးသည်များ တင်ဆောင်သယ်ပို့နေသော 'ယူနီဗာဆယ်' လေကြောင်းကုမ္ပဏီတစ်ခုက ရှိနေပြီ ဖြစ်သည်။

ထိုခေတ်က လေယာဉ်ဖြင့် ခရီးသွားလာသူ အလွန်နည်းပါးလင့်ကစား ငွေကြေးတတ်နိုင်သူများကတော့ အချိန်တိုတောင်းစွာ ခရီးရောက်နိုင်သည့် လေယာဉ်ဖြင့် သွားလာလေ့ရှိကြပေသည်။

ထို့ကြောင့် ယခုဇာတ်လမ်းစတင်ရာ စက်တင်ဘာလ၏ သာယာသော နေ့တစ်နေ့ဝယ် ပြင်သစ်ပြည်၊ ပဲရစ်မြို့မှ လန်ဒန်မြို့ 'ခရွိုင်ဒန်'လေဆိပ်သို့ ထွက်ခွာပျံသန်းမည့် လေယာဉ်တွင်လည်း ခရီးသည်အပြည့် ရှိနေလေသည်။

(မှတ်ချက်။ ။ ယခုခေတ် 'ဂျက်'လေယာဉ်ကြီးများလို ခရီးသည်သုံးလေးရာတင်နိုင်သော လေယာဉ်များ မရှိသေးသဖြင့် 'ယူနီဗာဆယ်' လေကြောင်းကုမ္ပဏီ၏ ခရီးသည်တင် လေယာဉ်မှာ လေယာဉ်ငယ်တစ်စင်းသာ ဖြစ်သည်။)

လန်ဒန်မြို့သို့ လိုက်ပါမည့် ခရီးသည်များအနက် 'ဂျိန်း'အမည်ရှိ မိန်းကလေးတစ်ဦးသည် လေယာဉ်ပေါ်သို့ တက်လာချိန်၌ အခြားခရီးသည်အများစုက မိမိတို့၏ ထိုင်ခုံအသီးသီးတွင် ရောက်ရှိနေကြပြီ ဖြစ်သည်။

ဂျိန်းသည် ထိုင်ခုံတွင် နေရာတကျ ထိုင်လိုက်ပြီးနောက် အခြားခရီးသည်များအား အကဲခတ် ကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသည် အမျိုးသမီးနှစ်ဦးက အချင်းချင်း စကားပြောနေကြသည်။

အသက်ကြီးကြီး အမျိုးသားခရီးသည်တစ်ဦးမှာ နိုင်ငံခြားသားတစ်ဦး ဖြစ်ပုံရသည်။ လူက ခပ်ပုပုဝဝနှင့် ဦးခေါင်းက ဘဲဥပုံသဏ္ဌာန်ရှိပြီး နှုတ်ခမ်းမွေး ကားကားနှင့် ဖြစ်သည်။

(ထိုလူကြီးသည် နာမည်ကျော်စုံထောက်ကြီး 'ပါကြူလီ'ဖြစ်ကြောင်း ထိုအချိန်က ဂျိန်းအနေဖြင့် မသိသေးပါချေ။)

သူမ၏ရှေ့တည့်တည့် မျက်နှာချင်းဆိုင်ခုံတွင် ရုပ်ရည်ခံ့ညား ချောမွေ့သော လူငယ်တစ်ဦးထိုင်နေရာ ဂျိန်းသည် မိန်းကလေးတို့ဘာဝ ထိုလူငယ်အား စိတ်ဝင်စားသလို ဖြစ်မိသော်လည်း ဣန္ဒြေဖြင့် ဟန်ဆောင်ကာ မျက်နှာချင်းဆိုင်ခုံဘက်သို့ မကြည့်မိအောင် မျက်နှာကိုလွှဲထား၍ နေလေသည်။ခရီးသည်အားလုံး စုံပြီဖြစ်၍ လေယာဉ်သည် စတင်ထွက်ခွာလေသည်။ လေယာဉ်က ယခုခေတ် ဂျက်လေယာဉ်ကြီးများလိုမဟုတ်ဘဲ လေယာဉ်ငယ်တစ်စင်းသာ ဖြစ်ရာ လေယာဉ်မှူးနှင့် လက်ထောက်လေယာဉ်မှူး အဖြစ် လေယာဉ်မောင်နှစ်ဦးတို့သာ ပါရှိလေသည်။

BURMESE CLASSIC .com

လေယာဉ်သည် ချောမောစွာ ကောင်းကင်သို့ ပျံတက်ပြီးနောက် အင်္ဂလန်နိုင်ငံရှိရာ အနောက်စူးစူးဘက်ဆီသို့ ဆက်လက်ပျံသန်းလေသည်။

ဂျိန်းအဖို့ ယခုခရီးမှာ ဒုတိယအကြိမ် လေယာဉ်စီးဖူးခြင်းဖြစ်၍ ကောင်းကင်မှနေ၍ မြေပြင်သို့ ငုံ့ကြည့်ရသည်ကိုပင် စိတ်ထဲမှ ပျော်ရွှင်ကြည်နူးသလို စိတ်လှုပ်ရှားမှုများ ဖြစ်နေလေသည်။

တစ်ချိန်တည်းမှာပင် သူမ၏ရှေ့တည့်တည့်ထိုင်ခုံမှ လူငယ်ချောချောကို သတိရနေမိသည်။

သို့သော် မိန်းကလေးတစ်ယောက်အနေဖြင့် လှမ်းကြည့်ရန် မသင့်တော်ဟု ဆုံးဖြတ်လျက် မျက်နှာလွှဲ၍သာ နေလိုက်လေသည်။

ထို့နောက် သူမသည် ပြင်သစ်ပြည်၌ရှိစဉ်က သွားရောက်လည်ပတ်ခဲ့သော 'လီပီနေ'အရပ်အကြောင်းကို ပြန်၍စဉ်းစားနေလေသည်။

စောစောက စကားတွေ အဆက်မပြတ် ပြောနေခဲ့သူ အမျိုးသမီးနှစ်ဦးမှာ ယခုတော့ စကားဆက် ပြတ်သွားပုံရသည်။ သူတို့နှစ်ဦးအနက် အမျိုးသမီးတစ်ဦးမှာ လေဒီ 'ဟော်ဘူရီ'ဆိုသူ ဖြစ်လေသည်။

ဂျိန်းသည် ကျန်ခရီးသည်များအား လှည့်ပတ် အကဲခတ်ကြည့်ပြန်လေသည်။

အမျိုးသမီးနှစ်ဦး၏နောက်မှ ထိုင်ခုံတွင်ကား နှုတ်ခမ်းမွေးကားကား



နှင့် နိုင်ငံခြားသားနှင့်တူသူ လူပုပုဝဝ ထိုင်နေသည်။

သူ၏ဘေးမှ ထိုင်ခုံတွင်မူ အရပ်မြင့်မြင့် ဆံပင်ဖြူဖြူနှင့် ရုပ်ရည်သန့်သန့်ပြန့်ပြန့် လူတစ်ယောက် ထိုင်နေသည်။ ထိုလူသည် နိုင်ငံခြား ဂီတပညာရှင်များသုံးသည့် ပလွေတစ်ချောင်းကို အဝတ်တစ်ခုဖြင့် ပွတ်တိုက်နေလေသည်။ ဂျိန်းသည် ထိုလူအား အကဲခတ်ကြည့်ရင်း အင်္ဂါရုပ်က ဂီတအနုပညာရှင် တစ်ဦးနှင့်မတူ၊ ဆရာဝန် သို့မဟုတ် ရှေ့နေကြီးတစ်ဦးနှင့် တူသည်ဟု စိတ်ထဲမှ အောက်မေ့မိလေသည်။

ထိုလူ၏နောက်တွင် ပြင်သစ်အမျိုးသားနှစ်ဦး ထိုင်နေကြသည်။

တစ်ယောက်က မုတ်ဆိတ်မွေးနှင့် အသက်ကြီးကြီးဖြစ်ပြီး နောက်တစ်ဦးက လူငယ်တစ်ဦးဖြစ်ရာ သားအဖဖြစ်လိမ့်မည်ဟု ဂျိန်းက စိတ်ထဲမှ ကောက်ချက်ချမိလေသည်။

ထိုအချိန်၌ သူမ၏ ရှေ့တည့်တည့်ထိုင်ခုံမှ လူငယ်သည် ဂျိန်းအကြောင်းကို စဉ်းစားစိတ်ကူးနေလေသည်။

သူ၏အမည်က နော်မန်ဂေး(လ်)ဖြစ်သည်။ သူသည် လေယာဉ်ပေါ်တက်လာပြီး ဂျိန်းကိုသတိပြုမိခဲ့သည်။ အလွန်လှပကြော့ရှင်းသော မိန်းကလေးတစ်ယောက်ပါကလားဟုလည်း မှတ်ချက်ချမိသည်။ ထို့အပြင် သူသည် ဂျိန်းအား ပြင်သစ်ပြည်၊ လီပီနေအရပ်တွင် မြင်ခဲ့ဖူး၍ စိတ်ဝင်စားမိခဲ့သည်။

ထို့ကြောင့် ယခုလေယာဉ်ပေါ်တွင် ဆုံမိပြန်သောအခါ နော်မန်ဂေး(လ်)သည် ဂျိန်းအား ပို၍စိတ်ဝင်စားနေမိခြင်း ဖြစ်လေသည်။ လူချင်းမိတ်ဆက်၍ သိကျွမ်းခင်မင်ချင်စိတ်လည်း ဖြစ်ပေါ်မိသည်။

သို့သော် မိန်းကလေးက မိမိအား လုံးဝ စိတ်ဝင်စားပုံမရဘဲ ခပ်တည်တည် မျက်နှာလွှဲနေသဖြင့် မိမိက စတင်မိတ်ဆက်စကားပြောရန် ခက်နေလေသည်။ ခရီးသည်အားလုံးသည် လေယာဉ်ပေါ်တွင် လိုက်ပါလာကြရင်း ကိုယ့်စိတ်ကူးနှင့်ကိုယ် ရောက်တတ်ရာရာကို စဉ်းစားနေကြရာ လေဒီဟော်ဘူရီအမည်ရှိ အမျိုးသမီးသည် အခြားခရီးသည်တစ်ဦးဖြစ်သော ဗင်နီရှာကားဆိုသူအမျိုးသမီးအား စိတ်ထဲမှ မျက်မုန်းကျိုးနေမိလေသည်။ လေဒီဟော်ဘူရီအနေဖြင့် မိမိ၏ခင်ပွန်း စတီဖင်အား ဗင်နီရှာကားက စိတ်ဝင်စားနေသည်ဟု ယူဆကာ မျက်မုန်းကျိုးနေမိခြင်းဖြစ်သည်။ ထို့ပြင် လေဒီဟော်ဘူရီမှာ အကျပ်အတည်းကို မည်သို့ ဖြေရှင်းရပါမည်နည်းဟု စဉ်းစားရင်း အဖြေရှာမရသောကြောင့် စိတ်ညစ်နေမိလေသည်။

ဗင်နီရှာကားဆိုသူ အမျိုးသမီးကလည်း စိတ်ထဲမှ လေဒီဟော်ဘူရီ

www.burmeseclassic.com

www.burmeseclassic.com



အား မုန်းတီးနေလေသည်။

ခင်ပွန်းဖြစ်သူ စတီဖင်အနေဖြင့် ဒီလိုမိန်းမမျိုးရတာ အတော်ကံဆိုးတာပဲဟုလည်း တွေးနေမိသည်။

ဤသို့စဉ်းစားရင်း သူမသည် စီးကရက်သောက်ချင်လာသဖြင့် စီးကရက်တစ်လိပ် ထုတ်ယူပြီး မီးညှိသောက်မည်ပြုစဉ် မလှမ်းမကမ်းရှိ လေယာဉ်မောင်က...

"ဝမ်းနည်းပါတယ် ခင်ဗျာ၊ လေယာဉ်ပေါ်မှာ ဆေးလိပ်သောက်ခွင့် မရှိပါဘူး"ဟု သတိပေးလိုက်သဖြင့် စီးကရက်မသောက်ဘဲ နေလိုက်ရလေသည်။ ခရီးသည်တစ်ဦးဖြစ်သည့် စုံထောက်ကြီး ဟာကျူလီသည် ခပ်စောစောတုန်းက ဂျိန်းအမည်ရှိ မိန်းကလေးကို သတိပြု အကဲခတ်ကြည့်ခဲ့မိလေသည်။ အလွန်ချောမောလှပသူကလေးပါတကားဟု အကဲဖြတ်မိသည့်ပြင် သူမသည် မျက်နှာချင်းဆိုင် ထိုင်ခုံမှ လူငယ်ချောချော နော်မန်ဂေး(လ်)အား တမင်သက်သက်မကြည့်ဘဲ မျက်နှာလွှဲနေသည်ကိုလည်း ဟာကျူလီက သတိပြုမိလေသည်။

'ဒီမိန်းကလေးဟာ သူ့ရှေ့က သူငယ်ကို စိတ်ဝင်စားနေတာတော့ အမှန်ပဲ။ ဒါနဲ့များ ဘာကြောင့် ဟန်လုပ်ပြီး မျက်နှာလွှဲနေတာပါလိမ့်'

ဤသို့လည်း စုံထောက်ဟာကျူလီက စဉ်းစားနေမိလေသည်။

သူ၏ဘေးမှ ထိုင်ခုံတွင် ထိုင်နေသူကား ဒေါက်တာဘရိုင်ယန်ဆိုသူ ဆရာဝန်တစ်ဦး ဖြစ်လေသည်။

စောစောက ပလွေကို ဂရုတစိုက် ပွတ်တိုက်နေသူပင် ဖြစ်သည်။ သူသည် ဆရာဝန်ဖြစ်သော်လည်း ဂီတအနုပညာ ဝါသနာပါသူ ဖြစ်လေသည်။

ဒေါက်တာဘရိုင်ယန်သည်လည်း တစ်ယောက်တည်း စိတ်ကူးစဉ်းစားနေသည်။ သူ၏ဘဝတွင် အလွန်အရေးကြီးသော ကိစ္စတစ်ခုနှင့် ပတ်သက်၍ မည်သို့ဆုံးဖြတ်ရမည်ကို စဉ်းစား၍ မရနိုင်သဖြင့် အကြံအိုက်နေလေသည်။

စိတ်ထဲမှ 'ငါဘာလုပ်ရရင် ကောင်းမလဲ'ဟု စဉ်းစားရာမှ သူ၏ပလွေကို ထုတ်ယူလိုက်သည်။ ဂီတအနုပညာထဲ အာရုံဝင်စားနေလျှင် စိတ်ညစ်စရာ ပြဿနာများ အခိုက်အတန့်အားဖြင့် ပပျောက်နေနိုင်သည် မဟုတ်ပါလော။

ဤသို့စဉ်းစားရင်း ဒေါက်တာဘရိုင်ယန်သည် ပလွေကိုမှုတ်ရန် ပါးစပ်တွင် တေ့လိုက်ပြီးမှ မမှုတ်ဘဲ အသာပြန်ချလိုက်သည်။

ထိုအချိန်၌ သူ၏ဘေးမှ ဝဝပုပု နှုတ်ခမ်းမွေးကားကားနှင့်လူကြီး



စုံထောက်ဟာကျူလီမှာ ထိုင်ခုံတွင်မှီရင်း အိပ်ပျော်နေပြီ ဖြစ်လေသည်။

ပြင်သစ်လူမျိုး သားအဖနှစ်ယောက်အနက် ဖခင်ဖြစ်သူ မစ္စတာဒူပွန်သည် သူ၏ဘေးရှိ သားဖြစ်သူအား စကားပြောနေသည်။

သူပြောနေသော အကြောင်းအရာကား ရှေးဟောင်း သုတေသနဆိုင်ရာ ပစ္စည်းများအကြောင်းပင် ဖြစ်သည်။

နောက်ခရီးသည်တစ်ဦးမှာ စုံထောက်ဝတ္ထုရေးသူ စာရေးဆရာ မစ္စတာကလင်စီဆိုသူ ဖြစ်လေသည်။ သူသည် စုံထောက်ဝတ္ထုတစ်ပုဒ်အတွက် ဇာတ်လမ်းစဉ်းစားနေလေသည်။ ဝတ္ထုထဲမှ မှုခင်းတစ်ခု မည်သို့ဖန်တီးရမည်ကို အသေးစိတ် အကွက်ချ၍ စဉ်းစားနေခြင်း ဖြစ်လေသည်။

ကလင်စီ၏နောက်မှ ထိုင်ခုံတွင်ကား မစ္စတာရိုင်ဒါအမည်ရှိ ခရီးသည်တစ်ဦး ထိုင်နေသည်။ သူသည်လည်း မိမိ၏ ကိုယ်ရေးကိုယ်တာ ဘဝပြဿနာတစ်ခုအကြောင်း အပြန်အလှန် စဉ်းစား၍ အကြံထုတ် စဉ်းစားနေလေသည်။

နော်မန်ဂေး(လ်)အမည်ရှိ လူငယ်သည် ထိုင်ခုံမှထ၍ အိမ်သာခန်းဆီသို့ လျှောက်သွားရာ ဂျိန်းက လျင်မြန်စွာ၊ သွက်လက်စွာ လက်ကိုင်အိတ်ထဲမှ မှန်ငယ် ထုတ်ယူပြီး မျက်နှာတွင် ပေါင်ဒါနှင့် နှုတ်ခမ်းဆိုးဆေးများ ခြယ်သလိုက်လေသည်။

ထိုအချိန်၌ လေယာဉ်သည် ဗြိတိသျှ ရေလက်ကြား ပင်လယ်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ လန်ဒန်မြို့နှင့် နီးကပ်လာပြီဖြစ်ကြောင်း သိသာပေသည်။

စုံထောက်ဝတ္ထုရေးဆရာ ကလင်စီသည် သူ၏ဝတ္ထုတစ်ပုဒ်အတွက် ဇာတ်လမ်းကို အသေးစိတ် စဉ်းစားနေစဉ် ထိုင်ခုံရှေ့နားသို့ ပိတုန်းငယ် တစ်ကောင် ပျံဝဲလာသည်ကို တွေ့ရသဖြင့် လက်ဖြင့်တောက်ပစ်လိုက်သည်။

ထိုအခါ ပိတုန်းကောင်သည် ပြင်သစ်လူမျိုးသားအဖ ကော်ဖီသောက်နေရာသို့ ပျံဝဲသွားလေသည်။

မစ္စတာဒူပွန်၏သား ဂျွန်သည် ပိတုန်းကောင်ကိုမြင်လျှင် လက်ဝါးဖြင့် ရိုက်သတ်ပစ်လိုက်သည်။

လေယာဉ်၏နောက်ဆုံးတန်းမှ ထိုင်ခုံအမှတ် (၂)တွင် ထိုင်နေသူ ပြင်သစ်အမျိုးသမီး မာဒမ်ဂီဆယ်(လ်)သည် ရှေ့သို့ငိုက်သွားရာမှ နောက်ပြန်မှီပြီး ငြိမ်သက်သွားလေသည်။

ရုတ်တရက်ဆိုလျှင် အိပ်ပျော်နေသည်ဟု ထင်ရသော်လည်း စင်စစ်အားဖြင့် သူမသည် အိပ်ပျော်နေခြင်း မဟုတ်ချေ။

မာဒမ်ဂီဆယ်(လ်)သည် သေဆုံးနေပြီ ဖြစ်လေသည်။

www.burmeseclassic.com

(၂)

လေယာဉ်အမှုထမ်းအဖွဲ့မှ လေယာဉ်မောင်နှစ်ဦးအနက် အကြီးတန်း လေယာဉ်မောင် မစ်(ချ်)သည် ခရီးသည်များ မှာယူစားသောက်သည့် ကုန်ကျငွေစာရင်း ဘီ(လ်) စာရွက်များကို တစ်ဦးချင်း လိုက်ပေးသည်။ ငွေကိုတောင်းခံချက် ရှိလေသည်။

နောက်နာရီဝက်ကြာလျှင် လေယာဉ်သည် လန်ဒန်မြို့သို့ ရောက်တော့မည်ဖြစ်၍ ကျသင့်ငွေများ လိုက်လံကောက်ခံနေခြင်း ဖြစ်လေသည်။

ခရီးသည်နှစ်ဦးက အိပ်ပျော်နေသဖြင့် လေယာဉ်မောင် မစ်(ချ်)သည် အခြားခရီးသည်များ၏ ထိုင်ခုံဆီသို့ ဆက်လျှောက်သွားလေသည်။

ထိုအချိန်၌ နှုတ်ခမ်းမွေးကားကားနှင့် ခရီးသည် ပုပုဝဝ (စုံထောက်ဟာကြူလီ)သည် အိပ်ပျော်နေရာမှ နိုးလာပြီး သူ မှာယူသောက်ခဲ့သော ဘီလပ်ရည်အတွက် ကျသင့်ငွေကို ထုတ်ရှင်းပေးလိုက်သည်။

လန်ဒန်မြို့ပြင်ဘက် ခရွိုင်ဒန်လေဆိပ်သို့ရောက်ရန် ငါးမိနစ်ခန့်အလိုတွင် လေယာဉ်မောင် မစ်(ချ်)သည် ခုံအမှတ် (၂)မှ ခရီးသည်အမျိုးသမီး မာဒမ်ဂီဆယ်(လ်) နားသို့ ချဉ်းကပ်လာပြီး...

"ကျေးဇူးပြုပြီး ကျသင့်ငွေကို ရှင်းပေးပါခင်ဗျား"

ဟုပြောရင်း အမျိုးသမီး၏ပခုံးကို အသာကိုင်လှုပ်၍ နှိုးလိုက်သည်။

သို့သော် အမျိုးသမီးက လုံးဝမလှုပ်ရှားချေ။

လေယာဉ်မောင် မစ်(ချ်)သည် မကျေနပ်သဖြင့် ထပ်မံနှိုးကြည့်ပြီး ငုံ့၍ အနီးကပ်ကြည့်လိုက်သည်။

သည်တော့မှ သူသည် အဖြစ်မှန်ကို အကဲခတ်မိဟန်ဖြင့် ထိတ်လန့်တုန်လှုပ်ကာ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

★ ★ ★



ဒုတိယ လေယာဉ်မောင် ဒေးဗစ်သည် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်လျက်...

"ဟုတ်ကဲ့လားဗျ၊ ခင်ဗျားပြောတာသေချာရဲ့လား"

ဟုမေးလိုက်ရာ မစ်(ချ်)က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ဗျ၊ သေချာပါတယ်"

"ဖြစ်နိုင်ပါ့မလားဗျ"

"ကျုပ်တော့ သေချာတယ်လို့ ယူဆတာပဲ။ တစ်ခုတော့ရှိတယ်။ အမျိုးသမီးက သတိလစ်ပြီး မေ့မြောနေတာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ကျုပ်တို့လေယာဉ်က ခရွိုင်ဒန်လေဆိပ်ကို ရောက်တော့မှာပဲ"

ဤသို့လျှင် လေယာဉ်မောင်နှစ်ဦးတို့သည် ခရီးသည် မာဒမ်ဂီဆယ်(လ်)နှင့်ပတ်သက်၍ အချင်းချင်း တီးတိုးတိုင်ပင်ကြပြီးနောက် တစ်စုံတစ်ခု ပြုလုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။

လေယာဉ်မောင် မစ်(ချ်)သည် အမျိုးသား ခရီးသည်များဆီသို့ လျှောက်သွားပြီး ပထမဆုံးတွေ့ရသူ နော်မန်ဂေး(လ်)အား ခပ်တိုးတိုးမေးကြည့်လေသည်။

"စိတ်မရှိပါနဲ့ခင်ဗျာ၊ လူကြီးမင်းက ဆရာဝန်များ ဖြစ်ပါသလား"

နော်မန်ဂေး(လ်)သည် ထိုင်ရာမှ ထမည်ပြုရင်း...

"ကျုပ်က သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ယောက်ပါ။ ဘာများ အကူအညီ လိုနေလို့လဲ"

ဟု ပြန်မေးလိုက်သည်။

ထိုစကားကို အနီးရှိ ဒေါက်တာဘရိုင်ယန်က ကြားသွားသဖြင့်...

"ကျုပ်က ဆရာဝန်တစ်ယောက်ပါပဲ။ ဘယ်သူဘာဖြစ်လို့လဲ"

ဟု ဝင်မေးလိုက်သည်။

"ဟို နောက်ဆုံးထိုင်ခုံက အမျိုးသမီး ခရီးသည်တစ်ဦးရဲ့ အခြေအနေကို ကြည့်ရတာ ဟန်ပုံမပေါ်ဘူးခင်ဗျ"

ပြောပြောဆိုဆို မစ်(ချ်)သည် ဆရာဝန် ဒေါက်တာဘရိုင်ယန်အား မာဒန်ဂီဆယ်(လ်)၏ ထိုင်ခုံဆီသို့ ခေါ်သွားလေသည်။

ဒေါက်တာဘရိုင်ယန်လည်း အမျိုးသမီးအား ခဏမျှ စစ်ဆေးကြည့်ရှုပြီးနောက် ချက်ချင်းပင် အဖြေပေးလေသည်။

"ဒီအမျိုးသမီးက သေနေပြီ"

"ဘယ်လို ဖြစ်တာလို့ ထင်ပါသလဲ ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျုပ်အနေနဲ့ အသေးစိတ် စမ်းသပ်စစ်ဆေးခြင်း မပြုရဘဲနဲ့ တပ်အပ်မပြောနိုင်ဘူး"

"စောစောက ကျွန်တော်ကိုယ်တိုင် ကော်ဖီသွားပေးတုန်းကတော့ ဒီအမျိုးသမီးက အကောင်းပဲခင်ဗျ"

လေယာဉ်မောင် မစ်(ချ်)က ပြောလိုက်ရာ ဒေါက်တာဘရိုင်ယန်က ပြန်၍ မေးခွန်းထုတ်လေသည်။

"အဲဒါ ဘယ်တုန်းကလဲ"

"လွန်ခဲ့တဲ့ လေးဆယ့်ငါးမိနစ်လောက်က ဖြစ်ပါတယ်။ နောက်တော့ ကျွန်တော်က ကျသင့်တဲ့ငွေတောင်းဖို့ ဘီ(လ်)စာရွက်လာပေးတော့ အမျိုးသမီးက အိပ်ပျော်နေသလို ထင်ရပါတယ်"

"ဒီအမျိုးသမီး သေဆုံးနေတာ အနည်းဆုံး နာရီဝက်ရှိပြီလို့ ကျုပ် ခန့်မှန်းလို့ရတယ်"

ဒေါက်တာဘရိုင်ယန်က သူ၏ထင်မြင်ချက်ကို ပြောလိုက်ချိန်တွင် အခြားခရီးသည်များကလည်း စိတ်ဝင်စားလာကြကာ နားစွင့်ထောင်နေကြပြီ ဖြစ်သည်။

"ရုတ်တရက် တက်ပြီးသွားတာ ထင်ပါရဲ့နော်"

လေယာဉ်မောင် မစ်(ချ်)က ဤသို့ဆက်ပြောလိုက်သော်လည်း ဒေါက်တာဘရိုင်ယန်ကမူ အသေးစိတ် မစမ်းသပ်ရဘဲ တိကျစွာပြောရန် ငြင်းဆိုလိုက်လေသည်။

ထိုအခိုက် နှုတ်ခမ်းမွေးကားကားနှင့် ခရီးသည် (စုံထောက် ဟာကျူလီ)က အနီးသို့ရောက်လာပြီး...

"အမျိုးသမီးရဲ့ လည်ပင်းမှာ ဒဏ်ရာလိုလို ဖြစ်နေပါကလား"ဟု ပြောလိုက်သည်။

ဒေါက်တာဘရိုင်ယန်လည်း ငုံ့ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လည်ပင်းမှာ ဒဏ်ရာငယ်တစ်ခုလို ဖြစ်နေတယ်"

ဤသို့ပြောနေစဉ် ပြင်သစ်လူမျိုး သားအဖကပါ ရောက်လာပြီး သားဖြစ်သူ ဂျွန်က စတင် စကားပြောလေသည်။

"အမျိုးသမီးက သေဆုံးနေပြီး လည်ပင်းမှာလည်း ဒဏ်ရာငယ်ရှိတယ်လို့ လူကြီးမင်းတို့ပြောနေတာ ကြားလိုက်မိပါတယ်။ ကျွန်တော် အကြံတစ်ခုပေးပါရစေ။ စောစောက လေယာဉ်ပေါ်မှာ ပိတုန်းတစ်ကောင် ပျံနေပါ



တယ်။ ကျွန်တော်ကိုယ်တိုင်ပဲ ရိုက်သတ်လိုက်ရတယ်။ ဒီအမျိုးသမီးဟာ ပိတုန်းကောင်ကိုက်လို့ သေသွားတာ မဖြစ်နိုင်ဘူးလားခင်ဗျ။ ဒါမျိုးက တစ်ခါ တလေ ဖြစ်တတ်တယ်လို့ ကြားဖူးပါတယ်"

"ဒါလည်း ဖြစ်မယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ ဒါမျိုး ကျုပ်ကြုံဖူးပါတယ်။ အထူးသဖြင့် ကာယကံရှင်မှာ နှလုံးအားနည်းတဲ့ ရောဂါရှိရင် ဖြစ်နိုင်ပါတယ်"

ဒေါက်တာဘရိုင်ယန်က ပြောလိုက်ပြီးနောက် လေယာဉ်မောင် မစ်(ချ်)က...

"ကျွန်တော် ဘာများလုပ်ပေးရမလဲ ခင်ဗျ။ လေယာဉ်က ခရိုင်ဒန်လေဆိပ်ကို မကြာခင်ပဲ ရောက်ပါတော့မယ်"

"ဒါဖြင့် ဘာမှလုပ်စရာ မလိုတော့ပါဘူး"

ဤသို့ပြောပြီး ဒေါက်တာဘရိုင်ယန်သည် သူ၏ထိုင်ခုံသို့ ပြန်သွားမည်ပြုပြီးမှ မတုန်မလှုပ်ရပ်နေသူ နှုတ်ခမ်းမွေးကားကားနှင့်လူကိုမြင်၍ အံ့အားသင့်နေပါလေသည်။

ဒေါက်တာဘရိုင်ယန်က ထိုလူသည် စုံထောက်ဟာကျူလီမှန်း မသိသေးချေ။

"ကဲ... လူကြီးမင်းလည်း ကိုယ့်နေရာ ကိုယ်ပြန်ပြီး ထိုင်နေရင် ကောင်းလိမ့်မယ်။ ဒီမှာ ဘာမှလုပ်စရာ မရှိတော့ဘူး"

ဒေါက်တာဘရိုင်ယန်က ဤသို့ပြောလိုက်သော်လည်း စုံထောက်ဟာကျူလီသည် ပြန်ထွက်မသွားဘဲ ဆက်၍ရပ်နေလေသည်။

"ခင်ဗျားတို့ သတိမပြုမိတာ တစ်ခုရှိနေပါတယ်"

ပြောပြောဆိုဆို ဟာကျူလီသည် သူ၏ခြေဖျားဖြင့် လေယာဉ်၏ ကြမ်းပြင်တစ်နေရာကို ညွှန်ပြလိုက်သည်။

ဒေါက်တာဘရိုင်ယန်နှင့် လေယာဉ်မောင် မစ်(ချ်)တို့လည်း ထိုနေရာကို ငုံ့ကြည့်လိုက်ရာ သေဆုံးသူအမျိုးသမီး၏ ခြေရင်းနားတွင် အဝါရောင်နှင့် အနက်ရောင် အရာဝတ္ထုငယ်တစ်ခုကို မြင်ကြရလေသည်။

"နောက်ထပ် ပိတုန်းတစ်ကောင်နဲ့တူတယ်"

ဒေါက်တာဘရိုင်ယန်က အံ့သြဟန်ဖြင့် ပြောလိုက်စဉ် စုံထောက်ဟာကျူလီသည် သူ့အကျႌအိတ်ထဲမှ ဇာဂနာငယ်တစ်ခုကို ထုတ်ယူပြီး ကြမ်းပြင်ပေါ်မှ အရာဝတ္ထုကို ဂရုတစိုက်ညှပ်ယူလိုက်သည်။

"ဒါက ပိတုန်းကောင်နဲ့တော့တူတယ်၊ ဒါပေမဲ့ ပိတုန်းကောင် မဟုတ်ဘူးခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနှင့် စုံထောက် ဟာကြူလီသည် ဇာဂနာနှင့်ညှပ်ထားသော အရာဝတ္ထုကို ဆရာဝန်နှင့် လေယာဉ်မောင်တို့ သေချာစွာကြည့်နိုင်ရန် မြှောက်၍ ပြလိုက်သည်။

ထိုအရာဝတ္ထုကား သစ်ပင်ပန်းပင်များ၌ ရှိတတ်သော ဆူးငယ်ကဲ့သို့ ဆူးတစ်ခုဖြစ်ပြီး ဆူး၏နောက်ပိုင်းတွင် မြားကဲ့သို့ပစ်လွှတ်ရာ၌ ချိန်ဆနိုင်အောင် အဝါရောင်နှင့် အနက်ရောင် ပိုးစများဖြင့် အမြီးသဖွယ် တပ်ဆင်ထားလေသည်။ ဒေါက်တာဘရိုင်ယန်သည် ထိုအရာကို မြင်မြင်ချင်း အလွန်အံ့အားသင့်သွားပုံရလေသည်။

"လက်စသတ်တော့ ဒါဖြစ်နေတာကိုး၊ ကျုပ်ဖြင့် ဒီနေရာဒေသမှာ ဒါမျိုးဖြစ်နိုင်လိမ့်မယ်လို့ မထင်မိဘူး"

ဒေါက်တာ၏စကားကို လေယာဉ်မောင် မစ်(ချ်)သည် နားမလည်သဖြင့်...

"ဒေါက်တာရဲ့စကားကို ကျွန်တော်နားမလည်လို့ ရှင်းပြပါဦးခင်ဗျ" ဟု ပြောလိုက်သည်။

"ဒီပစ္စည်းဟာ တောင်အမေရိကန်နဲ့ ဘိုညိုကျွန်းက တိုင်းရင်းသားလူမျိုးတွေ အသုံးပြုလေ့ရှိတဲ့ လက်နက်တစ်ခုဖြစ်တယ်။ ဒီဆူးငယ်ကို အဆိပ်လူးပြီး လေမှုတ်ပိုက်တစ်ခုနဲ့ ရန်သူကို မှုတ်ပြီးပစ်ရတယ်။ ဆူးထိပ်ဖျားမှာ အဆိပ်ပါတဲ့အတွက် ဆူးက လူတစ်ယောက်ကို ထိမှန်ရင် အဆိပ်တက်ပြီး သေသွားစေတယ်"

ဒေါက်တာဘရိုင်ယန်က ဤသို့ရှင်းပြလိုက်ရာ စုံထောက် ဟာကြူလီသည်လည်း အံ့အားသင့်သွားလေသည်။

"တောင်အမေရိကန်က တိုင်းရင်းသားလူမျိုးတွေ အသုံးပြုတဲ့ အဆိပ်လူး ဆူးမြားဆိုတော့ အလွန်အံ့ဩစရာပါပဲ"

စုံထောက် ဟာကြူလီက မှတ်ချက်ချလိုက်ပြီးနောက် စာရေးဆရာ မစ္စတာကလင်စီကလည်း...

"ကျွန်တော်ကိုယ်တိုင်က စိတ်ကူးယဉ် စုံထောက်ဝတ္ထုတွေရေးနေသူ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုလို လေယာဉ်ပေါ်မှာ အဆိပ်လူးဆူးမြားနဲ့ပစ်ပြီး သတ်တယ်ဆိုတာကတော့ မယုံကြည်နိုင်လောက်အောင် အံ့ဩစရာ ဖြစ်နေပါတယ်"ဟု ပြောလိုက်သည်။

ထိုအချိန်၌ လေယာဉ်သည် လန်ဒန်မြို့ပြင် ခရွိုင်ဒန်လေဆိပ်ပေါ်သို့ ရောက်၍ ဆင်းသက်စပြုနေပြီ ဖြစ်လေသည်။

(၃)

လေယာဉ်ပေါ်၌ အခြေအနေကို စုံထောက် ဟာကြူလီက ကြီးကြပ်ကွပ်ကဲလျက် ရှိနေပြီဖြစ်သည်။ ခရီးသည်များက သူ မည်သူမည်ဝါဖြစ်ကြောင်း မသိကြသော်လည်း သူပြောပုံဆိုပုံ ဟန်အမူအရာက တာဝန်ရှိသော အစိုးရအရာရှိကြီးတစ်ယောက်၏ ဟန်မျိုးဖြစ်နေသောကြောင့် မည်သူကမှ ဟာကြူလီကို ကန့်ကွက်ခြင်း၊ ငြင်းဆန်ခြင်းမပြုကြချေ။

စုံထောက် ဟာကြူလီသည် အကြီးတန်း လေယာဉ်မောင် မစ်(ချ်)အား တစ်စုံတစ်ခုတိုးတိုးပြောလိုက်ရာ မစ်(ချ်)က နားလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

လေယာဉ်သည် မြေပြင်ပေါ်သို့ဆင်းသက်နေရာမှ လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် ရပ်လိုက်ရာ လေယာဉ်မောင် မစ်(ချ်)က ခရီးသည်များအား လှမ်းပြောလေသည်။

"ကျေးဇူးပြု၍ နားဆင်ကြပါခင်ဗျာ၊ ခရီးသည်အားလုံး ချက်ချင်း လေယာဉ်ပေါ်က လုံးဝမဆင်းဘဲ မိမိတို့ထိုင်ခုံများမှာ ခေတ္တထိုင်နေကြစေလိုပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိလာချိန်အထိ စောင့်နေကြရပါမယ်။ သိပ်ကြာကြာ စောင့်နေရမယ်တော့ မထင်ဘူး"

မစ်(ချ်)ကပြောလိုက်ရာ ခရီးသည်အများစုက နားလည်သဘောပေါက်ဟန်ဖြင့် ငြိမ်နေကြသော်လည်း လေဒီဟော်ဘူရီ အမည်ရှိ အမျိုးသမီးတစ်ဦးမှု မကျေမချမ်းဖြစ်လျက် ကန့်ကွက်လေသည်။

"ဒါက အဓိပ္ပာယ်မရှိဘူး။ ကျုပ်ဘယ်သူဘယ်ဝါဆိုတာ မသိကြဘူးထင်တယ်။ ကျုပ်က အခုချက်ချင်း လေယာဉ်ပေါ်က ဆင်းချင်တယ်"

"ဝမ်းနည်းပါတယ်ခင်ဗျ။ ကျွန်တော်တို့အနေနဲ့ ဘယ်သူ့ကိုမှ ခွင်း

www.burmeseclassic.com

www.burmeseclassic.com



ချက်အဖြစ် ဆင်းခွင့်မပြုနိုင်ပါဘူး"

လေယာဉ်မောင် မစ်(ချ်)က ယဉ်ကျေးစွာနှင့်ပင် ငြင်းလိုက်ရာ လေဒီဟော်ဘူရီသည် ပို၍ပင် ဒေါသထွက်လာလေသည်။

"လေယာဉ်ပေါ်မှာ လူသေအလောင်းတစ်ခုနဲ့အတူ လှောင်ပိတ်ခံရသလိုနေရတာ အဓိပ္ပာယ်မရှိဘူး။ ကျုပ်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်တို့လေကြောင်းကုမ္ပဏီကို ကန့်ကွက်တိုင်ကြားရလိမ့်မယ်"

ဗင်နီရှာအမည်ရှိ အမျိုးသမီးကမူ...

"စိတ်ပျက်စရာကောင်းတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ အခြေအနေအရ ဘယ်တတ်နိုင်ပါ့မလဲ"

ဟုပြောရင်း သူမ၏စီးကရက်ဘူးကို ထုတ်ယူလိုက်ပြီး လေယာဉ်မောင် မစ်(ချ်)ဘက်သို့လှည့်၍...

"အခု ကျွန်မ စီးကရက်သောက်လို့ရပြီလား"

ဟု မေးလိုက်သည်။

"ဟုတ်ကဲ့၊ အခုတော့ ဆေးလိပ်သောက်လို့ ကိစ္စမရှိပါဘူး"

နာရီဝက်ခန့် စောင့်နေကြရပြီးနောက် အရပ်ဝတ်နှင့် လူ ထောင်ထောင်မောင်းမောင်းတစ်ယောက်သည် ယူနီဖောင်းဝတ် ရဲတစ်ဦးနှင့်အတူ လေယာဉ်ပေါ်သို့ တက်လာလေသည်။

လေယာဉ်မောင် မစ်(ချ်)နှင့် ဒေါက်တာ ဘရိုင်ယန်တို့ အကျိုးအကြောင်း ရှင်းလင်းပြောပြသည်ကို နားထောင်ပြီးနောက် ထိုလူသည် သေဆုံးနေသူ မာဒမ်ဂီဆယ်(လ်)အား တစ်ချက်မျှလှမ်းကြည့်လိုက်သည်။

ထို့နောက် သူနှင့်အတူပါလာသော ယူနီဖောင်းဝတ်ရဲအား တစ်စုံတစ်ရာ အမိန့်ပေးလိုက်ပြီးနောက် ခရီးသည်များအား...

"ခရီးသည်များအားလုံး ကျုပ်နဲ့အတူလိုက်ခဲ့ကြပါ"

ဟုပြောကာ သူကိုယ်တိုင် ရှေ့ဆောင်လျက် လေယာဉ်ပေါ်မှ ဆင်းလိုက်သည်။

လေဆိပ် အဆောက်အအုံသို့ ဝင်ရာတွင် ပထမဆုံး အခန်းက အကောက်ခွန်ဌာန ဖြစ်သော်လည်း ခရီးသည်များအား အကောက်ခွန်ဌာနသို့ မဝင်စေဘဲ သီးသန့်ရုံးခန်းတစ်ခန်းသို့ ခေါ်သွားလေသည်။

အရပ်ဝတ်နှင့်လူသည် ရဲအရာရှိကြီးတစ်ဦးဖြစ်ဟန်တူကြောင်း သိသာထင်ရှားသဖြင့် ခရီးသည်အချို့က အရေးဆိုကြလေသည်။

မစ္စတာဘရိုင်ဒါအမည်ရှိ ခရီးသည်တစ်ဦးက စတင်၍...



"ရဲမှူးကြီးခင်ဗျား ကျွန်တော်က လန်ဒန်မြို့မှာ အရေးကြီးတဲ့ အလုပ်ကိစ္စနဲ့ ချိန်းထားတာရှိနေပါတယ်။ မြန်မြန်သွားမှဖြစ်မယ်"

ဟု ပြောကြည့်သော်လည်း မရချေ။

"ဝမ်းနည်းပါတယ်၊ လောလောဆယ်တော့ သွားဖို့ခွင့်မပြုနိုင်ပါဘူး"

"ကျွန်မဟာ လေဒီဟော်ဘူရီ ဖြစ်ပါတယ်။ အခုလိုဒီနေရာမှာ စောင့်နေရတာကို ကန့်ကွက်ပါတယ်"

လေဒီဟော်ဘူရီကလည်း ခပ်တည်တည် ပြောကြည့်လေသည်။

"ဟုတ်ကဲ့၊ လေဒီဟော်ဘူရီခင်ဗျာ၊ အခုကိစ္စက အလွန်အရေးကြီးနေလို့ပါ။ လေယာဉ်ပေါ်မှာ သေဆုံးတဲ့ အမျိုးသမီးဟာ လုပ်ကြံသတ်ဖြတ်ခြင်း ခံရပုံရပါတယ်။ လူသတ်မှုဖြစ်နေလို့ ကျွန်တော်တို့က လိုအပ်တဲ့စစ်ဆေးမှုတွေ လုပ်ရခြင်းဖြစ်ပါတယ်"

အရပ်ဝတ်နှင့် ရဲအရာရှိက ခပ်တည်တည် ပြန်ပြောလိုက်သည်။

စုံထောက်ဝတ္ထုရေးဆရာ မစ္စတာကလင်စီသည် သူ့ကိုယ်သူ ပြောသလိုနှင့်...

"သတ်တာကလည်း တောင်အမေရိကန်က တိုင်းရင်းသားတွေရဲ့ အဆိပ်လူးမြားနဲ့ သတ်တာဖြစ်နေတယ်"

ဟုပြောလိုက်ရာ ရဲမှူးကြီးက ကလင်စီအား သင်္ကာမကင်းဖြစ်ဟန်နှင့် လှမ်းကြည့်လိုက်သည်။

ပြင်သစ်လူမျိုး ရှေးဟောင်းသုတေသနပညာရှင် မစ္စတာဒူပွန်သည် ပြင်သစ်ဘာသာစကားဖြင့်ပြောရာ ရဲမှူးကြီးကလည်း ပြင်သစ်ဘာသာစကားဖြင့်ပင် ပြန်ပြောလေသည်။

အမျိုးသမီးခရီးသည် ဗင်နီရှာကားကမူ...

"အခုလိုစောင့်ဆိုင်းနေရတာ စိတ်ညစ်ဖို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ ရဲမှူးကြီးတို့ကလည်း တာဝန်ဝတ္တရားအရ ဆောင်ရွက်ရတာဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ"ဟု ပြောလိုက်သည်။

ရဲမှူးကြီးသည် ဗင်နီရှာကား၏ ပြောပုံကို သဘောကျဟန်ဖြင့်...

"ဒီလို နားလည်မှုရှိတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဟု ပြောလိုက်ပြီးနောက်...

"ကိုင်း... ခရီးသည်အားလုံး ဒီမှာပဲ ခဏစောင့်နေကြပါ၊ ကျွန်တော်က ဒေါက်တာနှင့် ခဏပြောစရာရှိပါတယ်၊ ဒေါက်တာနာမည်က ဘယ်လိုခေါ်ပါသလဲ"ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဒေါက်တာဘရိုင်ယန် ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ ဒေါက်တာဘရိုင်ယန်ခင်ဗျား၊ ကျွန်တော်နဲ့ခဏ လိုက်ခဲ့စေလိုပါတယ်"

"ဆရာဝန်ကို စစ်ဆေးမေးမြန်းရာမှာ ကျုပ်ပါလိုက်ပြီး ကူညီရမလား"

စုံထောက် ဟာကြူလီက ဝင်ပြောလိုက်ရာ ရဲမှူးကြီးသည် လှည့်ကြည့်ပြီး အံ့အားသင့်သွားလေသည်။

"အလို... မစ္စတာဟာကြူလီပါကလား၊ ကျွန်တော်က ရုတ်တရက် မမှတ်မိဘူး။ ဟုတ်ကဲ့ ကျွန်တော်နဲ့လိုက်ခဲ့ပါ"

ပြောပြောဆိုဆို ရဲမှူးကြီးသည် ဒေါက်တာဘရိုင်ယန်နှင့် စုံထောက် ဟာကြူလီတို့အား အခန်းပြင်ဘက်သို့ ခေါ်သွားလေသည်။

အမျိုးသမီးခရီးသည် လေဒီဟော်ဘူရီသည် မကျေမချမ်းဖြစ်ဟန်နှင့်... "ဟိုလူကြီးကိုတော့ အပြင်ဘက်ခေါ်သွားပြီး ကျုပ်တို့ကိုတော့ ဒီမှာပဲ စောင့်နေခိုင်းတယ်။ ဟိုလူကြီးက ဘာမို့လို့လဲ"

ဟု ပြောလိုက်ရာ ဗင်နီရှာကားက...

"ဒီလူကြီးက ပြင်သစ်ရဲအရာရှိတစ်ဦး ဖြစ်ဟန်တူတယ်"

ဟု ပြောလိုက်သည်။

ထိုအချိန်၌ နော်မန်ဂေး(လ်)အမည်ရှိ လူငယ်က မိန်းကလေးဂျိန်းအား စကားကပ်ပြောနေလေသည်။

"ပြင်သစ်ပြည် လီပီနေအရပ်ကို အလည်အပတ် သွားခဲ့ပါတယ်"

"လီပီနေက အတော်သာယာတယ်နော်။ ထင်းရှူးပင်တွေ ရှခင်းကလည်း လှပလို့ သဘောကျမိတယ်"

"ဟုတ်ကဲ့ရှင့်"

ထိုသူ စကားပြတ်သွားပြီးမှ နော်မန်ဂေး(လ်)က...

"ကျုပ်က လေယာဉ်ပေါ်ရောက်ရောက်ချင်း ခင်ဗျားကို မှတ်မိတယ်ဗျ"

"ဩော်... ဟုတ်လား"

ဂျိန်းက အံ့ဩဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်။ ဒါထက် လေယာဉ်ပေါ်က အမျိုးသမီးဟာ တကယ်ပဲ လူသတ်ခံရတယ်လို့ ထင်ပါသလား"

"ဟုတ်ကဲ့၊ လူသတ်ခံရတာနဲ့တူပါတယ်။ ဒါမျိုးက စိတ်ဝင်စားဖို့ကောင်းပေမယ့် ကြောက်စရာလည်း ကောင်းတယ်နော်"



ဂျိန်းက တကယ်ကြောက်လန့်ဟန်ဖြင့်ပြောရာ နော်မန်ဂေး(လ်)သည် မိန်းကလေး၏ အနီးသို့ ကပ်သွားလိုက်သည်။ ကာကွယ်စောင့်ရှောက်မည့်ဟန်မျိုး ပြုလိုက်ခြင်းပင်ဖြစ်သည်။

ထိုအတောအတွင်း ပြင်သစ်လူမျိုး ဒူပွန်သားအဖက အချင်းချင်း ပြင်သစ်ဘာသာဖြင့် စကားပြောနေကြသည်။ မစ္စတာရိုင်ဒါဆိုသူက မှတ်စုစာအုပ်ငယ်တွင် တစ်စုံတစ်ရာ ရေးမှတ်တွက်ချက်နေပြီး သူ၏ လက်ပတ်နာရီကို မကြာခဏ ကြည့်နေသည်။ လေဒီဟော်ဘူရီသည် စိတ်ပျက်နေပုံရပြီး စီးကရက်တစ်လိပ်ကို မီးညှိသောက်နေလေသည်။

အခန်းတံခါးဝတွင်ကား ဗလကောင်းကောင်း ယူနီဖောင်းဝတ် ရဲကြီးက ရပ်စောင့်နေလေသည်။

★ ★ ★

ထိုအခန်းနှင့် မလှမ်းမကမ်းရှိ အခန်းတစ်ခန်းတွင် ရဲမှူးကြီး မစ္စတာဂျက်သည် ဒေါက်တာဘရိုင်ယန်နှင့် စုံထောက် ဟာကြူလီတို့အား စကားပြောနေသည်။

"မစ္စတာဟာကြူလီက အံ့ဩစရာ ကောင်းတာပဲ။ မမျှော်လင့်တဲ့နေရာမျိုးမှာ ကြုံကြုံဖန်ဖန် ရောက်လာတတ်တယ်"

ရဲမှူးကြီးဂျက်က စုံထောက်ဟာကြူလီအား သိကျွမ်းရင်းနှီးပြီးဖြစ်၍ ပြောလိုက်သည်။

"ဒါက အသာထားပါဦး၊ ဒီခရိုင်ဒန်လေဆိပ်က ခင်ဗျားတာဝန်ယူတဲ့ ပိုင်နက်နယ်မြေ မဟုတ်ဘူးလို့ ကျုပ်နားလည်တယ်။ ဘာကြောင့် အခုခင်ဗျား ဒီရောက်နေတာလဲ"

စုံထောက် ဟာကြူလီက ပြန်မေးလိုက်သည်။

"ဒါကတော့ တိုက်ဆိုင်မှုလို့ဆိုပါတော့။ ကျုပ်က မှောင်ခိုဂိုဏ်းကြီးတစ်ဂိုဏ်းကို လိုက်ထောက်လှမ်းနေတုန်း ဒီနေရာကို ရောက်နေတာနဲ့ အခုအမှုပေါ်လာတော့ ကျုပ်က ဝင်လိုက်ရတာပါပဲ။ ကိုင်း... အလုပ်စကြရအောင်။ အရင်ဆုံး ဒေါက်တာကြီးက ခင်ဗျားရဲ့နာမည်အပြည့်အစုံနဲ့နေရပ်လိပ်စာကို ပြောစမ်းပါ"

ရဲမှူးကြီးဂျက်က ဆရာဝန်ဘက်သို့ လှည့်ပြောလိုက်လျှင် ဒေါက်တာဘရိုင်ယန်က ချက်ချင်းပြန်ဖြေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်အပြည့်အစုံက ဒေါက်တာရော်ဂျာဘရိုင်ယန် ဖြစ်ပါတယ်။ ကျုပ်က လည်ချောင်းနဲ့ နားရောဂါ အထူးကုဆရာဝန် တစ်ယောက်ပါ။ လိပ်စာကတော့ လန်ဒန်မြို့၊ အမှတ် (၃၂၉)၊ ဟာလီလစ် ဖြစ်ပါတယ်"

ဆရာဝန်၏ ပြောပြချက်ကို အနီးရှိ ရဲတစ်ဦးက လိုက်၍ရေးမှတ်နေစဉ် ရဲမှူးကြီးဂျက်က ဆက်ပြောလေသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဆရာဝန်က အလောင်းကို စစ်ဆေးကြည့်ရှုမှာပါပဲ။ ဒါပေမဲ့ ဒီအမှုကို ပဏာမ စစ်ဆေးမယ့် အင်ကွက်(စ်)မှာ ဒေါက်တာဘရိုင်ယန် လာရောက်ပြီး ထွက်ချက်ပေးစေချင်ပါတယ်"

(မှတ်ချက်။ ။ အင်ကွက်(စ်)ဆိုသည်မှာ ဗြိတိသျှ တရားဥပဒေထုံးတမ်းစဉ်လာအရ လူသတ်မှုခင်းဖြစ်ပွားလျှင် ဘာကြောင့် သေဆုံးရသည်ဟူသော အကြောင်းရင်းကို သက်သေများအား စစ်ဆေး၍ စီရင်ဆုံးဖြတ်သည့် ပဏာမ မှုခင်းစစ်ဆေးခြင်းပင် ဖြစ်သည်။)

ဒေါက်တာဘရိုင်ယန်ကလည်း...

"ဟုတ်ကဲ့၊ ကောင်းပါပြီ"ဟု ပြန်ပြောလိုက်သည်။

"ဒေါက်တာအနေနဲ့ အမျိုးသမီး သေဆုံးတဲ့အချိန်ကို ခန့်မှန်းပြောပြနိုင်ပါသလား"

"ကျုပ် စစ်ဆေးတဲ့အချိန်မတိုင်မီ အနည်းဆုံး နာရီဝက်လောက်က သေဆုံးတာလို့ ခန့်မှန်းပါတယ်။ အဲဒါက လေယာဉ်ဟာ ခရွိုင်ဒန်လေဆိပ်ကို မရောက်မီ မိနစ်အနည်းငယ်အလိုမှာ ဖြစ်ပါတယ်။ ဒါထက်ပိုပြီး ကျုပ်က အတိအကျ မပြောနိုင်ပါဘူး။ သို့သော်လည်း လေယာဉ်မောင် မစ်(ချ်)ရဲ့ အဆိုအရ အဲဒီအချိန်မတိုင်မီ တစ်နာရီလောက်က သူကိုယ်တိုင် သေသူအမျိုးသမီးနဲ့ စကားပြောခဲ့တယ်လို့ ဆိုတယ်"

"ဟုတ်ကဲ့...ကောင်းပါပြီ။ နောက်တစ်ခုက ခင်ဗျားအနေနဲ့ မသင်္ကာစရာ တစ်စုံတစ်ခုများ သတိပြုမိပါသလား"

ထိုမေးခွန်းကို ဒေါက်တာဘရိုင်ယန်က ခေါင်းခါပြ၍ ဖြေလိုက်စဉ် စုံထောက်ဟာကျူလီက ဝင်၍...

"ကျုပ်ကတော့ အိပ်ပျော်နေတယ်ဗျ။ လေယာဉ်စီးရင် ကျုပ်က သင်္ဘောလှိုင်းမူးသလို မူးတတ်လို့ အိပ်လိုက်တတ်တယ်"

ဟု ပြောလေသည်။

"ဒီအမျိုးသမီး သေဆုံးရတဲ့အကြောင်းနဲ့ပတ်သက်လို့ ဒေါက်တာက ဘယ်လိုထင်ပါသလဲ"



"အခုအချိန်မှာတော့ ကျုပ်က တိတိကျကျ မပြောချင်သေးဘူး။ အလောင်းကို ခွဲစိတ်စစ်ဆေးကြည့်ပြီးမှ ပြောနိုင်မယ်"

ဒေါက်တာဘရိုင်ယန်၏စကားကို ရဲမှူးကြီးဂျက်သည် သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကောင်းပါပြီ။ နောက်ထပ်မေးစရာလည်း မရှိတော့လို့ ဒေါက်တာတို့ကို ဒီမှာဆက်ပြီး ခေါ်ထားစရာ မလိုတော့ပါဘူး။ ဒါပေမဲ့ ဥပဒေထုံးတမ်းစဉ်လာအရ ထွက်ချက်ယူတာတို့ လက်မှတ်ထိုးတာတို့တော့ လုပ်ရလိမ့်မယ်။ ခရီးသည်အားလုံး လုပ်ရမှာပဲ ဒေါက်တာ့ကိုလည်း ခြွင်းချက်အဖြစ်ထားလို့မရဘူး"

ထိုစကားကိုကြားလျှင် ဒေါက်တာဘရိုင်ယန်က ပြုံးလိုက်သည်။

"တစ်ခုတော့ အကြံပေးချင်ပါတယ်။ ကျုပ်ရဲ့ကိုယ်မှာ အဆိပ်လူးမြားကို ပစ်မှုတ်တဲ့ လေမှုတ်ပိုက် သို့မဟုတ် တခြားလက်နက် တစ်စုံတစ်ရာမရှိကြောင်း သေချာအောင် ရှာဖွေကြည့်စေချင်ပါတယ်"

ထိုအခါ ရဲမှူးကြီးက အနီးရှိရဲသားကို ညွှန်လျက်...

"ဒါတော့ ဟောဒီရဲသား ရော်ဂျာက ရှာဖွေပါလိမ့်မယ်"

ဟုပြောရင်း လေယာဉ်ပေါ်မှ သိမ်းဆည်းလာသော ဆူးငယ်ကို ညွှန်ပြပြန်သည်။

"ဒါထက် ဒီဆူးငယ်ကို ဘယ်လိုသဘောရပါသလဲ။ ဒေါက်တာဘာများ ပါရှိတယ် ထင်ပါသလဲ။ ဘယ်လိုအဆိပ်မျိုး ပါနိုင်သလဲ"

"ဒါတော့ ဓာတ်ခွဲစမ်းသပ် စစ်ဆေးကြည့်မှပဲ ပြောနိုင်မယ်။ တိုင်းရင်းသား လူမျိုးစုတွေ အသုံးပြုလေ့ရှိတာတော့ ကျူရာရည်ဆိုတဲ့ အဆိပ်တစ်မျိုးဖြစ်တယ်"

"အဲဒီအဆိပ်က တော်တော်ပြင်းထန်ပါသလား"

"အလွန် အဆိပ်ပြင်းပါတယ်။ လူတစ်ယောက်ကို အမြန်ဆုံး သေစေနိုင်တယ်"

"ဒါပေမဲ့ ဒီအဆိပ်မျိုးကို ရရှိဖို့ ခက်တယ်မဟုတ်လား"

"သာမန်အရပ်သားတွေအနေနဲ့ ရနိုင်ဖို့ ခဲယဉ်းပါတယ်"

"ဟုတ်လား၊ ဒါဖြင့် ဒေါက်တာကြီးကို သေသေချာချာ ရှာဖွေရမယ်"

ရဲမှူးကြီးဂျက်က ရယ်စရာသဘော လုပ်ပြောလိုက်ပြီးနောက် ရဲသား ရော်ဂျာအား အမိန့်ပေးလိုက်ရာ ရဲသားက ဒေါက်တာဘရိုင်ယန်အား အခန်း

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ ခေါ်ထုတ်သွားလေသည်။

ဤတွင် ရဲမှူးကြီးဂျက်သည် စုံထောက်ဟာကြူလီဘက်သို့ လှည့်၍ ဆွေးနွေးပြန်သည်။

“တော်တော်အံ့ဩစရာကောင်းတဲ့ အမှုပဲဗျ။ အဆိပ်လူး ဆူးမြားကို လေပိုက်နဲ့မှုတ်ပြီး သတ်တယ်ဆိုတာ အတော်ထူးဆန်းတယ်။ လေယာဉ်ပေါ်မှာတော့ ကျုပ်တို့လူတွေက အသေးစိတ် ရှာဖွေနေတယ်။ ဓာတ်ပုံဆရာနဲ့ လက်ဗွေပုံစံဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေလည်း ခေါ်ထားတယ်။ အခု ဒေါက်တာဘရိုင်ယန်ကို မေးကြည့်ပြီးပြီမို့ လေယာဉ်မောင်နှစ်ယောက်ကို ခေါ်မေးရင်ကောင်းမယ်ထင်တယ်”

ဤသို့ပြောပြီး ရဲမှူးဂျက်သည် လေယာဉ်မောင်နှစ်ဦးအား ခေါ်ယူလိုက်သည်။ သူတို့နှစ်ဦးအနက် လေယာဉ်မောင်အငယ် ဒေးဗစ်သည် စိတ်လှုပ်ရှားနေပုံရလေသည်။

“ကဲ ထိုင်ကြပါဦး၊ ခရီးသည်တွေရဲ့ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) စာအုပ်တွေ အားလုံးရှိတယ် မဟုတ်လား”

ရဲမှူးကြီးဂျက်က မေးလိုက်ရာ လေယာဉ်မောင်အကြီး မစ်(ချ်)က ပတ်စ်ပို့စာအုပ်များကို လှမ်းပေးလိုက်သည်။

ရဲမှူးကြီးသည် ပတ်စပို့စာအုပ်များထဲမှ သေဆုံးသူ အမျိုးသမီး၏ စာအုပ်ကို ရွေးထုတ်ယူလိုက်သည်။

“ဟောဒီမယ် သူ့ပတ်စပို့ကိုတွေ့ပြီ၊ နာမည်ရင်းက မာရီမိုရီဆော့ ဖြစ်နေတယ်။ ဒီအမျိုးသမီးနဲ့ပတ်သက်လို့ မောင်ရင် ဘာများသိသလဲ”

“ကျွန်တော် မြင်ဖူးတာပဲ ရှိပါတယ်။ သူက ပြင်သစ်ပြည်နဲ့ အင်္ဂလန်ပြည်ကို မကြာခဏ လေယာဉ်နဲ့ ခရီးသွားလေ့ ရှိပါတယ်”

လေယာဉ်မောင် မစ်(ချ်)က ပြန်ဖြေရာ ရဲမှူးဂျက်သည် ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပြီ၊ ဒါဖြင့် ဒီအမျိုးသမီးဟာ စီးပွားရေးအလုပ်တစ်ခုခုကို လုပ်သူဖြစ်ရမယ်။ ဘာအလုပ်မျိုး လုပ်တယ်ဆိုတာ သိသလား”

မစ်(ချ်)က ခေါင်းခါလိုက်စဉ် လေယာဉ်မောင်အငယ် ဒေးဗစ်က ဝင်၍ ‘ကျွန်တော်လည်း ဒီအမျိုးသမီးကို မကြာခဏ မြင်ဖူးပါတယ်’ဟု ဝင်ပြောလိုက်သည်။

“မောင်ရင်တို့နှစ်ယောက်အနက် သေသူအမျိုးသမီးကို မသေမီ နောက်ဆုံး ဘယ်သူက မြင်မိကြသလဲ”



ရဲမှူးကြီးဂျက်က မေးမြန်းရာ ဒေးဗစ်က မစ်(ချ်)အား ညွှန်ပြလိုက်သည်။ လေယာဉ်မောင်အကြီး မစ်(ချ်)ကလည်း ခေါင်းညိတ်ပြလေသည်။

“ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော်က ကော်ဖီသွားပေးချိန်မှာ တွေ့ခဲ့ရပါတယ်”

“အဲဒီတုန်းက သူက ဘယ်လိုနေသလဲ”

“ဘယ်လိုမှ မနေပါဘူး။ ကျွန်တော်က ကော်ဖီသွားပေးရင်း သကြားယူမလားမေးတော့ အမျိုးသမီးက မလိုချင်ဘူးလို့ ငြင်းပါတယ်”

“အဲဒါ ဘယ်အချိန်ကလဲ”

“အတိအကျတော့ မပြောနိုင်ဘူး၊ လေယာဉ်က ရေလက်ကြားပင်လယ်ပေါ် ရောက်နေပြီဆိုတော့ နှစ်နာရီလောက်က ဖြစ်လိမ့်မယ်”

“ဟုတ်ပါတယ် ခင်ဗျ၊ အဲဒီအချိန်လောက်ပဲ ဖြစ်ပါလိမ့်မယ်”

ဒုတိယလေယာဉ်မောင် ဒေးဗစ်ကပါ ထောက်ခံပြောဆိုလေသည်။

ရဲမှူးကြီးဂျက်က ဆက်လက်မေးခွန်းထုတ်ပြန်သည်။

“ကောင်းပြီ၊ နောက်ထပ် ဒီအမျိုးသမီးကို ဘယ်တော့ တွေ့ပါသလဲ”

“ကျသင့်ငွေ တောင်းခံဖို့ ဘီလ်စာရွက် သွားပေးချိန်မှာ တွေ့ပါတယ်”

“အဲဒါက ဘယ်တုန်းကလဲ”

“နောက်ထပ် ဆယ့်ငါးမိနစ်လောက်အကြာ ဖြစ်ပါတယ်၊ အနားကပ်သွားတော့ ကျွန်တော်က အမျိုးသမီး အိပ်ပျော်နေတယ်တောင် ထင်မိပါတယ်”

“ဒီအချိန်မှာ မောင်ရင်က ဒီပစ္စည်းကို မမြင်မိဘူးလား”

ရဲမှူးကြီးဂျက်က အဆိပ်လူး ဆူးမြားငယ်ကို ညွှန်ပြရင်း မေးလိုက်ရာ မစ်(ချ်)က ခေါင်းခါပြလေသည်။

“မမြင်မိဘူးခင်ဗျ”

ဂျက်သည် ဒုတိယလေယာဉ်မောင် ဒေးဗစ်ဘက်သို့လှည့်၍…

“မောင်ရင်ကကော အမျိုးသမီးကို ဘယ်တုန်းက နောက်ဆုံးမြင်မိသလဲ”ဟု မေးလိုက်ပြန်သည်။

“ကျွန်တော်က ခရီးသည်များစားဖို့ ဘီစကွတ်မုန့်တွေ လျှောက်ပေးချိန်က တွေ့ခဲ့ပါတယ်။ အဲဒီတုန်းကတော့ အကောင်းပဲခင်ဗျ”

“မောင်ရင်တို့က ခရီးသည်တွေကို အစားအသောက် ကျွေးပုံစနစ်က ဘယ်လိုလဲ”

“နောက်ဆုံးတန်းထိုင်ခုံက ခရီးသည်တွေကို အရင်ဆုံးကျွေးပြီးမှ ရှေ့တန်းက ခရီးသည်တွေကို ကျွေးပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် သေသူအမျိုးသမီးဟာ လေယာဉ်ပေါ်မှာ တခြားခရီးသည် တစ်စုံတစ်ယောက်နဲ့ စကားပြောသလား။ ဒါမှမဟုတ် တစ်ယောက်ယောက်ကို အသိအကျွမ်းအဖြစ် မှတ်မိပုံရသလား"

"ဘယ်သူနဲ့မှလည်း စကားမပြောဘူး။ ဘယ်သူ့ကိုမှလည်း မှတ်မိပုံမရဘူး"

"ဒေးဗစ်ကရော"

"ကျွန်တော်လည်း သတိမပြုမိဘူး ခင်ဗျ"

"ခရီးစဉ်တစ်လျှောက်လုံး အမျိုးသမီးဟာ သူ့ထိုင်ခုံက ထသွားတာများ မြင်မိသလား"

"မမြင်မိပါဘူး။ သူဟာ ထိုင်ရာက လုံးလုံးမထဘူးလို့ ထင်ပါတယ်"

"ဒီကိစ္စနဲ့ပတ်သက်လို့ ဘယ်ပုံဘယ်နည်း ဖြစ်သွားတယ်ဆိုတာ မောင်ရင်တို့ ထင်မြင်ချက် မပေးနိုင်ဘူးလား"

ဤတွင် လေယာဉ်မောင်နှစ်ဦးစလုံး ခေါင်းခါပြကြလေသည်။

"ကိုင်း... ဒါဖြင့် လောလောဆယ် မေးစရာ မရှိတော့ပါဘူး။ နောက်မှ လိုအပ်ရင် မောင်ရင်တို့ကိုခေါ်ပြီး တွေ့ပါ့မယ်"

ရဲမှူးကြီးဂျက်က ပြောလိုက်သည်တွင် မစ်(ချ်)က...

"ဒီကိစ္စဟာ အလွန်ရုပ်ဆိုးလှပါတယ်။ အထူးသဖြင့် ကျွန်တော် တာဝန်ကျနေတဲ့အချိန်မှာ ဖြစ်ရတဲ့အတွက် သိပ်ပြီး စိတ်မကောင်း ဖြစ်ရပါတယ်"ဟု ပြောလိုက်သည်။

"ဒါတော့ မောင်ရင့် အပြစ်မှ မဟုတ်ဘဲ။ လေယာဉ်ပေါ်မှာ အခုလို လူသတ်မှုဖြစ်တာတော့ အရုပ်ဆိုးတာ အမှန်ပဲ။ ကိုင်း... မောင်ရင်တို့ သွားနိုင်ပြီ"

ရဲမှူးကြီးဂျက်က ပြောလိုက်စဉ် စုံထောက်ဟာကျူလီက...

"ကျုပ် မေးခွန်းတစ်ခု မေးပါရစေ"

ဟု ပြောလိုက်သဖြင့် ရဲမှူးကြီးကလည်း...

"ဟုတ်ကဲ့။ မစ္စတာ ဟာကျူလီ မေးနိုင်ပါတယ်"

ဟု ခွင့်ပြုလိုက်သည်။

ဟာကျူလီသည် လေယာဉ်မောင်နှစ်ဦးတို့အား မေးခွန်းထုတ်လေသည်။

"မောင်ရင်တို့နှစ်ယောက် သို့မဟုတ် တစ်ယောက်ယောက်က လေယာဉ်ပေါ်မှာ ပိတုန်းတစ်ကောင် လျှောက်ပျံနေတာ မြင်မိပါသလား"



"မမြင်မိပါဘူး ခင်ဗျာ။ ကျွန်တော် သိသလောက် လေယာဉ်ပေါ်မှာ ပိတုန်းကောင် မရှိပါဘူး"

မစ်(ချ်)က ပြန်ဖြေလိုက်ရာ စုံထောက်ဟာကျူလီက...

"ပိတုန်းတစ်ကောင်တော့ ရှိခဲ့တာ အမှန်ပဲ။ ခရီးသည်တစ်ဦးက ရိုက်သတ်လိုက်လို့ အဲဒီပိတုန်းကောင်အသေလည်း ရှိနေတယ်"

ဟု ပြန်ပြောလိုက်သည်။

"ဒါဖြင့် ကျွန်တော် မမြင်မိတာ အမှန်ပဲ"

မစ်(ချ်)က ပြောပြီးနောက် ဒုတိယလေယာဉ်မောင် ဒေးဗစ်ကလည်း 'ကျွန်တော်လည်း မမြင်မိဘူး'ဟု ဝင်ပြောလိုက်သည်။

"ကိုင်း... ထားပါတော့လေ။ ကိစ္စမရှိပါဘူး။ ကျုပ် မေးချင်တာကတော့ ဒါပါပဲ"

စုံထောက်ဟာကျူလီက ပြောလိုက်ပြီးနောက် လေယာဉ်မောင်နှစ်ဦးသည် အခန်းတွင်းမှ ထွက်သွားကြလေသည်။

ထိုအတောအတွင်း ရဲမှူးကြီးဂျက်သည် ခရီးသည်များ၏ နိုင်ငံကူးလက်မှတ် ပတ်စပို့များကို ကြည့်နေရာမှ...

"ခရီးသည်တွေထဲမှာ မြို့စားကတော်တစ်ဦးပါတယ်ခင်ဗျ။ ဒီမိန်းမက ဆူပူကန့်ကွက်နေတယ်။ ဒါကြောင့် သူ့ကို အရင်ဆုံးခေါ်တွေ့မှ ကောင်းမယ်။ သူက ဩဇာအာဏာသုံးပြီး လွှတ်တော်ထဲမှာ ကျုပ်တို့ ရဲတပ်ဖွဲ့က နိုင့်ထက်စီးနင်းလုပ်ပါတယ်လို့ အရေးဆို ကန့်ကွက်တာမျိုးဖြစ်အောင် လုပ်မှာစိုးရတယ်"

ဟု ပြောလိုက်သည်။

စုံထောက်ဟာကျူလီကလည်း ခေါင်းညိတ်လိုက်ပြီးနောက်...

"ခရီးသည်တွေရဲ့ ပစ္စည်းတွေကို ခင်ဗျားတို့က စေ့စေ့စပ်စပ် ရှာဖွေကြည့်တယ် မဟုတ်လား"ဟု မေးလိုက်သည်။

ဤတွင် ရဲမှူးကြီးဂျက်က ပြုံးလိုက်သည်။

"ဒါအတွက်တော့ စိတ်သာချ။ သေသေချာချာ ရှာမှာပါ။ အထူးသဖြင့် အဆိပ်လူး ဆူးမြားငယ်ကို ပစ်လွှတ်ရာမှာ အသုံးပြုတဲ့ လေမှုတ်ပိုက်ကို တွေ့အောင် ကြိုးစားရှာရမှာပဲ။ ဒီလူသတ်မှုကတော့ ကျုပ်တို့အဖို့ အတော်ထူးဆန်းနေတယ်။ ခရီးသည်ထဲက စုံထောက်ဝတ္ထုရေးဆရာဆိုတဲ့လူက စိတ်ကူးယဉ် မှုခင်းတစ်ခုကို တကယ်လက်တွေ့ စမ်းသပ်ကြည့်တာများ ဖြစ်နေမလားလို့တောင် ထင်ရတယ်"

ထိုအချက်ကို စုံထောက်ဟာကျူလီက လက်မခံဟန်ဖြင့် ခေါင်းခါ

www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်ရာ ရဲမှူးကြီးဂျက်က စကားဆက်လေသည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ တာဝန်အရ လူတိုင်းကို ရှာဖွေရမှာပဲ။ ခရီးသည်အနေနဲ့ ကြိုက်ချင်မှ ကြိုက်မယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး"

"ခရီးသည်တစ်ဦးချင်းရဲ့ ပစ္စည်းအားလုံး တစ်ခုမကျန် စာရင်းလုပ်ပြီး မှတ်တမ်းလုပ်ထားရင် ကောင်းမယ်လို့ ထင်တယ်"

ဟာကြူလီက အကြံပေးလိုက်သည်ကို ရဲမှူးကြီးဂျက်သည် အံ့အားသင့်သွားဟန် တူလေသည်။

"ပစ္စည်းအားလုံးကို အသေးစိတ် စာရင်းလုပ်ဖို့တော့ မလိုဘူးထင်တယ်။ ကျုပ်တို့ ဘာပစ္စည်းကို ရှာရမယ်ဆိုတာ သိနေမှုပဲ"

"ခင်ဗျားအနေနဲ့ ဘာပစ္စည်းရှာရမယ်ဆိုတာ သိချင်သိနေမယ်။ ဒါပေမဲ့ ကျုပ်ကတော့ သိပ်မသေချာဘူးလို့ ထင်တယ်။ ကျုပ်က တခြားပစ္စည်းတစ်ခုကို ရှာကြည့်နေတယ်။ ခက်တာက အဲဒါ ဘာပစ္စည်းဆိုတာ ကျုပ်ကိုယ်တိုင်က အတိအကျ မသိဘူး"

"ဟာဗျာ... မစ္စတာဟာကြူလီကလဲ။ ခင်ဗျား ဝါသနာအတိုင်း လွယ်တဲ့အမှုကို ခက်အောင်လုပ်နေပြန်တာကိုး။ ကိုင်း... ပြောနေကြာတယ်။ လေဒီဟော်ဘူရီဆိုတဲ့ အမျိုးသမီးကို ခေါ်တွေ့ကြပါစို့။ ဒီမိန်းမက ကြာရင် ကျုပ်ကို အစိမ်းလိုက်ဝါးစားချင်အောင် ဒေါသဖြစ်နေလိမ့်မယ်"

ဤသို့ ပြောပြီးနောက် ရဲမှူးကြီးဂျက်သည် လေဒီဟော်ဘူရီအား ခေါ်၍ တွေ့ဆုံမေးမြန်းလေသည်။

အမျိုးသမီးသည် စောစောကလောက် ဒေါသမကြီးတော့ဘဲ အနည်းငယ် တည်ငြိမ်အေးဆေးစွာဖြင့် မေးခွန်းများကို ဖြေကြားလေသည်။

သူမသည် ဟော်ဘူရီမြို့စားကြီး၏ ဇနီးဖြစ်၍ နေရပ်လိပ်စာက လန်ဒန်မြို့၊ ဂရိုဗီနာရပ်ကွက်၊ အမှတ် (၃၁၅)ဖြစ်ကြောင်း၊ ယခု သူမသည် ပြင်သစ်ပြည်၊ ပဲရစ်မြို့နှင့် လီပီနေအရပ်သို့ အလည်အပတ်သွားရာမှ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း၊ အင်္ဂလန်ပြည်သို့ အပြန်လေယာဉ်ခရီးတွင် မသင်္ကာဖွယ် တစ်စုံတစ်ရာ လုံးဝမတွေ့ခဲ့ကြောင်း၊ သူမသည် ခရီးစဉ်တစ်လျှောက်လုံး မိမိထိုင်ခုံမှ လုံးဝမထခဲ့ကြောင်း၊ ခရီးသည်များအနက် အမျိုးသားနှစ်ဦးသည် ထိုင်ခုံမှထ၍ အိမ်သာခန်းသို့ သွားခဲ့ကြသည်ဟု ထင်မိကြောင်း၊ သို့သော် တပ်အပ်သေချာစွာ မပြောနိုင်ကြောင်း၊ လေမှုတ်ပိုက်နှင့်တူသည့် အရာဝတ္ထုကို တစ်စုံတစ်ယောက်က ကိုင်တွယ်သည်ကိုလည်း မမြင်မိကြောင်း စသည်ဖြင့် ထွက်ဆိုသွားလေသည်။



ရဲမှူးကြီးဂျက်သည် နောက်ထပ်မေးစရာမရှိသဖြင့် သူမအား ပြန်လွှတ်လိုက်ပြီး ဗင်နီရာကား အမည်ရှိ အမျိုးသမီးအား ခေါ်တွေ့လေသည်။

ထိုအမျိုးသမီး၏ ထွက်ဆိုချက်ကလည်း လေဒီဟော်ဘူရီ၏ ထွက်ဆိုချက်နှင့် မခြားလှချေ။ သူမ၏နာမည်မှာ ဗင်နီရာကားဖြစ်ပြီး နေရပ်လိပ်စာက ဆင်ဆက်(စ်) ခရိုင်ဖြစ်ကြောင်း၊ သေဆုံးသူအမျိုးသမီးအား ယခင်က တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးကြောင်း၊ လေယာဉ်ခရီးတွင် မသင်္ကာဖွယ်ရာ တစ်စုံတစ်ရာ သတိမပြုမိကြောင်း။

နေ့လယ်စာ စားချိန်တွင် လေယာဉ်ပေါ်၌ ပိတုန်းတစ်ကောင် ပျံဝဲနေသဖြင့် ခရီးသည်တစ်ဦးက ရိုက်သတ်လိုက်သည်ဟု ထင်မိကြောင်း စသည်ဖြင့် ထွက်ဆိုသွားလေသည်။

ပိတုန်းကောင်နှင့်ပတ်သက်၍ မေးခွန်းကို စုံထောက်ဟာကြူလီက မေးလိုက်ခြင်းဖြစ်ရာ အမျိုးသမီး ပြန်ထွက်သွားပြီးနောက် ရဲမှူးကြီးဂျက်က...

"မစ္စတာဟာကြူလီက ပိတုန်းကောင်ကိုပဲ သိပ်ပြီး စိတ်ဝင်စားနေပုံရတယ်"ဟုပြောလိုက်သည်။

"စိတ်ဝင်စားတာရယ်လို့ မဟုတ်ပါဘူး။ ကျုပ်က စိတ္တဗေဒနည်းနဲ့ ခရီးသည်တွေကို ပိတုန်းကောင်အကြောင်း မေးကြည့်တာပါ"

ဟာကြူလီက ပြောလိုက်ပြီးနောက် ရဲမှူးကြီးဂျက်သည် သူ၏ထင်မြင်ချက်ကို ပြောပြန်သည်။

"ကျုပ်တော့ ပြင်သစ်လူမျိုး သားအဖကို တယ်ပြီးမသင်္ကာချင်ဘူး။ သူတို့ရဲ့ ထိုင်ခုံက သေဆုံးသူအမျိုးသမီးနဲ့ အလွန်နီးကပ်နေတယ်။ ပြီးတော့ သူတို့နဲ့ပါလာတဲ့ သေတ္တာကြီးမှာ နိုင်ငံအတော်များများ ရောက်ခဲ့ကြောင်း တံဆိပ်တွေကပ်ထားတယ်။ အဆိပ်လူးမြားလက်နက်သုံးတဲ့ တောင်အမေရိကန်တို့ ဘိုညိုကျွန်းတို့ကို ရောက်ခဲ့ချင် ရောက်ခဲ့နိုင်တယ်။ တစ်ခုရှိတာက သူတို့အနေနဲ့ ဟိုအမျိုးသမီးကို သတ်ဖို့အကြောင်းက ထောက်လှမ်းရေးအဖွဲ့ (ဆုရေး)နဲ့ ဆက်သွယ်လိုက်ရင် ရနိုင်လိမ့်မယ်"

ထိုစကားကို စုံထောက်ဟာကြူလီက လက်ခံချင်ဟန်မတူချေ။

"ခင်ဗျား ထင်သလို ဟုတ်မယ်မထင်ဘူး။ သူတို့သားအဖဟာ လူသတ်သမား လူဆိုးတွေ မဟုတ်ဘူးဗျ။ သူတို့က ရှေးဟောင်းသုတေသနပြုသူတွေ ရှာဖွေဖော်ထုတ်နေတဲ့ သုတေသနပညာရှင်တွေ ဖြစ်တယ်။ မကြာသေးခင်ကပဲ သူတို့ဟာ ပါရှားပြည် (အီရန်)မှာ စိတ်ဝင်စားဖွယ် ရှေးဟောင်းအဆောက်အဦတွေကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဟာကြူလီက ပြောနေစဉ်မှာပင် ရဲမှူးကြီးဂျက်သည် ပတ်စပို့စာအုပ်တစ်ခုကို ယူကြည့်ပြီး…

"ဟုတ်ပြီဗျို့၊ မစ္စတာဟာကြူလီပြောတာ မှန်လိမ့်မယ်၊ ဒါပေမဲ့ သူတို့ရဲ့အင်္ဂါရုပ်တွေကြည့်ရတာ သုတေသနပညာရှင်တွေနဲ့ မတူလှဘူး"

ဟု ပြောလိုက်သည်။

"ဒါတော့ဗျာ၊ နာမည်ကျော်ပုဂ္ဂိုလ် အတော်များများဟာ အင်္ဂါရုပ်ကို ကြည့်ရင် အထင်ကြီးစရာ မရှိဘူး။ ဥပမာဆိုရင် ကျုပ်ကို မသိတဲ့လူအများစုက စုံထောက်လို့ လုံးဝမထင်ကြဘူး။ တစ်ခါက ကျုပ်ကို ဆံပင်ညှပ်ဆိုင်က အလုပ်သမားကြီးတစ်ယောက်လို့တောင် အထင်ခံခဲ့ရတယ်"

ဟာကြူလီက ပြောလိုက်လျှင် ရဲမှူးကြီးဂျက်သည် သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီးနောက် ပြင်သစ်လူမျိုး သားအဖ မစ္စတာဒူပွန်နှင့် သူ၏သား ဂျွန်တို့အား ခေါ်ယူစစ်ဆေးလေသည်။

မေးခွန်းများကို ဖြေကြားရာတွင် ပြင်သစ်အမျိုးသား မစ္စတာဒူပွန်သည် သူ့အနေဖြင့် သေသူအမျိုးသမီးအား လုံးဝမသိကြောင်း၊ လေယာဉ်ခရီးတစ်လျှောက် သူ၏သားနှင့် လုပ်ငန်းအကြောင်း ဆွေးနွေးပြောဆိုနေသဖြင့် အခြားဘာကိုမှ သတိမပြုမိကြောင်း၊ နေ့လယ်စာ စားပြီးလုချိန်တွင် လေယာဉ်ပေါ်၌ ပိတုန်းတစ်ကောင် ပျံဝဲနေသည်ကို သတိပြုမိကြောင်း၊ ထိုပိတုန်းကောင်ကို သူ၏သားကပင် ရိုက်သတ်လိုက်ကြောင်း စသည်ဖြင့် ထွက်ဆိုလေသည်။

သားဖြစ်သူ ဂျွန်ကလည်း ဖခင်၏ ထွက်ချက်ကို အတည်ပြု၍ ထွက်ဆိုလေသည်။

ပိတုန်းတစ်ကောင်ကို သူကိုယ်တိုင် ရိုက်သတ်လိုက်ကြောင်း၊ သူ၏ဖခင်နှင့် ဆွေးနွေးသည့် အကြောင်းအရာက အရှေ့အလယ်ပိုင်းဒေသမှ ရှေးဟောင်း အိုးခွက်ပန်းကန်များနှင့် ပတ်သက်ကြောင်း စသည်ဖြင့် ထွက်ဆိုသွားလေသည်။

ထိုသားအဖကို စစ်ဆေးမေးမြန်းပြီးနောက် ဆက်လက်၍ ခေါ်စစ်သူမှာ စာရေးဆရာ မစ္စတာကလင်စီ ဖြစ်သည်။

ရဲမှူးကြီးဂျက်သည် စုံထောက်ဝတ္ထုရေးဆရာ ကလင်စီအနေဖြင့် အဆိပ်လူးမြားငယ် ပစ်လွှတ်သည့် လေမှုတ်ပိုက်များအကြောင်း မုချသိရမည်ဟု တစ်ထစ်ချယူဆလျက် ထိုအကြောင်းကိုပင်မေးရန် ဆုံးဖြတ်လိုက်သည်။

"မစ္စတာကလင်စီခင်ဗျာ၊ တိုင်းရင်းသား လူမျိုးစုတွေ အသုံးပြုတဲ့ လေမှုတ်ပိုက်လက်နက်မျိုးကို ခင်ဗျားကိုယ်တိုင် ပိုင်ဆိုင်ဖူးပါသလား"



"ဟုတ်ကဲ့၊ မှန်တာပြောရရင် ကျွန်တော်ကိုယ်တိုင် လေမှုတ်ပိုက်တစ်ခု ပိုင်ဆိုင်ခဲ့ဖူးပါတယ်"

ဤသို့ ကလင်စီက ဖြေလိုက်ရာ ရဲမှူးကြီးဂျက်သည် သဲလွန်စအထောက်အထားတော့ရပြီဟု အားတက်သွားလျက်…

"သြော်…ဟုတ်လား၊ ခင်ဗျားက ဒီလက်နက်မျိုး ပိုင်ဆိုင်ခဲ့ဖူးသလား"

ဟု ထပ်၍ မေးလိုက်သည်။

သည်တော့မှ မစ္စတာကလင်စီသည် စိုးရိမ်တုန်လှုပ်သွားပုံရလေသည်။

"ရဲမှူးကြီးတို့အနေနဲ့ ကျွန်တော့်အပေါ် အထင်မလွဲပါနဲ့။ ဒီကိစ္စကို ကျွန်တော် ရှင်းပြနိုင်ပါတယ်"

ကလင်စီကပင် ပျာပျာသလဲ ပြောလိုက်လျှင် ရဲမှူးကြီးဂျက်က…

"ဒါဖြင့်လည်း ကျေးဇူးပြုပြီး ရှင်းပြစမ်းပါ"

ဟု ပြောလိုက်သည်။

"ဒီလိုပါ ကျွန်တော် လက်ရှိရေးနေတဲ့ ဝတ္ထုတစ်ပုဒ်မှာ ဇာတ်လမ်းအရ လူသတ်မှုကို အခုလိုနည်းနဲ့ ကျူးလွန်ပုံကို ထည့်ရေးထားပါတယ်"

"သြော်… ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော့်ရဲ့ဝတ္ထုမှာ အဓိကတင်ပြချင်တဲ့ အချက်က လက်ဗွေပုံစံ အရေးကြီးပုံပဲ ဖြစ်ပါတယ်။ လူသတ်ရာမှာ အသုံးပြုတဲ့လက်နက် (ဥပမာ-လေမှုတ်ပိုက်ဆိုပါတော့) အဲဒီလက်နက်မှာ ကိုင်တွယ်အသုံးပြုသူရဲ့ လက်ဗွေပုံစံကို သေသေချာချာ စစ်ဆေးလေ့လာဖို့ အရေးကြီးကြောင်း ဝတ္ထုဇာတ်လမ်းနဲ့ သရုပ်ဖော်တင်ပြခြင်းပဲ ဖြစ်ပါတယ်"

"ခင်ဗျား ပိုင်ဆိုင်ခဲ့တဲ့ လေမှုတ်ပိုက်ကို ဆက်လက်ပြီး သိမ်းဆည်းထားပါသလား"

"ဟုတ်ကဲ့၊ သိမ်းဆည်းထားမိတယ်လို့ ထင်ပါတယ်"

"ဒါဖြင့် အဲဒီလေမှုတ်ပိုက်က အခု ဘယ်မှာလဲ"

"တစ်နေရာရာမှာ ရှိပါလိမ့်မယ်"

"တစ်နေရာရာမှာ ရှိပါလိမ့်မယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"အဲဒီအတိုင်း ဆိုလိုတာပါပဲ။ တစ်နေရာရာမှာ ရှိလိမ့်မယ်။ ဘယ်နေရာလဲဆိုတာတော့ မပြောတတ်ဘူး။ ကျွန်တော်က ပစ္စည်းတွေ သိမ်းဆည်းထားသိုရာမှာ တယ်ပြီးတိကျသေသပ်တဲ့ လူတစ်ယောက်မဟုတ်ဘူး"

"လေမှုတ်ပိုက်က အခု ခင်ဗျားကိုယ်မှာ မရှိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“မရှိပါဘူးခင်ဗျ။ ရှင်းရှင်းပြောရရင် လေမှုတ်ပိုက်ကို ကျွန်တော် မမြင်မိတာ ခြောက်လလောက်ရှိသွားပြီ”

ရဲမှူးကြီးဂျက်သည် စာရေးဆရာကလင်စီအား ပို၍သက်ာမကင်း ဖြစ်ဟန်ဖြင့် ဆက်လက်မေးခွန်းထုတ်လေသည်။

“လေယာဉ်ခရီးစဉ်တစ်လျှောက် ခင်ဗျားဟာ ကိုယ့်ထိုင်ခုံကထပြီး သွားသေးသလား”

“တစ်ကြိမ်တော့ ထသွားခဲ့ပါတယ်”

“ဟုတ်လား၊ ဘယ်ကို သွားတာလဲ”

“လေယာဉ်နောက်ပိုင်းမှာ ချိတ်ထားတဲ့ ကျွန်တော့်ရဲ့ မိုးကာအင်္ကျီ အိတ်ထဲက စာအုပ်တစ်အုပ် သွားယူပါတယ်”

“အဲဒီလို လေယာဉ်နောက်ပိုင်းကို ထသွားတော့ ခင်ဗျားဟာ သေသူ အမျိုးသမီး ထိုင်ခုံနားက ဖြတ်သွားရတယ် မဟုတ်လား”

“ဖြတ်သွားတာ ဖြစ်ပါလိမ့်မယ်။ သတိတော့ မထားမိဘူးခင်ဗျ။ နောက်ပြီး ကျွန်တော် ထသွားတဲ့အချိန်က ဘာမှလည်း မဖြစ်သေးဘူး”

နောက်ထပ် မေးခွန်းများ ဆက်မေးသောအခါ မှုခင်းနှင့်ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာ ထွက်ပေါ်မလာချေ။

ကလင်စီက သူသည် လေယာဉ်ပေါ်၌ မသင်္ကာဖွယ်ရာ တစ်စုံတစ်ခုမှ သတိမပြုမိကြောင်း ထွက်ဆိုလေသည်။

ဤတွင် စုံထောက်ဟာကျူလီက ပိတုန်းကောင်အကြောင်း မေးကြည့်လေသည်။

မစ္စတာကလင်စီက သူသည် ပိတုန်းတစ်ကောင်ကို မြင်မိကြောင်း သူကိုယ်တိုင် နဂိုက ပိတုန်းကောင်များကို ကြောက်တတ်သဖြင့် မြင်မြင်ချင်း မောင်းပစ်လိုက်သည်ဟု ဆိုလေသည်။ ထို့နောက် ကလင်စီ၏နာမည်နှင့် လိပ်စာကို မေးမြန်းမှတ်သားပြီး ပြန်လွှတ်လိုက်သည်။

ရဲမှူးကြီးဂျက်သည် ကလင်စီအား မယုံသင်္ကာဖြစ်ဟန်ဖြင့် စုံထောက် ဟာကျူလီနှင့် ဆွေးနွေးပြောဆိုလေသည်။

“ကျုပ်တော့ ဒီလူကို တယ်ပြီးမသင်္ကာချင်ဘူး။ သူကိုယ်တိုင် လေမှုတ် ပိုက်တစ်ခု ပိုင်ဆိုင်ခဲ့ဖူးတယ်လို့ ဆိုတယ်၊ ပြီးတော့ သူ့ရဲ့ မျက်နှာအမူအရာ ကြည့်ရတာ လိပ်ပြာမလုံသလိုဟန်မျိုး ဖြစ်နေတယ်”

“ဒါတော့ ခင်ဗျားက ရဲအရာရှိတစ်ဦးအနေနဲ့ ထင်မြင်တာ ဖြစ်ပါလိမ့် မယ်”



“မဟုတ်ဘူးဗျ။ လူတစ်ယောက်ဟာ မမှန်တာကိုပြောတာဖြစ်ရင် ဘာမှ စိုးရိမ်တုန်လှုပ်စရာ မလိုဘူးမဟုတ်လား”

(မှတ်ချက်။ ။ ရဲမှူးကြီးဂျက်သည် ကမ္ဘာကျော်ပြင်သစ်ဘိုသ္မ စုံထောက်အဖွဲ့ ဆူရေတေး(ဒ်)မှ အရာရှိကြီးတစ်ဦးဖြစ်၍ စုံထောက်ဟာကျူလီက ဂျက်တို့လို စုံထောက်အရာရှိများသည် လွယ်လွယ်နှင့် အလျှင်စလို ကောက် ချက်ချတတ်ပုံကို ဝေဖန်ထောက်ပြလိုက်ခြင်း ဖြစ်သည်။)

ထို့နောက် နော်မန်ဂေး(လ်)ဆိုသူ လူငယ်အား ခေါ်ယူစစ်ဆေးကြပြန် သည်။ နော်မန်ဂေး(လ်)က သူ၏နာမည်နှင့် နေရပ်လိပ်စာတို့ကို ပြောပြပြီး နောက် သူသည် သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးဖြစ်ကြောင်း၊ ပြင်သစ်ပြည် ကမ်းခြေရှိ လီပီနေအရပ်သို့ အပန်းဖြေခရီးထွက်ခဲ့ပြီး အပြန်တွင် ပဲရစ်မြို့တော် ၌ တစ်ရက်နေပြီးမှ ပြန်လာခဲ့ကြောင်း၊ သေဆုံးသူ အမျိုးသမီးကို ယခင်က မသိကြောင်း၊ လေယာဉ်ခရီးစဉ်တစ်လျှောက် မသင်္ကာဖွယ်ရာ တစ်စုံတစ်ရာ သတိမပြုမိကြောင်း၊ သူသည် ထိုင်ခုံမှ တစ်ကြိမ်ထ၍ အိမ်သာခန်းသို့ သွားခဲ့ ကြောင်း၊ သေသူအမျိုးသမီး၏ ထိုင်ခုံရှိရာ လေယာဉ်နောက်ပိုင်းသို့ လုံးဝမသွား ခဲ့ကြောင်း၊ လေယာဉ်ပေါ်မှ ပိတုန်းကောင်ကို မမြင်မိကြောင်း စသည်ဖြင့် ထွက်ဆိုသွားလေသည်။

နော်မန်ဂေး(လ်)ကို စစ်ဆေးမေးမြန်းပြီးနောက် မစ္စတာရိုင်ဒါဆိုသူ အား ခေါ်ယူ၍ မေးမြန်းလေသည်။

မစ္စတာရိုင်ဒါက ထွက်ဆိုရာ၌ သူသည် စီးပွားရေးလုပ်ငန်းတစ်ခုနှင့် ပတ်သက်၍ ပြင်သစ်ပြည်၊ ပဲရစ်မြို့သို့သွားပြီး ပြန်လာခြင်းဖြစ်ကြောင်း၊ သေသူ အမျိုးသမီးအား လုံးဝမသိကျွမ်းခဲ့ကြောင်း၊ သူသည် သေသူအမျိုးသမီး၏ ခေရှ့တည့်တည့် ထိုင်ခုံတွင် ထိုင်လိုက်ပါခဲ့ကြောင်း၊ သို့သော် ကျောခိုင်းထိုင်နေ သဖြင့် ထိုအမျိုးသမီးကို မကြည့်မိခဲ့ကြောင်း၊ မသင်္ကာဖွယ်ရာ ဟစ်အော် ညည်းညူသံများ လုံးဝမကြားမိကြောင်း၊ သေသူအမျိုးသမီးရှိရာ လေယာဉ် နောက်သို့ လေယာဉ်မောင်များကလွဲ၍ အခြားခရီးသည်များ လာရောက်သည် ကို မမြင်မိကြောင်း။

သူ၏နေရာမှ မျက်စောင်းထိုးနေရာတွင် ထိုပြင်သစ်လူမျိုးသားအဖ သည် ခရီးစဉ်တစ်လျှောက်လုံး စကားပြောခဲ့ကြကြောင်း၊ ပြင်သစ်လူမျိုး လူငယ် က နေ့လည်စာစားချိန်တွင် ပိတုန်းတစ်ကောင်ကို ရိုက်သတ်လိုက်သည်မှာ မှန်ကန်ကြောင်း၊ ထိုအချိန်မတိုင်မီက ပိတုန်းကောင်ကို မမြင်မိကြောင်း မြောင် အမေရိကန်မှ တိုင်းရင်းသားများအသုံးပြုသည့် လေမှုတ်ပိုက်လတ်နှတ်တို့

www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘူးသဖြင့် မည်သည့်ပုံသဏ္ဌာန်ရှိသည်ကိုလည်း မသိကြောင်း စသည်ဖြင့် ထွက်ဆိုလေသည်။

ထိုအခိုက် ရဲသားတစ်ဦးဝင်လာပြီး…

"ရဲကြပ်ကြီးက ရှာဖွေရင်း ဟောဒီပစ္စည်းကို တွေ့ပါတယ်"

ဟုပြောရင်း လက်ကိုင်ပဝါတစ်ထည်ဖြင့် ရစ်ပတ်ထုတ်ထားသော အရာဝတ္ထုတစ်ခုကို စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

"လက်ဗွေပုံစံတော့ လုံးဝမရှိဘူး ခင်ဗျ"

ပြောပြောဆိုဆို ရဲသားက လက်ကိုင်ပဝါကိုဖြည်ရာ အတွင်းမှ လေမှုတ်ပိုက်တစ်ခု ထွက်လာလေသည်။

တိုင်းရင်းသား လူမျိုးစုများ ကိုယ်တိုင်ပြုလုပ်သည့် လေမှုတ်ပိုက်မျိုး ဖြစ်လေသည်။

ရဲမှူးကြီးဂျက်သည် အလွန်အံ့အားသင့်သွားလေသည်။

"ဟာ… ဒီအတိုင်းဆိုရင် တကယ်ဖြစ်နေပါကလား။ ကျုပ်ဖြင့် စောစောက မထင်မိဘူး"

ဂျက်က တအံ့တဩ ရေရွတ်လိုက်စဉ် ရိုင်ဒါဆိုသူသည် စားပွဲပေါ်မှ လေမှုတ်ပိုက်ကို စိတ်ဝင်စားဟန်ဖြင့် ဂရုစိုက်ကြည့်လေသည်။

"တောင်အမေရိကန်က တိုင်းရင်းသားတွေ အသုံးပြုလေ့ရှိတာ ဒါမျိုးကိုး၊ ကျွန်တော်က ဒီလက်နက်မျိုးအကြောင်း စာအုပ်တွေထဲသာ ဖတ်ဖူးတာ ကိုယ်တိုင်တစ်ခါမှ မမြင်ဖူးပါဘူး။ ရဲမှူးကြီးတို့မေးတဲ့ မေးခွန်းကိုဖြေရရင် ဒီပစ္စည်းမျိုး ဘယ်သူမှ ကိုင်တွယ်တာ မမြင်မိဘူးခင်ဗျ"

ရဲမှူးကြီးဂျက်သည် ရဲသားဘက်သို့လှည့်၍ မေးပြန်သည်။

"ဒီပစ္စည်းကို ဘယ်မှာတွေ့ခဲ့သလဲ"

"လေယာဉ်ထိုင်ခုံတစ်ခုရဲ့ နောက်နားမှာ တွေ့ပါတယ် ဆရာ"

"ဘယ်ထိုင်ခုံလဲ"

"ထိုင်ခုံ အမှတ် (၉)ပါဆရာ"

ဤတွင် စုံထောက်ဟာကြူလီက…

"စိတ်ဝင်စားစရာပဲ"ဟု ဝင်ပြောလိုက်ရာ ဂျက်က…

"ဘယ်လို စိတ်ဝင်စားဖို့ ကောင်းတာလဲ"ဟု ပြန်မေးလိုက်သည်။

"ခုံနံပါတ် (၉)က ကျုပ်ရဲ့ထိုင်ခုံ ဖြစ်နေတယ်လေ"

ဟာကြူလီ၏ စကားကိုကြားလျှင် မစ္စတာရိုင်ဒါဆိုသူက…

"ဒီလိုဆိုတော့ ခင်ဗျားအဖို့ ပြဿနာပဲပေါ့"



ဟု ဝင်ပြောလိုက်သည်။

ရဲမှူးကြီးဂျက်သည် သဘောမကျဟန်ဖြင့်…

"မစ္စတာရိုင်ဒါက ဘာမှဝင်ပြီး မပြောပါနဲ့။ ခင်ဗျားရဲ့ ထင်မြင်ချက်ကို တောင်းနေတာ မဟုတ်ပါဘူး"

ဟု ခပ်တည်တည်ပြောလိုက်ပြီးမှ စုံထောက် ဟာကြူလီဘက်သို့ လှည့်၍…

"ဘယ်လိုလဲ အဘိုးကြီး၊ ဒါဟာ ခင်ဗျားရဲ့ လက်ချက်များလား"

ဟု ရယ်စရာသဘော ပြောလိုက်ပြန်သည်။

သို့သော် စုံထောက်ဟာကြူလီက မျက်နှာထားတည်တည်ဖြင့် ပြန်ပြောလေသည်။

"ဒီမှာ မိတ်ဆွေကြီး၊ ကျုပ်ကသာ လူသတ်မှု တကယ်ကျူးလွန်မယ် ဆိုရင် တောင်အမေရိကန်က တိုင်းရင်းသားတွေ အသုံးပြုတဲ့ အဆိပ်လူးမြားငယ်နဲ့ ကျူးလွန်မှာတော့ မဟုတ်ဘူး"

"အေးဗျ။ ဒီနည်းက အဆင့်အတန်း နိမ့်ကျတယ်လို့ ဆိုရမယ်။ ဒါပေမဲ့ ထိရောက်တာတော့ အမှန်ပဲ"

ရဲမှူးကြီးဂျက်က ပြန်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဒါကြောင့် ဒီအမှုဟာ စဉ်းစားစရာ အများကြီးလိုတယ်"

"ဘာပဲဖြစ်ဖြစ် လူသတ်သမားဟာ အတော့်ကို ပင်ပန်းခံပြီး ကြံတင်ပြင်ဆင်တာ ဖြစ်ရမယ်။ ဒါထက် ကျုပ်တို့ ခေါ်မေးစရာဆိုလို့ မိန်းကလေး တစ်ယောက်ပဲ ကျန်တော့တယ်။ သူ့နာမည်က ဂျိန်းတဲ့။ အခုပဲခေါ်တွေ့ရရင် ကောင်းလိမ့်မယ်"

"အဲဒီမိန်းကလေးက အလွန်ချောလှတယ်ဗျ"

ဟာကြူလီက ဤသို့ပြောလိုက်ရာ ရဲမှူးကြီးဂျက်က သဘောကျသွားပုံရလေသည်။

"ဪ… ဟုတ်လား။ ခင်ဗျားက သတိပြုမိတယ်ဆိုပါတော့၊ ဒီအတိုင်းဆိုရင် ခင်ဗျားက လေယာဉ်ပေါ်မှာ အိပ်ပျော်နေခဲ့တယ်ဆိုတာ တောက်လျှောက် အိပ်ပျော်နေတာ မဟုတ်ဘူးပေါ့"

"ဒီမိန်းကလေးက ရုပ်ရည်အထူးချောမောလှပတယ်။ ပြီးတော့ စိတ် လှုပ်ရှားနေပုံလည်းရတယ်"

"ဟင်… ဟုတ်လား၊ စိတ်လှုပ်ရှားနေသလား"

ဂျက်က သက်ာမကင်းဖြစ်ဟန်ဖြင့် ပြန်မေးလိုက်ရာ ဟာကြူလီက

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါပြလေသည်။

"မိန်းကလေးတစ်ယောက် စိတ်လှုပ်ရှားနေတယ်ဆိုတာ ရာဇဝတ်မှုကျူးလွန်တာနဲ့ မပတ်သက်ဘူး ခင်ဗျ။ များသောအားဖြင့် ယောကျ်ားလေးတစ်ယောက်နဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားတာဖြစ်ဖို့များတယ်"

"ဩော်... ဒီလိုလား"

ဂျက်က ပြန်ပြောလိုက်စဉ်မှာပင် ဂျိန်းအမည်ရှိ မိန်းကလေး ရောက်ရှိလာလေသည်။

မေးခွန်းများကို ဖြေကြားရာတွင် ဂျိန်းက သူမသည် လန်ဒန်မြို့၊ အာရှတန်လမ်းရှိ အန်တိုနီ ဆံပင်အလှပြုပြင်ရေးဆိုင်တွင် အလုပ်လုပ်ကြောင်း၊ နေရပ်လိပ်စာက လန်ဒန်မြို့မြောက်ပိုင်း၊ ဟဲရိုးဂိတ်လမ်း၊ အမှတ် (၁၀)ဖြစ်ကြောင်း၊ သူမသည် ပြင်သစ်ပြည်၊ လီပီနေအရပ်သို့ အလည်အပတ်သွားရာမှ ပြန်လာခြင်းဖြစ်ကြောင်း ထွက်ဆိုသွားလေသည်။

ထို့ပြင် သူမသည် ပြင်သစ်ပြည်၌ရှိနေစဉ် အိုင်ယာလန် ထီထိုးခဲ့ကြောင်းကိုပါ ပြောပြလေသည်။

ရဲမှူးကြီးဂျက်က လေယာဉ်ပေါ်မှတွေ့ရှိသော လေမှုတ်ပိုက်ကိုပြ၍ ဆက်လက်မေးမြန်းရာ ဂျိန်းက သူမအနေဖြင့် ထိုပစ္စည်းကို လုံးဝမမြင်ဖူးကြောင်း၊ သေသူ အမျိုးသမီးအား ယခင်က မသိခဲ့ကြောင်း၊ ပြင်သစ်ပြည်၊ ပဲရစ်မြို့ လေဆိပ်ကျမှ သတိပြုမိခဲ့ကြောင်း ထွက်ဆိုလေသည်။

"ဒီအမျိုးသမီးကို ဘယ်လိုကြောင့် သတိပြုမိတာလဲ"

ရဲမှူးကြီးဂျက် ပြန်မေးလိုက်သည်။

"သတိပြုမိနေတဲ့အကြောင်းက ဒီမိန်းမဟာ အလွန် အရုပ်ဆိုးအကျည်းတန်လို့ပဲရှင့်"

ဂျိန်းက အမှန်အတိုင်း ပြောပြလိုက်သည်။

ထိုမျှနှင့်ပင် မေးမြန်းခြင်းကို အဆုံးသတ်လိုက်သည်။

ဂျိန်း ပြန်ထွက်သွားပြီးနောက် ရဲမှူးကြီးဂျက်သည် စုံထောက်ဟာကြူလီနှင့် ဆက်ဆွေးနွေးပြန်သည်။

"အင်း... အတော့်ကို စဉ်းစားရခက်တဲ့အမှုပဲ။ အလွန်ခက်ခဲတဲ့ စုံထောက်ဝတ္ထုထဲက အမှုတစ်ခုလို ဖြစ်နေတယ်။ ရှာရမယ့်တရားခံဟာ ဒီလို လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြား လက်နက်သုံးတဲ့နိုင်ငံကို ရောက်ဖူးသူဖြစ်ရမယ်။ ဒါနဲ့ပတ်သက်လို့ ကျွမ်းကျင်သူ ပါရဂူတွေကို အကူအညီတောင်းရမလို ဖြစ်နေတယ်။ လေမှုတ်ပိုက်က တောင်အမေရိကန်နိုင်ငံတစ်ခု၊ ဒါမှမဟုတ် အာဖရိက



သို့မဟုတ် မာလာယာနိုင်ငံကလည်း ဖြစ်နိုင်တယ်"

"ခင်ဗျားပြောသလို မူလကတော့ ဒီလေမှုတ်ပိုက်ဟာ အဲဒီနိုင်ငံတွေက ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ သေသေချာချာကြည့်ရင် လေမှုတ်ပိုက်ပေါ်မှာ စက္ကူစငယ်ကလေး ကပ်နေတာတွေ့ရလိမ့်မယ်။ စက္ကူစက ဈေးနှုန်းပြီး ကပ်ထားတာ ဖြစ်ရမယ်။ ဒါကြောင့် ဒီလေမှုတ်ပိုက်ဟာ အလားတူ ပစ္စည်းမျိုးတွေ ရှာဖွေစုဆောင်းပြီး ရောင်းချတဲ့ဆိုင်တစ်ဆိုင်က ဝယ်ယူလာတာ ဖြစ်နိုင်တယ်။ တစ်နည်းအားဖြင့် ကျုပ်တို့အဖို့ ဆက်ပြီးစုံစမ်းထောက်လှမ်းဖို့ ...ယ်ကျဉ်းလာတယ်လို့ ဆိုရမယ်။ ဒါထက် ကျုပ် ခင်ဗျားကို တစ်ခုမေးချင်တယ်"

"မေးနိုင်ပါတယ်"

"စောစောက ကျုပ်ပြောခဲ့သလို ခရီးသည်တစ်ဦးစီရဲ့ ပစ္စည်းအားလုံး စာရင်းလုပ်ပြီး မှတ်ထားတယ် မဟုတ်လား"

စုံထောက်ဟာကြူလီက မေးလိုက်ရာ ရဲမှူးကြီးဂျက်သည် အံ့ဩသွားဟန်တူလေသည်။

"ဒါက အခုအခြေအနေမှာ မလိုတော့ဘူး ထင်တယ်၊ ဒါပေမဲ့ လည်း ခင်ဗျားက လိုအပ်တယ်ထင်ရင် လုပ်ရတာပေါ့။ ဒါက အရေးကြီးတယ်လို့ ယူဆသလား"

"ဟုတ်တယ်။ ဒီအမှုမှာ ကျုပ်အနေနဲ့ နားမလည်နိုင်အောင် ဖြစ်နေတယ်၊ ဒါကြောင့် ပစ္စည်းစာရင်း လုပ်ကြည့်ရင် ကောင်းမယ်လို့ထင်တယ်"

ဟာကြူလီကပြောနေစဉ် ဂျက်သည် လေမှုတ်ပိုက်မှ ဈေးနှုန်းစာရွက်အပိုင်းအစကို သေချာစွာကြည့်နေရာမှ သူ၏ထင်မြင်ချက်ကို ပြောလေသည်။

"မစ္စတာကလင်စီဆိုတဲ့လူက သူဟာ တစ်ချိန်က လေမှုတ်ပိုက်တစ်ခု ဝယ်ခဲ့ဖူးသလို ပြောတယ်။ သူတို့လို စုံထောက်ဝတ္ထုရေးဆရာတွေက ကျုပ်တို့ ရဲအဖွဲ့ကို အထင်သေးတယ်၊ ရဲစုံထောက်များဟာ ဉာဏ်မမီတဲ့ အရူးတွေလို့ ထင်တယ်။ ရဲအရာရှိတွေရဲ့ ယူဆချက်ဟာ အမြဲတမ်း မှားတယ်လို့ ဆိုချင်ကြတယ်၊ အခုလည်းပဲ စုံထောက်ဝတ္ထုရေးဆရာတစ်ယောက်က ရဲအရာရှိတွေကို ပြည့်စားဖို့ တမင်အကွက်ဆင်တဲ့ လူသတ်မှုတစ်ခု ဖြစ်နိုင်တယ်ဗျ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၄)

သေဆုံးသူအမျိုးသမီး မာရီမိုရီဆော့(ခေါ်) မာဒမ်ဂီဆယ်(လ်) သေဆုံးခြင်းနှင့်ပတ်သက်၍ အင်ကွက်စ်ခေါ် ပဏာမစစ်ဆေးမှုကို နောက်လေးရက်အကြာတွင် ပြုလုပ်လေသည်။

အသတ်ခံရပုံက ဆန်းကြယ်သဖြင့် ပရိသတ်က အထူးစိတ်ဝင်စားကာ စစ်ဆေးသည့် ရုံးခန်းတွင် လာရောက်နားထောင်သူများ ပြည့်ကျပ်နေလေသည်။ ပထမဆုံး ထွက်ဆိုအစစ်ခံသူသက်သေမှာ အရပ်ရှည်ရှည် မုတ်ဆိတ်မွေးနှင့် အသက်ကြီးကြီး ပြင်သစ်အမျိုးသားတစ်ဦးဖြစ်ရာ သူ၏နာမည်က မစ္စတာဘီဘော့ ဖြစ်သည်။

ပဏာမစစ်ဆေးမှု (အင်ကွက်စ်)တွင် တရားသူကြီးသဖွယ် ကြီးကြပ်ကွပ်ကဲရန် စစ်ဆေးရသူမှာ ကိုရိုနာခေါ် အရာရှိဖြစ်လေသည်။

ပြင်သစ်လူမျိုး မစ္စတာဘီဘော့သည် အင်္ဂလိပ်စကား တတ်ကျွမ်းသဖြင့် မေးခွန်းများကို အင်္ဂလိပ်လိုပင် ဖြေကြားလေသည်။

ရှေးဦးစွာ နာမည်၊ အသက်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ စသည်တို့ကို ထုံးစံအတိုင်းမေးပြီးနောက် ကိုရိုနာက...

"သေသူရဲ့အလောင်းကို ခင်ဗျား ကြည့်ခဲ့ရပြီ မဟုတ်လား။ ခင်ဗျားအနေနဲ့ သေသူကို မှတ်မိသလား"

ဟု မေးလိုက်သည်။

"ဟုတ်ကဲ့၊ မှတ်မိပါတယ်။ သေသူဟာ ကျွန်တော်နဲ့ဆက်သွယ်အလုပ်လုပ်သူ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ သူ့နာမည်က မာရီမိုရီဆော့လို့ခေါ်ပါတယ်"



"ဒီနာမည်က သေသူရဲ့ နိုင်ငံကူးလက်မှတ်မှာ ဖော်ပြထားတယ်။ ဒီအမျိုးသမီးမှာ တခြားနာမည်ရှိသေးတယ် မဟုတ်လား။ အများကသိတဲ့ နာမည်ကို ဆိုလိုတယ်"

"ဟုတ်တယ်။ သူတို့အများက မာဒမ်ဂီဆယ်(လ်)ဆိုတဲ့ နာမည်နဲ့ သိကြပါတယ်"

"ကောင်းပြီ။ ဒီအမျိုးသမီးအကြောင်း ခင်ဗျားသိလောက် ပြောပြစမ်းပါ"

"မာဒမ်ဂီဆယ်(လ်)အမည်ခံ မာရီမိုရီဆော့ဟာ ပြင်သစ်ပြည်၊ ပဲရစ်မြို့မှာ နာမည်ကြီး ငွေတိုးပေးစားသူတစ်ဦး ဖြစ်ပါတယ်"

"အဲဒီလုပ်ငန်းကို သူက ဘယ်နေရာမှာ လုပ်ပါသလဲ"

"ပဲရစ်မြို့၊ ဂျိုလီယက်လမ်း၊ အမှတ် (၃)မှာ လုပ်ပါတယ်။ အဲဒါက သူ့ရဲ့ နေအိမ်လည်း ဖြစ်ပါတယ်"

"ဒီအမျိုးသမီးက မကြာခဏ အင်္ဂလန်ပြည်ကို လာလေ့ရှိတယ်လို့ သိရတယ်။ သူ့ရဲ့လုပ်ငန်းက အင်္ဂလန်ပြည်မှာလည်း ရှိလို့လား"

"ဟုတ်ကဲ့၊ ရှိပါတယ်။ သူနဲ့ဆက်သွယ်သူ အတော်များများက အင်္ဂလိပ်လူမျိုးတွေ ဖြစ်ပါတယ်။ အထူးသဖြင့် အင်္ဂလန်ပြည်က အထက်တန်းလွှာ လူ့အဖွဲ့အစည်းမှာ မာဒမ်ဂီဆယ်(လ်)ကို သိသူများပါတယ်"

"အထက်တန်းလွှာ လူ့အဖွဲ့အစည်းဆိုတာ ဘယ်လို လူတန်းစားမျိုးကို ဆိုလိုပါသလဲ"

"ဂုဏ်သရေရှိ လူတန်းစား ဆိုပါတော့။ သူတို့အနေနဲ့ ငွေချေးတဲ့ကိစ္စကို လူသိမှာ စိုးရိမ်တဲ့ လူတန်းစားဖြစ်ပါတယ်"

"သေသူ မာဒမ်ဂီဆယ်(လ်)ဟာ သူနဲ့ဆက်သွယ်သူတွေရဲ့ အကြောင်းကို လုံခြုံအောင် လျှို့ဝှက်ထားတတ်သလား"

"အထူးပဲ လျှို့ဝှက်ထားတတ်ပါတယ်"

"ခင်ဗျားအနေနဲ့ ဒီအမျိုးသမီး အလုပ်လုပ်ခဲ့တာတွေကို အတွင်းကျကျ သိပါသလား"

"မသိပါဘူး။ ကျွန်တော်က သူ့ရဲ့ တရားဥပဒေရေးရာ ရှေ့နေလုပ်ငန်းကိုသာ ဆောက်ရွက်ရပါတယ်။ သို့သော်လည်း အလုပ်လုပ်ရာမှာ အလွန်ခက်တဲ့ အမျိုးသမီးလို့ ဆိုနိုင်ပါတယ်။ လုပ်ငန်းမှန်သမျှကို အကွက်စေ့အောင် လုပ်နိုင်စွမ်းသူ ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအမျိုးသမီးက ငွေကြေးချမ်းသာကြွယ်ဝသူ တစ်ယောက်လား"

"အလွန် ချမ်းသာကြွယ်ဝသူ တစ်ဦးဖြစ်ပါတယ်"

"သူမှာ ရန်သူတွေများ ရှိသလား"

"ကျွန်တော်သိသလောက် ရန်သူတွေ မရှိပါဘူး"

ထိုသူနှင့် မေးခွန်းမေးခြင်းကို ရပ်လိုက်ပြီး ဒုတိယသက်သေအဖြစ် လေယာဉ်မောင် မစ်(ခ်)အား ခေါ်ယူစစ်ဆေးလေသည်။

"ခင်ဗျားနာမည်က မစ်(ခ်)၊ နေရပ်လိပ်စာက အမှတ်(၁၁)၊ ရှူဘ *လက်လမ်း၊ ဟုတ်ပါသလား"*

"မှန်ပါတယ်"

"ခင်ဗျားဟာ ယူနီဗာဆယ်လေကြောင်းကုမ္ပဏီက အမှုထမ်း တစ်ယောက် ဖြစ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား တာဝန်ထမ်းဆောင်ရတဲ့ လေယာဉ်မှာ ခင်ဗျားက အကြီးတန်း လေယာဉ်မောင် ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"လွန်ခဲ့တဲ့အင်္ဂါနေ့က ပြင်သစ်ပြည်၊ ပဲရစ်မြို့က လန်ဒန်မြို့ကို နေ့လယ်ဘက် ထွက်ခွာလာတဲ့ လေယာဉ်မှာ ခင်ဗျားဟာ တာဝန်ကျနေတယ်။ အဲဒီလေယာဉ်ပေါ်မှာ သေသူအမျိုးသမီးဟာလည်း ခရီးသည်တစ်ဦးအဖြစ် လိုက်ပါလာတယ်။ ဒီအမျိုးသမီးကို ခင်ဗျား အရင်က မြင်ဖူးပါသလား"

"လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်တော်ဟာ မနက်ပိုင်းလေယာဉ်ခရီးစဉ်မှာ တာဝန်ကျခဲ့ပါတယ်။ အဲဒီတုန်းက ဒီအမျိုးသမီးဟာ တစ်ကြိမ်နှစ်ကြိမ် ခရီးသွားတာကို မြင်ဖူးပါတယ်"

"အမျိုးသမီး နာမည်ကို သိသလား"

"နာမည်ကတော့ ခရီးသည်များစာရင်းမှာ ရှိမှာပါပဲ။ ကျွန်တော်က အထူးသတိထားပြီး မကြည့်မိပါဘူး"

"မာဒမ်ဂီဆယ်(လ်)ဆိုတဲ့ နာမည်ကို ကြားဖူးပါသလား"

"မကြားဖူးပါဘူး"

"လွန်ခဲ့တဲ့အင်္ဂါနေ့က လေယာဉ်ပေါ်မှာ ဖြစ်ပျက်ပုံကို ပြောပြစမ်းပါ"

"ကျွန်တော်ကိုယ်တိုင် ခရီးသည်တွေကို နေ့လယ်စာ တည်ခင်းကျွေးမွေးပြီး ကျသင့်ငွေတောင်းခံဖို့ ဘီလ်စာရွက်တွေ လိုက်ပေးချိန်မှာ အမျိုးသမီးက



...ပျော်နေပုံ ရပါတယ်။ ကျွန်တော်က လေယာဉ်ဆိုက်ခါနီး ငါးမိနစ်အလို ...က်ကျမှ နှိုးမယ်လို့ဆုံးဖြတ်ထားပါတယ်။ တကယ်တမ်း သူ့ကို သွားနှိုးကြည့် ...မှ အမျိုးသမီးဟာ သတိမေ့နေသလိုလို၊ သေနေသလိုလို ဖြစ်နေပါတယ်။ ...ယာဉ်ပေါ်မှာ ဆရာဝန်တစ်ဦးလည်း ပါလာပါတယ်"

"ဒါကို ကျုပ်တို့သိပါတယ်။ ဆရာဝန် ဒေါက်တာဘရိုင်ယန်ကို ကျုပ် ...သန့် စစ်ချက်ယူပါ့မယ်။ လောလောဆယ် ဟောဒီပစ္စည်းကို ကြည့်စမ်းပါ"

ဤနေရာတွင် မစ်(ခ်)အား လေမှုတ်ပိုက်ကို ပြလေသည်။

"ဒီပစ္စည်းကို ခင်ဗျား မြင်ဖူးပါသလား"

"မမြင်ဖူးပါဘူး"

"ဒီပစ္စည်းကို ခရီးသည်တစ်ဦးဦးရဲ့လက်မှာ မမြင်ဖူးတာ သေချာရဲ့ ...လား"

"သေချာပါတယ်။ မမြင်ဖူးပါဘူး"

ဤတွင် မစ်(ခ်)အား မေးမြန်းခြင်း ပြီးဆုံးသွားသဖြင့် လက်ထောက် လေယာဉ်မောင် ဒေးဗစ်အား ခေါ်ယူစစ်ဆေးလေသည်။

"ခင်ဗျားနာမည်က ဒေးဗစ်။ ယူနီဗာဆယ်လေကြောင်းကုမ္ပဏီက အမှုထမ်းဖြစ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"လွန်ခဲ့တဲ့ အင်္ဂါနေ့က ပြင်သစ်ပြည်က လန်ဒန်မြို့ကို ထွက်ခွာလာတဲ့လေယာဉ်မှာ ခင်ဗျားဟာ လက်ထောက်လေယာဉ်မောင်အဖြစ် တာဝန်ကျခဲ့တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"လေယာဉ်ပေါ်က မှုခင်းဖြစ်ပွားတာကို ခင်ဗျားက ဘယ်လို စတင်သိခဲ့ပါသလဲ"

"ဟုတ်ကဲ့။ အကြီးတန်းလေယာဉ်မောင် မစ်(ခ်)က ကျွန်တော့်ဆီကို လာပြီး ခရီးသည်တစ်ဦး တစ်စုံတစ်ခု ဖြစ်နေပြီလို့ ပြောပါတယ်"

"ဟောဒီပစ္စည်းကို မြင်ဖူးပါသလား"

ထိုမေးခွန်းကို မေးရင်း လေမှုတ်ပိုက်ကိုပြရာ ဒေးဗစ်က...

"မမြင်ဖူးပါဘူး"

ဟု ပြန်ဖြေလေသည်။

"ခရီးသည် တစ်ဦးဦးလက်မှာ ဒီပစ္စည်းကို မမြင်မိဘူးလား"

"မမြင်မိပါဘူး ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စနဲ့ပတ်သက်လို့သဲလွန်စရလောက်အောင် ခရီးစဉ် တစ်လျှောက် တစ်စုံ တစ်ခု သတိပြုမိခဲ့သလား"

"သတိမပြုမိပါဘူး"

"ကောင်းပါပြီ။ မေးစရာဒါပါပဲ"

ထို့နောက် ဆရာဝန် ဒေါက်တာဘရိုင်ယန်အား ခေါ်ယူစစ်ဆေးလေသည်။

"ဒေါက်တာဘရိုင်ယန်၊ ခင်ဗျား လွန်ခဲ့တဲ့အင်္ဂါနေ့က လေယာဉ်ခရီးနဲ့ လာစဉ် ဘာဖြစ်ခဲ့တယ်ဆိုတာ ပြောပြစမ်းပါ"

"လန်ဒန်မြို့ရဲ့ ခရိုင်ဒန်လေဆိပ်ကို ရောက်ခါနီးမှာ အကြီးတန်း လေယာဉ်မောင်က ကျွန်တော့်ဆီကိုလာပြီး ဆရာဝန်ဟုတ်ပါသလားလို့ မေးပါတယ်။ ကျွန်တော်က ဟုတ်ကြောင်းပြောလိုက်တော့ လေယာဉ်မောင်က ခရီးသည်တစ်ဦး နာမကျန်းဖြစ်နေတယ်လို့ လာပြောတယ်။ ကျွန်တော်လည်း သူတို့နဲ့အတူ လိုက်သွားပြီး ကြည့်ပါတယ်။ ခရီးသည်အမျိုးသမီးဟာ ထိုင်ခုံမှာ ခေါင်းငိုက်စိုက်ကျနေပါတယ်။ အမှန်တော့ သူဟာ ခပ်စောစောကတည်းက သေဆုံး နေပြီဖြစ်ပါတယ်"

"ဘယ်အချိန်လောက်က သေတယ်လို့ယူဆပါသလဲ"

"ကျွန်တော်မရောက်မီ နာရီဝက်က တစ်နာရီအတွင်းမှာ သေတယ်လို့ ခန့်မှန်းပါတယ်"

"သေဆုံးရတဲ့အကြောင်းနဲ့ပတ်သက်လို့ ဘယ်လိုထင်ပါသလဲ"

"ဒါတော့ အသေးစိတ်မစစ်ဆေးရဘဲနဲ့ ပြောနိုင်ဖို့ခဲယဉ်းပါတယ်"

"ဒါပေမဲ့ သေသူရဲ့လည်ပင်းမှာ ဒဏ်ရာငယ်တစ်ခု သတိပြုမိတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သတိပြုမိပါတယ်"

"ကျေးဇူးတင်ပါတယ်ဒေါက်တာ။ မေးစရာက ဒါလောက်ပါပဲ"

ထိုသူနှင့် ဒေါက်တာဘရိုင်ယန်အား မေးမြန်းခြင်း ပြီးဆုံးသွားပြီး ရဲတပ်ဖွဲ့ မှူးခင်းဆရာဝန် ဒေါက်တာ ဝီဆလာဆိုသူအား ခေါ်ယူစစ်ဆေးပြန်သည်။

"ခင်ဗျားဟာ လေဆိပ်ရှိတဲ့ ဒေသက ရဲတပ်ဖွဲ့ မှူးခင်းဘက်ဆိုင်ရာ ဆရာဝန်မဟုတ်ပါလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျားသိသလောက် ထွက်ချက်ပေးစေချင်ပါတယ်"



"လွန်ခဲ့တဲ့ အင်္ဂါနေ့ မွန်းလွဲသုံးနာရီလောက်က ကျွန်တော့်ကို ခရိုင်ဒန်လေဆိပ်ကို အရေးတကြီးလာဖို့ ခေါ်တာနဲ့ သွားခဲ့ရပါတယ်။ ဟိုရောက်တော့ လေယာဉ်ခရီးသည် အမျိုးသမီးတစ်ဦးရဲ့အလောင်းကို ပြပါတယ်။ ဒီ မိန်းမဟာ သေဆုံးနေတာ တစ်နာရီလောက်ရှိပြီလို့ ခန့်မှန်းပါတယ်။ အမျိုးသမီးရဲ့လည်ပင်းမှာ ဒဏ်ရာငယ်တစ်ခု တွေ့ရပါတယ်။ ဒဏ်ရာက သွေးကြောတည့်တည့်မှာ ဖြစ်ပါတယ်။ ဒဏ်ရာဖြစ်ရတဲ့အကြောင်းက ပိတုန်းတစ်ကောင် ကိုက်လို့ဖြစ်စေ၊ ကျွန်ုပ်ကိုပြတဲ့ ဆူးငယ်နဲ့ဖြစ်စေ ထိလို့ဖြစ်နိုင်ပါတယ်။ နောက်တော့ သူ့အလောင်းကို ဆေးရုံက ရင်ခွဲရုံကို ပြောင်းရွှေ့လိုက်တော့ ကျွန်တော်က အသေးစိတ် စစ်ဆေးကြည့်ပါတယ်"

"စစ်ဆေးကြည့်တော့ ဘယ်လိုသုံးသပ်မိပါသလဲ"

"အမျိုးသမီးဟာ ပြင်းထန်တဲ့အဆိပ်တစ်မျိုးသင့်လို့ သေရတယ်လို့ ယူဆပါတယ်"

"အဆိပ်က ကျွန်တော့်အနေနဲ့ တစ်ခါမှမတွေ့ကြုံဖူးတဲ့ အဆိပ်မျိုး ဖြစ်ပါတယ်"

ဤတွင် ရုံးသို့လာရောက်နားထောင်သူ သတင်းထောက်များက မှတ်စုစာအုပ်များတွင် ဆရာဝန်၏ထွက်ချက်ကို ရေးမှတ်နေကြသည်။

"ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်။ နောက်သက်သေအဖြစ် မစ္စတာဝင်တာခပွန်းကြွပါ"

မစ္စတာဝင်တာခပွန်းဆိုသူမှာ ဝဝဖိုင့်ဖိုင့်လူတစ်ယောက် ဖြစ်သည်။ ဗြိတိသျှအစိုးရ သုတေသနဓာတ်ခွဲဌာနမှ အရာရှိတစ်ဦး ဖြစ်သည့်အပြင် အဆိပ်များနှင့်ပတ်သက်၍ ကျွမ်းကျင်သူ ပါရဂူတစ်ဦးလည်း ဖြစ်သည်။

သူ့အား လေယာဉ်ပေါ်မှတွေ့ရသော အဆိပ်လူး ဆူးငယ်ကိုပြပြီး မှတ်မိပါသလားဟုမေးရာ မစ္စတာဝင်တာခပွန်းက...

"မှတ်မိပါတယ်။ ဒီဆူးငယ်ကို ကျွန်တော့်ဆီပို့ပြီး ဓာတ်ခွဲစစ်ကြည့်ခိုင်းပါတယ်"

"စစ်ကြည့်တော့ ဘယ်လိုတွေ့ရပါသလဲ"

"ဟုတ်ကဲ့၊ ဒီဆူးမြားငယ်မှာ ကျူရာရေလို့ခေါ်တဲ့ အဆိပ်တစ်မျိုး စိမ်ထားပါတယ်။ အဆိပ်က တိုင်းရင်းသားလူမျိုးစုတချို့ အသုံးပြုလေ့ရှိတဲ့ အဆိပ်မျိုးဖြစ်ပါတယ်"

ထိုအချက်ကို သတင်းထောက်များက ဂရုစိုက်၍ ရေးမှတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အမျိုးသမီး သေဆုံးရတာဟာ ကျူရာရေအဆိပ်ကြောင့်ပဲ လို့ ယူဆပါသလား"

"ဒီလိုလည်း ပြောလို့မရပါဘူး"

"ကျွန်တော် ခွဲစိတ်ခွဲစစ်ဆေးကြည့်ချက်အရ ဆူးမြားငယ်မှာ မူလက ကျူရာရေအဆိပ်နဲ့ စိမ်ထားပေမဲ့ နောက်ပိုင်းမှာ နောက်ထပ်အဆိပ်တစ်မျိုး ထည့်ထားပါသေးတယ်။ အဲဒီအဆိပ်က 'ဘွန်ဆလိုင်း'လို့ခေါ်တဲ့ မြွေဆိပ်တစ်မျိုး ဖြစ်ပါတယ်"

"အဲဒီမြွေဆိပ်အကြောင်းကို ရှင်းပြစမ်းပါ"

"ဟုတ်ကဲ့၊ ဘွန်ဆလိုင်းဆိုတာ တောင်အာဖရိကဒေသတချို့မှာ ရှိတတ်တဲ့ မြွေတစ်မျိုးဖြစ်ပါတယ်။ မြွေအားလုံးအနက် အဆိပ်အပြင်းဆုံးမြွေမျိုး ဖြစ်ပါတယ်။ ဒီအဆိပ်ဟာ လူတွေသင့်ရင် ဘယ်လိုဆိုတာ မစမ်းသပ်ဘူးပေမဲ့ အဲဒီမြွေဆိပ်ကို ခွေးတစ်ကောင်ကို ဆေးထိုးအပ်နဲ့ ထိုးစမ်းကြည့်တော့ ခွေးဟာ အပ်မနုတ်မီမှာပဲ သေဆုံးသွားပါတယ်။ တောခွေးတစ်ကောင်ကို ထိုးကြည့်တော့လည်း သေနတ်နဲ့ပစ်သတ်သလို ချက်ချင်းသေသွားပါတယ်။ အဆိပ်ရဲ့ သတ္တိက ခန္ဓာကိုယ်အတွင်းက သွေးကြောတွေပြတ်ပြီး နှလုံးဟာလည်း ချက်ချင်း ရပ်တန့်သွားနိုင်ပါတယ်"

"ဒီအဆိပ်မျိုးနဲ့ လူကိုခပ်သတ်တာမျိုး ကြုံဖူးပါသလား"

"မကြုံဖူးပါဘူး။ ဒါကြောင့်လည်း ကျွန်တော်က ဒီအမှုကို စိတ်ဝင်စား မိပါတယ်"

"ကောင်းပါပြီ။ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်"

နောက်ထပ်သက်သေအဖြစ် ထွက်ဆိုအစစ်ခံသူမှာ ရဲစုံထောက် ရဲကြပ်ကြီး ဝီ(လ်)ဆင်ဆိုသူ ဖြစ်သည်။ ဝီ(လ်)ဆင်က လေမှုတ်ပိုက်ကို လေယာဉ် ထိုင်ခုံတစ်ခု၏နောက်တွင် တွေ့ရကြောင်း၊ စစ်ကြည့်သောအခါ လက်ဗွေ ပုံစံ မတွေ့ရကြောင်း၊ လေမှုတ်ပိုက်နှင့် ဆူးမြားငယ်ကို လက်တွေ့ စမ်းသပ် ကြည့်ရာ ဆယ်ကိုက်ခန့်မှနေ၍ မှုတ်လိုက်လျှင် ပစ်မှတ်ကို ထိမှန်နိုင်ပုံကို သိရှိရကြောင်း စသည်ဖြင့် ထွက်ဆိုသွားလေသည်။

ထိုသူအစစ်ခံပြီးနောက် စုံထောက်ဟာကြူလီက သက်သေအဖြစ် ထွက်ဆိုရလေသည်။

သို့ရာတွင် သူ၏ထွက်ချက်တွင် ထူးထူးခြားခြား အချက်အလက် တစ်စုံတစ်ရာ မပါရှိချေ။ စုံထောက်ဟာကြူလီက လေယာဉ် ခရီးစဉ် တစ်လျှောက် မသက်ာဖွယ်ရာ တစ်စုံတစ်ခုမှ သတိမပြုမိကြောင်း၊ အဆိပ်လူး မြား ငယ်ကိုမူ သူကိုယ်တိုင် လေယာဉ်ကြမ်းပြင်တစ်နေရာ၌ တွေ့ရှိခဲ့ကြောင်း၊ ယင်း ဆူးမြားငယ်သည် သေသူအမျိုးသမီး၏လည်ပင်းမှ ကျနေခြင်းဖြစ်မည်ဟု ယူဆရကြောင်း စသည်ဖြင့် ထွက်ဆိုသွားလေသည်။



ထို့နောက် လေဒီဟော်ဘူရီက သက်သေအဖြစ် အစစ်ခံရလေသည်။

ထိုအမျိုးသမီးအား သတင်းထောက်များက အထူးစိတ်ဝင်စားကြ သဖြင့် အထက်တန်းလွှာ အမျိုးသမီးတစ်ဦး လေယာဉ်ပေါ်မှ လူသတ်မှုတွင် လာရောက်သက်သေထွက်ခြင်း စသည်ဖြင့် ရေးမှတ်ကာ အမျိုးသမီး ဝတ်စား ဆင်ယင်ပုံများကို အသေးစိတ် ရေးသားဖော်ပြကြလေသည်။

သို့သော် လေဒီဟော်ဘူရီ၏ ထွက်ချက်မှာ လူသတ်တရားခံ ပေါ် ပေါက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အချက်အလက်တစ်စုံတစ်ရာ မပါရှိချေ။

ထို့နောက် လေဒီရာကားအမည်ရှိ အမျိုးသမီးက ဆက်လက်အစစ်ခံ ရာ သူမ၏ထွက်ချက်မှာလည်း စိတ်ဝင်စားဖွယ် အချက်အလက် မပါရှိ သလောက်ဖြစ်နေလေသည်။

ဆက်လက်၍ မစ္စတာရိုင်ဒါဆိုသူအား ခေါ်ယူစစ်ဆေးလေသည်။

"ခင်ဗျားနာမည်က မစ္စတာရိုင်ဒါ၊ နေရပ်လိပ်စာက လန်ဒန်မြို့ အမှတ် (၁၇)၊ ဘလိန်ဘယ်ရီလမ်း မဟုတ်ပါလား"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့ အလုပ်အကိုင်ကရော..."

"ကျွန်တော်က ဘာလီဘီလပ်မြေကုမ္ပဏီက ဦးဆောင်ညွှန်ကြားရေး မှူး ဖြစ်ပါတယ်"

"ဟောဒီ လေမှုတ်ပိုက်ကို ကြည့်စမ်းပါ။ အဲဒါကို ခင်ဗျား မြင်ဖူးပါ သလား"

"မမြင်ဖူးပါဘူး"

"လေယာဉ်ပေါ်မှာတုန်းက ဒီပစ္စည်းကို တစ်စုံတစ်ယောက်ကိုင်တာ ရော မမြင်မိဘူးလား"

"မမြင်ပါဘူး"

"လေယာဉ်ပေါ်မှာ ခင်ဗျားဟာ သေသူအမျိုးသမီးရဲ့ ရှေ့တည့်တည့် က ထိုင်ခုံအမှတ် (၄)မှာ ထိုင်လိုက်ခဲ့တယ် မဟုတ်လား"

"အဲဒီမှာထိုင်တော့ကော ဘာဖြစ်သလဲ"

"ရုံးမှာ ဒီလိုလေသံမျိုး မပြောပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ထိုင်ခုံအမှတ် (၄)မှာ ထိုင်နေတဲ့အတွက် လေယာဉ်ခရီးသည် အားလုံးလိုလိုကို မြင်နေရတယ် မဟုတ်လား"

"အားလုံးကို မမြင်ရပါဘူး။ ကျွန်တော့်ရှေ့က ထိုင်ခုံတွေမှာ ထိုင်နေသူတွေကို မမြင်ရပါဘူး။ ထိုင်ခုံတွေရဲ့ နောက်မှီက မြင့်နေတဲ့အတွက် ကွယ်နေပါတယ်"

"ဒါပေမဲ့ ခရီးသည်တစ်ယောက်ယောက်က ထိုင်ရာမှထပြီး စကြံတစ်နေရာရာက လေမှုတ်ပိုက်နဲ့ မှုတ်ဖို့ ချိန်တွယ်နေမယ်ဆိုရင်တော့ ခင်ဗျားက မြင်နိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ မြင်နိုင်ပါတယ်"

"အဲဒီလို တစ်စုံတစ်ယောက်ကထပြီး လေမှုတ်ပိုက်နဲ့ချိန်ရွယ်တာကိုရော မမြင်မိဘူးလား"

"မမြင်မိပါဘူး"

"ခင်ဗျားရဲ့ရှေ့မှာ ထိုင်နေသူ ခရီးသည်ထဲက တစ်ယောက်ယောက်က ထိုင်ရာက ထသွားတာရော မြင်မိသလား"

"ကျွန်တော့်ရဲ့ရှေ့က နှစ်ခုံကျော်မှာထိုင်နေသူ အမျိုးသားတစ်ဦးက ထိုင်ရာကထပြီး အိမ်သာခန်းကို သွားပါတယ်"

"အိမ်သာခန်းက သေဆုံးသူ အမျိုးသမီးရဲ့ ထိုင်ခုံဘက်မှာမဟုတ်ဘဲ မျက်နှာချင်းဆိုင်ဘက်မှာ ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီလူက အိမ်သာခန်းက ပြန်ထွက်လာတော့ ခင်ဗျားရှိရာဘက်ကို လျှောက်လာသေးလား"

"လျှောက်မလာဘူး။ သူ့ထိုင်ခုံရှိရာကိုပဲ လျှောက်ပြန်သွားပါတယ်"

"အဲဒီလူလက်မှာ ပစ္စည်းတစ်စုံတစ်ခု ကိုင်လာပါသလား"

"ဘာမှ မကိုင်ပါဘူး"

"ခင်ဗျား သေချာတယ်နော်"

"သေချာပါတယ်"

"တခြားခရီးသည်ထဲက ထိုင်ခုံက ထသွားတဲ့သူများ ရှိသေးသလား"

"ကျွန်တော့်ရှေ့တည့်တည့် ထိုင်ခုံကလူက ထပြီး လေယာဉ် နောက်ပိုင်းကို သွားပါတယ်"

ဤတွင် စာရေးဆရာ မစ္စတာကလင်စီကထ၍…

"ဒီအချက်ကို ကန့်ကွက်ပါတယ်။ ကျွန်တော် ထသွားတာက စောပိုင်းက ဖြစ်ပါတယ်။ တစ်နာရီလောက်က ဖြစ်ပါလိမ့်မယ်"



ဟု ပြောလေသည်။

သို့သော် ရုံးမင်းအဖြစ် စစ်ဆေးနေသူ ကိုရိုနာ အရာရှိက လက်မခံချေ၊

"ခင်ဗျား ပြန်ထိုင်နေလိုက်ပါ။ ခင်ဗျားအလှည့်ကျတော့ ပြောနိုင်ပါတယ်။ ကဲ… မစ္စတာရိုင်ဒါက ဆက်ပြီးပြောပါ။ ဒီလူရဲ့လက်မှာ တစ်စုံတစ်ခု မြင်ပါသလား"

"ဟုတ်ကဲ့၊ လက်မှာ ဖောင်တိန် ကိုင်ထားပါတယ်။ နောက်သူ ပြန်လာတော့ လက်မှာ လိမ္မော်ရောင်စာအုပ်တစ်အုပ် ကိုင်လာပါတယ်"

"ခင်ဗျား ထိုင်နေတဲ့ဘက်ကို ထလျှောက်လာတာ၊ ဒီလူတစ်ယောက်တည်းပဲလား၊ ခင်ဗျားကိုယ်တိုင်ကော ထိုင်ခုံက ထပြီးသွားပါသေးသလား"

"ကျွန်တော် တစ်ခေါက်ထပြီး အိမ်သာခန်းကိုသွားပါတယ်၊ အဲဒီအချိန်က ကျွန်တော့်လက်မှာ လေမှုတ်ပိုက်ကိုင်မထားပါဘူး"

"ခင်ဗျားပြောပုံက မထီမဲ့မြင် ပြောပုံမျိုးဖြစ်နေတယ်။ ကဲ… ဒါပဲ"

ထိုလူအပြီးတွင် သွားဘက်ဆိုင်ရာဆရာဝန် နော်မန်ဂေး(လ်)က သက်သေအဖြစ် ထွက်ဆိုလေသည်။ သို့ရာတွင်သူ၏ထွက်ချက်တွင် အရေးပါသော အချက်အလက် တစ်စုံတစ်ရာ မပါရှိချေ၊

နောက်ထပ်အစစ်ခံသူကား စာရေးဆရာ မစ္စတာကလင်စီ ဖြစ်သည်။ သူသည် မကျေမချမ်းဖြစ်သလို ဒေါသထွက်သလိုဟန် ဖြစ်နေသည်။

"ဟုတ်ပါတယ်။ ကျွန်တော်က လေမှုတ်ပိုက်တစ်ခု ဝယ်ယူခဲ့ပါတယ်။ ဒီနေ့လည်း အဲဒီလေမှုတ်ပိုက်ကို ကျွန်တော်ယူလာခဲ့တယ်၊ ဒါပေမဲ့ လူသတ်မှုကျူးလွန်ရာမှာ ကျွန်တော့်ရဲ့ လေမှုတ်ပိုက် အသုံးပြုခဲ့သယောင် ပြောတာကိုတော့ ကန့်ကွက်ပါတယ်။ ကျွန်တော့်ရဲ့ လေမှုတ်ပိုက်က ဟောဒီမှာ ခင်ဗျ"

ပြောပြောဆိုဆို မစ္စတာကလင်စီသည် လေမှုတ်ပိုက်တစ်ခုကို ထုတ်ပြလေသည်။

(သတင်းထောက်များသည် စိတ်ဝင်စားလာကြကာ မှတ်စုစာအုပ်များထဲ၌ ရုံးတော်၌ ဒုတိယလေမှုတ်ပိုက်တစ်ခု ပေါ်ပေါက်လာခြင်းဟု ရေးမှတ်ကြလေသည်။)

တရားသူကြီးအဖြစ် ဆောင်ရွက်သူ ကိုရိုနာအရာရှိသည် မစ္စတာကလင်စီအား ပြစ်တင်ဝေဖန်သည့် စကားများပြောလေသည်။ ဤမှု ပေါ်ပေါက် စစ်ဆေးခြင်းမှာ တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူရရန်သာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ မည်သူကမှ အတိအကျမစွပ်စွဲသေးဘဲ ငြင်းချက်ထုတ်ရန်မလို ကြောင်း စသည်ဖြင့်ပြောလေသည်။

ဆက်လက်၍ လေယာဉ်ခရီးစဉ်တစ်လျှောက် ဖြစ်ပျက်ပုံများကို မေးမြန်းရာ မစ္စတာကလင်စီက သူသည် ထူးခြားချက်တစ်စုံတစ်ရာ သတိမပြုမိကြောင်း သူသည်မိမိစိတ်ကူးနှင့် စဉ်းစားနေသဖြင့် လေမှုတ်ပိုက်နှင့် အဆိပ်လူးများပစ်လွှတ်နေလျှင် မြင်မိမည်မဟုတ်ကြောင်း ထွက်ဆိုလေသည်။

ထို့နောက် ဂျိန်းအမည်ရှိ မိန်းကလေးက အစစ်ခံရာတွင်လည်း ထူးခြားသည့် အချက်အလက် တစ်စုံတစ်ရာ ပေါ်ထွက်မလာချေ။

ဆက်လက်၍ ပြင်သစ်လူမျိုး သားအဖက သက်သေအဖြစ် ထွက်ချက်ပေးကြလေသည်။

ဖခင်ဖြစ်သူ မစ္စတာဒူပွန်က သူသည် လန်ဒန်မြို့သို့ လာခဲ့ရခြင်းမှာ အာရှနိုင်ငံများဆိုင်ရာ ရှေးဟောင်းသုတေသနပစ္စည်းများနှင့် ပတ်သက်၍ ဟောပြောပွဲတစ်ခုတွင် ဟောပြောရန်အတွက်ဖြစ်ကြောင်း၊ လေယာဉ်ခရီးစဉ်တစ်လျှောက်လုံး သူသည် သားဖြစ်သူနှင့် ရှေးဟောင်း သုတေသနပညာ အကြောင်း ဆွေးနွေးခဲ့သဖြင့် လမ်းခရီး၌ ထူးထူးခြားခြား ဘာမျှသတိမပြုမိကြောင်း၊ ခရီးသည် အမျိုးသမီးသေဆုံး၍ လူတွေလှုပ်လှုပ်ရှားရှား ဖြစ် လာတော့မှ မိမိက သိရကြောင်း စသည်ဖြင့် ထွက်ဆိုလေသည်။

ကိုရိုနာအရာရှိက မေးခွန်းများဆက်မေးလေသည်။

"ခင်ဗျားအနေနဲ့ သေသူအမျိုးသမီး မာရီမိုရီဆော့ ခေါ် မာဒမ်ဇီဆယ်(လ်)ကို သိပါသလား"

"မသိပါဘူး။ ကျွန်တော်က ဒီအမျိုးသမီးကို တစ်ခါမှ မမြင်ဖူးပါဘူး။ ဒါပေမဲ့ ဒီအမျိုးသမီးက ပြင်သစ်ပြည်၊ ပဲရစ်မြို့မှာ အလွန်ထင်ရှားသူ တစ်ယောက် မဟုတ်ပါလား"

"ကျွန်တော်တော့ မသိပါဘူး။ နောက်တစ်ချက်က အခုတလော ကျွန်တော်က ပဲရစ်မြို့မှာ မရှိတာကများပါတယ်"

"ခင်ဗျားဟာ မကြာသေးခင်ကမှ အရှေ့အလယ်ပိုင်းဒေသက ပြန်ရောက်လာတယ်လို့ သိရပါတယ်။ ဟုတ်ပါသလား"

"ဟုတ်ကဲ့။ ကျွန်တော်က ပါးရှားနိုင်ငံ (အီရန်)က ပြန်လာခဲ့ပါတယ်"

"ခင်ဗျားတို့သားအဖဟာ ကမ္ဘာအနှံ့အပြားကို ခရီးသွားခဲ့ဖူးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"



"အဲဒီလို ခင်ဗျားတို့က ဝေးလံခေါင်းပါးတဲ့ အရပ်ဒေသတွေကို ခရီးသွားရင်း မြွေဆိပ်လူးထားတဲ့ မြားလက်နက်အသုံးပြုသူ တိုင်းရင်းသားလူမျိုးစုများကို တွေ့ခဲ့ဖူးပါသလား"

(ထိုမေးခွန်းကို မစ္စတာဒူပွန်က ကောင်းစွာ နားမလည်သဖြင့် ပြင်သစ်ဘာသာဖြင့် ဘာသာပြန်ပြီးမေးရသည်။)

မစ္စတာဒူပွန်သည် မေးခွန်းအဓိပ္ပာယ်ကို နားလည်သောအခါ ခေါင်းခါပြလေသည်။

"အဲဒီလို တိုင်းရင်းသားလူမျိုးစုတွေကို တစ်ခါမှ မမြင်ဖူးပါဘူး"

ထိုသူနှင့်ပင် စစ်ဆေးမေးမြန်းမှု ပြီးဆုံးသွားရာ သူ၏သားက ဆက်လက်၍ အစစ်ခံလေသည်။

သူ၏ ထွက်ဆိုချက်မှာလည်း ထူးခြားသော အချက်အလက် တစ်စုံတစ်ရာ မပါရှိချေ။ လေယာဉ်ခရီးစဉ်တစ်လျှောက် မသင်္ကာဖွယ်ရာ တစ်စုံတစ်ခု သတိမပြုမိကြောင်း၊ သူ၏ထင်မြင်ချက်အရဆိုလျှင် သူကိုယ်တိုင်က ဝိတုန်းကောင်ကို ရိုက်သတ်လိုက်ရသဖြင့် သေသူအမျိုးသမီးသည် ပိတုန်း ကိုက်၍ အဆိပ်သင့်ပြီး သေဆုံးသွားသည်ဟု ထင်မြင်မိကြောင်း စသည်ဖြင့် ထွက်ဆိုသွားလေသည်။

ပြင်သစ်လူမျိုးသားအဖက ထွက်ချက်ပေးပြီးနောက် အခြားသက်သေများစစ်ရန် မကျန်တော့သဖြင့် ကိုရိုနာအရာရှိသည် ဂျူရီလူကြီးများအဖွဲ့အား ရည်ညွှန်း၍ စကားပြောလေသည်။

သူ၏ ပြောပြချက်အကျဉ်းချုပ်မှာ ယခုအမှုသည် မိမိတို့ရုံးအနေဖြင့် ကြုံဖူးထူးဆန်းလျက် အဖြေမှန်ကို ရှာဖွေရန် အလွန်ခက်သည့် အမှုတစ်ခု ဖြစ်ကြောင်း၊ ကာယကံရှင်အမျိုးသမီး သေဆုံးရခြင်းသည် မတော်တဆထိခိုက်ခြင်း ကိုယ့်ကိုယ်ကို သတ်သေခြင်း လုံးဝ မဖြစ်နိုင်သောကြောင့် လူသတ်မှုဖြစ်သည်မှာ ထင်ရှားကြောင်း...

သတ်ပုံကလည်း ကောင်းကင်တွင် ပျံသန်းနေသော လေယာဉ်ပျံပေါ်တွင် လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ လူသတ်တရားခံသည် လေယာဉ်ပေါ်တွင် လိုက်ပါလာသူ တစ်ဦးသာ ဖြစ်ရမည်ဟု ဆိုနိုင်ကြောင်း၊

ဤရုံးတွင် လာရောက်အစစ်ခံ ထွက်ချက်ပေးသွားသူ သက်သေ တစ်ဦးဦးသည် လူသတ်သမား ဖြစ်ရမည်ဟု ဆိုနိုင်ကြောင်း၊ တစ်နည်းအားဖြင့်ဆိုသော် သက်သေအဖြစ် ထွက်ချက်ပေးထားသူတစ်ဦးသည် မုသာလိမ်ထွက်ဆိုသွားခြင်းဖြစ်ရမည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ လူသတ်သမားသည်

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်တွင် ခရီးသည်တစ်ဦးအပြင် လေယာဉ်အမှုထမ်း (လေယာဉ်မောင်)များ ရှိလျက်နှင့်ပင် အဆိပ်လူးမြားကို လေမှုတ်ပိုက်ဖြင့် မှုတ်၍ သတ်ဖြတ်လိုက်ခြင်းဖြစ်ကြောင်း၊ အလွန်ရဲတင်းသော လုပ်ရပ်တစ်ခုဖြစ်ကြောင်း။

ယင်းလေမှုတ်ပိုက်ဖြင့် အဆိပ်လူးမြား ပစ်လွှတ်လိုက်သည်ကို မည်သူမှ မမြင်လိုက်ခြင်းသည်လည်း အလွန်ထူးဆန်းကြောင်း၊ သို့သော် လေမှုတ်ပိုက်ကို ရှာဖွေတွေ့ရှိခြင်း၊ အဆိပ်လူးမြားငယ်ကို လေယာဉ်ကြမ်းပြင် ပေါ်တွင်တွေ့ရခြင်း၊ သေသူအမျိုးသမီး၏ လည်ပင်းတွင် အဆိပ်လူးမြား ထိမှန်သည့်ဒဏ်ရာကို တွေ့ရခြင်း စသော အထောက်အထားများအရ ဤနည်းဖြင့်သာ သတ်ဖြတ်ရမည်ဖြစ်ကြောင်း...

ယင်းအချက်များအရ ဂျူရီလူကြီးများက မိမိတို့၏ ကောက်ချက်ချခြင်းကို တင်ပြသည့်အခါ ဤအမှုသည် လူသတ်မှုတစ်ခုဖြစ်လျက် အမည်မသိလူသတ်သမား၏ လက်ချက်ဟုသာ ဖော်ပြသင့်ကြောင်း စသည်ဖြင့် ပါရှိလေသည်။ ဂျူရီခေါ် ခုံလူကြီးများအနက် မေးရိုးကားကားနှင့် လူတစ်ယောက်က ထ၍ မေးခွန်းထုတ်လေသည်။

"လေမှုတ်ပိုက်ကို လူတစ်ယောက်ရဲ့ထိုင်ခုံနောက်မှာ တွေ့ရတယ်လို့ ဆိုပါတယ်။ အဲဒါ ဘယ်သူ့ရဲ့ထိုင်ခုံမှာ ဖြစ်ပါသလဲ"

"ဟုတ်ပါတယ်။ ခုံအမှတ် (၉)ရဲ့နောက်မှာ တွေ့ရတယ်လို့ ရဲမှတ်တမ်းမှာ ဖော်ပြထားပါတယ်။ အဲဒီခုံက မစ္စတာဟာကြူလီရဲ့ ထိုင်ခုံဖြစ်ပါတယ်။ မစ္စတာဟာကြူလီဆိုတာက ဗြိတိသျှစုံထောက်အဖွဲ့ကြီးကို မကြာခဏ ကူညီထောက်လှမ်းပေးခဲ့တဲ့ နာမည်ကျော် စုံထောက်ကြီး တစ်ဦး ဖြစ်ပါတယ်"

ကိုရိုနာအရာရှိက ဤသို့ ရှင်းပြသည်ကို ဂျူရီလူကြီးသည် ကျေနပ်ပုံမရဘဲ စုံထောက်ဟာကြူလီအား မယုံသင်္ကာဖြစ်ဟန်နှင့် လှမ်းကြည့်လေသည်။ သူ၏အမူအရာက ဟာကြူလီလို နိုင်ငံခြားသားများသည် စိတ်မချရဟု ဆိုလိုသည့် ဟန်မျိုးဖြစ်နေသည်။

"နောက်ပြီး အဆိပ်လူးမြားကိုတွေ့လို့ ကောက်ယူပေးတာ မစ္စတာဟာကြူလီပဲ မဟုတ်ပါလား"

"ဟုတ်ပါတယ်"

ထို့နောက် ဂျူရီလူကြီးများသည် အချင်းချင်း ညှိနှိုင်းတိုင်ပင်ရန် အခန်းတစ်ခန်းအတွင်းသို့ ခေတ္တဝင်သွားကြလေသည်။

သူတို့ပြန်ထွက်လာသောအခါ အမှုနှင့်ပတ်သက်၍ သူတို့၏သဘော



ကောက်ချက်ချပုံကို အောက်ပါအတိုင်း စာဖြင့်ရေးပြီး ကိုရိုနာအရာရှိထံသို့ ပေးအပ်လိုက်ကြသည်။

"သေဆုံးသူအမျိုးသမီးသည် အဆိပ်သင့်၍ သေဆုံးရခြင်းဖြစ်သည်။ သို့သော် မည်သူက အဆိပ်ခတ်သတ်ကြောင်း ခိုင်လုံသည့် အထောက်အထား မရှိချေ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဂျိန်းသည် ရုံးခန်းပြင်ပသို့ ထွက်လာသောအခါ သူမ၏ဘေးနားမှ နော်မန်ဂေး(လ်)ကလည်း လိုက်ပါလာသည်ကို တွေ့ရလေသည်။

"ဂျူရီလူကြီးတချို့က ဘာများ မကျေမနပ် ဖြစ်နေကြတာလဲ မသိဘူး"

နော်မန်ဂေး(လ်)က စတင်၍ စကားပြောလိုက်လျှင် သူတို့၏နောက်နားသို့ရောက်နေသော စုံထောက်ဟာကြူလီက...

"ဘယ်ကျေနပ်မလဲ။ ဂျူရီလူကြီးတွေက ကျုပ်ကပဲ လူသတ်မှု ကျူးလွန်တယ်လို့ သူတို့သဘောထားပေးချင်နေကြတာ"

ဟု ပြောလိုက်သည်။

ဂျိန်းသည် အလွန်အံ့အားသင့်သွားလျက်...

"ဟာ... ဟုတ်မယ်မထင်ပါဘူး"

ဟု ပြောလိုက်သော်လည်း စုံထောက် ဟာကြူလီက ပြုံးလိုက်သည်။

"ဟုတ်တယ်။ ကျုပ်ကိုယ်တိုင် ဂျူရီလူကြီးနှစ်ဦးအချင်းချင်း တီးတိုးပြောနေသံကို ကျုပ်ကိုယ်တိုင်ပဲ နားစွန်နားဖျား ကြားလိုက်ရတယ်။ နှုတ်ခမ်းမွေးကားကား နိုင်ငံခြားသားလူကြီး သတ်တာဖြစ်ရမယ်တဲ့။ ဒါကြောင့် ကျုပ်အနေနဲ့ အဲဒီသံသယရှင်းသွားအောင် ဒီအမှု အမှန်အတိုင်းပေါ်ပေါက်အောင် စုံစမ်းထောက်လှမ်းဖို့ တာဝန်ရှိနေပြီ"

ဤသို့ပြောပြီး စုံထောက်ဟာကြူလီသည် ထွက်သွားလေသည်။

နော်မန်ဂေး(လ်)က ဂျိန်းနှင့် စကားပြောနေလေသည်။

"ဒီလူကြီးက အံ့စရာပါပဲ။ သူ့ကိုယ်သူ စုံထောက်လို့လည်း ဆိုတယ်။ သူ့ပုံပန်းသဏ္ဌာန်က စုံထောက်နဲ့လည်း မတူဘူး။ ဒီပုံမျိုးနဲ့ရုပ်ဖျက်ပြီး ထောက်လှမ်းလို့လည်း ရမှာမဟုတ်ဘူး"



"ဟာ... ရှင်ကလည်း။ ခေတ်နောက်ကျနေပြီ။ သမားရိုးကျ စုံထောက်တွေကသာ ရုပ်ဖျက်ပြီး လိုက်စုံစမ်းထောက်လှမ်းကြတာ။ အခုခေတ်စုံထောက်တွေက ထိုင်ပြီး ဦးနှောက်ဉာဏ် အသုံးချရင်း စဉ်းစားကြတယ်ရှင့်"

ဂျိန်းက ပြန်ပြောလိုက်သည်။

"ဒါဖြင့် အခုခေတ်စုံထောက်တွေက သက်သာတာပေါ့"

"ခန္ဓာကိုယ် မပင်ပန်းတာပဲရှိတယ်။ အမှုတစ်မှုကို ပေါ်ပေါက်အောင် စဉ်းစားအဖြေရှာဖို့က ဦးနှောက်အလွန်ကောင်းဖို့ လိုအပ်တယ်ရှင့်"

"ဟုတ်လား... ဒီလိုဆိုတော့လည်း မလွယ်လှပါလား"

နော်မန်ဂေး(လ်)က ပြောဆိုပြီး နှစ်ယောက်သား ရယ်မောနေကြလေသည်။ ထို့နောက် နော်မန်ဂေး(လ်)သည် မရဲတရဲပြောဟန်ဖြင့် စကားဆက်ပြောလေသည်။

"ဒီမယ်၊ ဘယ်လိုမှ စိတ်မရှိနဲ့နော်။ အခုလို လူချင်းသိကျွမ်းမှတော့ မိတ်ဆွေအဖြစ် ခင်မင်လိုက်ပြီး လက်ဖက်ရည်သောက်ပါလား"

ဤသို့ ပြောလိုက်ပြီးမှ နော်မန်ဂေး(လ်)သည် စိတ်ထဲမှ သူ့ကိုယ်သူ အပြစ်တင်မိပြန်သည်။

မရဲတရဲပြောရခြင်းဖြစ်၍ စကားကို ထစ်ထစ်ငေါ့ငေါ့ပြောလိုက်ခြင်းကြောင့် မိန်းကလေးက အထင်သေးသွားတော့မှာပဲဟု သူ့ကိုယ်သူ ဝေဖန်မိသည်။

သို့ရာတွင် ဂျိန်းကပြုံး၍...

"ကောင်းသားပဲရှင့်။ ကျွန်မလည်း လက်ဖက်ရည် သောက်ချင်ပါတယ်" ဟု ပြန်ပြောရာ နော်မန်ဂေး(လ်)သည် ဝမ်းသာသွားမိတော့သည်။

ထို့နောက် သူတို့နှစ်ယောက်သည် နီးရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ သွားကြလေသည်။ ထိုအချိန်၌ ဆိုင်အတွင်း လူရှင်းနေသဖြင့် နှစ်ယောက်သား အေးအေးဆေးဆေးစွာထိုင်၍ လက်ဖက်ရည် မှာသောက်ကြလေသည်။

ဂျိန်းသည် နော်မန်ဂေး(လ်)အား သေချာစွာ အကဲခတ်ကြည့်ရင်း...

"ဒီလူက ရုပ်ရည်ချောသလောက် သဘောကောင်းပုံလည်းရတယ်"

ဟု စိတ်ထဲမှ မှတ်ချက်ချမိလေသည်။

"ဒီလူသတ်မှုဖြစ်တာ တော်တော်ဆိုးတာပဲ။ အလွန်လည်း[illegible]တယ်"

နော်မန်ဂေး(လ်)က ရှက်ကိုးရှက်ကန်းဖြစ်နေရာမှ [illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ရှင့်။ လူသတ်မှုဖြစ်တာ တကယ်ဆိုးတာပဲ။ ဒါနဲ့ ပတ်သက်ပြီး ကျွန်မရဲ့အလုပ်အကိုင်ပါ ထိခိုက်လာဦးမလား မပြောတတ်ဘူး"

"ဟုတ်လား"

"ဟုတ်တယ်ရှင့်။ ကျွန်မရဲ့အလုပ်ရှင်က လူသတ်မှုနဲ့ ပါဝင်ပတ်သက်နေသူဆိုရင် သူ့အလုပ်မှာ ထားချင်မှာ မဟုတ်ဘူး"

"ဒါတော့ ဘယ်တရားမလဲ"

နော်မန်ဂေး(လ်)က မခံချင်ဟန်ဖြင့် ပြောလိုက်သည်။

"အခုတော့ ကျွန်မက အလုပ်ပြုတ်သေးတာ မဟုတ်ဘူး။ တွေးပူပြီးသာ ပြောရတာပါ။ လူသတ်မှုနဲ့ ပတ်သက်လို့ လူတွေက တစ်မျိုးအယူအဆရှိကြတယ်လေ။ လူတစ်ယောက်ဟာ လူသတ်မှုတစ်ကြိမ်ကျူးလွန်ပြီးရင် နောက်ထပ်လူသတ်ဖို့ ဝန်မလေးဘူးလို့ ယူဆကြတယ်။ ကျွန်မ အလုပ်လုပ်တာက ဆံပင်အလှပြုပြင်တဲ့ဆိုင်ဖြစ်လေတော့ ကျွန်မကို လူသတ်သမားလို့ ထင်နေရင် ဆိုင်ကိုလာတဲ့ အမျိုးသမီးတွေအနေနဲ့ ကျွန်မက သူတို့ဆံပင်ပြုပြင်ပေးတာကို ဘယ်ခံချင်ပါ့မလဲ"

"ဟာ... မဖြစ်နိုင်တာတဲ။ မင်းရဲ့အင်္ဂါရုပ်ကို ကြည့်တာနဲ့ မင်းဟာ လူသတ်သမား မဟုတ်ဘူးဆိုတာ သိသာထင်ရှားပါတယ်"

နော်မန်ဂေး(လ်)က ဂျိန်း၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ရင်း စိတ်အားထက်သန်စွာ ပြောလိုက်သည်။

ဂျိန်းကမူ ရယ်မောလိုက်သည်။

"အဲဒီလို ပုံသေပြောလို့မရဘူးရှင့်။ တစ်ခါတစ်ခါ ကျွန်မကိုယ်တိုင်က ဆိုင်ကိုလာတဲ့ အမျိုးသမီးတချို့ကို သတ်ပစ်ချင်စိတ်ပေါက်မိတယ်။ မိန်းမကြီးတစ်ယောက်ဆိုရင် စကားများလွန်းလို့ အလွန်မုန်းစရာကောင်းတယ်"

"ဘာပဲဖြစ်ဖြစ်ကွာ။ အခုလေယာဉ်ပေါ်က လူသတ်မှုကိုတော့ မင်းကျူးလွန်တာ မဟုတ်ဘူးလို့ ငါက ရဲရဲကြီးပြောဝံ့တယ်"

"ကျွန်မကလည်း ရှင်ဟာ လူသတ်တရားခံ မဟုတ်ဘူးဆိုတာ ပြောဝံ့ပါတယ်။ ဒါပေမဲ့ ရှင်က သွားဘက်ဆရာဝန်ဆိုတော့ လူနာတွေ ရှင့်ကို လူသတ်သမားတစ်ယောက်လို့ ထင်နေရင် သိပ်မဟန်ဘူးပေါ့"

"အေး၊ မင်းပြောမှသိရတယ်။ သွားဘက်ဆိုင်ရာဆရာဝန်ဆိုတာ တယ်ပြီးသိက္ခာရှိတာလည်း မဟုတ်ဘူး။ ဆေးကုတဲ့ ဆရာဝန်တွေကိုမှ လူတွေက အထင်ကြီးကြတယ်"



"ဒီလိုလည်းမပြောပါနဲ့ရှင်။ ကျွန်မလို ဆံပင်အလှပြင်ဆိုင်က အလုပ်သမားထက်စာရင် သွားဘက်ဆိုင်ရာ ဆရာဝန်က အများကြီး ဂုဏ်ရှိပါသေးတယ်"

ဤတွင် နှစ်ယောက်သား ရယ်မောလိုက်ကြပြီးနောက် နော်မန်ဂေး(လ်)က...

"ဒါဖြင့်၊ မင်းနဲ့ငါနဲ့က မိတ်ဆွေအဖြစ် ဆက်ဆံသွားလို့ဖြစ်ပြီပေါ့"

ဟု ပြောလိုက်သည်။

"ဟုတ်တာပေါ့ရှင့်"

"တစ်နေ့လောက် ညစာအတူစားပြီး ပွဲတစ်ခုခုသွားကြည့်ဖို့ မင်းကို ဖိတ်ချင်တယ်"

"ကျေးဇူးတင်ပါတယ်"

"ဒါထက် ပြင်သစ်ပြည်မှာတုန်းက လီပီနေအရပ်ကို သွားလည်တာ ပျော်ရဲ့လား"

"ပျော်ပါတယ်ရှင့်"

ဂျိန်းကပင်ဆက်၍ သူမသည် ကံစမ်းမဲထီထိုးရာ၌ ထီပေါက်ခဲ့ကြောင်းကိုပါ ပြောပြလေသည်။

အိုင်ယာလန်ထီထိုး၍ ထီပေါက်သောကြောင့် ရရှိသည့်ထီဆုငွေများနှင့် သူမသည် ပြင်သစ်ပြည်သို့ အလည်အပတ်ခရီး ထွက်နိုင်ခဲ့ပုံကိုပါ ပြန်ပြောလိုက်သည်။

နှစ်ယောက်သား စကားလက်ဆုံကျနေစဉ် အညိုရောင်ဝတ်စုံဝတ်ထားသူ လူငယ်တစ်ဦး ချဉ်းကပ်လာပြီး ဂျိန်းအား စကားပြောလေသည်။

"မစ္စဂျိန်းဆိုတာ မဟုတ်ပါလား"

"ဟုတ်ကဲ့ရှင့်"

"ကျွန်တော်က အပတ်စဉ်ထုတ် ဝိကလီးတောင်းဂျာနယ်ကပါ။ လေယာဉ်ပေါ်က လူသတ်မှုနဲ့ပတ်သက်ပြီး ပရိသတ်စိတ်ဝင်စားစရာ ဆောင်းပါး တစ်ပုဒ်လိုချင်ပါတယ်။ ဒီတော့ ခင်ဗျားက လေယာဉ်ပေါ်ပါလာတဲ့ ခရီးသည် တစ်ဦးအနေနဲ့ အတွေ့အကြုံနဲ့ ထင်မြင်ချက်ကို ထုတ်ဖော်ပြောပြမယ်ဆို ရင် လိုချင်ပါတယ်"

"ဟာ... မဖြစ်နိုင်ပါဘူးရှင်။ အခုလို လာချဉ်းကပ်တောင်းဆိုတာကိုတော့ ကျေးဇူးတင်ပါတယ်"

"ဒီလိုမပြောပါနဲ့လေ။ ကျွန်တော်တို့ဂျာနယ်က ဆောင်းပါးအတွက်

www.burmeseclassic.com

www.burmeseclassic.com



စာမူခလည်း ပေးပါ့မယ်"

"စာမူခငွေက ဘယ်လောက်ပေးမှာလဲ"

"စတာလင်ပေါင် အနည်းဆုံး ငါးဆယ်ခြောက်ဆယ်လောက်တော့ ပေးမှာပါ"

"မဖြစ်ဘူးရှင်။ ကျွန်မက ဘယ်လိုရေးရမှန်းလည်း သိတာမဟုတ်ဘူး"

"ဒါက လွယ်ပါတယ်ခင်ဗျ။ ခင်ဗျားကိုယ်တိုင် ဆောင်းပါးရေးဖို့လည်း မလိုဘူး။ ကျွန်တော်တို့ဆီက လူတစ်ယောက်က ခင်ဗျားနဲ့ တွေ့ဆုံမေးမြန်းပြီး ခင်ဗျားပြောပြတဲ့ အချက်တွေကို သူ့ဟာသူ ဆောင်းပါးဖြစ်အောင် ရေးမှာပါ။ လွယ်ပါတယ်ဗျာ"

"ဟင့်အင်း... ကျွန်မ စိတ်မဝင်စားပါဘူးရှင်"

"ဒါဖြင့် စာမူခငွေ ပေါင်တစ်ရာ ပေးပါ့မယ်။ ခင်ဗျားရဲ့ဓာတ်ပုံတစ်ပုံသာ သုံးခွင့်ပြုပါ"

"တော်ပါပြီရှင်၊ ကျွန်မ စိတ်မဝင်စားဘူး"

ဂျိန်းက ဤသို့ ထပ်မံငြင်းလိုက်သည်တွင် နော်မန်ဂေး(လ်)က ဝင်၍...

"ကိုင်း မစ္စတာဂျိန်းက စိတ်မဝင်စားပါဘူးလို့ ပြတ်ပြတ်သားသားပြောနေမှတော့ ခင်ဗျားက လက်လျှော့ပြီး ပြန်သွားဖို့ပဲ ရှိပါတယ်"

ဟု ပြောလိုက်သည်။

သတင်းထောက်လူငယ်သည် နော်မန်ဂေး(လ်)ဘက်သို့လှည့်၍ စည်းရုံးပြန်သည်။

"ခင်ဗျားက လေယာဉ်ပေါ် ပါလာတဲ့ ခရီးသည်တစ်ဦး မဟုတ်လား။ ခင်ဗျားဟာ မစ္စတာနော်မန်ဂေး(လ်)ဖြစ်ရမယ်။ ဒီမယ် မစ္စဂျိန်းက စိတ်မဝင်စားဘူးဆိုရင် ခင်ဗျားကပဲ ကျွန်တော်တို့ဂျာနယ်အတွက် ဆောင်းပါးတစ်ပုဒ် ရေးပေးပါ။ စာမူခကိုလည်း စောစောက ကျွန်တော်ပြောခဲ့တဲ့ နှုန်းအတိုင်း ပေးပါ့မယ်"

"စာမူခလည်း မလိုချင်ဘူး။ ဆောင်းပါးလည်း ရေးမပေးနိုင်ဘူး"

နော်မန်ဂေး(လ်)ကလည်း ငြင်းလိုက်ပြန်သည်။

"စဉ်းစားပါဦးဗျာ။ ခင်ဗျားတို့အတွက် အကျိုးရှိမှာပါ။ ခင်ဗျားဆီမှာ လာပြီးကုသတဲ့ လူနာတွေက ဆောင်းပါးဖတ်ရပြီး ခင်ဗျားနာမည်ကြီးလာမှာ သေချာပါတယ်"

"အဲဒါမျိုးကို ကျုပ်က မလိုချင်ဘူးဗျ"



"ဒီလိုရှိတယ်ခင်ဗျ။ အခုခေတ်မှာက နာမည်ကြီး လူသိများဖို့က အထူးလိုအပ်တယ်။ စာနယ်ဇင်းတွေမှာ ကိုယ့်နာမည်ပါလာရင် ကြော်ငြာ ...င်မျိုးဖြစ်ပြီး လူသိများလာနိုင်တယ်"

"လူသိများတိုင်းလည်း ကောင်းတာမဟုတ်ဘူး။ ကျုပ်ဆီမှာ သွားရောက်ကုသနေတဲ့ လူနာတွေက သတင်းစာ မဖတ်မိပါစေနဲ့လို့တောင် မျှော်လင့်ပါတယ်။ ဖတ်မိရင်တော့ ကျုပ်ဟာ လေယာဉ်ပေါ်က လူသတ်မှု ဖြစ်ပွားရာမှာ ပါဝင်ပတ်သက်နေတယ်လို့ အထင်မှားကြမှာ ကျုပ်က စိုးရိမ်မိတယ်။ ကိုင်း ကျုပ်တို့သဘောထားကို သိရပြီမဟုတ်လား။ ခင်ဗျား ထွက်သွားရင် ကောင်းမယ်။ ဒါမှမဟုတ် ကျုပ်က အတင်းမောင်းထုတ်ရမှာလား"

နော်မန်ဂေး(လ်)က ခပ်တည်တည်ပြောလိုက်ရာ သတင်းထောက်လူငယ်သည် ပျာပျာသလဲဖြစ်သွားလျက်...

"စိတ်ဆိုးစရာ မလိုပါဘူးဗျ။ ခင်ဗျားစိတ်ပြောင်းပြီး ဆောင်းပါးရေးဖို့ ဆုံးဖြတ်လိုက်ရင် ကျွန်တော့်ကို တယ်လီဖုန်းဆက်လိုက်ပါ။ဟောဒီမှာ ကျွန်တော့်လိပ်စာ"

ဟု ပြောပြောဆိုဆို လိပ်စာကတ်ပြားတစ်ခု ထုတ်ပေးပြီး လျင်မြန်သွက်လက်စွာ ဆိုင်တွင်းမှ ပြန်ထွက်သွားလေသည်။

(အမှန်က သတင်းထောက်လူငယ်သည် အလွန်လျင်မြန်အကင်းပါးသူဖြစ်၍ ဆောင်းပါးတောင်းချင်သယောင်ပြောရင်း ဂျိန်းနှင့် နော်မန်ဂေး(လ်)တို့အား တွေ့ဆုံမေးမြန်းကာ နောက်တစ်ပတ်ထုတ် ဂျာနယ်တွင် လေယာဉ်ပေါ်မှ လူသတ်မှုမှ သက်သေနှစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခန်း...ဟူသော ဆောင်းပါးတစ်ပုဒ် သူကိုယ်တိုင် ရေးသားလိုက်လေသည်။)

သတင်းထောက်လူငယ် ထွက်သွားချိန်တွင် ဂျိန်းက...

"ဒီလူက တခြားအရေးပါတဲ့ သက်သေတွေဆီမသွားဘဲ ဘာကြောင့် ကျွန်မတို့ကိုမှ လာချဉ်းကပ်တာလဲ မသိဘူးနော်"

ဟု ပြောလိုက်သည်။

"ဒါတော့ သူ့ထက်တော်တဲ့ သတင်းထောက်တွေက လုပ်မှာပေါ့"

ဤသို့ပြောလိုက်ပြီးမှ နော်မန်ဂေး(လ်)သည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်သည်။

"ဒီမယ် ဂျိန်း၊ လေယာဉ်ပေါ်မှာ မာဒမ်ဂီဆယ်(လ်)ဆိုတဲ့ အမျိုးသမီးကို ဘယ်သူက သတ်တယ်လို့ ထင်သလဲ"

"ကျွန်မတော့ လုံးဝမပြောတတ်ဘူးရှင်"

www.burmeseclassic.com



"မင်းက လူသတ်မှုအကြောင်း သေသေချာချာ စဉ်းစားကြည့်လို့လား"

"သေသေချာချာတော့ မစဉ်းစားမိပါဘူး။ ကျွန်မနဲ့ ပတ်သက်တဲ့အပိုင်းကိုသာ စဉ်းစားနေတာနဲ့ လူသတ်မှုအကြောင်းကို သေသေချာချာ မစဉ်းစားမိပါဘူး။ အခုမှ ပြန်တွေးကြည့်တော့ လူသတ်မှုကျူးလွန်သူဟာ ကျွန်မအပါအဝင် ခရီးသည်တစ်ဦးဦးဖြစ်ရမယ်လို့ စဉ်းစားမိတယ်ရှင့်"

"ဟုတ်ပါတယ်၊ ပဏာမ စစ်ဆေးတဲ့ ကိုရိုနာအရာရှိကလည်း ဒီလိုပဲ ခပ်ရှင်းရှင်းပြောတယ်။ တစ်ခု သေချာတာက လူသတ်တရားခံဟာ မင်းလည်း မဟုတ်ဘူး။ ငါလည်း မဟုတ်ဘူး။ ဒီတော့ ကျန်တဲ့ခရီးသည်တစ်ဦးဦး ဖြစ်ရမယ်။ ဘယ်သူဘယ်ဝါဆိုတာတော့ စဉ်းစားလို့မရဘူး။ မင်းကော ဘယ်လိုသဘောရသလဲ"

"ကျွန်မဖြင့် ဘယ်လိုမှ မစဉ်းစားတတ်ဘူးရှင့်။ သိနိုင်ဖို့ကလည်း ခက်သားပဲ။ ကျွန်မတို့အနေနဲ့ ဘာမှ ထူးထူးခြားခြား မသင်္ကာစရာ မတွေ့ခဲ့ဘူး မဟုတ်လား။ ရှင်ကော သတိပြုမိလို့လား"

"ငါလည်း ဘာမှ သတိမပြုမိပါဘူး"

"ဒါကြောင့် ဒီအမှုက ထူးဆန်းလှတယ်လို့ ဆိုရမယ်။ ရှင်ထိုင်နေတဲ့နေရာက ဘာမှမမြင်တာကို ထားပါတော့။ ကျွန်မရဲ့ထိုင်ခုံက အလယ်မှာဆိုတော့ မြင်ဖို့ကောင်းတယ်။ တစ်ခုတော့ ရှိတာပေါ့။ ကျွန်မဟာ ကိုယ့်ဟာကိုယ် စိတ်ကူးယဉ်နေလို့များ ဘေးပတ်ဝန်းကျင်ကို သတိထားပြီး မကြည့်မိလို့လား မပြောတတ်ဘူး"

ဂျိန်းကပြောနေစဉ် နော်မန်ဂေး(လ်)သည် ဂျိန်း၏ ချစ်စဖွယ်မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေမိလေသည်။ စိတ်ထဲမှလည်း...

'ဒီမိန်းကလေးဟာ တကယ်ချစ်စရာကောင်းတာပဲ။ ငါတော့ သူ့ကို လက်ထပ်ယူဖို့ ကြိုးစားမှဖြစ်မယ်'

ဟု တွေးနေမိလေသည်။

သို့သော် ချက်ချင်း ထိုစိတ်ကူးကို ဖျောက်ပစ်လိုက်ပြီး အမှုအကြောင်း ဆက်ပြောလေသည်။

"ဒါဖြင့် စဉ်းစားကြည့်ကြရအောင်။ လူသတ်သမားဟာ ဘယ်သူလဲဆိုတာ လူအားလုံးကို တစ်ယောက်ချင်း စဉ်းစားကြည့်ကြမယ်။ အရင်ဆုံး လေယာဉ်မောင်နှစ်ယောက်ကို လေ့လာကြည့်ရအောင်။ သူတို့သတ်တာ ဖြစ်နိုင်သလား"

"မဖြစ်နိုင်ဘူးရှင့်"



ဂျိန်းကပြောလိုက်ရာ နော်မန်ဂေး(လ်)ကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ငါလည်း ဒီလိုပဲ သဘောရတယ်။ တို့ရှေ့မှာထိုင်တဲ့ အမျိုးသမီးတွေကရော"

"လေဒီဟော်ဘူရီဆိုတဲ့ အမျိုးသမီးကသတ်တာ မဖြစ်နိုင်ဘူးရှင့်။ နောက်ပြီး ဗင်နီရှာကားဆိုတဲ့ မိန်းမကိုကြည့်ရတာလည်း လူသတ်မှု ကျူးလွန်မယ့်ပုံမျိုး မရှိဘူး"

"မင်းပြောတာ မဟုတ်ဘူး။ ကျန်တဲ့လူတွေ ဆက်စဉ်းစားကြည့်ရအောင်။ နှုတ်ခမ်းမွေးကားကားနဲ့ လူကြီးရှိတယ်။ ဂျူရီလူကြီးတစ်ဦးကတော့ ဒီလူကြီးသတ်တာပဲလို့ ထင်နေပုံရတယ်။ အဲဒါကြောင့်ပဲ ဒီလူကြီး မဖြစ်နိုင်ဘူးလို့ ငါတော့ ယူဆတယ်။ နောက်ပြီး ဆရာဝန်ရှိတယ်။ ဆရာဝန်သတ်တာလည်း ဖြစ်နိုင်မယ် မထင်ဘူး"

"ဟုတ်တယ်ရှင့်။ ဆရာဝန်ကသာ သတ်မယ်ဆိုရင် ဘယ်သူမှ မရိပ်မိနိုင်တဲ့နည်းနဲ့ ပိပိရိရိသတ်မှာပေါ့။ ဒါကြောင့် ဆရာဝန်လည်း မဖြစ်နိုင်ဘူး"

"မှန်တယ်။ ဆရာဝန်အနေနဲ့ လုံးဝ သဲလွန်စ မရနိုင်တဲ့ အဆိပ်တစ်မျိုးမျိုး သုံးနိုင်တာပဲ။ ဒါထက် ဒုလမှုတ်ပိုက်တစ်ခု ဝယ်ခဲ့ပါတယ်ဆိုတဲ့ လူကရော"

"အဲဒါတော့ မသင်္ကာစရာပဲရှင့်။ ဒါပေမဲ့ ဒီလူကြည့်ရတာ အလွန်ရည်ရည်မွန်မွန် ရှိပုံရတယ်။ တကယ်တော့ သူ့မှာ လေမှုတ်ပိုက်တစ်ခုရှိတယ်ဆိုတာ ဖွင့်မပြောရင်လည်း ရတာပဲ။ အခုတော့ ဖွင့်ပြောလိုက်တာကိုက သူဟာ အပြစ်မရှိကြောင်း ထင်ရှားနေတယ်"

"ဒါဖြင့် မစ္စတာ ရိုင်ဒါဆိုတဲ့ လူကရော"

"အင်း... သူတော့ ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တယ်"

"ဟို ပြင်သစ်လူမျိုး သားအဖကိုရော ဘယ်လိုသဘောရသလဲ"

"သူတို့လည်း ဖြစ်နိုင်တယ်။ သူတို့က ဝေးလံခေါင်းပါးတဲ့ဒေသတွေကို ခရီးသွားခဲ့ဖူးတယ်။ သူတို့အနေနဲ့ အမျိုးသမီးကိုသတ်ဖို့ အကြောင်းရှိချင် ရှိမယ်။ ကျွန်မတော့ သားလုပ်တဲ့သူကိုကြည့်ရတာ စိတ်ညစ်နေသလို သောကဖြစ်နေသလိုဟန်မျိုး ဖြစ်နေတယ်"

"ဒါပေမဲ့ မင်းကိုယ်တိုင်လည်း လူသတ်မှု ကျူးလွန်မိရင် သောကဖြစ်နေမှာပဲ"

"ဒါပေမဲ့ အဲဒီလူငယ်ကိုကြည့်ရတာ စိတ်သဘောထားကောင်းပုံ ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်ရှင့်။ နောက်ပြီး သူ့အဖေကြီးကလည်း ရည်ရည်မွန်မွန် ရှိပါတယ်။ ကျွန်မတော့ သူတို့သားအဖသတ်တာ မဟုတ်ဘူးလို့ မျှော်လင့်မိတယ်"

"အင်း အခုတိုင်းဆိုရင် ငါတို့စဉ်းစားနေတာဟာ ဘာမှ ခရီးမရောက်ဘူး ဖြစ်နေတယ်"

"အသတ်ခံရတဲ့ အမျိုးသမီးအကြောင်း ပြည့်ပြည့်စုံစုံ မသိရဘဲ အမြေမှန်ကို စဉ်းစားဖို့က မလွယ်ဘူးရှင့်။ ဒီမိန်းမမှာ ရန်သူတွေ ရှိမရှိ၊ နောက်ပြီး သူသေသွားတဲ့အခါ အမွေဆက်ခံမယ့်လူက ဘယ်သူလဲ။ အဲဒီအချက်အလက်တွေကို သိထားဖို့ကလည်း လိုတယ်"

"ငါတော့ တစ်မျိုးစဉ်းစားမိပြန်တယ်"

"ဘာများလဲရှင့်"

"လူသတ်မှုတစ်ခု ဖြစ်ပွားတယ်ဆိုရင် သတ်သူနဲ့ အသတ်ခံရတဲ့သူနှစ်ဦးဟာ ပတ်သက်တာ မဟုတ်ဘူး။ ဘေးပတ်ဝန်းကျင် အပြစ်ကင်းသူတွေကိုပါ ဆက်စပ်ပတ်သက်လာတတ်တယ်။ အခုဆိုရင် မင်းနဲ့ငါဟာ လူသတ်တရားခံတွေ မဟုတ်ဘူး။ ဒါပေမဲ့ လူသတ်မှု ဖြစ်ပွားခြင်းဟာ ငါတို့ရဲ့ဘဝမှာ ဂယက်ရိုက်လာနိုင်တယ်။ ရှေ့လျှောက် ဘာတွေဖြစ်ဦးမယ် မသိဘူး"

"ဒီလိုမပြောစမ်းပါနဲ့ရှင်။ ရှင်ပြောပုံ ကြားရတော့ ကျွန်မစိတ်ထဲ ကြောက်လာမိတယ်"

"မင်းလိုပဲ ငါကိုယ်တိုင်ကလည်း စိတ်ထဲက ကြောက်နေမိတယ် ကွယ့်"

နော်မန်ဂေး(လ်)က စကားကို အဆုံးသတ်လိုက်သည်။

❖ ❖ ❖

(၆)

စုံထောက် ဟာကြူလီသည် ရုံးခန်းအပြင်ဘက်တွင် စုံထောက် ရဲမှူးကြီး ဂျက်နှင့် ဆုံမိလေသည်။

"ဘယ့်နှယ်လဲ၊ မစ္စတာဟာကြူလီ။ စောစောက ဂျူရီလူကြီးတချို့ရဲ့ သဘောအရဆိုရင် ခင်ဗျားဟာ ကံကောင်းလို့ ရဲအချုပ်ခန်းထဲ မရောက်တာဗျ။ ဟဲ ဟဲ..."

ရဲမှူးကြီးဂျက်က ရယ်သွမ်းသွေး၍ပြောလိုက်ရာ ဟာကြူလီက ခပ်တည်တည်နှင့်...

"ဒီလိုသာဖြစ်ရင် ကျုပ်ရဲ့ဂုဏ်သိက္ခာ အများကြီး ထိခိုက်သွားမှာပဲ" ဟု ပြန်ပြောလိုက်သည်။

"ဝတ္ထုတွေထဲမှာတော့ တစ်ခါတလေ စုံထောက်ကလည်း လူဆိုး ဖြစ်ချင် ဖြစ်နေတာဗျ ဟဲ ဟဲ"

ဂျက်က ဆက်လက်၍ ရယ်စရာလုပ်ပြောနေစဉ် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး လူတစ်ယောက်သည် သူတို့ရှိရာသို့ လျှောက်လာလေသည်။

ရဲမှူးကြီးဂျက်က ထိုလူနှင့် စုံထောက်ဟာကြူလီအား မိတ်ဆက်ပေးလေသည်။

"ဟောဒီပုဂ္ဂိုလ်က ပြင်သစ်ထောက်လှမ်းရေး (ဆူရေးတီ)အဖွဲ့က မစ္စတာဖိုနီယာ ဖြစ်ပါတယ်။ သူက ဒီအမှုမှာ ကျုပ်တို့ကို ကူညီဖို့လာခဲ့တာ"

ရဲမှူးကြီးဂျက်၏ စကားအဆုံးတွင် ပြင်သစ်ထောက်လှမ်းရေးအဖွဲ့မှ မစ္စတာဖိုနီယာသည် စုံထောက်ဟာကြူလီအား ဦးညွှတ်အလေးပြုလိုက်သည်။

"ဟုတ်ကဲ့၊ မစ္စတာဟာကြူလီကို ကျွန်တော်တစ်ကြိမ်သော တွေ့ဆုံဖူးပါတယ်။ ပြီးတော့ လူကြီးမင်းရဲ့ အရည်အချင်းနဲ့ပတ်သက်လို့ မစ္စတာဂျီရော

www.burmeseclassic.com

www.burmeseclassic.com



က မကြာခဏပြောပြတာလည်း ကြားရပါတယ်"

စုံထောက်ဟာကျူလီက ပြုံးလိုက်သည်။

သူသည် ပြင်သစ်ရဲစုံထောက်အရာရှိ မစ္စတာဂျီရော့အား တစ်ကြိမ်မက ကူညီ၍ မှုခင်းများ ထောက်လှမ်းပေးခဲ့ဖူးလေသည်။

ထို့နောက် သူကပင်ဆက်၍...

"ခင်ဗျားတို့နှစ်ယောက်စလုံး ကျုပ်ရဲ့တိုက်ခန်းမှာ ညစာစားကြဖို့ ဖိတ်ခေါ်ပါရစေ"

ဟု ပြောလိုက်ရာ ဂျက်နှင့် ဖိုနီယာ နှစ်ဦးစလုံးက လက်ခံလိုက်ကြလေသည်။ အမှန်တော့ ညစာစားရန် ဖိတ်ခေါ်ခြင်းမှာ ဟာကျူလီက လေယာဉ်ပေါ်မှ လူသတ်မှုအကြောင်း ဆွေးနွေးလိုခြင်းဖြစ်ကြောင်း သူတို့က သိနေကြပြီ ဖြစ်သည်။

"ကျုပ်အနေနဲ့ ဒီအမှုမှာ ကျုပ်ရဲ့ဂုဏ်သိက္ခာကို ပြန်ဆည်ဖို့ လိုအပ်တယ်ဗျ"

စုံထောက်ဟာကျူလီကပင် ဆက်ပြောလိုက်ပြန်သည်။

ဤတွင် ရဲမှူးကြီးဂျက်က ရယ်မောလိုက်သည်။

"ဟုတ်တယ်၊ ပဏ္ဏာမစစ်ဆေးတုန်းက ဂျူရီလူကြီးတွေက ခင်ဗျားကို တကယ်ပဲ မယုံသင်္ကာဖြစ်နေပုံရတယ်ဗျ။ ကျုပ်တော့ အဲဒါကိုကြည့်ပြီး သဘောကျမိတယ်။ ဟဲ ဟဲ..."

သို့နှင့်ပင် ထိုနေ့ညစာကို စုံထောက်ဟာကျူလီ၏အိမ်တွင် ညစာစားကြရာ မစ္စတာသီဘော့ဆိုသူကိုလည်း ဟာကျူလီက ဖိတ်ခေါ်ထားလေသည်။

စားသောက်နေကြစဉ်အချိန်အတွင်း လူသတ်မှုအကြောင်း မည်သူကမျှ စကားစပ်မပြောကြချေ။

ညစာစားသောက်ပြီးကြသောအခါ ပြင်သစ်ထောက်လှမ်းရေးအရာရှိ မစ္စတာဖိုနီယာက...

"အင်း... ခင်ဗျားတို့ အင်္ဂလန်နိုင်ငံမှာတော့ အစားအသောက်တွေ ကောင်းကောင်းစားနိုင်ကြတာပဲ"

ဟု ပြောလိုက်သည်။

မစ္စတာသီဘော့နှင့် ရဲမှူးကြီးဂျက်တို့ကလည်း စားသောက်ဖွယ်ရာများ အလွန်အရသာရှိကြောင်း ချီးကျူးပြောဆိုကြရာ စုံထောက်ဟာကျူလီက...

"အစားအသောက်ဆိုတာ အရသာရှိပြီး နည်းနည်းစားရုံနဲ့ တင်းတိမ်



တော့နပ်ဖို့ လိုအပ်တယ်။ သိပ်အများကြီးစားရင် စဉ်းစားစိတ်ကူးတဲ့အခါ ဦးနှောက်ဉာဏ် ထိုင်းမှိုင်းတတ်တယ်ဗျ"ဟု ပြောလိုက်သည်။

ထို့နောက် ရဲမှူးကြီးဂျက်ကပင် လုပ်ငန်းအကြောင်း စကားပြောလေသည်။

"ကိုင်း... ကျုပ်တို့ လုပ်ငန်းအကြောင်း စတင်ဆွေးနွေးကြပါစို့။ အရင်ဆုံး မစ္စတာသီဘော့က စပြောရင် ကောင်းမယ်။ သေသူအမျိုးသမီး မာဒမ်ဂီဆယ်(လ်)နဲ့ပတ်သက်ပြီး ခင်ဗျားသိထားသလောက် ပြောပြစမ်းပါဦး"

(မှတ်ချက်။ ။ မစ္စတာသီဘော့ ဆိုသူမှာ ပဏ္ဏာမစစ်ဆေးသည့်ရုံးတွင် သက်သေအဖြစ် ထွက်ဆိုသွားခဲ့သူ ပြင်သစ်အမျိုးသားပင်ဖြစ်သည်။)

"မှန်တာပြောရရင် မာဒမ်ဂီဆယ်(လ်)အကြောင်း ဆိုလို့ ကျုပ်ကလည်း အများက သိသလောက်ပဲ သိပါတယ်။ ဒီအမျိုးသမီးရဲ့ ကိုယ်ရေး ကိုယ်တာ အတွင်းဘဝနဲ့ပတ်သက်လို့ ဘာမှသိပ်မသိပါဘူး။ ဒီနေရာမှာ မစ္စတာဖိုနီယာက ကျုပ်ထက်ပိုပြီး ပြောပြနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ဒီမိန်းမဟာ သာမန်အမျိုးသမီးတွေထက် ထူးခြားတဲ့ မိန်းမ တစ်ယောက်လို့တော့ ဆိုနိုင်ပါတယ်။ သူဟာ ငယ်ရွယ်စဉ်ကတော့ ရုပ်ရည်သနားကမား ရှိပါလိမ့်မယ်၊ နောက်တော့ ကျောက်ကြီးရောဂါဖြစ်လို့ ကျောက် ပေါက်တဲ့လူများလို မျက်နှာအလှ ပျက်သွားပုံရပါတယ်။ နောက်ပြီး မာဒမ် ဂီဆယ်(လ်)ဟာ စိတ်ဓာတ်ခိုင်မာပြင်းထန်ပြီး ဩဇာရှိသူလည်း ဖြစ်မယ်။ အလုပ်လုပ်ရာမှာလည်း အလွန်မှန်ကန်တိကျပြီး ရိုးသားဖြောင့်မတ်သူ တစ် ယောက်လို့ အများက အသိအမှတ်ပြုကြတယ်"

မစ္စတာသီဘော့က ပြောလိုက်ပြီးနောက် ပြင်သစ်ထောက်လှမ်းရေး အရာရှိ ဖိုနီယာက သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်။ ဒီမိန်းမကို အများက ရိုးသားဖြောင့်မတ်သူ တစ် ယောက်ဆိုပြီး အသိအမှတ်ပြုကြပါတယ်။ ဒါပေမဲ့ သူ့ရဲ့လုပ်ရပ်တချို့နဲ့ ပတ်သက်လို့ သက်သေအထောက်အထားသာရှိရင် တရားဥပဒေအရ အရေး ယူနိုင်တဲ့ ကိစ္စမျိုးတွေလည်း ရှိတယ်ဗျ"

"ဘာလဲ။ ဒီမိန်းမက လူတွေကို ခြိမ်းခြောက်ပြီး ငွေညှစ်တောင်းတာမျိုး လုပ်ခဲ့တယ်လို့ ဆိုလိုပါသလား"

ရဲမှူးကြီးဂျက်က မေးလိုက်သည်။

"ဟုတ်ပါတယ်။ ခြိမ်းခြောက်ငွေညှစ်တောင်းနည်းတစ်မျိုး လုပ်ခဲ့တယ် လို့ ယူဆရတယ်။ ဒီမိန်းမက အင်္ဂလန်ပြည်က လူအတော်များများတို့ အထိုင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ငွေချေးလေ့ရှိတယ်။ ငွေချေးရာမှာလည်း ငွေလာချေးသူတွေရဲ့ နာမည်ကို လူမသိအောင် ပိပိရိရိ လျှို့ဝှက်ထားတယ်။ သို့သော် သူချေးလိုက်တဲ့ငွေကို သေချာပေါက် ပြန်ရအောင် လုပ်တဲ့နည်းတွေလည်း ရှိပုံရတယ်"

မစ္စတာဖိုနီယာက ဆက်၍ပြောပြန်သည်။

"မစ္စတာသီဘော့ ပြောပြချက်အရဆိုရင်လည်း သေသူ မာဒမ်ဂီဆယ်(လ်)က သိုသိုသိပ်သိပ်နဲ့ ငွေချေးတဲ့လူတွေဟာ လူကုံထံအထက်တန်းလွှာပိုင်းက များတယ်လို့ သိရတယ်။ ဒီမိန်းမမှာ ကိုယ်ပိုင်သီးသန့်ထောက်လှမ်းရေးစနစ်တစ်ခုရှိတယ်။ လူတွေကို ငွေထုတ်မချေးမီ အဲဒီလူတွေအကြောင်း အသေးစိတ် စုံစမ်းထောက်လှမ်းလေ့ ရှိတယ်။ တစ်နည်းအားဖြင့် လူတွေရဲ့ အတွင်းရေးကို စုံစမ်းသိရှိထားတယ်။ အဲဒီလို သိထားခြင်းအားဖြင့် သူ့ဆီက ချေးယူတဲ့ငွေကို ပြန်မဆပ်ဘဲ မနေနိုင်အောင် လုပ်တတ်တယ်"

"နေပါဦး... ခင်ဗျားဆိုလိုတာက ဒီမိန်းမဟာ သူ့ဆီက ငွေချေးယူသွားတဲ့လူတွေ ငွေပြန်မဆပ်ရင် အကျပ်ကိုင်ပြန်တောင်းဖို့ ဒီလူတွေရဲ့ လျှို့ဝှက်အတွင်းရေးကိစ္စတွေကို စုံစမ်းထောက်လှမ်းတဲ့ သဘောမျိုးလား။ တစ်နည်းအားဖြင့်သူငွေထုတ်ချေးလိုက်တာ သေချာပေါက်ပြန်ရအောင် အာမခံချက် သဘောမျိုး ဖန်တီးထားတာလား"

စုံထောက်ဟာကျူလီက ကြားဖြတ်၍ မေးလိုက်သည်။

"ဟုတ်တယ်။ အဲဒီသဘောမျိုး ဖန်တီးတာပဲ။ သူ့နည်းကလည်း တကယ်ထိရောက်တယ်လို့ ဆိုရမယ်။ မာဒမ်ဂီဆယ်(လ်)ဟာ သူ့ဆီက ငွေချေးယူပြီးသွားရင် ပြန်မရတာ မရှိသလောက် အောင်မြင်ခဲ့တယ်။ ဒီမိန်းမက ငွေချေးယူသွားတဲ့ လူတွေအပေါ် မညှာမတာ ရက်စက်တတ်တဲ့သဘောလည်း ရှိတယ်။ ဒါကြောင့်လည်း ငွေချေးယူသွားသူတွေဟာ ဒီမိန်းမကြီးက သူတို့ရဲ့ အတွင်းရေးကိစ္စတွေ ဖော်ထုတ်လိုက်ရင် အကြီးအကျယ် အရှက်တကွဲဖြစ်မှာ စိုးရိမ်ပြီး ကြွေးငွေကို ဖြစ်တဲ့နည်းနဲ့ ပြန်ဆပ်လေ့ရှိကြတယ်။ ဒီအကြောင်းတွေကို ကျုပ်တို့ ထောက်လှမ်းရေးက သိထားပေမဲ့ တရားဥပဒေအရ အရေးယူဖို့ကြတော့ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ မရှိတော့ ခက်နေတယ်"

မစ္စတာဖိုနီယာ၏ စကားအဆုံးတွင် စုံထောက်ဟာကျူလီက မေးခွန်းထုတ်လေသည်။

"သူ့ဆီက ငွေချေးယူသွားသူတစ်ဦးက လုံးဝငွေပြန်မဆပ်ဘူးဆိုရင်ရော ဘာဖြစ်တတ်သလဲ"

"မာဒမ်ဂီဆယ်(လ်)က အဲဒီလူနဲ့ပတ်သက်ပြီး သူစုံစမ်းသိရှိထားတဲ့



အတွင်းရေးကိစ္စကို ဖော်ထုတ်လိုက်တယ်။ အရှက်ခွဲလိုက်တယ် ဆိုပါတော့"

"ဒီလိုဆိုတော့ ဒီမိန်းမအဖို့ ဘာအကျိုးရှိမှာလဲ။ ချေးထားတဲ့ငွေက ပြန်မရဘူး မဟုတ်လား"

"အမှန်တော့ ငွေတော့ပြန်မရဘူး။ သို့သော်လည်း သူ့ဆီက ငွေချေးယူထားတဲ့ အခြားသူတွေက ထိတ်လန့်တုန်လှုပ်ပြီး ငွေကြေးကို မပျက်မကွက်ပေးဆပ်လေ့ရှိကြတယ်"

ရဲမှူးကြီးဂျက်သည် စိတ်ဝင်စားစွာ နားထောင်နေရာမှ...

"ဒါလည်း ကျုပ်တို့ မှုခင်းထောက်လှမ်းရာမှာ ထည့်စဉ်းစားရမယ့် အချက်တစ်ချက်ပဲ။ နောက်တစ်ခု အရေးကြီးတာက မာဒမ်ဂီဆယ်(လ်) သေဆုံးသွားတော့ သူ့ရဲ့ငွေကြေးပစ္စည်းတွေ အမွေဆက်ခံမယ့်သူက ဘယ်သူလဲဆိုတာ သိချင်တယ်"ဟုပြောလိုက်သည်။

ဤတွင် ပြင်သစ်အမျိုးသားရှေ့နေ မစ္စတာသီဘော့က ဝင်ဖြေလေသည်။

"မာဒမ်ဂီဆယ်(လ်)မှာ သမီးတစ်ယောက် ရှိတယ်။ ဒါပေမဲ့ အဲဒီသမီးက မိခင်နဲ့ အတူမနေဘူး။ ကျုပ် သိရသလောက် ဒီမိန်းမကြီးဟာ သူ့သမီးငယ်ငယ်ကလေးကတည်းက တခြားစီနေလိုက်တာ နောက်ပိုင်း လူ ချင်း လည်း မတွေ့၊ အဆက်အသွယ်လည်း မရှိဘူး။ သို့သော်လည်း မာဒမ်ဂီဆယ်(လ်)က သူ သေသွားတဲ့အခါ ကျန်ရှိသမျှ အမွေအနှစ်ကို သူ့သမီး အယ်နီ ကို ပေး ခဲ့ကြောင်း သေတမ်းစာတစ်စောင် ရေးထားခဲ့ပါတယ်"

"သူ့အမွေပစ္စည်းပမာဏကရော တော်တော်များသလား"

စုံထောက်ဟာကျူလီက ဝင်မေးရာ မစ္စတာသီဘော့က...

"ခန့်မှန်းခြေအားဖြင့် ပြင်သစ်ငွေဖရန့် သိန်းကိုးဆယ်လောက် ရှိမယ်"

ဟု ပြန်ဖြေလေသည်။

ငွေပမာဏက များလှသဖြင့် စုံထောက်ဟာကျူလီသည် အံ့အားသင့်ခဲ့လေသည်။

ရဲမှူးကြီးဂျက်ကလည်း...

"များလှချည်လားဗျ။ ဒီမိန်းမကြီးကိုကြည့်ရတာ ဒီလောက် ချမ်းသာမယ်လို့ မထင်ရဘူး။ အခု ပြင်သစ်ငွေဖရန့်ကို ကျုပ်တို့ အင်္ဂလိပ်ငွေနဲ့ တွက်ကြည့်လိုက်ရင် စတာလင်ပေါင် တစ်သိန်းကျော်ရှိမယ်"ဟု ပြောလိုက်လေသည်။

"ဒီလိုဆိုတော့ သူ့သမီး အယ်နီဟာ အလွန်ကြွယ်ဝချမ်းသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက် ဖြစ်လာတော့မှာပဲ"

စုံထောက်ဟာကြူလီက မှတ်ချက်ချလိုက်လျှင် ရဲမှူးကြီးဂျက်က...

"အဲဒီသမီးက လေယာဉ်ပေါ် လိုက်ပါမလာတာ တော်သေးတာပေါ့။ သူသာ ပါလာရင် မအေကြီးရဲ့အမွေကို လိုချင်လို့ သတ်ပစ်လိုက်တယ်ဆိုပြီး သင်္ကာမကင်း ဖြစ်ကြမှာ သေချာတယ်။ ဒါထက် အဲဒီသမီး အယ်နီဆိုတာက အသက်ဘယ်လောက်ရှိပြီလဲ"ဟုပြောလိုက်ပြန်သည်။

"အတိအကျတော့ မသိဘူး။ မိန်းကလေးအသက်က နှစ်ဆယ့် လေးငါးနှစ်လောက် ရှိမယ်ထင်တယ်"

"ဘာပဲဖြစ်ဖြစ် ဒီမိန်းကလေးက လူသတ်မှုနဲ့ မပတ်သက်ဘူးလို့ပဲ ယူဆရမယ်။ ဒီတော့ သေသူအမျိုးသမီးက လူတွေရဲ့ အတွင်းရေးကိစ္စတွေ စုံစမ်းပြီး ခြိမ်းခြောက်တဲ့ပြဿနာကို ဆက်စဉ်းစားရမယ်"

"နောက်တစ်ချက်က လေယာဉ်ပေါ်ပါလာတဲ့ ခရီးသည်အားလုံးက သေသူ မာဒမ်ဂီဆယ်(လ်)ကို မသိပါဘူးလို့ ငြင်းကြတယ်။ ခရီးသည်ထဲက တစ်ယောက်ယောက်က လိမ်ပြောတာ သေချာတယ်။ ဘယ်သူလဲဆိုတာသာ ကျုပ်တို့က သိအောင်စုံစမ်းဖို့ လိုတယ်။ သေသူ အမျိုးသမီးရဲ့အိမ်က စာရွက်စာတမ်းတွေကို လေ့လာကြရင် သဲလွန်စများ ရနိုင်မယ်ထင်တယ်"

ရဲမှူးကြီးဂျက်၏ စကားအဆုံးတွင် ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာက ဝင်ပြောလာသည်။

"ဗြိတိသျှစုံထောက်အဖွဲ့ (စကော့တလန်ယာဒ်)ဆီက သတင်းရရချင်းပဲ ကျုပ်က မာဒမ်ဂီဆယ်(လ်)ရဲ့အိမ်ကို လိုက်သွားကြည့်တယ်။ သူ့ရဲ့ကိုယ် ရေးကိုယ်တာ စာရွက်စာတမ်းတွေကို မီးအာခံသေတ္တာထဲမှာ ထည့်ထားတယ်။ ဒါပေမဲ့ ကျုပ်ရောက်သွားတော့ စာရွက်စာတမ်းတွေအားလုံး မီးရှို့ဖျက်ဆီးထားတာ တွေ့ရတယ်"

"ဟင်... ဘာကြောင့် မီးရှို့ပစ်လိုက်တာလဲ၊ ဘယ်သူက မီးရှို့တာလဲ"

"သေသူ မာဒမ်ဂီဆယ်(လ်)မှာ လူယုံတော် မိန်းကလေးတစ်ဦး အယ်လစ်ဆိုတာ ရှိတယ်။ တကယ်လို့ မာဒမ်ဂီဆယ်(လ်) တစ်စုံတစ်ခုဖြစ်တယ်ဆိုရင် အယ်လစ်က မီးခံသေတ္တာထဲက စာရွက်စာတမ်းတွေအားလုံး မီးရှို့ဖျက်ဆီးပစ်ရမယ်လို့ ညွှန်ကြားထားတယ်လို့ ဆိုတယ်"

"တကယ် အံ့သြစရာပါပဲလား"

ဂျက်ကပြောလိုက်ပြီးနောက် မစ္စတာဖိုနီယာကပင် စကားဆက်လေသည်။



"ဒီလိုရှိတယ်ဗျ။ မာဒမ်ဂီဆယ်(လ်)ဟာ သူ့ဆီက ငွေချေးယူတဲ့ ဖောက်သည်တွေအကြောင်း စုံစမ်းသိရှိထားပေမဲ့ သူ့ကို ငွေမှန်မှန် ပြန်ဆပ်တဲ့ သူတွေကိုတော့ ရိုးသားမှန်ကန်စွာ ဆက်ဆံတယ်။ သစ္စာလည်း ရှိတယ်။ အတိမတည်သူတွေအပေါ် အလွန်ရက်စက်ပေမဲ့ သူ့အပေါ် ကောင်းသူတွေ ဆိုတော့ သစ္စာရှိစွာနဲ့ ဆက်ဆံလေ့ရှိတယ်။ အတွင်းရေးကိစ္စတွေကိုလည်း လုံလုံခြုံခြုံ လျှို့ဝှက်ထားတယ်"

ရဲမှူးကြီးဂျက်သည် အလွန်အံ့သြသွားပုံရလေသည်။ ကျန်လူများကလည်း အံ့အားသင့်လျက် ဘာမှမပြောနိုင်ဘဲ ငြိမ်နေကြလေသည်။

ပြင်သစ်လူမျိုးရှေ့နေ မစ္စတာသီဘော့သည် ထိုင်ရာမှထလာရင်း...

"ကိုင်း... ကျုပ်က တစ်နေရာမှာ ချိန်းထားတာရှိလို့ သွားတော့မယ်။ နောက်ထပ် မေးစရာရှိရင် ကျုပ်ပေးထားတဲ့လိပ်စာအတိုင်း ဆက်သွယ်ကြပါ"

ဟုပြောကာ အားလုံးကို နှုတ်ဆက်၍ ပြန်သွားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၇)

မစ္စတာသီဘော့ ပြန်သွားပြီးနောက် ကျန်လူသုံးယောက်သည် ဆက်လက်ဆွေးနွေးကြရာ ရဲမှူးကြီးဂျက်က ဦးဆောင်၍ စတင်ပြောလေသည်။

"ကိုင်း… ကျုပ်တို့ လေ့လာသုံးသပ်ကြည့်ကြမယ်။ လူသတ်မှုဖြစ်တဲ့ လေယာဉ်ပေါ်မှာ ခရီးသည် ဆယ့်တစ်ဦးပါလာတယ်။ လေယာဉ်မောင်း နှစ်ဦးပါနဲ့ဆိုရင် လူအားလုံး ဆယ့်သုံးယောက်ဆိုပါတော့။ သေသူ အမျိုးသမီး မာဒမ်ဂီဆယ်(လ်)ကို ဖယ်လိုက်ရင် ဆယ့်နှစ်ယောက်ကျန်တယ်။ အဲဒီ ဆယ့်နှစ်ဦးထဲက တစ်ယောက်ယောက်က သတ်တာ ဖြစ်ရမယ်။ ခရီးသည်တချို့က အင်္ဂလိပ်လူမျိုးဖြစ်ပြီး ကျန်လူတွေက ပြင်သစ်နိုင်ငံသားတွေ ဖြစ်နေတယ်။ ပြင်သစ်နိုင်ငံသားတွေကိုတော့ မစ္စတာဖိုနီယာက စုံစမ်းစစ်ဆေးဖို့ လွှဲပေးပါ့မယ်။ အင်္ဂလိပ်လူမျိုး ခရီးသည်တွေကိုတော့ ကျုပ်ကပဲ တာဝန်ယူမယ်။ မစ္စတာဖိုနီယာအနေနဲ့ ပြင်သစ်ပြည်၊ ပဲရစ်မြို့မှ စုံစမ်းမေးမြန်းစရာတွေ ရှိလိမ့်မယ်ထင်ပါတယ်"

"ဟုတ်ပါတယ်။ စုံစမ်းရမှာက ပဲရစ်မြို့မှာသာ မဟုတ်ဘူးဗျ။ သေသူ မာဒမ်ဂီဆယ်(လ်)ဟာ ပြင်သစ်ပြည် နေရာအနှံ့အပြားမှာ လုပ်ငန်းလုပ်ခဲ့လေတော့ အဲဒီနေရာတွေကိုပါ သွားစုံစမ်းဖို့လိုတယ်။ သူဟာ တောင်ပိုင်းဒေသ နိုက်စ်မြို့ကိုလည်း သွားအလုပ်လုပ်တယ်လို့ သိရတယ်"

မစ္စတာဖိုနီယာက ပြန်ပြောလိုက်ပြီးနောက် ရဲမှူးကြီးဂျက်က ဆက်ပြောပြန်သည်။

"ဟုတ်ကဲ့၊ နောက်တစ်ခုက ခရီးသည်တစ်ဦးက ပြင်သစ်ပြည်၊ လီပီနေအရပ်ကို သွားခဲ့တယ်လို့ ပြောကြလေတော့ အဲဒီအရပ်ကိုပါ သွားစုံစမ်း



ဖို့ လိုမယ်ထင်တယ်။ ကိုင်း… လူသတ်မှုဖြစ်ပုံကို ပြန်လေ့လာသုံးသပ်ကြည့်ရအောင်။ လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြားငယ်ကို ပစ်လွှတ်ဖို့ရာ ဘယ်ခရီးသည်ရဲ့ နေရာက လွယ်ကူနေသလဲဆိုတာ စဉ်းစားကြည့်ရင် ကောင်းမယ်"

ဤတွင် ဂျက်သည် လေယာဉ်အတွင်းပိုင်း အနေအထားကို ရေးဆွဲထားသည့် မြေပုံတစ်ခုကို စားပွဲပေါ် ဖြန့်၍တင်လိုက်သည်။

"ကောင်းပြီ၊ ဒီပုံစံကိုကြည့်ရင်း ခရီးသည်တစ်ဦးချင်း ကျုပ်တို့ စဉ်းစားကြည့်ကြမယ်"

ဤသို့ပြောပြီး ဂျက်ကပင် ဆက်လက်၍…

"ခရီးသည်တွေနဲ့ လေယာဉ်မောင်နှစ်ဦးတို့ စာရင်းထဲက မသင်္ကာစရာ လူတွေကို တစ်ယောက်ချင်း လေ့လာကြည့်ကြမယ်ဆိုတော့ ကျုပ့်တို့ မိတ်ဆွေကြီး မစ္စတာဟာကြူလီရဲ့ နာမည်ကိုတော့ မသင်္ကာသူစာရင်းထဲက ဖယ်ထုတ်လိုက်ရမယ်"

ဟုပြောလိုက်ရာ…

စုံထောက်ကြီးဟာကြူလီက ခေါင်းခါပြလေသည်။

"မိတ်ဆွေကြီးဂျက်က တယ်ပြီးယုံလွယ်တာကိုး။ ဒီလိုကိစ္စမျိုးမှာ ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချလို့ မရဘူး။ ကျုပ်အပါအဝင် လူအားလုံးကို မသင်္ကာစရာ လူတွေချည်းအဖြစ် သဘောထားရမယ်"

ဂျက်လည်း သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ။ ခင်ဗျားနာမည်ကိုပါ ထည့်ထားလိုက်မယ်။ နောက်ပြီး လေယာဉ်မောင်း နှစ်ဦးရှိတယ်။ သူတို့အနေနဲ့ကတော့ လူသတ်မှုကျူးလွန်ဖို့ မဖြစ်နိုင်ဘူးထင်တယ်။ သူတို့က သေသူအမျိုးသမီးဆီက ငွေချေးယူမယ့် လူတွေလည်း မဟုတ်ဘူး။ သူတို့ရဲ့ ကိုယ်ရေးရာဇဝင် နောက်ကြောင်းအရဆိုရင်လည်း နာမည်ပျက် လုံးဝမရှိကြဘူး။ ဒါပေမဲ့လည်း လူတိုင်းကို သင်္ကာမကင်းဖြစ်ရမယ်ဆိုတဲ့ အယူအဆအရ သူတို့ကိုလည်း ထည့်စဉ်းစားရမယ်။ လေယာဉ်မောင်တွေအနေနဲ့ လေယာဉ်ထဲမှာ လှုပ်ရှားသွားလာနေလေတော့ လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြားကို လွှတ်နိုင်တဲ့အခြေအနေရှိတယ်။ တစ်ဖက်က စဉ်းစားကြည့်ပြန်တော့ အခြားခရီးသည်တွေ လုံးဝမမြင်အောင် လေမှုတ်ပိုက်ကို အသုံးပြုဖို့က မလွယ်လှဘူး။ ဒါနဲ့ပတ်သက်လို့ ဆက်စပ်စဉ်းစားကြည့်ရင် လူသတ်တရားခံအနေနဲ့ ဘယ်သူမှမမြင်လိုက်အောင် လေမှုတ်ပိုက်နဲ့သတ်တယ်ဆိုတာက အတော့်ကို ခဲယဉ်းတယ်။ ဒီလူသတ်မှု ကျူးလွန်ပုံက တကယ်အံ့ဩစရာကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဟာကြူလီသည် နားထောင်နေရာမှ မေးခွန်းနှစ်ခု ကြား ဖြတ်မေးလေသည်။

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ။ လူသတ်မှုကျူးလွန်ပုံက အလွန် ဆင်ခြင်ဉာဏ်ကင်းမဲ့ပြီး မိုက်မဲတဲ့သူဖြစ်တယ်လို့ ဆိုချင်တာလား"

"ဟုတ်တယ်၊ လူသတ်သမားဟာ ဉာဏ်မရှိဘဲ မိုက်မိုက်မဲမဲ လုပ်သွား တာပဲ"

"ဒါပေမဲ့ လူသတ်သမားအနေနဲ့ အောင်မြင်မှု ရရှိသွားတယ်လို့ ဆို ရမယ်။ အခုကျုပ်တို့သုံးဦး ဒီမှာထိုင်ပြီး စကားပြောနေကြချိန်မှာ လူသတ်မှု ကို ဘယ်သူကျူးလွန်တယ်ဆိုတာ မသိကြဘူး မဟုတ်လား။ ဒီတော့ လူသတ် သမား အမှုအောင်မြင်သွားတယ်လို့ ဆိုရမယ်"

စုံထောက်ဟာကြူလီကပြောလိုက်ရာ ရဲမှူးကြီးဂျက်က...

"ဒါတော့ သူကံကောင်းလို့ ဖြစ်ရမယ်။ လေယာဉ်ပေါ်က အခြေ အနေက သူသတ်တာကို တစ်ယောက်ယောက်က မြင်ဖို့ကောင်းတယ်"

ဟုပြောလိုက်သည်။

ထိုစကားကို စုံထောက်ဟာကြူလီက လက်မခံဟန်ဖြင့် ခေါင်းခါပြန် ရာ ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာက...

"မစ္စတာဟာကြူလီက ဘာကိုဆိုလိုတာလဲ"ဟု ဝင်မေးသည်။

"ကျုပ်ဆိုလိုတာက ဒီလိုပါ။ ကိစ္စတစ်ခုကို အကဲဖြတ်ရာမှာ အဲဒီ ကိစ္စ အောင်မြင်သလား၊ မအောင်မြင်သလားဆိုတဲ့ အချက်ပေါ်မူတည်ပြီး အကဲဖြတ်မှ မှန်ကန်တယ်။ အခု လူသတ်မှုက အောင်မြင်သွားတယ် မဟုတ် လား။ အဲဒါ အဓိကအချက်ပဲလို့ ကျုပ်က ဆိုလိုပါတယ်"

"အင်း... ဒီလူသတ်မှုကတော့ အလွန်ဆန်းကြယ်တာ အမှန်ပဲ"

မစ္စတာဖိုနီယာက မှတ်ချက်ချလိုက်ပြီးနောက် ရဲမှူးကြီးဂျက်က မကျေမချမ်းဟန်ဖြင့် ပြောပြန်သည်။

"ဆန်းကြယ်တာကို အသာထားစမ်းပါဗျာ။ အခု ကျုပ်တို့အနေနဲ့ လူသတ်တဲ့လက်နက်ကိုလည်း ရရှိထားတယ်။ ဆရာဝန်ရဲ့ ထွက်ချက်လည်း ရှိတယ်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကသာ ကျုပ်တို့ တစ်ယောက်ယောက်က မြွေဆိပ်လူးမြားနဲ့သတ်တဲ့ လူသတ်မှုတစ်ခုကို စုံစမ်းရလိမ့်မယ်လို့ပြောရင် ကျုပ်က မယုံကြည်ဘဲ ရယ်မောမိမှာ သေချာတယ်။ အခုတော့ဗျာ ဒီလူသတ်မှု ဟာ ကျုပ်တို့စုံထောက်တွေရဲ့ အသိဉာဏ်ကို မထီမဲ့မြင် စော်ကားသလို ဖြစ်နေ တယ်ဗျ"



ဂျက်၏စကားအဆုံးတွင် စုံထောက်ဟာကြူလီက ပြုံးလိုက်သည်။

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာကမူ စဉ်းစားနေရာမှ လူသတ်သမားက လူတစ်ဖက်သားကို ပြက်ရယ်ပြုချင်တဲ့သဘောနဲ့ ဒီအမှုကို ကျူးလွန်တာလားမှမသိတာ။ ဒီမှုခင်းမျိုးကို စုံစမ်းထောက်လှမ်းရာမှာ လူသတ် သမားရဲ့ စိတ်ဓာတ်အခြေအနေကို စိတ္တဗေဒပညာသဘောနဲ့ လေ့လာဖို့လည်း လိုမယ်ထင်တယ်"ဟု ပြောလိုက်သည်။

ရဲမှူးကြီးဂျက်ကမူ ထိုအချက်ကို သဘောကျပုံမရပဲ...

"ဒါမျိုးဆိုရင် မစ္စတာဟာကြူလီကတော့ သဘောကျမှာပဲ"

ဟုပြောလိုက်သည်။

"ဟုတ်ပါတယ်။ ကျုပ်ကတော့ ခင်ဗျားတို့နှစ်ယောက်စလုံးပြောတာ ကို အထူးပဲ စိတ်ဝင်စားပါတယ်"

စုံထောက်ဟာကြူလီက ပြောလိုက်ရာ ရဲမှူးကြီးဂျက်က မကျေမချမ်း ဖြစ်ဟန်ဖြင့် လှမ်းကြည့်လိုက်သည်။

"ခင်ဗျားကတော့ အမျိုးသမီးသေရတာဟာ အဆိပ်လူးမြားကြောင့် သေရတာပဲလို့ တစ်ထစ်ချယူဆနေတယ် မဟုတ်လား"

"ကျုပ်ကိုယ်တိုင် လေယာဉ်ပေါ်မှာတွေ့ပြီး ကောက်ယူခဲ့တဲ့ အဆိပ် လူးမြားငယ်ကြောင့် အမျိုးသမီးသေဆုံးရတာတော့ အမှန်ပဲဗျို့။ ဒါပေမဲ့ ဒီ အမှုမှာ စဉ်းစားစရာ တခြားအချက်တွေကလည်း ရှိနေသေးတယ်"

"ကဲ... ဒါကိုအသာထားဦး။ ကျုပ်တို့စဉ်းစားနေတာကိုပဲ ဆက် စဉ်း စားရအောင်။ လေယာဉ်မောင်နှစ်ဦးကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ထင် တယ်။ ခင်ဗျား ဘယ်လို သဘောရသလဲ"

"ကျုပ်ကတော့ လောလောဆယ်အခြေအနေမှာ ဘယ်သူ့ကိုမှ မဖြစ် နိုင်ဘူးဆိုပြီး စာရင်းထဲက ပယ်ထုတ်ပစ်ဖို့ မဖြစ်သေးဘူးထင်တယ်"

စုံထောက်ဟာကြူလီက သူ၏အာဘော်ကို ပြောလိုက်သည်။

"ကောင်းပြီ။ ကျုပ်တို့ ခရီးသည်တွေကို စိစစ်ကြည့်ရရင် ကောင်း မယ်။ အိမ်သာခန်းတွေနဲ့ အနီးဆုံးနေရာ ထိုင်ခုံတွေက စပြီးကြည့်ကြမယ်"

ပြောရင်းနှင့် ဂျက်သည် လေယာဉ်အတွင်း ထိုင်ခုံများ အနေအထား ဖော်ပြထားသည့် ပုံစံစာရွက်ကို ထောက်ပြရင်း ဆက်ပြောလေသည်။

"ဟောဒီ ခုံနံပါတ် ၁၆ က စပြီးကြည့်ရအောင်။ ဒီခုံမှာထိုင်သူက ဂျိန်းဆိုတဲ့ မိန်းကလေးဖြစ်တယ်။ သူက အိုင်ယာလန်ထီပေါက်ပြီး ရရှိတဲ့ဆုငွေ နဲ့ ပြင်သစ်ပြည် လီဂီနေအရပ်ကို အပန်းဖြေခရီးထွက်ခဲ့တယ်လို့ ထိတိုးတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ သူဟာ လောင်းကစားဝါသနာပါသူ ဖြစ်ရမယ်။ ဒါကြောင့် မိန်းကလေး အနေနဲ့ ငွေပြတ်သွားလို့ သေသူအမျိုးသမီးဆီက ငွေချေးယူတာလည်း ဖြစ်နိုင် တယ်။ ဒါပေမဲ့ သူအလုပ်လုပ်တာက ဆံပင်အလှပြင်ဆိုင်မှာဆိုတော့ လူ သတ်မှုကျူးလွန်ဖို့ မြွေဆိပ်ကို ဘယ်နည်းနဲ့မှ အသုံးပြုမှာ မဟုတ်ဘူး။ လူသတ် သမားက မြွေဆိပ်သုံးတာကိုက မှားတယ်လို့ ကျုပ်တော့ထင်တယ်။ မြွေဆိပ်ဆို တာ သာမန် သူလိုငါလိုလူအနေနဲ့ ရနိုင်ဖို့ လွယ်တာမဟုတ်ဘူး။ လူတစ်ရာမှာ ဆိုရင် နှစ်ယောက်လောက်ပဲ မြွေဆိပ်ဘယ်မှာရနိုင်မယ်ဆိုတာ သိမယ်"

ဂျက်၏စကားအဆုံးတွင် ဟာကြူလီက...

"ဒီတော့ အချက်တစ်ချက်က အလွန်ရှင်းနေပြီပေ့ါ"

ဟု ပြောလိုက်သည်။

ပြင်သစ်ထောက်လှမ်းရေးမှ စုံထောက်ဟာကြူလီ၏စကားကို စိတ်ဝင် စားတန်ဖြင့် လှမ်းကြည့်နေစဉ် ရဲမှူးကြီးဂျက်က ဆက်ပြောပြန်သည်။

"ကျုပ်တော့ ဒီလိုစဉ်းစားမိတယ်။ လူသတ်သမားဖြစ်နိုင်တာ လူနှစ် မျိုးနှစ်စားပဲ ရှိတယ်။ ပထမအမျိုးအစားက နိုင်ငံအနှံ့အပြားကို ခရီးသွားဖူးသူ မြွေမျိုးစုံနဲ့ မြွေဆိပ်တွေအကြောင်း ကျွမ်းကျင်နားလည်သူဖြစ်ရမယ်"

"ဒါဖြင့် ဒုတိယအမျိုးအစားကရော..."

"ဒုတိယအမျိုးအစားက သိပ္ပံပညာနဲ့သက်ဆိုင်တဲ့ သုတေသန လုပ် ငန်းသမား အမျိုးအစားဖြစ်တယ်။ သိပ္ပံပညာဆိုင်ရာ ဓာတ်ခွဲခန်းတချို့မှာ ဒါမျိုး တွေ စမ်းသပ်သုတေသန ပြုတတ်ကြတယ်။ ကျုပ်ကိုယ်တိုင် အစိုးရဓာတ်ခွဲဌာန က မစ္စတာဝင်တာစပွန်းနဲ့ ဆွေးနွေးပြောကြည့်ပြီးပြီ၊ တချို့ဆေးဝါးတွေမှာ မြွေဆိပ်(အထူးသဖြင့် မြွေဟောက်အဆိပ်)ကို အသုံးပြုကြတယ်လို့သိရတယ်။ ပြီးတော့ မြွေကိုက်လို့ မြွေဆိပ်သင့်တာကို ကုသနည်းတွေလည်း အမျိုးမျိုး စမ်းသပ်အသုံးပြုနေကြတယ်"

"အင်း... ဒါလည်း စိတ်ဝင်စားစရာပါပဲ"

မစ္စတာဖိုနီယာက ပြောလိုက်ပြီးနောက် ဂျက်ကပင်ဆက်ပြောပြန် သည်။

"အခုကျုပ်ပြောတဲ့ အမျိုးအစား နှစ်ခုစလုံးမှာ ဂျိန်းဆိုတဲ့ မိန်းကလေး က အကျုံးမဝင်ဘူး။ သူ့အနေနဲ့ သတ်စရာ ရည်ရွယ်ချက် အကြောင်းအချက် လည်းမရှိဘူး။ အထူးသဖြင့် သူ့နေရာက လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြားတို ပစ်လွှတ်ဖို့က မလွယ်ဘူး။ ဟောဒီမှာ ကြည့်လေ"

ဂျက်က လေယာဉ်ပေါ်မှ ထိုင်ခုံပုံစံကို ထောက်ပြသဖြင့် အားလုံး



ငုံ့ကြည့်ကြလေသည်။

"ဟောဒါက ခုံနံပါတ် ၂၆၊ ဟောဒီမှာက သေသူအမျိုးသမီး ထိုင်တဲ့ ခုံနံပါတ် ၂။ ဒီထိုင်ခုံနှစ်ခုကြားမှာ တခြားခရီးသည်တွေ ရှိနေတယ်။ ဂျိန်းဆို တဲ့ မိန်းကလေးဟာ သူ့ထိုင်ခုံက မထဘူးလို့လည်း အားလုံးကပြောတယ်။ နောက်ပြီး ဂျိန်းနေရာက လေမှုတ်ပိုက်နဲ့ သေသူအမျိုးသမီးရဲ့ လည်ပင်းကို ထိမှန်အောင် ချိန်မှုတ်ဖို့က မဖြစ်နိုင်ဘူး။ ဒါကြောင့် ကျုပ်အနေနဲ့ ဂျိန်းကို လူသတ်သမားမဖြစ်နိုင်ဘူးလို့လည်း ကောက်ချက်ချရမလို ဖြစ်နေတယ်။ ကဲ... နောက်တစ်ယောက်ကို ဆက်စဉ်းစားကြည့်ကြမယ်။ ဂျိန်းရဲ့ ထိုင်ခုံ တည့်တည့် ခုံနံပါတ် ၁၂ မှာ သွားဘက်ဆရာဝန် နော်မန်ဂေး(လ်)ထိုင်တယ်။ သူ့ကိုလည်း ဂျိန်းလိုပဲ သုံးသပ်စဉ်းစားလို့ရတယ်။ တစ်ခုတော့ ရှိတာပေ့ါ။ နော်မန်ဂေး(လ်)အနေနဲ့ မြွေဆိပ်ရရှိဖို့ လွယ်မလား မပြောတတ်ဘူး"

ဤတွင် စုံထောက်ဟာကြူလီ ကြားဖြတ်၍...

"သွားဘက်ဆိုင်ရာ ဆရာဝန်တွေက မြွေဆိပ်ကို ထုံဆေးအဖြစ် အသုံးပြုကြတာ မဟုတ်ဘူးဗျ။ မြွေဆိပ်ဆိုတာက လူနာကို ဝေဒနာမပျောက် ဘဲ သေသွားစေနိုင်တယ်"ဟု ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ သွားဘက်ဆိုင်ရာ ဆရာဝန်အနေနဲ့ မြွေဆိပ်ရနိုင် မဲ့ နည်းလမ်းရှိချင် ရှိမှာပေ့ါ။ သူ့အပေါင်းအသင်း မိတ်ဆွေထဲက သိပ္ပံပညာရှင် တစ်ယောက် ရှိချင်ရှိနိုင်တာပဲ။ သို့သော် လူသတ်သမား ဖြစ်နိုင်သလားလို့ စဉ်းစားကြည့်ပြန်တော့ မဖြစ်နိုင်ဖို့က များနေတယ်။ နော်မန်ဂေး(လ်)ဟာ လေယာဉ်ပေါ်တုန်းကတစ်ချိန် ထိုင်ရာကထပြီး အိမ်သာခန်းဘက်ကို သွားခဲ့ တယ်၊ အိမ်သာခန်းက ဆန့်ကျင်ဘက်နေရာမှာ ရှိနေတယ်။ သူ့နေရာကို ပြန် လာမှာ လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြားကို ပစ်လွှတ်ဖို့ကတော့ မဖြစ်နိုင် သလောက် ခဲယဉ်းတယ်"

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာက...

"ဟုတ်တယ်၊ ကျုပ်လည်း ဒီလိုပဲ သဘောရတယ်။ ခင်ဗျားရဲ့ သုံးသပ် ချက်ကိုသာ ဆက်ပြောပါ"

ဟု ပြောလိုက်သည်။

"ဒါဖြင့် ခုံနံပါတ် ၁၇ ကို ကြည့်ကြရအောင်"

"အဲဒါက မူလက ကျုပ်ရဲ့ထိုင်ခုံပဲဗျ။ ဒါပေမဲ့ အမျိုးသမီးငယ် သူတို့ နှစ်ယောက်ချင်း အတူထိုင်ပါစေဆိုပြီး ကျုပ်က ဖယ်ပေးလိုက်တာ"

စုံထောက်ဟာကြူလီက ပြောလိုက်ရာ ရဲမှူးကြီးဂျက်သည် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညိတ်လိုက်ပြီးနောက် စကားဆက်လေသည်။

“ခုံနံပါတ် ၁၇ မှာထိုင်သူက ဗင်နီရှာကားဆိုတဲ့ အမျိုးသမီးဖြစ်တယ်။ သူက အထက်တန်းလွှာကဆိုတော့ သေသူ မာဒမ်ဂီဆယ်(လ်)ဆီက ငွေချေး ယူခဲ့တာ ဖြစ်နိုင်တယ်။ ဒါကြောင့် ဒီအမျိုးသမီးကို ကျုပ်တို့ ဂရုစိုက်ပြီး စဉ်းစား သင့်တယ်။ တကယ်လို့ မာဒမ်ဂီဆယ်(လ်)က လေယာဉ်ပြတင်းပေါက်ဘက်ကို လှည့်နေတယ်ဆိုရင် ဗင်နီရှာကားက သူ့နေရာကနေ လေမှုတ်ပိုက်နဲ့ မှုတ်လွှတ် လို့ ဖြစ်နိုင်တယ်။ တည့်တည့်မှန်ဖို့တော့ မလွယ်ဘူးပေါ့။ ဒီအမျိုးသမီးအနေနဲ့ အဆိပ်ရရှိနိုင်တဲ့ အပေါင်းအသင်းမိတ်ဆွေတွေ ရှိချင်လည်း ရှိနိုင်တယ်။ ဒါပေမဲ့ ဗင်နီရှာကားက သတ်တာလို့ ယူဆဖို့က ခက်နေပြန်တယ်”

“ကျုပ်တော့ ဒီအမျိုးသမီးကို တစ်နေ့က ပမာဏစစ်ဆေးတုန်းက အကဲခတ်ကြည့်မိတယ်။ လူသတ်မှု ကျူးလွန်မယ့်ပုံမျိုး မရှိဘူး။ သူမဖြစ်နိုင်ဘူး ထင်တာပဲ”

မစ္စတာဖိုနီယာက ပြောလိုက်ပြီးနောက် ရဲမှူးကြီးဂျက်ကပင် ဆက် လက်ဆွေးနွေးလေသည်။

“နောက်ခရီးသည်တစ်ဦးကတော့ ခုံနံပါတ် ၁၃ မှာထိုင်တဲ့ အမျိုး သမီး လေဒီဟော်ဘူရီဖြစ်တယ်။ ဒီမိန်းမကတော့ စဉ်းစားစရာပဲဗျ။ သူ့မှာ လူသိမခံချင်တဲ့ လျှို့ဝှက်ချက်တွေ ရှိချင်ရှိနိုင်တယ်”

ဤတွင် ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာကဝင်၍…

“ကျုပ်သိထားတာကတော့ ဒီအမျိုးသမီးဟာ ပြင်သစ်ပြည်၊ လီပီနေ အရပ်က လောင်းကစားဝိုင်းမှာ ငွေအတော်များများ ရှုံးခဲ့တယ်လို့သိရတယ်”

ဟု ပြောလိုက်သည်။

“ဟုတ်လား။ ဒါဖြင့် လေဒီဟော်ဘူရီဟာ သေသူမာဒမ်ဂီဆယ်(လ်)နဲ့ အဆက်အသွယ် ရှိနိုင်တာပေါ့”

“ဟုတ်တယ်”

“ကောင်းပြီ။ ဒီမိန်းမက လောင်းကစားဝိုင်းမှာ ရှုံးပြီးငွေလိုလို့ သေသူ မာဒမ်ဂီဆယ်(လ်)ဆီက ငွေချေးယူတယ်ပဲထားဦး…။ လူသတ်မှုကို ဘယ်လို ကျူးလွန်သလဲဆိုတာ စဉ်းစားရခက်နေတယ်။ သူ့နေရာကနေပြီး မာဒမ် ဂီဆယ်(လ်)ကို လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြား ပစ်လွှတ်မယ်ဆိုရင် ကျန်တဲ့ ခရီးသည်က မြင်ကြမှာ သေချာတယ်”

မစ္စတာဖိုနီယာသည် လေယာဉ်၏ ထိုင်ခုံပုံစံစာရွက်ကို ထောက်ပြ ရင်း ဝင်ဆွေးနွေးလေသည်။



“ခုံနံပါတ် ၉ နဲ့ ၁၀ မှာ ထိုင်သူတွေက မစ္စတာ ဟာကြူလီနဲ့ ဒေါက်တာဘရိုင်ယန်တို့ ဖြစ်တယ်။ မစ္စတာဟာကြူလီက ဘာများပြောချင်ပါ သလဲ”

စုံထောက်ဟာကြူလီ ခေါင်းခါပြလိုက်သည်။

“ဒေါက်တာဘရိုင်ယန်ကို ဆက်စဉ်းစားကြမယ်။ သူက လန်ဒန်မြို့ ဟာလီလမ်းက နာမည်ကြီး ဆရာဝန်တစ်ဦးဖြစ်လေတော့ ပြင်သစ်အမျိုးသမီး ငွေချေးစားသူဆီ သွားရောက်ဆက်သွယ်ဖို့က မနီးစပ်ဘူး။ သို့သော်လည်း တစ်ထစ်ချတော့ မပြောနိုင်ဘူးပေါ့။ နောက်ပြီး ဒေါက်တာဘရိုင်ယန်ဟာ ဆရာဝန်တစ်ယောက်အနေနဲ့ သိပ္ပံသုတေသနဓာတ်ခွဲခန်းက လူတွေနဲ့ အဆက် အသွယ်ရှိနိုင်တယ်၊ မြွေဆိပ်ကို ရယူနိုင်တဲ့အခြေအနေမျိုး ရှိတယ်”

ထိုစကားကို ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာကပင် ဆွေးနွေးလေသည်။

စုံထောက်ဟာကြူလီက သဘောတူပုံမရချေ။

“မြွေဆိပ်ကို ရယူတယ်ဆိုရင် သက်ဆိုင်ရာ ဓာတ်ခွဲခန်းတွေက စနစ် တကျစိစစ်ပြီး မှတ်တမ်းလည်း ထားတယ်ဗျ”

“စိစစ်ပြီး မှတ်တမ်းထားရင်ရော ဒေါက်တာဘရိုင်ယန်က တစ်နည်း နည်းနဲ့ မြွေဆိပ်အစား တခြားဆေးဝါးတစ်ခုခု နာမည်လိမ်ထည့်ထားရင် ဖြစ် တာပဲ”

“တကယ်လို့ ဒေါက်တာဘရိုင်ယန်က သတ်တယ်ဆိုရင် သူကိုယ်တိုင် က ဘာကြောင့် အဆိပ်သင့်သေတာပဲလို့ ထုတ်ဖော်ထုတ်ပြရတာလဲ။ မာဒမ် ဂီဆယ်(လ)ဟာ ရိုးရိုးတန်းတန်း သေဆုံးတာပဲလို့ပြောရင် ဖြစ်တာပဲ မဟုတ် လား”

ရဲမှူးကြီးဂျက်က ဝင်ပြောသော်လည်း စုံထောက်ဟာကြူလီသည် သူ၏ထင်မြင်ချက်ကို ဆက်လက်ပြောလေသည်။

“ကျုပ်ကိုယ်တိုင်က လေယာဉ်ကြမ်းပေါ် ကျနေတဲ့ အဆိပ်လူး ဆူးမြား ငယ်ကို တွေ့ပြီးကောက်ယူလိုက်တယ်။ အဲဒါကြောင့်လည်း အမျိုးသမီး သေဆုံး တာဟာ လူသတ်မှုဖြစ်ကြောင်း ထင်ရှားလာတယ်”

“အဆိပ်လူးဆူးမြားကို ခင်ဗျားမတွေ့ရင်လည်း တစ်ယောက်ယောက် က တွေ့မိမှာပါပဲ”

စုံထောက်ဟာကြူလီက ခေါင်းခါပြီးမှ ပြန်ပြောလေသည်။

“တခြားလူတွေမတွေ့ခင်မှာ လူသတ်သမားကိုယ်တိုင်က အဆိပ်လူး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမြားငယ်ကို လူမသိအောင် အသာပြန်ကောက်သိမ်းဖို့ ရည်ရွယ်တာလည်း ဖြစ်နိုင်တယ်"

"ဘာလဲ။ ဒေါက်တာဘရိုင်ယန်ကိုဆိုလိုတာလား"

"ဒေါက်တာဘရိုင်ယန် သို့မဟုတ် လူသတ်သမားကို ဆိုလိုပါတယ်"

"အခုဟာ လူသတ်မှုဆိုတာ ကျုပ်တို့က သိနေမှကိုး...။ တကယ်လို့ အမျိုးသမီးက ရိုးရိုးနှလုံးရောဂါနဲ့ သေသွားတာပဲလို့ အများကသိနေကြရင် လူသတ်သမားက ကြမ်းပြင်ပေါ် ကျနေတဲ့ အဆိပ်လူးမြားကို အသာလက်ကိုင်ပုဝါနဲ့အုပ်ပြီး ကောက်ယူလိုက်မယ် ဆိုပါတော့"

ရဲမှူးကြီးဂျက်ကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဒါတော့ မှန်တယ်ဗျ။ ဒါကြောင့် ဒေါက်တာဘရိုင်ယန်ကို ကျုပ်တို့က လူသတ်သမားအဖြစ် မသင်္ကာတဲ့ စာရင်းထဲမှာ သေသေချာချာထည့်ထားရမယ်။ ဒါပေမဲ့ ဒေါက်တာဘရိုင်ယန်က သတ်တယ်ဆိုရင် လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြား ပစ်လွှတ်လိုက်တာကို တခြားခရီးသည်တွေက ဘာကြောင့် မမြင်လိုက်တာလဲ။ ဒီတော့ အချက်တစ်ချက်သေချာနေတာက လူသတ်သမားက လေမှုတ်ပိုက်အသုံးပြုတာကို ဘယ်သူကမှ မမြင်လိုက်ကြဘူး"

"ဟုတ်တယ်။ တစ်ခုရှိတာက လူသတ်သမားရဲ့လှုပ်ရှားမှုကို ဘယ်သူမှ မမြင်လိုက်တာဟာ အကြောင်းရှိရမယ်။ အကြောင်းဆိုတာကလည်း စိတ္တဗေဒနဲ့ဆိုင်တဲ့ အကြောင်းပဲ ဖြစ်ရမယ်။ ဒါကို မိတ်ဆွေကြီး မစ္စတာဟာကြူလီကလည်း လက်ခံလိမ့်မယ်လို့ ထင်ပါတယ်"

မစ္စတာဖိုနီယာက ဤသို့ပြောလိုက်ရာ စုံထောက်ဟာကြူလီက...

"ခင်ဗျား ဆက်ပြီးသာပြောစမ်းပါ။ ခင်ဗျားရဲ့ယူဆချက်က အလွန်စိတ်ဝင်စားစရာ ကောင်းနေပါတယ်"ဟု ပြောလိုက်သည်။

မစ္စတာဖိုနီယာလည်း သူ၏ယူဆချက်ကို ဆက်ပြောလေသည်။

"ဥပမာတစ်ခု နှိုင်းယှဉ်ပြီးပြောပါ့မယ်။ မီးရထားနဲ့ ခရီးသွားနေစဉ်မှာ လမ်းဘေးအိမ်တစ်အိမ် မီးလောင်နေတာကို ပြတင်းပေါက်ကနေပြီး အာရုံစိုက်ကြည့်နေကြမယ်မဟုတ်လား။ အဲဒီအချိန်မှာ ခရီးသည်တစ်ဦးက ဓားမြှောင်တစ်လက်ထုတ်ယူပြီး လူတစ်ယောက်ကို ထိုးသတ်လိုက်မယ်ဆိုရင် ဘယ်သူကမှ မြင်လိုက်မှာ မဟုတ်ဘူး"

စုံထောက်ဟာကြူလီကလည်း ထောက်ခံလျက်...

"အဲဒါမှန်တယ်ဗျ။ ကျုပ်ကိုယ်တိုင် ဒါမျိုးနဲ့ အလားတူအမှုတစ်ခု ကြုံခဲ့ဖူးတယ်။ စိတ္တဗေဒသဘောအရ လူတွေအားလုံး တစ်ခုခုကို အာရုံစိုက်နေ



နိုင်မှာဆိုရင် လူတစ်ယောက်ရဲ့လှုပ်ရှားမှုကို သတိမပြုမိကြဘူး။ ဒီတော့ အခု လူသတ်မှုဖြစ်ပွားတဲ့ လေယာဉ်ပေါ်မှာ အဲဒီလို စိတ္တဗေဒဆန်ဆန် ဖြစ်ရပ်တစ်ခုများ ရှိခဲ့သလားလို့ လေ့လာကြည့်သင့်တယ်"

ဟု ပြောလိုက်သည်။

"ဒါတော့ လေယာဉ်မောင်နှစ်ဦးနဲ့ ခရီးသည်တွေကို အသေးစိတ်မေးကြည့်ရင် သိနိုင်ပါလိမ့်မယ်"

ရဲမှူးကြီးဂျက်က ပြောလိုက်သည်။

"တစ်ခုရှိတာက အဲဒီလိုစိတ္တဗေဒဆန်ဆန် ဖြစ်ရပ်မျိုး လေယာဉ်ပေါ်မှာရှိခဲ့ရင် ဒီဖြစ်ရပ်ကို လူသတ်သမားကိုယ်တိုင်က ဖန်တီးခဲ့တာ ဖြစ်ရမယ်"

"ဒါလည်းဟုတ်တာပဲ"

ထို့နောက် ရဲမှူးကြီးဂျက်က ဆက်ပြောလေသည်။

"ကောင်းပြီလေ။ ဒီအချက်ကို စုံစမ်းမေးမြန်းဖို့ မှတ်ထားပါ့မယ်။ တိုင်း... ခရီးသည်တွေကို ဆက်လေ့လာကြမယ်။ အခုဆိုရင် ခုံနံပါတ် ၈ မှာ ထိုင်သူ မစ္စတာကလင်စီကို စဉ်းစားရအောင်။ ကျုပ်သဘောအရဆိုရင် ဒီလူက လူသတ်သမားဖြစ်နိုင်မယ့် မသင်္ကာသူစာရင်းမှာ ထိပ်ဆုံးရှိသင့်တယ်လို့ထင်တယ်။ လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုရေးဆရာတစ်ယောက်အနေနဲ့ မြွေဆိပ်ကို စိတ်ဝင်စားပြီး လေ့လာချင်ဟန်ဆောင်ပြီး သိပ္ပံပညာရှင်တစ်ဦးဦးရဲ့ အကူအညီနဲ့ အဆိပ်ကိုရယူနိုင်တယ်။ ပြီးတော့ ခရီးသည်ထဲမှာ ဒီလူ တစ်ယောက်တည်း ကသာ ထိုင်ရာကထပြီး သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ ထိုင်ခုံနားကို သွားခဲ့တယ် ဆိုတာလည်း သိရတယ်"

"ကျုပ်ကလည်း အဲဒီအချက်ကို မမေ့ပါဘူးဗျ"

စုံထောက်ဟာကြူလီက ပြောလိုက်ပြီးနောက် ဂျက်ကပင်ဆက်ပြောလေသည်။

"မစ္စတာကလင်စီဟာ သေသူအမျိုးသမီးအနားကိုသွားပြီး လေမှုတ်ပိုက်နဲ့ အနီးကပ်မှုတ်လိုက်တယ်ဆိုရင် ဖြစ်နိုင်တယ်။ စောစောကပြောတဲ့ စိတ္တဗေဒဖြစ်ရပ်မျိုးကိုတောင် မလိုဘူး။ နောက်တစ်ချက်သတိပြုရမှာက ဒီလူဟာ တိုင်းရင်းသားလူမျိုးစုတွေ အသုံးပြုတဲ့ လေမှုတ်ပိုက်လက်နက်အကြောင်း ကောင်းကောင်းသိသူဖြစ်တယ်။ သူကိုယ်တိုင်ကလည်း ဖွင့်ပြောသွားတယ် မဟုတ်လား"

"အဲဒီလိုဖွင့်ပြောတဲ့အတွက် စဉ်းစားစရာ ဖြစ်နေပြန်တယ်"

စုံထောက်ဟာကြူလီက ထောက်ပြလိုက်သော်လည်း ရဲမှူးကြီးဂျက်

www.burmeseclassic.com

www.burmeseclassic.com



က လက်မခံချေ။

"ဒါတော့ ဒီလူက တမင်သက်သက် ပရိယာယ်လုပ်ပြီး ပြောတာပဲ။ နောက်ပြီး ပဏာမစစ်ဆေးတဲ့ရုံးမှာ သူတင်ပြတဲ့ လေမှုတ်ပိုက်က လွန်ခဲ့တဲ့ နှစ်နှစ်က ဝယ်ယူခဲ့တယ်ဆိုတာ ဟုတ်ချင်မှဟုတ်မယ်။ ကျုပ်ကတော့ ဒီလူကို မသင်္ကာဘူး။ စုံထောက်ဝတ္ထုရေးဆရာဆိုပြီး ရာဇဝတ်မှုခင်းတွေအကြောင်း အမြဲစဉ်းစားနေတဲ့လူဟာ သူကိုယ်တိုင်လက်တွေ့ လုပ်ကြည့်ချင်တဲ့ စိတ်မျိုး ပေါက်လာနိုင်တယ်"

"စာရေးဆရာဆိုတာကတော့ သူရေးတဲ့ဝတ္ထုအတွက် ဇာတ်လမ်း၊ ဇာတ်ကွက်တွေကို စဉ်းစားနေရမှာပဲဗျ"

စုံထောက်ဟာကျူလီက ထောက်ခံသလိုလို ပြောခဲ့ပြီးနောက် ရဲမှူးကြီးဂျက်သည် လေယာဉ်ထိုင်ခုံပုံစံစာရွက်ကိုကြည့်၍ ဆက်ပြောလေသည်။

"ခုံနံပါတ် ၄ မှာ ထိုင်သူက မစ္စတာရိုင်ဒါဖြစ်တယ်။ သူ့နေရာက သေသူအမျိုးသမီး ထိုင်ခုံရဲ့ ရှေ့တည့်တည့်မှာ ဖြစ်တယ်၊ ကျုပ်တော့ ဒီလူသတ်တာလို့ မထင်ဘူး။ ဒါပေမဲ့လည်း မသင်္ကာသူစာရင်းထဲက ထုတ်ပစ်လို့တော့ မဖြစ်သေးဘူး၊ သူဟာ ထိုင်ရာကထပြီး အိမ်သာခန်းကို သွားခဲ့တယ်။ သူ့နေရာကိုပြန်အလာမှာ လေမှုတ်ပိုက်နဲ့ အဆိပ်ပစ်လွှတ်မယ်ဆိုရင် ဖြစ်နိုင်တယ်။ ဒီလိုဆိုပြန်တော့လည်း ခုံနံပါတ် ၅ နဲ့ ၆ မှာရှိတဲ့ ပြင်သစ်လူမျိုးသားအဖက မြင်မှာသေချာတယ်"

ထိုအခါ စုံထောက်ဟာကျူလီသည် စဉ်းစားနေရာမှ ခေါင်းခါလိုက်သည်။

"ဒီလိုလည်း တွက်လို့မရဘူးဗျ။ ခင်ဗျားက ရှေးဟောင်းသုတေသနပညာရှင်တွေအကြောင်း ကောင်းကောင်းသိဟန်မတူဘူး။ ပြင်သစ်လူမျိုးသားအဖဆိုရင် ရှေးဟောင်းသုတေသနဘာသာရပ်အကြောင်း ဆွေးနွေးရင်း သူတို့ရဲ့စိတ်က မျက်မှောက်ခေတ်မှာမရှိဘဲ ဟိုနှစ်ပေါင်းခြောက်ထောင်လောက်က အတိတ်ကာလဆီကို ရောက်နေကြလိမ့်မယ်။ လက်ရှိပတ်ဝန်းကျင်ကိုလည်း သူတို့က ဘာမှ သတိပြုမိကြမှာမဟုတ်ဘူး"

ဟာကျူလီ၏ ပြောပြချက်ကို ရဲမှူးကြီးဂျက်သည် ဘဝင်ကျပုံမရဘဲ...

"ဒီလိုလည်း ဖြစ်ချင်ဖြစ်နိုင်တယ်ဆိုပါတော့။ အဲဒီပြင်သစ်လူမျိုးသားအဖအကြောင်းကို မစ္စတာဖိုနီယာက ဘာများသိပါသလဲ"

ဟုမေးလိုက်ရာ ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာက...

"ထင်ရှားတဲ့ ရှေးဟောင်းသုတေသနပညာရှင်ကြီး တစ်ဦးဖြစ်တယ်"



ဟု ပြန်ပြောလေသည်။

"ဒါကတော့ ဒီအမှုနဲ့ဘာမှမဆိုင်ပါဘူး။ သူတို့သားအဖထိုင်တဲ့နေရာ ဆိုရင် လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြားကို ပစ်လွှတ်ဖို့ရာ အဆင်သင့်နေတယ်၊ ပြီးတော့ သူတို့ဟာ ကမ္ဘာအနှံ့အပြားကို ခရီးသွားဘူးတဲ့အတွက် တစ်နေရာရာ က မြွေဆိပ်ကို ရယူဖို့လည်း ဖြစ်နိုင်တယ်"

ရဲမှူးကြီးဂျက်က ထောက်ပြလိုက်သောအခါ မစ္စတာဖိုနီယာလည်း...

"ဟုတ်ကဲ့။ ဖြစ်နိုင်ပါတယ်"ဟု ဝန်ခံလိုက်သည်။

"ဒါပေမဲ့ ခင်ဗျားက သူတို့သားအဖလက်ချက်ဖြစ်တယ်လို့ မထင် ဘူးဆိုပါတော့"

"ဒီလိုရှိပါတယ်။ မစ္စတာဒူပွန်ဟာ သူ့ရဲ့လုပ်ငန်းဖြစ်တဲ့ ရှေးဟောင်း သုတေသနအလုပ်ကို အလွန်မြတ်နိုးသူဖြစ်ပါတယ်။ တစ်ချိန်က ရှေးဟောင်း ပစ္စည်းတွေရောင်းတဲ့ ဆိုင်တစ်ဆိုင်ရှိခဲ့တယ်၊ ဆိုင်က အတော်ပဲအောင်မြင်နေ ခဲ့တယ်။ အဲဒီစီးပွားရေးလုပ်ငန်းကို စွန့်လွှတ်ပြီး မစ္စတာဒူပွန်ဟာ သူကိုယ်တိုင် ရှေးဟောင်းသုတေသနလုပ်ငန်း လုပ်ချင်လွန်းလို့ ဝေးလံခေါင်းပါးတဲ့ အရပ်တွေ ကို သွားရောက်တူးဖော်တဲ့ အလုပ်လုပ်ခဲ့တယ်။ ဒီလူရဲ့စိတ်ထားနဲ့ ပင်ကိုစရိုက် အရ လူသတ်သမားဖြစ်ဖို့က အတော်ခဲယဉ်းတယ်။ ဒါပေမဲ့ လုံးလုံးမဖြစ်နိုင် ဘူးလို့တော့ မဆိုလိုပါဘူး"

မစ္စတာဖိုနီယာက သူ၏ထင်မြင်ချက်ကို ပြောလိုက်သည်။

ရဲမှူးကြီးဂျက်သည် သူရေးမှတ်ထားသော မှတ်စုစာရွက်များကို ကောက်ကိုင်ကြည့်ရင်း ဆက်ပြောပြန်သည်။

"အခုအတိုင်းဆိုရင် ကျုပ်တို့စဉ်းစားသုံးသပ်ကြည့်ရသလောက် အခြေအနေ ဒီလိုရှိနေတယ်။ ဂျိန်းဆိုတဲ့ မိန်းကလေးက လူသတ်သမားဖြစ်နိုင် မှ မနီးစပ်ဘူး။ လက်တွေ့မဖြစ်နိုင်သလောက်ပဲ။ နော်မန်ဂေး(လ်)ဆိုတဲ့ လူက လည်း အလားတူဖြစ်နိုင်ဖို့ ခဲယဉ်းတယ်။ ဗင်နီရှာကားဆိုတဲ့ အမျိုးသမီးကို လေ့လာကြည့်တော့လည်း ဖြစ်နိုင်ဖို့ ခဲယဉ်းနေပြန်တယ်။ လေဒီဟော်ဘူရီက တော့ ဖြစ်နိုင်သလိုရှိပေမဲ့ လက်တွေ့သတ်ဖို့ အခြေအနေမရှိဘူး၊ နောက်ပြီး ကျုပ်တို့မိတ်ဆွေကြီး မစ္စတာဟာကျူလီရှိတယ်။ သူကတော့ စောစောက ကျုပ် တို့ပြောခဲ့တဲ့ စိတ္တဇဗေဒအခြေအနေကို ဖန်တီးတတ်သူပဲ။ သူပဲ လူသတ်သ မားဖြစ်ရမယ်လို့ ဆိုရမလိုဖြစ်နေတယ်"

ဂျက်က ရယ်စရာလုပ်၍ ပြောလိုက်ရာ စုံထောက်ဟာကျူလီသည် သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။ ထို့နောက် ရဲမှူးကြီးဂျက်သည်ပင် ဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



ပြောလေသည်။

"ကျန်တဲ့လူတွေကို ဆက်စဉ်းစားကြည့်ကြမယ်။ ဒေါက်တာဘရိုင်ယန်ဆိုရင် ဖြစ်လည်းဖြစ်နိုင်တယ်။ လက်တွေ့လုပ်ဖို့ အခြေအနေလည်းရှိတယ်။ မစ္စတာဘရိုင်ဆိုသူကတော့ ဖြစ်နိုင်ဖို့ မနီးစပ်ဘူး။ ပြင်သစ်လူမျိုး မစ္စတာဒူပွန်တို့ သားအဖကတော့ လူသတ်မှုကျူးလွန်ဖို့ ရည်ရွယ်ချက်ရှိဖို့ ခဲယဉ်းပေမဲ့ လက်တွေ့လုပ်ဖို့ အခြေအနေက ရှိနေတယ်။ မစ္စတာကလင်စီဆိုတဲ့ စာရေးဆရာ သတ်ဖို့ရည်ရွယ်ချက်ကို စဉ်းစားလို့မရသော်လည်း လက်တွေ့သတ်နိုင်တဲ့ အခြေအနေကောင်းကောင်း ရှိနေတယ်။ ဒါဟာ ကျုပ်တို့ရဲ့ သုံးသပ်ချက် အတိုချုပ်ပဲ။ နောက်ထပ် ကျုပ်တို့က ဆက်လက်စုံစမ်းဖို့ လိုလိမ့်မယ်။ ကျုပ်တော့ အရင်ဆုံး မစ္စတာကလင်စီနဲ့ ဒေါက်တာဘရိုင်ယန်တို့နှစ်ယောက်အကြောင်းကို စုံစမ်းကြည့်မယ်။ သူတို့ရဲ့ နောက်ကြောင်းရာဇဝင်ကိုပါ လိုက်လေ့လာကြည့်မှ ဖြစ်မယ်။ လွန်ခဲ့တဲ့ ရှစ်နှစ်အတွင်းက သူတို့ရဲ့လှုပ်ရှားမှုတွေကိုပါ ပြန်လိုက်ကြည့်မယ်။ ပြီးတော့ မစ္စတာရိုင်ဒါဆိုတဲ့ လူအကြောင်းကိုလည်း လိုက်စုံစမ်းကြည့်မယ်။ တခြားလူများကိုလည်း လျစ်လျူရှုမထားပါဘူး။ ဝီလ်ဆင်ဆိုတဲ့လူကို တာဝန်ပေးထားမယ်။ မစ္စတာဖိုနီယာကတော့ ပြင်သစ်လူမျိုးသားအဖအကြောင်း လိုက်စုံစမ်းပေးစေချင်ပါတယ်"

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာကလည်း လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ။ ကျုပ် တာဝန်ယူပါ့မယ်။ ဒီနေ့ညပဲ ကျုပ်က ပဲရစ်မြို့ကို ပြန်သွားဖို့ အစီအစဉ်ရှိတယ်။ သေသူအမျိုးသမီးရဲ့ အိမ်ဖော်ကိုလည်း ထပ်ပြီးမေးမြန်းကြည့်ရင် အချက်အလက် နောက်ထပ် ရနိုင်စရာရှိတယ်။ ပြီးတော့ ကျုပ်က သေသူ မာဒမ်ဂီဆယ်လ်ရဲ့ နောက်ဆုံးလှုပ်ရှားမှုတွေကို အသေးစိတ်ပြန်စုံစမ်းကြည့်မယ်။ ဥပမာ ပြီးခဲ့တဲ့နွေရာသီတုန်းက သူဟာ ဘယ်အရပ်ရောက်နေတယ်ဆိုတာ စုံစမ်းကြည့်ရင်ကောင်းမယ်။ ကျုပ်သိရသလောက် ဒီအမျိုးသမီးဟာ လောင်းကစားဝိုင်းတွေရှိတဲ့ လီပီနေအရပ်ကို တစ်ကြိမ်နှစ်ကြိမ်ရောက်ခဲ့တယ်လို့ သိရတယ်။ ဒီအမျိုးသမီးနဲ့ အဆက်အသွယ်ရှိတဲ့ အင်္ဂလိပ်လူမျိုးတွေအကြောင်းကိုပါ စုံစမ်းကြည့်ပါ့မယ်"

ထိုအချိန်၌ စုံထောက်ဟာကြူလီသည် ဘာမှမပြောဘဲ စဉ်းစားနေဟန်ဖြင့်ထိုင်နေရာ ဂျက်ကလှမ်းကြည့်ရင်း...

"ဘယ့်နှယ်လဲ မစ္စတာဟာကြူလီ။ ခင်ဗျားက ဘယ်လိုဘက်က တာဝန်ယူမှာလဲဗျ"ဟု မေးလိုက်သည်။



"ကျုပ်က ဖိုနီယာနဲ့အတူ ပဲရစ်မြို့ကို လိုက်သွားချင်တယ်"

"ဟုတ်ကဲ့။ ဒီလိုဆိုရင် ဝမ်းသာပါတယ်။ လိုက်ခဲ့ပါခင်ဗျ"

မစ္စတာဖိုနီယာက ဝမ်းသာအားရ ပြောလိုက်သော်လည်း ရဲမှူးကြီးဂျက်ကမူ စုံထောက်ဟာကြူလီအား နားမလည်သလို လှမ်းကြည့်လိုက်သည်။

"ခင်ဗျားက ဘယ်လိုအကြံအစည်များ ရှိလို့လဲ။ ကျုပ်တို့ စကားပြောနေတုန်းမှာ ခင်ဗျားက ဘာမှမပြောပဲ အသာငြိမ်နေတယ်။ အမှုနဲ့ပတ်သက်လို့ ဘယ်လိုများ စိတ်ကူးရလို့လဲဗျ"

"စိတ်ကူးတော့ ရပါတယ်။ ဒါပေမဲ့ မလွယ်လှဘူးဗျ"

"ဘယ်လို မလွယ်တာလဲ။ ပြောစမ်းပါဦး"

"ကျုပ်စိတ်ထဲ မကျေမနပ်ဖြစ်နေတာ တစ်ခုရှိတယ်။ အဲဒါကတော့ လေမှုတ်ပိုက်ကို တွေ့ရတဲ့ နေရာပဲ"

"ဘာလဲ... ခင်ဗျားကိုယ်တိုင် လေမှုတ်ပိုက်ကို တွေ့ရတဲ့အတွက် ခင်ဗျားအချုပ်ခံရတော့မလို ဖြစ်လို့လား"

"ဒီလိုမဟုတ်ပါဘူး။ လေမှုတ်ပိုက်ကို ကျုပ်ရဲ့ထိုင်ခုံနောက်မှာ ထိုးထည့်ထားတာက အကြောင်းမဟုတ်ဘူး။ ဘာကြောင့် ထိုင်ခုံတစ်ခုခုရဲ့ နောက်မှာ ထိုးထည့်ထားရသလဲဆိုတာ ကျုပ်က စဉ်းစားနေမိတယ်"

"ဟာဗျာ... ဒါတော့ လူသတ်သမားဟာ လေမှုတ်ပိုက်ကို သူ့ကိုယ်မှာ အတွေ့ခံလို့ မဖြစ်တဲ့အတွက် တစ်နေရာရာမှာ ဝှက်ထားလိုက်ရတဲ့ သဘောဖြစ်မှာပေါ့ဗျ"

ရဲမှူးကြီးဂျက်က ဤသို့ပြောလိုက်လျှင် စုံထောက်ကြီးဟာကြူလီက ခေါင်းခါလိုက်သည်။

"လူသတ်သမားအနေနဲ့ လေမှုတ်ပိုက်ကို ဖျောက်ဖျက်ပစ်ဖို့ အခြားနည်းလမ်းရှိနေတယ်။ လေယာဉ်ပေါ်က ပြတင်းပေါက်မရှိပေမဲ့ ဗင်တီလေတာဆိုတဲ့ လေပေါက်ငယ်ကလေးတွေ ရှိတယ်။ လူသတ်သမားဟာ အဲဒီလေပေါက်တစ်ခုခုက လေမှုတ်ပိုက်ကို အမှတ်မဲ့ ထုတ်ပစ်လိုက်နိုင်တယ်မဟုတ်လား။ ဘာဖြစ်လို့ ထိုင်ခုံနောက်မှာ လာဝှက်ထားရတာလဲ"

"ဘာကြောင့်လဲဆိုတော့ လေမှုတ်ပိုက်ကို အဲဒီလို လေပေါက်ကတွန်းထုတ်ပစ်မယ်ဆိုရင် ဘေးလူတွေမြင်သွားမှာ စိုးလို့ဖြစ်မှာပေါ့"

ထိုစကားကို စုံထောက်ဟာကြူလီက လက်မခံချေ။

"လေပေါက်က ထိုးပစ်ထုတ်ရင် လူမြင်မှာ ကြောက်သည့်လူတာ ဆေး

www.burmeseclassic.com

www.burmeseclassic.com



မှတ်ပိုက်ကို ပါးစပ်မှာတော့ပြီး မှတ်လွှတ်ဖို့ကိုတော့ လူမြင်မှာ မကြောက်ဘူးလား"

"အေးဗျ။ ဒီလိုဆိုတော့လည်း အဓိပ္ပာယ်မရှိသလို ဖြစ်နေပြန်တယ်။ ဘာပဲဖြစ်ဖြစ် လေမှုတ်ပိုက်ကို ထိုင်ခုံနောက်မှာ ဝှက်ထားလိုက်တာကိုတော့ ဘယ်လိုမှ ငြင်းမရတဲ့ အချက်ဖြစ်နေတယ်..."

ဂျက်ကပြောလိုက်လျှင် ဟာကြူလီက ဘာမှမပြောပဲ နေလိုက်သည်။

မစ္စတာဖိုနီယာကမူ...

"ဒါနဲ့ပတ်သက်ပြီး မစ္စတာဟာကြူလီက စိတ်ကူးတစ်မျိုး ရတယ်လား"ဟု မေးလိုက်သည်။

"ဟုတ်တယ်။ ကျုပ်တစ်မျိုးစဉ်းစားမိတယ်"

ထိုသို့သာပြောပြီး ဟာကြူလီသည် ရဲမှူးကြီးဂျက်အား လှမ်း၍...

"စောစောက ကျုပ်ပြောထားတဲ့ ခရီးသည်တစ်ဦးချင်းရဲ့ ပစ္စည်းအသုံးအဆောင် အသေးစိတ်စာရင်းကို ပြုစုပြီးပြီလား"ဟု မေးလိုက်သည်။

❖ ❖ ❖

(၈)

ရဲမှူးကြီးဂျက်သည် ပြုံးလိုက်ပြီး...

"ကျုပ်က စောစောက ခင်ဗျားပြောတဲ့အတိုင်း ကတိတည်စွာ အဆင်သင့် လုပ်ထားပြီးပါပြီဗျ"ဟုပြောရင်း အင်္ကျီအိတ်ထဲမှ လက်နှိပ်စက်ရိုက်ထားသော စာရွက် များကို ထုတ်ယူလိုက်သည်။

"ဟောဒီမယ်၊ ခရီးသည်တွေရဲ့ ပစ္စည်းစာရင်းအသေးစိတ်ကို ရေးမှတ်ထားတယ်။ ဒါနဲ့ပတ်သက်ပြီး ထူးဆန်းတာတစ်ခုတော့ ရှိတယ်လို့ ကျုပ်ဝန်ခံရမယ်။ ခင်ဗျားတို့ ဒီစာရင်းကို ဖတ်ကြည့်ပြီးရင် ကျုပ်ပြောပြပါမယ်"

စုံထောက်ဟာကြူလီသည် စာရွက်များကို လှမ်းယူသည်။ ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာက သူ၏ပခုံးပေါ်မှ လှမ်းကြည့်နေစဉ် ဟာကြူလီက စာရင်းကို စတင်ဖတ်လေသည်။

"မစ္စတာဘရိုင်ဒါ၏ ပစ္စည်းစာရင်း"

အင်္ကျီအိတ်ထဲတွင်တွေ့ရသော ပစ္စည်းများ... လက်ကိုင်ပဝါတစ်ထည်၊ စတာလင်ငွေ တစ်ပေါင်တန် ငွေစက္ကူ ခုနစ်ရွက်၊ နာမည်လိပ်စာကဒ်ပြားသုံးခု၊ သူ၏လုပ်ငန်းအစုရှင်ပါတနာ အီဘာမင်ဆိုသူထံမှ စာတစ်စောင်၊ ဟော်ဒီဆိုသူထံမှ နောက်တစ်နေ့ညနေ တွေ့ဆုံရန် ချိန်းဆိုသော စာတစ်စောင်၊ သစ်သားမီးခြစ်တစ်လုံး၊ သော့တွဲတစ်ခု၊ ပြင်သစ်နှင့် အင်္ဂလိပ်ငွေအကြွေ အနည်းငယ်။ လက်ဆွဲအိတ်အတွင်းမှ ပစ္စည်းများ-ဘိလပ်မြေ ရောင်းဝယ်ရေး လုပ်ငန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများ၊ ဘုတလစ်ကတ်အမည်ရှိ စာစောင်တစ်အုပ်၊ (ယင်းစာအုပ်ကို အင်္ဂလန်ပြည်တွင် ပိတ်ပင်ထားသည်) အအေးမိရောဂါ ပျောက်ဆေးတစ်ဘူး။

www.burmeseclassic.com



ဒေါက်တာဘာရိုင်ယန်၏ ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ လက်ကိုင်ပဝါ နှစ်ထည်၊ အင်္ဂလိပ်ငွေပေါင် (၂၀) နှင့် ပြင်သစ်ငွေဖရန့် (၅၀၀) ပါသော ပိုက်ဆံအိတ်၊ မှတ်စုစာအုပ် တစ်အုပ်၊ စီးကရက်ဘူး၊ ဓာတ်မီးခြစ်၊ ဖောင်တိန်၊ သော့တွဲတစ်ခု၊ ပလွေတစ်ခုပါသော သေတ္တာတစ်ခု။

"နော်မန်ဂေးလ်၏ ပစ္စည်းများ အကျီအိတ်ထဲမှ ပစ္စည်းများမှာ ပိုးသတ် လက်ကိုင်ပဝါ တစ်ထည်၊ အင်္ဂလိပ်ငွေ တစ်ပေါင်နှင့် ပြင်သစ်ငွေဖရန့် (၆၀၀)ပါသော ပိုက်ဆံအိတ်၊ ငွေအကြွေများ၊ ပြင်သစ်ပြည်မှ သွားဘက်ဆရာဝန်သုံး ပစ္စည်းရောင်းသော ကုမ္ပဏီနှစ်ခု၏ လိပ်စာကတ်ပြားနှစ်ခု၊ ငွေရောင်ဓာတ်မီးခြစ်၊ ဆေးတံတစ်ခုနှင့် ဆေးမှုန့်ထည့်သော သားရေအိတ် သော့ချောင်း၊ လက်ကိုင်အိတ်အတွင်းမှ ပစ္စည်းများမှာ အဖြူရောင် ဆရာဝန် ကုတ်အင်္ကျီ၊ သွားဘက်ဆရာဝန်သုံး မှန်ငယ်နှစ်ခု၊ ဆရာဝန်သုံး ဝါဂွမ်းများ။

မစ္စတာဒူပွန်၏ ပစ္စည်းများမှာ အကျီအိတ်ထဲမှ ပြင်သစ်ငွေ ဖရန့် (၁၀၀၀)နှင့် အင်္ဂလိပ်ငွေ ဆယ်ပေါင်ပါသော ပိုက်ဆံအိတ်၊ မျက်မှန်တစ်လက်နှင့် မျက်မှန်အိတ်၊ ပြင်သစ်ငွေအကြွေများ၊ ချည်လက်ကိုင်ပဝါတစ်ထည်၊ စီးကရက်တစ်ဘူး၊ မီးခြစ်၊ နာမည်ကတ်ပြားများ၊ သွားကြားထိုးတုတ်တံ၊ လက်ကိုင်အိတ်ထဲ၌တွေ့ရသော ပစ္စည်းများမှာ အင်္ဂလန်ပြည် အာရှ သုတေ သန၌ ပြောရန်ရေးသားထားသော မိန့်ခွန်းစာရွက်၊ ဂျာမနီပြည်ထုတ် ရှေး ဟောင်း သုတေသနဆိုင်ရာ စာအုပ်နှစ်အုပ်၊ ရှေးဟောင်းအိုးခွက်များ၊ ပုံကြမ်းရေးဆွဲထားသော စာရွက်နှစ်ရွက်၊ ရှေးဟောင်းပိုက်ငယ်နှစ်ခု၊ ရှေးဟောင်းအိုးခွက်ပုံစံများ ရိုက်ကူးထားသော ဓာတ်ပုံ (၉)ပုံ။

မစ္စတာဒူပွန်၏သား ဂျွန်ထံမှ တွေ့ရှိသောပစ္စည်းများမှာ အကျီအိတ်ထဲမှ အင်္ဂလိပ်ငွေ ငါးပေါင်နှင့် ပြင်သစ်ငွေဖရန့် (၃၀၀)ပါသော ပိုက်ဆံအိတ်၊ စီးကရက်သောက်သည့် စွပ်တံတစ်ခု၊ ဓာတ်မီးခြစ်၊ ဖောင်တိန်၊ ခဲတံနှစ်ချောင်း၊ မှတ်စုစာအုပ်ငယ်တစ်အုပ်။

မာရီနာဆိုသူက နေ့လယ်စာစားရန် အင်္ဂလိပ်ဘာသာဖြင့် ဖိတ်ကြားထားသော စာတစ်စောင်၊ ပြင်သစ်ငွေ အကြွေများ၊ မစ္စတာကလင်စီထံမှ တွေ့ရသော ပစ္စည်းများ။ မင်စွန်းနေသော လက်ကိုင်ပဝါတစ်ထည်၊ ဖောင်တိန်၊ အင်္ဂလိပ်ငွေ လေးပေါင်နှင့် ပြင်သစ်ငွေဖရန့် (၄၀၀)ပါသော ပိုက်ဆံအိတ်၊ သတင်းစာဖြတ်ပိုင်းသုံးခု၊ (ဖြတ်ပိုင်းများမှာ မှုခင်းသတင်းများအကြောင်းဖြစ်ပြီး တစ်ခုက အဆိပ်ခပ်သတ်မှု၊ ကျန်နှစ်ခုက ငွေအလွဲသုံးစားမှုများ ဖြစ်သည်။

အိမ်မြေရောင်းဝယ် ကိုယ်စားလှယ်ထံမှ စာနှစ်စောင်၊ မှတ်တမ်း



စာအုပ်တစ်အုပ်၊ ခဲတံလေးချောင်း၊ မောင်းချဓားတစ်လက်၊ ငွေရပြေစာ သုံးခုနှင့် ငွေမချေရသေးသော ဘီလ်တောင်းခံစာလေးခု၊ ဂေါ်ဒင်ထံမှ စာတစ်စောင်၊ ကိုင်းမ်သတင်းစာမှ ပဟေဠိဖြတ်ပိုင်းတစ်ခု၊ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီနှင့် ဆွစ်ဇာလန်နိုင်ငံသုံး ငွေအကြွေများ၊ ဟိုတယ်၌ တည်းခိုသည့် ငွေရပြေစာ၊ သော့ခပ်များများပါသော သော့တွဲအကြီးတစ်ခု၊ ကုတ်အင်္ကျီအိတ်အတွင်းမှ တွေ့ရသော ပစ္စည်းများမှာ-

ဗိဆူးဗီယပ်(စ်)တောင်ပေါ်မှ လူသတ်မှု အမည်ရှိ ဝတ္ထု၏စာမူများ၊ ဘရက်ဒ်ရှော အဘိဓာန်စာအုပ်၊ ဂေါက်သီးဘောလုံးတစ်လုံး၊ ခြေအိတ်တစ်ရံ၊ သွားပွတ်တံ ပြင်သစ်ပြည်၊ ပဲရစ်မြို့မှ ဟိုတယ်တစ်ခု၌ တည်းခိုသည့် ဟိုတယ်ခငွေပြေစာ။

မစ္စတာဇင်နီရှာကားထံမှ ပစ္စည်းများမှာ ပိုက်ဆံအိတ်ထဲမှ နှုတ်ခမ်းနီဆိုးဆေး၊ စီးကရက်စွပ်တံနှစ်ခု (တစ်ခုက ဆင်စွယ်၊ ကျန်တစ်ခုက ကျောက်စိမ်း)၊ စီးကရက်ဘူး၊ သစ်သားမီးခြစ်၊ လက်ကိုင်ပဝါ၊ အင်္ဂလိပ်ငွေနှစ်ပေါင်၊ ပိုက်ဆံအကြွေများ၊ ဘဏ်တိုက်ငွေလွှဲစာတစ်ခု၊ သော့များ၊ လက်ကိုင်အိတ်ထဲမှ ပစ္စည်းများမှာ-

အလှပြင်ကိရိယာများ၊ သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ကတ်ကြေးနှစ်လက်၊ အင်္ဂလန်ပြည်ရှိ မိသားစုထံမှ စာငါးစောင်၊ ဝတ္ထုစာအုပ်နှစ်အုပ်၊ ခွေးနှစ်ကောင်၏ ဓာတ်ပုံ။

ဂျိန်း၏ ပစ္စည်းများမှာ လက်ကိုင်အိတ်အတွင်းမှ နှုတ်ခမ်းနီဆိုးဆေး၊ ပါးနီဆိုးဆေး၊ ယေးလ်သော့တစ်ချောင်းနှင့် သံသေတ္တာသော့တစ်ချောင်း၊ ခဲတံ၊ စီးကရက်ဘူး၊ စီးကရက်စွပ်တံတစ်ခု၊ သစ်သားမီးခြစ်၊ လက်ကိုင်ပဝါနှစ်ထည်၊ ဟိုတယ်၌ တည်းခိုသည့် ပြေစာ။ (လီပီနေအရပ်မှ ဟိုတယ်ဖြစ်သည်။)

ပြင်သစ်စကားပြောနည်း စာအုပ်ငယ်၊ ပြင်သစ်ငွေဖရန့် (၁၀၀)ပါသော ပိုက်ဆံအိတ်၊ အင်္ဂလိပ်နှင့် ပြင်သစ်ငွေအကြွေများ၊ ကစားဝိုင်းများ၌သုံးသည့် ပြင်သစ်ငွေ (၅)ဖရန့်တန် တိုကင်တစ်ခု၊ ကုတ်အင်္ကျီအိတ်အတွင်းမှ ဗဲရုတ်မြို့ ရှုခင်းဓာတ်ပုံ ပို့စကတ် (၆)ခု၊ လက်ကိုင်ပဝါနှစ်ထည်၊ ပိုးလည်စည်းတစ်ခု၊ ဂလဲဒါအမည်ရှိ အမျိုးသမီးလက်မှတ်ထိုးထားသော စာတစ်စောင် အက်စ်ပရင်ဆေး တစ်ပုလင်း။

လေဒီဟော်ဘူရီ၏ ပစ္စည်းများ- ပိုက်ဆံအိတ်ထဲမှ နှုတ်ခမ်းနီဆိုးဆေးနှစ်ခု၊ ပါးနီဆိုးဆေး၊ လက်ကိုင်ပဝါ၊ အင်္ဂလိပ်ငွေ ခြောက်ပေါင်နှင့် ပြင်သစ်ငွေအကြွေများ၊ စိန်လက်စွပ်တစ်ကွင်း၊ ပြင်သစ် တံဆိပ်ခေါင်း ငါးလုံး စီးကရက်

www.burmeseclassic.com

www.burmeseclassic.com



စွပ်တံ နှစ်ခု၊ ဓာတ်မီးခြစ်၊ လက်ကိုင်အိတ်ထဲမှ မိတ်ကပ်အလှပြင်ပစ္စည်းများ လက်သည်းဆိုးဆေးနှင့် လက်သည်းညှပ်ကိရိယာများ၊ ဘိုးရက်ပေါင်ဒါ တစ်ပုလင်း။

စုံထောက်ဟာကျူလီက ဤသို့ တောက်လျှောက်ဖတ်သွားရာ ရဲမှူးကြီးဂျက်သည် စာရင်းမှ နောက်ဆုံးပစ္စည်းကို လက်နှင့် ထောက်ပြလိုက်သည်။

"ဘိုးရက်ပေါင်ဒါက ပုလင်းပေါ်မှာ ရေးထားတာကို ကျုပ်တို့ လူတွေက ဒီအတိုင်း စာရင်းမှတ်ထားလိုက်တာ ဖြစ်ရမယ်။ အမှန်တော့ အဲဒီပုလင်းထဲက ပေါင်ဒါမှုန့်ဖြူဖြူဟာ ဘိုးရက်ပေါင်ဒါ မဟုတ်ဘူးဗျ။ ကုတ်ကင်းတွေ ဖြစ်နေတယ်"

စုံထောက်ဟာကျူလီက လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့ ဒီဟာ အမှုနဲ့ ဘယ်လိုမှ မသက်ဆိုင်ဘူးလို့ ဆိုရမယ်"

"ဒီလိုလည်း တစ်ထစ်ချ မပြောနဲ့ဦးဗျ။ ကုတ်ကင်းကို မူးယစ်ဆေးဝါး သုံးစွဲတဲ့ မိန်းမတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို ဘယ်လိုမှ စိတ်မချရဘူးလို့ ကျုပ်တော့ ယူဆတတ်တယ်။ လေဒီဟော်ဘူရီဟာ တစ်ခုခု လိုချင်ပြီဆိုရင် ဖြစ်တဲ့နည်းနဲ့ မရရအောင် လိုက်ယူတတ်တဲ့ အမျိုးသမီးမျိုး ဖြစ်နိုင်တယ်။ ဒါ ပေမဲ့ ဒီလူသတ်မှုမှာတော့ စဉ်းစားရ ခက်နေပြန်တယ်။ သူ့အနေနဲ့ လူသတ်မှုကျူးလွန်ဖို့ အခြေအနေက မဖြစ်နိုင်သလောက် ခဲယဉ်းနေတယ်"

ဂျက်က ပြောလိုက်ပြီးနောက် စုံထောက်ဟာကျူလီသည် စာရွက်များကို ကောက်ယူပြီး တစ်ခါ ထပ်ဖတ်ကြည့်ပြန်သည်။ ထို့နောက် သက်ပြင်းချလျက် စာရွက်များကို ပြန်ချလိုက်သည်။

"သက်သေအထောက်အထားအရ လူသတ်မှုကျူးလွန်သူက ဘယ်သူဆိုတာ ညွှန်ပြသလို ဖြစ်နေတယ်။ ဒါပေမဲ့ ဘာကြောင့်သတ်တယ်၊ ဘယ်လိုသတ်တယ်ဆိုတာ ကျုပ် စဉ်းစားလို့ မရဘူး"

စုံထောက်ဟာကျူလီက ပြောလိုက်ရာ ရဲမှူးကြီးဂျက်သည် အံ့အားသင့်သွားလေသည်။

"ခင်ဗျားက ဒီပစ္စည်းစာရင်း ဖတ်ကြည့်လိုက်တာနဲ့ ဘယ်သူသတ်တယ်ဆိုတာ ရိပ်မိလို့လား"

"ဟုတ်တယ်၊ ကျုပ်တော့ ဒီလိုပဲ ထင်တယ်"

ဂျက်သည် စာရွက်များကို ကောက်ယူပြီး တစ်ရွက်ချင်း ဖတ်ကြည့်လေသည်။ ထို့နောက် စားပွဲပေါ်သို့ ပြန်ချပြီး ဟာကျူလီအား နားမလည်ဟန်ဖြင့် လှမ်းကြည့်လိုက်သည်။



"မစ္စတာ ဟာကျူလီက အရေးထဲ ရယ်စရာလုပ် ပြောနေတာလား"

"မဟုတ်ပါဘူး၊ ကျုပ်က ရယ်စရာပြောနေတာ မဟုတ်ဘူး"

ဟာကျူလီက ပြန်ပြောလိုက်လျှင် ရဲမှူးကြီးဂျက်သည် ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာဘက် လှည့်မေးပြန်သည်။

"ခင်ဗျားရော ဘယ်လိုသဘောရသလဲ"

"ကျုပ်တော့ ထုံတယ်၊ အတယ်ပဲပြောပြော ဒီပစ္စည်းစာရင်းကိုချည်း ကြည့်ပြီး ဘယ်လိုမှ အဓိပ္ပာယ်ကောက်လို့ကို မရဘူး"

မစ္စတာဖိုနီယာက ပြောလိုက်ပြီးနောက် စုံထောက်ဟာကျူလီက...

"ကျုပ်ဆိုလိုတာက ပစ္စည်းစာရင်းကိုချည်း ကြည့်ပြီး ကောက်ချက်ချလို့ရတာ မဟုတ်ပါဘူး။ အဲဒီစာရင်းနဲ့ အခြားအချက်အလက်တချို့ ဆက်စပ်ကြည့်ရင် အဖြေတစ်ခု ထွက်လာတယ်။ ဒါပေမဲ့ ကျုပ်အယူအဆ မှားချင်လည်း မှားနိုင်ပါတယ်"ဟုပြောလိုက်သည်။

"ခင်ဗျားရဲ့အယူအဆက ဘာဆိုတာ ပြောပြစမ်းပါဦးဗျ"

ရဲမှူးကြီးဂျက်က ပြောလိုက်သောအခါ စုံထောက်ဟာကျူလီသည် ခေါင်းခါလိုက်ပြီးမှ ပြန်ပြောလေသည်။

"ကျုပ်အယူအဆဆိုတာကလည်း ဘာမှ တိတိကျကျ မရှိလှသေးပါဘူး။ ခရီးသည်တွေရဲ့ ပစ္စည်းစာရင်းကို ကျုပ်တောင်းကြည့်တာဟာ အဲဒီစာရင်းထဲမှာ ပစ္စည်းတစ်ခု တွေ့ရလိမ့်မယ်လို့ ကျုပ်မျှော်လင့်ခဲ့လို့ ဖြစ်တယ်။ ပစ္စည်းစာရင်းကိုကြည့်လိုက်တော့ တကယ်ပဲ ကျုပ်ထင်တဲ့ပစ္စည်းကို တွေ့ရတယ်။ သို့သော်လည်း အဲဒါက ညွှန်ပြတဲ့ သဲလွန်စက တလွဲဖြစ်နေတယ်။ ဒီသဲလွန်စက ညွှန်ပြတဲ့အဖြေက မှားနေတယ်။ ဒါကြောင့် ကျုပ်တို့ အခုအလုပ်အများကြီး လုပ်ရလိမ့်မယ်။ အမှုရဲ့ အခြေအနေက အခုအချိန်မှာ မရှင်းလင်းဘဲ မှုန်ဝါးဝါး ဖြစ်နေတယ်။ ကျုပ်အနေနဲ့ ဘာမှတိတိကျကျ မပြောဘူး။ သံသယဖြစ်တာကိုသာ ပြောနိုင်တယ်"

စုံထောက်ဟာကျူလီ၏စကားကို ရဲမှူးကြီးဂျက်က ကျေနပ်ပုံမရချေ။

"ခင်ဗျားပြောပုံက ဘာမှလည်းမရှင်းဘူး။ ကိုင်း... ဒီနေ့အဖို့ ကျုပ်တို့ တော်လောက်ပြီထင်တယ်။ ကျုပ်က လန်ဒန်မြို့မှာ အလုပ်ဆက်လုပ်မယ်။ မစ္စတာဖိုနီယာက ပဲရစ်မြို့မှာ လုပ်စရာရှိတာ လုပ်ပါ။ မစ္စတာဟာကျူလီကော ဘာလုပ်မလဲ"

ဂျက်က ထိုင်ရာမှထရင်းမေးရာ ဟာကျူလီက...

"ကျုပ် နောက်ဆုံးအခြေအနေအရ မစ္စတာဖိုနီယာနဲ့အတူ ပဲရစ်မြို့

www.burmeseclassic.com



ကို လိုက်သွားချင်တယ်”ဟု ပြောလိုက်သည်။

“နေစမ်းပါဦး၊ ခင်ဗျားမှာ ဘယ်လိုအကြံများရှိလို့ ပဲရစ်မြို့ကို လိုက်ချင်တာလဲ”

ဂျက်က ပြောလိုက်ပြီးနောက် မစ္စတာဖိုနီယာက ပြန်ရန်နှုတ်ဆက်လေသည်။

“ကိုင်း… သွားဦးမှပဲ။ အခုလို ညှော်ခံပြုစုပေးတာကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ မနက်ကျမှပဲ ခရိုင်ဒန်လေဆိပ်မှာ ဆုံကြတာပေါ့”

“ကောင်းပါပြီ၊ မနက်ဖြန်မနက် ဆက်ဆက်ဆုံကြမယ်”

စုံထောက်ဟာကြူလီက ပြောလိုက်ပြီးနောက် မစ္စတာဖိုနီယာက…

“လမ်းခရီးမှာ ကျုပ်တို့ကို ဘယ်သူကမှ လာမသတ်ဘူးလို့ မျှော်လင့်ပါတယ်”ဟု ရယ်သွမ်းသွေးကာ ပြောလိုက်သည်။

ထို့နောက် ရဲမှူးကြီးဂျက်နှင့် မစ္စတာဖိုနီယာတို့ ပြန်သွားကြလေသည်။ စုံထောက်ဟာကြူလီသည် တစ်ယောက်တည်း ကျန်သောအခါ အတန်ကြာကြာထိုင်၍ လေးနက်စွာ စဉ်းစားနေလေသည်။

စဉ်းစားရင်းက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူသည် စားပွဲပေါ်ရှိ စဘက်(ချ်)ဂျာနယ်ကို ကောက်ယူပြီး လှန်ကြည့်လေသည်၊ ခဏမျှကြာလျှင် သူရှာဖွေသောသတင်းကို တွေ့ရလေသည်။

ထိုသတင်းကား ပြင်သစ်ပြည်၊ လီပီနေအရပ်၌ နေပူစာလှုံနေသူ နှစ်ဦး၏ သတင်းနှင့် ဓာတ်ပုံပင် ဖြစ်သည်။

ဓာတ်ပုံတွင် လေဒီဟော်ဘူရီနှင့် လီပီနေအရပ်မှ မစ္စတာဘာရာကလောက်ဆိုသူ နှစ်ဦးသည် ရေကူးဝတ်စုံကိုယ်စီနှင့် တစ်ယောက်ကို တစ်ယောက် ရင်းနှီးစွာဖက်ရင်း နေပူစာလှုံနေလေသည်။

စုံထောက်ဟာကြူလီသည် သတင်းဓာတ်ပုံကိုကြည့်ရင်း…

“အင်း ဒီအတိုင်းဆိုရင် တစ်ခုခုတော့လုပ်ရင် ဖြစ်နိုင်ပြီလို့ ဆိုရမယ်”ဟု သူ့ကိုယ်သူ ပြောလိုက်လေသည်။

❖ ❖ ❖

(၉)

နောက်တစ်နေ့နံနက်တွင် ရာသီဥတုအခြေအနေက အထူးသာယာကြည်လင်နေပေသည်။

စုံထောက်ဟာကြူလီနှင့် ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာတို့သည် နံနက် ၈ နာရီ ၄၅ မိနစ် ထွက်ခွာသောလေယာဉ်ဖြင့် ပြင်သစ်ပြည်၊ ပဲရစ်မြို့သို့ လိုက်ပါလာကြလေသည်။

သူတို့နှစ်ဦးအပြင် အခြားခရီးသည် ရှစ်ဦးခန့် လေယာဉ်ပေါ်တွင် လိုက်ပါလာကြသည်။ မစ္စတာဖိုနီယာသည် လေယာဉ်စတင်ပျံသန်း ထွက်ခွာချိန်၌ သူစိတ်ကူးရသော စမ်းသပ်မှုတစ်ခု ပြုလုပ်ကြည့်လေသည်။

သူ၏ အင်္ကျီအိတ်ထဲမှ ဝါးချောင်းငယ်တစ်ခုကို ထုတ်ယူပြီး ထိုဝါးငယ်ကို ပါးစပ်တွင်တေ့ကာ လေယာဉ်အနှံ့အပြားသို့ ဟိုဟိုသည်သည် လှည့်ပတ်လျက် ချိန်ကြည့်လေသည်။

ဝါးငယ်ကို ပါးစပ်တွင် တေ့ထားရင်း တစ်ဖက်သို့ ချိန်ကြည့်ရာမှ အခြားတစ်ဖက်သို့ပြောင်း၍ ချိန်ကြည့်ပြန်သည်။ တစ်ချိန်တွင် အိမ်သာခန်းမှ ပြန်လာသူ ခရီးသည်တစ်ဦးကို ချိန်ကြည့်လေသည်။

သူ၏ အပြုအမူကို ကျန်ခရီးသည်များက ထူးဆန်းလှသည်ဟု ယူဆဟန်ဖြင့် ဝိုင်းကြည့်နေကြလေသည်။

မစ္စတာဖိုနီယာသည် စိတ်ပျက်သွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။ စုံထောက်ဟာကြူလီကလည်း စိတ်ဝင်စားဟန်ဖြင့် ပြုံးကြည့်နေရာ မစ္စတာဖိုနီယာက…

“ဘာလဲ၊ ခင်ဗျားက ကျုပ်လုပ်နေတာကို ရယ်ချင်လို့လား”ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ခင်ဗျား လက်တွေ့စမ်းသပ်ကြည့်တာကို သဘောကျလို့ပါ။ ခင်ဗျားက လူသတ်သမားဟာ လေမှုတ်ပိုက်နဲ့ ဘယ်လိုသတ်တယ်ဆိုတာကို စမ်းကြည့်နေတာ မဟုတ်လား။ စမ်းကြည့်တော့ လေမှုတ်ပိုက်ကို ပါးစပ်မှာတေ့ပြီးမှုတ်ရင် ခင်ဗျားရဲ့ အပြုအမူကို လူတိုင်းက မြင်မယ်ဆိုတာလည်း ထင်ရှားလာတယ် မဟုတ်လား"

"လူတိုင်းတော့ မမြင်ပါဘူး"

"ဒါပေမဲ့ လူသတ်သမားအနေနဲ့ သူ့ရဲ့လုပ်ရပ် အောင်မြင်ဖို့ရာ သူလုပ်တာကို တစ်ယောက်မှ မမြင်မှသာ ဖြစ်မယ်မဟုတ်ပါလား"

"ဟုတ်တယ်၊ အခုစမ်းသပ်ကြည့်ရသလောက်ဆိုရင် ခရီးသည်တစ်ဦးတစ်ယောက်မှမမြင်အောင် လေမှုတ်ပိုက်နဲ့သတ်ဖို့က မဖြစ်နိုင်သလောက်ခဲယဉ်း တာ တွေ့ရတယ်။ ခင်ဗျားပြောတဲ့ စိတ္တဗေဒအချိန် သို့မဟုတ် အခြေအနေမျိုး ရှိမှသာ ဖြစ်နိုင်မယ်။ လူတွေက တခြားတစ်ခုခုဘက်ကို အာရုံစူးစိုက်နေတဲ့ အချိန်မျိုးကို ဆိုလိုပါတယ်"

"ဒါနဲ့ပတ်သက်လို့ ရဲမှူးကြီးဂျက်က အသေးစိတ် စုံစမ်းပါလိမ့်မယ်"

"မစ္စတာဟာကြူလီက ကျွန်တော့်ရဲ့ ယူဆချက်ကို သဘောမတူလို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး။ လူသတ်သမားကို ဘယ်သူမှ မမြင်လိုက်တာဟာ စိတ္တဗေဒဆိုင်ရာ အကြောင်းတစ်ခု ရှိလိမ့်မယ်ဆိုတာတော့ လက်ခံပါတယ်။ ကျုပ်သဘောကတော့ လောလောဆယ် ကျုပ်တို့က လေးလေးနက်နက် စဉ်းစားဖို့ လိုအပ်တယ်။ ဒါကြောင့် ခင်ဗျား မျက်စိမှိတ်ပြီး သေသေချာချာ စဉ်းစားကြည့်စမ်းပါ။ ဒီလိုကိစ္စမျိုးမှာ ဦးနှောက်ကို အသုံးချရတယ်ဗျ။ ခန္ဓာကိုယ်ကို အသုံးချဖို့ မလိုဘူး။ အဲဒီလို စိတ်အာရုံကို စူးစိုက်ပြီး ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ စဉ်းစားကြည့်သင့်တယ်"

"ခင်ဗျားက မျက်စိမှိတ်ပြီး စဉ်းစားရမယ်ဆိုတာက ဘယ်လိုလဲဗျ"

မစ္စတာဖိုနီယာ နားမလည်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"ကျုပ်ဆိုလိုတာက ဒီလိုပါ။ အခု ခင်ဗျားစဉ်းစားပြီး အဖြေရှာနေပုံက ခင်ဗျား မြင်ခဲ့ရတဲ့ဟာတွေပေါ် အခြေခံပြီး စဉ်းစားနေခြင်း ဖြစ်တယ်။ ဒီနည်းက မှားယွင်းပြီး ကောက်ချက်ချမိတတ်တယ်။ ဒါကြောင့် ကျုပ်က မျက်စိမှိတ်ထားပြီး အမှုနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို သေသေချာချာ ပြန်စဉ်းစားကြည့်ဖို့ ပြောတာပါ"



ပြောပြောဆိုဆို စုံထောက်ဟာကြူလီသည် လေယာဉ်ထိုင်ခုံတွင်မှီ၍ မျက်လုံးမှိတ်ထားလိုက်သည်။ ငါးမိနစ်ခန့်ကြာသောအခါ သူသည် အိပ်ပျော်သွားလေသည်။

မကြာမီ လေယာဉ်သည် ပဲရစ်မြို့သို့ ဆိုက်ရောက်သွားလေရာ မစ္စတာဖိုနီယာနှင့် ဟာကြူလီတို့သည် သေသူအမျိုးသမီး မာဒမ်ဂီဆယ်(လ်)၏ အလုပ်ရုံးခန်းရှိရာ အဆောက်အဦသို့ တိုက်ရိုက်သွားကြလေသည်။ ,

ထိုအဆောက်အဦမှာ ပဲရစ်မြို့ ဂျိုလီယက်လမ်း၊ အမှတ် (၃)တွင် တည်ရှိလေသည်။

အဆောက်အဦ လုံခြုံရေးအစောင့်ဖြစ်သူ အသက်ကြီးကြီး လူ တစ်ယောက်က တံခါးဖွင့်ပေးရင်း…

"ရဲအရာရှိတွေ လာပြန်ပြီလား။ ကျုပ်တို့ အဆောက်အဦကို ရဲတွေ ခဏခဏလာတာဟာ နာမည်ပျက်စရာ ဖြစ်နေပြီဗျ"ဟု ညည်းညူသလို ပြောလိုက်သည်။

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာသည် ထိုလူကြီးအား ဂရုမစိုက်ဘဲ စုံထောက်ဟာကြူလီအား သေသူ မာဒမ်ဂီဆယ်(လ်) အလုပ်ရုံးခန်းရှိရာ အပေါ်ထပ် (ပထမထပ်)သို့ တိုက်ရိုက်ခေါ်သွားလေသည်။ သူတို့ ပြင်သစ်ရဲတပ်ဖွဲ့အနေဖြင့် လူသတ်မှုကို အင်္ဂလန်ပြည်၌ ပဏာမစစ်ဆေးနေစဉ်ကာလအတွင်း ရုံးခန်းကို သော့ခတ်ချိပ်ပိတ်၍ ထိန်းသိမ်းထားကြောင်း ရှင်းပြပြီးနောက် အင်္ကျီအိတ်ထဲမှ သော့တစ်ချောင်းထုတ်ယူပြီး ချိပ်များကိုခွာ၍ တံခါးဖွင့်လိုက်သည်။

သေသူ မာဒမ်ဂီဆယ်(လ်)၏ အလုပ်ရုံးခန်းမှာ မကျယ်ဝန်းလှဘဲ ခပ်ကျဉ်းကျဉ်း အခန်းငယ်တစ်ခုဖြစ်ပြီး ပရိဘောဂများကလည်း သားနားသပ်ရပ်ခြင်းမရှိဘဲ ဟောင်းနွမ်းနေလေသည်။ အခန်းထောင့်က တစ်နေရာတွင်တော့ မီးခံသေတ္တာဟောင်းကြီးတစ်ခု ရှိသည်။

"ကဲ… မစ္စတာဟာကြူလီ၊ အခု ခင်ဗျားမြင်တဲ့အတိုင်း ဒီရုံးခန်းမှာက အမှုအတွက် အထောက်အကူဖြစ်မယ့် အထောက်အထား ဘာတစ်ခုမှ မရှိဘူးဗျ"

မစ္စတာဖိုနီယာက ပြောလိုက်ချိန်တွင် စုံထောက်ဟာကြူလီသည် သေသူအမျိုးသမီး မာဒမ်ဂီဆယ်(လ်)ထိုင်သည့် စားပွဲနောက်မှ ကုလားထိုင်တွင် ဝင်ထိုင်ရင်း စားပွဲအောက်ဘက်ဆီသို့ လက်ဖြင့်စမ်းကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအောက်မှာ လျှပ်စစ်ဘဲ(လ်)ခလုတ်တစ်ခု ရှိပါသလားဗျ"

စုံထောက်ဟာကြူလီက ငုံ့ကြည့်ရင်း မစ္စတာဖိုနီယာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ အဲဒါက မာဒမ်ဂီဆယ်(လ်)က အရေးရှိရင် လိုလိုမည်မည် တပ်ဆင်ထားတာပါ။ ဒီဘဲ(လ်)ခလုတ်ကို နှိပ်လိုက်ရင် လုံခြုံရေးအစောင့်လူကြီးနေရာမှာ သွားမြည်တယ်"

မစ္စတာဖိုနီယာက ပြောလိုက်ပြီးနောက် စုံထောက်ဟာကြူလီသည် စားပွဲအောက်မှ အံဆွဲများကို ဖွင့်ကြည့်ပြန်သည်။ အံဆွဲများအတွင်း၌ စာရေးကိရိယာများ၊ ဖောင်တိန်၊ ခဲတံများနှင့် ပြက္ခဒိန်တစ်ခုသာတွေ့ရပြီး အခြားအရေးကြီးသော စာရွက်စာတမ်းများ လုံးဝမရှိပါချေ။

ဟာကြူလီသည် ထိုပစ္စည်းများကို ဝတ်ကျေတမ်းကျေ သဘောသာကြည့်ပြီးနောက် မစ္စတာဖိုနီယာအား မော်ကြည့်လိုက်သည်။

"ဒါတွေကိုတော့ ခင်ဗျားတို့ ပြင်သစ်ရဲတပ်ဖွဲ့ဝင်တွေက အသေးစိတ်စစ်ကြည့်ပြီးရောပေါ့။ အထောက်အထား တစ်စုံတစ်ခုရှိရင်လည်း ခင်ဗျားတို့လူတွေက ရှာတွေ့မှာပဲလို့ ကျုပ်ယုံကြည်ပါတယ်။ ဒါထက် ဒီမီးခံသေတ္တာက ခေတ်မမီတော့တဲ့ အမျိုးအစား ဖြစ်နေပါလားဗျ"

"ဟုတ်ပါတယ်။ အခုခေတ်မှာ ဒီမီးခံသေတ္တာမျိုးကို စိတ်မချရလို့ လူတွေက မသုံးကြတော့ပါဘူး"

"မီးခံသေတ္တာထဲမှာတော့ ဘာပစ္စည်းမှ မရှိဘူးလား"

"မရှိပါဘူး။ မာဒမ်ဂီဆယ်ရဲ့ လူယုံအမျိုးသမီးက ရှိသမျှအားလုံး ဖျက်ဆီးပစ်လိုက်တယ်ခင်ဗျ"

"သြော်... ဟုတ်လား၊ အဲဒီအမျိုးသမီးက သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ လူယုံတော်လည်းဖြစ်တာကိုး။ သူ့ကိုလည်း ကျုပ်တို့တွေ့ပြီး စကားပြောကြည့်မှ ဖြစ်မယ်။ ဒီအခန်းမှာတော့ ထူးတာဘာမှမရှိဘူးမဟုတ်လား"

"ထူးခြားတာဆိုတာ ဘာကိုဆိုလိုတာလဲ"

"အမျိုးသမီးတစ်ဦးရဲ့ အခန်းအနေနဲ့ သူ့ရဲ့ကိုယ်ပိုင်အသုံးပြုတဲ့ ပစ္စည်းအသုံးအဆောင်လိုဟာမျိုး ဘာမှမရှိဘူးလို့ ဆိုလိုတာပါ"

"မာဒမ်ဂီဆယ်(လ်)ဟာ သာမန်အမျိုးသမီးတွေလို ပစ္စည်းအသုံးအဆောင်တွေကို တွယ်တာမြတ်နိုးတတ်သူ မဟုတ်ဘူးခင်ဗျ"

"ကိုင်း... ဒါဖြင့် ကျုပ်တို့က မာဒမ်ဂီဆယ်ရဲ့ လူယုံအမျိုးသမီးနဲ့ တွေ့ကြည့်ကြရအောင်"



လူယုံမယ် အမျိုးသမီး အယ်လစ်(စ်)ဆိုသူမှာ အရပ်ပုပု၊ ခပ်ဝဝ၊ လူလတ်ပိုင်းအရွယ် ဖြစ်လေသည်။ သူမသည် ရောက်လာလာချင်း မစ္စတာဖိုနီယာ နှင့် စုံထောက်ဟာကြူလီတို့အား တစ်လှည့်စီ လှမ်းကြည့်ပြီး စိုးရိမ်တုန်လှုပ်နေ ပုံရလေသည်။

မစ္စတာဖိုနီယာက အမျိုးသမီးအား ထိုင်ခိုင်းပြီးနောက် စတင် စကားပြောလေသည်။

"ကျုပ်နဲ့ မစ္စတာဟာကြူလီတို့ဟာ ဒီနေ့ပဲ လန်ဒန်မြို့က ပြန်လာခဲ့ကြတယ်။ အမှုနဲ့ ပတ်သက်လို့ ဟိုမှာ ပဏာမစစ်ဆေးတာကို မနေ့က ပြုလုပ်တယ်။ အဲဒီစစ်ဆေးချက်အရ မာဒမ်ဂီဆယ်(လ်)ဟာ အဆိပ်သင့်ပြီး သေဆုံးရကြောင်း၊ လူသတ်မှုဖြစ်တာ ထင်ရှားကြောင်း သိရတယ်"

ပြင်သစ်အမျိုးသမီးသည် အလွန်အံ့သြတုန်လှုပ်သွားပုံရလေသည်။

"ဟင်... ဟုတ်လား၊ လူကြီးမင်းပြောတဲ့ အတိုင်းဆိုရင် အဖြစ်က ဆိုးလှချည်လားရှင်။ မာဒမ်ဂီဆယ်(လ်)ဟာ အဆိပ်သင့်ပြီးသေဆုံးရရှာတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ သူ့ကို ဘယ်သူကများ သတ်ဖို့ကြံစည်မှာလည်းရှင်"

"ဒါနဲ့ပတ်သက်လို့ ခင်ဗျားက ကျုပ်တို့ကို ကူညီနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ဟုတ်ကဲ့။ ကျွန်မအနေနဲ့ ရဲတပ်ဖွဲ့ကို အတတ်နိုင်ဆုံးကူညီဖို့ အဆင်သင့်ပါပဲ။ ဒါပေမဲ့ ကျွန်မက ဘာမှမသိပါဘူး"

"သေသူ မာဒမ်ဂီဆယ်(လ်)မှာ ရန်သူတွေရှိတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား"

မစ္စတာဖိုနီယာက မေးလိုက်ရာ အမျိုးသမီးကခေါင်းခါပြလေသည်။

"ဒါတော့ မဟုတ်ပါဘူး။ မာဒမ်ဂီဆယ်(လ်)မှာ ဘာကြောင့် ရန်သူရှိရမှာလဲ"

"ခင်ဗျားကလည်း၊ မသိချင်ဟန်ဆောင်နေပြန်ပါပြီ။ ငွေချေးစားတဲ့လူဆိုတာ မုန်းတဲ့လူ ရှိရမှာပဲမဟုတ်လား"

"တစ်ခုတော့ ရှိပါတယ်။ တချို့ငွေလာချေးသူတွေက ဆက်ဆံရတာ အဆင်မပြေကြပါဘူး"

"ဘာလဲ၊ သူတို့က စကားများ၊ ဆူဆူပူပူ လုပ်ကြသလား"

"ဒီလိုတော့ မဟုတ်ပါဘူး။ သူတို့က ပေးဆပ်ရမယ့်ငွေကို ဆပ်နိုင်ကြောင်း အကြောင်းအကန် ပြောကြတာပါပဲ၊ ချေးငွေကို အချိန်မှန် မပေးဆပ်နိုင်ကြောင်း ဖွင့်အတင်းပြောတတ်ကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေတော့လည်း လုံးလုံးငွေပြန်မပေးနိုင်တဲ့လူမျိုး ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့။ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကျတော့ သူတို့က ငွေကို ပေးဆပ်ကြတာချည်းပါပဲ"

"မာဒမ်ဂီဆယ်(လ်)ဟာ ငွေလာချေးသူတွေအပေါ်မှာ အလွန်ရက်စက်တယ်လို့ သိရတယ်"

"ဒါတော့ မာဒမ်ဂီဆယ်(လ်)အနေနဲ့ မလွန်ပါဘူး။ သူ့အခွင့်အရေးကို သူက အသုံးချတာပါပဲ"

အမျိုးသမီးက သေဆုံးသူ မာဒမ်ဂီဆယ်(လ်)ဘက်မှ ကာကွယ်သလို ပြောသဖြင့် မစ္စတာဖိုနီယာက-

"ခင်ဗျားပြောနေပုံက ငွေလာချေးပြီး မဆပ်နိုင်သူတွေအပေါ် လုံးဝ တရားမရှိသလိုပါပဲလား"

ဟုပြောလိုက်သည်။

"ဒါတော့ ရှင်တို့က အခြေအနေမှန်ကို သဘောမပေါက်လို့ ဖြစ်လိမ့်မယ်။ လူတစ်ယောက်ဟာ ကိုယ့်ဝင်ငွေထက်မက သုံးစွဲချင်လို့ ငွေချေးယူပြီး အဲဒီငွေကို အလကားရသလို ပြန်ဆပ်ဖို့မလိုဘူးလို့ ယူဆတာဟာ မမှန်ဘူးရှင့်။ မာဒမ်ဂီဆယ်(လ်)အနေနဲ့ တရားမျှတမှုတစ်ခု ရှိပါတယ်။ သူကိုယ်တိုင်က လည်း သူများကို ပေးစရာကြွေးမရှိဘူး။ သူက ငွေထုတ်ချေးရင်လည်း အဲဒီ ငွေကို ပြန်ဆပ်စေချင်တယ်။ သူ့အနေနဲ့ ပေးဆပ်စရာ ငွေတောင်းခံလွှာ ဘီ(လ်) တွေ လာရင် ချက်ချင်းပေးချေတတ်တယ်။ ဒါကြောင့် ရှင်က မာဒမ်ဂီ ဆယ်(လ်)ဟာ ရက်စက်တယ်လို့ပြောတာ မမှန်ဘူးရှင့်။ ပြီးတော့ သူဟာ ဆင်းရဲ တဲ့ သာသနာပြု အဖွဲ့ဝင်တွေကိုလည်း လှူဒါန်းလေ့ရှိတယ်။ တစ်ခါက လုံခြုံ ရေးအစောင့် ဂျော့ရဲ့ဇနီး နာမကျန်းဖြစ်တော့ ဆေးရုံတက်ပြီး ကုသဖို့စရိတ်ကို မာဒမ်ဂီဆယ်(လ်)ကပဲ ထုတ်ပေးပြီး ကူညီခဲ့တယ်ရှင့်"

အယ်လစ်အမည်ရှိ အမျိုးသမီးက မာဒမ်ဂီဆယ်(လ်)ဘက်မှ မခံချင် တန်ဖြင့်ပြောပြီး...

"ဒါကြောင့် ရှင်တို့အနေနဲ့ မာဒမ်ဂီဆယ်(လ်)အကြောင်း ကောင်း ကောင်းမသိပါဘူးလို့ ကျွန်မက ပြောတာပါ"ဟု အဆုံးသတ်လိုက်သည်။

သူမသည် မခံချင်ဖြစ်ရုံမက ဒေါသလည်း ထွက်နေပုံရသဖြင့် မစ္စတာဖိုနီယာက ခေတ္တဘာမှမပြောဘဲ စောင့်ဆိုင်းနေပြီးမှ ဆက်မေးခွန်းထုတ် လေသည်။



"ခင်ဗျားပြောသွားတဲ့အထဲမှာ မာဒမ်ဂီဆယ်(လ်)ဆီက ငွေချေးယူသူ တွေဟာ နောက်ဆုံးကျတော့ ငွေကိုပြန်ဆပ်ကြတာချည်းပါပဲလို့ ဆိုတယ်။ အဲဒီ ငွေချေးယူသူတွေ မဖြစ်မနေ ပြန်ပေးဆပ်အောင် မာဒမ်ဂီဆယ်(လ်)က ဘယ်လို နည်းတွေ အသုံးပြုခဲ့တယ်ဆိုတာရော သိပါသလား"

"မသိဘူးရှင့်၊ ကျွန်မ ဘာမှမသိပါဘူး"

"ဒါပေမဲ့ ခင်ဗျားက သိသင့်သလောက်သိလို့ မာဒမ်ဂီဆယ်(လ်)ရဲ့ စာရွက်စာတမ်းတွေကို မီးရှို့ဖျက်ဆီးလိုက်တာ မဟုတ်လား"

"ဒါပေမဲ့ ကျွန်မ သူညွှန်ကြားထားခဲ့တဲ့အတိုင်း လိုက်နာ ဆောင် ရွက်ခြင်းသာ ဖြစ်ပါတယ်။ သူက မှာသွားတာက တကယ်လို့ သူတစ်ခုခုဖြစ်ရင်၊ ဒါမှမဟုတ် ခရီးသွားရင်း သေဆုံးသွားတယ်ဆိုရင် သူ့ရဲ့ စာရွက်စာတမ်းတွေ ကို ကျွန်မက ဖျက်ဆီးဖျောက်ဖျက်ပစ်လိုက်ရမယ်လို့ ညွှန်ကြားထားပါတယ်"

"မီးခံသေတ္တာထဲက စာရွက်စာတမ်းတွေကို ဆိုလိုတာလား"

"ကျွန်မက မာဒမ်ဂီဆယ်(လ်)ရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်တာပဲရှင့်"

ဤသို့ပြောရင်း သူမသည် ဒေါသထွက်လာသလို မျက်နှာနီမြန်းလာ ရာ စုံထောက်ဟာကြူလီက ပြုံး၍ မေးခွန်းတစ်ခု ဝင်မေးလေသည်။

"ဒါပေမဲ့ စာရွက်စာတမ်းတွေက မီးခံသေတ္တာထဲမှာ ထည့်မထား ဘူး မဟုတ်လား။ မီးခံသေတ္တာက အဟောင်းကြီးဖြစ်လို့ စိတ်မချရတဲ့အတွက် မာဒမ်ဂီဆယ်(လ်)က စာရွက်စာတမ်းတွေကို အခြားတစ်နေရာမှာ ထားခဲ့တယ်။ သူ့ရဲ့ အိပ်ခန်းထဲမှာ ထားခဲ့သလား"

ထိုမေးခွန်းကို အမျိုးသမီးက ချက်ချင်းပြန်မဖြေဘဲ ခေတ္တစဉ်းစားပြီးမှ ပြန်ဖြေလေသည်။

"ဟုတ်ကဲ့၊ ဒီအတိုင်း မှန်ပါတယ်။ မာဒမ်ဂီဆယ်(လ်)ဟာ အရေးကြီး တဲ့ စာရွက်စာတမ်းတွေကို မီးခံသေတ္တာထဲမှာ ထည့်ထားသယောင် ဟန်ဆောင် ထားခဲ့တယ်။ သူ့ဆီ ငွေလာချေးသူတွေလည်း ဒီလိုပဲထင်အောင် လုပ်ထားတဲ့ သဘောပါပဲ။ အမှန်က စာရွက်စာတမ်းကို သူ့အိပ်ခန်းထဲမှာ ထားပါတယ်"

"ဒါဖြင့် အဲဒီနေရာကို ကျုပ်တို့ကို လိုက်ပြစမ်းပါ"

အမျိုးသမီး အယ်လစ်က ရှေ့ဆောင်ပြီး အိပ်ခန်းသို့ လိုက်ပို့ရာ စုံထောက်ဟာကြူလီနှင့် မစ္စတာဖိုနီယာတို့လည်း လိုက်သွားကြလေသည်။

မာဒမ်ဂီဆယ်(လ်)၏ အိပ်ခန်းမှာ ကျယ်ဝန်းသော အိပ်ခန်းကြီးတစ် ခန်း ဖြစ်ပြီး အတွင်း၌ လေးလံသည့် ပရိဘောဂများ ရှိလေသည်။ အခန်း

www.burmeseclassic.com

www.burmeseclassic.com



ထောင့် တစ်နေရာတွင် သံသေတ္တာအဟောင်း ခပ်ကြီးကြီးတစ်လုံးရှိလေသည်။

အမျိုးသမီး အယ်လစ်သည် သံသေတ္တာအဖုံးကိုဖွင့်၍ အတွင်းမှ အမျိုးသမီးဝတ်စုံ အင်္ကျီတစ်ထည်ကို ဆွဲထုတ်ယူလိုက်သည်။ ယင်းဝတ်စုံတွင် အတွင်းဘက်၌ အိတ်ခပ်ကြီးကြီးတစ်ခု ရှိသည်။

"မာဒမ်ဂီဆယ်(လ်)ဟာ စာရွက်စာတမ်းတွေကို စာအိတ်ကြီး တစ်အိတ်နဲ့ထည့်ပြီး ဝှက်ထားပါတယ်။ ဟောဒီ အင်္ကျီအိတ်ထဲမှာ ထည့်ထားပါတယ်"သူမက ပြောလိုက်လျှင် ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာသည် မကျေမနပ်ဖြစ်သွားလျက်...

"လွန်ခဲ့တဲ့သုံးရက်က ခင်ဗျားကို ကျုပ်တို့ စစ်ဆေးတုန်းက ဒီအကြောင်းကို ခင်ဗျား လုံးဝမပြောခဲ့ဘူး"ဟု ပြောလိုက်သည်။

"ဒီလိုဖြစ်သွားတာ ကျွန်မ တောင်းပန်ပါတယ်။ ရှင်က မီးခံသေတ္တာထဲ ရှိသင့်တဲ့ စာရွက်စာတမ်းတွေ ဘယ်မှာလဲလို့ မေးခဲ့တယ် မဟုတ်လား။ ကျွန်မကလည်း စာရွက်စာတမ်းတွေ မီးရှို့ဖျက်ဆီးပစ်လိုက်ပြီလို့ ပြန်ပြောခဲ့ပါတယ်။ ဒါဟာ အမှန်အတိုင်းပြောတာပဲ။ စာရွက်တွေထားတဲ့နေရာက အရေးမကြီးဘူးလို့ ထင်ပါတယ်"

"ဒါတော့ ဟုတ်ပါတယ်။ သို့သော်လည်း အဲဒီစာရွက်စာတမ်းတွေကို ခင်ဗျားက မီးရှို့ဖျက်ဆီးပစ်ဖို့ မသင့်ဘူး"

"ကျွန်မကလည်း မာဒမ်ဂီဆယ်(လ်)ရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်"

"ကိုင်း... ထားပါတော့။ ကျုပ် အခုပြောမယ့်စကားကို ခင်ဗျား သေသေချာချာ နားထောင်စေချင်တယ်။ ဒီမယ့် မာဒမ်ဂီဆယ်(လ်)ဟာ ရိုးရိုးသေတာ မဟုတ်ဘူး။ လူသတ်ခံရလို့ သေဆုံးတာဖြစ်နေတယ်။ သတ်သူဟာ သူ့ရဲ့အတွင်းရေး လျှို့ဝှက်ချက်တွေကို မာဒမ်ဂီဆယ်(လ်)က စုံစမ်းသိရှိထားလို့ သတ်တာဖြစ်နိုင်တယ်။ အဲဒီလျှို့ဝှက်ချက်တွေက ခင်ဗျား မီးရှို့ဖျက်ဆီးပစ်လိုက်တဲ့ စာရွက်စာတမ်းတွေထဲမှာ ပါရှိဖို့များတယ်။ ဒါကြောင့် အခုကျုပ်က ခင်ဗျားကို မေးခွန်းတစ်ခုမေးမယ်။ ဒီမေးခွန်းကို သေသေချာချာ စဉ်းစားပြီးမှ ဖြေစေချင်တယ်။ ခင်ဗျားအနေနဲ့ စာရွက်စာတမ်းတွေကို မီးရှို့ဖျက်ဆီးချိန်က စာရွက်တွေကို ခင်ဗျား ဖတ်ကြည့်လိုက်တာ ဖြစ်နိုင်တယ်။ ကျုပ်သဘောအရ ပြောရရင် ခင်ဗျားဟာ စာရွက်တွေကို နကန်မုချ ဖတ်ကြည့်တယ်လို့ ထင်တယ်။ ဒါဟာလည်း နားလည်နိုင်တယ်။ ဒီအတိုင်းမှန်ခဲ့ရင် ကျုပ်က ခင်ဗျားကို လုံးဝ အပြစ်မတင်ပါဘူး။ အရေးလည်း မယူပါဘူး။ ခင်ဗျားက စာရွက်စာတမ်းတွေ



ဖတ်ကြည့်လို့ သိရှိခဲ့တဲ့ အချက်အလက်တွေက ကျုပ်တို့ ရဲတပ်ဖွဲ့အတွက် အတော့အညီဖြစ်စေနိုင်တဲ့အပြင် လူသတ်တရားခံကို စုံစမ်းဖော်ထုတ်ရာမှာလည်း ထိရောက်တဲ့ အထောက်အကူ ဖြစ်လာနိုင်တယ်။ ဒီတော့ ခင်ဗျားအနေနဲ့ ဘာမှ ကြောက်မနေပါနဲ့။ မှန်တဲ့အတိုင်းသာ ရဲရဲဝံ့ဝံ့ပြောစမ်းပါ။ ခင်ဗျားဟာ စာရွက်စာတမ်းတွေကို မီးရှို့ဖျက်ဆီးပစ်ခါနီးမှာ စာရွက်တွေကို ဖတ်ကြည့်ခဲ့ပါလား"

မစ္စတာဖိုနီယာ စကားအဆုံးတွင် အယ်လစ်သည် အသက်ပြင်းပြင်းရှူရင်း ခေတ္တစဉ်းစားနေလေသည်။

ခဏကြာမှ သူမက ဖိုနီယာအား လှမ်းကြည့်၍ ဖြေလေသည်။

"ဖတ်မကြည့်ခဲ့ပါဘူး။ ကျွန်မ ဘာကိုမှ မကြည့်ခဲ့ပါဘူး။ စာအိတ်ကို ဖွင့်တောင်မကြည့်ဘဲ မီးရှို့ပစ်လိုက်ပါတယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ပြင်သစ်ထောက်လှမ်းရေးအရာရှိ မစ္စတာဖိုနီယာသည် အမျိုးသမီး၏ မျက်နှာကို အတန်ကြာကြာ စိုက်ကြည့်နေလေသည်။

သူမအနေဖြင့် အမှန်အတိုင်းပြောခြင်း ဟုတ်ပါ၏လောဟု အကဲခတ် ကြည့်ခြင်းပင် ဖြစ်သည်။ အယ်လစ်၏မျက်နှာ အမူအရာက လိမ်လည်ပြော ခြင်းမဟုတ်ဘဲ အမှန်အတိုင်းပြောခြင်း ဖြစ်တန်ရာသည်ဟု အကဲဖြတ်မိတော့ မှ ဖိုနီယာ စိတ်ပျက်အားလျော့သွားဟန်ဖြင့်...

"ဒါဖြင့် ခင်ဗျားက ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်ပါတယ်။ သို့ သော်လည်း ခင်ဗျားက စာရွက်တွေကို ဖတ်မကြည့်ခဲ့တာကတော့ ကျုပ်တို့ အဖို့ ဝမ်းနည်းစရာပါပဲ"ဟု ပြောလိုက်သည်။

"ကျွန်မအနေနဲ့ ဝမ်းနည်းပါတယ်။ ကျွန်မက ရှင်တို့ကို ဘယ်လို အကူအညီမပေးနိုင်တဲ့အခြေအနေ ဖြစ်နေပါတယ်"

ဖိုနီယာသည် သူ၏ အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်ငယ်တစ်အုပ် ထုတ်ယူလိုက်ပြီး ဆက်လက်မေးခွန်းထုတ်လေသည်။

"စောစောပိုင်းက ခင်ဗျားကို ကျုပ်တို့ စစ်ဆေးတုန်းက ခင်ဗျားဟာ မာဒမ်ဂီဆယ်(လ်)ဆီမှာ ငွေလာချေးသူတွေရဲ့ နာမည်တွေ မသိပါဘူးလို့ ပြော ခဲ့တယ်။ ဒါပေမဲ့ ခုနောက်ပိုင်းကျတော့ ငွေကြေးယူသူတွေဟာ ငွေပြန်မဆပ် နိုင်လို့ လာပြီးညည်းညူ အရေးဆိုကြတယ်လို့ ပြောပြန်တယ်။ ဒီတော့ ခင်ဗျား ဟာ မာဒမ်ဂီဆယ်(လ်)ဆီလာတဲ့ ငွေချေးယူသူတွေအကြောင်း ထိုက်သင့် သလောက်တော့ သိနေတယ် မဟုတ်လား"

"ကျွန်မ ရှင်းပြပါရစေ။ မာဒမ်ဂီဆယ်(လ်)ဟာ လူတွေနဲ့ စကားပြော



အခါ ဘယ်တော့မှ နာမည်ကို ထုတ်ဖော်ပြောလေ့ မရှိပါဘူး။ သူ့ရဲ့ စီးပွား ရေးလုပ်ငန်းအကြောင်းကိုလည်း စကားစပ်ပြောလေ့ မရှိပါဘူး။ ဒါပေမဲ့ ခါတစ်ခါတော့ မာဒမ်ဂီဆယ်(လ်)က သူ့ကိုယ်သူပြောပြီး ဝေဖန်သုံးသပ် သလိုပုံမျိုးနဲ့ ကျွန်မကို စကားပြောတတ်ပါတယ်"

ဤတွင် စုံထောက်ဟာကျူးလီက ရှေ့သို့တိုးလာပြီး...

"ဒါမျိုး ဥပမာတစ်ခုလောက် ပြောမပြနိုင်ဘူးလား"

ဟု မေးလိုက်သည်။

"ဟုတ်ကဲ့ရှင့်၊ ဥပမာ စာတစ်စောင် ရောက်လာတယ်ဆိုပါစို့၊ မာဒမ် ဂီဆယ်(လ)ဟာ စာကိုဖွင့်ဖတ်ပြီး တစ်ယောက်တည်း သူ့ဟာသူ ဝေဖန်မှတ် ချက်ချသလိုနဲ့ 'အံမယ်၊ ဒါမျိုး ဘာရမလဲ။ ညည်းက ငွေမပေးချင်လို့ ဘာရ လဲ'လို့ ရေရွတ်လိုက်ပြီးမှ ကျွန်မဘက်လှည့်ပြီး ပြောပြန်တယ်။ သူပြောပုံ က 'ဟေ့ ဟေ့ အယ်လစ်၊ လူတွေက ငါ့ကို အပေါင်ပစ္စည်းမပါဘဲ ငွေများများ စားစား အလကား ထုတ်ချေးနေတယ် မှတ်ကြတယ်။ ငါ့အတွက် အပေါင် ပစ္စည်းက သူတို့ရဲ့ အတွင်းရေးတွေ စုံစမ်းသိရှိထားတာ ဖြစ်တယ်။ ဒီလို အ တွင်းရေး အချက်အလက်တွေသိထားတဲ့အတွက် ငါ့မှာ အင်အားတစ်မျိုး ရှိ နေတယ်ကွယ့်' အဲသလိုစကားမျိုး ပြောတတ်ပါတယ်"

"ဒါထက် ငွေချေးယူဖို့လာတဲ့လူတွေကို ခင်ဗျားအနေနဲ့ တွေ့ဆုံဖူး သလား"

"မတွေ့ဖူးသလောက်ပါပဲ။ များသောအားဖြင့် လူတွေက အပေါ်ထပ် အခန်းကိုပဲ လာတတ်တဲ့အပြင် ညမိုးချုပ် မှောင်တော့မှ လာလေ့ရှိကြပါတယ်"

"မာဒမ်ဂီဆယ်(လ်)ဟာ အင်္ဂလန်ပြည်ကို လေယာဉ်နဲ့ ခရီးမထွက်မီ က ပဲရစ်မြို့မှာ ရှိနေသလား"

"ဟုတ်ကဲ့၊ ခရီးမထွက်ခင်တစ်ရက် ညနေပိုင်းကမှ ပဲရစ်မြို့ကို ပြန် လာပါတယ်"

"သူက ဘယ်ကိုသွားနေလို့လဲ"

"နှစ်စဉ် ဒီအချိန်မှာ ခရီးထွက်နေကျဖြစ်တဲ့အတိုင်း လီပီနေအရပ်၊ ...(လ)နဲ့ ဝီမာရိုအရပ်တို့ကို ရက်သတ္တနှစ်ပတ်လောက် ခရီးထွက်ခဲ့ပါတယ်"

"ကောင်းပါပြီ၊ ခင်ဗျား သေသေချာချာ စဉ်းစားကြည့်စမ်းပါ။ မာဒမ် ဂီဆယ်(လ်)က ခရီးထွက်ရာက ပြန်လာတော့ ဘာများပြောသေးသလဲ၊ သူပြော တဲ့ စကားတွေထဲမှာ ကျုပ်တို့အတွက် အထောက်အကူဖြစ်နိုင်မဲ့ အချက် အလက်များ ပါနေသလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး အယ်လစ်သည် ခေတ္တစဉ်းစားနေပြီးနောက် ခေါင်းခါလိုက်သည်။

"ကျွန်မအနေနဲ့ သူပြောတဲ့အထဲမှာ ဘာမှ ထူးထူးခြားခြားတော့ မပါဘူးရှင့်။ သူ ခရီးသွားခဲ့တာ အဆင်ပြေကြောင်း၊ အလုပ်အကိုင်ကောင်းကြောင်း အဲဒါလောက်ပဲ ပြောပါတယ်။ ပြီးတော့ ကျွန်မကို ယူနီဗာဆယ်လေကြောင်းကုမ္ပဏီကို တယ်လီဖုန်းဆက်ခိုင်းပြီး နောက်တစ်နေ့ အင်္ဂလန်သွားမယ့်လေယာဉ်မှာ ထိုင်ခုံတစ်နေရာရဖို့ စီစဉ်ခိုင်းပါတယ်။ အဲဒီနေ့က မနက်လေယာဉ်မှာ လူပြည့်နေလို့ နေ့လယ်အခေါက်ကျမှ လက်မှတ်ရပါတယ်"

"သူ အင်္ဂလန်ပြည်ကိုသွားတာ ဘာကိစ္စလို့ ပြောသလဲ။ အရေးကြီးတယ်လို့ကော ပြောသလား"

"မပြောပါဘူးရှင့်။ မာဒမ်ဂီဆယ်(လ်)ဟာ မကြာခဏ အင်္ဂလန်ကို သွားလေ့ရှိပါတယ်။ ဒါပေမဲ့ ခါတိုင်းဆိုရင် မသွားခင်တစ်ရက် ကြိုတင်ပြီး ကျွန်မကို ပြောလေ့ရှိပါတယ်"

"အဲဒီလိုမသွားခင်တစ်ရက်မှာ ညနေဘက်က သူ့ဆီ ငွေချေးတဲ့လူတွေ လာသေးသလား"

"တစ်ဦးတော့ လာတယ်လို့ ထင်ပါတယ်။ သိပ်တော့ မသေချာဘူးရှင့်။ လုံခြုံရေးအစောင့်ဂျော့က သိကောင်းသိပါလိမ့်မယ်။ ကျွန်မကိုတော့ ဘာမှ မပြောပါဘူး"

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာသည် လူသတ်မှု ပဏာမစစ်ဆေးစဉ် သက်သေအဖြစ် လာရောက်ထွက်ဆိုသူများကို ထုတ်ယူ၍ပြရင်း...

"ခင်ဗျား ဒီလူတွေကို သိသလား ကြည့်စမ်းပါ"ဟု ပြောလိုက်သည်။

အမျိုးသမီး အယ်လစ်သည် ဓာတ်ပုံများကို တစ်ခုချင်းကြည့်ပြီးနောက် ခေါင်းခါပြလေသည်။

"မသိဘူးရှင့်။ ကျွန်မ ဒီလူတွေကို မသိပါဘူး"

"ဒါဖြင့် ဒီဓာတ်ပုံတွေကို လုံခြုံရေးအစောင့်ဂျော့ကို ပြကြည့်မှ ထင်တယ်"

"ဟုတ်ကဲ့ရှင့်၊ ဒါပေမဲ့ ဂျော့က မျက်လုံးသိပ်မကောင်းဘူး"

သူမက ပြောလိုက်ပြီးနောက် မစ္စတာဖိုနီယာသည် ထိုင်ရာမှထလိုက်သည်။

"ကိုင်း... ဒါဖြင့် ကျုပ်တို့ပြန်ဦးမှပဲ၊ ခင်ဗျားအနေနဲ့ ကျုပ်တို့ကို ပြောပြစရာ အချက်အလက် ဘာမှမကျန်ဘူးထင်ပါရဲ့။ ခင်ဗျားပြောဖို့ မေ့ကျန်



တာများ ရှိသလားလို့"

"ဘာများ ကျန်စရာရှိလို့လဲရှင့်"

"ပြောစရာမကျန်ရင် ပြီးတာပါပဲ။ ကျုပ်တို့ သွားဦးမယ်။ ကဲ...လာစေ့ဘာဟာကြူလီ၊ သွားကြစို့"

ဖိုနီယာက ပြောလိုက်ချိန်တွင် စုံထောက်ဟာကြူလီသည် အခန်းတွင်း၌ တစ်စုံတစ်ခု ရှာဖွေသလို လှည့်ပတ်ရှာနေသဖြင့် ဖိုနီယာက...

"အလို... မစ္စတာဟာကြူလီက တစ်ခုခုရှာနေတာလားဗျ"

ဟု မေးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ရှာနေတယ်။ ဒါပေမဲ့ ကျုပ်ရှာတာကို မတွေ့ဘူး"

"ဘာများ ရှာနေတာလဲဗျ"

"သေသူမာဒမ်ဂီဆယ်(လ်)ရဲ့ မိသားစု သို့မဟုတ် ဆွေမျိုးသားချင်းတွေရဲ့ ဓာတ်ပုံတွေ လိုက်ရှာနေတာပါ။ တစ်ခုမှ မရှိဘူး"

စုံထောက်ဟာကြူလီ၏ စကားအဆုံးတွင် အမျိုးသမီးအယ်လစ်က...

"မာဒမ်ဂီဆယ်(လ်)မှာ အိမ်ထောင်မိသားစု မရှိဘူးရှင့်။ သူတစ်ယောက်တည်းပဲ ရှိပါတယ်"

ဟု ပြောလေသည်။

ဤတွင် စုံထောက်ဟာကြူလီက...

"သူ့မှာ သမီးတစ်ယောက် ရှိတယ်ဗျ"

ဟု ပြောလိုက်သည်။

သည်တော့မှ အမျိုးသမီးအယ်လစ်က...

"ဒါတော့ ဟုတ်ပါတယ်။ သမီးတစ်ယောက်တော့ ရှိပါတယ်"

"ဒါဖြင့် အဲဒီသမီးရဲ့ဓာတ်ပုံ မရှိပါကလား"

"အခြေအနေကို ရှင်တို့မသိကြလို့ပါ။ မာဒမ်ဂီဆယ်(လ်)မှာ သမီးတစ်ယောက်ရှိတာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒါကြာလှပါပြီ။ ကျွန်မသိသလောက် မာဒမ်ဂီဆယ်(လ်)ဟာ သူ့သမီး လူမမယ် ကလေးငယ်အရွယ်ကပြီး တစ်ခါမှ လူချင်းမတွေ့ဆုံခဲ့ပါဘူး"

"အဲဒါ ဘာဖြစ်လို့လဲ"

မစ္စတာဖိုနီယာက ရုတ်တရက် ဖြတ်မေးလိုက်သည်။

"ဒါတော့ ကျွန်မ ကောင်းကောင်းမသိဘူးရှင့်။ ဖြစ်ခဲ့တာ မာဒမ်ဂီဆယ်(လ်) ငယ်ရွယ်စဉ်က ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီအချိန်က သူဟာ

www.burmeseclassic.com

www.burmeseclassic.com



အတော်ချောမောလှပတဲ့ မိန်းကလေးတစ်ဦး ဖြစ်တယ်လို့လည်း ကြားဖူးပါတယ်။ သူ့အနေနဲ့ တရားဝင်လက်ထပ် အိမ်ထောင်ပြုခဲ့သလား၊ တရားဝင်လက်မထပ်ဘဲ နေခဲ့သလားဆိုတာတော့ မသိဘူး။ ဘာပဲဖြစ်ဖြစ် မွေးလာတဲ့ သူ့ကလေးအတွက် အစီအစဉ်တစ်ခုခု လုပ်ခဲ့တာသေချာပါတယ်။ နောက်ပိုင်း မာဒမ်ဂီဆယ်(လ်)ဟာ ကျောက်ကြီးရောဂါဖြစ်လို့ သေလုမြောပါး ခံစားခဲ့ရပါတယ်။ သူ့ရဲ့အလှအပဟာလည်း ပျက်စီးသွားတော့တာပါပဲ။ ယောကျ်ားတွေနဲ့ ချစ်ကြည်ရင်းနှီးမှုဆိုတာမျိုးတွေ လုံးဝမရှိတော့ဘူး။ ဒါနဲ့ သူဟာ စီးပွားရေးအလုပ်ကိုပဲ တောက်လျှောက် အာရုံစိုက်ပြီး လုပ်ခဲ့ပါတယ်"

"ဒါပေမဲ့ သူ့ရဲ့ငွေကြေး အမွေအနှစ်ကို သူ့သမီးကိုပေးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ သူ့မှာက အမွေပေးစရာ တခြားသွေးသားရယ်လို့မှ မရှိဘဲ။ နောက်ပြီး မာဒမ်ဂီဆယ်(လ်)မှာ ရင်းနှီးတဲ့မိတ်ဆွေလည်း လုံးဝမရှိဘူး။ သူဟာ ငွေကြေးကိုသာ သဲသဲမဲမဲ ရှာခဲ့ပါတယ်။ သူဟာ အပိုသုံးဖြုန်းတာမျိုး ဘာမှမလုပ်ခဲ့ဘူး။ ဝါသနာ မပါဘူး"

"သူက ခင်ဗျားအတွက်လည်း အမွေပေးခဲ့တယ်။ ဒါကို ခင်ဗျား သိရဲ့လား"

"ဟုတ်ကဲ့၊ ကျွန်မကို အကြောင်းကြားလို့ သိရပါတယ်။ မာဒမ်ဂီဆယ်(လ)ဟာ ကျွန်မအပေါ် စေတနာကောင်းပါတယ်။ နှစ်စဉ် ကျွန်မကို လစာငွေအပြင် အပိုဆုလည်း အမြဲပေးပါတယ်။ ဒါအတွက် ကျွန်မ သူ့ကို ကျေးဇူးတင်ပါတယ်"

ဤတွင် မစ္စတာဖိုနီယာက…

"ကိုင်း… သွားဦးမှပဲ။ အပြင်ဘက်အထွက်မှာ လုံခြုံရေးအစောင့်ကျော့နဲ့ ခဏဝင်တွေ့ဦးမယ်"ဟုပြောရာ စုံထောက်ဟာကြျူလီက…

"ခင်ဗျား သွားနှင့်ပါ။ ကျုပ်က ခဏကြာမှ လိုက်ခဲ့ပါရစေ"

ဟုပြောလိုက်သည်။

"ဒါဖြင့်လည်း ကောင်းပါပြီ"

ပြောပြောဆိုဆို မစ္စတာဖိုနီယာသည် ထွက်သွားလေသည်။

စုံထောက်ကြီးဟာကြျူလီသည် အခန်းတွင်း၌ လှည့်ပတ်ရှာကြည့်ပြီးနောက် အယ်လစ်ဆိုသူ အမျိုးသမီး၏ မျက်နှာကို ခပ်တည်တည်စိုက်ကြည့်လိုက်သည်။

အမျိုးသမီးသည် နေရထိုင်ရခက်သလို ဖြစ်လာလေသည်။



"လူကြီးမင်းက နောက်ထပ်ဘာများ သိလိုပါသေးသလဲရှင်"

"ဒီမယ… ခင်ဗျားရဲ့သခင်မကို ဘယ်သူက သတ်တယ်ဆိုတာ သိသလား"

စုံထောက်ဟာကြျူလီ ခပ်တည်တည်မေးလိုက်သည်။

"မသိပါဘူးရှင့်၊ ကျွန်မ လုံးဝမသိဘူးဆိုတာ ကျမ်းကျိန်ပြောဝံ့ပါတယ်"

အမျိုးသမီးကပြောနေစဉ် ဟာကြျူလီသည် သူမ၏မျက်နှာကို သေချာစွာ အကဲခတ်ကြည့်နေရာမှ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ။ ခင်ဗျားပြောတာကို ကျုပ်လက်ခံပါတယ်။ ဒါပေမဲ့ သိတာကတခြား သံသယဖြစ်တာကတစ်မျိုး ဖြစ်တယ်။ ဘယ်သူဘယ်ဝါက သတ်တာဖြစ်နိုင်တယ်လို့ ခင်ဗျားစိတ်ထဲမှာ တစ်ယောက်ယောက်ပေါ် သင်္ကာမကင်းဖြစ်တာများ ရှိသလား"

"ကျွန်မ ဘယ်လိုမှ မထင်ပါဘူး၊ ဒီအကြောင်းကိုလည်း ကျွန်မက နဲ့အရာရှိကြီးကို ပြောခဲ့ပြီးပါပြီ"

"ဟိုလူ့ကို ခင်ဗျားက ပြောခဲ့ပေမဲ့ ကျုပ်ကိုတစ်မျိုးပြောရင်လည်း ဖြစ်ပါတယ်"

"ရှင်က ဘာကြောင့် ဒီလိုပြောတာလဲ။ ကျွန်မအနေနဲ့ ဘာဖြစ်လို့ လူတစ်ယောက်ကို တစ်မျိုးပြောပြီး နောက်တစ်ယောက်ကျတော့ တစ်မျိုးပြောရမှာလဲ"

"ဒီလိုရှိပါတယ်၊ ရဲကို ထွက်ချက်ပေးပြီး ပြောတာကတစ်မျိုး၊ ရိုးရိုးသာမန်လူတစ်ယောက်ကို ပြောပြရတာကတစ်မျိုး ဖြစ်တယ်။ အခြေအနေချင်းတူဘူး"

"ဒါတော့ မှန်ပါတယ်"

အမျိုးသမီးသည် ဝန်ခံရင်း စိတ်ထဲမှ တစ်စုံတစ်ရာ ဆုံးဖြတ်ရခက်သလို ဖြစ်နေသည်။ ချီတုံချတုံ စဉ်းစားနေသည့်ဟန်မျိုးဖြစ်နေရာ စုံထောက်ဟာကြျူလီသည် သူမအား သေချာစွာ အကဲခတ်ကြည့်ရင်းက ရှေ့သို့တိုးပြီး…

"ခင်ဗျားကို ကျုပ်တစ်ခု ပြောပါမယ်။ ကျုပ်ရဲ့အလုပ်က သူများပြောတာကို ယုံကြည်လေ့မရှိဘူး။ ခိုင်လုံတဲ့ အထောက်အထားမရှိရင် ဘာမှမယုံဘူး။ ကျုပ်အနေနဲ့ လူတစ်ယောက်ကို သင်္ကာမကင်းဖြစ်တာ မဟုတ်ဘူး။ လူတိုင်းကို ကျုပ်က သင်္ကာမကင်းဖြစ်တယ်။ လုံးဝ အပြစ်မရှိဘူးဆိုတာ ခိုင်လုံတဲ့ အထောက်အထား တွေ့တော့မှသာ အဲဒီလူကို ကျုပ်က အပြစ်မရှိဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ယူဆတယ်"

စုံထောက်ဟာကြူလီက ပြောလိုက်လျှင် အမျိုးသမီးအယ်လစ်သည် ဒေါသထွက်လာပုံ ရလေသည်။

"ဘာလဲ။ ရှင်က ကျွန်မကိုပါ လူသတ်သမားအဖြစ် မသင်္ကာဘူးလို့ ဆိုချင်ကာလားရှင့်"

"မဟုတ်ပါဘူး။ ကျုပ်က ခင်ဗျားကို မာဒမ်ဂီဆယ်(လ်)ကို သတ်သူအဖြစ် မသင်္ကာမဖြစ်ပါဘူး။ လူသတ်သမားဟာ လေယာဉ်ပေါ် လိုက်သွားတဲ့ ခရီးသည်တစ်ဦးသာဖြစ်တယ်။ ဒါကြောင့် လူသတ်မှုဟာ ခင်ဗျားရဲ့ လက်ချက် မဖြစ်နိုင်ပါဘူး။ သို့သော်လည်း ခင်ဗျားက ကြံရာပါတစ်ဦးဖြစ်နိုင်တယ်။ ဥပမာ မာဒမ်ဂီဆယ်(လ်)က လေယာဉ်နဲ့ ခရီးသွားမယ့် အစီအစဉ်ကို ခင်ဗျားက တစ်ယောက်ယောက်ကို သတင်းပေးလိုက်တာ ဖြစ်နိုင်တယ်"

"မဟုတ်ရပါဘူးရှင်။ ကျွန်မက ဘယ်သူ့ကိုမှ ဘာသတင်းမှ မပေးခဲ့ရပါဘူး။ ကျွန်မ ကျမ်းကျိန်ပြောပါတယ်"

စုံထောက်ဟာကြူလီသည် အမျိုးသမီး၏မျက်နှာကို အတန်ကြာကြာ အကဲခတ် ကြည့်နေပြန်သည်။ ထို့နောက် ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတာကို ကျုပ်ယုံပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားက တစ်စုံတစ်ခုကိုတော့ ဖုံးကွယ်ထားတယ်။ ဒါနဲ့ပတ်သက်လို့ ကျုပ်တစ်ခုပြောပါမယ်။ ရာဇဝတ်မှုခင်းတစ်ခုဖြစ်လို့ သက်သေတွေကို စစ်မေးတဲ့အခါ လူတိုင်းလိုလိုပဲ အားလုံးပြည့်စုံအောင် မပြောဘဲ တစ်ခုခုတော့ ဖုံးကွယ်ထိန်ချန်ထားတတ်ကြတယ်၊ တစ်ခါတလေ အဲဒီလိုဖုံးကွယ်ထားချက်ဟာ အရေးမကြီးသော်လည်း တစ်ခါတစ်ခါကျတော့ အရေးကြီးတဲ့ အချက်ဖြစ်နေတတ်တယ်။ ကျုပ်တာ တာကြူလီအနေနဲ့ သိလို့ပြောနေခြင်းဖြစ်တယ်။ ခင်ဗျားဟာလည်း ကျုပ်စောစောကပြောတဲ့ သက်သေတွေလိုပါပဲ၊ ခင်ဗျား ဘာမှငြင်းမနေပါနဲ့၊ စောစောက မစ္စတာဖိုနီယာက ခင်ဗျားပြောဖို့ ကျန်တာများရှိသေးလားလို့ မေးတော့ ခင်ဗျားဟာ ရုတ်တရက် အဖြေရခက်သွားသလိုဖြစ်ပြီးမှ စကားကို ဝေ့လည်ကြောင်ပတ်ဖြေခဲ့တယ်၊ နောက်တော့ ကျုပ်က ခင်ဗျားအနေနဲ့ ရဲကို မပြောချင်တာရှိရင် ကျုပ်ကို ပြောနိုင်ပါတယ်လို့ ဆိုတော့ ခင်ဗျားက ပြောရကောင်းမလားလို့ စဉ်းစားနေခဲ့တယ်။ ဒီတော့ ခင်ဗျားမှာ ပြောစရာရှိတယ်ဆိုတာ ထင်ရှားတယ်။ အဲဒါဘာလဲဆိုတာ ကျုပ်သိချင်တယ်"

"အရေးကြီးတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘာလဲဆိုတာ ကျုပ်



ကို ပြောပြစမ်းပါ။ ကျုပ်က ရဲအရာရှိမဟုတ်ပါဘူး"

"ဒါတော့ ဟုတ်ပါတယ်ရှင်"

ဤသို့ ပြောပြီး သူမသည် ခေတ္တစဉ်းစားပြီးမှ ဆက်ပြောလေသည်၊

"ဒီမယ်ရှင့်၊ ကျွန်မမှာ အကျပ်အတည်း တွေ့နေရပါပြီ။ မာဒမ်ဂီဆယ်(လ်)က ကျွန်မကို ဘာလုပ်စေချင်တယ်ဆိုတာ ကျွန်မအနေနဲ့ မသိဘူးရှင့်"

"ဘာမဆို တစ်ယောက်တည်းထက်စာရင် နှစ်ယောက်ပေါင်းစဉ်းစားတာ ပိုကောင်းတယ်လို့ ဆိုကြတယ်မဟုတ်လား။ ခင်ဗျားက ပြောစရာရှိတာသာ ပြောစမ်းပါ။ ပြီးတော့ ဝိုင်းစဉ်းစားကြတာပေါ့"

အမျိုးသမီးက ဘာမှပြန်မပြောပဲ သံသယဖြစ်ဟန်ဖြင့် ကြည့်နေလေရာ စုံထောက်ဟာကြူလီသည် ပြုံးလိုက်ပြီးနောက်...

"ဒီမယ်... အယ်လစ်။ ခင်ဗျားဘာစဉ်းစားနေတယ်ဆိုတာ ကျုပ်ရိပ်မိပါ တယ်။ ခင်ဗျားက ကိုယ့်သခင်မ မာဒမ်ဂီဆယ်(လ်)အပေါ် အလွန်သစ္စာရှိသူ တစ်ယောက်ဖြစ်လို့ အခုလိုစဉ်းစားနေတာမဟုတ်လား"

ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်ရှင့်။ သွားလေသူ မာဒမ်ဂီဆယ်(လ်)ဟာ ကျွန်မကို အထူးပဲ ယုံကြည်စိတ်ချခဲ့ပါတယ်။ ကျွန်မကလည်း သူယုံကြည်လို့ ခိုင်းသမျှကိစ္စအားလုံးကို သစ္စာရှိစွာနဲ့ ဆောင်ရွက်ခဲ့ပါတယ်"

"သူက ခင်ဗျားအပေါ် အထူးကောင်းခဲ့တာကိုလည်း ကျေးဇူးတင်နေတယ်မဟုတ်ပါလား"

"လူကြီးမင်းက အလွန်အကင်းပါးတာပဲကိုးရှင့်၊ ဟုတ်ပါတယ်။ မာဒမ်ဂီဆယ်(လ်)က ကျွန်မအပေါ် အထူးကောင်းခဲ့ပုံကို ပြောပြပါမယ်။ တစ်ချိန်က ကျွန်မ စုဆောင်းထားသမျှတွေကို ခိုးယူခြင်းခံရပါတယ်။ ပြီးတော့ ကျွန်မမှာ ကလေးတစ်ယောက် မွေးခဲ့ပါတယ်၊ အဲဒီလို အကျပ်အတည်း တွေ့နေတုန်းမှာ မာဒမ်ဂီဆယ်(လ်)က ကျွန်မရဲ့ ကလေးကို ရိုးသားဖြောင့်မတ်တဲ့ မိသားစုတစ်ခုက တာဝန်ယူစောင့်ရှောက်ဖို့အတွက် စီစဉ်ပေးခဲ့ပါတယ်၊ အဲဒီတုန်းကပဲ သူကိုယ်တိုင် တစ်ချိန်က ကလေးတစ်ယောက်ရှိခဲ့ဘူးတာကို ပြောပြခဲ့ပါတယ်"

"အဲဒီတုန်းက သူ့ကလေးက ဘယ်အရွယ်ဆိုတာရယ်၊ ဘယ်အရပ်မှာဆိုတာရယ် ပြောပြသလား"

"မပြောပြပါဘူး၊ ဒါပေမဲ့ ကျွန်မစိတ်ထဲထင်တာတော့ ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဒါဖြင့် ခင်ဗျားထင်တာကို ပြောစမ်းပါ"

"ကျွန်မ ထင်တာပဲရှိတာနော်"

"ဟုတ်ပါတယ်။ ပြောသာပြောပါ"

"ကျွန်မတော့ သူ့ကလေးရဲ့ဖခင်ဟာ အင်္ဂလိပ်လူမျိုးတစ်ယောက်လို့ ထင်ပါတယ်"

"ဘာကြောင့် ခင်ဗျားက ဒီလိုထင်မိတာလဲ"

"ဘာကြောင့်ရယ်လို့ အတိအကျမရှိပါဘူး။ မာဒမ်ဂီဆယ်(လ်)ဟာ အင်္ဂလိပ်လူမျိုးတွေအကြောင်း ပြောတဲ့အခါ အလွန်မုန်းတီးနာကြည်းသလို ပြောတတ်လို့ပါပဲ။ နောက်တစ်ခုက သူဟာ အင်္ဂလိပ်လူမျိုးတွေရဲ့ အတွင်းရေးလျှို့ဝှက်ချက်တွေ သိရှိထားလို့ အကျပ်ကိုင် ခြိမ်းခြောက်နိုင်တဲ့အခါ အလွန်သဘောကျတတ်ပါတယ်။ ဒါတွေက ကျွန်မစိတ်ထဲမှာ ထင်မိတာတွေပါ"

"ဟုတ်ပါတယ်။ ခင်ဗျားရဲ့ ထင်မြင်ချက်ဖြစ်သော်လည်း အရေးပါတဲ့ အချက်ဖြစ်လာနိုင်တယ်။ ဒါထက် ခင်ဗျားရဲ့ကလေးဆိုတာက ယောကျ်ားကလေးလား၊ မိန်းကလေးလား"

"မိန်းကလေးဖြစ်ပါတယ်။ ဒါပေမဲ့ အခု သူသေသွားရှာပါပြီ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဆုံးသွားပါတယ်"

"ဟုတ်လား။ ကြားရတာ ဝမ်းနည်းပါတယ်။ ကိုင်း… အယ်လစ်၊ စောစောက ခင်ဗျားမပြောဘဲထားတယ်ဆိုတာက ဘာများလဲ"

စုံထောက်ဟာကြူလီက မေးလိုက်ရာ အမျိုးသမီးသည် ထိုင်ရာမှထပြီး အခန်းအတွင်းမှထွက်သွားလေသည်။ ခဏမျှကြာသော် အနက်ရောင် မှတ်စုစာအုပ်ငယ် အဟောင်းတစ်ခုကိုယူ၍ ပြန်ဝင်လာလေသည်။

"ဒီမှတ်စုစာအုပ်လေးဟာ မာဒမ်ဂီဆယ်(လ်)ရဲ့ စာအုပ်ဖြစ်ပါတယ်။ သူသွားလေရာ အမြဲဆောင်သွားလေ့ရှိပါတယ်။ ဒါပေမဲ့ အင်္ဂလန်ပြည်ကို ခရီးထွက်ခါနီးကျတော့ ဒီစာအုပ်ကို လိုက်ရှာတာ မတွေ့ဘူး။ တစ်နေရာမှာထားပြီး မေ့နေတာဖြစ်ပါလိမ့်မယ်။ ဒါနဲ့ သူခရီးထွက်သွားပြီးတော့မှ ကျွန်မက ဒီစာအုပ်ကို ရှာတွေ့ပါတယ်။ ခုတင်ခေါင်းရင်းဘက်မှာ အောက်ကျနေပါတယ်။ ကျွန်မက မာဒမ်ဂီဆယ်(လ်)ပြန်လာမှပေးမယ်ဆိုပြီး သိမ်းထားလိုက်ပါတယ်။ သူသေဆုံးပြီကြားတော့ ကျွန်မက စာရွက်စာတမ်းတွေကို မီးရှို့ပစ်လိုက်ပါတယ်။ ဒီစာအုပ်လေးကိုတော့ မီးမရှို့ဘဲထားလိုက်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သူက ဘယ်လိုမှ ညွှန်ကြားထားတာမရှိလို့ပါပဲ"

"မာဒမ်ဂီဆယ်(လ်) သေဆုံးတဲ့သတင်းကို ခင်ဗျားဘယ်တုန်းက



သိရပါသလဲ"

စုံထောက်ဟာကြူလီ၏မေးခွန်းကို အမျိုးသမီးက စဉ်းစားနေရာ…

ဟာကြူလီကပင် ဆက်၍…

"ဒီသတင်းကို ခင်ဗျားက ရဲအရာရှိတွေဆီက ကြားတယ်မဟုတ်လား။ သူတို့က ဒီကိုလာပြီး မာဒမ်ဂီဆယ်(လ်)ရဲ့ စာရွက်စာတမ်းတွေကို စစ်ဆေးဖို့လာတယ်။ ဒါပေမဲ့ မီးခံသေတ္တာထဲမှာ ဘာစာရွက်စာတမ်းမှ မရှိဘူး။ ခင်ဗျားက မီးရှို့ပစ်လိုက်ပြီလို့ ပြောတယ်။ အမှန်တော့ ခင်ဗျားဟာ ရဲအရာရှိတွေ ပြန်သွားတော့မှ စာရွက်စာတမ်းတွေကို မီးရှို့ပစ်လိုက်တာမဟုတ်လား"ဟု ပြောလိုက်သည်။

"ဟုတ်ပါတယ်ရှင့်။ ရဲအရာရှိတွေက မီးခံသေတ္တာကို ဖွင့်ကြည့်နေတုန်းမှာ ကျွန်မက စာရွက်စာတမ်းတွေကို သံသေတ္တာထဲက ထုတ်ယူလိုက်ပါတယ်။ ရဲတွေကိုတော့ ကျွန်မက စာရွက်တွေ မီးရှို့လိုက်ပြီလို့ပြောခဲ့ပါတယ်။ ဒါဟာလည်း ကျွန်မအနေနဲ့ မာဒမ်ဂီဆယ်(လ်)ရဲ့ ညွှန်ကြားချက်ကို လိုက်နာခြင်းသာဖြစ်ပါတယ်။ ဒီကိစ္စကို ရှင်က ရဲတွေကို မပြောဘူးမဟုတ်လား။ သူတို့သိရင် ကျွန်မအဖို့ ပြဿနာဖြစ်နေပါဦးမယ်"

"ခင်ဗျားဟာ မှန်တယ်ထင်တာကို ဆောင်ရွက်ခဲ့တယ်လို့ ကျုပ်ယုံကြည်ပါတယ်။ ဝမ်းနည်းစရာတော့ ကောင်းတာပေါ့။ ဒါပေမဲ့လည်း ပြီးခဲ့တာတွေကို နောင်တရနေလို့ ဘာမှအကြောင်းမထူးပါဘူး။ စာရွက်စာတမ်းတွေ ဘယ်အချိန်က မီးရှို့ပစ်လိုက်တယ်ဆိုတာကိုလည်း မစ္စတာဖိုနီယာကို အချိန်အတိအကျ ပြောဖို့မလိုပါဘူး။ ကိုင်း… ဒီမှတ်စုစာအုပ်ထဲ ဘာတွေများပါသလဲဆိုတာ ကြည့်ဦးမှပဲ"

"ဘာမှတော့ထူးမယ်မထင်ပါဘူးရှင်။ ဒီစာအုပ်က မာဒမ်ဂီဆယ်(လ်)ရဲ့ ကိုယ်ရေးမှတ်စုစာအုပ်ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီထဲမှာ နံပါတ်တွေသာ ရေးထားပါတယ်။ ဖိုင်တွဲတွေ၊ စာရွက်စာတမ်းတွေမရှိရင် ဒီနံပါတ်တွေက ဘာမှ အဓိပ္ပာယ်မရှိသလို ဖြစ်နေမှာပါပဲ"

ပြောရင်းနှင့် သူမသည် မှတ်စုစာအုပ်ကို မပေးချင်ပေးချင်ဟန်ဖြင့် စုံထောက်ဟာကြူလီအား လှမ်းပေးလေသည်။ ဟာကြူလီလည်း စာအုပ်[illegible] ယူ၍ ဖွင့်ကြည့်လိုက်ရာ စာမျက်နှာများတွင် ခဲတံဖြင့် ရေးမှတ်ထား[illegible] တွေ့ရလေသည်။ လက်ရေးက နိုင်ငံခြားသားများ အင်္ဂလိပ်[illegible] သက်ရေးမျိုးဖြစ်ပြီး နံပါတ်များကို လျှို့ဝှက်သင်္ကေတသဖွယ် [illegible] သည်။ အတိုချုပ်မှတ်စုသဘောမျိုး ရေးထားသည်ကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စီအိပ် ၂၅၆ - ဗိုလ်မှူးကြီးကတော် တာဝန်ကျသည့် နေရာ ဆီးရီးယားတပ်ရင်းရန်ပုံငွေများ

ဂျီအက်(ဖ) ၃၄၂ - ပြင်သစ်လွှတ်တော်အမတ် စတာဗီစဘီ အဆက်အသွယ်

အလားတူ ရေးမှတ်ထားချက်များ စုစုပေါင်း နှစ်ဆယ်ခန့်ရှိလေသည်။

စာအုပ်၏ နောက်ဆုံးစာမျက်နှာတွင်ကား နေရာ၊ ဒေသ၊ နေ့ရက်၊ အချိန်၊ နာရီများကို သတ်မှတ်ထားလေသည်။

| | | | |
|---|---|---|---|
| လီပီနေ | တနင်္လာနေ့ | ကာဆီနို | ကစားဝိုင်း |
| | | ၁၀း၃၀ | နာရီ |
| ဆာဗွိုင်းဟိုတယ် | | (၅) | နာရီ |
| အေ-ဘီ-စီ ဖလီလမ်း | | (၁၁) | နာရီ |

ယင်းသို့ ရေးသားထားချက်များမှာ ချိန်းဆိုထားချက်များကို မှတ်မိရန် အတိုချုပ် မှတ်သားထားသည့် သဘောမျိုး ဖြစ်နေလေသည်။

အမျိုးသမီးအယ်လစ်သည် စုံထောက်ဟာကြူလီအား စိတ်ဝင်စားစွာ ကြည့်ရာမှ...

"ဒါတွေ ကျွန်မအဖို့ ဘာမှအဓိပ္ပာယ်မရှိပါဘူး။ မာဒမ်ဂီဆယ်ကသာ နားလည်မယ်ထင်ပါတယ်။ တခြားလူတစ်ယောက်ဖတ်ကြည့်လို့ သဘောပေါက်မှာ မဟုတ်ပါဘူး"ဟု ပြောလိုက်သည်။

စုံထောက်ဟာကြူလီသည် မှတ်စုစာအုပ်ငယ်ကို ပြန်ပိတ်ပြီး သူ၏ အကျႌအိတ်ထဲသို့ ထည့်လိုက်သည်။

"ဒါက အလွန်အရေးကြီးတာ ဖြစ်နိုင်တယ်။ အခု ခင်ဗျားက ကျုပ်ကို ဒီစာအုပ်ထုတ်ပေးတာ မှန်ကန်တယ်။ နောက်ပြီး စိတ်ထဲ လိပ်ပြာမလုံသလိုလည်း ဖြစ်မနေပါနဲ့။ မာဒမ်ဂီဆယ်(လ်)က ဒီစာအုပ် မီးရှို့ပစ်ဖို့ မညွှန်ကြားခဲ့ဘူး မဟုတ်လား"

"မှန်ပါတယ်ရှင့်"

"ဟုတ်ပြီ။ ဒီတော့ ခင်ဗျားကို ဘယ်လိုမှ မညွှန်ကြားခဲ့တဲ့အတွက် ဒီစာအုပ်ကို ရဲတပ်ဖွဲ့ကို ပေးအပ်ဖို့ ခင်ဗျားမှာ တာဝန်ရှိတယ်။ ဒါအတွက် ခင်ဗျားအပေါ် ဘာမှအပြစ်မရှိအောင်လည်း ကျုပ်က မစ္စတာဖိုနီယာနဲ့ ကြည့်စီစဥ်ပေးပါ့မယ်"

"ဟုတ်ကဲ့ရှင့်။ လူကြီးမင်းက စိတ်စေတနာ ကောင်းလှပါတယ်"

စုံထောက်ဟာကြူလီသည် ထိုင်ရာမှထလိုက်ပြီးနောက် ဆက်လက်



မေးခွန်းထုတ်ပြန်သည်။

"ကိုင်း... ကျုပ်လည်း မစ္စတာဖိုနီယာနောက် လိုက်သွားဦးမှပဲ။ တစ်ခုတော့ မေးချင်ပါသေးတယ်။ မာဒမ်ဂီဆယ်(လ်) လန်ဒန်ကိုသွားဖို့ လေယာဥ်လက်မှတ်ရဖို့ စီစဥ်တော့ ခင်ဗျားက လေဆိပ်ကို တယ်လီဖုန်း ဆက်လိုက်တာလား"

"ယူနီဗာဆယ် လေကြောင်းကုမ္ပဏီရဲ့ရုံးကို လှမ်းဆက်လိုက်ပါတယ်"

"အဲဒီ ကုမ္ပဏီရုံးက ပဲရစ်မြို့ ကာပူစီလမ်းမှာ ရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ကာပူစီလမ်း၊ အမှတ် (၂၅၄) မှာ ရှိပါတယ်"

အမျိုးသမီးက ပြောသည်ကို စုံထောက်ဟာကြူလီသည် သူ၏မှတ်စုစာအုပ်ထဲတွင် ရေးမှတ်ပြီးနောက် ပြန်ထွက်သွားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာသည် လုံခြုံရေးအစောင့် ဂျော့ဆိုသူနှင့် စကားပြောနေရာ မကျေမနပ်ဖြစ်ပြီး စိတ်တိုနေပုံရလေသည်။

ဂျော့ဆိုသူ အဘိုးကြီးကလည်း မကျေမနပ်ဖြစ်ဟန်ဖြင့် ဘုကျကျ ပြောနေသည်။

"ရဲအရာရှိတွေက ဒီလိုချည်းပါပဲလား။ လူတစ်ယောက်ကို မေးတဲ့အခါ မေးခွန်းတစ်ခုတည်းကိုသာ ထပ်တလဲလဲ မေးကြတယ်။ ကြာတော့ အမေးခံရသူဟာ စိတ်ညစ်လာပြီး အမှန်မပြောတော့ဘူး။ လိမ်ပြောချင်လာတာပေါ့။ လိမ်ပြောတယ်ဆိုတာကလည်း ရဲအရာရှိတွေ လိုချင်တာမျိုးဖြစ်အောင် လိမ်ပြောတာမျိုး ဆိုပါတော့"

"ကျုပ်က လိမ်ပြောတာကို မလိုချင်ဘူး။ အမှန်ကိုသာ လိုချင်တယ်"

ဖိုနီယာက ခပ်ထန်ထန်ပြောလိုက်သည်။

"ကောင်းပါပြီ၊ ကျုပ်က အခု အမှန်အတိုင်းပြောနေတာပဲ။ မာဒမ်ဂီဆယ်(လ) အင်္ဂလန်ပြည်ကို ခရီးမထွက်မီ တစ်ညက အမျိုးသမီးတစ်ယောက် သူ့ကို လာတွေ့ပါတယ်။ ခင်ဗျားက ကျုပ်ကို ဓာတ်ပုံတွေပြပြီး အဲဒီညကလာတဲ့မိန်းမဟာ ဓာတ်ပုံတွေထဲက အမျိုးသမီးတစ်ဦး ဟုတ်မဟုတ်မေးတယ်။ ကျုပ်က မျက်လုံးမကောင်းပါဘူးလို့ ခင်ဗျားကိုပြောခဲ့ပြီးပြီ။ ကျုပ်အနေနဲ့ သေသေချာချာ မကြည့်လိုက်လို့ အမျိုးသမီးကို မမှတ်မိပါဘူး။ နောက်ထပ် ဒီမိန်းမနဲ့ ပက်ပင်းတိုးရင်တောင်မှ ကျုပ်က မှတ်မိမှာမဟုတ်ဘူး။ ဒါကို ကျုပ် ပြောခဲ့တာ လေး ငါးကြိမ်လောက်တောင်ရှိနေပြီ"

"ခင်ဗျား မမှတ်မိဘူးဆိုတာ ဒီအမျိုးသမီးဟာ အရပ်ပုသလား



အရပ်မြင့်သလား၊ အသားဖြူသလား၊ ညိုသလား၊ အသက်ငယ်ငယ်လား၊ အသက်ကြီးကြီးလား ဆိုတာတောင် ခင်ဗျားမပြောနိုင်တော့ဘူးလား"

မစ္စတာဖိုနီယာက သရော်သလိုပြောလိုက်ရာ အဘိုးကြီးဂျော့လည်း ...ဘိုလာပုံရလေသည်။

"ဒါဖြင့်လည်း ကျုပ်ပြောတာ ခင်ဗျားမယုံနဲ့ပေါ့။ ကျုပ်ကလည်း ဂရုစိုက်ဘူး။ အခုလို ရဲအရာရှိတွေနဲ့ ပတ်သက်ရတာ ရှက်ဖို့တောင် ကောင်းသေးတယ်၊ တကယ်လို့သာ မာဒမ်ဂီဆယ်(လ်)ဟာ လေယာဉ်ပေါ်မှာ အသတ်မခံရခဲ့ရင် ခင်ဗျားတို့က ကျုပ် ဂျော့ကိုယ်တိုင် အဆိပ်ခတ်သတ်တယ်လို့ ခင်ဗျားတို့က ထင်ကောင်းထင်မှာပဲ။ ရဲအရာရှိတွေဟာ ဒီလိုချည်းပဲနဲ့ တူပါတယ်"

အဘိုးကြီး၏စကားကြောင့် မစ္စတာဖိုနီယာသည် ဒေါသထွက်လာ... တစ်စုံတစ်ခုပြန်ပြောမည်ပြုစဉ် စုံထောက်ဟာကျူလီရောက်လာပြီး ဖိုနီယာ၏ လက်မောင်းတစ်ဖက်ကို အသာဖမ်းဆုပ်ကိုင်လိုက်သည်။

"ကိုင်း... မိတ်ဆွေကြီး သွားကြစို့။ ဗိုက်လည်းဆာလှပြီ။ အခုအချိန်မှာ အာဟာရကောင်းကောင်း ဖြည့်တင်းဖို့ ကောင်းနေပြီ မဟုတ်လားဗျ"

ဟာကျူလီကပြောလိုက်လျှင် မစ္စတာဖိုနီယာသည် သူ၏လက်ပတ်နာရီကိုကြည့်လိုက်ပြီး...

"ဟုတ်တယ်ဗျ။ အခု တစ်နာရီတောင် ရှိနေပြီ။ ကျုပ်က ဒီခွစာ အဘိုးကြီးနဲ့စကားပြောရတာ အလွန်စိတ်မောလှတယ်"ဟု ပြောလိုက်သည်။

စုံထောက်ဟာကျူလီကပြုံး၍ အဘိုးကြီးဂျော့အား နားလည်မှုရှိဟန်ဖြင့် လှမ်းကြည့်လိုက်သည်။

"ခင်ဗျားပြောတာ ဟုတ်မှာပါပဲ။ ဟိုအမျိုးသမီးက အရပ်လည်း မမြင့်၊ ပုလည်း မပု၊ အသားလည်း မဖြူ၊ ညိုလည်းမညို၊ ပိန်ပိန်ပါးပါးလည်း မဟုတ်၊ ဝဝလည်းမဟုတ်။ ဒါပေမဲ့ အမျိုးသမီးက ကျော့ရှင်းလှပတယ် မ ဟုတ်သား။ ရေကူးဝတ်စုံနဲ့ဆိုရင် ကြည့်ကောင်းတဲ့ ကိုယ်လုံးကိုယ်ဟန်ရှိသူမျိုး ဖြစ်နေမယ်"

"ခင်ဗျားပြောတာ ကျုပ် နားမလည်ဘူး။ ရေကူးဝတ်စုံနဲ့ဆိုရင် ကြည့်ကောင်းမယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"ဪ... ဒီလိုပါ၊ ကျော့ရှင်းလှပတဲ့ အမျိုးသမီးတစ်ယောက်ဟာ ရေကူးဝတ်စုံနဲ့ဆိုရင် ပိုကြည့်ကောင်းတယ်လို့ ပြောတာပါ။ ဟောဒီမယ် ကြည့် ...လား"

ပြောပြောဆိုဆို ဟာကျူလီသည် စကက်(ချ်)သတင်း ဂျာနယ်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ဖြဲယူလာသော စာရွက်ကို ထုတ်ပြလိုက်ရာ အဘိုးကြီးဂျော့သည် စာရွက်မှ သတင်းဓာတ်ပုံကိုကြည့်ပြီး ရုတ်တရက် အံ့အားသင့်သွားလေသည်။

"ဒီပုံထဲမှာတော့ ကြည့်ကောင်းတာအမှန်ပဲ။ ဒါပေမဲ့ သူတို့ ရေးကူး ဝတ်စုံ ဘာမှဝတ်မထားတာ မထူးဘူး"

"ဒါကတော့ အခုခေတ်မှာ ကျန်းမာရေးအတွက် နေပူစာလှုံကြလေ တော့ ဒီဝတ်စုံက အဆင်ပြေတယ် မဟုတ်လား"

ဟာကြူလီက ပြောလိုက်ပြီးနောက် အဘိုးကြီးဂျော့သည် သဘောကျ ဟန်ဖြင့် ပြုံးပြီးထွက်သွားလေသည်။

စုံထောက်ဟာကြူလီနှင့် မစ္စတာဖိုနီယာတို့သည် နှစ်ယောက်သား အတူစားသောက်ကြစဉ် ဟာကြူလီက သူရရှိခဲ့သော အနက်ရောင် မှတ်စု စာအုပ်ငယ်ကို ထုတ်ပြလေသည်။ ယင်းစာအုပ်ကို အမျိုးသမီး အယ်လစ်ထံမှ ရခဲ့ကြောင်း သိရသောအခါ ဖိုနီယာသည် အမျိုးသမီးအပေါ် မကျေမနပ် ဖြစ် လာလေသည်။ သို့သော် စုံထောက်ဟာကြူလီက ဖျောင်းဖျပြောဆိုလေသည်။

"ဒါက သဘာဝပဲခင်ဗျ။ သာမန်လူတွေအနေနဲ့ ရဲအရာရှိတွေကို ကြောက်ကြတယ်။ အဲဒါကလည်း နိုင်ငံတိုင်းမှာ ဖြစ်ပါတယ်"

"ဒီနေရာမှာ ခင်ဗျားတို့လို အလွတ်စုံထောက်တွေက ရဲအရာရှိတွေ ထက် တစ်ပန်းသာတာ အမှန်ပဲ။ သက်သေတွေကို မေးမြန်းစစ်ဆေးရာမှာ ရဲအရာရှိတွေထက် ခင်ဗျားတို့က မေးမြန်းရင် ပိုပြီး အချက်အလက်တွေ ရလာ တတ်တယ်။ ဒါပေမဲ့ ကျုပ်တို့ရဲမှာက အဖွဲ့အစည်းကြီးတစ်ခုလုံးရဲ့ ယန္တရား ကို အသုံးချလို့ရတယ်"

"ဒါဖြင့် ကျုပ်တို့နှစ်ယောက် ပူးပေါင်းပြီး အလုပ်လုပ်ကြတာပေါ့"

ဟာကြူလီက ပြုံး၍ပြောရင်း ဆက်လက်စားသောက်နေစဉ် ဖိုနီယာ သည် မှတ်စုစာအုပ်ကိုဖွင့်၍ ဖတ်ကြည့်လေသည်။

"ခင်ဗျားက ဒီစာအုပ်ကို ကြည့်ပြီးပြီလား"

"သေသေချာချာတော့ မကြည့်ရသေးပါဘူး။ ကိုင်း... ခဏပေးစမ်းပါ ဦး" ပြောပြောဆိုဆို စုံထောက်ဟာကြူလီက မှတ်စုစာအုပ်ငယ်ကို လှမ်း ယူ၍ ဖတ်ကြည့်လေသည်။ ခဏမျှကြာသော် စာအုပ်ကို ပြန်ချထားလိုက်သည်။

"ဒီစာအုပ်ထဲမှာ ရေးမှတ်ထားတာတွေ ရှိတယ်နော်"

ဖိုနီယာကပြောလိုက်ရာ ဟာကြူလီကလည်း...

"ဟုတ်တယ်၊ ရေးမှတ်ထားတာ ငါးမျိုးရှိတယ်"

ဟု ပြန်ပြောလိုက်သည်။



"ဟုတ်တယ်၊ ငါးမျိုးတွေ့ရတယ်"

ဤသို့ပြောပြီး ဖိုနီယာသည် စာအုပ်ကို ပြန်ကောက်ယူ၍ ဖတ်ပြလေ သည်။

| | | | |
|---|---|---|---|
| စီအယ်လ် | ၅၂ | - | အင်္ဂလိပ် မြို့စားကတော် ယောက်ျား ပြဿနာ |
| အာရိတ် | ၃၆၂ | - | ဆရာဝန်၊ ဟာလီလမ်း |
| အာ(မ)အာ(န) | ၂၄ | - | ရှေးဟောင်းပစ္စည်းများ အတုလုပ် ထားခြင်း |
| အိပ်(စ)ဗွီတီ | ၇၂၄ | - | အင်္ဂလိပ်လူမျိုး ငွေအလွဲသုံးစားမှု |
| ဂျီအက်(ဖ) | ၄၅ | - | လူသတ်မှု ကျူးလွန်ရန် ကြံစည်ခြင်း အင်္ဂလိပ်လူမျိုး |

ထိုအချက်များကို ဖတ်ပြီးသောအခါ စုံထောက်ဟာကြူလီက သူ့ ထင်မြင်ချက်ကို ပြောလေသည်။

"ဒီမှတ်စုစာအုပ်ထဲမှာ ရေးထားတာတွေအနက် ဒီငါးခုကသာ လေယာဉ်နဲ့ လိုက်ပါလာသူတွေနဲ့ သက်ဆိုင်ပုံရတယ်။ ဒီတော့ ကျုပ်တို့က ဘစ်ခုစီ လေ့လာကြည့်ကြရအောင်"

"ကောင်းသားပဲ။ ကျုပ်တို့ လေ့လာကြည့်ကြသေးတာပေါ့"

ဖိုနီယာကပြောရင်း မှတ်စုစာအုပ်ထဲမှအချက်များကို စတင်သုံးသပ် ပြလေသည်။

"ထိပ်ဆုံးက ရေးထားတာက အင်္ဂလိပ် မြို့စားကတော် ယောက်ျား ပြဿနာလို့ ဆိုတယ်။ ဒါက လေယာဉ်ခရီးသည်တစ်ဦးဖြစ်တဲ့ လေဒီဟော်ဘူရီ ဆိုတဲ့ အမျိုးသမီးကို ဆိုလိုတာဖြစ်နိုင်တယ်။ ဒီမိန်းကလေးက လောင်းကစား အလွန်ဝါသနာပါသူဖြစ်တယ်။ ငွေလိုလို့ မာဒမ်ဂီဆယ်(လ်)ဆီကို ငွေချေးယူ တာ ဖြစ်နိုင်တယ်။ များသောအားဖြင့် ငွေချေးသူတွေဟာ သူလိုလူမျိုး ဖြစ်တတ် တယ်။ ယောက်ျားပြဿနာဆိုတာကတော့ အဓိပ္ပာယ်နှစ်မျိုး ရှိတယ်။ ဒီမိန်းမ ချေးယူတဲ့ငွေကို သူ့ယောက်ျားက ပြန်ဆပ်ဖို့ မာဒမ်ဂီဆယ်(လ်)က မျှော်လင့်တာ ဖြစ်နိုင်သလို သူ့ယောက်ျားကို ဖွင့်ဟအသိပေးဖို့ရာ လေဒီဟော်ဘူရီရဲ့ လျှို့ဝှက် ချက်တစ်ခုခု သိထားတာလည်း ဖြစ်နိုင်တယ်"

"မှန်တယ်ဗျ။ ခင်ဗျားအခုပြောတဲ့ နှစ်မျိုးစလုံး ဖြစ်နိုင်တယ်။ ကျုပ် ကတော့ ဒုတိယအကြောင်းပြချက်ကို ပိုပြီး လိုလားတယ်။ [illegible](လ်) ခရီးစဉ်မထွက်မီ တစ်ညက လာတွေ့ဆုံတယ်ဆိုတဲ့ အမျိုး[illegible]

www.burmeseclassic.com



ဟော်ဘူရီလည်း ဖြစ်နိုင်တယ်"

စုံထောက်ဟာကြူလီက သူ၏သဘောထားကို ပြောလိုက်သည်။

"ဟုတ်လား၊ ခင်ဗျားက ဒီလိုပဲ ယူဆသလား"

"ဟုတ်တယ်၊ ခင်ဗျားလည်း ဒီအတိုင်းပဲ ထင်တယ်မဟုတ်လား။ နောက်တစ်ချက်က လုံခြုံရေးအစောင့်လူကြီးရဲ့ ထွက်ချက်ဖြစ်တယ်။ သူက မာဒမ်ဂီဆယ်(လ်) ခရီးမထွက်မီ တစ်ညက လာတွေ့တဲ့ညှိသည်အမျိုးသမီးကို လုံးလုံးမမှတ်မိဘူးလို့ပြောတယ် မဟုတ်လား။ ဒါပေမဲ့ ကျုပ်က စခက်(ချ်)ဂျာနယ်ထဲက ရေကူးဝတ်စုံနဲ့ အမျိုးသမီးပုံကို ပြလိုက်တော့ အဘိုးကြီးက ရုတ်တရက် အံ့ဩသွားတယ်။ သူ မှတ်မိတဲ့သဘောပဲ။ ရေကူးဝတ်စုံနဲ့ အမျိုးသမီးဟာ လေဒီဟော်ဘူရီ ဖြစ်တယ်၊ ဒါကြောင့် အဘိုးကြီးက မှတ်မိပြီး အံ့ဩသွားတာ ဖြစ်ရမယ်။ မာဒမ်ဂီဆယ်(လ်) ခရီးမထွက်မီ ညက လာတွေ့သူဟာ လေဒီဟော်ဘူရီဖြစ်တာ သေချာတယ်"

"ဒါဖြင့် လေဒီဟော်ဘူရီဟာ လီပီနေအရပ်ကနေပြီး ပဲရစ်မြို့ကို လိုက်လာတာဖြစ်ရမယ်။ အရေးတကြီး လိုက်လာတဲ့ပုံမျိုး ဆိုပါတော့"

"ဟုတ်ပါတယ်၊ ဒါလည်း ဖြစ်နိုင်တယ်"

စုံထောက်ဟာကြူလီ ပြောလိုက်ပုံက တစ်မျိုးဖြစ်နေဟန်ဖြင့် မစ္စတာဖိုနီယာက အံ့အားသင့်မိလေသည်။

"ဘာလ...၊ ဒီယူဆချက်ဟာ ခင်ဗျားရဲ့ကိုယ်ပိုင် ယူဆချက်နဲ့ မတိုက်ညီ ဘဲ လွဲချော်နေလို့လား"

"ဒီလိုဗျ၊ လက်ရှိအထောက်အထားက ညွှန်ပြနေတာ မမှန်တဲ့လူကို ညွှန်ပြနေတယ်၊ ကျုပ်ရရှိထားတဲ့ သဲလွန်စက မမှားနိုင်ဘူး၊ ဒါကြောင့် ကျုပ် စဉ်းစားရခက်နေတာ"

"ခင်ဗျားစိတ်ထဲ ယူဆချက်ကို ပြောမပြချင်ဘူးလား"

"မပြောချင်သေးဘူးဗျ၊ ကျုပ်ရဲ့ယူဆချက်ကလည်း လုံးလုံးမှားနိုင်တယ်၊ ဒါကြောင့် ခင်ဗျားကို အခုနေ ပြောလိုက်ရင် ခင်ဗျားပါ အယူအဆလွဲသွားနိုင်တယ်၊ လောလောဆယ်တော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စဉ်းစားတာပဲကောင်းလိမ့်မယ်၊ ကိုင်း... မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ထားတာတွေ ဆက်ပြီး လေ့လာကြည့်ကြဦးစို့"

"ကောင်းပြီ၊ ဒုတိယစာကြောင်းက အာ(ရ)တီ ၁၆၂ ဆရာဝန် ဟာလီလမ်းလို့ ရေးထားတယ်"

"ဒီစာကြောင်းကတော့ ခရီးသည်တစ်ဦးဖြစ်တဲ့ ဒေါက်တာဘရိုင်ယန်



ကို ညွှန်ပြသလို ရှိနေတယ်။ ဒီလူနဲ့ပတ်သက်လို့ အထောက်အထား ဘာမှမရှိဘူး၊ သို့သော်လည်း သူ့ကိုလည်း ကျုပ်တို့ စုံစမ်းကြည့်ရမှာပဲ"

"ဒါတော့ ရဲမှူးကြီးဂျက်ရဲ့ တာဝန်ပဲ မဟုတ်လား။ ကျုပ်ကိုယ်တိုင်က ဒီအမှု စုံစမ်းရေးမှာ တိုက်ရိုက်ပါဝင်နေတယ်။ ကဲ... ဆက်စမ်းပါဦး"

"အမ်အာ(ရ) ၂၄ ရှေးဟောင်းပစ္စည်းများ အတုလုပ်ခြင်းလို့ ရေးထားတယ်၊ ဒါဟာ ပြင်သစ်လူမျိုး မစ္စတာဒူပွန်တို့ သားအဖနဲ့ သက်ဆိုင်သလို ရှိတယ်၊ သို့သော်လည်း ကျုပ်တော့ မထင်ဘူး။ မစ္စတာဒူပွန်ဟာ အလွန်ရိုးသားဖြောင့်မတ်တဲ့ နာမည်ကျော် ရှေးဟောင်းသုတေသန ပညာရှင်ကြီးတစ်ဦး ဖြစ်တယ်"

"ဒီလိုလည်း တစ်ထစ်ချ မပြောနဲ့ဦးဗျ၊ ကြီးကြီးကျယ်ကျယ် လိမ်လည်တဲ့လူတချို့ဟာ သူတို့ကို ဖမ်းမမိခင်က အလွန်ရိုးသားတည်ကြည်ဖြောင့်မတ်တဲ့ လူတွေလို့ အများက ယူဆခဲ့ကြတယ် မဟုတ်လား"

"ဒါလည်း ဟုတ်တာပဲ"

"ဟုတ်တယ်၊ ကြီးကြီးကျယ်ကျယ် လိမ်တဲ့လူတွေအဖို့ အလွန်ရိုးသားဖြောင့်မတ်တယ်လို့ လူတိုင်းက ထင်နေမှသာ လိမ်လို့ဖြစ်တာကိုး။ စိတ်ဝင်စားရာပါပဲ၊ ဆက်စမ်းပါဦး"

"အိပ်(စ)ဗွီဘီ ၇၂၄ အင်္ဂလိပ်လူမျိုး ငွေအလွဲသုံးစားမှုလို့ ရေးထားတာကတော့ သိပ်မရှင်းဘူးဗျ"

"ဟုတ်တယ်ဗျို့၊ ငွေကို ဘယ်သူက အလွဲသုံးစားလုပ်တာလဲ။ ရှေ့နေတစ်ဦးလား။ ဘဏ်တိုက်က စာရေးများလား၊ ဒါမှမဟုတ် စီးပွားရေးကုမ္ပဏီကြီး တစ်ခုမှာ တာဝန်ရှိတဲ့လူ တစ်ယောက်ယောက်ဖြစ်နိုင်တယ်၊ ဒါပေမဲ့ စာရေးဆရာတို့၊ ဒေါက်တာတို့၊ သွားဘက်ဆရာဝန်တို့ကတော့ မဖြစ်နိုင်ဘူး။ လေယာဉ်ခရီးသည်တွေထဲမှာ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်သူဆိုလို့ မစ္စတာဘရိုင်ဒါတစ်ယောက်ပဲ ရှိတယ်။ သူက ငွေအလွဲသုံးစားလုပ်တာလည်း ဖြစ်နိုင်တယ်။ မာဒမ်ဂီဆယ်(လ်)ဆီက ငွေချေးယူတာလည်း ဖြစ်နိုင်တယ်။ ဒါကို ခဏထားလိုက်ဦးမယ်။ နောက်ဆုံးရေးမှတ်ချက်က ဂျီအက်(ဖ်) ၄၅ လူသတ်မှု ကျူးလွန်ရန် ကြံစည်ခြင်း အင်္ဂလိပ်လူမျိုးလို့ ရေးထားတယ်၊ ဒါနဲ့ပတ်သက်လို့ ဖြစ်နိုင်တာတော့ အများကြီးပဲ၊ စာရေးဆရာ၊ ဒေါက်တာ၊ သွားဘက်ဆရာဝန်၊ အပြင် လေယာဉ်မောင်တွေလည်း ဖြစ်နိုင်တယ်။ အင်္ဂလိပ်လူမျိုးလို့ ရေးထားတဲ့ အတွက် မစ္စတာဒူပွန်သားအဖတော့ မဖြစ်နိုင်ဘူး"

ဤသို့ပြောပြီး မစ္စတာဖိုနီယာသည် သူတို့စားသောက်သည့်အခွင့်

www.burmeseclassic.com

www.burmeseclassic.com



ကျသင့်ငွေကို ရှင်းပေးလိုက်ရင်း...

"အခု ဘာဆက်လုပ်ကြမလဲ"

ဟုမေးလိုက်ရာ စုံထောက်ဟာကြူလီက...

"ထောက်လှမ်းရေးဌာနချုပ် (ဆူရီတီ)ကို သွားကြမယ်။ ဟိုမှာ ကျုပ်အတွက် သတင်းထူးတာ ရှိချင်ရှိလိမ့်မယ်"

ဟု ပြန်ပြောလေသည်။

"ကောင်းပါပြီ။ ကျုပ်လည်း လိုက်ခဲ့ပါ့မယ်။ နောက်တော့ ကျုပ်က စုံစမ်းစရာတစ်ခု ရှိတယ်။ ခင်ဗျားရဲ့ အကူအညီလိုလိမ့်မယ်"

'ဆူရီတီဌာနချုပ်'ရုံးသို့ရောက်သောအခါ ဟာကြူလီအား စုံထောက်ဌာနအကြီးအကဲ မစ္စတာစီး(လ်)က သိကျွမ်းနေသဖြင့် ဖော်ရွေစွာ နှုတ်ဆက်လေသည်။

"ဟဲလို... မစ္စတာ ဟာကြူလီ၊ ခင်ဗျားကိုယ်တိုင် ဒီအမှုမှာစိတ်ဝင်စား တာကို အထူးပဲ ဝမ်းသာပါတယ်"

"စိတ်ဝင်စားတယ်ဆိုတာကလည်း ကျုပ် မျက်စိရှေ့မှောက်မှာ လူသတ်မှု ကျူးလွန်သွားတာကိုးဗျ။ ကျုပ် လေယာဉ်ပေါ် အိပ်ပျော်နေတုန်း လူသတ်မှုတစ်ခုဖြစ်တယ်ဆိုတာ ကျုပ်ရဲ့သိက္ခာကို ထိခိုက်တယ်ဗျ"

"လေယာဉ်ပျံဆိုလို့ ကျုပ်ဖြင့် လေယာဉ်နဲ့ခရီးသွားရတာ သဘောမကျဘူး။ ရာသီဥတုမကောင်းရင် လေယာဉ်က မငြိမ်ဘူး"

"ဒါထက် ကျုပ်ရဲ့မိတ်ဆွေကြီး မစ္စတာဂျီရော့တစ်ယောက်ရော ဘယ်လိုလဲ"

"ဟုတ်ကဲ့၊ မစ္စတာဂျီရော့က တိုးတက်နေပါတယ်။ သူက တကယ်လည်း အလုပ်လုပ်နိုင်တယ်။ အပင်ပန်းလည်း ခံနိုင်တယ်။ အမြဲတမ်း လှုပ်ရှားနေတာပဲ"

"ဟုတ်ပါတယ်။ အလုပ်လုပ်ရရင် ပင်ပန်းတယ်လို့ မထင်ဘူး။ သူက ငြိမ်ပြီး စဉ်းစားနေတယ်ရယ်လို့လည်း မရှိဘူး"

"မစ္စတာဖိုနီယာကတော့ ထောက်လှမ်းရေးမှာ လူသစ်တစ်ယောက်ဖြစ်တယ်။ ခေတ်မီတဲ့အယူအဆလည်း ရှိတယ်။ ခင်ဗျားအနေနဲ့ သူ့ကို သဘောကျလိမ့်မယ်လို့ ထင်ပါတယ်"

"သဘောကျပါတယ်"

"ဖိုနီယာက အင်္ဂလိပ်ဘာသာစကားလည်း အထူးကျွမ်းကျင်တယ်။ ဒါကြောင့်လည်း ဒီအမှုနဲ့ပတ်သက်ပြီး သူ့ကို လွှတ်လိုက်တာ ဖြစ်ပါတယ်။



ဒီအမှုကလည်း အတော်စိတ်ဝင်စားစရာကောင်းတယ်။ မာဒမ်ဂီဆယ်(လ်)ဟာ ပဲရစ်မြို့မှာ အလွန်လူသိများသူ ဖြစ်ပါတယ်။ သေရပုံကလည်း လေယာဉ်ပေါ်မှာ အဆိပ်လူးမြှားနဲ့ အသတ်ခံရတာဆိုတော့ အံ့သြစရာပါပဲ၊ ဒါမျိုးဟာ ဖြစ်နိုင်ပါ့မလားလို့တောင် ထင်စရာဖြစ်နေတယ်"

"ဟုတ်ပါတယ်၊ ခင်ဗျားပြောသလိုပဲ အလွန်အံ့သြစရာကောင်းနေပါတယ်"

စုံထောက်ဟာကြူလီကပြောနေစဉ် မစ္စတာဖိုနီယာသည် အခန်းတွင်းသို့ဝင်လာပြီး သတင်းထူးတစ်ခု ပြောလေသည်။

"ဂရိတ် (ခေါ်မ)လူမျိုး ရှေးဟောင်းပစ္စည်းရောင်းသူ ဇီရိုပိုလော့ဆိုသူက လူသတ်မှုမဖြစ်ခင်သုံးရက်က လေမှုတ်ပိုက်တစ်ခုနဲ့ မြှားငယ်တွေ ရောင်းချလိုက်ရကြောင်း အစီရင်ခံတယ်။ ဒါကြောင့် ဒီလူကို တွေ့ဆုံမေးမြန်းဖို့ သင့်တယ်ထင်ပါတယ်"

"ဟုတ်လား၊ ဒီလိုဆိုရင် အလွန်စိတ်ဝင်စားစရာပဲ"

ဤသို့ပြောပြီးနောက် စုံထောက်ဟာကြူလီသည် မစ္စတာဖိုနီယာနှင့်အတူ ဂရိတ်လူမျိုး ဇီရိုပိုလော့၏ဆိုင်သို့ သွားလေသည်။

ဆိုင်က ပဲရစ်မြို့၊ စိန်ဟိုနိုရေလမ်းတွင် တည်ရှိပြီး အဆင့်အတန်းမြင့်သော ရှေးဟောင်းသုတေသနပစ္စည်းများ ရောင်းချသောဆိုင် ဖြစ်လေသည်။

ခင်းကျင်းပြသထားသော ပစ္စည်းများတွင် ရှေးဟောင်းပါရှားနိုင်ငံ (အီရန်)မှ အိုးခွက်၊ ပန်းကန်များလည်း တွေ့ရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံမှ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသည့် လက်ဝတ်လက်စားများ၊ အခြားနိုင်ငံများမှ ပိုးထည်များရှိသည့်ပြင် အီဂျစ်နိုင်ငံမှ ပစ္စည်းများလည်းရှိသည်။ အဖိုးတန်ပစ္စည်းများ ရှိသလို ဈေးပေါပေါပစ္စည်းများလည်းရှိသည်။ ထိုဆိုင်ကို ပြင်သစ်ငွေ ဆယ်ဖရန့်တန်ပစ္စည်းမှ ဆယ်သိန်းတန်ပစ္စည်းအထိ ဝယ်ယူရရှိနိုင်လေသည်။

ဆိုင်သို့ လာရောက်ဝယ်ယူသူ အများစုမှာ အမေရိကန် ကမ္ဘာလှည့်ခရီးသည်များနှင့် ရှေးဟောင်းပစ္စည်း ရှာဖွေစုဆောင်းသူများဖြစ်ကြသည်။

ဆိုင်ရှင် ဇီရိုပိုလော့ ဆိုသူကား အရပ်ပုပု ဝဝဖိုင့်ဖိုင့် လူတစ်ယောက်ဖြစ်ပြီး စကားပြောရာ၌ အလွန်အာဝဇ္ဇန်းကောင်းသူ ဖြစ်လေသည်။

စုံထောက်ဟာကြူလီနှင့် မစ္စတာဖိုနီယာတို့ ရောက်သွားသောအခါ ဇီရိုပိုလော့သည် ရဲအရာရှိများဖြစ်ကြောင်း ချက်ချင်းသိသဖြင့် သူ၏ သီးသန့်ရုံးခန်းထဲသို့ခေါ်သွားပြီး ဧည့်ခံစကားပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်မှာ ကျုပ်က ပစ္စည်းမျိုးစုံထားပြီးရောင်းပါတယ်။ သီးသန့်စပါယ်ရှယ်ပစ္စည်းများလည်းထားပါတယ်။ ပါရှားပြည်(အီရန်)က ရှေးဟောင်းပစ္စည်းများဆိုရင် ကျုပ်က အထူးရှာဖွေစုဆောင်းထားပါတယ်။ ကျုပ်အကြောင်းကို မစ္စတာဒူပွန်ဆိုရင် ကောင်းကောင်းသိပါတယ်။ သူက မကြာခဏ ဒီဆိုင်ကိုလာတတ်တယ်ခင်ဗျာ။ တစ်ခါတလေ ဒီဆိုင်က ရှေးဟောင်းပစ္စည်းတွေကို သူကိုယ်တိုင် လေ့လာကြည့်ရှုပြီး တန်ဖိုးဖြတ်ပေးလေ့ ရှိပါတယ်။ ကျုပ်ဆိုင်က ပစ္စည်းတွေက အလွန်မျိုးစုံပါတယ်။ အိန္ဒိယပြည်၊ ဂျပန်ပြည်၊ ဘိုညီကျွန်းက ပစ္စည်းတွေလည်းရှိပါတယ်။ ပစ္စည်းတွေကို ကျုပ်က ဈေးနှုန်းပုံသေသတ်မှတ်မထားပါဘူး။ ဝယ်သူက ပစ္စည်းတစ်ခုကို စိတ်ဝင်စားပုံရရင် ကျုပ်က ကြိုတင်ခန့်မှန်းထားတဲ့ ဈေးနှုန်းထက် ပိုပြီး ပြောလိုက်တာပဲ။ နောက်တော့ အပြန်အလှန် ဈေးဆစ်ရင်း ဈေးတည့်ပြီး ဝယ်သွားတာပဲ။ ကျုပ်အဖို့တော့ အမြတ်ကောင်းကောင်း ရလိုက်တာချည်းပဲ ခင်ဗျ"

ဆိုင်ရှင် ဇီရိုပိုလော့သည် တောက်လျှောက်ပြောသွားရင်း ခေတ္တနားကာ အသက်ပြင်းပြင်းရှူပြီးမှ ဆက်ပြောပြန်သည်။

"လေမှုတ်ပိုက်နဲ့ မြားငယ်တွေက ကျုပ်ဆီမှာ ရှိနေတာ အတော်ကြာပါပြီ။ နှစ်နှစ်လောက် ရှိလိမ့်မယ်။ ကျုပ်က အဲဒီလေမှုတ်ပိုက်ကို ဟောဟိုက လင်ပန်းထဲမှာ အမေရိကန် အင်ဒီးယန်းလူရိုင်းတွေရဲ့ ပစ္စည်းတချို့နဲ့အတူထားခဲ့ပါတယ်။ ဘယ်သူကမှ စိတ်ဝင်စားပုံ မရဘူး။ တစ်နေ့ကျတော့မှ အမေရိကန်လူမျိုး တစ်ယောက်က လာပြီးမေးတာပါပဲ"

"ဟင်... အမေရိကန်လူမျိုးလား"

မစ္စတာဖိုနီယာက ရုတ်တရက် ဖြတ်မေးလိုက်သည်။

"ဟုတ်ပါတယ်။ အမေရိကန်လူမျိုးပါပဲ။ အမေရိကန်လူမျိုးမှန်းလည်း သိသာပါတယ်။ သိပ်တော့ အဆင့်အတန်းရှိပုံမရဘူး။ ရှေးဟောင်းပစ္စည်းတွေအကြောင်းလည်း နားမလည်ဘဲ ပစ္စည်းတစ်ခု ဝယ်ယူသွားချင်ပုံသာ ရပါတယ်။ သူလိုလူမျိုးဆိုရင် အီဂျစ်ပြည်က ရှေးဟောင်းပစ္စည်း ရောင်းသူတွေက ကောင်းကောင်း လှည့်ပတ်ရောင်းနိုင်ပါတယ်။ ဒါနဲ့ ကျုပ်က တိုင်းရင်းသားလူမျိုးစုတွေရဲ့ ဓလေ့ထုံးစံအကြောင်းပြောရင်းက ပြင်းထန်တဲ့ အဆိပ်တစ်မျိုးသုံးတတ်ပုံကိုပါ ပြောပြလိုက်တယ်။ ဒါနဲ့ သူက လေမှုတ်ပိုက်ရဲ့ ဈေးနှုန်းကိုမေးတယ်။ ကျုပ်ကလည်း သူက ဈေးဆစ်မှာကိုတွက်ပြီး ပိုပြောလိုက်တယ်။ ထူးဆန်းတာက ဒီလူဟာ လုံးဝဈေးမဆစ်ဘဲ ကျုပ်တောင်းတဲ့နှုန်းကို ချက်ချင်းပေးတယ်။ ကျုပ်က ပိုပြောလိုက်ရရင်ကောင်းသားလို့ တွေးမိသေးတယ်။



ကျုပ်က လေမှုတ်ပိုက်နဲ့တကွ မြားငယ်တွေကို ပါဆယ်ထုပ်လိုထုပ်ပြီး ပေးလိုက်တယ်။ ဒီလူက ယူပြီး ထွက်သွားတော့တာပဲ။ နောက်ဆုံးတော့ သတင်းစာထဲမှာ လေမှုတ်ပိုက်အသုံးပြုပြီး လူသတ်မှုဖြစ်ပွားတာ ဖတ်လိုက်ရတော့ ကျုပ်လည်း အံ့ဩမိရာက ရဲအဖွဲ့နဲ့ ဆက်သွယ်ခဲ့တာပါပဲ"

"ကျုပ်တို့အနေနဲ့ ခင်ဗျားကို အထူးကျေးဇူးတင်ပါတယ်။ ဒါထက် ခင်ဗျားရောင်းလိုက်တဲ့ လေမှုတ်ပိုက်နဲ့ မြားငယ်ကို နောက်ထပ်မြင်ရင် ခင်ဗျားမှတ်မိနိုင်မလား။ အခုလောလောဆယ်တော့ ပစ္စည်းတွေက လန်ဒန်မြို့မှာ ရှိနေပါတယ်။ ဒါပေမဲ့ ခင်ဗျားကို ပြနိုင်ဖို့ စီစဉ်နိုင်ပါလိမ့်မယ်"

မစ္စတာဖိုနီယာက ပြောလိုက်သည်။

"ကျုပ်ရောင်းလိုက်တဲ့ လေမှုတ်ပိုက်က ဟောဒီလောက်ရှိတယ်ခင်ဗျ"

ဆိုင်ရှင်က စားပွဲပေါ်တွင်ခန့်မှန်း၍ အရှည်ကိုပြပြီး ဆက်ပြောလေသည်။

"လုံးပတ်ထုကတော့ ဟောဒီ ကျုပ်ရဲ့ ဖောင်တိန်လောက် ရှိတယ်၊ အရောင်အသွေးက မရင့်ဘဲ ခပ်နုနုဖြစ်တယ်။ မြားငယ်လေးတစ်စင်းရှိတယ်၊ မြားဆိုပေမဲ့ ချွန်ထက်နေတဲ့ ဆူးတွေပါပဲ။ ဆူးမြားရဲ့ နောက်ပိုင်းမှာ အနီရောင်ပိုးသားစ ချည်ထားတယ်"

"ဟင်... အနီရောင်ပိုးသားစလား"

စုံထောက်ဟာကြူလီက ကြားဖြတ်၍ ဝင်မေးလိုက်သည်။

"ဟုတ်ပါတယ်။ အနီရောင်ပါပဲ။ အရောင်အသွေးကတော့ နည်းနည်းဖျော့ပြီး မှိန်နေပါတယ်"

ဆိုင်ရှင်က ပြန်ပြောပြီးနောက် မစ္စတာဖိုနီယာက...

"အနီရောင်ပိုးစဆိုတာ သေချာရဲ့လား။ အဝါနဲ့အနက်ရောင် ပိုးစမဟုတ်ဘူးလား"ဟု မေးရာ ဇီရိုပိုလော့က ခေါင်းခါပြလေသည်။

ဖိုနီယာသည် စုံထောက်ဟာကြူလီအား လှမ်းကြည့်လိုက်သည်၊ ဟာကြူလီက ပြုံးနေရာမှ ဖိုနီယာသည် စဉ်းစားရခက်နေတော့သည်၊ ဆိုင်ရှင် ဇီရိုပိုလော့သည် လိမ်လည်ပြောနေခြင်းပင်လောဟုလည်း တွေးမိလေသည်။

သူ့စိတ်ထဲတွင်လည်း သံသယဖြစ်မိသောကြောင့်...

"ဒီဆိုင်က လေမှုတ်ပိုက်နဲ့ မြားငယ်တွေက အမှုနဲ့ ဘာမှ မပတ်သက်တာ ဖြစ်နိုင်တယ်။ ပတ်သက်ဖို့က ရာခိုင်နှုန်းအလွန်နည်းတယ်၊ သို့သော်လည်း သေချာအောင် ဒီအမေရိကန်လူမျိုးရဲ့ ပုံပန်းသဏ္ဌာန် အသေးစိတ်သိချင်တယ်"ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ဆိုင်ရှင် ဇီရှီပိုလော့က ချက်ချင်းပြန်ဖြေလေသည်။

"သူက သာမန် အမေရိကန်လူမျိုးတစ်ဦးပါပဲ။ စကားပြောရင် နှာခေါင်းသံနဲ့ ပြောတယ်။ ပြင်သစ်ဘာသာစကားကိုလည်း လုံးဝမတတ်ဘူး။ ပြီးတော့ သူဟာ အမေရိကန်လူမျိုးတွေ စားတတ်တဲ့ ကပ်စေးနဲ့ ချိုချဉ်ကို ဝါးစားနေတယ်။ သူဟာ ကျွဲကော်ကိုင်းမျက်မှန် တပ်ထားတယ်။ လူပုံကတော့ အရပ်မြင့်မြင့်ပဲ။ အသက်သိပ်မကြီးသေးဘူး"

"အသားဖြူသလား၊ ညိုသလား"

"ဒါတော့ မပြောတတ်ဘူး။ သူက ဆိုင်ကို လာတုန်းက ဦးထုပ် ဆောင်းထားတယ်"

"ဒီလူကို နောက်တစ်ခါ မြင်ရင် ခင်ဗျားမှတ်မိမလား"

ဆိုင်ရှင် ဇီရှီပိုလော့သည် သံသယဖြစ်ပုံရလေသည်။

"မပြောနိုင်ဘူးဗျ။ ကျုပ်ဆိုင်ကို အမေရိကန်လူမျိုးတွေ အများကြီး ဝင်ထွက်သွားလာကြလေတော့ ဒီလူက ဘယ်လိုမှထူးထူးခြားခြား မရှိလှဘူး"

မစ္စတာဖိုနီယာသည် လူသတ်မှုဖြစ်သည့်လေယာဉ်မှ ခရီးသည်များ၏ ဓာတ်ပုံများကိုထုတ်ပြရာ ဆိုင်ရှင်ဇီရှီပိုလော့က သူ၏ဆိုင်သို့လာပြီး လေမှုတ် ပိုက် ဝယ်သွားသူသည် ဓာတ်ပုံများထဲမှ လူတစ်ယောက်မှမဟုတ်ကြောင်း ပြောလေသည်။

နောက်ဆုံး၌ လက်လျှော့ပြီး ပြန်ထွက်လာကြရာ မစ္စတာဖိုနီယာက စုံထောက်ဟာကျူလီအား...

"ကျုပ်တို့ ဒီကိုလာလိုက်တာ ဘာမှအကျိုးမရှိဘူး ဖြစ်နေတယ်"

"အကျိုးမရှိဘူးဆိုတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ တစ်ထစ်ချတော့မ ပြောနိုင်ဘူး။ လေမှုတ်ပိုက်မှာ ကပ်ထားတဲ့ ဈေးနှုန်းကတ်ပြားကလေးက ဒီ ဆိုင်က ပုံစံမျိုးဖြစ်နေတယ်။ ပြီးတော့ ဆိုင်ရှင်ဇီရှီပိုလော့ပြောတဲ့ စကား တချို့က စဉ်းစားစရာဖြစ်နေတယ်။ ကိုင်း... မိတ်ဆွေကြီး၊ အခုဒီကိုလာတာ အကျိုးမရှိသလို ကျုပ်က နောက်ထပ်အလားတူ တစ်နေရာကို သွားချင် သေးတယ်။ ခင်ဗျားပါ လိုက်ခဲ့ပါဦး"

စုံထောက်ဟာကျူလီက ပြောလိုက်သဖြင့် ဖိုနီယာက...

"ဘယ်ကို သွားချင်တာလဲ"

ဟု ပြန်မေးလိုက်သည်။

"ကာပူစီလမ်းက ယူနီဗာဆယ်လေကြောင်းကုမ္ပဏီရုံးကို သွားချင် တယ်"



"ဪ... ဟုတ်သားပဲ။ ဒါပေမဲ့ ကျုပ်တို့က အဲဒီမှာ နည်းနည်း ပါး စုံစမ်းကြည့်ပြီးပြီ။ သူတို့က ဘာမှမပြောနိုင်ဘူး"

"ဒါပေမဲ့ မေးခွန်းမေးတတ်ဖို့ လိုတယ်ဗျ။ ခင်ဗျားက အရေးပါတဲ့ မေးခွန်းတွေ မမေးတတ်လို့ ဖြစ်ပါလိမ့်မယ်"

"ခင်ဗျားကတော့ မေးတတ်တယ်ဆိုပါတော့"

"ကျုပ်မှာ စိတ်ကူးတစ်ခု ရှိနေလို့ပါ"

ထိုမျှသာ ဟာကျူလီကပြောပြီး ကာပူစီလမ်းသို့ ဆက်သွားကြ လေသည်။ ယူနီဗာဆယ်လေကြောင်းကုမ္ပဏီ၏ရုံးမှာ ခပ်ငယ်ငယ်ပင် ဖြစ် လေသည်။ သပ်ရပ်စွာ ဝတ်စားထားသော အသားညိုညိုလူတစ်ယောက် ကောင်တာတွင်ထိုင်နေပြီး ဆယ့်ငါးနှစ်သားရွယ် လူငယ်တစ်ဦးက လက်နှိပ် စက် ရိုက်နေလေသည်။

မစ္စတာဖိုနီယာက သူ၏ထောက်လှမ်းရေးကတ် ထုတ်ပြသောအခါ အသားညိုညိုလူက သူ၏ နာမည်က မစ္စတာပဲရော့ဟု ဆိုသည်။ လိုအပ်သမျှ ကူညီပါမည်ဟု ပြောလေသည်။

စုံထောက်ဟာကျူလီ၏ အကြံပေးချက်ဖြင့် လက်နှိပ်စက်ရိုက်သူ လူငယ်အား ခပ်လှမ်းလှမ်းသို့ ထွက်သွားခိုင်းပြီးနောက်...

"အခု ကျုပ်တို့ ပြောရမယ့် ကိစ္စက အထူးလျှို့ဝှက်ကိစ္စဖြစ်လို့ မပေါက်ကြားဖို့ အရေးကြီးတယ်"ဟု ပြောလိုက်သည်။

မစ္စတာပဲရော့ ဆိုသူသည် အထူးစိတ်ဝင်စားလာပုံ ရလေသည်။

"ဟုတ်ကဲ့ခင်ဗျ၊ အမိန့်ရှိပါ"

"ကိစ္စက မာဒမ်ဂီဆယ်(လ်) အသတ်ခံရတာနဲ့ ပတ်သက်ပါတယ်"

"ဟုတ်ကဲ့။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်က သက်ဆိုင်ရာက မေးတာ တွေကို ဖြေကြားပြီးပါပြီ"

"ဟုတ်ပါတယ်။ အချက်အလက်တွေကို တိတိကျကျ သိရဖို့ လိုအပ် ပါတယ်။ ဒါထက် မာဒမ်ဂီဆယ်(လ်)က အင်္ဂလန်ကိုသွားဖို့ လေယာဉ်လက်မှတ် အတွက် ဘယ်တုန်းက အကြောင်းကြားခဲ့ပါသလဲ"

"ဒီကိစ္စကို ကျွန်တော်ရှင်းပြပြီးသားပါပဲ။ မာဒမ်ဂီဆယ်(လ်)က လေ ယာဉ်လက်မှတ်ရဖို့အတွက် ၁၇ ရက်နေ့က တယ်လီဖုန်းဆက်ပြီး ပြောပါတယ်"

"ဟုတ်ပါတယ်။ အဲဒါက နောက်တစ်နေ့ နေ့လယ် ၁၂ နာရီ ထွက် မယ့် လေယာဉ်အတွက်မဟုတ်လား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကျုပ်တို့သိရတာက မာဒမ်ဂီဆယ်(လ်) တယ်လီဖုန်း ဆက်ပြီး လက်မှတ်ယူတာဟာ နောက်တစ်နေ့မနက် ရှစ်နာရီ လေးဆယ့်ငါးမိနစ် အတွက်လို့ သိရပါတယ်။ လူယုံတော်အမျိုးသမီးက ဒီအတိုင်းပဲ ပြောပါတယ်"

"မဟုတ်ဘူး။ အဲဒီအမျိုးသမီးက မနက်ရှစ်နာရီ လေးဆယ့်ငါးမိနစ် လေယာဉ်အတွက် လက်မှတ်တောင်းပါတယ်။ သို့သော်လည်း အဲဒီမှာ လူပြည့်နေလို့ ကျွန်တော်ကပဲ နေ့လယ် ၁၂ နာရီအခေါက်အတွက် စီစဉ်ပေးလိုက်ပါတယ်"

"ဪ... ဒီလိုလား "

"မှန်ပါတယ်"

"ဒါပေမဲ့ အတော်ထူးဆန်းတယ်"

စုံထောက်ဟာကြျူလီက ပြောလိုက်လျှင် မစ္စတာပဲရော့သည် အံ့ဩ ဟန်ဖြင့်ပြန်ကြည့်နေစဉ် ဟာကြျူလီကပင် ဆက်၍ပြောလေသည်။

"အဲဒီနေ့က ကျုပ်ရဲ့မိတ်ဆွေတစ်ဦးဟာ ပဲရစ်မြို့ကနေပြီး လန်ဒန် အရေးတကြီး သွားစရာရှိတာနဲ့ မနက်ရှစ်နာရီ လေးဆယ့်ငါးမိနစ် လေယာဉ် အခေါက်နဲ့ လိုက်ဖို့ အချိန်ကပ်ပြီးမှ လက်မှတ်ဝယ်တာ အလွယ်တကူရခဲ့တယ် ဗျ။ အဲဒီနေ့ မနက်လေယာဉ်မှာက ခရီးသည်တစ်ဝက်လောက်ပဲ ရှိတယ်လို့ သိရတယ်"

မစ္စတာပဲရော့သည် ရုတ်တရက် ပြန်ဖြေရခက်သလို ဖြစ်သွားရာမှ တစ္ဆက်အချို့ကို လှန်ကြည့်ရင်း...

"ဒါတော့ ခင်ဗျားရဲ့ မိတ်ဆွေက နေ့ရက်မှတ်တာ လွဲနေပါလိမ့်မယ်။ ဟိုနေ့မတိုင်မီတစ်ရက် သို့မဟုတ် နောက်တစ်နေ့ဖြစ်မယ်ထင်ပါတယ်"

ဟု ပြောလေသည်။

"မဟုတ်ဘူးဗျ။ နေ့ရက်မလွဲပါဘူး။ အဲဒီနေ့ဟာ လေယာဉ်ပေါ် လူသတ်မှုဖြစ်တဲ့နေ့ပဲ။ ကျုပ်မိတ်ဆွေကတောင် သူဟာ တကယ်လို့ မနက် လေယာဉ်အခေါက်မမီပဲ နေ့လယ်အခေါက်ကျမှသာလိုက်ဖြစ်ရင် သူဟာလည်း လူသတ်မှုဖြစ်တဲ့ လေယာဉ်က ခရီးသည်တစ်ဦး ဖြစ်နေမှာပဲလို့ ပြောသေးတယ်"

"ဟုတ်လား။ ဒါဖြင့် အတော်ထူးဆန်းတာပဲ။ တစ်ခုတော့ရှိပါတယ်။ တစ်ခါတလေ ခရီးသည်တချို့ဟာ လေယာဉ်ထွက်ခွာခါနီးမှ ပေါ်မလာတော့ သူ့နေရာကို တခြားခရီးသည်တစ်ဦးဦး ပြောင်းပေးလိုက်ရတာမျိုးလည်း ရှိတယ် ပါတယ်။ သေချာအောင် ကျွန်တော်က လေဆိပ်ကို ဆက်သွယ်ကြည့်ဦးမှပဲ"

မစ္စတာပဲရော့သည် ပြောနေရင်း စုံထောက်ဟာကြျူလီက သူ့အား



စိုက်ကြည့်နေသည်ကို သတိပြုမိပြီး ချွေးပြန်လာကာ စကားကိုရပ်လိုက်သည်။

စုံထောက်ဟာကြျူလီကပင် ခပ်တည်တည်ဆက်ပြောလေသည်။

"ဒီကိစ္စကို ဖြေရှင်းနိုင်တဲ့နည်း နှစ်နည်းရှိတယ်။ သို့သော်လည်း တကယ် အဖြစ်မှန်တော့ မဟုတ်ဘူး။ ဒီမယ် မိတ်ဆွေ။ အမှန်အတိုင်း ရှင်းရှင်း ပြောရင် ကောင်းမယ်ထင်တယ်"

"ဘာကို ရှင်းရှင်းပြောရမှာလဲ။ ခင်ဗျားပြောတာ ကျွန်တော် နားလည်ပါဘူး"

မစ္စတာပဲရော့က ပြန်ပြောလိုက်သည်။

"ကျုပ်ပြောတာကို ခင်ဗျားနားလည်ပါတယ်။ ဒီမယ်... မစ္စတာ ပဲရော့၊ အခုဟာက လူသတ်မှုတစ်ခုဆိုတာ ခင်ဗျားသတိပြုပါ။ ဒီအမှုနဲ့ ပတ်သက်လို့ ခင်ဗျားသိထားတဲ့အချက်ကို မပြောဘဲ ထိန်ချန်ထားရင် အပြစ်ရှိ တယ်။ ဒါမျိုးကျရင် ရဲတပ်ဖွဲ့က အရေးတကြီးထားပြီး စဉ်းစားတတ်တယ်။ အားအနေနဲ့ တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဟန့်တားရာ ရောက်သွား တယ်"

စုံထောက်ဟာကြျူလီက ပြောလိုက်သည်တွင် မစ္စတာပဲရော့သည် အံ့အားသင့် တုန်လှုပ်သွားသည်။

သူ၏ လက်များပင် တုန်နေသည်။

စုံထောက်ဟာကြျူလီကလည်း ထပ်မံ၍ တိုက်တွန်းပြန်သည်။

"ကဲပါ။ ကျုပ်တို့က အမှန်ကို တိတိကျကျ သိချင်တယ်။ ခင်ဗျားကို ငွေဘယ်လောက်ပေးခဲ့သလဲ။ ဘယ်သူက ပေးတာလဲ"

"ကျွန်တော်က ဘာမှသိလို့ရယ်လို့ မဟုတ်ပါဘူး။ ဘယ်လိုဖြစ်လာ မယ်ဆိုတာလည်း မသိလို့ပါ"

"ရှင်းရှင်းပြောစမ်းပါဗျာ။ ငွေကဘယ်လောက်လဲ။ ဘယ်သူက ပေး တာလဲ"

"ပြင်သစ်ငွေ ဖရန့် ငါးထောင်ဖြစ်ပါတယ်။ ဒီလူကို ကျွန်တော် တစ်ခါမှလည်း မမြင်ဖူးခဲ့ပါဘူး။ ဒုက္ခပါပဲဗျာ။ ကျွန်တော်တော့ အကြီးအကျယ် ဒုက္ခရောက်တော့မှာပဲ"

"ခင်ဗျားက အမှန်ကိုဖွင့်မပြောဘဲထားရင် ဒုက္ခရောက်မှာ သေချာ တယ်။ ကျုပ်တို့ သိတန်သလောက်သိပါတယ်။ ဘယ်လိုဖြစ်တယ်ဆိုတာသာ အတိအကျ ပြောပြစမ်းပါ"

ဤတွင် မစ္စတာပဲရော့သည် ချွေးသီးချွေးပေါက်များ ထွက်လျက်

www.burmeseclassic.com

www.burmeseclassic.com



အောက်ပါအတိုင်း ပြောလေသည်။

"တကယ်ပြောတာပါဗျာ။ ကျွန်တော်က မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာမဟုတ်ပါဘူး။ လူတစ်ယောက် ကျွန်တော့်ဆီလာပါတယ်။ သူက နောက်တစ်နေ့ အင်္ဂလန်ပြည်ကို သွားမယ်လို့ပြောပြီး မာဒမ်ဂီဆယ်(လ်)နဲ့ ကြိုတင်မချိန်းဘဲ တွေ့ဆုံစကားပြောချင်တယ်လို့ ဆိုတယ်။ ဒါမှ သူပြောတာ ပိုပြီး အောင်မြင်မယ်တဲ့။ မာဒမ်ဂီဆယ်(လ်)ဟာ နောက်တစ်နေ့ အင်္ဂလန်ပြည်ကို သွားမယ်ဆိုတာလည်း သူကသိနေတယ်။ ဒီတော့ ကျွန်တော်က မာဒမ်ဂီဆယ်(လ်)ကို အဲဒီနေ့တစ်နေ့ လေယာဉ်မှာနေရာမရှိတော့ဘဲ မွန်းတည့်ချိန်ထွက်မယ့် လေယာဉ်ရဲ့ ထိုင်ခုံနံပါတ် (၂)ကို ပေးလိုက်ဖို့ ပြောပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စဟာ ဘာမှပြဿနာ မရှိဘူးလို့ ယူဆမိပါတယ်။ နောက်တစ်ချက်က အမေရိကန်လူမျိုးတွေဟာ အလုပ်လုပ်ရင် ဒီလိုပဲလုပ်တတ်တယ်လို့ ကျွန်တော်က နားလည်ထားပါတယ်"

"အလို... အမေရိကန်လူမျိုးလား"

မစ္စတာဖိုနီယာက ဝင်မေးလိုက်သည်။

"ဟုတ်ကဲ့။ ကျွန်တော့်ဆီ လာတဲ့လူဟာ အမေရိကန်လူမျိုး ဖြစ်ပါတယ်"

"ဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါ"

"လူက အရပ်မြင့်မြင့်၊ နည်းနည်းတော့ ခါးကိုင်းတယ်။ ဆံပင်ဖြူပြီး မျက်မှန်တပ်ထားတယ်။ ပြီးတော့ မုတ်ဆိတ်မွေးလည်းရှိတယ်"

"သူကိုယ်တိုင်ကကော အဲဒီလေယာဉ်နဲ့ လိုက်ဖို့ လက်မှတ်ဝယ်သလား"

"ဟုတ်ကဲ့၊ သူက ထိုင်ခုံနံပါတ် (၁)ကို ဝယ်ယူပါတယ်။ ဒီခုံက မာဒမ်ဂီဆယ်(လ်)အတွက် ကျွန်တော်ပေးရမယ့် ထိုင်ခုံနဲ့ ကပ်လျက်ပါပဲ"

"သူ့နာမည်ကို ဘယ်လိုပေးသလဲ"

"မစ္စတာဆီ(လ်)ဟာပါလို့ ပေးပါတယ်"

"ဒါပေမဲ့ အဲဒီနေ့က လေယာဉ်ခရီးသည်တွေထဲမှာ ဆီ(လ်)ဟာပါဆိုတဲ့ ခရီးသည်မပါခဲ့ဘူး။ ပြီးတော့ ထိုင်ခုံနံပါတ် (၁)မှာ ဘယ်သူမှ မရှိဘူး"

စုံထောက်ဟာကြူလီက လေသံခပ်အေးအေးဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော်လည်း သတင်းစာဖတ်ကြည့်တော့ အဲဒီနာမည်နဲ့ ခရီးသည် လုံးဝမပါဘူးလို့ သိရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က ဒီကိစ္စကို ထုတ်ဖော်ပြောစရာ မလိုဘူးလို့ ယူဆမိပါတယ်။ ဒီအတိုင်းဆိုရင် ဒီလူဟာ လေယာဉ်နဲ့ လိုက်ပါမသွားဘူးဆိုတော့..."

BURMESE CLASSIC .com



သူ၏စကားမဆုံးမီ မစ္စတာဖိုနီယာက သဘောမကျဟန်ဖြင့်...

"ခင်ဗျားဟာ အရေးကြီးတဲ့ အချက်အလက်ကို ရဲတပ်ဖွဲ့ကို မပြောဘဲ ထိမ်ချန်ထားခဲ့တယ်။ ဒါဟာ သိပ်အရေးကြီးတဲ့ ကိစ္စပဲ"

ဟု ခပ်ထန်ထန် ပြောလိုက်သည်။

ထိုမျှနှင့်ပင် ဖိုနီယာနှင့် ဟာကြူလီတို့သည် စကားဖြတ်၍ထွက်လာခဲ့ရာ မစ္စတာပဲရော့ဆိုသူသည် အလွန်စိုးရိမ်တုန်လှုပ်ဟန်ဖြင့် ငေးကျန်ရစ်လေသည်။ အပြင်ဘက်သို့ရောက်သောအခါ ပြင်သစ်ထောက်လှမ်းရေးမှူး ဖိုနီယာသည် ဦးထုပ်ချွတ်၍ စုံထောက်ဟာကြူလီအား ဦးညွှတ်အလေးပြုလိုက်သည်။

"မစ္စတာဟာကြူလီရဲ့ စိတ်ကူးဉာဏ်ကို အထူးပဲလေးစားပါတယ်။ ဒါထက် ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီလူ့ကို မေးဖို့အကြံရတာလဲ"

"အကြံရတာက အကြောင်းနှစ်ခု ရှိတယ်။ ဒီနေ့မနက် ကျုပ်တို့လေယာဉ်နဲ့ လိုက်လာတုန်းက လူတစ်ယောက်က သူဟာ လူသတ်မှုဖြစ်တဲ့နေ့ မနက်လေယာဉ်အခေါက်နဲ့ အင်္ဂလန်ပြည်ကို လိုက်လာတာ ခရီးသည်တစ်ဝက်လောက်ပဲရှိတယ်လို့ ပြောတာ ကျုပ်ကြားလိုက်ရတယ်။ နောက်တစ်ချက်က သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ လူယုံတော်အမျိုးသမီးအယ်လစ်က ယူနီဗာဆယ်လေကြောင်းကုမ္ပဏီကို တယ်လီဖုန်းလှမ်းဆက်တော့ အဲဒီနေ့က မနက်လေယာဉ်အခေါက်မှာ လူပြည့်နေပြီလို့ ပြောတယ်လို့ဆိုတယ်။ အဲဒီအချက်နှစ်ချက်က ဆန့်ကျင်ဘက်ဖြစ်နေတယ်။ နောက်တစ်ခုကလည်း လေယာဉ်မောင်တစ်ဦးက ထွက်ဆိုရာမှာ မာဒမ်ဂီဆယ်(လ်)ကို မနက်လေယာဉ်အခေါက်မှာ တွေ့ဖူးတယ်လို့ ဆိုတယ်။ ဒီတော့ မာဒမ်ဂီဆယ်(လ်)ဟာ ပဲရစ်မြို့က လန်ဒန်ကိုသွားရင် မနက်လေယာဉ်အခေါက်နဲ့ သွားနေကျဆိုတာ ထင်ရှားတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်က မာဒမ်ဂီဆယ်(လ်)ကို နေ့လယ်မွန်းတည့်ချိန် လေယာဉ်အခေါက်နဲ့မှ လိုက်စေချင်တယ်။ လူယုံအမျိုးသမီးအယ်လစ်က လေကြောင်းကုမ္ပဏီကို ဖုန်းဆက်မေးတော့လည်း မနက်လေယာဉ်အခေါက်မှာ လူပြည့်နေတယ်လို့ ပြောခဲ့တယ်။ ဒါဟာ တမင်သက်သက် လိမ်ပြောတာဖြစ်ရမယ်လို့ ကျုပ်ထင်မိတယ်။ အခုတော့ ကျုပ်ထင်တဲ့အတိုင်း မှန်နေတာတွေ့ရတယ်"

ဟာကြူလီကပြောလိုက်လျှင် မစ္စတာဖိုနီယာသည် အလွန်အံ့ဩသွားပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအမှုက ကြာလေစဉ်းစားရခက်လေ ဖြစ်လာနေပါကလား။ ပထမတော့ ကျုပ်တို့က လူသတ်သမားဟာ အမျိုးသမီးတစ်ယောက်လို့ ထင်ရတယ်။ အခုတော့ ယောကျ်ားတစ်ယောက်လို့ ယူဆရပြန်ပြီ။ ဒါထက် ဒီ အမေရိကန်လူမျိုးဆိုတာက...

ပြောရင်းနှင့် ဖိုနီယာသည် စကားကိုဖြတ်လိုက်ပြီး စုံထောက် ဟာကြူလီအား လှမ်းကြည့်လိုက်သည်။

စုံထောက်ဟာကြူလီကလည်း ဖိုနီယာဆိုလိုချက်ကို ရိပ်မိဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်။ ခင်ဗျားထင်သလိုပါပဲ။ ဒီပဲရစ်မြို့က လူတစ်ယောက်ဟာ အမေရိကန်အမျိုးသားတစ်ဦးဟန်ဆောင်ဖို့ အလွန်လွယ်ကူပါတယ်။ စကားပြောရင် အမေရိကန်လို နှာခေါင်းသံပါပါနဲ့ပြောပြီး ပါးစပ်မှာလည်း ချူအင်းဂန်းလို့ခေါ်တဲ့ ချိုချဉ်ကပ်စေးနဲ့ကိုဝါးနေရင် အမေရိကန်လူမျိုးတစ်ဦးလို့ ထင်ကြမှာပဲမဟုတ်လား"

ဤသို့ပြောရင်း စုံထောက် ဟာကြူလီသည် အင်္ကျီအိတ်ထဲမှ စကတ်(ချ်)ဂျာနယ်မှ ဆုတ်ဖြဲထားသည့် စာရွက်ကိုထုတ်ယူပြီး ကြည့်နေသဖြင့် မစ္စတာဖိုနီယာက...

"ခင်ဗျား ဘာကြည့်နေတာလဲ"ဟု မေးလိုက်သည်။

"လေဒီဟော်ဘူရီ ရေကူးဝတ်စုံနဲ့ ဓာတ်ပုံကိုကြည့်တာပါ"

"ဘာလဲ။ ခင်ဗျားက သူ့ကိုထင်လို့လား။ မဖြစ်နိုင်ပါဘူး။ လေဒီဟော်ဘူရီက အမေရိကန်ယောကျ်ားတစ်ယောက်လို ရုပ်ဖျက်ဖို့က မလွယ်ပါဘူး။ သူဟာ တစ်ချိန်က ပြဇာတ်မင်းသမီးလုပ်ခဲ့ဖူးပေမဲ့ ဒါမျိုးတော့ မဖြစ်နိုင်ဘူး၊ ခင်ဗျား ထင်တာလွဲလိမ့်မယ်"

"ကျုပ်ကလည်း ဟုတ်ပါတယ်လို့ မပြောပါဘူး"

ဤသို့ ပြောလိုက်သော်လည်း စုံထောက်ဟာကြူလီသည် ဂျာနယ်စာရွက်ကို ဆက်လက်ကြည့်နေလေသည်။

❖ ❖ ❖

(၁၂)

မြို့စားကြီး ဟော်ဘူရီသည် ထမင်းစားခန်းတွင် နံနက်စာအဖြစ် အသားဟင်းတစ်မျိုးကို စားသောက်နေလေသည်။

မြို့စားကြီးဟု ဆိုသော်လည်း သူသည် အသက်အရွယ်အားဖြင့် နှစ်ဆယ့်ခုနစ်နှစ်သာ ရှိသေးသည်။ မျိုးရိုးအစဉ်အလာအရ ဟော်ဘူရီမြို့စားဘွဲ့ကို ဆက်ခံရခဲ့သူ ဖြစ်သည်။

သူ၏နာမည်အရင်းက စတီဖင် ဖြစ်လေသည်။

သူသည် စိတ်သဘောထားကောင်းသူ ဖြစ်သော်လည်း တစ်ခါတစ်ရံ အလွန်ခေါင်းမာသူ ဖြစ်သည်။ ပင်ကိုစရိုက်အားဖြင့် အားကစားဝါသနာပါပြီး လွင်တီးခေါင်တွင် သွားလာနေထိုင်ခြင်းကို သဘောကျသူလည်း ဖြစ်သည်။

စတီဖင်သည် (မြို့စားကြီး ဟော်ဘူရီ)ထမင်းစားပွဲတွင် ထိုင်စားနေရင်း သတင်းစာတစ်စောင်ကို ယူဖတ်လေသည်။

သို့သော် စိတ်မဝင်စားသဖြင့် ချက်ချင်းပြန်ချထားလိုက်ပြီး နံနက်စာကိုလည်း ဆက်မစားတော့ဘဲ ထိုင်ရာမှထကာ အိမ်ပေါ်သို့တက်၍ အခန်းတစ်ခန်း အပြင်ဘက်မှ အသာတံခါးခေါက်လိုက်သည်။

အခန်းတွင်းမှ တစ်စုံတစ်ယောက်က...

"ဝင်ခဲ့ပါ"

ဟု လှမ်းပြောလိုက်သဖြင့် သူသည် တံခါးကိုဆွဲဖွင့်ပြီး ဝင်လိုက်သည်။

အခန်းမှာ အလွန်ကျယ်ဝန်းသော အိပ်ခန်းကြီးဖြစ်ပြီး ခံ့ညားသည်ဝါသော ခုတင်ပေါ်၌ လေဒီဟော်ဘူရီ (လူသတ်မှုဖြစ်သည့် ... ခဲ့သည်)သည် လဲလျောင်းရင်း စာတိုက်မှလာသည့်စာများကို ဖွင့်ဖတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘေးရှိ စားပွဲငယ်တွင် နံနက်စာစားထားသည့် ကော်ဖီပန်းကန်စသည်တို့ တင်ထားလေသည်။

လေဒီဟော်ဘူရီသည် အင်္ဂါရုပ်နှင့်တကွ ကိုယ်လုံးကိုယ်ဟန် လှပကျော့ရှင်းသူ အမျိုးသမီးတစ်ဦး ဖြစ်သည်။ တစ်ချိန်လုံး စတီဖင် (မြို့စားကြီးဟော်ဘူရီ)သည် သူမအား အရူးအမူးချစ်ခင်မြတ်နိုးခဲ့သည်။ သို့ရာတွင် ယခုတော့မူ သူသည် လေဒီဟော်ဘူရီအပေါ် ရူးမူးခြင်း မရှိတော့ပါချေ။

"အလို... စတီဖင်ပါလား"

လေဒီဟော်ဘူရီက အံ့အားသင့်ဟန်ဖြင့် ပြောလိုက်သည်။

"ကျုပ် မင်းနဲ့ နှစ်ယောက်ချင်း စကားပြောစရာရှိတယ်"

အခန်းတွင်း၌ အိမ်ဖော်အမျိုးသမီးတစ်ဦးက သန့်ရှင်းရေးလုပ်နေသဖြင့် ဤသို့ပြောလိုက်ခြင်းဖြစ်ရာ လေဒီဟော်ဘူရီက ထိုမိန်းကလေးအားအပြင်ဘက်သို့ ထွက်ခိုင်းလိုက်သည်။

အမျိုးသမီးထွက်သွား၍ တံခါးပြန်ပိတ်သွားတော့မှ မြို့စားကြီးဟော်ဘူရီက ခပ်တည်တည် စပြောလေသည်။

"ဒီမယ်၊ မင်းက ဘာဖြစ်လို့ ဒီကို ပြန်လာတာလဲ"

"ဟာ... ရှင်ကလဲ ပြန်လာတာ ဘာဖြစ်သေးသလဲ။ ကျွန်မအနေနဲ့ ဒီကိုပြန်လာဖို့ အကြောင်းတွေရှိတာပဲ"

"ဒီမယ်... မင်းနဲ့ငါနဲ့ သဘောတူညီထားခဲ့တာ မှတ်မိတယ် မဟုတ်လား၊ တို့နှစ်ယောက်ဟာ စိတ်သဘောချင်း မတိုက်ဆိုင်တော့တဲ့အတွက် အတူတူမနေကြဖို့ သဘောတူခဲ့တာလေ။ မင်းက မြို့ထဲကအိမ်ကိုယူပြီး နှစ်စဉ်မင်းသုံးဖို့ ငွေလုံလုံလောက်လောက် ပုံမှန်ရရှိဖို့လည်း သဘောတူခဲ့ကြတယ်။ နေတော့ မင်းဟာ မင်းကြိုက်သလိုနေရုံပဲ။ အခုတော့ မင်းက ရုတ်တရက် ဒီကိုပြန်လာတာဟာ ဘာကြောင့်လဲ"

"ကျွန်မက ဒီကိုပြန်လာတာ ကောင်းမယ်လို့ ထင်မိတယ်ရှင့်"

"ဘာလဲ မင်းက ငွေလိုချင်ပြန်လို့လား"

"ရှင်ဟာ တော်တော်သဘောထား ယုတ်မာတဲ့လူပဲ။ ဒါကြောင့် ရှင့်ကို ကျွန်မမုန်းတာ၊ လောကမှာ ရှင့်လောက် သဘောထားယုတ်တဲ့လူ မရှိဘူး"

"ဩော်...ငါက သဘောထားသေးတယ်ဆိုတာဟာ မင်းက အမိဟူယ် မရှိဘဲ လျှောက်သုံးဖြုန်းလွန်းလို့ ဒီဟော်ဘူရီခြံနဲ့အိမ်ကြီးပါ ပေါင်ထားရလို့ ပြောတာလား"

"ရှင်က ပြောလိုက်ရင် ဒီဟော်ဘူရီခြံနဲ့ အိမ်ကြီးအကြောင်းပဲ တန်ဖိုး



ထားပြီး ပြောတတ်တယ်။ ဒီခြံနဲ့မြေက ဘာရှိလို့လဲ။ မြင်းတွေရယ်၊ တောလိုက်အမဲပစ်ပစ္စည်းတွေရယ်၊ ပြီးတော့ မြေယာထဲမှာ သီးနှံတချို့နဲ့ လယ်သမားကြီးတွေပဲ ရှိတယ်။ မိန်းမတစ်ယောက်အနေနဲ့ ဒီမှာနေရတာ ပျော်မယ်များ ထင်သလား"

"တချို့မိန်းမတွေကတော့ ဒီလိုနေရာမှာ နေရတာကို ပျော်ရွှင်ကြည်နူးကြတယ်ကွ"

"ဟုတ်ပါတယ်၊ ဗင်နီရှားကားလို မိန်းမမျိုးကတော့ ပျော်မှာပေါ့။ အဲဒီမိန်းမမျိုးနဲ့ ရှင်လက်ထပ်ယူဖို့ ကောင်းတယ်"

"ဒီစကားကို မင်းပြောတာ နောက်ကျသွားပြီ။ ငါက မင်းကို လက်ထပ်ယူခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်။ ဒါပေမဲ့ ရှင်က ကျွန်မနဲ့ လက်ထပ်ထားတဲ့ အနှောင်အဖွဲ့က ထွက်လို့မရဘူး မဟုတ်လား"

လေဒီဟော်ဘူရီက သရော်သလို ရယ်မောလိုက်ပြီးမှ ဆက်ပြောသည်။

"ရှင်က ကျွန်မကို အပြတ်ဖယ်ထုတ်ချင်တယ် မဟုတ်လား။ ဒါပေမဲ့ ရှင် ဘာမှ မတတ်နိုင်ဘူး"

"ဒါတွေ ပြန်ပြောနေဖို့ မလိုပါဘူး"

"ပြောရမယ်ရှင့်၊ ပြောရမယ်။ ရှင်ပြောတဲ့စကားတွေကို ကျွန်မသူငယ်ချင်းတွေ ပြောပြတော့ သူတို့က ဝိုင်းပြီးလှောင်ပြောင် ရယ်မောကြတယ်သိလား"

"ဒါတော့ သူတို့ရယ်ချင်လည်း ရယ်ကြပေါ့။ ဒါက အရေးမကြီးဘူး။ တို့ အခု ဆွေးနွေးနေတဲ့စကားကို ပြန်ဆက်ကြမယ်။ မင်းဘာကြောင့် ဒီကိုပြန်လာတာလဲဆိုတဲ့အကြောင်းကို ဆက်ပြောစမ်းပါ"

စတီဖင်ခေါ် မြို့စားက ဤသို့ပြောသော်လည်း ဇနီးဖြစ်သူ လေဒီဟော်ဘူရီက ထိုစကားကို လက်ခံဆွေးနွေးခြင်းမပြုဘဲ တစ်မျိုးလှည့်၍ ဝေဖန်ပြန်သည်။

"ရှင်က ကျွန်မနဲ့ပတ်သက်တဲ့ကြွေးတွေ ငွေကြေးကိစ္စတွေကို တာဝန်မယူပါဘူးလို့ သတင်းစာထဲက ကြေညာတာဟာ ကောင်းသလားရှင့်။ အဲဒါ လူကြီးလူကောင်းတစ်ယောက် ပီသရာရောက်သလား"

"သတင်းစာထဲ ထည့်လိုက်မိတာကို နောက်ပိုင်းကျတော့ ငါ နောင်တရမိပါတယ်။ ဒါပေမဲ့ မင်းကို ငါက ကြိုတင်သတိပေးခဲ့တယ် မဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်တိတိ ငါက မင်းရဲ့ကြွေးတွေကို ပေးဆပ်ခဲ့တယ်။ ဒါပေမဲ့ လောကမှာ ကန့်သတ်ချက်ဆိုတာ ရှိတယ်။ မင်းရဲ့ကြွေးတွေကို အကန့်အသတ်မရှိ လိုက်ဆပ်ဖို့ရာ ဘယ်ဖြစ်မလဲ။ မင်းဟာ လောင်းကစားအလွန်ဝါသနာပါတာ ခက်တယ်။ ဒါတွေပြောနေလို့လည်း အပိုပါပဲလေ။ လောလောဆယ် ငါသိချင်တာက မင်းဟာ ဘာကြောင့် ဒီဟော်ဘူရီအိမ်ကြီးကို ပြန်လာခဲ့တာလဲ။ မင်းဟာ ဒီအိမ်ကြီးကို အလွန်မုန်းတီးခဲ့တယ်။ ဒီအိမ်မှာနေရတာ မင်း လုံးဝမပျော်ဘဲ ငြီးငွေ့ခဲ့တယ် မဟုတ်လား"

"ကျွန်မက အခုလောလောဆယ် ဒီကိုပြန်လာတာ ကောင်းမယ်ထင်လို့ ပြန်လာခဲ့တာပဲ"

"အခုလောလောဆယ် ပြန်လာတာ ကောင်းတယ်ထင်တာက ဘာသဘောလဲ။ နေဦး၊ မင်းကို ပြင်သစ်အမျိုးသမီး ငွေချေးထားတဲ့ မိန်းမကြီးဆီက ငွေများ ချေးယူခဲ့သလား"

"ဘယ်သူ့ကို ပြောတာလဲရှင့်။ ကျွန်မဖြင့် ရှင်ပြောတာတွေ နားမလည်ပါဘူး"

"ဘယ်သူ့ကို ဆိုလိုတယ်ဆိုတာ မင်း သိပါတယ်ကွာ။ လေယာဉ်ပေါ်မှာ အသတ်ခံရတဲ့ မိန်းမကို ပြောတာပေါ့။ မင်းက သူ့ဆီက ငွေချေးယူခဲ့သလား"

"ဟင့်အင်း၊ ငွေမချေးခဲ့ပါဘူး။ ရှင်က ကြံကြံဖန်ဖန်ပြောရှာမယ်"

"ဒီမယ်...မင်းက မပတ်ချင်စမ်းပါနဲ့။ တကယ်လို့ မင်းက အဲဒီ မိန်းမဆီက ချေးယူခဲ့ရင် ငါ့ကိုပြောပြရင် ကောင်းမယ်။ လူသတ်မှုပြဿနာက ပြီးဆုံးသေးတာ မဟုတ်ဘူး။ ပဏ္ဏာမစစ်ဆေးတုန်းက ရုံးတော်က ဆုံးဖြတ်ချက်က အမည်မသိ လူတစ်ယောက်ယောက်က လုပ်ကြံသတ်ဖြတ်တာပဲလို့ ဆိုထားတယ်။ အခုဆိုရင် အင်္ဂလန်နဲ့ ပြင်သစ်နိုင်ငံ နှစ်ခုလုံးက ရဲတွေက အပြင်းအထန် စုံစမ်းထောက်လှမ်းနေကြတယ်။ မကြာခင် တစ်နည်းနည်းနဲ့ အဖြစ်မှန်တ ပေါ်ပေါက်လာမှာပဲ။ သေသူမိန်းမမှာလည်း သူ့ရဲ့ငွေရေးကြေးရေး လုပ်ငန်းတွေနဲ့ ပတ်သက်လို့ မှတ်တမ်းတွေလည်း ရှိလိမ့်မယ်၊ အဲဒီမှတ်တမ်းတွေအရ မင်းက သေသူမိန်းမနဲ့ ပတ်သက်နေမယ်ဆိုရင် ငါတို့က ကြိုတင်ပြင်ဆင်ထားဖို့ လိုမယ်။ ငါတို့ရဲ့ ရှေ့နေများဆီက အကြံဉာဏ်လည်းတောင်းဖို့ လိုအပ်လိမ့်မယ်"

"ပဏ္ဏာမစစ်ဆေးတဲ့ရုံးမှာ ကျွန်မက အဲဒီမိန်းမကို လုံးဝမသိဘူး၊ နာမည်တောင် မကြားဖူးပါဘူးလို့ ထွက်ဆိုခဲ့ပြီးသားပဲ"



"ဒါက ဘာမှ ခိုင်လုံတာ မဟုတ်ဘူး။ တကယ်လို့ မင်းဟာ သေသူအမျိုးသမီးနဲ့ ဆက်ဆံမှုရှိခဲ့ရင် ရဲအရာရှိတွေက တစ်နည်းနည်းနဲ့ သိသွားမှာ သေချာတယ်"

ခင်ပွန်းဖြစ်သူက ဤသို့ပြောလိုက်လျှင် လေဒီဟော်ဘူရီသည် ဒေါသထွက်လာဟန်ဖြင့် ခုတင်ပေါ်တွင် ထထိုင်လိုက်သည်။

"ဘာလဲ... ရှင်က ကျွန်မဟာ ဟိုမိန်းမကို သတ်လိုက်တယ် ထင်နေသလား။ လေယာဉ်ပေါ်မှာ ကျွန်မ လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြားမှုတ်ပြီး သတ်လိုက်တယ်ထင်လို့လား။ ကြံကြီးစည်ရာ..."

"ဒီလိုဆိုတော့လည်း မဖြစ်နိုင်ဘူးလို့ ထင်စရာရှိတယ်။ ဒါပေမဲ့ ငါက မင်းရဲ့အခြေအနေလည်း အမှန်ကို သိချင်တယ်"

"ဘာအခြေအနေလဲ။ ဘယ်လိုအခြေအနေမှ မရှိဘူး။ ရှင်က ကျွန်မပြောတဲ့စကားကိုလည်း တစ်လုံးမှ ယုံကြည်တာ မဟုတ်ဘူး။ ဒါနဲ့များ ရှင်က ဘာကြောင့် အခုမှ ရုတ်တရက် ကျွန်မအတွက် စိုးရိမ်ပူပန်နေရတာလဲ၊ အမှန်က ရှင်ဟာ ကျွန်မကို သဘောလည်း မကျဘူး၊ မုန်းလည်း မုန်းတယ်။ ကျွန်မသာ မနက်ဖြန်သေသွားရင် ရှင် ဝမ်းသာမှာပဲ မဟုတ်လား။ ဒီတော့ ဘာကြောင့် ရှင်က ဟန်ဆောင်နေရတာလဲ"

"မင်းပြောတာ နည်းနည်းပိုလွန်းလှတယ်။ ဘာပဲဖြစ်ဖြစ် ငါ့အနေနဲ့က အိမ်ထောင်မိသားစုရဲ့ နာမည်နဲ့ ဂုဏ်သိက္ခာ ထိခိုက်မှာကိုတော့ စိုးရိမ်တယ်။ ဒါဟာ ငါ့အတွက် အရေးကြီးတယ်"

ပြောပြောဆိုဆို စတီဖင်ခေါ် ဟော်ဘူရီမြို့စားသည် ချာခနဲလှည့်ကာ အခန်းတွင်းမှ ပြန်ထွက်သွားလေသည်။

စိတ်ထဲတွင်ကား ဇနီးဖြစ်သူပြောလိုက်သော စကားများကို ပြန်သတိရမိလေသည်။

"ငါဟာ သူ့ကို မုန်းတယ်လို့ပြောတယ်။ သူ မနက်ဖြန်သေရင် ငါဝမ်းသာမှာပဲလို့ ဆိုတယ်။ တကယ်တော့လည်း သူပြောတာ မှန်တာပဲ။ သူသေသွားရင် ငါ့အဖို့ အကျဉ်းထောင်က လွတ်မြောက်လာတဲ့လူလို ဖြစ်လာမှာ အမှန်ပဲ။ လူ့ဘဝဆိုတာ အလွန်စိတ်ပျက်ဖို့ကောင်းတယ်။ တစ်ချိန်တုန်းက ငါဟာ သူ့ကို အရူးအမူး ချစ်ခဲ့မိတယ်။ သူ့အလှအပကို မြတ်နိုးတန်ဖိုးထားခဲ့တယ်။ အခုတော့လည်း သူ့ရဲ့အလှအပကို မြင်တောင်မမြင်နိုင်တော့ဘူး"

ဤသို့ ဆင်ခြင်သုံးသပ်မိပြီးနောက် သူသည် [illegible] ဆောင်းသည့် ဦးထုပ်ကိုဆောင်းကာ ဘက်ဆီအမည်ရှိ သူ့ချစ်တော်မြင်းကို...

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လျက် အိမ်ထဲမှ လျှောက်ထွက်သွားလေသည်။

ကျယ်ဝန်းသော ခြံကြီးအတွင်း လမ်းလျှောက်သွားရာမှ သီးနှံများ စိုက်ပျိုးထားသော ယာခင်းဆီသို့သွားပြီး လယ်ယာလုပ်သား၏ဇနီးနှင့် ခေတ္တစကားဝင်ပြောလေသည်။

ထို့နောက် ခွေးဘက်ဆီနှင့်အတူ လမ်းကျဉ်းတစ်ခုအတိုင်း လျှောက်သွားစဉ် မြင်းစီးလာသော ဗင်နီရှာကားအမည်ရှိ အမျိုးသမီးနှင့် ဆုံမိလေသည်။

(မှတ်ချက်။ ။ ဗင်နီရှာကားဆိုသူမှာ လူသတ်မှုဖြစ်ပွားသော လေယာဉ်တွင် လိုက်ပါလာသူ ခရီးသည် အမျိုးသမီးတစ်ဦးပင် ဖြစ်သည်။)

သူမသည် မြင်းစီးလာစဉ်တွင် အလွန်လှပတင့်တယ်သည်ကို တွေ့ရလေသည်။ ဟော်ဘူရီမြို့စား (စတီဖင်)သည် သူမအားမြင်လျှင် သဘောကျတန်ဖြင့် နှုတ်ဆက်လေသည်။

"ဟဲလို... ဗင်နီရှာ"

"ဟဲလို... စတီဖင်"

သူကလည်း ဖော်ရွေစွာ ပြန်နှုတ်ဆက်လေသည်။

"ဗင်နီရှာ၊ မင်း အခု ဘယ်တွေရောက်ခဲ့သလဲ"

ဤသို့ အာလာပ သလ္လာပစကားတွေ ခေတ္တပြောနေကြပြီးနောက် ဟော်ဘူရီမြို့စားက...

"စီစလီတစ်ယောက် ဒီကိုပြန်ရောက်နေပြီ"ဟု ပြောလိုက်သည်။

(စီစလီဆိုသည်မှာ မြို့စားကတော် လေဒီဟော်ဘူရီ၏ ပင်ကိုနာမည် ဖြစ်သည်။)

"ဟင်... ဟုတ်လား။ သူက ဒီကိုရောက်နေတယ်လား"

ဗင်နီရှာကားက အံ့အားသင့်ဟန်ဖြင့် မေးလိုက်သည်။

"ဟုတ်တယ်၊ မနေ့ညက ရောက်တယ်"

ဤသို့ပြောပြီးမှ စတီဖင် (မြို့စား)ကပင်ဆက်၍...

"လူသတ်မှု ပဏာမစစ်ဆေးတုန်းက ရှိတယ် မဟုတ်လား။ ဘယ်လို အခြေအနေရှိသလဲ"ဟု မေးလိုက်သည်။

"သိပ်တော့ မထူးပါဘူး။ သက်သေတွေထဲက တစ်ယောက်ကမှ အချက်အလက် ပြည့်ပြည့်စုံစုံ မထွက်ဆိုကြပါဘူး"

"ရဲတပ်ဖွဲ့ကရော သူတို့သိတာတွေကို ဖော်ထုတ်မပြောဘူးလား"

"မပြောဘူးရှင့်"

"အဲဒီပဏာမစစ်ဆေးတဲ့ ရုံးကိုသွားရတာ မင်းအဖို့ စိတ်ညစ်စရာ



ကောင်းမှာပဲနော်"

"ဒါလောက်လည်း မဟုတ်ဘူး။ ကိုရိုနာအရာရှိမင်းက သဘောကောင်းပါတယ်"

"ဒါထက် ဗင်နီရှာ... လူသတ်သမားက ဘယ်သူလဲလို့ မင်း ထင်သလဲ"

စတီဖင်က ရုတ်တရက်မေးလိုက်ရာ ဗင်နီရှာက ခေါင်းခါပြလေသည်။

"မပြောတတ်ဘူးရှင့်"

ပြောရင်းနှင့် သူမက ရယ်မောလိုက်ပြီး ဆက်လက်၍...

"တစ်ခုတော့ သေချာတယ်ရှင့်။ သတ်သူဟာလည်း ကျွန်မ မဟုတ်၊ စီစလီလည်းမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မပြောနိုင်တယ်။ တကယ်လို့ သူ သတ်တာဆိုရင် ကျွန်မက မြင်မှာပေါ့။ ကျွန်မက သတ်ရင်လည်း သူက မြင်မှာပဲ မဟုတ်လား"ဟု ပြောလိုက်သည်။

စတီဖင်လည်း ရောယောင်၍ ရယ်မောလိုက်သည်။

"ဒါဖြင့်လည်း ပြီးတာပါပဲ"

စတီဖင်၏ အမူအရာကို ဗင်နီရှာကားက အကဲခတ်နေရာ သူ၏ဇနီး စီစလီ (သို့မဟုတ်) လေဒီဟော်ဘူရီအတွက် စိုးရိမ်မကင်းဖြစ်နေပုံရကြောင်း သိသာသည်ဟု ထင်မိလေသည်။

စတီဖင်က စကားဆက်ပြောပြန်သည်။

"ဒီမယ်၊ ဗင်နီရှာ၊ မင်းနဲ့ငါ သိကျွမ်းခင်မင်ခဲ့တာ ကြာလှပြီနော်"

"ဟုတ်ပါတယ်"

"ဒါဖြင့် ငါမေးတာ ပြောစမ်းပါ။ ငါ့ဇနီး စီစလီဟာ ပြင်သစ် အမျိုးသမီး မာဒမ်ဂီဆယ်(လ်)နဲ့ ပတ်သက်ခဲ့သလား"

စတီဖင်က မေးလိုက်သည်ကို ဗင်နီရှာကားက ခေတ္တစဉ်းစားပြီးမှ ပြန်ဖြေလေသည်။

"ကျွန်မအနေနဲ့ မသိဘူးရှင့်။ ကျွန်မက ပြင်သစ်ပြည်တောင်ပိုင်းကို ရောက်နေလို့ လီပီနေအရပ်က အတင်းအဖျင်း သတင်းတွေ မကြားမိဘူး"

"ဘာပဲဖြစ်ဖြစ် မင်းဘယ်လိုထင်သလဲ"

"အင်း... ထင်တာပြောရရင်တော့ တကယ်လို့ ရှင့်ဇနီး စီစလီဟာ ဒီ ပြင်သစ်မိန်းမကြီးနဲ့ ဆက်သွယ်ခဲ့တယ်ဆိုရင်လည်း အံ့ဩစရာမရှိပါဘူး"

စတီဖင်သည် လေးနက်စွာစဉ်းစားရင်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗင်နီရှာကားက ကရုဏာဖြစ်ဟန်ဖြင့်...

"ရှင် ဘာကြောင့် စိုးရိမ်ကြောင့်ကြနေရတာလဲ။ ရှင်တို့နှစ်ယောက်ထဲ အတူတူမနေကြတော့ဘူး မဟုတ်လား။ ပြဿနာတစ်ခုခုဖြစ်လာရင် သူ့ဟာသူ ရှင်ဆိုင်မှာပေါ့။ ရှင်က အနေသာကြီးပဲ"ဟု ညင်သာစွာ ပြောလိုက်သည်။

"သူနဲ့ငါ တရားဝင်ဇနီးမောင်နှံ ဖြစ်နေသေးသမျှ ပြဿနာဆိုရင် ငါနဲ့လည်း ဆိုင်တာပဲ"

"ရှင်တို့နှစ်ယောက် တရားဝင် ကွာရှင်းပြတ်စဲလိုက်ပါလား"

"ခက်တာက သူ့အနေနဲ့ ကွာရှင်းပြတ်စဲဖို့ သဘောတူ လက်ခံမှာ မဟုတ်ဘူး"

"တကယ်လို့ အခြေအနေပေးလာရင် ရှင်က သူ့ကို ကွာရှင်းပြတ်စဲမှာပဲလား"

"ကွာရှင်းပြတ်စဲမှာပေါ့"

"ဒါကို သူက သိမှာပေါ့နော်"

"ဟုတ်တယ်၊ သူသိတယ်"

ထို့နောက် နှစ်ယောက်စလုံး ဘာမှမပြောဘဲ ငြိမ်နေကြပြီးမှ ဟော်ဘူရီမြို့စား (စတီဖင်)က မမျှော်လင့်သည့်စကားကို ရုတ်တရက် ပြောလိုက်သည်။

"ဒီမယ် ဗင်နီရှာ... တကယ်လို့ ငါဟာ လွတ်လပ်နေတဲ့သူ တစ်ယောက်ဆိုရင် မင်းက ငါ့ကို လက်ထပ်နိုင်မလား"

ဗင်နီရှာကားကလည်း မျက်နှာတည်ကြည်စွာနှင့်ပင် ပွင့်လင်းစွာ ပြန်ဖြေလေသည်။

"ဟုတ်ကဲ့ရှင့်၊ ကျွန်မ ရှင့်ကို လက်ထပ်ယူပါ့မယ်"

အမှန်အားဖြင့် သူမသည် နဂိုကပင် မြို့စား (စတီဖင်)အား စိတ်ထဲမှ ကျိတ်၍ ချစ်နေခဲ့မိသည်။ စတီဖင်ကလည်း သူမအပေါ် ခင်မင်ခဲ့သည်။ သို့သော် အလွန် ခြေလှမ်းသွက်သော စီစလီ (လက်ရှိ လေဒီဟော်ဘူရီ)နှင့် တွေ့လိုက်သည်တွင် စတီဖင်က အရှုံးအမူး ဖြစ်သွားခဲ့သည်။

"တို့နှစ်ယောက်သာ အတူနေရရင် အိမ်ထောင်ရေးဘဝဟာ အလွန် သာယာကြည်နူးစရာကောင်းမှာပဲ"

စတီဖင်ကပြောရင်း သူ၏စိတ်ထဲတွင် ဗင်နီရှာကားနှင့် အတူနေရလျှင် မည်မျှ ပျော်ရွှင်စရာကောင်းလေမည်နည်းဟု စိတ်ကူးယဉ်နေမိသည်။

"ဒီမယ်... ရှင်တကယ်သာ စိတ်ဝင်စားရင် ရှင်နဲ့ကျွန်မ အတူထွက်



သွားနိုင်ပဲရှိတယ် မဟုတ်လား။ အဲဒီအခါကတော့ စီစလီကလည်း ကွာရှင်းပြတ်စဲ လိုက်မှာပဲ"

ဗင်နီရှာကားက ပြောလိုက်သည်ကို စတီဖင်က လက်မခံချေ။

"ငါက ဒီလိုတော့ မလုပ်နိုင်ဘူး"

"ကျွန်မဆိုရင်တော့ ဂရုမစိုက်ပါဘူး"

"ငါကတော့ ဂရုစိုက်ရတယ်ကွယ့်"

သူပြောလိုက်ပုံက ခိုင်မာတိကျစွာ စိတ်ပိုင်းဖြတ်ထားပြီး ပြောသည့် ဟန်မျိုးဖြစ်နေရာ ဗင်နီရှာကားသည် စိတ်မကောင်းဖြစ်သွားမိလေသည်။

သို့သော် မည်သို့မျှမတတ်နိုင်ချေ။

"ကိုင်း... ဒါဖြင့် ကျွန်မ သွားလိုက်ဦးမယ်"

ဤသို့နှုတ်ဆက်ပြီး သူမသည် ဆက်လက်၍ မြင်းစီးထွက်သွားလေသည်။ လမ်းအကွေ့တစ်နေရာတွင် သူမ၏ မြင်းစီးကျာပွတ်လွတ်ကျသွားရာ လမ်းလျှောက်လာသူ လူတစ်ယောက်က ကျာပွတ်ကိုကောက်ယူ၍ ပြန်ပေးလေသည်။ ထိုလူသည် နိုင်ငံခြားသားတစ်ဦးနှင့်တူပြီး မှတ်မိသလိုရှိလေသည်။ အိမ်ပြန်ရောက်တော့မှပင် သူမသည် မှတ်မိတော့သည်။ ထိုလူကား သူသတ်မှု ဖြစ်သည့် လေယာဉ်ပေါ် ပါလာသော စုံထောက်ကြီးပင်။ ဒီလူကြီး ဘာလာလုပ် တာပါလိမ့်ဟုလည်း တွေးမိလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ဂျိန်းအမည်ရှိ မိန်းကလေးသည် သူမ အလုပ်လုပ်သော အန်တိုနီ ဆံပင်အလှပြုပြင်သည့်ဆိုင်သို့ လူသတ်မှု ပဏာမ စစ်ဆေးပြီးသည့် နောက် တစ်နေ့နံနက်တွင် သွားရောက်လေသည်။

ဆိုင်ရှင်အန်တိုနီဆိုသူကား သူ့ကိုယ်သူ နိုင်ငံခြားသားတစ်ဦးဖြစ် သယောင် အင်္ဂလိပ်စကား ပြောရာတွင် နိုင်ငံခြားသားများလို လေသံဝဲဝဲနှင့် ပြောလေ့ရှိသူ ဖြစ်သည်။ သူ၏ နာမည်ကိုလည်း အန်တိုနီဟူသော နိုင်ငံခြား အမည် ယူထားလေသည်။

သူသည် ဂျိန်းကိုမြင်လျှင် မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။

သူ၏ ဆိုင်မှ အလုပ်သမ တစ်ဦးဖြစ်သူ ဂျိန်းအနေဖြင့် ပြင်သစ်ပြည်သို့ လေယာဉ်စီး၍ အပန်းဖြေခရီးထွက်သည်ကို သူသဘောမကျချေ။

ထိုဆိုင်တွင် ဂလဲဒစ္စအမည်ရှိ ရွှေဝါရောင်ဆံပင်နှင့် မိန်းကလေး တစ်ဦးလည်း ရှိသည်။ သူမကတော့ ပျော်ပျော်နေတတ်ပြီး စကားအဆက်မပြတ် ပြောနေတတ်သူ ဖြစ်သည်။

ထိုနေ့နံနက်က ဂျိန်းက သူ့အား ဆိုင်ရှင်က ဆူပူကြိမ်းမောင်းမည်လောဟု စိုးရိမ်ဟန်ဖြစ်နေရာ ဂလဲဒစ္စက အားပေးစကား ပြောလေသည်။

"ဟေ့... ဂျိန်း။ ဘာမှ စိုးရိမ်မနေပါနဲ့ကွာ။ ဆိုင်ရှင်က သူ့ဟာသူ စဉ်းစားစရာတွေ များနေလို့ ညည်းကို ဆူပူဖို့ စိတ်မကူးနိုင်ပါဘူး"

ဤသို့ ပြောပြီးနောက် သူမသည် ဆိုင်တွင်းသို့ ဆံပင်အလှပြုပြင်သည့် အမျိုးသမီးတစ်ဦး ရောက်လာသဖြင့် သွားရောက်ဧည့်ခံ စကားပြောလေသည်။



"ကြွပါရှင်၊ ကြွပါ။ ဒီနေ့တော့ အစ်မကြီးက အရင်ဆုံး ခေါင်းလျှော်ဆိုတ်မှ ထင်တယ်။ ဒါမှ မစ္စတာဟင်နရီက ဆက်ပြီး အလှပြင်ပေးဖို့ အဆင်သင့်ဖြစ်ပါမယ်"

ထိုအခိုက် နောက်ထပ် အမျိုးသမီးတစ်ဦး ရောက်လာပြန်သဖြင့် ဂျိန်းက သွားရောက်နှုတ်ဆက်လေသည်။

"ဂွတ်မောနင်း... အစ်မကြီး။ ဒီကိုမလာတာ အတော်ကြာသွားပြီနော်၊ ဒီနေ့ ခေါင်းလျှော်ပြီး ဆံပင်ကို ပုံသွင်းမယ် မဟုတ်လားရှင့်"

ဂျိန်းက ဖော်ရွေစွာပြောနေစဉ် အမျိုးသမီးသည် ဂျိန်း၏မျက်နှာကို အထူးစိတ်ဝင်စားဟန်ဖြင့် ကြည့်လေသည်။

"ဒါထက် မနေ့က လူသတ်မှု ပဏာမစစ်ဆေးတုန်းက သက်သေအဖြစ် ထွက်ဆိုခဲ့တဲ့ မိန်းကလေးဟာ မင်းမဟုတ်လား။ လူသတ်မှုဖြစ်တဲ့ လေယာဉ်နဲ့ လိုက်ပါခဲ့တယ် ဆိုတာလေ"

အမျိုးသမီးက မေးသဖြင့် ဂျိန်းကလည်း...

"ဟုတ်ပါတယ်ရှင့်"ဟု အမှန်အတိုင်း ဖြေလိုက်သည်။

"ဟင်... ဟုတ်လား၊ စိတ်ဝင်စားစရာပါပဲနော်။ ကဲ... ကျုပ်ကို ပြောပြစမ်းပါဦး"

အမျိုးသမီးကမေးသဖြင့် ဂျိန်းကလည်း ဆိုင်သို့လာသည့် ဖောက်သည်တစ်ဦးအား ကျေနပ်ပါစေတော့ဟု သဘောထားကာ ကြိုးစား ပြောရလေသည်။ ဧည့်သည်အမျိုးသမီးသည် အလွန်စိတ်ဝင်စားဟန်ဖြင့် နားထောင်ရင်း မေးခွန်းတွေ မေးနေပြန်သည်။

အသတ်ခံရသူ ပြင်သစ်အမျိုးသမီး၏ ပုံပန်းသဏ္ဌာန်က ဘယ်လိုနေသလဲ၊ အခင်းဖြစ်သည့် လေယာဉ်ပေါ်တွင် ပြင်သစ်စုံထောက်နှစ်ဦး ပါလာတယ်ဆိုတာ ဟုတ်သလား၊ လူသတ်မှုဟာ ပြင်သစ်အစိုးရ၏ နိုင်ငံရေး ရှုပ်ထွေးမှုနှင့် ပတ်သက်တယ်ဆိုတာရော ဟုတ်ပါသလား။

အင်္ဂလိပ်မြို့စားကတော် လေဒီဟော်ဘူရီ ထိုလေယာဉ်နှင့် ပါလာတယ်ဆို။ ဒီမိန်းမက သူများတွေပြောသလို အလွန်ချောမော လှပတယ်ဆိုတာ ဟုတ်ရဲ့လား။ လူသတ်မှုကို မည်သူ ကျူးလွန်သည်ဟု ဂျိန်းက ထင်ပါသလဲ"

"အစိုးရအနေနဲ့ အကြောင်းရှိလို့ လူသတ်မှုကို ဖုံးဖိထားတယ်ဆိုတာရော တကယ်ပဲလား"

ဤသို့လျှင် ဧည့်သည်အမျိုးသမီးက မေးခွန်းတွေမေးသည်တို့ ဂျိန်းသည် ကြိုးစား၍ ဖြေရရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးသာမက နောက်ထပ် ဆံပင်အလှပြင်ရန် ရောက်လာသူ အမျိုးသမီးကလည်း သူတို့၏ဆံပင်ကို ဂျိန်းကိုယ်တိုင် ပြုပြင်ပေးစေချင်သည်ဟုဆိုသဖြင့် ဂျိန်းမှာ အလုပ်မအားနိုင်အောင် ဖြစ်နေတော့သည်။

ဆိုင်သို့လာသူ အမျိုးသမီးများအနေဖြင့် လူသတ်မှုဖြစ်သည့် လေယာဉ်နှင့်ပါလာသူ မိန်းကလေးနှင့် စကားပြောချင်ကြသဖြင့် ဂျိန်းအဖို့ လက်မလည်နိုင်အောင် ဖြစ်နေလေသည်။

ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ ဂျိန်းသည် အလုပ်ပင်ပန်းလှသဖြင့် စိတ်ပျက်လာမိလေသည်။ လာသမျှ ဧည့်သည်အမျိုးသမီးတွေက လေယာဉ်ပေါ်မှ လူသတ်မှုအကြောင်းကိုချည်း မေးကြသဖြင့် ထပ်တလဲလဲ ပြန်ပြောရသည်မှာ အလွန်ပင်ပန်း စိတ်မောဖွယ် ကောင်းလှသည်။

စိတ်ပျက်ပျက်နှင့် ဘာလုပ်ရပါမည်နည်းဟု စဉ်းစားရာမှာ အကြံတစ်ခုရလာသဖြင့် ဂျိန်းသည် ဆိုင်ရှင်အန်တိုနီထံသို့သွားပြီး သူမ၏လစာ တိုးပေးရန် ရဲရဲဝံ့ဝံ့ပင် တောင်းဆိုလေသည်။

"အမယ်... မင်းက လစာတိုးတောင်းရအောင် မင်းကိုယ်မင်း ဘာများ အောက်မေ့နေသလဲ။ မင်းဟာ လူသတ်မှုတစ်ခုနဲ့ ပတ်သက်လာတဲ့မိန်းကလေး ဖြစ်တယ်။ ငါက သနားလို့ မင်းကို အလုပ်ဆက်ပေးထားတာကွ။ နားလည်လား။ တခြားဆိုင်ရှင်ဆိုရင် မင်းကို ချက်ချင်းအလုပ်က ထုတ်ပစ်မှာ သေချာတယ်"

ဆိုင်ရှင်က ခပ်ထန်ထန်ပြောရာ ဂျိန်းကလည်း ငြိမ်မခံဘဲ ခပ်တည်တည် ပြန်ပြောလေသည်။

"ဒါက အဓိပ္ပာယ်မရှိပါဘူး။ အခု ဒီဆိုင်မှာ လူတွေ အဆက်မပြတ် လာလို့ အလုပ်ဖြစ်နေတာဟာ ကျွန်မကြောင့်ဆိုတာ ရှင်လည်း သိပါတယ်။ ဒီက ထွက်သွားတာနဲ့ ကျွန်မကို တခြားဆံပင်အလှပြင်ဆိုင်တွေက ချက်ချင်း ခေါ်သွားမှာပဲ"

"မင်း တခြားဆိုင်ပြောင်းသွားတာကို လူတွေက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

"ပဏာမစစ်ဆေးတုန်းက ကျွန်မဟာ သတင်းထောက်တွေနဲ့ တွေ့ဆုံစကားပြောခဲ့ရလို့ သူတို့က ကျွန်မကို ကူညီတဲ့အနေနဲ့ သတင်းစာထဲ ထည့်ပေးမှာပေါ့"

ဂျိန်းပြောလိုက်သည့်အတိုင်း ဟုတ်မှန်နိုင်သဖြင့် ဆိုင်ရှင်သည် မတတ်သာဘဲ လစာတိုးပေးရန် သဘောတူလိုက်ရတော့သည်။



ဂျိန်း၏အောင်မြင်မှုကို လုပ်ဖော်ကိုင်ဖက် ဂလဲဒစ္စက ချီးကျူးလေသည်။

"ဝမ်းသာပါတယ်ကွယ်။ ဆိုင်ရှင်လူကြီးက အလွန်အပေါက်ဆိုးတယ်။ အခုတော့ ညည်းက သူ့ကို အနိုင်ယူလိုက်တဲ့အတွက် ချီးကျူးပါတယ်"

"ကျွန်မကလည်း အခွင့်အရေး ရသင့်တာဆိုရင် မရရအောင်ယူဖို့ အဆင်သင့်ရှိပါတယ်။ ကျွန်မရဲ့ ဘဝတစ်လျှောက်လုံးမှာလည်း အခွင့်အရေးကို တိုက်ယူခဲ့ရတာချည်းပါပဲ"

ဂျိန်းက ပြန်ပြောလိုက်သည်။

နောက်ပိုင်းတွင်လည်း ဂျိန်းသည် နေ့စဉ်နှင့်အမျှ ဆံပင်အလှပြင်ရန် လာသူ အမျိုးသမီးအား လေယာဉ်ပေါ်မှ လူသတ်မှုအကြောင်းကို ထပ်လဲလဲ ပြောပြရလေသည်။

ထိုအတောအတွင်း ဂျိန်းသည် လေယာဉ်ပေါ်၌ သိကျွမ်းခဲ့သူ နော်မန်ဂေး(လ်)အမည်ရှိလူငယ်နှင့် ကြိုတင်ကတိထားခဲ့ကြသည့်အတိုင်း တစ်နေ့တွင် ချိန်းတွေ့ကာ ညစာအတူစားကြပြီး ပြဇာတ်တစ်ခု သွားကြည့်ကြလေသည်။

ညစာစားရင်း စကားပြောကြရာမှ လူချင်းပို၍ ရင်းနှီးလာကြသည်။

တစ်ယောက်နှင့်တစ်ယောက် မိမိတို့ ကြိုက်နှစ်သက်သည့်အရာ၊ သဘောမကျသည့် အရာများကိုလည်း ပြောပြဆွေးနွေးကြရာမှ သူတို့နှစ်ဦးသည် အကြိုက်ချင်း အတော်ပင်တူညီကြကြောင်း သိရှိကြရလေသည်။ နောက်ပိုင်းတွင် သူတို့နှစ်ဦး စာရေး၍လည်း ဆက်သွယ်ကြလေသည်။

တစ်နေ့တွင် ဂျိန်းသည် ဆံပင်အလှပြင်ဆိုင်၌ လက်ကိုင်အိတ်ဖွင့်ရင်း အတွင်းမှ စာတစ်စောင် ထွက်ကျသွားသည်။

စာက နော်မန်ဂေး(လ်)ထံမှ ဖြစ်သည်။

ထိုစာကို ဂလဲဒစ္စက ချက်ချင်းမြင်ပြီး မေးခွန်းထုတ်လေတော့သည်။

"ဟေ့ ဂျိန်း... မင်းရဲ့အဆက်က ဘယ်သူများလဲကွယ့်"

"ဘာတွေလျှောက်ပြောနေတာလဲ"

ဂျိန်းက ရုတ်တရက် ရှက်သွေးဖြာလျက် ပြန်ပြောလိုက်သည်။

"ငါ့ကို ညာမနေပါနဲ့ ဂျိန်းရယ်။ ဒီစာကို ညည်းအမေရဲ့ အဘိုးဆီက စာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်။ ကဲ... ပြောစမ်းပါ။ သူက ဘယ်သူလဲ"

"ဩော်... ကျွန်မ ပြင်သစ်ပြည်၊ လီပီနေအရပ်မှာ တွေ့ဆုံခဲ့တဲ့ လူတစ်ယောက်ပါ။ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ဖြစ်ပါတယ်"

"အလို... သွားဘက်ဆရာဝန်လား။ ဒါဖြင့် သူ့သွားတွေက ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



မြူဖွေးလှပပြီး ပြုံးလိုက်ရင် ကြည့်ကောင်းမှာပဲနော်"

"ဟုတ်ပါတယ်။ ပြီးတော့ သူ့မျက်နှာက အသားနည်းနည်းညို မျက်လုံးက အပြာရောင်ဖြစ်တယ်"

"မျက်နှာ အသားညိုတာက အလွယ်လေးပါကွာ။ ပင်လယ်ကမ်း ဘက်သွားပြီး နေပူခံလိုက်ရင် အသားညိုလာတာပဲ။ ဒါမှမဟုတ် အသား အောင်လိမ်းတဲ့ ဆေးရည်တစ်မျိုးလိမ်းရင်လည်း ရပါတယ်။ ဒါပေမဲ့ ညည်း ကြုံကြုံဖန်ဖန် သွားဘက်ဆရာဝန်ကိုမှ သဘောကျရတယ်ရယ်လို့"

"အို... ဂလဲဒစ္စကလည်း"

"ဘာလဲ။ ညည်းက ဝေဖန်ပေးတာကို မခံနိုင်ဘူးပေါ့လေ"

ဂလဲဒစ္စက ပြောနေစဉ် သူမအား မစ္စတာဟင်နရီဆိုသူက လှမ်း သွားသဖြင့် စကားဖြတ်ပြီး ထွက်သွားရလေသည်။

နော်မန်ဂေး(လ်)ထံမှစာမှာ ဂျိန်းအား လာမည့်စနေနေ့ ညစာအတူ စားကြရန် ချိန်းသောစာ ဖြစ်လေသည်။

စနေနေ့ နေ့လယ်ဘက်တွင် ဂျိန်းသည် ရက်သတ္တတစ်ပတ်အတွက် လစာငွေ (တိုးမြှင့်ပေးသောနှုန်းဖြင့်)ရသောအခါ အလွန်အားတက် ပျော်ရွှင် နေလေသည်။

လက်ထဲတွင် ငွေရွှင်နေသဖြင့် ထိုနေ့ နေ့လယ်စာကိုလည်း စား သောက်ဆိုင်ကြီးတစ်ဆိုင်သို့ ဝင်စားလေသည်။

ဂျိန်းသည် ဆိုင်သို့ရောက်၍ စားပွဲတစ်ခုတွင်ဝင်ထိုင်ရာ ထိုစား သောက်ပွဲ၌ အသက်ကြီးကြီး အမျိုးသမီးတစ်ဦးနှင့် လူငယ်တစ်ဦးတို့က ထိုင်ပြီး စားသောက်နေကြလေသည်။

အမျိုးသမီးကြီး စားသောက်ပြီးသွားသဖြင့် ကျသင့်ငွေကို ရှင်းပေး၍ ထထွက်သွားရာ လူငယ်သာလျှင် ကျန်ရစ်လေသည်။

ဂျိန်းသည် သူ၏ဝါသနာအတိုင်း စားသောက်နေစဉ် စာအုပ် တစ် အုပ်ကို ဖတ်နေရာ စားပွဲတွင်ရှိနေသူ လူငယ်က သူမအား စိုက်ကြည့်နေသည် ကို သတိပြုမိလေသည်။

ထိုလူငယ်၏မျက်နှာကိုလည်း မြင်ဖူးသလိုရှိသည်ဟု ထင်မိလေ သည်။

ဂျိန်းက ဤသို့တွေးတောနေစဉ်မှာပင် လူငယ်က ဦးညွှတ်လျက်...

"ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား"ဟု မေးလိုက်သည်။

ဂျိန်းလည်း ထိုလူငယ်အား သေချာစွာ အကဲခတ်ကြည့်နေမိရာ...



"ကျွန်တော်နဲ့ ခင်ဗျားကို ဘယ်သူကမှ တရားဝင် မိတ်ဆက်မပေးခဲ့ ပေမဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ လူသတ်မှု ပဏာမစစ်ဆေးတဲ့ရုံးမှာ သက်သေအဖြစ် ထွက်ဆိုခဲ့ကြတယ်လေ"ဟု လူငယ်က ဆက်ပြောလိုက်သည်။

ဒီတော့မှ ဂျိန်းလည်း မှတ်မိသလို ရှိလာလေသည်။

"သြော်... ဟုတ်ပါရဲ့။ ကျွန်မက မေ့နေလိုပါ။ ရှင့်ကို မြင်ဖူးသလို ရှိတယ်လို့ စောစောတည်းကတော့ ထင်မိတယ်။ ရှင်က..."

"ကျွန်တော်က မစ္စတာဒူပွန်ရဲ့သား ဂျွန်ဒူပွန် ဖြစ်ပါတယ်"

လူငယ်ကပြောလိုက်လျှင် ဂျိန်းသည် သေချာစွာ မှတ်မိလေသည်။

(မှတ်ချက်။ ။ ထိုလူငယ်မှာ လူသတ်မှုဖြစ်ပွားသော လေယာဉ်နှင့် လိုက်ပါလာသူ ပြင်သစ်လူမျိုး ရှေးဟောင်းသုတေသနပညာရှင် သားအဖ အနက် သား ဂျွန်ပင် ဖြစ်သည်။)

ဂျိန်းသည် မိန်းမပျိုတို့ဘာဝအတိုင်း တစ်မျိုးတွေးမိလာရပြန်သည်။ လေယာဉ်ပေါ်၌ တွေ့ဆုံသိကျွမ်းခဲ့သူ နော်မန်ဂေး(လ်)က သူမအား ရင်းနှီးစွာ ဆက်ဆံလိုဟန်ဖြင့် ဆက်သွယ်လာခြင်းကို သာယာမိသည်နှင့်အမျှ ယခု တစ်ဖန် ပြင်သစ်လူငယ် ဂျွန်က စကားစတင်ပြောလာသောအခါ 'အင်း... သူလည်း ငါ့ကို သဘောကျနေပြီ ထင်ပါရဲ့'ဟုသော အတွေးမျိုး ဖြစ်လာလေ သည်။ သို့သော် ပြင်သစ်လူမျိုးများအား သတိထားပေါင်းသင့်သည်ဟု လူများ ပြောဆိုချက်ကိုလည်း သတိရမိလေသည်။

"ဒါဖြင့် ရှင်က အခုချိန်အထိ အင်္ဂလန်ပြည်မှာပဲ ရှိနေသေးတာကိုး"

ဂျိန်းက ဘာပြောရမှန်းမသိဖြစ်နေရာမှ စကားရှာ၍ ပြောလိုက် သည်။

"ဟုတ်ပါတယ်။ ကျွန်တော့်ဖခင်ကြီးက အီဒင်ဘရာမြို့မှာ ဟောပြော ပွဲတစ်ခု ဟောစရာရှိလို့ မိတ်ဆွေများနဲ့ ခဏနေကြပါတယ်။ ဒါပေမဲ့ နက်ဖြန် ဆိုရင် ကျွန်တော်တို့ ပြင်သစ်ပြည်ကို ပြန်ကြပါမယ်"

"သြော်... ဟုတ်လား"

"ဒါထက် ရဲတပ်ဖွဲ့က လူသတ်မှုနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ မဖမ်း သေးဘူးနော်"

"ဟုတ်ကဲ့၊ အခုချိန်အထိ သတင်းစာထဲမှာ ဘာမှမပါသေးဘူး။ ရဲတပ်ဖွဲ့အနေနဲ့ စုံစမ်းမရလို့ လက်လျှော့လိုက်ပြီလားမှ မသိတာ"

ဂျိန်းကပြောလိုက်လျှင် ဂျွန်ဒူပွန်က ခေါင်းခါလိုက်သည်။

"မဟုတ်ဘူးဗျ။ ရဲတပ်ဖွဲ့က ဘယ်တော့မှ လက်လျှော့မှာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဘယ်သူမှမသိအောင် ကျိတ်ပြီး ဆက်လက်ထောက်လှမ်းနေတာ ဖြစ်ရမယ်"

"ဒီလို မပြောစမ်းပါနဲ့ရှင်။ ကျွန်မ ရင်တွေတုန်လွန်းလို့ပါ"

"ဒါလည်း ဟုတ်တာပေါ့လေ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်အမြေအနေက ခင်ဗျားထက် ပိုဆိုးတယ်။ ဒီအမှုအကြောင်းကိုတောင် မစဉ်းစားချင်ဘူး"

"ဘယ်သူကသတ်တယ် ထင်သလဲဟင်။ ကျွန်မဖြင့် စဉ်းစားလို့ကို မရဘူး"

"တစ်ခုတော့ ရှိတယ်။ ခင်ဗျားလို ရုပ်ရည်ချောမောလှပတဲ့ မိန်းကလေးဆိုရင် တကယ်လို့ ဒီမိန်းမက ခင်ဗျားကို ကောင်းကောင်းမဆက်ဆံဘူးဆိုပါတော့၊ ခင်ဗျားက သူ့အပေါ် မနာလိုဝန်တို ဖြစ်လာတတ်တယ်။ အဲဒီအခါမျိုးမှာ ငါသူ့ကို သတ်လိုက်မှဖြစ်မယ်လို့ စိတ်ကူးရလာတတ်တယ်။ တစ်နည်းအားဖြင့် သတ်ရမှကျေနပ်မယ့်သဘောမျိုးဆိုပါတော့"

"ဟင်... ဟုတ်လား၊ တကယ်လားရှင်"

"ဒါတော့ ကျွန်တော်ကိုယ်တိုင် လက်တွေ့စမ်းမကြည့်ရသေးလို့ မပြောတတ်ဘူး။ ဟဲ... ဟဲ"

ဂျွန်ဒူပွန်က ရယ်စရာလုပ်၍ ပြောလိုက်ပြီးမှ...

"တကယ်တော့ မာဒမ်ဂီဆယ်(လ်)လို အလွန်အရုပ်ဆိုး အကျည်းတန်တဲ့ မိန်းမတစ်ယောက်ကို ဘယ်သူက သတ်ချင်မှာလဲ"

ဟု ဆက်ပြောလေသည်။

"ဒါကတော့ ရှုထောင့်တစ်ခုက အမြင်သာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမိန်းမဟာ တစ်ချိန်က ငယ်ငယ်ချောချောလှလှ မိန်းကလေးတစ်ယောက် ဖြစ်ချင်ဖြစ်ခဲ့မှာပေါ့"

"ကျွန်တော် သဘောပေါက်ပါတယ်၊ လောကမှာ အမျိုးသမီးတွေ အသက်ကြီးပြီး အိုလာရတာဟာ စဉ်းစားကြည့်ရင် ဝမ်းနည်းစရာပဲ"

ဂျွန်ဒူပွန်က လေးနက်စွာစဉ်းစားဟန်ဖြင့် ပြောလိုက်ပြန်သည်။

"ဒီမယ်... ရှင်က အမျိုးသမီးတွေအကြောင်းကို အထူးတလည် စဉ်းစားတတ်ပုံ ရပါကလားဟင်"

"ဒါက သဘာဝကျပါတယ်။ ခင်ဗျားအနေနဲ့ ထူးဆန်းသလိုဖြစ်နေတာက ခင်ဗျားဟာ အင်္ဂလိပ်လူမျိုး ဖြစ်လို့ပါပဲ။ အင်္ဂလိပ်အမျိုးသားဆိုတာ ဦးစားပေးစဉ်းစားတာက သူ့ရဲ့အလုပ်အကိုင်ဖြစ်တယ်။ ပြီးတော့ သူဝါသနာပါ



တဲ့ အားကစားကို စဉ်းစားတယ်။ သူ့ဇနီးကိုတော့ နောက်ဆုံးမှ စဉ်းစားတတ်တယ်။ ကျွန်တော် သာဓကတစ်ခု ပြောပြပါ့မယ်။ တစ်ခါက အင်္ဂလိပ်လူမျိုး ဇနီးမောင်နှံဟာ ဆီးရီးယားနိုင်ငံမှာ ရောက်နေတုန်း ဇနီးဖြစ်သူက နာမကျန်းဖြစ်တယ်။ ယောကျ်ားက အလုပ်ကိစ္စနဲ့ပတ်သက်ပြီး အီရတ်နိုင်ငံကို အရေးတကြီး သွားစရာရှိနေတယ်။ ဒီတော့ အဲဒီလူဟာ နေမကောင်းဖြစ်နေတဲ့ ဇနီးကို ပစ်ထားခဲ့ပြီး အီရတ်နိုင်ငံကို ထွက်သွားတယ်။ ဒါကို လင်မယားနှစ်ယောက်စလုံးက သဘာဝကျတယ်လို့ ယူဆတယ်။ သို့သော် ဆရာဝန်ကတော့ ဒီလူ့ကို အလွန်ရိုင်းစိုင်း ရက်စက်တယ်လို့ ယူဆတယ်။ တကယ်ဆိုရင် ဇနီးဖြစ်သူကိုသာ ဦးစားပေးသင့်တယ်လို့ ဆိုတယ်"

"ကျွန်မတော့ မပြောတတ်ဘူးရှင့်၊ လူတစ်ယောက်အဖို့ အလုပ်အကိုင်ကို ပထမဦးစားပေးသင့်တယ်လို့ ထင်တာပဲ"

"ဘယ်ဟုတ်မလဲဗျ၊ ခင်ဗျားကိုယ်တိုင်က ဒီလိုအမြင်မျိုးရှိနေတာကိုး၊ အလုပ်အကိုင်ဆိုတာ ငွေရဖို့လုပ်တာ မဟုတ်ပါလား၊ ပြီးတော့ အဲဒီငွေနဲ့ ဇနီးကို ပြုစုစောင့်ရှောက်ရတယ်။ ဘာပဲဖြစ်ဖြစ် ဇနီးကို ပထမဦးစားပေးတာမှ မှန်မြတ်တယ်"

ဂျွန်ဒူပွန်ကပြောလိုက်ရာ ဂျိန်းက ရယ်မောလိုက်တယ်။

"ကျွန်မအဖို့တော့ ပထမဦးစားပေး စဉ်းစားတာမျိုးကို မလိုချင်ပါဘူး၊ ယောကျ်ားတစ်ယောက်က ကျွန်မကို တာဝန်ဝတ္တရားတစ်ခု ဦးစားပေးဆက်ဆံတာမျိုးလည်း မလိုလားဘူးရှင့်"

"ခင်ဗျားလို မိန်းကလေးကိုတော့ ဘယ်သူကမှ တာဝန်ဝတ္တရား သက်သက်သဘော စဉ်းစားထား ဆက်ဆံမှာ မဟုတ်ပါဘူး"

ဂျွန်ဒူပွန်က စိတ်အားထက်သန်စွာဖြင့်ပြောလိုက်ရာ ဂျိန်းသည် ရှက်သယောင် ဖြစ်သွားလေသည်။ ဂျွန်ကပင် စကားဆက်ပြောလေသည်။

"ကျွန်တော်က အင်္ဂလန်ပြည်ကို အရင်က တစ်ကြိမ်သာ ရောက်ခဲ့ဖူးပါတယ်၊ တစ်နေ့က လူသတ်မှု ပဏ္ဍာမစစ်ဆေးစဉ်က ကျွန်တော့်အဖို့ အလွန်စိတ်ဝင်စားမိပါတယ်။ အထူးသဖြင့် ကျော့ရှင်းလှပတဲ့ မိန်းကလေး သုံးဦးကို လေ့လာရတာ စိတ်ဝင်စားစရာပါပဲ။ သူတို့သုံးဦးကလည်း တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး"

"ရှင်က ကျွန်မတို့ မိန်းကလေးတွေကို ဘယ်လိုသဘောရသလဲ"

ဂျိန်းက သိချင်သဖြင့် မေးကြည့်လိုက်သည်။

"ဟုတ်ကဲ့၊ လေဒီဟော်ဘူရီဆိုတဲ့ အမျိုးသမီးကတော့ ငွေကြေး သုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြန်းမယ့်ပုံစံမျိုး ရှိတယ်။ လောင်းကစား ဝါသနာပါပုံလည်း ရတယ်။ လောက မှာ အပျော်အပါးကို မက်မောတဲ့ အမျိုးသမီးနဲ့တူတယ်။ သူက ဒီလောက် စိတ်ဝင်စားဖို့ မကောင်းဘူး"

"ပင်နီရှာကားဆိုတဲ့ အမျိုးသမီးကရောရှင်"

"သူကတော့ အင်္ဂလိပ်လူမျိုး အလွန်ပီသတဲ့ အမျိုးသမီးတစ်ဦး ဖြစ် တယ်။ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်စားပြီး လမ်းလျှောက်တဲ့အခါ သူ့ ကိုယ်သူ ယုံကြည်မှုအပြည့်ရှိတဲ့ဟန်မျိုးနဲ့ လျှောက်တတ်တယ်။ ဒါပေမဲ့ သူက ဘဝင်မြင့်လို့ မဟုတ်ပါဘူး။ အင်္ဂလိပ်လူမျိုးပီသတဲ့သဘောသာ ဖြစ်ပါတယ်"

"နောက်ပြီး ကျွန်မကရော..."

ဂျိန်းက သူ့အကြောင်း ဝေဖန်သုံးသပ်ပုံကို သိလိုက်၍ မေးလိုက်ပြန် သည်။

"ခင်ဗျားကိုတော့ မြင်မြင်ချင်း ကျွန်တော့်စိတ်ထဲမှာ နောက်ထပ် တွေ့ဆုံချင်စိတ် ဖြစ်ပေါ်မိ တောင့်တမိတယ်။ အခုတော့ တကယ်ပဲ ခင်ဗျားက ကျွန်တော့်ရှေ့ရောက်နေတယ်။ ဒါဟာ နတ်တွေက ဖန်တီးတာလို့တောင် ထင် ရတယ်"

"ဒါထက် ရှင်က ရှေးဟောင်းသုတေသနပညာရှင်တစ်ဦး မဟုတ် လား။ ရှင်တို့အလုပ်က ရှေးဟောင်းပစ္စည်းတွေ တူးဖော်ရှာဖွေရမှာပဲနော်"

ဂျိန်းကမေးသဖြင့် ဂွန်ဒူပွန်သည် သူ၏အလုပ်အကြောင်းကို ရှင်း လင်းပြရာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည် ထင်မိလေသည်။

"အဲ... ဒါဖြင့် ရှင်က နိုင်ငံပေါင်းစုံ ရောက်ဖူးတာပေါ့နော်။ အတွေ့ အကြုံ ဗဟုသုတလည်း အလွန်များမှာပဲ"

ပြောရင်းနှင့် ဂျိန်းသည် တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်ပြီး စားပွဲ ထိုးအား လှမ်းခေါ်၍ ကျသင့်ငွေတောင်းခံလွှာ ဘီ(လ်)ကို တောင်းလိုက်သည်။

ဂွန်ဒူပွန်သည် မရဲတရဲဖြင့် ပြောပြန်သည်။

"ကျွန်တော်က မနက်ဖြန် ပြင်သစ်ပြည်ကို ပြန်ရပါတော့မယ်။ ဒါ ကြောင့် ဒီနေ့ည ကျွန်တော်နဲ့အတူ ညစာစားဖို့ ဖိတ်ချင်ပါတယ်"

"ဝမ်းနည်းပါတယ်ရှင်။ ကျွန်မက တခြားတစ်ယောက်နဲ့ ညစာစားဖို့ စီစဉ်ထားပြီးလို့ပါ"

"ဟုတ်လား၊ ကျွန်တော်လည်း အထူးဝမ်းနည်းပါတယ်။ ခင်ဗျားက နောက်မကြာခင် ပြင်သစ်ပြည်၊ ပဲရစ်မြို့ကို လာဦးမယ် မဟုတ်လား"

"ကျွန်မတော့ လာဖို့မမျှော်လင့်မိဘူးရှင့်"



"ကျွန်တော့်အဖို့လည်း နောက်ထပ် လန်ဒန်မြို့ကို ဘယ်တော့ရောက် ဦးမယ်ဆိုတာ မပြောနိုင်ဘူး။ ဝမ်းနည်းစရာပါပဲ"

ပြောရင်းနှင့် ဂွန်ဒူပွန်သည် ဂျိန်းအား လက်ဆွဲနှုတ်ဆက်ရာ ရုတ် ဘရက် လက်ပြန်မလွှတ်ဘဲ ဆက်ကိုင်ထားပြီး...

"ကျွန်တော်ကတော့ ခင်ဗျားနဲ့ နောက်ထပ်တွေ့ဆုံဖို့ အထူးပဲ မျှော် လင့်ပါတယ်"ဟု ပြောလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

သွားဘက်ဆိုင်ရာဆရာဝန် နော်မန်ဂေး(လ်)သည် စိတ်ထဲ မကျေမချမ်း ဖြစ်နေမိလေသည်။

သူ၏ဆေးကုခန်းသို့ လာရောက်ကုနေကျ လူအတော်များများသည် လာရန် ချိန်းထားသည့်ရက်ချိန်းတွင် မလာရောက်နိုင်ကြောင်း တယ်လီဖုန်းဆက်၍ အကြောင်းကြားကြသဖြင့် စိတ်ထဲမကျေမချမ်း ဖြစ်မိလေသည်။ သူ၏ဆေးခန်း၌ သူနာပြုဆရာမ လုပ်နေသော မစ္စရော့စ်ကလည်း လာနေကျလူနာအချို့က လာတော့မည်မဟုတ်ကြောင်း ပြောပြလေသည်။

နော်မန်ဂေး(လ်)သည် အဖြစ်မှန်ကို ချက်ချင်းရိပ်မိလေသည်။ သူသည် လူသတ်မှုဖြစ်ပွားသော လေယာဉ်၌ ခရီးသည်တစ်ဦးအဖြစ် ပါလာခဲ့ခြင်းနှင့် ပဏာမစစ်ဆေးသည့်ရုံးတွင် သက်သေထွက်ဆိုခဲ့ရခြင်းတို့ကို သူ၏လူနာများက သိပြီး သူ့အား လူသတ်သမား ဖြစ်ချင်ဖြစ်နေမည်ဟု ယူဆရာမှ ထိတ်လန့်ပြီး ဆေးကုခန်းသို့ မလာကြတော့ခြင်း ဖြစ်ပေသည်။

သေချာစွာ စဉ်းစားကြည့်လိုက်သောအခါ ဂျိန်းအမည်ရှိ မိန်းကလေးအဖို့ လူသတ်မှုဖြစ်သည့် လေယာဉ်ပေါ်၌ ပါလာခဲ့ခြင်းက အကျိုးရှိနေလေသည်။ ဆံပင်အလှပြင်ဆိုင်သို့လာရောက်သူ အမျိုးသမီးများက ဂျိန်းကို တွေ့ချင် မြင်ချင် စကားပြောချင်၍ လက်မလည်အောင် အလုပ်ဖြစ်နေသည်။ မိမိလို သွားဘက်ဆိုင် ဆရာဝန်အဖို့မှာမူ လူနာမှန်သမျှ မိမိအား ထိတ်လန့်ကာ ရှောင်ပြေးကြကုန်၏။ ဤအတိုင်းဆိုလျှင် သူ၏ရှေ့ရေးအတွက် စိုးရိမ်စရာပင် ဖြစ်နေတော့သည်။

နော်မန်ဂေး(လ်)သည် ဂျိန်းကိုလည်း သတိရနေမိရာမှ ကနေဒါနိုင်ငံ



သို့သွားပြီး အလုပ်လုပ်လျှင် တိုးတက်ကြီးပွားနိုင်သည်ဟု တွေးမိပြန်လေသည်။ ထို့ကြောင့် သူနာပြုဆရာမ မစ္စရော့စ်အား ပွင့်လင်းစွာပြောဆိုရန် ဆုံးဖြတ်လိုက်လေသည်။

"ဒီမယ်...မင်းလည်း တခြားမှာလုပ်ရင် ကောင်းလိမ့်မယ်။ အခု မင်းသိတဲ့အတိုင်း ငါ့ဆေးခန်းမှာ လာကုသမယ့်လူနာတွေ မရှိသလောက် ဖြစ်နေပြီ"

"သြော်... ရှင်ကလည်း ကျွန်မက ရှင့်ကို စွန့်ခွာထွက်ဖို့ မရည်ရွယ်ပါဘူး"

"ဟုတ်ပါတယ်၊ မင်းရဲ့စေတနာကို ငါသိပါတယ်။ ဒါပေမဲ့ ဒီလေယာဉ်ပေါ်က လူသတ်မှုမှာ တရားခံအစစ် မပေါ်ပေါက်သရွေ့ ငါ့ရဲ့အလုပ်ဟာ ထိခိုက်ပျက်စီးသွားမှာ သေချာတယ်"

"ဟုတ်ပါရဲ့နော်၊ ရဲတပ်ဖွဲ့ကလည်း ဘာလုပ်နေမှန်းမသိဘူး။ သူတို့ဟာ မကြိုးစားကြဘူးနဲ့ တူပါတယ်"

"ဒီလိုလည်း မဟုတ်ပါဘူး။ သူတို့က ကြိုးစားနေကြပါတယ်"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စရှင်းသွားအောင် လုပ်ဖို့တော့ ကောင်းတယ်"

"ဟုတ်တာပေါ့၊ ငါကိုယ်တိုင် တစ်ခုခု လုပ်မှပဲလို့တောင် စဉ်းစားမိတယ်။ ဘာလုပ်ရမှန်းသာ မသိတာ"

"ဟုတ်ကဲ့၊ ရှင်က အလွန်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် လုပ်ရင်ဖြစ်မှာပါ"

မစ္စရော့စ်က အားပါးတရ ပြောလိုက်သည်။

★ ★ ★

ထိုနေ့ညနေဘက်တွင် နော်မန်ဂေး(လ်)သည် ကြိုတင်ချိန်းထားသည့်အတိုင်း ဂျိန်းနှင့်အတူ ညစာစားလေသည်။ သူ၏ အမူအရာက စိတ်ကြည်လင်ပျော်ရွှင်နေပုံမရဘဲဖြစ်နေသည်ကို ဂျိန်းက ချက်ချင်းရိပ်မိလေသည်။

"ဒီမယ် ရှင်က ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ"

"တော်စမ်းပါ၊ ရှင့်ကိုကြည့်တာနဲ့ ရှင်ဟာ ပူပင်သောကဖြစ်နေတယ်ဆိုတာ သိသာတယ်"

"ပူပင်သောကဖြစ်တာ မဟုတ်ပါဘူး။ စိတ်တိုနေတာပါ၊ လောကကြီးဟာ မတရားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲရှင့်... လူနာတွေက ခါတိုင်းလို သဘောမထားကြတော့ဘူးလား"

"သူတို့က ငါ့ကို လူသတ်သမားဖြစ်နိုင်တယ်လို့ယူဆပြီး ငါ့ရဲ့ သွားအက်ဆိုင်ရာဆေးခန်းကို မလာကြတော့ဘူး"

"ဟုတ်လား... ဒါဖြင့် ဒီလူသတ်မှုကိစ္စကို တစ်နည်းနည်းနဲ့ ရှင်းအောင်လုပ်ဖို့ ကောင်းနေပြီ"

"ငါ့ရဲ့သူနာပြုဆရာမ မစ္စရော့စ်ကလည်း ဒီအတိုင်းပဲ ပြောတယ်။ ငါကိုယ်တိုင်ကလည်း အမှုနဲ့ပတ်သက်ပြီး တစ်ခုခုလုပ်ချင်တယ်။ ဝတ္ထုစာအုပ်ထဲမှာသာဆိုရင် ငါက အမှုပေါ်အောင် သဲလွန်စလိုက်ရှာမှာပဲ"

ဤတွင် ဂျိန်းက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် နော်မန်ဂေး(လ်)၏ လက်မောင်းကို ရုတ်တရက် ကိုင်လိုက်သည်။

"ဒီမယ်... ဟိုဘက်က နံရံနားမှာ မစ္စတာကလင်စီဆိုတဲ့ စာရေးဆရာတစ်ယောက်လည်း ထိုင်နေတယ်။ သူက ဒီဆိုင်က ထွက်သွားရင် ကျွန်မတို့က သူ့နောက်က အသာလိုက်ပြီး ခြေရာခံကြည့်ကြရင် ကောင်းမယ်"

"ဒါပေမဲ့ ဒီနေ့ည တို့က ရုပ်ရှင်ကြည့်ဖို့ အစီအစဉ်ရှိတယ်လေ"

"ရုပ်ရှင်ကြည့်ဖို့က အရေးမကြီးပါဘူးရှင့်။ ကျွန်မစိတ်ထဲမှာ ဒီလူ့နောက် လိုက်ကြည့်ရရင် အကြောင်းထူးလိမ့်မယ်လို့ ထင်မိတယ်။ တစ်ခါက ရှင်ကိုယ်တိုင်ကပဲ သူများနောက် ခြေရာခံလိုက်ကြည့်ချင်တယ်လို့ ပြောဖူးတယ် မဟုတ်လား။ ဟော... အခု ခြေရာခံလိုက်စရာလူ ရှိနေပြီလေ။ ဒါမျိုးဆိုတာ မပြောနိုင်ဘူးရှင့်။ အရေးကြီးတဲ့ သဲလွန်စ ရချင်ရလာနိုင်တယ်"

ဂျိန်းက စိတ်ပါတက်ကြွစွာဖြင့်ပြောရာ နော်မန်ဂေး(လ်)ကလည်း သဘောတူလိုက်ရလေသည်။

"ဟုတ်တယ်... မင်းပြောသလိုပဲ ဒါမျိုးဆိုတာ မပြောနိုင်ဘူး။ အခု သူ ညစာစားနေတာ ပြီးလုပြီလား။ ကြည့်စမ်းပါဦး။ ငါက လှည့်ကြည့်ရင် သိသာမှာစိုးလို့ပါ"

"သူစားနေတုန်းပါပဲ။ ကျွန်မတို့နဲ့အတူတူလောက် ပြီးလိမ့်မယ်။ ကျွန်မတို့ကသာ ခပ်မြန်မြန်စားကြရင် ကောင်းမယ်။ ဒါမှ သူစားပြီးလို့ ထွက်သွားချိန်မှာ ကျွန်မတို့က လိုက်ဖို့အဆင်သင့်ဖြစ်နေမယ်"

ဂျိန်းက အကြံပေးသည့်အတိုင်း လိုက်နာရန် ဆုံးဖြတ်လိုက်ကြပြီးနောက် မစ္စတာကလင်စီက စားသောက်ပြီး၍ ဆိုင်မှထွက်သွားချိန်တွင် သူတို့နှစ်ယောက်ကလည်း မသိမသာ နောက်မှလိုက်သွားကြသည်။



"တကယ်လို့ သူက တက္ကစီကားစီးသွားရင် ဘယ်လိုလုပ်ကြမလဲ"

ဂျိန်းက စိုးရိမ်၍ပြောလိုက်သော်လည်း မစ္စတာကလင်စီသည် တက္ကစီကား ဘာမှမစီးဘဲ ခြေလျင်လျှောက်သွားသည်ကို တွေ့ရလေသည်။

ဂျိန်းနှင့် နော်မန်ဂေး(လ်)တို့လည်း မလှမ်းမကမ်းမှ ခြေရာခံလိုက်သွားကြသည်။

မစ္စတာကလင်စီသည် လမ်းလျှောက်ရာတွင် တစ်ခါတစ်ရံ ခပ်သုတ်သုတ်လျှောက်ပြီး တစ်ခါတစ်ရံ ခပ်နှေးနှေးသွားလေရာ ဂျိန်းနှင့် နော်မန်ဂေး(လ)တို့ကလည်း ထိုအတိုင်းလျှောက်၍ လိုက်သွားကြလေသည်။ တစ်ကြိမ်တွင် မစ္စတာကလင်စီသည် လမ်းဖြတ်ကူးကာ ရပ်လိုက်ရာ နောက်မှ လိုက်သူနှစ်ဦးကလည်း ခေတ္တစောင့်နေရလေသည်။

ထူးဆန်းသည်ကား မစ္စတာကလင်စီသည် တောက်လျှောက် လက်ယာဘက်သို့ချည်း ချိုးကွေ့၍သွားရာ တစ်ခါတစ်ရံ သူလျှောက်သွားပြီးသည့် လမ်းကိုပင် တစ်ဖန်ပြန်လျှောက်မိခြင်း ဖြစ်သည်။

ဂျိန်းသည် စိတ်ဓာတ်တက်လာလေသည်။

"ရှင် သတိပြုမိတယ် မဟုတ်လား။ ဒီလူဟာ သူ့နောက်က ခြေရာခံလိုက်မှာစိုးလို့ အခုလို လျှောက်သွားနေတာ ဖြစ်ရမယ်။ နောက်က လိုက်သူရှိရင် ခြေရာခံလို့မရအောင် သွားနေပုံမျိုး ဖြစ်နေတယ်"

ဂျိန်းက သူ၏ထင်မြင်ချက်ကို ပြောလိုက်သည်။

"မင်းက ဒီလိုပဲ ထင်သလား"

"ဟုတ်တယ်ရှင့်၊ ဒါကြောင့်သာ သူဟာ အခုပတ်ချာလှည့်ပြီးလျှောက်နေတာပေါ့"

ဤသို့ပြောရင်း သူတို့သည် လမ်းထောင့်တစ်ခုကို ချိုးကွေ့လိုက်ရာ မစ္စတာကလင်စီနှင့် ဝင်တိုးမိတော့မလို ဖြစ်သွားသည်။ အကြောင်းမူကား မစ္စတာကလင်စီသည် တစ်နေရာတွင်ရပ်ပြီး အမဲသား၊ ဆိတ်သားရောင်းသော ဆိုင်တစ်ဆိုင်၏ရှေ့၌ ရပ်ကြည့်နေသောကြောင့်ပင်တည်း။

ထိုအချိန်တွင် ဆိုင်ပိတ်ထားသော်လည်း မစ္စတာကလင်စီသည် ဆိုင်၏အပေါ်ထပ် (ပထမထပ်)သို့ အာရုံစိုက်၍ ကြည့်နေလေသည်။

"ဟုတ်ပြီ၊ ကံကောင်းတာပဲ လိုချင်တဲ့အတိုင်း ဖြစ်နေတယ်"

ဤသို့ သူ့ကိုယ်သူပြောသလို ရေရွတ်လိုက်ပြီး မစ္စတာကလင်စီသည် မှတ်စုစာအုပ်ငယ်တစ်အုပ်တွင် တစ်စုံတစ်ခု ရေးမှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျေနပ်အားရဟန်ဖြင့် သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းရင်း သွက်လက်စွာ လျှောက်ထွက်သွားလေသည်။

သူသည် လန်ဒန်မြို့၏ ဘလွန်း(စ်)ဘယ်ရီအရပ်သို့ ဦးတည်လျှောက် သွားနေပြီဖြစ်သည်။ တစ်ခါတစ်ရံ သူသည် လှည့်ကြည့်တတ်ရာ သူ၏ ပါးစပ် လှုပ်နေသည်ကိုလည်း မြင်ရလေသည်။

ဂျိန်းက ယင်းအဖြစ်ကိုကြည့်ပြီး ကောက်ချက်ချပြန်သည်။

"ဧကန္တ ဒီလူဟာ အကြီးအကျယ် စိတ်ထိခိုက် လှုပ်ရှားနေတာ ဖြစ်ရ မယ်။ သူဟာ တစ်ယောက်တည်း သူ့ကိုယ်သူ စကားပြောနေတယ်။ ဒါကိုလည်း သူသိပုံမရဘူး"

မကြာမီ မီးပွိုင့်တစ်ခုအနီးသို့ရောက်၍ ကလင်စီက ရပ်နေစဉ် ဂျိန်း နှင့် နော်မန်ဂေး(လ်)တို့က အနီးသို့ ချဉ်းကပ်သွားလေသည်။

ထိုအချိန်၌ မစ္စတာကလင်စီသည် တကယ်ပင် တစ်ယောက်တည်း စကားပြောနေလေသည်။

"အမျိုးသမီးက ဘာကြောင့် မပြောရတာလဲ။ ဘာကြောင့်ပါလိမ့်။ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

ထိုစကားလုံးများကို ဂျိန်းတို့က ကြားလိုက်ရသည်။

မီးပွိုင့်မှ မီးစိမ်းသဖြင့် လမ်းဖြတ်ကူးသွားကြပြီး တစ်ဖက် ပလက် ဖောင်းသို့ရောက်လျှင် မစ္စတာကလင်စီက ပြောပြန်သည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ... အခုမှပဲ သိတော့တယ်။ သေချာပါတယ်။ ဒါ ကြောင့် ဒီအမျိုးသမီးကို အပြီးအပိုင် နှုတ်ပိတ်ပစ်လိုက်ရမယ်"

ဤတွင် ဂျိန်းက နော်မန်ဂေး(လ်)၏ လက်မောင်းကို ဖျစ်ညှစ်လိုက် သည်။ မစ္စတာကလင်စီသည် လျင်မြန်သွက်လက်စွာ ဆက်လျှောက်သွားပြန် သည်။ နောက်မှလိုက်လာသူနှစ်ဦးကိုလည်း လုံးဝဂရုမစိုက်ချေ။ ဂျိန်းနှင့် နော်မန်ဂေး(လ်)တို့လည်း နောက်မှ သုတ်ခြေတင်၍ လိုက်သွားကြသည်။

မစ္စတာကလင်စီသည် ဆက်လျှောက်သွားပြီး အိမ်တစ်အိမ်သို့ရောက် လျှင် ပိတ်ထားသောတံခါးကို သော့တစ်ချောင်းဖြင့်ဖွင့်၍ ဝင်သွားလေသည်။

ဂျိန်းနှင့် နော်မန်ဂေး(လ်)တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလေသည်။

နော်မန်ဂေး(လ်)က ထိုအိမ်၏နံပါတ်ကိုကြည့်ပြီး...

"ဟော့... ဒါက သူ့အိမ်ပဲကွ။ အမှတ် ၄၇၊ ကာဒင်တန်အရပ်ဖြစ်နေ တယ်။ ပဏာမ စစ်ဆေးတဲ့ရုံးမှာတုန်းက သူ့ရဲ့လိပ်စာကို ဒီအတိုင်းပေးခဲ့တာပဲ"



ဟုပြောလိုက်သည်။

ဂျိန်းကမူ စိတ်ပျက်အားလျှော့ပုံမရချေ။

"ဘာပဲဖြစ်ဖြစ်လေ ကျွန်မတို့အဖို့ မသိတာကို သိခဲ့ရတယ် မဟုတ် ဘူးလား။ သူ့စကားအရ မိန်းမတစ်ယောက်က ပြောသင့်တာကို ဖွင့်မပြောဘူး။ နောက် အမျိုးသမီးတစ်ဦးကို အပြီးအပိုင် နှုတ်ပိတ်ပစ်ရမယ်လို့ ဆိုတယ်။ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ စုံထောက်ဝတ္ထုတစ်ပုဒ်နဲ့ တူလိုက်တာ နော်"

ထိုအခိုက် သူတို့အနီး မှောင်ရိပ်ထဲမှ လူတစ်ယောက်၏ နှုတ်ဆက်သံ ကို ကြားလိုက်ရသဖြင့် အံ့အားသင့်စွာဖြင့် လှည့်ကြည့်လိုက်ရာ ထိုလူမှာ စုံထောက်ဟာကျူလီ ဖြစ်နေလေသည်။

"ဟဲလို ဂွတ်အီးဗင်းနင်း၊ မင်္ဂလာညပါဗျ။ ဘယ့်နှယ့်လဲ၊ နောက်က လိုက်ချောင်းဖို့အတွက် ဒီလိုညမျိုးက သိပ်ကောင်းတာပဲ မဟုတ်လား"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

နှစ်ယောက်စလုံး အလွန်အံ့အားသင့်နေကြရာမှ နော်မန်ဂေး(လ်)က ရှေးဦးစွာ စတင်စကားပြောနိုင်လေသည်။

"အလို... မစ္စတာဟာကြူလီကြီးပါလား။ ခင်ဗျားက လူသတ်မှုနဲ့ ပတ်သက်ပြီး ကိုယ့်ဂုဏ်သိက္ခာနဲ့ နာမည်ကို ပြန်ဆယ်ဖို့ ကြိုးစားနေတုန်းပဲလား ဗျ"

"အြော်... မောင်ရင်က ကျုပ်ပြောခဲ့တဲ့စကားကို မှတ်မိသေးတာကိုး။ ဒါထက် မောင်ရင်တို့က မစ္စတာကလင်စီကို မသက်သာဖြစ်နေကြတယ်လား"

စုံထောက်ဟာကြူလီ၏ စကားအဆုံးတွင် ဂျိန်းကဝင်၍...

"ရှင်ကိုယ်တိုင်လည်း ဒီလိုပဲ မသက်သာဘူး မဟုတ်လား။ ဒါကြောင့် သာ ရှင် အခု ဒီနေရာကို ရောက်နေတာပေါ့"ဟု ပြောလိုက်သည်။

စုံထောက်ဟာကြူလီသည် ဂျိန်းအား စိတ်ဝင်စားဟန်ဖြင့် လှမ်းကြည့် လိုက်သည်။

"ဒီမယ် မိန်းကလေး၊ မင်းအနေနဲ့ လူသတ်မှုအကြောင်း သေသေ ချာချာ စဉ်းစားမိရဲ့လား။ လူသတ်မှုကျူးလွန်ခြင်းကို သွေးအေးအေးနဲ့ စဉ်းစား ကြည့်ဖူးသလား"

"အရင်တုန်းကတော့ လုံးဝ မစဉ်းစားမိပါဘူးရှင်။ အခုတလောလေး ကျမှ စဉ်းစားမိပါတယ်"

စုံထောက်ဟာကြူလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ... မင်းက လူသတ်မှုအကြောင်း အခု စဉ်းစားမိတာဟာ ဘာကြောင့်လဲဆိုတော့ မင်းကိုယ်တိုင် လူသတ်မှုတစ်ခုဖြစ်ပွားတာကို မျက်မြင်



ဒ်ယ်တွေ့ ကြုံခဲ့ရလို့ဖြစ်တယ်။ ကျုပ်အဖို့တော့ လူသတ်မှုလို ရာဇဝတ်မှုခင်း တွေနဲ့ ကြုံတွေ့ခဲ့ရတာ နှစ်ပေါင်းများလှပြီ။ ဒါကြောင့် ကျုပ်နည်းကျုပ်ဟန်နဲ့ အရာရာကို သုံးသပ်ကြည့်တတ်တယ်။ ကိုင်း... တစ်ခုပြောစမ်းပါဦး။ လူသတ်မှု တစ်ခုကို ပေါ်ပေါက်အောင် ထောက်လှမ်းရာမှာ ဘာက အရေးကြီးဆုံးလဲ"

"လူသတ်သမားကို ရှာဖို့ပေါ့ရှင့်"

ဂျိန်းက ပြောလိုက်ပြီးနောက် နော်မန်ဂေး(လ်)ကမူ...

"တရားမျှတမှု၊ တရားသဖြင့် ဖြစ်လာရေးက အရေးကြီးပါတယ်"

ဟု ပြောလိုက်သည်။

စုံထောက်ဟာကြူလီက လက်မခံဟန်ဖြင့် ခေါင်းခါလိုက်သည်။

"လူသတ်သမားကိုရှာဖွေဖို့ထက် အရေးကြီးတာတွေ ရှိတယ်ကွယ့်။ နောက်ပြီး တရားမျှတမှုဆိုတာလည်း စကားလုံးက လှပသလောက် အဓိပ္ပာယ် အတိအကျဖွင့်ဆိုဖို့က ခက်တယ်။ ကျုပ်သဘောကတော့ လူသတ်မှုတစ်ခုမှာ အပြစ်မရှိသူတွေကို အပြစ်မရှိကြောင်း ခိုင်ခိုင်လုံလုံ ဖော်ထုတ်ရှင်းပေးဖို့က အရေးကြီးတယ်လို့ ထင်တယ်"

"ဒါတော့ ဟုတ်တာပေါ့ရှင်။ တကယ်လို့ အပြစ်မရှိတဲ့ လူတစ်ယောက်အနေနဲ့ မတရားစွပ်စွဲခံရမယ်ဆိုရင်..."

ဂျိန်း၏စကားမဆုံးမီ စုံထောက်ဟာကြူလီက ကြားဖြတ်၍...

"ဒါတင်မဟုတ်သေးဘူး။ တိုက်ရိုက်စွပ်စွဲတာမျိုး မဟုတ်ရင်တောင်မှ ဘယ်သူ့ကို အပြစ်ရှိသူကို မဖော်ထုတ်နိုင်ခြင်း၊ အမှုနဲ့ပတ်သက်နေတဲ့ တခြားလူ တွေအဖို့ တစ်နည်းနည်းနဲ့ ထိခိုက်နစ်နာတတ်တယ်"ဟု ပြောလိုက်သည်။

ဤတွင် နော်မန်ဂေး(လ်)က...

"ဒီစကား သိပ်မှန်တာပဲ"ဟုပြောလိုက်ရာ ဂျိန်းကလည်း...

"ဟုတ်တာပေါ့။ ကျွန်မတို့အသိဆုံးပဲ မဟုတ်ပါလား"

ဟုပြောလိုက်သည်။

စုံထောက်ဟာကြူလီသည် သူတို့နှစ်ဦးအား အကဲခတ်ကြည့်ပြီး သဘောပေါက်သွားဟန်တူလေသည်။

"အြော်... ဒါဖြင့် မင်းတို့ကိုယ်တိုင်က ဒီအချက်က မှန်ကန်ကြောင်း လက်တွေ့သိရှိခံစားနေရပြီဆိုပါတော့။ ကိုင်း... လုပ်စရာရှိသေးတယ်၊ မင်းနဲ့ ကျုပ်က ရည်ရွယ်ချက်ချင်း တူနေမှတော့ အတူတူပူးပေါင်းဆောင်ရွက်ကြ အောင်။ ကျုပ် အခုလာတာက မစ္စတာကလင်စီကို တွေ့ဆုံစကားပြောကြည့် ဖို့လာတာပဲ။ ဒီတော့ မိန်းကလေးက ကျုပ်ရဲ့ အတွင်းရေးမှူးအဖြစ် အတူလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင် ကောင်းမယ်။ ဟောဒီမယ် မှတ်စုစာအုပ်နဲ့ လက်ရေးတိုရေးမှတ်ဖို့ ခဲတံ"

"ကျွန်မက လက်ရေးတို မတတ်ဘူးရှင့်"

"ကိစ္စမရှိပါဘူး။ မင်းက ဉာဏ်ကောင်းပြီး အကင်းပါးပါတယ်။ ဟန်လုပ်ပြီး ရေးမှတ်ရုံပါပဲ။ နော်မန်ဂေး(လ်)ကတော့ မလိုက်ခဲ့ဘဲ နောက်တစ်နာရီလောက်ကြာမှ ပွန်ဆီနီယာဆိုင်မှာ ပြန်ဆုံကြမယ်"

ပြောပြောဆိုဆို ဟာကျူလီသည် အိမ်ရှေ့ရှိ လျှပ်စစ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

ဂျိန်းလည်း မတတ်သာပဲ မှတ်စုစာအုပ်ကိုကိုင်လျက် ကပ်လိုက်သွားရသည်။ နော်မန်ဂေး(လ်)ကလည်း နောက်တစ်နာရီကြာလျှင် ပြန်ဆုံကြရန် သဘောတူပြီး ထွက်သွားလေသည်။

လျှပ်စစ်ခေါင်းလောင်းကို နှိပ်လိုက်ပြီးနောက် မကြာမီ အိမ်တံခါးပွင့်လာပြီး အသက်ကြီးကြီး အမျိုးသမီးတစ်ဦး ထွက်လာရာ စုံထောက်ဟာကျူလီက...

"မစ္စတာကလင်စီနဲ့ ခဏတွေ့ချင်လို့ပါ"ဟု ပြောလိုက်သည်။

အမျိုးသမီးကြီးက အိမ်တွင်းသို့ဝင်ရန် ဖိတ်ခေါ်သဖြင့် စုံထောက်ဟာကျူလီနှင့် ဂျိန်းတို့ နှစ်ယောက်စလုံး ဝင်လိုက်ကြသည်။

"လူကြီးမင်းနာမည်က ဘယ်လိုခေါ်ပါသလဲ"

အမျိုးသမီးက မေးသဖြင့် စုံထောက်ဟာကျူလီက...

"မစ္စတာဟာကျူလီ ဖြစ်ပါတယ်"ဟု ပြောလိုက်သည်။

အမျိုးသမီးကြီးသည် အပေါ်ထပ် (ပထမထပ်)ရှိ အခန်းတစ်ခန်းသို့ ခေါ်သွားလေသည်။ ထိုအခန်းမှာ မစ္စတာကလင်စီ၏ အခန်းပင်ဖြစ်သည်။

စာရေးဆရာပီပီ မစ္စတာကလင်စီသည် သူ၏ အခန်းကို သပ်ရပ်သန့်ရှင်းစွာ မထားကြောင်း တွေ့ရလေသည်။ တစ်ခန်းလုံး ရှုပ်ပွနေပြီး စာရွက်စာတမ်းများ နေရာတကာတွင် ပြန့်ကြဲသည့်ပြင် ဘီယာပုလင်းလွတ်များ၊ ဖတ်လက်စ စာအုပ်များ၊ ပန်းကန်ခွက်ယောက်များ၊ ခဲတံ၊ ဖောင်တိန်များကိုလည်း နေရာအနှံ့အပြား၌ တွေ့ရလေသည်။

အခန်း၏အလယ်တွင် မစ္စတာကလင်စီသည် ကင်မရာတစ်လုံး ကိုင်၍ ကြည့်နေလေသည်။

သူသည် ဟာကျူလီတို့ကို မြင်လျှင် ကင်မရာကို ချထားပြီး ထ၍ နှုတ်ဆက်လေသည်။

"ဟဲလို... ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ်"



"ခင်ဗျားက ကျုပ်ကို မှတ်မိသားပဲကိုး။ ဟောဒါက ကျုပ်ရဲ့ အတွင်းရေးမှူး မစ္စဂျိန်း ဖြစ်ပါတယ်"

စုံထောက်ဟာကျူလီက မိတ်ဆက်ပေးလိုက်ရာ မစ္စတာကလင်စီသည် ဂျိန်းအား လက်ဆွဲနှုတ်ဆက်လေသည်။

"ကျွန်တော်က မှတ်မိပါတယ်"

"ခင်ဗျားနဲ့ ကျုပ်တို့က ပဲရစ်မြို့က လန်ဒန်ကိုအလာ လူသတ်မှုဖြစ်တဲ့ လေယာဉ်ပေါ် အတူတူ ပါလာကြတယ်လေဗျာ"

"ဪ... ဟုတ်တာပေါ့။ မစ္စဂျိန်းလည်းပါလာတယ် မဟုတ်လား။ သူ့ကို ခင်ဗျားရဲ့ အတွင်းရေးမှူးမှန်း ကျွန်တော် မသိခဲ့ဘူး။ သူက အလှပြင်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်တယ်လို့ ထင်မိတယ်"

ကလင်စီ စကားကြောင့် ဂျိန်းသည် အကြံရခက်သွားဟန်ဖြင့် စုံထောက်ဟာကျူလီအား လှမ်းကြည့်လိုက်သည်။

ဟာကျူလီကလည်း အကင်းပါးစွာဖြင့် ရှင်းပြလေသည်။

"ဂျိန်းဟာ ကျုပ်ရဲ့အတွင်းရေးမှူးပါပဲ။ ဒါပေမဲ့ တစ်ခါတလေ အားလပ်တဲ့အခါ အလှပြင်ဆိုင်မှာလည်း အချိန်ပိုင်း အလုပ်လုပ်ပါတယ်"

"ဟုတ်ကဲ့။ ဒါထက် ကျွန်တော်က ခင်ဗျားဟာ စုံထောက်တစ်ယောက်ဖြစ်တာ မေ့နေမိတယ်။ စုံထောက်ဆိုတာလည်း အစိုးရရဲ့ စကော့တလန်ယာဒ် စုံထောက်ဌာနက မဟုတ်ပဲ အလွတ်စုံထောက်တစ်ဦး မဟုတ်ပါလား။ ကဲ... ထိုင်ကြပါဦးလေ။ ကျွန်တော်ရဲ့ အခန်းကတော့ ဒီလိုပဲ ရှုပ်ပွနေပါတယ်။ ကုလားထိုင်တွေကလည်း မကောင်းလှဘူး။ အလွတ်စုံထောက်ဆိုတော့ စိတ်ဝင်စားစရာပါပဲ။ ဘီယာသောက်ပါဦးလားခင်ဗျာ"

"မသောက်ပါဘူး၊ ကျေးဇူးတင်ပါတယ်"

စုံထောက်ဟာကျူလီက ငြင်းလိုက်လျှင် မစ္စတာကလင်စီသည် ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်ပြီး စကားဆက်ပြောလေသည်။

"ခင်ဗျား အခု ဒီကိုလာတာ ကိစ္စတစ်ခုနဲ့လာတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ မာဒမ်ဂီဆယ်(လ်) အသတ်ခံရတဲ့ အမှုနဲ့ပတ်သက်ပြီး လာတာ မဟုတ်လား။ ကျွန်တော်ကိုယ်တိုင်လည်း ဒီလူသတ်မှုအကြောင်းကို စဉ်းစားသုံးသပ်ကြည့်မိပါတယ်။ ခင်ဗျားအနေနဲ့ ဘယ်လို သဘောရတယ်ဆိုတာ မပြောတတ်ဘူး။ ကျွန်တော်က အလွန်ဆန်းကြယ်တဲ့ အမှုပဲလို့ သုံးသပ်မိတယ်။ လေယာဉ်ပေါ်မှာ အဆိပ်လူးမြားကို လေမှုတ်ပိုက်နဲ့ မှုတ်ပြီး သတ်တယ်ဆိုတာကို ကျွန်တော်ကိုယ်ကိုင်က စိတ်ကူးယဉ် စုံထောက်ဝတ္ထုတွေထဲမှာ ရေးထားတာ

www.burmeseclassic.com



ဆင်ပြီး ရေးခဲ့ဖူးပါတယ်။ ဆန်းကြယ်သလောက် အံ့ဩတုန်လှုပ်ဖို့ ကောင်းပါ တယ်။ ဒါပေမဲ့ ကျွန်တော်အဖို့ ဒီအမှုကို သဘောကျသလို ဖြစ်မိတယ်ဆို တာလည်း ဝန်ခံရပါ့မယ်"

"ဩော်… ခင်ဗျားက စုံထောက်ဝတ္ထုရေးဆရာအနေနဲ့ ဒီလူသတ်မှု က သတ်ပုံသတ်နည်းကို သဘောကျမိတယ် ဆိုပါတော့"

"ဟုတ်ပါတယ်။ ခင်ဗျားကတော့ နားလည်မှုရှိပုံ ရပါတယ်။ သို့သော် လည်း ရဲအရာရှိတွေက ဒီလိုမဟုတ်ဘူး ခင်ဗျ။ ကျွန်တော့်ကိုပဲ သက်မကင်း ဖြစ်နေကြတယ်။ ကျွန်တော်က အမှုမှန်ပေါ်ပေါက်ရေးအတွက် စေတနာနဲ့ ကူညီဖို့ ကြိုးစားတာကို သူတို့က ကျွန်တော့်ကို မသင်္ကာ ဖြစ်ကြတယ်လေ"

"ဒါပေမဲ့ အခု ခင်ဗျားကိုကြည့်ရတာ ဒါနဲ့ပတ်သက်လို့ တယ်ပြီး စိတ်ထိခိုက်ပုံ မရဘူး"

စုံထောက်ဟာကျူလီက ပြုံး၍ ပြောလိုက်သည်။

"ဒါကတော့ ဒီလိုပါ။ ကျွန်တော့်မှာလည်း စိတ်ပြေလက်ပျောက်စရာ နည်းလမ်းတွေ ရှိပါတယ်"

"ခင်ဗျားရဲ့ ကိုယ်ပိုင်နည်းလမ်းတွေလား"

"ဟုတ်ပါတယ်။ အခုဆိုရင် ဒီအမှုနဲ့ ပတ်သက်တဲ့ လူတွေကို ကျွန် တော့်ရဲ့ ဝတ္ထုထဲမှာ ဇာတ်ကောင်တွေအဖြစ် ထည့်သုံးဖို့ စိတ်ကူးထားတယ် ခင်ဗျ။ ဟို ရဲမှူးကြီးဂျက်ကိုလည်း ထည့်သုံးမယ်။ ကျွန်တော့်ရဲ့ ဝတ္ထုထဲက စိတ်ကူးယဉ်ဇာတ်ကောင် အလွတ်စုံထောက် ရိုက်(စ)က ဒီရဲမှူးကြီးကို ကောင်း ကောင်း ပညာပြအောင် ဖန်တီးဖို့ စိတ်ကူးထားပါတယ်"

"ဒါတော့ ခင်ဗျားက စာရေးဆရာဖြစ်နေတော့ အခွင့်အရေးရှိ နေ တာကိုး။ စိတ်ထဲ မကျေမနပ်ဖြစ်နေတာကို စာနဲ့ရေးပြီး ရင်ဖွင့်လို့ရတယ်။ ခင်ဗျားမှာ ရန်သူရှိရင်လည်း တိုက်ခိုက်ဖို့ ကလောင်လက်နက် ရှိတယ်"

"ဘာပဲဖြစ်ဖြစ်ဗျာ။ ဒီလူသတ်မှုက ကျွန်တော့်အဖို့ အကျိုးရှိစေလိမ့် မယ်ထင်တယ်။ အခုဖြစ်ခဲ့တဲ့ လူသတ်မှုကို အခြေခံပြီး ကျွန်တော်က စိတ်ကူး ယဉ် မှုခင်းဝတ္ထုတစ်ပုဒ်အဖြစ် ရေးမယ်။ လေယာဉ်ပေါ် လိုက်ပါလာတဲ့ ခရီး သည် အားလုံးကိုလည်း ဝတ္ထုထဲက ဇာတ်ကောင်တွေအဖြစ် အသေးစိတ် သရုပ် ဖော် ရေးမယ်လို့ စိတ်ကူးတယ်။ ဒီစာအုပ်သာ အချိန်မီထွက်နိုင်ရင် သိပ်ပြီး ရောင်းရတွင်ကျယ်မှာပဲ"

"ဒီလိုရေးရင် ခရီးသည်တွေက ရှင့်ကို အသရေဖျက်မှုနဲ့ တရားစွဲမှာ မစိုးရိမ်ဘူးလား"



ဂျိန်းက ဝင်မေးလိုက်ရာ မစ္စတာကလင်စီက သူမဘက်သို့ လှည့်ပြီး ပြုံး ပြန်ဖြေလေသည်။

"ဒါအတွက် စိုးရိမ်စရာ မလိုပါဘူး။ ဝတ္ထုထဲမှာ ခရီးသည်တစ်ဦးဦးကို လူသတ်သမားအဖြစ် ရေးလိုက်မှသာ တရားစွဲချင်စွဲမှာပေါ့။ ဒါပေမဲ့ ကျုပ်ဝတ္ထု ထဲမှာ ဒီလိုမလုပ်ဘူး။ နောက်ဆုံးအခန်းကျမှသာ ဘယ်သူမှ မမျှော်လင့်တဲ့ နည်းနဲ့ လူသတ်မှုရဲ့ အဖြေကို ဖော်ထုတ်ပြမယ်"

"ဘယ်ပုံဘယ်နည်း အဖြေမှန်ကို ဖော်ပြမှာလဲဗျ"

စုံထောက်ဟာကျူလီက မေးလိုက်သည်။

"အလွန်ထူးခြားဆန်းကြယ်တဲ့ နည်းနဲ့ ရှင်းပြပါမယ်။ ဝတ္ထုထဲမှာ လူသတ်တရားခံက မိန်းကလေးတစ်ယောက် ဖြစ်တယ်။ သူက လေယာဉ်မှူး တစ်ယောက်လို ရုပ်ဖျက်ပြီး ပဲရစ်မြို့ လေဆိပ်မှာ ဘယ်သူမှမသိအောင် လေယာဉ်ပေါ် ကြိုတင်တက်ပြီး မာဒမ်ဂျီဆယ်(လ်)ထိုင်မယ့် ထိုင်ခုံအောက်မှာ ဝင်ပုန်းနေလိုက်တယ်။ ဒီမိန်းကလေးက နောက်ဆုံးပေါ် ဓာတ်ငွေ့တစ်မျိုး အသင့်ယူလာတယ်။ လေယာဉ်ထွက်သွားပြီးချိန်မှာ အဲဒီဓာတ်ငွေ့ကို ဖွင့်လွှတ် လိုက်တော့ လူတွေအားလုံး သုံးမိနစ်လောက် သတိမေ့သွားကြတယ်။ ဒီ အချိန်မှာ မိန်းကလေးက အဆိပ်လူးမြားကို လေမှုတ်ပိုက်နဲ့ မာဒမ်ဂျီဆယ်(လ်) ကို ပစ်လွှတ်ပြီး သတ်လိုက်တယ်။ ပြီးတော့ သူက လေယာဉ်တံခါးဖွင့်ပြီး လေထီးနဲ့ ခုန်ဆင်းသွားတယ်"

ကလင်စီ၏ စကားအဆုံးတွင် စုံထောက်ဟာကျူလီနှင့် ဂျိန်းတို့သည် အံ့အားသင့်စွာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိကြသည်။

ဂျိန်းကမူ မကျေနပ်ဟန်ဖြင့်…

"ဓာတ်ငွေ့ လွှတ်လိုက်တော့ ဒီမိန်းကလေး ကိုယ်တိုင်လည်း သတိမေ့ မသွားဘူးလား"ဟု မေးလိုက်သည်။

"သူမှာ ဓာတ်ငွေ့ကာကွယ်တဲ့ မျက်နှာဖုံး အသင့်ပါလာတယ်"

မစ္စတာကလင်စီက ပြန်ဖြေလိုက်သည်။

"ပြီးတော့ လေထီးနဲ့ ခုန်ဆင်းတယ်ဆိုတာက အင်္ဂလိပ်ရေလက်ကြား ပင်လယ်ထဲကို ဆင်းတာလားရှင့်"

"ပင်လယ်ထဲ ဖြစ်ချင်ဖြစ်မှာပေါ့။ ကျုပ်စိတ်ကူးတာက ပြင်သစ်နိုင်ငံ ရဲ့ ကမ်းခြေတစ်နေရာမှာ ဆင်းဖို့ ဖန်တီးလိုက်မယ်"

"နောက်တစ်ချက်က လေယာဉ်ထိုင်ခုံအောက်မှာ လူတစ်ယောက်ပုန်း နေဖို့က မဖြစ်နိုင်ဘူး။ ပုန်းစရာနေရာမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျုပ်ဝတ္ထုထဲက လေယာဉ်မှာက ပုန်းစရာနေရာ ရှိနေရမယ်"

ကလင်စီက ပြောလိုက်ပြီးနောက် စုံထောက်ဟာကျူလီက...

"သတ်ရတဲ့ ရည်ရွယ်ချက်ကကော ဘယ်လိုလဲ"

ဟု မေးလိုက်သည်။

"အဲဒါတော့ မစဉ်းစားရသေးဘူးဗျ။ ဖြစ်နိုင်တာတစ်ခုက မာဒမ်ဂီဆယ်(လ်)ဟာ မိန်းကလေးရဲ့ချစ်သူကို ဖျက်ဆီးလိုက်ပြီး အဲဒီချစ်သူက သူ့ကိုယ်သူ သတ်သေသွားတာမျိုး ဖန်တီးရရင်လည်း ရတာပါပဲ။ ဒါကြောင့် မိန်းကလေးက မာဒမ်ဂီဆယ်(လ်)ကို စိတ်နာပြီး ကလဲ့စားချေတဲ့အနေနဲ့ သတ်လိုက်တယ်ဆိုပါတော့"

"ကောင်းပြီ... ဒီမိန်းကလေးက အဆိပ်ကို ဘယ်လိုလုပ်ပြီး ရတာလဲ"

"အဲဒါကမှ တကယ်ပညာသားပါတဲ့ အချက်ပဲ။ ဝတ္ထုထဲ မိန်းကလေးဟာ မြွေသတ္တဝါတွေကိုင်တွယ်ရာမှာ ကျွမ်းကျင်တဲ့ မြွေလမှာယ်သမားတစ်ဦး ဖြစ်တယ်။ ဒါကြောင့် သူကိုယ်တိုင် မြွေတစ်ကောင်ရဲ့ အဆိပ်ကို ထုတ်ယူတယ်"

"ခင်ဗျား ဇာတ်လမ်းက စိတ်ကူးယဉ်လွန်းရာ ကျမနေဘူးလား"

စုံထောက်ဟာကျူလီက ပြောလိုက်ရာ မစ္စတာကလင်စီက ခေါင်းခါပြလေသည်။

"အဆိပ်လူးမြှား လက်နက်သုံးတဲ့ တိုင်းရင်းသားလူမျိုးစုအကြောင်း ရေးတယ်ဆိုရင် စိတ်ကူးယဉ်လွန်းရာ မကျပါဘူး။ ပြီးတော့ စုံထောက်ဝတ္ထုဆိုရင် ဇာတ်လမ်းမှာ စိတ်ကူးယဉ်ဆန်ဆန် ထူးခြားဆန်းကြယ်တာမျိုးရေးမှ ကောင်းမယ်မဟုတ်ပါလား"

"ဒီမယ်... မစ္စတာကလင်စီ၊ ခင်ဗျားက စိတ်ကူးဉာဏ်ကောင်းသူတစ်ဦးဖြစ်ပါတယ်။ အခု ခင်ဗျားကို ရဲအရာရှိတွေက မသင်္ကာဖြစ်နေတယ်။ ခင်ဗျားရဲ့ အကြံဉာဏ် ထင်မြင်ချက်ကိုလည်း မတောင်းဘူး။ ဒါပေမဲ့ ကျုပ်ကတော့ ခင်ဗျားနဲ့ တိုင်ပင်ဆွေးနွေးချင်တယ်"

"ဒီလိုဆိုရင် ဝမ်းသာပါတယ်"

"နောက်ပြီး ခင်ဗျားဟာ ရာဇဝတ်မှုခင်းကြောင်းကို လေ့လာခဲ့သူလည်း ဖြစ်တယ်။ ခင်ဗျားရဲ့ ထင်မြင်ယူဆချက်တွေက တန်ဖိုးရှိနိုင်တယ်။ ဒါကြောင့် ကျုပ်က ခင်ဗျားကို မေးချင်ပါတယ်။ လေယာဉ်ပေါ်က လူသတ်မှုကို ဘယ်သူ ကျူးလွန်တယ်လို့ ထင်ပါသလဲ"

"အဲဒါက တော်တော်ခက်သားဗျ၊ ဝတ္ထုရေးတဲ့ အခါမှာဆိုရင်



လူသတ်သမားအဖြစ် ကိုယ်လုပ်ချင်တဲ့လူကို လုပ်နိုင်တယ်။ တကယ့်လက်တွေ့ ဘဝကျတော့ ဒီလိုလုပ်လို့ မရဘူး။ မှန်တာပြောရရင် ကျုပ်က တကယ့် စုံထောက်ကောင်းတစ်ယောက် မဖြစ်နိုင်ပါဘူး"

"ဒါဖြင့် ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်ပူးပေါင်း တိုင်ပင်ဆွေးနွေးကြည့်ကြရအောင်"

"ကောင်းသားပဲ"

"ကိုင်း... ခင်ဗျားစိတ်ထဲ ထင်တာကိုသာ ပြောစမ်းပါ။ လူသတ်မှုတရားခံက ဘယ်သူလို့ထင်သလဲ"

"ပြင်သစ်လူမျိုး နှစ်ဦးထဲက တစ်ဦးလို့ ထင်မိတယ်"

"ဘာကြောင့်ထင်တာလဲ"

"ပထမအချက်က အသတ်ခံရသူအမျိုးသမီးက ပြင်သစ်လူမျိုး ဖြစ်တယ်။ နောက်ပြီး ပြင်သစ်လူမျိုးနှစ်ဦး ထိုင်တဲ့နေရာက ဒီအမျိုးသမီးနဲ့ မျက်နှာချင်းဆိုင်ဘက်မှာ သိပ်မဝေးလှဘူး။ ဒါပေမဲ့ ကျုပ်က ထင်တာသာ ပြောတာပါ။ အကယ်တော့ မသိပါဘူး"

"ဒီအမှုက ဘာကြောင့် သတ်ရတယ်ဆိုတဲ့ ရည်ရွယ်ချက်အပေါ် မူတည်တယ်"

"ခင်ဗျားကတော့ ဘာမဆို သိပ္ပံနည်းကျကျ သုံးသပ်တယ် မဟုတ်လား"

"အမှန်တော့ ကျုပ်က ဒါမျိုးမှာ ခေတ်မဆန်ဘဲ ရှေးရိုးနည်းကို လိုက်ဘတ်တဲ့ ဝါသနာရှိတယ်။ အခုဆိုရင် ဒီအမျိုးသမီး သေဆုံးသွားတာကြောင့် ဘယ်သူ့အတွက် အကျိုးအမြတ်ရှိသလဲဆိုတာ ကျုပ်စဉ်းစားကြည့်မိတယ်"

"အဲဒီနည်းက ဒီအမှုမှာတော့ သိပ်ပြီး မလွယ်လှဘူးဗျ။ ကျုပ်ကြားသိရသလောက် ဒီမိန်းမမှာ သမီးတစ်ယောက် ရှိတယ်လို့ဆိုတယ်။ ဒါပေမဲ့ လူသတ်မှုကြောင့် လေယာဉ်ပေါ်ပါလာတဲ့ လူအတော်များများ အတွက်လည်း အကျိုးရှိနိုင်တာပဲ။ တကယ်လို့ သူတို့က ဒီမိန်းမဆီက ငွေချေးယူထားတယ်ဆိုရင် အခုတော့ အဲဒီငွေကို ပြန်ပေးဆပ်ဖို့ မလိုတော့ဘူး မဟုတ်ပါလား"

"ဒါလည်း ကျုပ်က နောက်တစ်မျိုး စဉ်းစားမိပြန်တယ်။ တကယ်လို့ မာဒမ်ဂီဆယ်(လ်)ဟာ ခရီးသည်တစ်ဦးတည်းရဲ့ လျှို့ဝှက်ချက် (ဥပမာ - လူသတ်မှု ကျူးလွန်ဖို့ ကြံလာတာမျိုးလို) သိနေရင်ဆိုပါတော့၊ အဲဒါကြောင့် နှုတ်ပိတ်တဲ့အနေနဲ့ သတ်လိုက်တာများလား"

စုံထောက်ဟာကျူလီက ဤသို့ပြောလိုက်လျှင် မ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားပုံ ရလေသည်။

"လူသတ်မှုကျူးလွန်ဖို့ ကြံစည်တယ်ဆိုတာက ဘယ်လိုလဲဗျ။ ခင်ဗျားပြောပုံက အဆန်းပဲ"

"ဘာပဲဖြစ်ဖြစ်လေ။ အဘက်ဘက်က စဉ်းစားကြည့်ရတယ်"

"စဉ်းစားရုံနဲ့ မရဘူးဗျ။ တိတိကျကျသိမှ ဖြစ်မယ်"

"ဒါထက် ခင်ဗျားယူလာတဲ့ လေမှုတ်ပိုက်နဲ့ ပတ်သက်လို့..."

စုံထောက်ဟာကြူလီက ပြောနေစဉ် မစ္စတာကလင်စီက ကြားဖြတ်လျက်...

"တော်စမ်းပါဗျာ၊ ကျုပ်က ဒီလေမှုတ်ပိုက်အကြောင်း ထုတ်ပြောမိတာ မှားတာပဲ။ မပြောဘဲနေရင် အကောင်းသား" ဟု ပြောလိုက်သည်။

"အဲဒီ လေမှုတ်ပိုက်ကို ခင်ဗျားက ဆိုင်တစ်ဆိုင်က ဝယ်ယူခဲ့တယ်လို့ ပြောခဲ့တယ်။ ဆိုင်နာမည်ကို မှတ်မိပါသလား"

"ချားရင်းခရော့စ်လမ်းက ဆိုင်တစ်ဆိုင်ပဲ။ အာဆိုလွန်ဆိုတဲ့ ဆိုင်လား၊ မိချန်စမစ်ဆိုလား ဆိုတာတော့ မမှတ်မိဘူး။ ဒါကိုလည်း ကျုပ်က ရဲမှူးကြီးကို ပြောပြပြီးပါပြီ။ သူကလည်း အခုလောက်ဆိုရင် အဲဒီဆိုင်တွေကို သွားစုံစမ်းပြီးရောပေါ့"

"မဟုတ်ဘူးလေ။ ကျုပ်က အဓိပ္ပာယ်တစ်မျိုးနဲ့ မေးတာပါ။ ကျုပ်ကိုယ်တိုင် အလားတူ လေမှုတ်ပိုက်တစ်ခု ဝယ်ပြီး စမ်းသပ်ကြည့်ချင်လို့ပါ"

"ဪ... ဒီလိုလား။ ဒါပေမဲ့ တစ်ထေရာတည်းတူတဲ့ လေမှုတ်ပိုက်မျိုး ရှိချင်မှရှိမယ်၊ ဒီပစ္စည်းမျိုးက အရှယ်အစားဆင်တူ များများရှိတာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ်လေ။ ကျုပ်က ကြိုးစားကြည့်မှာပဲ။ ကိုင်း... ဆိုင်နှစ်ဆိုင်ရဲ့ နာမည်ကို မှတ်ထားလိုက်ပါ"

ဟာကြူလီက ဂျိန်းဘက်သို့ လှည့်ပြောလိုက်သည်၊

ဂျိန်းလည်း ခပ်တည်တည်နှင့် မှတ်စုစာအုပ်တွင် လက်ရေးတိုရေးနည်းပုံမျိုး တစ်ကြောင်းနှစ်ကြောင်း ရေးခြစ်လိုက်လေသည်။

စာအုပ်၏ ကျောဘက်တွင်ကား ကလင်စီပြောသည့် ဆိုင်နှစ်ဆိုင်၏ အမည်ကို ရေးမှတ်ထားလိုက်သည်။

စုံထောက်ဟာကြူလီသည် ထပြန်ရန် ပြင်ဆင်လေသည်။

"ကိုင်း... ပြန်ဦးမှပဲ။ ကျေးဇူးအထူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး။ ကျေးဇူးတင်ဖို့ မလိုပါဘူး။ ဒီနေ့ညအဖို့ ကျုပ်က



င်ဘ်ပျော်နေပါတယ်။ စုံထောက်ဝတ္ထုတိုတစ်ပုဒ်ရေးရင် တရားခံလူဆိုးရဲ့ နာမည်ပေးဖို့ စိတ်တိုင်းမကျရတာနဲ့ လမ်းလျှောက်ရင်း စဉ်းစားရာက အမဲသားရောင်းတဲ့ ဆိုင်တစ်ဆိုင်က နာမည်ကိုတွေ့လို့ သဘောကျမိပါတယ်၊ နာမည်က ပါဂစ်တာတဲ့။ အဲဒီနာမည်ကိုပဲ သုံးဖို့ ဆုံးဖြတ်လိုက်ရတယ်။ နောက်ငါးမိနစ်လောက်ကြာပြန်တော့ ဝတ္ထုဇာတ်လမ်းထဲက အချက်တစ်ကွက်ကို စဉ်းစားလို့ ရလာပြန်တယ်။ ဝတ္ထုထဲမှာ ကောင်မလေးက ဘာမှဖွင့်မပြောဘဲ နှုတ်ပိတ်နေတာကို ကောင်လေးက ပြောအောင်ကြိုးစားကြည့်ပေမဲ့ မရဘူး။ အဲဒါနဲ့ ပတ်သက်လို့ သဘာဝကျတဲ့ အချက်ကို စဉ်းစားလို့ရလာတယ်။ ဝတ္ထုဆိုပေမဲ့ သဘာဝကျမှ ကောင်းမယ်မဟုတ်ပါလား"

မစ္စတာကလင်စီက ပြုံး၍ပြောလိုက်ပြီးနောက် အနီးရှိ စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ဆွဲယူပြီး စုံထောက်ဟာကြူလီအား ပေးလိုက်သည်၊

"ဟောဒီ ကျုပ်ရဲ့ ဝတ္ထုစာအုပ်တစ်အုပ် လက်ဆောင်ပေးပါရစေ၊ လေဆိပ်မှာတုန်းက ကျုပ်ပြောခဲ့ဖူးတဲ့ ဝတ္ထုပါပဲ။ ဇာတ်လမ်းမှာ အဆိပ်လူးမြားအသုံးပြုပြီး ကျူးလွန်ပုံကို ရေးထားပါတယ်"

"ကျေးဇူးအထူးတင်ပါတယ်"

ဟာကြူလီက စာအုပ်ကို ယူရင်းပြောလိုက်စဉ် မစ္စတာကလင်စီသည် ဂျိန်း၏ မှတ်စုစာအုပ်ကို လှမ်းကြည့်ပြီး...

"ခင်ဗျား လက်ရေးတိုရေးနည်းက တစ်မျိုးပါလား"

ဟု ပြောလိုက်သည်။

ဂျိန်းသည် ရှက်ကိုးရှက်ကန်း ဖြစ်သွားလျက် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေစဉ် ဟာကြူလီက ဖြတ်ထိုးဉာဏ်သုံး၍ ဝင်ပြောလေသည်၊

"ကျုပ်ရဲ့အတွင်းရေးမှူး မစ္စဂျိန်းက အလွန်ခေတ်မီတယ်ဗျ။ အခုသူသုံးတဲ့ လက်ရေးတိုနည်းက ချက်နိုင်ငံက တီထွင်လိုက်တဲ့ နောက်ဆုံးပေါ်နည်းဖြစ်တယ်"

"ဪ... ဟုတ်လား။ ချက်နိုင်ငံဆိုတာလည်း စိတ်ဝင်စားဖို့ ကောင်းတဲ့ နိုင်ငံပါပဲ။ လူသုံးပစ္စည်းတွေထဲက ဖိနပ်တို့၊ မှန်တို့၊ လက်အိတ်တို့ အမျိုးစုံထွက်ပြီး အခုတစ်ခါ လက်ရေးတိုနည်းသစ် ထွင်လာပြန်တာ အံ့သြစရာပါပဲ"

ပြောရင်းနှင့် မစ္စတာကလင်စီသည် ဟာကြူလီနှင့် ဂျိန်းတို့အား လက်ဆွဲနှုတ်ဆက်လေသည်။ ဟာကြူလီနှင့် ဂျိန်းတို့လည်း နှုတ်ဆက်၍ ပြန်ထွက်ခဲ့ကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ထိုအိမ်မှ ပြန်ထွက်လာပြီးနောက် ဟာကြူလီနှင့် ဂျိန်းတို့သည် ကြိုတင်ချိန်းဆိုထားသည့် မွန်ဆီနီယာဆိုင်သို့ တက္ကစီတစ်စီးဖြင့် သွားကြလေသည်။

ထိုဆိုင်တွင် နော်မန်ဂေး(လ်)က ထိုင်စောင့်နေသည်ကို တွေ့ရသည်။

ဟာကြူလီက စားသောက်ဖွယ်ရာများ မှာယူလိုက်ပြီးနောက် နော်မန်ဂေး(လ)က...

"ဘယ့်နှယ့်လဲဗျ။ ဟိုအိမ်မှာ ဟန်ခဲ့ရဲ့လား"

ဟု မေးလိုက်သည်။

"မစ္စဂျိန်းကတော့ တကယ့်အတွင်းရေးမှူးတစ်ယောက်လိုပါပဲ"

ဟာကြူလီက ချီးကျူးပြောလိုက်သော်လည်း ဂျိန်းက...

"ကျွန်မ ဟန်ဆောင်တာ သိပ်မအောင်မြင်ဘူးရှင့်။ မစ္စတာကလင်စီက စာအုပ်စင်ကို ထအသွား၊ ကျွန်မ နောက်က ဖြတ်သွားတော့ လက်ရေးတိုစာအုပ်မှာ မဟုတ်တာ ရေးထားတာကို မြင်သွားတယ်။ ဒီလူက အရာရာကို ဝရုစိုက်ပြီး လေ့လာကြည့်တတ်ပုံရတယ်"ဟု ပြောလိုက်သည်။

စုံထောက်ဟာကြူလီကလည်း ခေါင်းညိတ်လိုက်သည်။

"အေးကွယ့်... ဒါတော့ ဟုတ်တယ်။ မစ္စတာကလင်စီက ဘာမဆို ဝရုစိုက် လေ့လာကြည့်တတ်ပုံရတယ်"

"ဩော်... ဒါထက်၊ ဟိုဆိုင်နှစ်ဆိုင်ရဲ့လိပ်စာကို တကယ်ပဲ လိုချင်လို့လားရှင့်"

ဂျိန်းကမေးလိုက်ရာ စုံထောက်ဟာကြူလီက...



"လိုလိုမည်မည်တော့ မှတ်ထားလိုက်ပါ။ အသုံးကျချင်လည်း ကျနိုင်ပါတယ်"ဟု ပြောလိုက်သည်။

"ဒါပေမဲ့ ရဲအရာရှိတွေက သွားပြီးစုံစမ်းနေရင်ရော"

"ကျုပ်က စုံစမ်းတဲ့အခါ ရဲအရာရှိတွေမေးတဲ့ မေးခွန်းမျိုး မေးမှာမဟုတ်ဘူး။ ရဲတွေအနေနဲ့ မေးချင်မှတောင် မေးမှာ။ သူတို့က လေယာဉ်ပေါ်တွေ့တဲ့ လေမှုတ်ပိုက်ကို ပဲရစ်မြို့မှာ အမေရိကန်လူမျိုးတစ်ဦးက ဝယ်သွားတယ်ဆိုတာ သိနေတယ်"

"ဟင်... အမေရိကန်လူမျိုးဟုတ်လား။ ဟိုနေ့က လေယာဉ်ပေါ်မှာ အမေရိကန်လူမျိုး ခရီးသည်တစ်ယောက်မှ မပါခဲ့ဘူးရှင့်"

ဂျိန်းက အံ့အားသင့်ဟန်ဖြင့် ပြောလိုက်ရာ စုံထောက်ဟာကြူလီက ပြုံးလိုက်သည်။

"မင်းပြောတာ မှန်တယ်။ ဒီအမှုမှာ အမေရိကန်လူမျိုး ပါဝင် ပတ်သက်လာတာ ပိုပြီးရှုပ်ထွေးဖို့ ဖြစ်လာတယ်"

"အဲဒီလေမှုတ်ပိုက်ကို ယောကျ်ားတစ်ယောက်က ဝယ်ယူသွားတာ မဟုတ်လား ခင်ဗျ"

နော်မန်ဂေး(လ်)က မေးလိုက်ရာ စုံထောက်ဟာကြူလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ယောကျ်ားတစ်ယောက်က ဝယ်သွားတယ်"

ဤတွင် ဂျိန်းက ဝင်ပြောပြန်သည်။

"လေမှုတ်ပိုက်ကိုဝယ်သူဟာ မစ္စတာကလင်စီတော့ မဖြစ်နိုင်ဘူး။ သူ့မှာက လေမှုတ်ပိုက်တစ်ခု ရှိနေပြီးသားမို့ နောက်ထပ်တစ်ခု ဝယ်စရာအကြောင်းမရှိဘူး"

ထိုစကားကို စုံထောက်ဟာကြူလီက လက်ခံသည့်အနေဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒီလိုပဲ စဉ်းစားသုံးသပ်ရမယ်။ ကောင်းတာက လူတိုင်းကို မသင်္ကာတဲ့စာရင်းမှာထည့်ပြီး မဖြစ်နိုင်ဘူးဆိုရင် အဲဒီလူကို စာရင်းထဲက ပယ်ဖျက်ပစ်လိုက်ရမယ်"

"ဒါဖြင့် မစ္စတာဟာကြူလီအနေနဲ့ စာရင်းထဲက ဘယ်[illegible] ပယ်ဖျက်ပြီးပါပြီလဲ"

"မင်းတို့ထင်သလောက် မရှိသေးဘူး ဆိုပါတော့။ အ[illegible] လူသတ်မှုတစ်ခုမှာ သတ်ရတဲ့ရည်ရွယ်ချက်ပဲ ဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နော်မန်ဂေး(လ်)က ဝင်ဖြေပြန်သည်။

"ကျွန်တော်က အစိုးရရဲ့ လျှို့ဝှက်ချက်တွေကို သိချင်လို့ မဟုတ်ပါဘူး။ သို့သော်လည်း သေသူအမျိုးသမီးရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ မှတ်တမ်းတွေ မရှိဘူးလားခင်ဗျ"

စုံထောက်ဟာကျူလီက ခေါင်းခါပြလိုက်သည်။

"မှတ်တမ်းတွေအားလုံး မီးရှို့ဖျက်ဆီးပစ်လိုက်ပြီ"

"ဒါဖြင့် ဝမ်းနည်းစရာပဲ"

"တစ်ခုတော့ရှိတယ်။ သေသူ မာဒမ်ဂီဆယ်(လ်)ဟာ ငွေတိုးချေးစားရင်း တစ်ဖက်က လူတွေကို ခြိမ်းခြောက်အကျပ်ကိုင်တာလည်း လုပ်ခဲ့တယ်။ ဒီတော့ ကျုပ်တို့ ဒီလိုစဉ်းစားကြည့်ကြရမယ်။ တကယ်လို့ မာဒမ်ဂီဆယ်(လ်)ဟာ လူတွေရဲ့ အတွင်းရေး လျှို့ဝှက်ချက်တွေ စုံစမ်းထောက်လှမ်းရင်း တစ်ယောက်ယောက်ရဲ့ ရာဇဝတ်မှုခင်းတစ်ခုအကြောင်း သိရှိခဲ့တယ် ဆိုပါတော့။ ဥပမာ လူတစ်ယောက်က လူသတ်မှုကျူးလွန်ဖို့ ကြံစည်ခဲ့တာမျိုး"

"ဒီလိုထင်စရာ အကြောင်းတစ်ခုခု ရှိလို့လားခင်ဗျ"

"ရှိတယ်၊ ဒီအမှုမှာ စာရွက်စာတမ်း အထောက်အထား နည်းနည်းပါးပါး ရှိတယ်" ဤသို့ပြောပြီးနောက် စုံထောက်ဟာကျူလီကပင်ဆက်၍...

"ကဲ... တခြားကိစ္စတွေအကြောင်း ပြောကြဦးစို့။ ဥပမာ လူသတ်မှုဖြစ်ပွားတာကြောင့် မင်းတို့ လူငယ်နှစ်ဦးရဲ့ဘဝကို ဘယ်လိုထိခိုက် ဂယက်ရိုက်လာသလဲဆိုတဲ့အကြောင်း ပြောကြရအောင်"

"ပြောရတာတော့ မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်မအဖို့တော့ လူသတ်မှုကြောင့် ကျွန်မရဲ့အလုပ်မှာ ပိုပြီးဟန်ကျလာတယ်ရှင့်"

ဤသို့အစချီကာ ဂျိန်းက ဆံပင်အလှပြင်ဆိုင်တွင် ဖောက်သည်များလာပြီး သူမ၏လစာလည်း တိုးလာရပုံကို ပြောပြလေသည်။

"မင်းအဖို့ လူသတ်မှုကြောင့် အခြေအနေ ပိုကောင်းလာတာမှန်တယ်။ ဒါပေမဲ့ အဲဒါက အခိုက်အတန့်သာ ဖြစ်လိမ့်မယ်။ ခဏလောက်ဖြစ်ပြီး နောက်ပိုင်းကျတော့ တစ်မျိုးဖြစ်လာနိုင်တယ်"

စုံထောက်ဟာကျူလီ၏ စကားအဆုံးတွင် နော်မန်ဂေး(လ်)က သူ၏ဆေးကုခန်းအလုပ် မည်သို့ထိခိုက်လာပုံကို ပြောပြလေသည်။

"အင်း ဒါမျိုးလည်း ဖြစ်တာပဲ"

"မစ္စတာဟာကျူလီ၊ ခင်ဗျား ကျွန်တော့်အနေနဲ့ ဒီမှာပဲ ဆက်အလုပ်လုပ်ဖို့ သင့်တယ် ထင်ပါသလား"



"မောင်ရင့်မှာ တခြားအစီအစဉ်များ ရှိသလား"

"ကျွန်တော်က ဒီမှာဆက်အလုပ်မလုပ်တော့ဘဲ ကနေဒါနိုင်ငံလို တခြားနေရာတစ်ခုခု ပြောင်းပြီးသွားလုပ်မလားလို့ စိတ်ကူးပါတယ်"

"ဒါတော့ ဝမ်းနည်းစရာပဲနော်"

ဂျိန်းက ဝင်ပြောလိုက်သဖြင့် နော်မန်ဂေး(လ်)သည် သူမအားလှမ်းကြည့်လိုက်သည်။

"ငါကလည်း ပြောင်းမသွားချင်ပါဘူး"

စုံထောက်ဟာကျူလီက အားပေးသည့်အနေဖြင့်...

"တကယ်လို့ ကျုပ်က မာဒမ်ဂီဆယ်(လ်)ကို သတ်သူတရားခံအစစ်ပေါ်လာအောင် စုံစမ်းထောက်လှမ်းနိုင်ခဲ့ရင် မောင်ရင်က ပြောင်းသွားဖို့ လိုမှာမဟုတ်ပါဘူး"ဟု ပြောလိုက်သည်။

ဂျိန်းသည် အားတက်လာပုံ ရလေသည်။

"မစ္စတာဟာကျူလီက လူသတ်တရားခံကို တကယ်ပဲ ဖော်ထုတ်နိုင်မယ် ထင်လို့လားရှင့်"

"ပြဿနာတစ်ခုကို စနစ်တကျ လေ့လာသုံးသပ်ကြည့်လိုက်ရင် အဖြေမှန်က ပေါ်ထွက်လာတာချည်းပါပဲ"

"အော်... ဒီလိုကိုး"

"ကျုပ်အနေနဲ့ အကူအညီရမယ်ဆိုရင် ဒီအမှုကို မြန်မြန်ပေါ်ပေါက်အောင် ထောက်လှမ်းနိုင်မယ်"

"ဘယ်လို အကူအညီမျိုးများလဲရှင့်"

"နော်မန်ဂေး(လ်)ရဲ့ အကူအညီလိုတယ်။ နောက်ပိုင်းကျရင် မိန်းကလေးရဲ့အကူအညီ လိုကောင်းလိုလိမ့်မယ်"

"ကျွန်တော်က ဘာလုပ်ပေးရမှာလဲခင်ဗျ"

နော်မန်ဂေး(လ်)က မေးလိုက်သည်။

"မောင်ရင်က သဘောကျမှာတော့ မဟုတ်ဘူး"

"ဘာများလဲခင်ဗျာ၊ ပြောမှာပြောစမ်းပါ"

"ကျုပ်က ခြိမ်းခြောက်အကျပ်ကိုင်ပြီး ငွေညှစ်မယ့်လူ တစ်ယောက် လိုတယ်"

"ဟင်... ခြိမ်းခြောက်ငွေညှစ်တဲ့လူလား"

နော်မန်ဂေး(လ်)က အလွန်အံ့ဩဟန်ဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ ခြိမ်းခြောက်အကျပ်ကိုင်ပြီး ငွေညှစ်မယ့်လူ လိုတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကို အကျပ်ကိုင် ခြိမ်းခြောက်ငွေညှစ်မှာလဲ။ ဘာကြောင့် လုပ်ရမှာလဲ"

"ဘာကြောင့်ဆိုတာက မောင်ရင်နဲ့ မဆိုင်ဘူး။ ကျုပ်ရဲ့အလုပ်သာ ဖြစ်တယ်။ ဘယ်သူ့ကိုဆိုတာတော့ ကျုပ်ပြောပြမယ်။ ကျုပ်ရဲ့ အကြံအစည် ကိုလည်း ပြောမယ်။ ပထမဆုံးအဆင့်က ကျုပ်က စာတစ်စောင်ရေးပေးမယ်။ မောင်ရင် အဲဒီစာကို ကူးယူပြီး လေဒီဟော်ဘူရီဆိုတဲ့ အမျိုးသမီးဆီကို ပို့လိုက် ရမယ်။ စာထဲမှာ မောင်ရင်က သူ့နဲ့ အရေးတကြီး တွေ့ဆုံဆွေးနွေးလိုကြောင်း ရေးထားမယ်။ ပြီးတော့ စာထဲမှာ မောင်ရင်ဟာ ပြင်သစ်ပြည်က အင်္ဂလန်ပြည် ကို လေယာဉ်နဲ့ ခရီးသွားခဲ့ဖူးတာရယ်၊ သေသူမာဒမ်ဂီဆယ်(လ်)ရဲ့ စီးပွားရေး လုပ်ငန်းတချို့ဟာ မောင်ရင့်လက်ဝယ် ရောက်ရှိလာပြီလို့လဲ ထည့်ရေးလိုက် မယ်"

"ပြီးတော့ရော"

"ဒီအမျိုးသမီးက မောင်ရင့်ကို လက်ခံတွေ့ဆုံလိမ့်မယ်။ တွေ့ဆုံတဲ့ အခါမှာ မောင်ရင်က ကျုပ်သင်ပေးတဲ့စကားတွေပြောပြီး သူ့ဆီက စတာလင် ငွေတစ်သောင်း တောင်းရမယ်"

"ဟာဗျာ... ခင်ဗျားကလဲ"

"ဟာဗျာတွေဘာတွေ လုပ်မနေနဲ့။ ကျုပ်က နားလည်လို့ လုပ်နေတာ ပါ"

"တကယ်လို့ လေဒီဟော်ဘူရီက ရဲကိုတိုင်လိုက်ရင်ရော ကျွန်တော်က ထောင်ကျမှာ သေချာတယ်"

"မစိုးရိမ်ပါနဲ့။ သူက ရဲကို လုံးဝတိုင်မှာ မဟုတ်ဘူး"

"ဘယ်ပြောလို့ ရမလဲဗျ"

"ကျုပ်က သိလို့ပြောတာပါ။ ဘယ်နည်းနဲ့မှ ရဲကိုတိုင်မှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ ဒီအကြံကို သဘောမကျဘူး"

"မောင်ရင်က စိတ်ထဲ လိပ်ပြာမလုံသလို ဖြစ်နေလို့လား။ မစိုးရိမ် ပါနဲ့။ စတာလင်ငွေ ပေါင်တစ်သောင်းကို မောင်ရင်ရမှာ မဟုတ်ပါဘူး"

"ဒါပေမဲ့ ဒီအကြံက ကျွန်တော့်ဘဝတစ်လျှောက်လုံး ထိခိုက်ပျက်စီး သွားနိုင်တယ်"

"ဒီအမျိုးသမီးက ရဲကို မတိုင်စေရပါဘူးဆိုတာ ကျုပ် အာမခံပါ တယ်"

"သူ့ယောက်ျားကို ပြောချင်ပြောမှာပေါ့"



"ယောက်ျားကိုလည်း မပြောပါဘူး"

"ကျွန်တော်တော့ သဘောမကျဘူးခင်ဗျ"

"အခုလောလောဆယ် မောင်ရင့်ဆေးခန်းကို လူနာတွေမလာတော့ဘဲ လုပ်ငန်းထိခိုက်နေတာကိုရော မောင်ရင်သဘောကျလို့လား"

"ဒါတော့ သဘောမကျဘူးပေါ့ဗျ။ သို့သော်လည်း..."

ဤတွင် စုံထောက်ဟာကျူလီက ပြုံးလိုက်သည်။

"မောင်ရင့်သဘောထားက ဘယ်လိုမှ ငဲ့ညှာထောက်ထားဖို့ ကောင်း တာမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် သူက လူသတ်သမားတော့ မဖြစ်နိုင်ဘူး"

"ဘာကြောင့် မဖြစ်နိုင်တာလဲ"

"ဘာကြောင့်လဲဆိုတော့ သူက တကယ်သတ်ခဲ့ရင် ကျွန်တော်တို့က မြင်မှာပေါ့။ ကျွန်တော်နဲ့ ဂျိန်းတို့က လေယာဉ်ပေါ်မှာ သူနဲ့မျက်နှာချင်းဆိုင် ထိုင်နေကြတာပဲ"

"မောင်ရင်က စဉ်းစားစရာမှာ အလွယ်တကူ ကောက်ချက်ချတတ် တာကိုး။ ကျုပ်ကတော့ ဒီကိစ္စကို အပြတ်ရှင်းချင်တယ်။ ဒါအတွက် ကျုပ်အနေ နဲ့ အမှန်ကိုသိဖို့ လိုတယ်"

"ကျွန်တော်ကတော့ အမျိုးသမီးတစ်ဦးကို ခြိမ်းခြောက်ငွေညှစ် တောင်းရမှာကို သဘောမကျဘူး"

"မောင်ရင်က တကယ်ငွေညှစ်တောင်းရမှာ မဟုတ်ဘူး။ မောင်ရင့်ကို ကူညီခိုင်းရတာဟာ ကျုပ်လိုချင်တဲ့အခြေအနေဖြစ်လာအောင် ဖန်တီးယူဖို့ ဖြစ် တယ်။ အဲဒီအချိန်ကျတော့ ကျုပ်ကိုယ်တိုင်ဝင်ပြီး ကြည့်လုပ်မယ်"

"တကယ်လို့ ခင်ဗျားရဲ့အကြံအစည်က ကျွန်တော် ထောင်ကျရင် ရော"

"ဘာမှ မစိုးရိမ်ပါနဲ့။ ကျုပ်ကို ဗြိတိသျှစုံထောက်အဖွဲ့ စကော့တလန် ယာ့ဒ်က ကောင်းကောင်းသိပါတယ်။ တစ်ခုခုဖြစ်လာတောင် ကျုပ်က တာဝန်ခံ ပါတယ်။ သို့သော်လည်း ကျုပ် ကြိုတင်ပြောသလို ဘာမှလည်း ဖြစ်မလာနိုင်ပါ ဘူး။ မကြောက်ပါနဲ့"

စုံထောက်ဟာကျူလီက ဖွတ်ပြောသဖြင့် နော်မန်ဒေး(လ်)သည် မတတ်သာ၍ သဘောတူလိုက်ရလေသည်။

"ကောင်းပြီလေ၊ ကျွန်တော် လုပ်ပါ့မယ်။ စိတ်ထဲကတော့ သဘော မကျဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ဒီလိုမှပေါ့၊ ကိုင်း... အခုကျုပ်ပြောတာကို မောင်ရင်က စာနဲ့လိုက်ရေးစမ်းပါ"

ဤသို့ပြောပြီး စုံထောက်ဟာကြူလီက ကျောင်းသားများ သတ်ပုံသင်ခန်းစာပေးသလို ခပ်ဖြည်းဖြည်းပြောလေရာ နော်မန်ဂေး(လ်)ကလည်း လိုက်ရေးလေသည်။

"ကောင်းပြီ၊ မောင်ရင်က ဘာစကားတွေ ပြောရမယ်ဆိုတာကို ကျုပ်က နောက်မှ ညွှန်ကြားချက်ပေးမယ်"

ထို့နောက် ဟာကြူလီသည် ဂျိန်းအား လှည့်စကားပြောပြန်သည်။

"မိန်းကလေးအနေနဲ့ ပြဇာတ်ပွဲတွေ ကြည့်တတ်သလား"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မက ပြဇာတ်တွေ မကြာခဏ ကြည့်လေ့ရှိပါတယ်"

"ဒါဖြင့် ဒေါင်းအန်ဒါဆိုတဲ့ ပြဇာတ်ကိုရော ကြည့်ဖူးသလား"

"ကြည့်ဖူးပါတယ်။ လွန်ခဲ့တဲ့တစ်လလောက်က ကြည့်ဖူးပါတယ်"

"ပြဇာတ်က အမေရိကန်ပြဇာတ် မဟုတ်ပါလား"

"ဟုတ်ပါတယ်"

"အဲဒီပြဇာတ်မှာ ဟယ်ရီဆိုတဲ့ဇာတ်ကောင်နေရာမှာ သရုပ်ဆောင်တဲ့ မစ္စတာဘာရာကလော့ဆိုသူကိုရော သတိပြုသလား"

"ဟုတ်ကဲ့၊ ဒီလူက သရုပ်ဆောင်တာ အလွန်ကောင်းပါတယ်"

"သူ့အင်္ဂါရုပ်ကလည်း ချောတယ်မဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

"ရုပ်က အမျိုးသမီးတွေသဘောကျတဲ့ ရုပ်မျိုးဆိုပါတော့"

"မှန်ပါတယ်ရှင့်"

ဂျိန်းက ပြုံး၍ပြန်ဖြေလိုက်သည်။

"သရုပ်ဆောင်တာလည်း အလွန်ကောင်းတယ်နော်"

"ဟုတ်ကဲ့ရှင့် သိပ်ကောင်းတယ်"

"ဟုတ်ပြီ၊ ကျုပ်က ဒီလူကို သွားတွေ့ရမယ်"

စုံထောက်ဟာကြူလီကပြောလိုက်ရာ ဂျိန်းသည် အံ့အားသင့်သွားမိလေသည်။ 'ဒီလူကြီး ဘာစိတ်ကူးများ ရလိမ့်ပါလိမ့်'ဟုလည်း တွေးနေမိသည်။

"ဘာလဲ၊ မိန်းကလေးက ကျုပ်ရဲ့ နည်းစနစ်တွေကို သဘောမကျဘူးလား"

"ရှင်က အကြောင်းအရာတစ်ခုပြောနေရင်းက ချက်ချင်းပဲ နောက်



တစ်မျိုးပြောင်းပြီး ပြောတတ်တာကိုး"

"မဟုတ်ပါဘူး။ ကျုပ်က စနစ်တကျနဲ့ အစဉ်အတိုင်း အလုပ်လုပ်တာပါ။ ဒီအမှုကို စဉ်းစားရာမှာ လုံးဝသံသယကင်းတဲ့လူတွေကို ဖယ်ထုတ်ပစ်ရမယ်"

"ဒါဖြင့် မစ္စတာကလင်စီကို မသင်္ကာတဲ့စာရင်းက ပယ်ဖျက်လိုက်ပြီလား"

"ဟုတ်တယ်ပဲ ဆိုပါတော့"

"ပြီးတော့၊ ကျွန်မနဲ့ နော်မန်ဂေး(လ်)တို့ကိုလည်း စာရင်းထဲက ပယ်ထုတ်ပစ်လိုက်ပြီ မဟုတ်လား။ အခုတစ်ခါ လေဒီဟော်ဘူရီကိုပါ မသင်္ကာတဲ့စာရင်းထဲက ပယ်ဖျက်မလို့ ထင်တယ်"

ပြောနေရင်း ဂျိန်းသည် တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့်...

"နေဦးရှင့်၊ စောစောက လူသတ်မှုကျူးလွန်ဖို့ ကြံစည်တာဆိုတာဟာ ရှင်က စမ်းသပ်တာများလား"

"မိန်းကလေးက တော်တော်အကင်းပါးတာပဲကိုး။ ဟုတ်တယ်။ ကျုပ်က စမ်းသပ်တဲ့သဘောနဲ့ လူသတ်မှုကျူးလွန်ရန် ကြံစည်ခြင်းဆိုတဲ့စကားကို သုံးလိုက်တယ်။ အဲဒီအချိန်မှာ ကျုပ်က မစ္စတာကလင်စီရဲ့ မျက်နှာကို အကဲခတ်ကြည့်လိုက်တယ်။ ဒါတင်မကဘူး မင်းနဲ့ နော်မန်ဂေး(လ်)တို့ကိုလည်း အကဲခတ်ကြည့်တယ်။ မင်းတို့ သုံးယောက်စလုံးဟာ စိတ်လှုပ်ရှားတာတို့၊ မျက်နှာပျက်သွားတာတို့ လုံးဝမရှိကြပါဘူး။ မာဒမ်ဂီဆယ်(လ်)ရဲ့ မှတ်စုစာအုပ်ထဲမှာ ရေးမှတ်ထားတာကို မင်းတို့ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး။ ဒါကြောင့် ကျုပ်က စမ်းသပ်ကြည့်တာကို ကျေနပ်မိတယ်"

"ဟင်... ဟုတ်လား၊ မစ္စတာဟာကြူလီက အလွန်ဉာဏ်များတာပဲ။ ကျွန်မနေနဲ့ ရှင်က ဘယ်သဘောကို ဘယ်ရည်ရွယ်ချက်နဲ့ပြောတယ်ဆိုတာ လုံးဝမရိပ်မိနိုင်ဘူး"

"ဒါတော့ ရှင်းပါတယ်။ ကျုပ်က သိချင်တာတွေကို သိအောင်လုပ်တာပါပဲ"

"ဒီလိုလုပ်ဖို့ ရှင့်မှာနည်းတွေ ရှိတယ်ဆိုပါတော့"

"တကယ်သိနိုင်ဖို့က တစ်နည်းပဲ ရှိတယ်"

"ဘယ်လိုနည်းများလဲရှင့်"

"လူတွေကိုယ်တိုင်က ပြောပြအောင်လုပ်တဲ့နည်း"

"လူတွေက မပြောချင်ဘူးဆိုရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်းဟာ ကိုယ့်အကြောင်းကို ပြောရမယ်ဆိုရင် ပြောချင်ကြတာချည်းပဲကွယ်"

"ဒါတော့ ဟုတ်ပါတယ်"

"ဒါကြောင့်လည်း ဆေးဆရာအတုအယောင် ရမ်းကုတွေက စီးပွားဖြစ်နေတာပေါ့။ ဆေးဆရာဆီလာတဲ့ လူနာတွေဆိုတာက သူတို့အကြောင်းကို ပြောချင်ကြတာချည်းပဲ။ ဘာရောဂါမှမရှိဘဲ တချို့လူတွေက သူတို့စိတ်ထဲမှာ ရောဂါရှိတယ်လို့ ထင်နေတတ်တယ်။ ဥပမာ ညဘက်အိပ်မပျော်ဘူးလို့လည်း ပြောတတ်ကြတယ်။ အဲဒါကို ဆေးဆရာက စိတ်ရှည်လက်ရှည် နားထောင်ပြီးမှ နှစ်သိမ့်အားပေးတဲ့ စကားပြောရင်း နေကောင်းသွားပါလိမ့်မယ်လို့ ပြောလွှတ်လိုက်တယ်။ သူ့အတွက် စမ်းသပ်ခဆိုပြီး စတာလင်ငွေ နှစ်ပေါင်ကို လွယ်လွယ်နဲ့ယူလိုက်တယ်။ လူနာကလည်း လူပြောချင်တာတွေပြောရလို့ ကျေနပ်ပြီးပြန်သွားတာပဲ"

"ဟုတ်ပါရဲ့၊ အဓိပ္ပာယ်မရှိဘူးနော်"

"အဓိပ္ပာယ်မရှိဘူးလို့လည်း မပြောနိုင်ဘူး။ လူတွေရဲ့သဘာဝကိုက မိမိအကြောင်းကို အလွန်ပြောချင်ကြတယ်။ မင်းကိုယ်တိုင်ကတောင် ငယ်ငယ်ကအကြောင်းတွေကို ပြောမပြချင်ဘူးလား။ မိဘတွေအကြောင်းလည်း ပြောချင်မှာပဲ"

"ကျွန်မအဖေက တစ်မျိုးဖြစ်တယ်ရှင့်။ ကျွန်မဟာ မိဘမဲ့ဂေဟာ တစ်ခုမှာ ကြီးပြင်းလာခဲ့ပါတယ်"

"ဪ… ဒီလိုလား"

"ဒါပေမဲ့ ကျွန်မရဲ့ငယ်စဉ်ဘဝဟာ ပျော်ရွှင်စရာကောင်းတယ်"

"အဲဒီမိဘမဲ့ဂေဟာက အင်္ဂလန်ပြည်မှာပဲလား"

"မဟုတ်ပါဘူး။ အိုင်ယာလန်ပြည်၊ ဒပ်ဗလင်မြို့နားမှာပါ"

"ဒါဖြင့် မင်းက အိုင်ယာလန် လူမျိုးအနွယ်ပေါ့။ ဒါကြောင့် ဆံပင်ရောင်က နက်ပြီး မျက်လုံးက အပြာရောင်နဲ့ မီးခိုးရောင်ဖြစ်နေတာနဲ့တူတယ်"

ဤတွင် နော်မန်ဂေး(လ်)ကဝင်၍…

"အိုင်ယာလန်လူမျိုးတွေရဲ့ မျက်လုံးက အလွန်လှပါတယ်"

ဟု ပြောလိုက်သည်။

ထိုမျှနှင့်ပင် စကားဖြတ်လိုက်ကြပြီးနောက် ထိုင်ရာမှထကာ ပြန်ရန် ပြင်ဆင်ကြလေသည်။

ဂျိန်းနှင့် နော်မန်ဂေး(လ်)တို့က အတူသွားပြီး စုံထောက်ဟာကျူလီက



...နှင့်အိမ်သို့ ကစ်သောက်တည်း ပြန်သွားလေသည်။

အိမ်ပြန်ရောက်သောအခါ ဟာကြူလီသည် စားပွဲအံဆွဲထဲမှ လူ...ငယ်တစ်ဦးအမည်များ ရေးထားသည့် စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။ ...စာရင်းထဲမှ လူလေးဦး၏အမည်များကို ခဲတံဖြင့် အမှန်အမှတ်သား ရေးမှတ်...ိုက်သည်။

ထို့နောက် သူကိုယ်သူပြောသလို အောက်ပါအတိုင်း ခပ်တိုးတိုး ...ရွတ်လိုက်သည်။

'ငါတော့ အမှန်ကိုသိရပြီလို့ ထင်တယ်။ ဒါပေမဲ့ သိရုံမဟုတ် သေသေချာချာ တစ်ထစ်ချသိရမှ ဖြစ်မယ်'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

လေယာဉ်မောင် မစ်ချယ်သည် သူ၏အိမ်သို့ မမျှော်လင့်သော ဧည့်သည်တစ်ဦး ရောက်လာသဖြင့် အံ့အားသင့်နေမိလေသည်။

ဧည့်သည်ကား လူသတ်မှုဖြစ်ပွားသော လေယာဉ်ပေါ်၌ ခရီးသည်တစ်ဦးအဖြစ်ပါလာသူ နှုတ်ခမ်းမွေးကားကားနှင့် လူကြီးပင် ဖြစ်လေသည်။

ထိုသူကား စုံထောက်ဟာကျူလီပင်တည်း။

လေယာဉ်မောင် မစ်ချယ်သည် ခရီးဦးကြို နှုတ်ဆက်ပြီး နေရာထိုင်ခင်းပေးသဖြင့် ဟာကျူလီသည် ထိုင်လိုက်ရင်း မစ်ချယ်၏ဇနီးကိုပါ ရည်မွန်စွာ နှုတ်ဆက်လေသည်။

ဇနီးဖြစ်သူမှာလည်း စုံထောက်ဟာကျူလီကိုကြည့်ပြီး အံ့ဩနေပုံရလေသည်။

ဟာကျူလီသည် သူလာရောက်ရခြင်းအကြောင်းကို စကားစပြောသည်။

"ဗြိတိသျှစုံထောက်အဖွဲ့ (စကော့တလန်ယာ့ဒ်)အနေနဲ့တော့ အခုအချိန်အထိ အမှုကို စုံစမ်းထောက်လှမ်းနေတာ တယ်ပြီး ခရီးမရောက်သေးဘူး"

"ဟုတ်ကဲ့၊ အမှုက အလွန်ဆန်းကြယ်နေတော့ သူတို့အနေနဲ့ စုံစမ်းထောက်လှမ်းဖို့လည်း မလွယ်လှပါဘူး။ လေယာဉ်ပေါ် ပါလာတဲ့ လူတွေအားလုံးက ဘာမှ မမြင်လိုက်ဘူးဆိုတော့ အမှုကို စုံစမ်းထောက်လှမ်းရာမှာ အလွန်ခက်နေမှာ အမှန်ပါပဲ"

မစ်ချယ်ကပြောလိုက်လျှင် စုံထောက်ဟာကျူလီကလည်း ခေါင်းညိတ်လိုက်သည်။



"ဒါတော့ ခင်ဗျားပြောတာ မှန်ပါတယ်"

ထိုအခိုက် မစ်ချယ်၏ဇနီးကဝင်၍...

"ကျွန်မယောက်ျားက ဒီကိစ္စနဲ့ပတ်သက်ပြီး အတော်ပဲ စိုးရိမ်သောကဖြစ်နေပါတယ်။ ညဘက်ဆိုရင်လည်း ကောင်းကောင်းအိပ်လို့ မပျော်ဘူးရှင့်"

ဟုပြောလိုက်သည်။

ဤတွင် မစ်ချယ်ကလည်း ရှင်းပြလေသည်။

"ကျွန်တော်က စိတ်ထဲမှာ အတော်ပဲ စိုးရိမ်သောက ဖြစ်မိပါတယ်။ လေကြောင်းကုမ္ပဏီက ကျွန်တော့်ကို အလုပ်ကထုတ်ပစ်လိုက်မယ်လို့တောင် ထင်ခဲ့မိပါတယ်။ ဒါပေမဲ့ ကုမ္ပဏီက ကျွန်တော့်အပေါ် အလွန်ကောင်းပါတယ်"

"ဒါတော့ ကုမ္ပဏီက ရှင့်ကို အပြစ်တင်လို့ ဘယ်ဖြစ်ပါ့မလဲ။ သူတို့အနေနဲ့ မတရားရာရောက်သွားမှာပေါ့"

ဇနီးဖြစ်သူက ဝင်ပြောလိုက်ပြန်သည်။

"လောကမှာ မတရားမှုတွေလည်း ဖြစ်တတ်တာပဲကွယ့်။ ဒါပေမဲ့ ကုမ္ပဏီက ငါ့အပေါ် ကောင်းပါတယ်။ ငါ့ကို အပြစ်လည်း မတင်ပါဘူး။ ငါ့စိတ်ထဲကသာ လိပ်ပြာမလုံသလို ဖြစ်နေမိတာပေါ့။ ဟိုနေ့က လေယာဉ်ပေါ်မှာ ငါက အကြီးတန်းလေယာဉ်မောင်ဖြစ်လို့ ငါ့မှာ တာဝန်ရှိနေတာ"

မစ်ချယ်က ဤသို့ ဇနီးကို ပြန်ပြောပြီးနောက် စုံထောက်ဟာကျူလီက...

"ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့။ ဖြစ်ပျက်ခဲ့တာနဲ့ပတ်သက်လို့ ခင်ဗျားမှာ ဘာအပြစ်မှ မရှိပါဘူး"

ဟုပြောလိုက်သည်။

"ကျွန်မကလည်း ဒီတိုင်းပဲ ပြောနေပါတယ်ရှင့်"

ဇနီးဖြစ်သူက ဝင်ပြောလိုက်သော်လည်း လေယာဉ်မောင် မစ်ချယ်က ခေါင်းခါလိုက်သည်။

"ကျွန်တော်က တာဝန်ရှိပါတယ်။ အမျိုးသမီး သေဆုံးနေတာကို ကျွန်တော် ခပ်စောစောကတည်းက သတိပြုမိဖို့ ကောင်းတယ်။ သူ အိပ်ပျော်နေတယ်ထင်ပြီး ကျွန်တော်က မနှိုးဘဲထားမိလို့ အချိန်ကြာသွားရတယ်"

မစ်ချယ်က စုံထောက်ဟာကျူလီဘက်သို့ လှည့်ပြောလိုက်သည်။

"ဒါက ဘယ်လိုမှ အကြောင်းမထူးပါဘူး။ တွေ့ပ်သီရှင်သော ... ဆိပ်သင့်ပြီး စက္ကန့်ပိုင်းအတွင်း သေဆုံးသွားတာပဲ"

စုံထောက်ဟာကျူလီက နှစ်သိမ့်အားပေးသလို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မစ်ချယ်၏ဇနီးကလည်း ဟာကြူလီအား လှမ်းပြောပြန်သည်။

"ခက်တာက သူဟာ လိပ်ပြာမလုံသလို အလွန်စိတ်သောက ဖြစ်နေပါတယ်။ ကျွန်မကတော့ သူ့အနေနဲ့ ဘာမှ သောကဖြစ်နေစရာမလိုဘူးလို့ ပြောပါတယ်။ နိုင်ငံခြားသားအချင်းချင်း တစ်ယောက်ကိုတစ်ယောက် သတ်တာကို ဘယ်သိနိုင်ပါ့မလဲ။ ပြီတိသျှလေယာဉ်ပေါ်မှာလာပြီး သတ်တာကတော့ အရုပ်ဆိုးလှပါတယ်"

လေယာဉ်မောင် မစ်ချယ်သည် စိတ်ခတ်ကျနေပုံရလေသည်။

"ကျွန်တော်တော့ အလွန်စိတ်မကောင်း ဖြစ်နေမိပါတယ်။ အလုပ်တာဝန်ကျလို့ သွားရတဲ့အချိန်မှာလည်း စိတ်ထဲက မသန့်သလို ဖြစ်ပါတယ်။ ပြီးတော့ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့က အရာရှိကလည်း လေယာဉ်ပေါ်မှာ ကျွန်တော်က ထူးခြားတာ ဘာမှသတိမပြုမိဘူးလားလို့ ထပ်တလဲလဲ မေးပါတယ်။ ကျွန်တော်ကပဲ ပြောပြစရာ တစ်စုံတစ်ခု မေ့နေသလို သဘော မျိုး ဖြစ်နေတာပေါ့။ တကယ်တော့ ဟိုနေ့က လေယာဉ်ခရီးတစ်လျှောက်မှာ ဘာမှ ထူးထူးခြားခြား မရှိခဲ့တာ အမှန်ပါပဲခင်ဗျ"

"လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြားကို သုံးတယ်ဆိုတာကတော့ ရိုင်းစိုင်းတဲ့ မိစ္ဆာတွေရဲ့ အပြုအမူပဲလို့ ကျွန်မက ပြောချင်တယ်ရှင့်"

မစ်ချယ်၏ဇနီးက ဝင်ပြောပြန်ရာ စုံထောက်ဟာကြူလီသည် သူမဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားပြောတာ မှန်ပါတယ်။ အလွန်ရိုင်းစိုင်းတဲ့လုပ်ရပ်ပါပဲ"

"ဟုတ်ကဲ့ရှင့်"

"မစ္စမစ်ချယ်က အင်္ဂလန်ပြည် ဘယ်အရပ်ဇာတိဆိုတာ ကျုပ် ခန့်မှန်းကြည့်လို့ရတယ်"

"ကျွန်မ ဒေါဆက်အရပ်ဇာတိ ဖြစ်ပါတယ်"

"ဪ... ဟုတ်လား၊ အလွန်သာယာလှပတဲ့ အရပ်ဒေသပါပဲ"

"မှန်ပါတယ်ရှင့်၊ ကျွန်မရဲ့ မိဘဘိုးဘွားတွေက ဒေါဆက်အရပ်မှာ အခြေစိုက်နေထိုင်ခဲ့တာ ကြာပါပြီ"

စုံထောက်ဟာကြူလီသည် ခေါင်းညိတ်လိုက်ပြီးနောက် လေယာဉ်မောင် မစ်ချယ်ဘက်သို့ လှည့်လိုက်ပြန်သည်။

"ခင်ဗျားကို ကျုပ်တစ်ခုမေးချင်တယ်"

"ကျွန်တော်သိသလောက် အားလုံးပြောပြပြီးနေပြီခင်ဗျ"

"ဟုတ်ပါတယ်၊ ကျုပ်မေးချင်တာက အသေးအဖွဲ ကိစ္စတစ်ခုပါ။



[illegible]သူ မာဒမ်ဂီဆယ်(လ်)ရဲ့ ထိုင်ခုံရှေ့က စားပွဲငယ်ပေါ်မှာ ပစ္စည်းတွေ ဖရိုဖရဲ [illegible]နေသလား"

လေယာဉ်မောင်မစ်ချယ်က ခေါင်းခါပြလေသည်။

"စားပွဲပေါ်မှာက အဲဒီလိုပစ္စည်းတွေ မရှိဘူးခင်ဗျ။ ကျွန်တော်တို့ စားသောက်ပြီးတာနဲ့ ချက်ချင်းသိမ်းပါတယ်။ ကော်ဖီပန်းကန်လောက်ပဲ ကျန်ခဲ့တယ်။ ကျွန်တော်တော့ ဘာမှ သတိမပြုမိပါဘူး။ တစ်ခုရှိတာက အဲဒီအချိန်က ကျွန်တော်ဟာ စိတ်တွေလှုပ်ရှားနေလို့ သတိမပြုမိတာလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ ရဲအရာရှိတွေကတော့ သိပါလိမ့်မယ်။ သူတို့က လေယာဉ်ပေါ်မှာ အသေးစိတ်ရှာဖွေစစ်ဆေးတာပဲ"

"ဟုတ်ပါတယ်၊ ကဲ... ဒါကို အသာထားလိုက်ပါတော့။ နောက်ပြီး ကျုပ်က ခင်ဗျားရဲ့အဖော် လေယာဉ်မောင် ဒေးဗစ်နဲ့လည်း တွေ့ပြီး စကားပြောချင်သေးတယ်"

"သူက ဒီနေ့မနက် ရှစ်နာရီခွဲလေယာဉ်မှာ တာဝန်ကျနေတယ်ခင်ဗျ"

"သူကရော လူသတ်မှုကိစ္စကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေသလား"

"သူက လူငယ်တစ်ယောက်ဆိုတော့ စိတ်ထိခိုက်ပုံ မရပါဘူး။ လေယာဉ်ပေါ်မှာ လူသတ်မှုဖြစ်တာကိုပဲ လူငယ်ပီပီ စိတ်ပျော်နေသလိုပါပဲ။ လူတွေက သူနဲ့တွေ့ရင် လူသတ်မှုအကြောင်းမေးမြန်းရင် အစားအသောက်တွေ ကျွေးမွေးဧည့်ခံတာကိုလည်း သဘောကျနေပုံရပါတယ်"

"သူ့မှာ ရင်းနှီးတဲ့ မိန်းကလေးအဆက်များ ရှိနေသလား။ ရှိရင်တော့ ဒေးဗစ်က လူသတ်မှုနဲ့ပတ်သက်တာကိုပဲ မိန်းကလေးအနေနဲ့ တစ်မျိုးသဘောကျချင်ကျမှာ သေချာတယ်"

"ဒေးဗစ်က အခုလောလောဆယ်မှာ ခရောင်းဖယ်သာဆိုင်ရှင် မစ္စတာဂျွန်ဆင်ရဲ့သမီးကို သဘောကျပြီး နီးစပ်ဖို့ ကြိုးစားနေပါတယ်၊ အဲဒီမိန်းကလေးကတော့ တည်ငြိမ်တဲ့ ဣန္ဒြေရှိသူ ဖြစ်ပါတယ်။ လူသတ်မှုနဲ့ ပတ်သက်တာမျိုးကိုလည်း သဘောမကျဘူး"

"ဒါလည်း မှန်တာပဲ။ ကိုင်း... ခင်ဗျားတို့ဇနီးမောင်နှံကို [illegible]ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားတို့ ဘာမှ စိတ်အနှောင့်[illegible] မနေပါနဲ့"

ဤသို့ပြောပြီး စုံထောက်ဟာကြူလီသည် နှုတ်ဆ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ လေယာဉ်မောင်မစ်ချယ်သည် ဇနီးဖြစ်သူအား သူ၏ထင်မြင်ချက်ကို ပြောလေသည်။

"ပဏာမစစ်ဆေးတဲ့ရုံးက ဂျူရီလူကြီးတချို့က ဆင်ခြင်ဉာဏ် အလွန်နည်းပါးရတယ်။ သူတို့က ဒီလူကြီးပဲ လူသတ်မှု ကျူးလွန်တယ်လို့ ထင်ပုံရတယ်။ ငါထင်တာပြောရရင်တော့ ဒီလူကြီးဟာ လျှို့ဝှက်ထောက်လှမ်းရေးဌာနကနဲ့ တူတယ်"

"ကျွန်မတော့ ဒီလူသတ်မှုဟာ ကွန်မြူနစ်တွေရဲ့လက်ချက်လို့ ထင်တာပဲ"

* * *

စုံထောက်ဟာကျူလီသည် လက်ထောက်လေယာဉ်မောင် ဒေးဗစ်နှင့်တွေ့လိုသဖြင့် ကြိုးစားရာ မကြာမီ ခရောင်းဖယ်သာဘားအရက်ဆိုင်၌ သွားတွေ့လေသည်။

ဟာကျူလီသည် မစ်ချယ်အား မေးခဲ့သည့်မေးခွန်းများကိုပင် ဒေးဗစ်အား ထပ်မေးကြည့်လေသည်။

"သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ ထိုင်ခုံရှေ့က စားပွဲပေါ်မှာ ပစ္စည်းတွေ ဖရိုဖရဲဖြစ်နေတာများ မြင်မိသလား"

"မမြင်မိဘူးခင်ဗျ"

"ထူးခြားတာတစ်ခုခုရော မရှိဘူးလား။ ဥပမာ ရှိသင့်တဲ့ပစ္စည်းတစ်ခုမရှိဘဲ နေတာမျိုး မရှိသင့်ဘဲနဲ့ ပစ္စည်းတစ်ခုခု ရောက်နေတာမျိုးရော သတိပြုမိပါသလား"

လက်ထောက်လေယာဉ်မောင် ဒေးဗစ်သည် ခေတ္တစဉ်းစားပြီးနောက် ပြန်ဖြေလေသည်။

"တစ်ခုတော့ရှိတယ်ခင်ဗျ။ ကျွန်တော်က အရေးမကြီးဘူးလို့ ထင်မိပါတယ်။ မာဒမ်ဂီဆယ်(လ်)ရဲ့ စားပွဲကို ကျွန်တော်က သိမ်းဆည်းချိန်က သူ့ကော်ဖီပန်းကန်ပြားထဲမှာ ဇွန်းနှစ်ချောင်းတွေ့ပါတယ်။ အမှန်က ဇွန်းတစ်ချောင်းသာ ရှိရမယ်။ ကျွန်တော်တို့က ကော်ဖီလိုက်ပေးစဉ်က အလောတကြီးနဲ့ ဇွန်းနှစ်ချောင်း ပေးမိလို့လား မပြောတတ်ဘူး။ အဲဒီအချိန်က ကျွန်တော် သတိပြုမိတာကလည်း ရိုးရာအယူအဆတစ်ခုကြောင့် ဖြစ်ပါတယ်။ တချို့ကျေးလက်ဒေသမှာ ရိုးရာအယူအဆတစ်ခုရှိတာက ကော်ဖီပန်းကန်ထဲ ဇွန်း



နှစ်ချောင်းတွေ့ရရင် အဲဒီအိမ်မှာ မင်္ဂလာလက်ထပ်ပွဲဖြစ်တတ်တယ်လို့ ဆိုပါတယ်"

"တခြားခရီးသည်တစ်ဦးဦးရဲ့ ကော်ဖီပန်းကန်မှာရော ဇွန်းတစ်ချောင်းလျော့နေသလား"

စုံထောက်ဟာကျူလီက မေးလိုက်သည်။

"မလျော့ပါဘူးခင်ဗျ။ အားလုံးပြည့်စုံပါတယ်။ ဇွန်းနှစ်ချောင်း ဖြစ်နေတာက ကျွန်တော်နဲ့ မစ်ချယ်တစ်ယောက်ယောက်ကမှားပြီး အပိုထည့်ပေးမိတာ ဖြစ်နိုင်ပါတယ်။ တစ်ခါတလေ ဒီလိုပဲ ဖြစ်တတ်ပါတယ်"

ဒေးဗစ်က ဖြေလိုက်ပြီးနောက် စုံထောက်ဟာကျူလီသည် ရယ်စရာသဘောဆန်ဆန် မေးခွန်းတစ်ခု မေးလေသည်။

"ဒါထက် ပြင်သစ်လူမျိုး မိန်းကလေးတွေကို ဘယ်လိုသဘောရပါသလဲ"

"ကျွန်တော်ကတော့ အင်္ဂလိပ်မိန်းကလေးတွေကိုပဲ သဘောကျပါတယ်"

ပြောရင်းနှင့် ဒေးဗစ်သည်ပြုံး၍ ဘားကောင်တာနောက်နားရှိ ကိုယ်လုံးကိုယ်ဟန် တောင့်တောင့်တင်းတင်း မိန်းကလေးတစ်ဦးအား လှမ်းကြည့်လိုက်သည်။

သူ သဘောကျနေသည်ဆိုသော ဆိုင်ရှင်၏သမီး ဖြစ်ဟန်တူပေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

လူသတ်မှုဖြစ်ပွားခဲ့သော လေယာဉ်တွင် ခရီးသည်တစ်ဦးဖြစ်ခဲ့သူ မစ္စတာရိုင်ဒါဆိုသူသည် သူ၏အိမ်သို့ မစ္စတာဟာကြူလီအမည်ရှိ ဧည့်သည်တစ်ဦး ရောက်လာသည်ကို ရုတ်တရက် အံ့သြနေမိလေသည်။

သူ၏စာရေးက မစ္စတာဟာကြူလီ၏နာမည်ကတ်ပြားကို လာပြသောအခါ မစ္စတာရိုင်ဒါသည် ထိုနာမည်ကို ကြားဖူးသလိုရှိသော်လည်း ချက်ချင်း မမှတ်မိချေ။

သို့သော် ခေတ္တစဉ်းစားကြည့်လိုက်သောအခါ၌မှ သတိရလာလေသည်။ ထို့ကြောင့် သူ့တူ စာရေးအား ဧည့်သည်ကိုခေါ်ခဲ့ရန် ညွှန်ကြားလိုက်သည်။ စုံထောက်ဟာကြူလီသည် လက်ကိုင်တုတ်တစ်ချောင်းကိုင်လျက် မစ္စတာရိုင်ဒါရှိရာအခန်းသို့ ဝင်လာလေသည်။

"အခုလိုလာပြီး အနှောင့်အယှက်ပေးရတာကို ခွင့်လွှတ်ပါ။ ကိစ္စကတော့ မာဒမ်ဂီဆယ်(လ်) သေဆုံးတဲ့ကိစ္စပါပဲ"

"ဟုတ်လား၊ ဘာများအကြောင်းထူးလို့လဲ။ ကိုင်း ထိုင်ပါဦးလေ။ ဟောဒီမယ် ဆေးပြင်းလိပ်လည်း သောက်ပါဦး"

မစ္စတာရိုင်ဒါက ဖော်ရွေစွာ နှုတ်ဆက်လိုက်သည်။

"ကျေးဇူးတင်ပါတယ်။ ကျုပ်က သောက်နေကျ စီးကရက်ပဲ သောက်တတ်လို့ပါ"

"လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်းက ရဲမှူးကြီးလည်း ဒီကိုလာသေးတယ်ဗျ။ ဒီလူတွေက တယ်ပြီးစပ်စုတာပဲ။ ကိုယ့်ဘာသာကိုယ် အေးအေးမနေတတ်ဘူး"

"သူတို့အနေနဲ့ သတင်းအချက်အလက်တွေရရှိဖို့ စုံစမ်းနေကြရလို့ဖြစ်ပါတယ်"



"ဒါပေမဲ့ဗျာ။ စုံစမ်းမေးမြန်းတဲ့အခါ ကောင်းကောင်းမွန်မွန်မေးဖို့ သင့်ပါတယ်။ လူဆိုတာ ကိုယ့်သိက္ခာနဲ့ကိုယ် နေကြတာ။ ကိုယ့်စီးပွားရေးလုပ်ငန်းရဲ့ နာမည်နဲ့ ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းနေရတယ်"

မစ္စတာရိုင်ဒါက မကျေမနပ်ဟန်ဖြင့် ပြောလိုက်သည်။

"ခင်ဗျားက စိတ်အနှောင့်အယှက်ဖြစ်တာကို နည်းနည်းမှ မခံနိုင်ဘူးထင်ပါတယ်"

"ကျုပ်ရဲ့အခြေအနေက အတော်ခက်ခဲတယ်ဗျ။ လေယာဉ်ပေါ်တုန်းက ကျုပ်ဟာ သေသူအမျိုးသမီးရဲ့ရှေ့မှာ ထိုင်မိလျက်သား ဖြစ်နေတယ်။ ဒါက ဘယ်တတ်နိုင်မှာလဲ။ ကိုယ်ရတဲ့နေရာ ထိုင်ရတာပဲ မဟုတ်လား။ တကယ်လို့သာ ဒီမိန်းမကြီး အသတ်ခံရမယ်ဆိုတာ သိရရင် ကျုပ်က အဲဒီလေယာဉ်နဲ့တောင် လိုက်လာမှာ မဟုတ်ဘူး"

ပြောရင်းနှင့် မစ္စတာရိုင်ဒါသည် ခေတ္တစဉ်းစားပြီးမှ ဆက်၍...

"ဒီလိုလည်း မဟုတ်သေးဘူးဗျ၊ ကျုပ်က အဲဒီလေယာဉ်နဲ့ပဲ လိုက်ချင်လိုက်မှာ"

ဟု ပြောလိုက်သည်။

"ဘာလဲ၊ ခင်ဗျားအဖို့ အဆိုးထဲက အကောင်းဖြစ်လာလို့များလား"

စုံထောက်ဟာကြူလီက မေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျုပ်ကို ရဲအရာရှိတွေက ခဏခဏလာမေးတာ သိပ်ပြီး အနှောင့်အယှက်ဖြစ်တယ်။ သူတို့က ကျုပ်ကိုမှ ဘာကြောင့် လာမေးနေတာလဲ။ တကယ်ဆို ဟိုဆရာဝန် ဒေါက်တာ ဟားဘတ် မဟုတ်ပါဘူး။ ဒေါက်တာ ဘရိုင်ယန်ကို မေးဖို့ကောင်းတယ်။ ကျုပ်လိုလူက ဘယ်လိုလုပ်ပြီး မြွေဆိပ်ကို ရနိုင်မှာလဲ"

"စောစောက ခင်ဗျားပြောနေတာက အဆိုးထဲကအကောင်း ဖြစ်လာတဲ့သဘောမျိုး ဖြစ်နေပါလား"

"ဪ... ဒါကတော့ ဒီလိုပါ။ ကျုပ်အတွက် အကျိုးရှိတာလည်း ဖြစ်ခဲ့ပါတယ်။ သတင်းစာတိုက်တွေက ကျုပ် ငွေအတော်ပဲ ရလိုက်ပါတယ်။ လူသတ်မှု ဖြစ်ပွားရာမှာ မျက်မြင်သက်သေတစ်ယောက်အနေနဲ့ ကျုပ်ထံ ထိုင်[illegible] တွေ့ပြောပြတာကို သတင်းထောက်တွေက အထူးပဲ စိတ်ဝင်စား[illegible] တန်ဖိုးထားကြတယ်"

"ရာဇဝတ်မှုတစ်ခုဖြစ်ပွားရင် အဲဒီအမှုကြောင့် ဘေး[illegible] လူတွေကို ဂယက်ရိုက်ပုံဟာ စိတ်ဝင်စားစရာပဲ။ ဥပမာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မမျှော်လင့်ဘဲ ငွေရလိုက်တယ်။ ငွေရတဲ့အတွက် ခင်ဗျားအဖို့ အသုံးဝင်မှာပဲ မဟုတ်လား"

"ဒါတော့ ငွေရတယ်ဆိုရင် အချိန်မရွေး သဘောကျတာချည်းပဲ"

"ဟုတ်ပါတယ်။ အချို့လူတွေကျတော့ ငွေကိုအရေးတကြီး လိုအပ်တဲ့အခါ ကြုံမိကြုံရာ အလွဲသုံးစားလုပ်တာတို့၊ စာရင်းလိမ်တာတို့တောင် လုပ်မိတတ်ကြတယ်"

"ဒါမျိုးတွေ ဆက်မပြောပါစို့နဲ့လား"

"ကောင်းပါပြီ။ အခု ခင်ဗျားက လူသတ်မှုအကြောင်း သတင်းစာမှာ သတင်းဆောင်းပါးရေးလို့ ငွေရလိုက်တဲ့အတွက် ခင်ဗျားအဖို့ အတော်ကလေး အဆင်ပြေသွားတယ် မဟုတ်လား။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက ပဲရစ်မြို့မှာတုန်းက ငွေချေးယူဖို့ ကြိုးစားတာ မအောင်မြင်ခဲ့လို့ပဲ"

"ခင်ဗျားက ဒီအကြောင်းဘယ်လိုလုပ်ပြီး သိတာလဲ"

မစ္စတာရိုင်ဒါသည် အံ့အားသင့်သလောက် ဒေါသလည်းထွက်ဟန်ဖြင့် ပြန်မေးလိုက်သည်။

စုံထောက်ဟာကြူလီကမူ ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်ပြောတာမှန်တယ် မဟုတ်လား"

"မှန်တော့မှန်တယ်။ ဒါပေမဲ့ ကျုပ်က ဒီအကြောင်း လူ မသိစေချင်ဘူး"

"ကျုပ်ကလည်း နှုတ်လုံပါတယ်။ လူတကာကို လျှောက်မပြောပါဘူး"

စုံထောက်ဟာကြူလီက ပြောလိုက်မှ မစ္စတာရိုင်ဒါသည် စိတ်ပြေသွားပုံ ရလေသည်။

"လောကကြီးဟာ အတော်ဆန်းကြယ်တယ်လို့ ဆိုရမယ်။ တစ်ခါတလေ လူတစ်ယောက်အဖို့ ဘယ်လောက်မှမများတဲ့ ငွေကိစ္စကြောင့် ဒုက္ခရောက်ရတတ်တယ်။ ပြဿနာတစ်ခု ပြေလည်သွားဖို့ရာအတွက် သိပ်မများလှတဲ့ ငွေကို အရေးတကြီး လိုတတ်တယ်။ ဟုတ်ပါတယ်။ ငွေကြေးဆိုတာ ဆန်းကြယ်တယ်။ လူ့ဘဝလည်း ဆန်းကြယ်တာပါပဲ"

"ဒါဟာ အလွန်မှန်ပါတယ်"

"နေပါဦး။ ခင်ဗျား အခု ကျုပ်ကိုလာတွေ့တာဟာ ဘာအတွက်များလဲ"

"ပြောရမှာတော့ အားနာစရာပါပဲ။ ခင်ဗျားဟာ သေသူ မာဒမ်ဂီဆယ်(လ်)နဲ့ လုံးဝအဆက်အသွယ် မရှိပါဘူးလို့ ပြောခဲ့ပေမဲ့ တကယ်တော့ ခင်ဗျားက ဒီအမျိုးသမီးနဲ့ ဆက်သွယ်ခဲ့ဖူးတယ်လို့ ကျုပ်ကြားတယ်"



"ဘယ်သူကပြောလို့လဲ။ အဲဒါသက်သက် လိမ်ပြောတာပဲ။ ကျုပ်က ဒီမိန်းမကို အရင်က မြင်တောင်မမြင်ဖူးပါဘူး"

မစ္စတာရိုင်ဒါက ငြင်းလိုက်သည်။

"ဟုတ်လား။ ဒါဖြင့် အလွန်ထူးဆန်းတာပဲ။ ကျုပ်ပြန်ပြီး လေ့လာကြည့်ဦးမှ ဖြစ်မယ်"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ဘယ်လိုမှ စိတ်မရှိပါနဲ့ဗျာ။ ကျုပ်မှားတာ ဖြစ်ပါလိမ့်မယ်"

"မှားတာတော့ သေချာပါတယ်။ ကျုပ်က ဒီလိုငွေတိုးချေးစားသူတွေနဲ့ မဆက်ဆံချင်ပါဘူး။ လောင်းကစားမှုကြောင့် ကြွေးထူနေတဲ့ အထက်တန်းလွှာ အမျိုးသမီးတွေကသာ ဒီလို ငွေတိုးချေးစားသူတွေနဲ့ ဆက်သွယ်တတ်တယ်"

"ကျုပ်တောင်းပန်ပါတယ်။ ဒါထက် စောစောက ခင်ဗျား ဒေါက်တာဘရိုင်ယန်အကြောင်း ပြောတုန်းက ပထမ နာမည်မှားပြီး ဒေါက်တာဟားဘတ်လို့ ပြောလိုက်တာဟာ ဘာကြောင့်လဲဗျ"

"ဒါက အဲဒီ ဆရာဝန်လက်ထဲမှာ ပလွေတစ်ချောင်း မြင်မိလို့နဲ့တူပါတယ်။ ကလေးချော့ကဗျာထဲက မာသာဟားဘတ်အကြောင်းမှာ ပလွေမှုတ်တာပါလို့ ဖြစ်လိမ့်မယ်။ ကျုပ်က နာမည်မှားပြီး ဒေါက်တာဟားဘတ်လို့ ပြောလိုက်မိတာပါ"

"ဟုတ်ပါရဲ့။ ပလွေဆိုလို့ ကျုပ်လည်း ဒီကိစ္စကို စိတ္တဗေဒသဘော အရ စိတ်ဝင်စားမိပါတယ်"

ပြောပြောဆိုဆို စုံထောက်ဟာကြူလီသည် ထိုင်ရာမှထပြီး နှုတ်ဆက်၍ ပြန်သွားလေသည်။

မစ္စတာရိုင်ဒါသည် ဟာကြူလီအား သက်မကင်းဖြစ်ဟန် ငေးကြည့်ရင်း ကျန်ရစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

လေဒီဟော်ဘူရီ အမည်ရှိ အမျိုးသမီးသည် လန်ဒန်မြို့ ဂရိုဗီနာ အရပ်ရှိ သူမ၏အိပ်ခန်းတွင် အလှပြင်သည့် မှန်ခုံရှေ့တွင် ထိုင်နေလေသည်။

သို့ရာတွင် သူမသည် အလှပြင်နေခြင်းမဟုတ်။ သူမထံသို့ ရောက်ရှိလာသော စာတစ်စောင်ကို ဖတ်နေခြင်းဖြစ်သည်။ ထိုစာကို သူမသည် သုံးကြိမ်တိတိ ဖတ်ပြီးသော်လည်း ယခု စတုတ္ထအကြိမ် ပြန်ဖတ်နေသည်။

စာက အောက်ပါအတိုင်း ဖြစ်လေသည်။

သို့...

မြို့စားကတော် လေဒီဟော်ဘူရီ

ကွယ်လွန်သူ မာဒမ်ဂီဆယ်(လ်)နှင့် စပ်လျဉ်း၍ သိစေလိုသည်မှာ ထိုအမျိုးသမီး လက်ဝယ်ရှိခဲ့သော စာရွက်စာတမ်း အထောက်အထားများ ယခု ကျွန်ုပ်၏လက်သို့ ရောက်နေပြီဖြစ်သည်။ အကယ်၍ ခင်ဗျား သို့မဟုတ် မစ္စတာ ဘာရာကရောက်တို့က စိတ်ဝင်စားသည်ဆိုပါက ကျွန်ုပ် အနေဖြင့် လာရောက်တွေ့ဆုံ ဆွေးနွေးရန် အသင့်ရှိပါသည်။

သို့တည်းမဟုတ် ကျွန်ုပ်သည် ခင်ဗျား၏ခင်ပွန်း မြို့စားကြီးနှင့် တိုက်ရိုက်ဆက်သွယ်ရပါမည်လော။

ဂျွန်ရော်ဘင်ဆင်



ထိုစာကို ထည့်သည့် စာအိတ်ပေါ်တွင်ကား အထူးသီးသန့် ကိုယ်ရေးကိုယ်တာကိစ္စဟု ရေးထားလေသည်။

လေဒီဟော်ဘူရီသည် စာကိုဖတ်ရင်း ဒေါသဖြစ်ကာရေရွတ်ကျိန်ဆဲနေမိလေသည်။

"... ဒီပြင်သစ်မိန်းမကြီးက သက်သက်လိမ်တာပဲ။ တကယ်လို့ သူသေဆုံးသွားရင်တောင်မှ ငွေချေးယူသူတွေကို ကာကွယ်စောင့်ရှောက်ဖို့ စီစဉ်ထားပါတယ်လို့ ပြောပြီးခါမှ အခုတော့..."

ဤသို့ မာဒမ်ဂီဆယ်(လ်)အား ကျိန်ဆဲနေသော်လည်း သူမသည် စိတ်တွေ တုန်လှုပ်ချောက်ချားနေလေသည်။ ယခု စာရေးလိုက်သူ ရော်ဘင်ဆင် ဆိုသူသည် မိမိ၏ လျှို့ဝှက်အတွင်းရေးကို ဖော်ထုတ်နိုင်ကြောင်း ထင်ရှားနေပေပြီ။ ဘာလုပ်ရပါမည်နည်း။

မည်သို့မျှ မတတ်နိုင်။ ထိုလူကို လက်ခံတွေ့ဆုံ၍ စကားပြောကြည့်ရန်သာ ရှိတော့သည်။

ဤသို့ ဆင်ခြင်သုံးသပ်ပြီးနောက် သူမသည် စာတစ်စောင် ထိုင်ရေးလေသည်။ စာတွင် သူမသည် မစ္စတာရော်ဘင်ဆင် ဆိုသူအား နောက်တစ်နေ့နံနက် ဆယ့်တစ်နာရီတွင် လက်ခံတွေ့ဆုံ ဆွေးနွေးရန် အဆင်သင့်ရှိကြောင်း ရေးထားလေသည်။

*(မှတ်ချက်။ ။ ရော်ဘင်ဆင်ဆိုသူကား နော်မန်ဂေး(လ်)ပင် ဖြစ်၍ စုံထောက်ဟာကြူလီ၏ စီစဉ်ချက်ဖြင့် လေဒီဟော်ဘူရီ ထံသို့ စာရေးလိုက်ခြင်းပင်ဖြစ်သည်။)*

★ ★ ★

နော်မန်ဂေး(လ်)သည် မိတ်ကပ်အလှပြုပြင်နည်းဖြင့် သူ၏ရုပ်ကို အသွင်တစ်မျိုးဖြစ်အောင် ရုပ်ဖျက်ထားရာ စုံထောက်ဟာကြူလီက သူ၏အနီးမှ အကဲခတ် ကြည့်နေလေသည်။

"ဘယ့်နှယ်လဲဗျ၊ မစ္စတာဟာကြူလီ။ ကျွန်တော်အခုလို ရုပ်ဖျက်ထားတာဟာ ဘယ်လိုနေသလဲ"

နော်မန်ဂေး(လ်)က မေးလိုက်ရာ ဟာကြူလီက...

"မောင်ရင်က ပြဇာတ်မင်းသားတစ်ယောက်လို ဖြစ်နေတာပဲ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကပဲ ကျွန်တော်ရုပ်ပြောင်းအောင် နည်းနည်းပါးပါး ရှုပ်ဖျက်ရင် ကောင်းမယ်လို့ ပြောခဲ့တယ် မဟုတ်လား"

နော်မန်ဂေး(လ်)က ပြောလျှင် စုံထောက်ဟာကြူလီက မှန်ထဲတွင် ကြည့်ခိုင်းလေသည်။

"မောင်ရင့်ရုပ်ကို မှန်ထဲမှာ သေသေချာချာ ကြည့်စမ်းပါဦး။ ရုပ်ဖျက်ထားပုံက သဘာဝမကျဘူး။ မုတ်ဆိတ်မွေးအတု တပ်ထားပုံကလည်း လုံးဝသဘာဝမကျဘူး။ အတုတပ်ထားမှန်း သိသာတယ်။ ပြီးတော့ ကပ်ထားတဲ့ကော်နံ့ကလည်း စူးစူးရှရှနဲ့ အလွန်သိသာတယ်။ ဒီပုံမျိုးနဲ့ မောင်ရင် ဟန်ဆောင်လို့ ဖြစ်မယ်မထင်ဘူး"

"ကျွန်တော်က တစ်ချိန်တုန်းက အပျော်တမ်း ပြဇာတ်တွေမှာ သရုပ်ဆောင်ခဲ့ဖူးပါတယ်"

"ဟုတ်လား။ အဲဒီတုန်းက မိတ်ကပ်အလှပြုပြင်တာကို မောင်ရင်ကိုယ်တိုင်မလုပ်ရဘူးလို့ ထင်တယ်။ အခု မောင်ရင်လုပ်ထားပုံက ဇာတ်ခုံပေါ်က မီးရောင်အောက်မှာတောင် သိသာနေမယ်။ လေဒီဟော်ဘူရီရဲ့ အိမ်ရှိရာ ဂရိုမီနာအရပ်မှာ နေ့ခင်းကြောင်တောင်ဆိုရင်တော့ ပိုပြီးတောင် လုပ်ထားမှန်း သိသာလိမ့်မယ်"

စုံထောက်ဟာကြူလီသည် နော်မန်ဂေး(လ်)၏ ရုပ်ဖျက်မိတ်ကပ် လုပ်ထားပုံကို သဘောမကျဟန်ဖြင့် ကြည့်ရင်း ဆက်ပြောပြန်သည်။

"ဒီမယ်... အခု မောင်ရင်သရုပ်ဆောင်ရမှာက ခြိမ်းခြောက်ငွေညှစ်တောင်းသူ လူဆိုးတစ်ဦးဖြစ်တယ်။ ပြဇာတ်ခုံပေါ်က လူရွှင်တော် မဟုတ်ဘူး။ မောင်ရင့်ကို မြင်တာနဲ့ လေဒီဟော်ဘူရီက ကြောက်လန့်နေရမယ်။ လူရွှင်တော်ရုပ်ပေါက်နေလို့ ရယ်မောနေတာမျိုး မလိုချင်ဘူး။ ကိုင်း... ဟောဒါတွေယူပြီး ရေချိုးခန်းထဲမှာ သွားလုပ်ချည်စမ်းပါ"

ပြောပြောဆိုဆို စုံထောက်ဟာကြူလီသည် မိတ်ကပ်အလှခြယ်သည့် ဆေးဗူးများကို ပေးလိုက်သည်။

နော်မန်ဂေး(လ်)လည်း ထိုဆေးဘူးများကိုယူပြီး ရေချိုးခန်းထဲ ဝင်သွားလေသည်။

ဆယ့်ငါးမိနစ်ခန့်ကြာ၍ ပြန်ထွက်လာသောအခါ သူ၏မျက်နှာမှာ နီကျင့်ကျင့် အရောင်အသွေး ဖြစ်လာလေသည်။

စုံထောက်ဟာကြူလီသည် သေချာစွာ အကဲခတ် ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပြီ။ အခုမှ မှန်လာတယ်။ မောင်ရင့်ကို နှုတ်ခမ်းမွေးသေးသေးတော့ တပ်ခွင့်ပြုမယ်။ ဒါကိုလည်း ကျုပ်ကိုယ်တိုင် တပ်ဆင်ပေးမယ်။ ကိုင်း... ဟောဒီမယ်။ နောက်ပြီး မောင်ရင့်ဆံပင်ကိုလည်း ပုံစံတစ်မျိုးဖြစ်အောင် ခွဲဖြီးရမယ်။ ဒါလောက်ဆိုရင် တော်လောက်ပြီ။ နောက်တစ်ချက်က မောင်ရင်ပြောရမယ့် စကားတွေကို တစ်ခေါက်ပြန်ပြောစမ်း။ မှန်ရဲ့လားလို့ ကျုပ် နားထောင်ကြည့်မယ်"

နော်မန်ဂေး(လ်)က ပြောရမည့်စကားတွေကို ပြောပြရာ စုံထောက်ဟာကြူလီသည် နားထောင်နေရာမှ သဘောကျဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ။ အားလုံးမှန်တယ်။ မောင်ရင် အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်"

"ဟုတ်ကဲ့။ ကျွန်တော်လည်း ဆုတောင်းပါတယ်။ ဒါပေမဲ့ ဟိုရောက်ရင် အလွန်ဒေါသကြီးနေတဲ့ သူ့ယောကျ်ားနဲ့ ရဲအရာရှိတွေကို ရင်ဆိုင်ရမှာ စိုးရိမ်မိပါတယ်"

"ဘာမှ မစိုးရိမ်ပါနဲ့။ အားလုံးအဆင်ပြေမှာပါ"

"ခင်ဗျားပြောသလို ဖြစ်လာပါစေဗျာ"

နော်မန်ဂေး(လ်)သည် စိတ်အားထက်သန်ခြင်း မရှိဘဲ ပြောလိုက်ပြီးနောက် ထွက်လာခဲ့လေသည်။

ဂရိုဗီနာအရပ်ရှိ လေဒီဟော်ဘူရီ၏ အိမ်သို့ ရောက်သောအခါ သူသည် အခန်းငယ်တစ်ခန်းတွင် ခေတ္တစောင့်နေရပြီး နောက်မိနစ်အနည်းငယ် ကြာသောအခါ လေဒီဟော်ဘူရီကိုယ်တိုင် ရောက်ရှိလာလေသည်။

"မစ္စတာရော်ဘင်ဆင် ဟုတ်ပါသလားရှင့်"

"ဟုတ်ပါတယ် ခင်ဗျ"

နော်မန်ဂေး(လ်)က ယဉ်ကျေးစွာ ပြန်ပြောပြီး ဦးညွှတ်လိုက်သည်။ သူ၏ စိတ်ထဲတွင်ကား စုံထောက်ဟာကြူလီက သူသည် သရုပ်ဆောင်မှု ကောင်းမည်မဟုတ်ဟု ပြောခဲ့သည်ကို သတိရနေမိသည်။

ယခုလက်တွေ့အခြေအနေတွင် သူ၏ သရုပ်ဆောင်မှုသည် မပြောစရာမရှိအောင် ပိရိသေသပ်နေတယ်ဟု သူ့ကိုယ်သူ သဘောကျနေမိသည်။

"ကျွန်မ ရှင့်ဆီက စာကို ရပါတယ်"

လေဒီဟော်ဘူရီက စတင်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ အဲဒါ ခင်ဗျား ဘယ်လိုသဘောရပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာကိုဆိုလိုတာလဲရှင့်"

"ခင်ဗျားကလည်းဗျာ။ အသေးစိတ်ကို ပြောနေဖို့ လိုသေးသလား။ ပင်လယ်ကမ်းစပ်မှာ စနေ၊ တနင်္ဂနွေနေ့ အပန်းဖြေရတာ အလွန်ပျော်စရာကောင်းတာကို အားလုံးသိကြပါတယ်။ ဒါပေမဲ့ ခင်ပွန်းသည်တွေကတော့ သဘောကျမှာ မဟုတ်ပါဘူး။ အခု ကျုပ်လက်ထဲရောက်နေတဲ့ အထောက်အထားက ဘာဆိုတာ ခင်ဗျား သိပါလိမ့်မယ်။ မာဒမ်ဂီဆယ်(လ်)ဆိုတဲ့ အမျိုးသမီးကြီးက တကယ်တော်တာပဲ။ သူရခဲ့တဲ့ အထောက်အထားတွေကလည်း အလွန်ပိုင်ပါတယ်။ ဟိုတယ်မှာ တည်းခိုခဲ့တာကအစ ပြည့်ပြည့်စုံစုံရအောင် လုပ်ထားတယ်။ အဲဒီ အထောက်အထားတွေကို ခင်ဗျားလိုချင်ပါသလား။ ဒါမှမဟုတ် ခင်ဗျားရဲ့ယောက်ျား မြို့စားကြီးကများ လိုချင်သလား"

နော်မန်ဂေး(လ်)က ခပ်တည်တည် ပြောလိုက်ရာ လေဒီဟော်ဘူရီသည် အသားများ ဆတ်ဆတ်တုန်အောင်ပင် စိတ်ချောက်ချား တုန်လှုပ်နေသည်။ နော်မန်ဂေး(လ်)က စကားဆက်ပြောပြန်သည်။

"ရှင်းရှင်းပြောရရင် ကျုပ်က ရောင်းတဲ့လူတစ်ယောက် ဖြစ်တယ်။ ကျုပ်ရောင်းမှာကို ခင်ဗျားက ဝယ်မှာလား။ အဲဒါက အဓိကအချက်ပဲ"

"ရှင်က ဒီအထောက်အထားတွေကို ဘယ်လိုလုပ်ပြီး ရခဲ့တာလဲ"

"ဒါက မဆိုင်ပါဘူး။ ကျုပ်လက်မှာ အထောက်အထားတွေ ရှိနေတယ်။ အဲဒါကသာ အဓိကဖြစ်တယ်"

"ကျွန်မ ရှင်ပြောတာကို မယုံဘူး။ ရှင့်လက်မှာ တကယ်ရှိရင် ကျွန်မကိုပြပါ"

လေဒီဟော်ဘူရီက ဤသို့ပြောလျှင် နော်မန်ဂေး(လ်)သည် သရော်ပြုံး ပြုံးလိုက်ပြီးနောက် ခေါင်းခါလိုက်သည်။

"ဒီလို ဘယ်ဖြစ်မလဲဗျ။ ကျုပ်အခု ဘာမှယူမလာဘူး။ ကျုပ်က ဒါမျိုးကျရင် ပါးနပ်ပြီးသား ဖြစ်တယ်။ ခင်ဗျားနဲ့ ကျုပ်နဲ့ အပေးအယူ စကားပြောလို့တည့်ရင် တစ်မျိုးဖြစ်လာမှာပေါ့။ ဒီအခါကျတော့ ခင်ဗျားက ကျုပ်ကို ငွေပေးခါနီးအချိန်မှာ ကျုပ်ကလည်း အထောက်အထားတွေကို ပြပါမယ်"

"ငွေက ဘယ်လောက်လဲ"

"စတာလင်ပေါင် တစ်သောင်း။ ဒေါ်လာမဟုတ်ဘူးနော်။ စတာလင်ပေါင် တစ်သောင်း"

"ဟာ… မဖြစ်နိုင်ဘူးရှင့်။ ဒါလောက်များများငွေကို ကျွန်မက လောလောဆယ် ဘယ်လိုမှ မရှာနိုင်ပါဘူး"



"ခင်ဗျား ကြိုးစားမယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ လက်ဝတ်လက်စားရတနာတွေ၊ ပုလဲတွေဆိုရင်လည်း တန်ဖိုးရှိပါတယ်။ ဒီမယ်၊ ကျုပ်က ခင်ဗျားကို ငဲ့ညှာတဲ့အနေနဲ့ စတာလင်ပေါင် ရှစ်ထောင်ပဲ ယူပါ့မယ်။ ဒါဟာ ကျုပ်ရဲ့ နောက်ဆုံးစကားပဲ။ အဲဒါကို ခင်ဗျားစဉ်းစားဖို့ ကျုပ်က နှစ်ရက်အချိန်ပေးမယ်"

"ကျွန်မက ငွေရှာလို့မရနိုင်ဘူးလို့ ပြောနေပြီ မဟုတ်လား"

သူမက ဤသို့ပြောသော်လည်း နော်မန်ဂေး(လ်)က ခေါင်းခါလိုက်သည်။

"ဒီလိုဆိုရင်တော့ ဘယ်တတ်နိုင်မလဲ။ ခင်ဗျားခင်ပွန်း မြို့စားကြီးကို အသိပေးရုံ ရှိတော့တာပေါ့။ တစ်ခုတော့ ခင်ဗျားသိထားဖို့ ကောင်းပါတယ်၊ အမျိုးသမီးတစ်ယောက်ဟာ လင်ယောက်ျားက တရားဝင်ကွာရှင်းပြတ်စဲလိုက်ပြီဆိုရင် ထောက်ပံ့ကြေး၊ လျော်ကြေး ဘာမှမရတော့ဘူး။ မစ္စတာဘာရာကလောက် ဆိုတာကတော့ လူငယ်ပြဇာတ် မင်းသားကောင်းတစ်ယောက်ဖြစ်ပေမဲ့ ဝင်ငွေကောင်းကောင်းရတဲ့ ထိပ်တန်းအဆင့်ကို မရောက်သေးဘူး၊ ကိုင်း… နောက်ထပ်ဘာမှ ပြောဖို့ မလိုတော့ပါ။ ကျုပ်ပြောတာကိုသာ ခင်ဗျားသေသေချာချာ စဉ်းစားကြည့်ပါ။ ကျုပ်က အခုပြောတာဟာ မာဒမ်ဂီဆယ်(လ်)က ခင်ဗျားကို သတိပေး ပြောထားတဲ့အတိုင်းပါပဲ"

နော်မန်ဂေး(လ်)သည် ထိုမျှနှင့် စကားဖြတ်လျက် လေဒီဟော်ဘူရီက ဘာမှပြန်မပြောနိုင်မီ လျင်မြန်စွာ ထွက်လာလေသည်။

★ ★ ★

နောက်တစ်နာရီခန့် ကြာသောအခါ လေဒီဟော်ဘူရီထံသို့ စားပွဲထိုးရောက်လာပြီး ဧည့်သည်တစ်ဦး တွေ့ချင်ပါသည်ဟုဆိုကာ နာမည်ကတ်ပြားတစ်ခု လာပေးလေသည်။ နာမည်ကတ်ပြားတွင်ကား မစ္စတာဟာကျူလီ၏ အမည်ရေးထားလေသည်။ လေဒီဟော်ဘူရီသည် ကတ်ပြားကို ဖတ်ကြည့်ပြီးနောက် ပြန်ချထားလိုက်သည်။

"ဒီလူက ဘယ်ကလဲ။ ကျွန်မသူ့ကို လက်ခံပြီး မတွေ့နိုင်ဘူး"

"ဒီလူက သူလာတာဟာ မစ္စတာဘာရာကလောက်ရဲ့ မေတ္တာရပ်ခံချက်အရ လာတွေ့တာပါလို့ ပြောပါတယ်"

ဤတွင် လေဒီဟော်ဘူရီသည် ချက်ချင်းလေသံ ပြောင်းသွားလေသည်။

"ဟုတ်လား။ ဒါဖြင့် ဒီလူ့ကို လက်ခံတွေ့ပါ့မယ်၊ ဒီကိုသာ ခေါ်လာခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးသည် ထွက်သွားပြီးနောက် ချက်ချင်းလိုပင် ပြန်ဝင်လာရာ စုံထောက်ဟာကြူလီလည်း ပါလာလေသည်။

စားပွဲထိုးက ညှို့သည်အား ခေါ်ယူလာပြီးနောက် ပြန်ထွက်သွားသောအခါ စုံထောက်ဟာကြူလီက ဥရောပလူမျိုးတို့ ယဉ်ကျေးမှုထုံးစံအရ ဦးညွှတ်လိုက်သည်။

လေဒီဟော်ဘူရီသည် မတ်တတ်ထ၍ ဟာကြူလီ ရပ်နေရာသို့ လျှောက်သွားလေသည်။

"ရှင့်ကို မစ္စတာဘာရာကလောက်က လွှတ်လိုက်တာလား"

"ခင်ဗျားထိုင်ပါဦး"

စုံထောက်ဟာကြူလီက ပြောလိုက်ပုံမှာ သြဇာရှိသူတစ်ယောက်၏ လေသံမျိုး ဖြစ်နေရာ လေဒီဟော်ဘူရီလည်း ဘာမှမပြောဘဲ ထိုင်ချလိုက်သည်။

သည်တော့မှ ဟာကြူလီက စတင်စကားပြောလေသည်။

"လေဒီဟော်ဘူရီ ခင်ဗျား။ ကျုပ်အခု ဒီကိုလာတာဟာ မိတ်ဆွေတစ်ဦးအနေနှင့် လာခြင်းဖြစ်တယ်လို့ ယူဆစေချင်ပါတယ်။ ကျုပ်က ခင်ဗျားကို အကြံဉာဏ်ကောင်း ပေးဖို့လာခြင်း ဖြစ်ပါတယ်။ ခင်ဗျားမှာ အခု အကြီးအကျယ် ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရတယ်"

"ရှင်...ပြောတာကို ကျွန်မ... ကျွန်မ"

လေဒီဟော်ဘူရီ၏ စကားမဆုံးမီ ဟာကြူလီက ကြားဖြတ်၍ ပြောလေသည်။

"ဒီမယ်။ ကျုပ်က ခင်ဗျားရဲ့ လျှို့ဝှက်အတွင်းရေးတွေကို ထုတ်ဖော်ဖွင့်ပြောဖို့ ပြောတာမဟုတ်ဘူး။ ပြောဖို့လည်း မလိုပါဘူး။ ကျုပ်ကြိုတင်သိထားပြီးဖြစ်တယ်။ ဒါမှလည်း စုံထောက်ကောင်းတစ်ယောက် ပီသမယ် မဟုတ်ပါလား"

"ဟင်... ရှင်က စုံထောက်လား။ အခုမှပဲ ရှင့်ကို မှတ်မိတယ်။ ရှင်က လေယာဉ်ပေါ်မှာ ပါလာခဲ့တယ် မဟုတ်လား"

လေဒီဟော်ဘူရီက စိုးရိမ်တုန်လှုပ်ဟန်ဖြင့် ပြောလိုက်လျှင် စုံထောက် ဟာကြူလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်။ လူသတ်မှုဖြစ်ပွားတဲ့ လေယာဉ်နဲ့ ကျုပ်ပါလာခဲ့ပါတယ်။ ကိုင်း... အရေးကြီးတာကို ပြောကြစို့။ ခင်ဗျားက ကျုပ်ကို ယုံကြည်စိတ်ချပြီး အားလုံးဖွင့်ပြောဖို့လည်း အတင်းအကျပ် မတိုက်တွန်းလိုဘူး။ ခင်ဗျားက ဘာမှမပြောပါနဲ့။ ကျုပ်ကစပြီး ပြောပါ့မယ်။ ဒီနေ့မနက်ပဲ လွှန်ခဲ့တဲ့



ဘစ်နာရီလောက်က ခင်ဗျားဆီကို ညှို့သည်တစ်ဦးလာတွေ့တယ် မဟုတ်လား။ သူ့နာမည်က မစ္စတာဘရောင်းတဲ့လား"

"မဟုတ်ဘူးရှင့်။ သူ့နာမည်က ရော်ဘင်ဆင်လို့ ပြောတယ်"

"မထူးပါဘူး။ ဒီလူက သူ့နာမည်ကို ဘရောင်း သို့မဟုတ် ရော်ဘင်ဆင် သို့မဟုတ် ဆမစ်လို့ တစ်လှည့်စီ ပြောင်းသုံးလေ့ရှိတယ်။ ဒီလူက ခင်ဗျားဆီလာတာဟာ ခင်ဗျားကို ခြိမ်းခြောက်အကျပ်ကိုင်ပြီး ငွေညှစ်ဖို့လာခြင်း ဖြစ်တယ်။ သူ့ဆီက ခင်ဗျားရဲ့အတွင်းရေး လျှို့ဝှက်ချက် အထောက်အထားတွေရှိနေတယ်။ တစ်ချိန်က မာဒမ်ဂီဆယ်(လ်)လက်မှာရှိခဲ့တဲ့ အထောက်အထားတွေဖြစ်တယ်။ အခု သူက အဲဒီအထောက်အထားတွေကို စတာလင်ငွေ ခုနစ်ထောင်ပေးရင် ပြန်ပေးမယ်လို့ ဆိုတယ်မဟုတ်လား"

"စတာလင်ငွေ ခုနစ်ထောင်မဟုတ်ဘူးရှင်၊ ရှစ်ထောင်"

"ကောင်းပြီ... ပေါင်ရှစ်ထောင်ဆိုပါတော့။ အဲဒီငွေကို ခင်ဗျား အလွယ်တကူရှာလို့ ရဖို့က ခက်နေတယ်မဟုတ်လား"

"ဒီငွေကို ကျွန်မရှာရဖို့က မဖြစ်နိုင်သလောက်ပါပဲ။ ကျွန်မမှာ အခုပဲ ကြွေးတွေ တင်နေပါတယ်။ ကျွန်မ ဘာလုပ်ရမှန်း မသိပါဘူး"

"စိတ်အေးအေးထားစမ်းပါ။ ကျုပ်က ခင်ဗျားကို ကူညီဖို့ လာခြင်းဖြစ်ပါတယ်"

"ရှင်က ဒါတွေကို ဘယ်လိုလုပ်ပြီး သိတာလဲ"

လေဒီဟော်ဘူရီက စုံထောက်ဟာကြူလီကို အံ့သြဟန်ဖြင့်ကြည့်ရင်း မေးလိုက်သည်။

"ဒါတော့ ကျုပ်က စုံထောက်ဟာကြူလီဖြစ်တော့ သိတာပေါ့။ ဒီမယ် ခင်ဗျားဘာမှ မစိုးရိမ်ပါနဲ့။ ကျုပ်ကိုသာ တာဝန်လွှဲလိုက်ပါ။ ကျုပ်က မစ္စတာရော်ဘင်ဆင်ဆိုတဲ့လူကို ကြည့်လုပ်ပါ့မယ်"

"ကောင်းပါပြီရှင်။ ကျွန်မက ရှင့်ကို ဘယ်လောက်ပေးရမှာလဲ"

ဤတွင် စုံထောက်ဟာကြူလီက ပြုံးပြီး ဦးညွှတ်လိုက်သည်။

"ကျုပ်တောင်းမှာက ဓာတ်ပုံတစ်ပုံတည်းပါ။ အလွန်လှပကျော့ရှင်းတဲ့ အမျိုးသမီးရဲ့ဓာတ်ပုံ ဖြစ်ပါတယ်။ ဓာတ်ပုံမှာလည်း ကာယကံရှင်က လက်မှတ်ရေးထိုးပေးရပါမယ်"

"ကျွန်မ ဘာလုပ်ရမှန်း မသိတော့ပါဘူးရှင်။ ကျွန်မတော့ မူးချင်နေပါပြီ"

"ဘာမှ မစိုးရိမ်ပါနဲ့။ ကျုပ်ကိုသာ ယုံကြည်စိတ်ချစမ်းပါ။ ဒါထက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က အမှန်ကို ပြည့်ပြည့်စုံစုံ သိဖို့လိုတယ်။ ဒါမှလည်း ကျုပ်က ဖြေရှင်းလို့ ရမယ်"

"ရှင်က ကျွန်မကို ဒီအကျပ်အတည်း ပြဿနာက လွတ်မြောက်အောင် လုပ်ပေးမလား"

"နောက်ထပ် မစ္စတာရော်ဘင်ဆင်က ခင်ဗျားကို လုံးဝ လာပြီး မနှောင့်ယှက်စေရပါဘူးလို့ ကျုပ်က အာမခံတယ်"

"ကောင်းပါပြီ။ ကျွန်မရှင့်ကို အားလုံး အမှန်အတိုင်း ပြောပြပါ့မယ်"

"ဟုတ်ပြီ။ ဒီလိုမှပေါ့။ ကိုင်း... ကျုပ်မေးပါ့မယ်၊ ခင်ဗျားဟာ သေသူ မာဒမ်ဂီဆယ်(လ်)ဆီက ငွေချေးယူခဲ့တယ် မဟုတ်လား"

လေဒီဟော်ဘူရီက ခေါင်းညိတ်ပြရာ စုံထောက်ဟာကျူလီက...

"အဲဒါ ဘယ်တုန်းကလဲ။ ဘယ်အချိန်ကစပြီး ငွေချေးယူခဲ့သလဲ" ဟု မေးလိုက်ပြန်သည်။

"လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်ကပါ။ အဲဒီတုန်းက ကျွန်မမှာ အကျပ် အတည်းတွေ့နေခဲ့ပါတယ်"

"လောင်းကစားတာ ရှုံးလို့လား"

"ဟုတ်ကဲ့။ ကျွန်မ ကံမကောင်းလို့ ရှုံးခဲ့ပါတယ်"

"မာဒမ်ဂီဆယ်(လ်)က ခင်ဗျားလိုတဲ့ငွေကို ထုတ်ချေးသလား"

"ပထမတော့ များများမပေးပါဘူး။ ငွေနည်းနည်းပဲ စပြီးချေးခဲ့ပါတယ်"

"ဒီအမျိုးသမီးဆီသွားဖို့ ခင်ဗျားကို ဘယ်သူက လွှတ်တာလဲ"

"မစ္စတာ ဘာရာကလောက်က လွှတ်ပါတယ်။ သူက မာဒမ်ဂီဆယ်(လ်)ဟာ ကျွန်မတို့လို အထက်တန်းလွှာ အမျိုးသမီးတွေကို ငွေထုတ်ချေးတယ်လို့ ပြောပါတယ်"

"ဒါနဲ့ ခင်ဗျားက နောက်ပိုင်းမှာ နောက်ထပ် ငွေချေးယူဖို့ သွားခဲ့တယ် ဆိုပါတော့"

"ဟုတ်ပါတယ်။ နောက်ပိုင်းကျတော့ သူက ကျွန်မလိုသလောက် ငွေကို ထုတ်ချေးပါတယ်။ အဲဒီအချိန်ကတော့ ကျွန်မ ဝမ်းသာမိပါတယ်"

"အဲဒါ မာဒမ်ဂီဆယ်(လ်)ရဲ့ နည်းဗျူဟာတစ်ခုပဲဗျ။ ဒါထက် အဲဒီ မတိုင်မီက ခင်ဗျားနဲ့ မစ္စတာဘာရာကလောက်တို့ဟာ အလွန်ခင်မင်ရင်းနှီးနေခဲ့သလား"

"ဟုတ်ပါတယ်"



"ဒါပေမဲ့ အဲဒီလို ရင်းနှီးတာကို ခင်ဗျားယောကျ်ား မသိစေချင်ဘူး မဟုတ်လား"

စုံထောက်ဟာကျူလီက ဤသို့မေးလိုက်သောအခါ လေဒီဟော်ဘူရီသည် ဒေါသထွက်လာလေသည်။

"ကျွန်မ ယောကျ်ားစတီဖင်ဟာ အလကားလူပဲရှင့်။ သူက ကျွန်မကို ငြီးငွေ့ပြီး နောက်မိန်းမတစ်ယောက် ယူချင်နေတယ်၊ ကျွန်မနဲ့ ဘာရာကလောက်တို့ ခင်မင်ရင်းနှီးနေတာကို သိရင် အဲဒါကို အကြောင်းပြုပြီး ကျွန်မနဲ့ ကွာရှင်းပြတ်စဲလိုက်မှာ"

"ခင်ဗျားကတော့ မကွာရှင်းချင်ဘူး ဆိုပါတော့"

"မကွာချင်ဘူး၊ ကျွန်မအနေနဲ့ ဟို...ဟို"

"ကျုပ်နားလည်ပါပြီ။ ခင်ဗျားက လက်ရှိ အခြေအနေအတိုင်းပဲ သဘောကျတယ်။ မြို့စားကတော်အနေနဲ့ ဝင်ငွေကောင်းကောင်းရနေတာကို လိုချင်တယ်။ ဒါကလည်း သဘာဝပါပဲ၊ အမျိုးသမီးတစ်ယောက်အနေနဲ့ ကိုယ့်အကျိုးကို ကာကွယ်ရမှာဆိုတာ သဘာဝကျပါတယ်။ အဲ ကျုပ်တို့စကားကို ပြန်ဆက်ကြရအောင်။ ခင်ဗျားချေးယူထားတဲ့ ငွေတွေ ပြန်ဆပ်ဖို့ လိုလာတယ် မဟုတ်လား"

"ဟုတ်တယ်။ ကျွန်မက ငွေပြန်မဆပ်နိုင်တဲ့ အခြေအနေ ဖြစ်လာပါတယ်။ အဲဒီအချိန်မှာ မိန်းမကြီးက ယုတ်မာလာတယ်။ ကျွန်မနဲ့ မစ္စတာ ဘာရာကလောက်တို့ ရင်းနှီးတာကို သိရုံမက ကျွန်မတို့ တွေ့ဆုံတဲ့နေရာတွေ၊ နေ့ရက်တွေကိုပါ မာဒမ်ဂီဆယ်(လ်)က သိနေတယ်၊ ဘယ်လိုလုပ်ပြီး သိတာလဲတော့ မပြောတတ်ဘူး"

"ဒါတော့ သူမှာ နည်းလမ်းတွေရှိတယ်။ ဒါနဲ့ပဲ မာဒမ်ဂီဆယ်(လ်)က ခင်ဗျားကို ခြိမ်းခြောက်လာတယ် မဟုတ်လား။ ခင်ဗျားနဲ့ မစ္စတာ ဘာရာကလောက်တို့ တိတ်တိတ်ပုန်း ဆက်ဆံရေးအကြောင်းကို ခင်ဗျားယောကျ်ား မြို့စားကြီးဆီ ပို့လိုက်မယ်လို့ ခြိမ်းခြောက်တယ် မဟုတ်လား"

"ဟုတ်ကဲ့... ကျွန်မက သူ့ငွေတွေအားလုံး ပြန်မဆပ်ရင် ဒီလိုပဲ လုပ်မယ်လို့ ခြိမ်းခြောက်ပါတယ်"

"ဒါပေမဲ့ ခင်ဗျားက ငွေကို ပြန်မဆပ်နိုင်ဘူး မဟုတ်လား"

"ဟုတ်ကဲ့ မဆပ်နိုင်ပါဘူး"

"ဒီတော့ မာဒမ်ဂီဆယ်(လ်) ရုတ်တရက် သေဆုံးသွားတော့ ခင်ဗျားအဖို့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့"

www.burmeseclassic.com

"ဟုတ်ပါတယ်။ ကျွန်မအဖို့ အလွန်ကံကောင်းတယ်လို့ ဆိုရပါမယ်"

"ကံကောင်းလွန်းတဲ့သဘောမျိုး ဖြစ်နေတယ်။ ဒါပေမဲ့ ခင်ဗျား စိတ်ထဲ စိုးရိမ်ကြောင့်ကြမှု ဖြစ်မိတယ် မဟုတ်လား"

"ဘာကို ဆိုလိုတာလဲရှင့်"

"လေယာဉ်ပေါ် ပါလာတဲ့လူတွေအနက် ခင်ဗျားတစ်ယောက်တည်းကသာ မာဒမ်ဂီဆယ်(လ်)ကို သေစေချင်တဲ့လိုလားချက် သို့မဟုတ် ရည်ရွယ်ချက် ရှိနေတယ်လေဗျာ"

စုံထောက်ဟာကျူလီ၏စကားကြောင့် လေဒီဟော်ဘူရီသည် သိသိသာသာ မျက်နှာပျက်သွားလေသည်။

"ဟုတ်ပါတယ်။ ဒါကြောင့် ကျွန်မစိတ်ထဲမှာ စိုးရိမ်ကြောင့်ကြ ဖြစ်နေမိတာပါ"

"အထူးသဖြင့် ခရီးမထွက်မီညက ခင်ဗျားဟာ ပဲရစ်မြို့က မာဒမ်ဂီဆယ်(လ)အိမ်ကို သွားခဲ့ပြီး သူနဲ့ အချေအတင် စကားများခဲ့တယ် မဟုတ်လား"

"ဒီမိန်းမကြီးက သိပ်ဆိုးတာရှင့်။ နည်းနည်းမှ အလျှော့မပေးချင်ဘူး။ *ကျွန်မ စိတ်ဆင်းရဲနေတာကိုကြည့်ပြီး* သူက ကျေနပ်ပျော်ရွှင်နေသလိုပါပဲ။ သူဟာ လူစိတ်မရှိတဲ့ တိရစ္ဆာန်နဲ့ မခြားပါဘူး။ ကျွန်မ သူ့ဆီက ပြန်လာတော့ အလွန်စိတ်ဓာတ်ကျပြီး ပြန်ခဲ့ရပါတယ်"

"လူသတ်မှု ပဏာမ စစ်ဆေးတဲ့ရုံးမှာတော့ ခင်ဗျားက မာဒမ်ဂီဆယ်(လ)ကို လုံးဝမမြင်ဖူးပါဘူးလို့ ထွက်ဆိုခဲ့တယ် မဟုတ်လား"

"ကျွန်မအနေနဲ့ ဒီလိုပဲ ပြောတော့မှာပေါ့ရှင့်။ ဘယ်တတ်နိုင်မှာလဲ"

ဤတွင် စုံထောက်ကြီးဟာကျူလီသည် သူမအား ခေတ္တအကဲခတ်ကြည့်လိုက်ပြီးနောက်...

"ဟုတ်ပါတယ်လေ၊ ခင်ဗျားက ဒီလိုပဲ ပြောရမှာပဲ"ဟု ပြောလိုက်သည်။

"အခြေအနေက အတော်ဆိုးပါတယ်။ ဟိုရဲမှူးကြီးကလည်း ခဏခဏလာပြီး ကျွန်မကို မေးခွန်းတွေ မေးပါတယ်။ ဒါပေမဲ့ ကျွန်မဘက်က လုံခြုံနေလို့ တော်သေးတာပေါ့။ ရဲမှူးကြီးက စမ်းတဝါးဝါးနဲ့သာ မေးနေတာပါ။ သူက ဘာမှ မသိပါဘူး"

"ဒါတော့ လူတစ်ယောက်ဟာ ထင်ကြေးနဲ့ ပြောတာဆိုရင် အကြောင်းရှိလို့ပေါ့"



"ကျွန်မစိတ်ထဲမှာ ဘာမှပေါက်ကြားတာ မရှိဘူးဆိုပြီး အတော်စိတ်ချနေမိပါတယ်။ မနေ့ကမှ ဟိုစာရောက်လာပြီး ဒုက္ခတွေ့ရတော့တာပဲ"

"အဲဒီမတိုင်မီက ခင်ဗျားအနေနဲ့ မကြောက်ဘူးလား"

"ကြောက်တာပေါ့ရှင့်"

"ဘာကိုကြောက်တာလဲ။ ခင်ဗျားရဲ့ လျှို့ဝှက်အတွင်းရေးတွေ ပေါ်ပေါက်မှာကို ကြောက်တာလား။ လူသတ်မှုနဲ့ အဖမ်းခံရမှာကို ကြောက်တာလား"

စုံထောက်ဟာကျူလီ၏ စကားကိုကြားလျှင် သူမသည် မျက်နှာ ပျက်သွားလေသည်။

"ဟင်... လူသတ်မှု ဟုတ်လား။ မဟုတ်တာပဲရှင့်။ ကျွန်မက သူ့ကို သတ်တာမှ မဟုတ်ပဲ"

"သူသေတာကိုတော့ ခင်ဗျားက လိုလားတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မက မသတ်ခဲ့ဘူးရှင့်။ ရှင်က ကျွန်မကို ယုံစမ်းပါ။ လေယာဉ်ပေါ်တုန်းက ကျွန်မဟာ ထိုင်ခုံမှ လုံးဝမထဘူး။ ကျွန်မအနေနဲ့..."

သူမသည် စကားကို တစ်ပိုင်းတစ်စ ဖြတ်ထားလိုက်ပြီး စုံထောက်ဟာကျူလီအား တောင်းပန်သလို လှမ်းကြည့်လိုက်သည်။

ဟာကျူလီကလည်း ခေါင်းညိတ်လိုက်သည်။

"ကျုပ် ခင်ဗျားပြောတာကို ယုံပါတယ်။ ယုံကြည်တာလည်း အကြောင်းတစ်ခု ရှိလို့ပါ။ ပထမအကြောင်းက ခင်ဗျားဟာ မိန်းမသားတစ်ယောက် ဖြစ်လို့ပါ။ ဒုတိယအကြောင်းကတော့ ပိတုန်းတစ်ကောင်ကြောင့် ဖြစ်ပါတယ်"

"ဟင်... ပိတုန်းတစ်ကောင်လား"

လေဒီဟော်ဘူရီက အံ့သြစွာဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်ပါတယ်။ ခင်ဗျားက ရုတ်တရက် သဘောပေါက်မှာ မဟုတ်ဘူး။ ကိုင်း... လက်ငင်းပြဿနာကို ကြည့်လုပ်ကြရအောင်။ မစ္စတာ ဝေါ်ဘင်ဆင်ဆိုတဲ့လူကို ကျုပ်ကကြည့်ပြီး ဖြေရှင်းမယ်။ နောက်ကို ခင်ဗျား အနေနဲ့ ဒီလူကို မြင်လည်းမမြင်ရဘူး။ သူ့အကြောင်းလည်း မကြားရတော့ဘူး ဆိုတာ ကျုပ် အာမခံပါတယ်။ ကျုပ် အခုလို ကူညီတဲ့အတွက် ခင်ဗျားကို မေးခွန်း နှစ်ခုတော့ မေးချင်သေးတယ်။ လူသတ်မှုမဖြစ်ခင်တစ်ရက်က [illegible] ကလောက်ဟာ ပဲရစ်မြို့မှာ ရှိနေသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ရှိနေပါတယ်။ ကျွန်မနဲ့အတူ ညစာစားကြတယ်။ ဒါပေမဲ့ မာဒမ်ဂီဆယ်(လ်)နဲ့ သွားတွေ့ဖို့ကျတော့ သူက ကျွန်မတစ်ယောက်တည်းသွားရင် ကောင်းမယ်လို့ ပြောပါတယ်"

"ဟုတ်လား... ကောင်းပါပြီ။ နောက်မေးခွန်းတစ်ခု မေးပါဦးမယ်။ ခင်ဗျားဟာ မြို့စားကြီးနဲ့ အိမ်ထောင်မပြုမီက ပြဇာတ်မင်းသမီးလုပ်နေတော့ ခင်ဗျားနာမည်က စီစလီဘလင်းလို့ ပေးထားခဲ့တယ်။ ဒါ ခင်ဗျားရဲ့ နာမည်အရင်း ဟုတ်ပါသလား"

"မဟုတ်ပါဘူး။ ကျွန်မရဲ့ နာမည်ရင်းက မာသာဂျက်လို့ ခေါ်ပါတယ်"

"ဟုတ်ပြီ၊ စီစလီဘလင်းဆိုတာကတော့ ပြဇာတ်မင်းသမီးလုပ်မှယူတဲ့ နာမည်ဆိုပါတော့။ နောက်တစ်ခုက ခင်ဗျားကို ဘယ်အရပ်မှာ မွေးဖွားပါသလဲ"

"ဒွန်ကာစတာအရပ်မှာ မွေးပါတယ်။ ဘာကြောင့် မေးတာလဲရှင့်"

"ကျုပ်သိချင်လို့ မေးတာပါပဲ။ ကိုင်း ကျုပ် ခင်ဗျားကို အကြံတစ်ခု ပေးချင်ပါတယ်။ ခင်ဗျားယောက်ျားနဲ့ နားလည်မှုယူပြီး ကွာရှင်းပြတ်စဲဖို့ စီစဉ်လိုက်ပါလား"

"ဒီတော့ သူက ဟိုမိန်းမကို လက်ထပ်ယူလိုက်မှာပေါ့"

"ယူပါစေလားဗျာ၊ ခင်ဗျားအတွက် ဘေးအန္တရာယ် ကင်းရှင်းမယ်။ ပြီးတော့ ခင်ဗျားယောက်ျားကလည်း ထောက်ပံ့ကြေး မှန်မှန်ပေးပါလိမ့်မယ်"

"သူက ငွေများများစားစားတော့ ပေးမှာမဟုတ်ဘူးရှင့်"

"အရေးမကြီးပါဘူး။ ခင်ဗျားက လွတ်လပ်တဲ့ အမျိုးသမီးတစ်ဦးဖြစ်လာရင် သန်းကြွယ်သူဌေးကြီးတစ်ဦးနဲ့ အိမ်ထောင်ပြုနိုင်တာပဲ"

"ခုခေတ်မှာ သန်းကြွယ်သူဌေး (မီလျံနာ)တွေက သိပ်မရှိပါဘူး"

"မဟုတ်ပါဘူး။ တစ်ချိန်က ငွေသုံးသန်းချမ်းသာသူဟာ အခုလည်းပဲ နှစ်သန်းလောက်တော့ ချမ်းသာပါသေးတယ်"

စုံထောက်ဟာကြူလီက ပြောလိုက်ရာ လေဒီဟော်ဘူရီက ရယ်မောလိုက်သည်။

"ရှင်ကတော့ လူတစ်ဖက်သားကို ဆွဲဆောင်ပြောတဲ့ နေရာမှာ တကယ်စွမ်းပါပေတယ်။ ဒီမယ် ကျွန်မကို လာနှောင့်ယှက်တဲ့ ရော်ဘင်ဆင်ဆိုတဲ့လူက နောက်ထပ်မလာတော့ဘူးဆိုတာ သေချာရဲ့လားဟင်"

"စိတ်ချပါ၊ ကျုပ် လုံးဝ တာဝန်ယူပါတယ်"

(၂၀)

လန်ဒန်မြို့တွင် အထူးကုဆရာဝန်ကြီးများ ဆေးခန်းဖွင့်ထားကြသော နေရာကား ဟာလီလမ်းပင် ဖြစ်သည်။

စုံထောက်ရဲမှူးကြီးဂျက်သည် ဟာလီလမ်းအတိုင်း ခပ်သွက်သွက်လျှောက်လာပြီးနောက် တစ်နေရာသို့ ရောက်သောအခါ ရပ်လိုက်သည်။

ထို့နောက် သူသည် အတွင်းသို့ဝင်၍ ဒေါက်တာဘရိုင်ယန်နှင့် တွေ့လိုကြောင်း ပြောလိုက်သည်။

"လူကြီးမင်းက ဒေါက်တာနဲ့ ကြိုတင်ရက်ချိန်း ယူထားပါသလား"

စားပွဲထိုးနှင့်တူသူက မေးသဖြင့် ရဲမှူးကြီးဂျက်က...

"ကြိုတင် ချိန်းမထားပါဘူး။ ဒါပေမဲ့ ကျုပ် စာတစ်ကြောင်းနှစ်ကြောင်း ရေးပေးပါ့မယ်"ဟုပြောရင်း သူ၏ ရာထူးကတ်ပြားတစ်ခု၏နောက်တွင် အောက်ပါအတိုင်း ရေးလိုက်သည်။

**မိနစ်အနည်းငယ်မျှ တွေ့ပါရစေ...**
**မကြာစေရပါ...။**
**ဂျက်**

ဤသို့ရေးပြီး ကတ်ပြားကို စာအိတ်တစ်အိတ်တွင်ထည့်၍ [illegible] သည်။ ထို့နောက် သူသည် ဧည့်ခန်းတွင် ထိုင်စောင့်နေလိုက်သည်။ [illegible] ထဲတွင် အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ ရှိနေကြသည်။ [illegible] သည် စားပွဲပေါ်တွင် အသင့်တွေ့ရသော ပန့်(ချ်)မဂ္ဂဇင်း [illegible] ဖတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏမျှကြာသော် ဒေါက်တာဘရိုင်ယန်၏ စားပွဲထိုးရောက်လာလေသည်။

"ခဏလေးစောင့်ပါခင်ဗျာ။ ဒေါက်တာ ခင်ဗျားကို လက်ခံတွေ့ဆုံပါလိမ့်မယ်။ ဒီနေ့မနက် သူက အလွန်အလုပ်များနေပါတယ်"

ရဲမှူးကြီးဂျက်သည် ခေါင်းညိတ်လိုက်ပြီးနောက် ဆက်လက် ထိုင်စောင့်နေလိုက်သည်။ ထိုအချိန်၌ အမျိုးသမီးနှစ်ဦးသည် အချင်းချင်း စကားပြောနေကြရာ သူတို့အနေဖြင့် ဒေါက်တာဘရိုင်ယန်၏ အရည်အချင်းကို ချီးကျူးပြောနေကြသည်။ ထိုအတောအတွင်း နောက်ထပ် လူနာများလည်း ရောက်လာကြလေသည်။ ဒေါက်တာဘရိုင်ယန်သည် ဆေးဝါးကုသရာ၌ အောင်မြင်နေသူ ဆရာဝန်တစ်ဦးဖြစ်ကြောင်း သိသာထင်ရှားပေသည်။

ရဲမှူးကြီးဂျက်သည် ဤသို့စဉ်းစားမိသည်။

'ဒီဒေါက်တာက လူနာတွေ အများကြီး လာနေပုံထောက်တော့ လုပ်ငန်းအောင်မြင်နေတဲ့အတွက် ငွေချေးယူစရာအကြောင်း မရှိဘူး။ ဒါပေမဲ့ အတိတ်ကာလက အခြေအနေအရ ငွေချေးယူခဲ့တာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် အခုတော့ သူဟာ လုပ်ငန်းအလွန်အောင်မြင်နေတာ သေချာတယ်။ ဒီအခြေအနေမှာ သူ့အနေနဲ့ နာမည်ပျက်စရာ ကိစ္စတစ်ခုခုဖြစ်လာခဲ့ရင် သူ့လုပ်ငန်း ထိခိုက်ပျက်စီးသွားနိုင်တယ်'

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ စားပွဲထိုး ပြန်ရောက်လာပြီး...

"ဒေါက်တာက လူကြီးမင်းကို တွေ့ဆုံပါ့မယ်တဲ့"

ဟုပြောကာ ရဲမှူးကြီးဂျက်အား ဒေါက်တာဘရိုင်ယန်၏ သီးသန့်ဆေးကုခန်းသို့ ခေါ်သွားလေသည်။

ဒေါက်တာဘရိုင်ယန်သည် စားပွဲတွင်ထိုင်နေရာမှ ရဲမှူးကြီးကို မြင်လျှင် ထ၍ လက်ဆွဲနှုတ်ဆက်လေသည်။

"ဟုတ်ကဲ့ ရဲမှူးကြီးခင်ဗျား၊ ဘာများ အကူအညီပေးရမလဲ"

"အခုလို လူနာတွေ ဆေးကုနေချိန်မှာ လာပြီးအနှောင့်အယှက်ပေးရတာကို တောင်းပန်ပါတယ်။ ဒါပေမဲ့ သိပ်မကြာစေရပါဘူး"

ရဲမှူးကြီးဂျက်က ကုလားထိုင်တွင်ထိုင်ရင်း ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး။ အခုရဲမှူးကြီးလာတာဟာ လေယာဉ်ပေါ်က လူသတ်မှုကိစ္စနဲ့ပတ်သက်တယ် ထင်ပါတယ်"

"ဟုတ်ပါတယ်ခင်ဗျ။ ကျွန်တော်က ဒီအမှုကို စုံစမ်းထောက်လှမ်းနေဆဲပါပဲ"



"ဘာမှ အကြောင်းမထူးသေးဘူးလားဗျ"

"ကျွန်တော်တို့ ကျေနပ်လောက်အောင် ခရီးမရောက်သေးပါဘူး။ ကျွန်တော် အခုလာတာကတော့ ဒေါက်တာ့ကို မေးခွန်းတချို့ မေးချင်လို့ပါ။ လူသတ်ရာမှာ မြွေဆိပ်သုံးတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း သဘောမပေါက်ဘူးခင်ဗျ"

"ကျုပ် ဒါမျိုးတော့ ကျွမ်းကျင်တာ မဟုတ်ဘူး။ ဒါမျိုးနဲ့ပတ်သက်ရင် ကျွမ်းကျင်သူ ပါရဂူက ဝင်တာစပွန်းဆိုတဲ့သူပဲ"

"ဟုတ်ကဲ့၊ သို့သော်လည်း ဝင်တာစပွန်းတို့လို ပါရဂူတွေက သူတို့ပြောတဲ့ စကားလုံးတွေဟာ သာမန်အရပ်သားတွေ နားမလည်နိုင်ဘူးခင်ဗျ။ ကျွန်တော် မေးချင်တာက ဆေးဝါးကုသမှုနဲ့ဆိုင်ပါတယ်။ တစ်ခါတလေ ဝက်ရူးပြန်တဲ့ ရောဂါရှိသူတွေကို မြွေဆိပ်ထိုးဆေး ထိုးပေးလေ့ရှိတယ်ဆိုတာ ဟုတ်ပါသလား"

"ကျုပ်က ဝက်ရူးပြန်ရောဂါ အထူးကု ဆရာဝန် မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီရောဂါရှိသူ ဝေဒနာရှင်ကို မြွေဟောက်ရဲ့အဆိပ် ထိုးပေးရင် အလွန်ထိရောက်တယ်လို့တော့ ကြားဖူးပါတယ်"

"ဟုတ်ကဲ့... ဒေါက်တာကိုယ်တိုင် လေယာဉ်ပေါ်ပါလာတဲ့အတွက် ဒီကိစ္စကို စိတ်ဝင်စားလိမ့်မယ်လို့ ထင်ပါတယ်။ တကယ့်ပါရဂူတွေဆီသွားရင် ကျွန်တော်က ဘာမေးရမှန်း သိမှာမဟုတ်ဘူး။ အခု ဒေါက်တာအနေနဲ့ ထင်မြင်ယူဆချက် ပြောပြမယ်ဆိုရင် ကျွန်တော်တို့အဖို့ အသုံးကျမယ့် အချက်အလက် ရကောင်း ရပါလိမ့်မယ်"

ဤတွင် ဒေါက်တာဘရိုင်ယန်က ပြုံးလိုက်သည်။

"ခင်ဗျားပြောတာ မှန်ပါတယ်။ လူသတ်မှု ဖြစ်ပွားတာနဲ့ နီးနီးကပ်ကပ် ပတ်သက်နေရင် လူတိုင်းက စိတ်ဝင်စားကြမှာပဲ။ ကျုပ်လည်း စိတ်ဝင်စားမိပါတယ်။ ဒါကြောင့် ကျုပ်က ဒီအမှုကို တော်တော်ပဲ အချိန်ယူပြီး စဉ်းစားကြည့်မိတယ်"

"ဟုတ်ကဲ့... စဉ်းစားကြည့်တော့ ဘယ်လိုသဘောရပါသလဲ"

"အလွန်ထူးဆန်းနေပါတယ်။ ရာဇဝတ်မှုတစ်ခုကို အလွန်ထူးဆန်းတဲ့ နည်းနဲ့ ကျူးလွန်တာပဲလို့ ဆိုရမယ်။ အထူးသဖြင့် လူသတ်သမားကို အသတ်ခံရသူကမှ မမြင်လိုက်တာ ထူးဆန်းတယ်။ ဒီလူဟာ အလွန်အတင့်ရဲတဲ့လူမျိုးလို့ ဆိုနိုင်တယ်"

"မှန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ အဆိပ်ကို ရွေးသုံးပုံကလည်း အလွန်အံ့ဩဖို့ ကောင်းတယ်။ သူသတ်သမားဟာ ဘယ်လိုလုပ်ပြီး ဒီအဆိပ်မျိုးကို ရယူနိုင်မလဲ"

"ဒါကို သဘောပေါက်ပါတယ်။ ဒီအဆိပ်မျိုးကို ကိုင်တွယ်ဖို့ မပြောနဲ့ ကြားဖူးဖို့တောင် ခဲယဉ်းပါတယ်။ ခင်ဗျားအနေနဲ့က ဆရာဝန်တစ်ယောက်ဆိုပေမဲ့ ဒီအဆိပ်မျိုးကို ကိုင်တွယ်ဖူးမယ် မထင်ပါဘူး"

"ကျုပ် မိတ်ဆွေတစ်ဦးကတော့ အပူပိုင်းဒေသက အဆိပ်တွေကို သုတေသနလုပ်ပါတယ်။ သူ့ရဲ့ဓာတ်ခွဲခန်းမှာ မြွေဆိပ်အမျိုးမျိုး (ဥပမာ မြွေဟောက်ရဲ့အဆိပ်တစ်မျိုး)ကို အခြောက်ပြုလုပ်ထားလေ့ရှိတယ်။ သို့သော်လည်း ဘွန်းဆလင်ဆိုတဲ့မြွေဆိပ်မျိုးတော့ ရှိမယ်မထင်ဘူး"

ဒေါက်တာဘရိုင်ယန်ကပြောလိုက်ပြီး ရဲမှူးကြီးဂျက်သည် စာရွက်တစ်ရွက်ထုတ်ယူ၍ ဆရာဝန်ကြီးအား လှမ်းပေးလိုက်သည်။

"အဲဒါက ဝင်တာစပွန်းက ရေးပေးလိုက်တဲ့ နာမည်သုံးခုဖြစ်ပါတယ်။ ဒေါက်တာအနေနဲ့ ဒီလူသုံးဦးထဲက တစ်ဦးဦးကိုများ သိပါသလား"

"ပါမောက္ခကနေဒီကို ကျုပ်သိတယ်။ သိပ်ရင်းရင်းနှီးနှီး မဟုတ်ပါဘူး။ ဟီဒလာဆိုသူကိုတော့ ကောင်းကောင်းသိတယ်။ ခင်ဗျား သူ့ဆီသွားရင် ကျုပ်နာမည်ပြောလိုက်ပါ။ ကူညီပါလိမ့်မယ်။ နောက်တစ်ယောက် ကာမိုင်ဘယ်ဆိုသူကတော့ အီဒင်ဘာရာမြို့က ဖြစ်တယ်။ သူ့ကို ကျုပ်က လူချင်းမသိပါဘူး။ သို့သော်လည်း သုတေသနလုပ်ငန်းကို ထူးချွန်စွာလုပ်ခဲ့သူ ဖြစ်ပါတယ်"

"ကျေးဇူးပါပဲ ဒေါက်တာ၊ ကျွန်တော် သွားပါဦးမယ်။ နှောင့်ယှက်ရတာကိုလည်း တောင်းပန်ပါတယ်"

ဤသို့နှုတ်ဆက်ပြီး ရဲမှူးကြီးဂျက်သည် ပြန်ထွက်လာလေသည်။

သူ၏စိတ်ထဲတွင်ကား ကျေနပ်သဘောကျနေမိလေသည်။ သူသည် မည်သည့်ရည်ရွယ်ချက်က ဘာဖြစ်သည်ကို ဒေါက်တာဘရိုင်ယန်က လုံးဝ နိုပ်မိပုံ မရသဖြင့် သဘောကျမိခြင်း ဖြစ်လေသည်။

❖ ❖ ❖

(၂၁)

ရဲမှူးကြီးဂျက်သည် ဗြိတိသျှစုံထောက်အဖွဲ့ (စကော့တလန်ယာ့ဒ်) ဌာနချုပ်ရုံးသို့ ပြန်ရောက်သောအခါ စုံထောက်ဟာကြူလီက သူနှင့်တွေ့ဆုံရန် လာစောင့်နေကြောင်း သိရလေသည်။

ရဲမှူးကြီးဂျက်သည် စုံထောက်ဟာကြူလီအား ဝမ်းသာအားရ နှုတ်ဆက်လေသည်။

"ဟဲလို မိတ်ဆွေကြီးဟာကြူလီ၊ ဘာများကိစ္စပေါ်လို့ ဒီကိုရောက်လာရတာလဲဗျ။ သတင်းများထူးလို့လား"

"ကျုပ်က ခင်ဗျားကို သတင်းမေးရအောင် လာတာပါ"

"အင်း… မှန်တာပြောရရင် သတင်းက တယ်ပြီး မထူးလှဘူးဗျ။ ပြင်သစ်ပြည်၊ ပဲရစ်မြို့က ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်မှာ စုံစမ်းကြည့်တော့ လေယာဉ်ပေါ်မှာတွေ့တဲ့ လေမှုတ်ပိုက်ဟာ သူ့ဆိုင်က ရောင်းလိုက်တာပါလို့ ပြောတယ်။ ပြင်သစ်ထောက်လှမ်းရေးက မစ္စတာဖိုနီယာကလည်း ကျုပ်တာ အကြောင်းမထူးသေးဘူးလား နားပူနားဆာလုပ်ပြီး မေးနေတယ်။ ကျွန်တော်ကိုယ်တိုင် လေယာဉ်မောင်တွေ အကြိမ်ကြိမ်မေးကြည့်တော့ ခင်ဗျားပြောတဲ့ လူသတ်မှု ကျူးလွန်နိုင်လောက်အောင် စိတ္တဇေဒအချိန်အခါမျိုးက လေယာဉ်ခရီးစဉ်မှာ မရှိခဲ့ပါဘူးလို့ပဲ အစစ်ခံကြတယ်။ အချင်းဖြစ်ပွားတဲ့ လေယာဉ်ခရီးစဉ်တစ်လျှောက် ဘာမှ ထူးထူးခြားခြား မဖြစ်ခဲ့ပါဘူးတဲ့ဗျ"

"လေယာဉ်မောင်နှစ်ဦးက လေယာဉ်ရှေ့ကို ရောက်နေခဲ့မှာလား မရှိနိုင်ဘူးလား"

"ခရီးသည်တွေကိုလည်း ထပ်ပြီး မေးကြည့်ပြီးပြီ သူတို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်းပဲ ထွက်ဆိုကြတယ်။ ခရီးသည်အားလုံးကတော့ လိမ်ပြောတာ မဖြစ်နိုင်ဘူး"

"ကျုပ်ကိုင်ခဲ့တဲ့အမှုတစ်ခုမှာတော့ လူတိုင်းက လိမ်ပြောနေခဲ့ကြတယ်ဗျ"

"ဟာဗျာ... အရေးထဲ ခင်ဗျားကလည်း အရင်ကအမှုတွေအကြောင်း ပြောနေပြန်ပါပြီ။ ရှင်းရှင်းပြောရရင် ဒီအမှုနဲ့ပတ်သက်လို့ ကျုပ်စိတ်ထဲမှာ အတော်ပဲ မကျေမနပ်ဖြစ်နေမိတယ်။ စုံစမ်းထောက်လှမ်းလို့လည်း ဘာမှ ထိထိမိမိ ထိထိရောက်ရောက် အကြောင်းမထူးဘူး။ ကျုပ်တို့ရဲ့ အကြီးအကဲ စုံထောက်မင်းကြီးကလည်း ကျုပ်အပေါ် ဘဝင်ကျပုံမရဘူး။ ကျုပ်ကလည်း ဘာတတ်နိုင်မှာလဲ။ တစ်ခုပဲရှိတာက ဒီအမှုဟာ တစ်စိတ်တစ်ဒေသ ပြင်သစ်ပြည်နဲ့လည်းဆိုင်နေတော့ ပြင်သစ်ရဲအဖွဲ့ကို တာဝန်ပုံချရင် ဖြစ်တယ်။ သို့သော် ပြင်သစ်ထောက်လှမ်းရေးက လူသတ်မှု ကျူးလွန်သူဟာ အင်္ဂလိပ်လူမျိုးဖြစ်ဖို့ များတဲ့အတွက် ကျုပ်တို့ကသာ တာဝန်ရှိတယ်လို့ ဆိုနေကြတယ်"

"ဘာလဲ... ခင်ဗျားကိုယ်တိုင်က လူသတ်မှုကျူးလွန်သူဟာ ပြင်သစ်လူမျိုးလို့ ယူဆပါသလား"

"မယူဆပါဘူး။ ဟိုပြင်သစ်အမျိုးသား ရှေးဟောင်းသုတေသန ဆရာဆိုတာက တရားခံမဖြစ်နိုင်ဘူး။ သူတို့တွေက ရှေးဟောင်းပစ္စည်းတွေကိုသာ စိတ်ဝင်စားတယ်။ ပစ္စည်းတစ်ခုကိုကြည့်ပြီး နှစ်ပေါင်းငါးထောင်ကျော်က ပစ္စည်းလို့ ခန့်မှန်းတတ်ကြတယ်။ သူတို့ပြောတာကိုလည်း ဘယ်သူကမှ ငြင်းလို့မရဘူး။ ဒါတွေ အသာထားပါတော့လေ အဲဒီပြင်သစ်လူမျိုး သားအဖက လူသတ်မှု ကျူးလွန်တယ်လို့ မထင်ဘူး"

"ဒါဖြင့် ဘယ်သူက သတ်တာလို့ ထင်ပါသလဲ"

"စဉ်းစားစရာ မစ္စတာကလင်စီဆိုတဲ့လူတော့ ရှိတယ်။ ဒီလူက တစ်မျိုးပဲဗျ။ လမ်းသွားရင်း တစ်ယောက်တည်း သူ့ကိုယ်သူ စကားပြောလေ့ရှိတယ်။ ဒါဟာ အကြောင်းရှိရမယ်"

"ဒါတော့ သူရေးတဲ့ ဝတ္ထုစာအုပ်သစ်အတွက် ဇာတ်လမ်းကို စဉ်းစားရင်း ပါးစပ်ကပြောကြည့်တာ ဖြစ်နိုင်ပါတယ်"

"ဒါလည်း ဟုတ်ချင် ဟုတ်မှာပေါ့လေ။ မဟုတ်ပဲ တခြားအကြောင်းတစ်ခုလည်းပဲ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကျုပ် အမျိုးမျိုးစဉ်းစားကြည့်တော့ ဒီလူ့အနေနဲ့ သူသတ်ဖို့အကြောင်း သို့မဟုတ် ရည်ရွယ်ချက်ကို စဉ်းစားလို့ မရဘူး။ နောက်တစ်ခုက လေဒီဟော်ဘူရီဆိုတဲ့ အမျိုးသမီးကို စဉ်းစားစရာ ရှိတယ်။



ဒါပေမဲ့ သူ့ကျတော့လည်း ကျုပ်က ဘယ်လိုမှခိုင်လုံတဲ့ အကြောင်းအချက် ရှာလို့မရဘူး"

စုံထောက်ဟာကြူလီက ပြုံး၍ နားထောင်နေရာ ရဲမှူးကြီးဂျက်သည် စကားဆက်ပြောလေသည်။

"လေယာဉ်မောင်နှစ်ယောက်ကိုလည်း ကျုပ် လေ့လာကြည့်တယ်။ သူတို့အနေနဲ့ သေသူ မာဒမ်ဂီဆယ်(လ်)နဲ့ အဆက်အသွယ် လုံးဝမရှိကြောင်း သိရပြန်တယ်"

"ဒေါက်တာဘရိုင်ယန်ကရော..."

"အေးဗျ၊ သူနဲ့ပတ်သက်လို့ စဉ်းစားစရာတစ်ခုတော့ ရှိတယ်။ ဒီဆရာဝန်နဲ့ သူ့လူနာအကြောင်း ကောလာဟလသတင်းတွေ ထွက်နေတယ်။ လူနာက အမျိုးသမီး ချောချောလှလှတဲ့။ သူ့ယောကျ်ားက အလွန်ဆိုးတယ်လို့လည်း ပြောတယ်။ လူနာက မူးယစ်ဆေးဝါးသုံးစွဲတယ်လို့လည်း ဆိုတယ်။ ဒီဆရာဝန်က သတိမထားရင် သူ့ရဲ့ဆေးကုသခွင့် လိုင်စင်ပါ ပြုတ်သွားနိုင်တယ်။ နောက်တစ်ခုက ဒီဆရာဝန်အနေနဲ့ မြွေဆိပ် ဘယ်ကရနိုင်တယ်ဆိုတာ ကျုပ် ပြောနိုင်တယ်။ ကျုပ်က သူနဲ့သွားတွေ့ပြီး စကားပြောကြည့်ရင်း သူက အမှတ်မထင်ပြောလိုက်တဲ့ စကားအရသိရတယ်။ ဒါပေမဲ့ အခုအချိန်အထိ ကျုပ်တို့မှာ ထင်တာပဲရှိတယ်။ ခိုင်လုံတဲ့ အချက်အလက်ရယ်လို့ မရသေးဘူး။ မစ္စတာဘရိုင်ယန်ဆိုတဲ့လူကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်။ ဒါကို ကျုပ်တို့ စစ်ဆေးကြည့်ပြီးပြီ၊ အားလုံးကိုခြုံပြီး သုံးသပ်လိုက်တော့ ကျုပ်တို့မှာ အမှုမှန် ပေါ်ပေါက်ဖို့ ဘာမှမနီးစပ်ဘဲ ဖြစ်နေတယ်။ အလွန်ခေါင်းရှုပ်စရာပါပဲ"

"ခေါင်းရှုပ်တယ်ဆိုတာက စဉ်းစားသူရဲ့ဦးနှောက်က စနစ်တကျ မရှိလို့ပါ"

"ခင်ဗျားပြောချင်သလို ပြောနိုင်ပါတယ်။ ဒါပေမဲ့ ခေါင်းရှုပ်စရာ ဖြစ်နေတာတော့ အမှန်ပဲ။ ပြင်သစ်ထောက်လှမ်းရေးက မစ္စတာဖိုနီယာဆိုရင် လည်း ဘာမှမတတ်နိုင်ဘူး။ ခင်ဗျားကတော့ အားလုံးအကွက်ချပြီး တွက်ချက် ပြီးနေပြီ ဆိုပါတော့"

"ခင်ဗျားပြောပုံက ကျုပ်ကို လှောင်ပြောင်သရော်သလိုဖြစ်နေတယ်။ ကျုပ်က အားလုံး အကွက်ချတွက်ချက် မပြီးသေးပါဘူး။ ကျုပ်က [illegible] တစ်လှမ်းပြီးတစ်လှမ်း စနစ်တကျ လှမ်းတယ်။ ဒါပေမဲ့ အခု [illegible] လှသေးဘူး။ ခြေလှမ်းတွေ အများကြီးလှမ်းရဖို့ ရှိသေးတယ်"

"ဟုတ်လား၊ ဒီလိုကြားရတာ သဘောကျပါတယ်။ ခင်ဗျား [illegible]

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းပုံကိုလည်း ပြောပြစမ်းပါဦးဗျ"

ရဲမှူးကြီးဂျက်က ပြောလိုက်လျှင် စုံထောက်ဟာကျူလီသည် ပြုံးလိုက်သည်။

"ကျုပ်က ဇယားတစ်ခုဆွဲထားတယ်ဗျ"

ပြောရင်းနှင့် စုံထောက်ဟာကျူလီသည် အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်ပြီးမှ ဆက်ပြောလေသည်။

"ကျုပ် အခြေခံ စဉ်းစားတဲ့သဘောတရားက ဒီလိုဗျ။ လူသတ်မှုဆိုတာ အကျိုးသက်ရောက်မှုတစ်ခု ရရှိအောင်ဖန်တီးတဲ့ လုပ်ရပ်တစ်ခုဖြစ်တယ်"

"ပြန်ပြောစမ်းပါဦးဗျ"

"ကျုပ်ပြောတာ ဘာမှမခက်ပါဘူး"

"ခင်ဗျားပြောပုံက တော်တော်ခက်တဲ့ပြဿနာတစ်ခုလို ဖြစ်နေတယ်"

"မဟုတ်ပါဘူး။ အကျိုးသက်ရောက်မှုတစ်ခု ရရှိဖို့အတွက် ဖန်တီးယူတဲ့လုပ်ရပ်လို့ ကျုပ်ပြောတာက ရှင်းရှင်းကလေးပဲ။ ဥပမာ ခင်ဗျားက ငွေလိုချင်နေတယ်ဆိုပါတော့။ ငွေရဖို့နည်းလမ်းက ခင်ဗျားရဲ့အဒေါ်တစ်ယောက် ရှိတယ်၊ သူသေရင် ခင်ဗျားက ငွေရမယ်၊ ဒီတော့ လက်တွေ့လုပ်ရပ်အနေနဲ့ ခင်ဗျားအဒေါ်ကို သတ်လိုက်တယ်။ အကျိုးသက်ရောက်မှုကတော့ ခင်ဗျားက ငွေရတယ်။ ဒီလိုသဘောမျိုးပြောတာ"

"ဩော်... ဒီလိုလား။ ကျုပ်မှာ တကယ်သာ အဲဒီလိုအဒေါ်မျိုး တစ်ယောက်ရှိရင် ကောင်းမှာပဲ။ ဟဲ... ဟဲ"

ရဲမှူးကြီးဂျက်က ရယ်စရာလုပ် ပြောလိုက်ပြီးမှ ဆက်လက်၍...

"ကဲ... ဆက်ပြောပါဦး၊ ခင်ဗျားဆိုလိုတာ သဘောပေါက်ပါပြီ။ လူသတ်မှုတစ်ခုမှာ အကျိုးသက်ရောက်မှု သို့မဟုတ် ရည်မှန်းချက်ရှိရမယ်လို့ ဆိုလိုတာ မဟုတ်လား"ဟု ပြောလိုက်သည်။

"ကျုပ်နည်း ကျုပ်ဟန်နဲ့ပြောပါ့မယ်။ လူသတ်မှုဆိုတဲ့ လုပ်ရပ်ကို လုပ်လိုက်ပြီးပြီ။ ဖြစ်လာတဲ့ အကျိုးသက်ရောက်မှုက ဘာလဲ။ အဲဒီအကျိုးသက်ရောက်မှုက အမျိုးမျိုးဖြစ်တတ်တယ်။ ဒီတော့ ကျုပ်က လူသတ်မှုဖြစ်ပြီးလို့ သုံးပတ်ကြာပြီဖြစ်တဲ့ ဒီနေ့မှာ အကျိုးသက်ရောက်မှု ငါးမျိုးကို လေ့လာသုံးသပ်ကြည့်တယ်"

ပြောပြောဆိုဆို စုံထောက်ဟာကျူလီသည် စာရွက်ကိုဖြန့်ပြလိုက်သည်။



ရဲမှူးကြီးဂျက်လည်း စိတ်ဝင်စားဟန်ဖြင့် ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။

ဂျိန်း - အကျိုးသက်ရောက်မှု အခြေအနေ ကောင်းလာသည်။ လစာတိုးရသည်။

နော်မန်ဂေး(လ်)- အကျိုးသက်ရောက်မှု လုပ်ငန်းထိခိုက်နစ်နာလာသည်။

လေဒီဟော်ဘူရီ- အကျိုးသက်ရောက်မှု ကောင်းလာသည်။ (မှတ်စုစာအုပ်ထဲမှ စီအယ်လ် ၅၂ သင်္ကေတဖြစ်လျှင်)

ဗင်နီရှာကား - အကျိုးသက်ရောက်မှု အခြေအနေ မကောင်း။ မာဒမ်ဂီဆယ်(လ်) သေဆုံးသွားသည့်အတွက် မြို့စားကြီး ဟော်ဘူရီက ဇနီးနှင့် ကွာရှင်းရန် အထောက်အထားရရှိဖို့ ခဲယဉ်းလာသည်။

ဖတ်နေရင်း ရဲမှူးကြီးဂျက်သည် ခေတ္တရပ်လိုက်ပြီး ကြားဖြတ်မေးခွန်းထုတ်လေသည်။

"ခင်ဗျားက ဗင်နီရှာကားဆိုတဲ့ အမျိုးသမီးဟာ လေဒီဟော်ဘူရီရဲ့ ခင်ပွန်း မြို့စားကြီးကို ချိန်နေတယ်လို့ ထင်တယ်ဆိုပါတော့။ ခင်ဗျားကတော့ သူများရဲ့ အချစ်ရေးကိစ္စတွေကိုတောင် လိုက်ပြီးစပ်စုတာပဲကိုး"

စုံထောက်ကြီးဟာကျူလီက ဘာမှမပြောဘဲ ပြုံးနေလိုက်ရာ ရဲမှူးကြီးဂျက်သည် စာရွက်ကို ဆက်ဖတ်လေသည်။

မစ္စတာကလင်စီ - အကျိုးသက်ရောက်မှု ကောင်းသည်၊ လူသတ်မှု အခြေခံ၍ ဝတ္ထုတစ်ပုဒ်ရေးပြီး ငွေကောင်းကောင်းရရန် မျှော်လင့်သည်။

ဒေါက်တာဘရိုင်ယန် - အကျိုးသက်ရောက်မှု အခြေအနေကောင်းသည်။ (အကယ်၍ မာဒမ်ဂီဆယ်(လ်)၏မှတ်စုစာအုပ်ထဲမှ အာရ်တီ ၃၆၂ သင်္ကေတသည် သူဖြစ်နေလျှင်)

မစ္စတာရိုင်ဒါ - အကျိုးသက်ရောက်မှု အခြေအနေ ကောင်းသည်။ လူသတ်မှုအကြောင်း ဆောင်းပါးရေးရ၍ ငွေရခဲ့သည်။ (အကယ်၍ မှတ်စု

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | | စာအုပ်ထဲမှ သင်္ကေတအိတ်(စ်) ဗွီဘီ ၇၂၄ ဖြစ်လျှင်) |
| မစ္စတာဒူပွန် | - | အကျိုးသက်ရောက်မှု မည်သို့မှမရှိ။ |
| ဂျွန်ဒူပွန် | - | အကျိုးသက်ရောက်မှု အလားတူပင် ဖြစ်သည်။ |
| လေယာဉ်မောင် | - | အကျိုးသက်ရောက်မှု |
| မစ်ချယ် | - | မည်သို့မှမရှိ |
| ဒေးဗစ် | - | အကျိုးသက်ရောက်မှုမရှိ |

ယင်းမှတ်ချက်များကို ဖတ်ကြည့်ပြီးနောက် ရဲမှူးကြီးဂျက်သည် စုံထောက်ဟာကျူလီအား လှမ်းကြည့်လိုက်သည်။

"ဒီလိုသုံးသပ်ချက်တွေကို ကြည့်ခြင်းအားဖြင့် တရားခံအစစ် ပေါ်ပေါက်ဖို့ အထောက်အကူရမယ်လို့ ခင်ဗျားထင်သလား"

"အခြေအနေကို ရှင်းရှင်းလင်းလင်း အကဲဖြတ်နိုင်ဖို့တော့ အထောက်အကူ ဖြစ်ပါတယ်။ လူလေးယောက်အတွက် လူသတ်မှုဖြစ်ပွားတာကြောင့် ကောင်းတဲ့ အကျိုးသက်ရောက်မှုရှိတာ ထင်ရှားလာတယ်။ အဲဒီလေးယောက်ကတော့ မစ္စတာကလင်စီကျိန်း၊ မစ္စတာရိုင်ဒါနဲ့ လေဒီဟော်ဘူရီတို့ ဖြစ်တယ်။ နော်မန်ဂေး(လ်)နဲ့ ဗင်နီရှာကားတို့အဖို့တော့ မကောင်းတဲ့ အကျိုးသက်ရောက်မှု ဖြစ်လာတယ်။ နောက် လူလေးယောက်ကတော့ ဘယ်လိုမှ အကျိုးသက်ရောက်မှု မရှိဘူး။ ဒေါက်တာဘရိုင်ယန်အဖို့မှာလည်း ကောင်းကျိုးလည်း မဖြစ်ဘူး။ အကျိုးသက်ရောက်မှု ဘာမှလည်း မရှိဘူးလို့ ဆိုနိုင်ပါတယ်"

"ဒီတော့ ဘာဆက်လုပ်ရမှာလဲ"

"ဘာဆက်လုပ်မလဲဆိုရင် တရားခံကို ဆက်ပြီးရှာရမှာပဲပေါ့"

"ဆက်ရှာဖို့က အချက်အလက် အထောက်အထားရယ်လို့ ဘာမှမရှိဘဲ ဖြစ်နေတယ်ဗျ။ ပဲရစ်မြို့မှာ ပြင်သစ်ရဲက စုံစမ်းထောက်လှမ်းတာ မထူးခြားရင် ဘာမှ ဆက်လုပ်လို့ မရဘူး။ သေသူ မာဒမ်ဂီဆယ်(လ်)နဲ့ပတ်သက်တဲ့ အကြောင်းအချက်တွေ ပြည့်စုံအောင်သိရဖို့ အရေးကြီးတယ်။ ကျုပ်ကိုယ်တိုင်တို့ အိမ်ဖော်အမျိုးသမီးကို စစ်လိုက်ရင် မစ္စတာဖိုနီယာထက်ပိုပြီး အချက်အလက်တွေ ရလိမ့်မယ်လို့ ထင်မိတယ်"

"ကျုပ်တော့ မထင်မိဘူး။ ဒီမယ် မိတ်ဆွေကြီး၊ ဒီအမှုမှာ စိတ်ဝင်စားစရာ အကောင်းဆုံးက သေသူအမျိုးသမီးရဲ့ ပင်ကိုစရိုက် သို့မဟုတ် သူ့ရဲ့ ဘဝ



ဖြစ်စဉ်ပဲ ဖြစ်တယ်။ သူမှာ ဆွေမျိုးသားချင်းလည်း မရှိဘဲ အိမ်ထောင်မိသားစုနဲ့ နေထိုင်တဲ့ အခြေအနေမျိုးလည်း မရှိဘူး။ တစ်ချိန်ကတော့ သူဟာ ငယ်ရွယ်သူအဖြစ် အချစ်ရေးကိစ္စ ရှိကောင်းရှိမယ်။ နောက်ပိုင်းကျတော့ ဒုက္ခရောက်ဘာနဲ့ အတိတ်ကို ပြည်ဖုံးကားချလိုက်တယ်။ သူ့ဆီမှာ အတိတ်က အမှတ်တရပစ္စည်းရယ်လို့ ဓာတ်ပုံတစ်ပုံတောင် မရှိဘူး။ မူလနာမည်ရင်း မာရီမိုရီဆော့ကိုလည်း ဖျောက်ပြီး မာဒမ်ဂီဆယ်(လ်)ဆိုတဲ့ နာမည်သစ်နဲ့ ငွေတိုးချေးစားသူဖြစ်လာတယ်"

"သူ့ရဲ့ အတိတ်ကာလထဲမှာ အမှုရဲ့ သဲလွန်စ ရှိလိမ့်မယ် ထင်လို့လား"

"ဖြစ်နိုင်ပါတယ်"

"သဲလွန်စရရင်တော့ ကောင်းမှာပဲ။ အခုလောလောဆယ် ကျုပ်တို့မှာ ဘာသဲလွန်စမှ မရှိဘူး"

ဤတွင် စုံထောက်ဟာကျူလီက ပြုံးလိုက်သည်။

"ကျုပ်က သဲလွန်စတွေကို စုံလောက်ဝတ္ထုဆန်ဆန် နာမည်ပေးချင်တယ်။ ဥပမာ ပိတုန်းကောင်၏ သဲလွန်စ၊ ခရီးသည်များ၏ ပစ္စည်းများ သဲလွန်စ၊ ဇွန်းအပိုတစ်ချောင်း၏ သဲလွန်စ အဲဒါမျိုးပေါ့"

"နေပါဦး၊ ဇွန်းအပိုတစ်ချောင်းဆိုတာက ဘယ်လိုလဲ"

"သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ ကော်ဖီပန်းကန်မှာ ဇွန်းအပိုတစ်ချောင်း တွေ့ရတယ်"

"တချို့ကတော့ ဇွန်းအပိုတွေ့ရင် လက်ထပ်မင်္ဂလာပွဲ ဖြစ်တတ်တယ်လို့ဆိုတယ်"

"အခုအခြေအနေမှာတော့ လက်ထပ်မင်္ဂလာပွဲ မဖြစ်ဘဲ ဈာပန အခမ်းအနားတစ်ခုသာ ဖြစ်လာတယ်ဗျ"

စုံထောက်ဟာကျူလီက စကားကို အဆုံးသတ်လိုက်သည်၊

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

နော်မန်ဂေး(လ်)သည် ဂျိန်းနှင့် စုံထောက်ဟာကြူလီတို့နှင့်အတူ ညစာစားရင်း ဆုံကြသောအခါ စုံထောက်ဟာကြူလီ နောက်ထပ် မစ္စတာရော်ဘင်ဆင်အဖြစ် ဟန်ဆောင်ရန်မလိုတော့ကြောင်း ပြောလိုက်သည်။

"မစ္စတာရော်ဘင်ဆင်ဆိုသူဟာ သေသွားပြီလို့သာ မှတ်ပါတော့"

စုံထောက်ဟာကြူလီက ရယ်စရာလုပ်၍ပြောလိုက်ရာ နော်မန်ဂေး(လ်)သည် သဘောကျလျက် ရယ်မောလိုက်သည်။

"ဟိုမှာ ဘာတွေဖြစ်သလဲရှင့်"

ဂျိန်းကမေးလိုက်လျှင် စုံထောက်ဟာကြူလီက ပြုံးလိုက်သည်။

"ကျုပ်သိချင်တာကို သိခဲ့ရတယ်လေ။ လေဒီဟော်ဘူရီက မာဒမ်ဂီဆယ်(လ်)နဲ့ ပတ်သက်ခဲ့လို့လား"

"ဟုတ်တယ်"

နော်မန်ဂေး(လ်)ကလည်း ထောက်ခံသည့်အနေဖြင့်...

"သူနဲ့ ကျွန်တော် စကားပြောခဲ့ရပုံအရ ဒီအချက်ဟာ ထင်ရှားနေတယ်"

ဟုပြောလိုက်သည်။

"မှန်ပါတယ်။ ဒါပေမဲ့ ကျုပ် အသေးစိတ်ကို သိချင်တယ်"

စုံထောက်ဟာကြူလီက ဖြည့်စွက်ပြောလိုက်သည်။

"ဒီတော့ ခင်ဗျားက အသေးစိတ် သိခဲ့ရသလား"

"သိခဲ့ရတယ်"

နော်မန်ဂေး(လ်)နှင့် ဂျိန်းတို့နှစ်ယောက်စလုံးက စုံထောက်ဟာကြူလီအား စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်သည်။ အမှုအကြောင်း ဆက်လက်



ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်လျက် စောင့်နေကြခြင်း ဖြစ်သည်။ သို့သော် စုံထောက်ဟာကြူလီသည် အမှုအကြောင်း လုံးဝမပြောဘဲ လူတစ်ယောက်၏ ကိုယ်ရေးကိုယ်တာဘဝနှင့် လုပ်ငန်းအကြောင်း နှိုင်းယှဉ်၍ ဆွေးနွေးနေလေသည်။

"လူအများစုဟာ အလုပ်လုပ်တဲ့အခါ သူတို့စိတ်ထဲ နှစ်သက်သဘောကျတဲ့ အလုပ်ကိုပဲ ရွေးပြီးလုပ်တတ်ကြတယ်။ ပါးစပ်ကတော့ အမှန်ကို ဖွင့်မပြောကြဘူး။ ဥပမာ ရုံးတစ်ရုံးမှာလုပ်တဲ့ လူတစ်ယောက်က သူဟာ ဝေးလံတဲ့ နေရာဒေသတွေကို စွန့်စားသွားရောက်ပြီး လေ့လာရေးလုပ်ချင်တယ်လို့ ပြောသိမ့်မယ်။ အဲဒီလို နိုင်ငံခြားခရီး စွန့်စားသွားရတဲ့ ဝတ္ထုတွေကိုလည်း ဖတ်တယ်။ သို့သော်လည်း လက်တွေ့ကျတော့ သူဟာ ရုံးမှာလုပ်ရတဲ့ အလုပ်ကိုသာ သက်သက်သာသာ လုပ်နေတတ်တယ်။ လက်တွေ့စွန့်စား ခရီးသွားတာမျိုး မလုပ်ဘူး"

ထိုစကားကို ဂျိန်းက သဘောကျပုံ မရချေ။

"ဒီအတိုင်းဆိုရင် ကျွန်မက နိုင်ငံခြားခရီးသွားလာချင်တာဟာ တကယ်မဟုတ်သလို ဖြစ်နေပြီပေါ့။ အမှန်က ကျွန်မဟာ တကယ်ပဲ နိုင်ငံခြား ခရီးသွားတာကို သဘောကျတယ်ရှင့်"

"မိန်းကလေးက အသက်ငယ်သေးတာကိုး။ ငယ်ရွယ်တဲ့အချိန်မှာဘဲ အရာရာကို စူးစမ်းချင်တယ်။ စမ်းကြည့်ချင်တဲ့သဘော ရှိတတ်ကြတယ်။ သို့သော်လည်း တကယ်တမ်း အခြေကျကျနေတော့မယ်ဆိုရင် ကိုယ်သဘောကျတဲ့ အလုပ်ကိုသာ လုပ်လေ့ရှိကြတယ်"

"တကယ်လို့ ကျွန်မက အလွန်ချမ်းသာကြွယ်ဝတဲ့ ဘဝမျိုးကိုမှ သဘောကျနေရင်ရော"

"ဒါဆိုရင် မလွယ်လှဘူး။ အတော်ခက်လိမ့်မယ်"

ဤတွင် နော်မန်ဂေး(လ်)က သူ၏သဘောထားကို ဝင်ပြောသည်။

"ကျွန်တော်တော့ ခင်ဗျားရဲ့အယူအဆကို သဘောမတူနိုင်ဘူး။ ကျွန်တော်ဆိုရင် အခု သွားဘက်ဆိုင်ရာ ဆရာဝန်ဖြစ်နေတာဟာ အခြေအနေအရ ဖြစ်လာရခြင်းပဲ။ ကျွန်တော့်ဦးလေးက သွားဘက်ဆရာဝန်တစ်ဦးဖြစ်နေတော့ သူက ကျွန်တော့်ကိုလည်း သူ့လိုသွားဘက်ဆရာဝန် ဖြစ်စေချင်တာ။ ကျွန်တော်က သဘောမကျဘဲ စွန့်စားခရီးသွားတာကို သဘောကျတယ်။ သို့ ကျွန်တော်ဟာ သွားဘက်ဆရာဝန်မလုပ်ဘဲ တောင်အာဖရိကကိုသွားပြီး နို ပျိုးရေးလုပ်ငန်း လုပ်ခဲ့ပါတယ်။ သို့သော်လည်း အလုပ်က သိပ်မအောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာလည်း အတွေ့အကြုံနည်းပါးတာကြောင့် မဟန်တာနဲ့ ပြန်လာပြီး ဦးလေးအကြံပေးတဲ့အတိုင်း သွားဘက်ဆိုင်ရာဆရာဝန် ပြန်လုပ်နေရခြင်း ဖြစ်ပါတယ်"

"ဟုတ်လား။ အခုလည်းပဲ မောင်ရင်က ဒီအလုပ်ကို စွန့်ပစ်ပြီး ကနေဒါနိုင်ငံကို သွားဖို့ စိတ်ကူးနေပြန်ပြီ မဟုတ်လား"

စုံထောက်ဟာကျူလီက ပြောလိုက်ရာ နော်မန်ဂေး(လ်)က...

"ဒီတစ်ခါတော့ ကျွန်တော်က မသွားလို့မဖြစ်တဲ့ အခြေအနေကြောင့် သွားရမှာပါ"ဟု ပြန်ပြောလိုက်သည်။

"တစ်ခါတလေတော့လည်း မလုပ်မဖြစ်တဲ့ ကိစ္စတစ်ခုဟာ ကိုယ်လုပ်ချင်တာမျိုး ဖြစ်နေကတတ်တယ်ကွယ့်"

ဤတွင် ဂျိန်းကဝင်၍...

"ကျွန်မကတော့ ခရီးသွားချင်တယ်။ အဲဒါကို မလုပ်မဖြစ်အောင် အခြေအနေက ဖန်တီးမလာဘူးရှင့်"ဟု ပြောလိုက်သည်။

"ဟုတ်လား။ ဒါဖြင့် ကျုပ်ကပဲ မိန်းကလေးကို အခွင့်အရေးတစ်ခု ဖန်တီးပေးပါ့မယ်။ ရှေ့အပတ်ထဲမှာ ကျုပ်က ပြင်သစ်ပြည်၊ ပဲရစ်မြို့ကို သွားမယ်။ မင်းက သဘောကျမယ်ဆိုရင် ငါ့ရဲ့ အတွင်းရေးမှူး ဝင်လုပ်ပါလား။ လစာလည်း ကောင်းကောင်းပေးမယ်"

စုံထောက်ဟာကျူလီက ပြောလိုက်ရာ ဂျိန်းက ခေါင်းခါလေသည်။

"ကျွန်မ လက်ရှိအလုပ်လုပ်နေတဲ့ အန်တိုနီဆံပင်အလှပြင်ဆိုင်က အလုပ်ကို လက်မလွှတ်နိုင်ဘူး။ အလုပ်က အလွန်ကောင်းတာရှင့်"

"ကျုပ်ရဲ့ အလုပ်ကလည်း အလွန်ကောင်းပါတယ်ကွယ့်"

"ဒါပေမဲ့ အဲဒါက ယာယီအလုပ်ပဲ မဟုတ်လား"

"ကျုပ်က မင်းကို အလားတူ အလုပ်ကောင်းကောင်းရအောင် ဖန်တီးပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မက လက်ရှိအလုပ်ကို လက်မလွှတ်ချင်လို့ပါ"

ထိုမျှနှင့် စကားပြတ်သွားကြသည်။

နောက် သုံးရက်ကြာသောအခါ ဂျိန်းသည် စုံထောက်ဟာကျူလီထံသို့ တယ်လီဖုန်း ဆက်လေသည်။

"မစ္စတာဟာကျူလီရှင့်၊ ကျွန်မကို အလုပ်ပေးမယ်ဆိုတာ အခုကော တွန့်မလုပ်ရင် ဖြစ်မလား"



"ဖြစ်ပါတယ်။ ကျုပ်က တနင်္လာနေ့ကျရင် ပဲရစ်မြို့ကို သွားစရာရှိတယ်"

"တကယ်လား။ ကျွန်မလိုက်လာရင် ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ်။ နေပါဦးကွယ့်။ မင်းက ဘာကြောင့်အခုလို စိတ်ပြောင်းသွားတာလဲ"

"ကျွန်မက အလုပ်ရှင် အန်တိုနီနဲ့ စကားများပါတယ်။ အကြောင်းကတော့ ကျွန်မနဲ့ ဆိုင်ကိုလာတဲ့ ဧည့်သည်တစ်ဦးနဲ့ အဆင်မပြေဖြစ်ရာက ကျွန်မက စိတ်ကို မချုပ်တီးနိုင်တော့ဘဲ ဒေါသထွက်မိတယ်။ ဒီမိန်းမက တကယ်ဆိုးတာရှင့်။ အကြောင်းစုံကိုတော့ တယ်လီဖုန်းထဲက မပြောချင်ပါဘူး။ ကျွန်မက ပက်ပက်စက်စက် ပြောလိုက်မိတယ်"

"လွတ်လပ်ကျယ်ဝန်းတဲ့ ပတ်ဝန်းကျင်က တယ်ပြီးကောင်းတာပဲ"

"ဘာကိုဆိုလိုတာလဲရှင့်"

"ဟိုအချိန်က မင်းရဲ့စိတ်မှာ တခြားအကြောင်းအရာတစ်ခုကို စဉ်းစားနေတာ ဖြစ်ပါလိမ့်မယ်"

"စိတ်က ဖြစ်တာမဟုတ်ဘူး။ ကျွန်မ နှုတ်ကို မထိန်းနိုင်ဘဲ ပြောလိုက်မိတာပါ။ ဒါပေမဲ့ ကျွန်မအနေနဲ့ ကျေနပ်ပါတယ်။ ဒါထက် ရှင်က ပြောတော့ ကျွန်မကို နောက်ထပ်အလုပ် ကောင်းကောင်းတစ်ခု ရှာပေးမယ်လို့ ပြောခဲ့တယ် မဟုတ်လား။ လောလောဆယ်တော့ ပဲရစ်မြို့ကို လိုက်ချင်ပါတယ်"

"ကောင်းပြီလေ။ ကျုပ်စီစဉ်လိုက်ပါ့မယ်။ လမ်းခရီးကျမှပဲ မင်းဘာလုပ်မယ်ဆိုတာ ကျုပ်က ညွှန်ကြားပါ့မယ်"

စုံထောက်ဟာကျူလီနှင့် ဂျိန်းတို့သည် ပြင်သစ်ပြည်၊ ပဲရစ်မြို့သို့ သွားရာ၌ လေယာဉ်ခရီးနှင့် မသွားကြချေ။ ယင်းအစီအစဉ်ကိုပင်လျှင် ဂျိန်းက သဘောကျမိလေသည်။ ယခင်တစ်ကြိမ် လေယာဉ်စီးခဲ့စဉ်က လူသတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် နောက်ထပ် လေယာဉ်စီးချင်စိတ် မရှိခြင်း ဖြစ်လေသည်။

ပြင်သစ်ပြည်သို့ သမားရိုးကျ သွားနည်းအတိုင်း ဒိုဗာရေလက်ကြား ပင်လယ်ကို ဖြတ်ကူးသွားပြီး ထိုမှတစ်ဆင့် မီးရထားဖြင့် သွားကြလေသည်။

ကယ်လေဆိပ် ကဝါမြို့မှ ပဲရစ်မြို့သို့ မီးရထားဖြင့် သွားကြစဉ် သူတို့နှစ်ဦးသည် သီးသန့်ခန်းတစ်ခန်းရသဖြင့် လွတ်လပ်စွာ စကားပြောနိုင်သောကြောင့် စုံထောက်ဟာကျူလီက သူ၏အကြံအစည်ကို ရှင်းပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွယ့်... ပဲရစ်မြို့ရောက်ရင် ကျုပ်က သွားတွေ့စရာ လူတွေရှိတယ်။ ရှေ့နေ မစ္စတာသိဘော့ကိုလည်း တွေ့ရမယ်။ ပြင်သစ်ထောက်လှမ်းရေးက မစ္စတာဖိုနီနဲ့လည်း တွေ့ရမယ်။ ပြီးတော့ မစ္စတာဒူပွန် သားအဖနဲ့လည်း သွား တွေ့ရမယ်။ အဲဒီနှစ်ယောက်ကို သွားတွေ့တော့ ကျုပ်က ဖအေနဲ့ စကားပြောနေချိန်မှာ မင်းက သားဖြစ်သူ ဂျွန်ဒူပွန်နဲ့ စကားပြောနေရမယ်။ မင်းဟာ ကြော့ရှင်းလှပတဲ့ မိန်းကလေးတစ်ဦး ဖြစ်လေတော့ ဂျွန်ဒူပွန်က ကောင်းကောင်း မှတ်မိပါလိမ့်မယ်"

"ကျွန်မက သူနဲ့ နောက်ထပ်တစ်ကြိမ် တွေ့ခဲ့ရတယ်ရှင့်"

ဂျိန်းက ရှက်သယောင်ဖြစ်သွားလျက် ပြောလိုက်သည်။

"ဟုတ်လား။ ဘယ်လို တွေ့ဆုံခဲ့တာလဲ"

စုံထောက်ဟာကြူလီက မေးလိုက်ရာ ဂျိန်းက ဂျွန်ဒူပွန်နှင့် ဆိုင်တစ်ဆိုင်တွင် အမှတ်မထင် တွေ့ဆုံခဲ့ရပုံကို ပြောပြလိုက်သည်။

"ဒီလိုဆိုရင် ပိုပြီးတော့ ကောင်းတာပေါ့ကွယ့်။ ကျုပ်က အခုမင်းကို ပဲရစ်မြို့ကိုခေါ်လာတာဟာ အကြောင်းရှိတယ်။ သေသေချာချာ နားထောင်စမ်းပါ။ မင်းအနေနဲ့ စကားပြောတဲ့အခါ မာဒမ်ဂီဆယ်(လ်)အကြောင်း လုံးဝထည့်ပြီးမဆွေးနွေးပါနဲ့။ သို့သော်လည်း ဂျွန်ဒူပွန်ကစပြီး ဒီကိစ္စအကြောင်း ပြောလာရင်တော့ မင်းကမရှောင်ပါနဲ့။ ယောလောဆယ် လေဒီဟော်ဘူရီကို သက်ဆိုင်ရာက သင်္ကာမကင်း ဖြစ်နေတယ်လို့လည်း ထည့်ပြောနိုင်တယ်။ အခုကျုပ် ပဲရစ်မြို့ကိုလာတဲ့ ရည်ရွယ်ချက်ကတော့ ပြင်သစ်ထောက်လှမ်းရေးက မစ္စတာဖိုနီယာနဲ့ ဆွေးနွေးတိုင်ပင်ပြီး လေဒီဟော်ဘူရီနဲ့ သေသူ မာဒမ်ဂီဆယ်(လ်)တို့ ဆက်ဆံခဲ့ပုံ လေ့လာစုံစမ်းဖို့ပဲ ဖြစ်တယ်"

"လေဒီဟော်ဘူရီက သနားစရာပဲနော်"

"ကျုပ်ကတော့ ဒီအမျိုးသမီးကို အထင်မကြီးပါဘူး"

စုံထောက်ဟာကြူလီက ပြောလိုက်ပြီးနောက် ဂျိန်းသည် ခေတ္တစဉ်းစားနေပြီးမှ...

"ဒါထက် ရှင်က ဂျွန်ဒူပွန်ကိုတော့ လူသတ်မှုတရားခံအဖြစ် မသင်္ကာမဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး။ ကျုပ်က အချက်အလက်တချို့ သိချင်လို့ပဲ ဖြစ်တယ်။ ဘာလဲ... မိန်းကလေးက ဂျွန်ဒူပွန်ကို သံယောဇဉ် ဖြစ်နေပြီလား။ သူက မိန်းကလေးတွေ သဘောကျလောက်တဲ့ ဆွဲဆောင်မှု ရှိနေပြီ မဟုတ်လား"

ဂျိန်းက ရယ်မောလိုက်သည်။



"ဒီလိုလည်း မဟုတ်ပါဘူး။ သူက ရိုးသားပြီး ခင်မင်ဖို့ကောင်းပါတယ်"

"မင်းက သူ့ကို လူရိုးတစ်ယောက်လို့ အကဲဖြတ်မိသလား"

"ဟုတ်ပါတယ်။ ရိုးသားပါတယ်။ သူနေရတဲ့ ဘဝကလည်း တစ်မျိုးကြီးပဲ"

"ဒါလည်းဟုတ်ပါတယ်။ သူက သွားဘက်ဆိုင်ရာ ဆရာဝန်တော့ မဟုတ်ဘူး။ တစ်ခါတလေကျတော့ အလွန်သတ္တိကောင်းတဲ့ လူတစ်ယောက်ဟာ သွားဘက်ဆရာဝန်ရဲ့ ကုလားထိုင်ပေါ်ရောက်ရင် အလွန်ကြောက်တတ်တယ် မဟုတ်လား။ အဲဒါမျိုးကိုတော့ ဂျွန်ဒူပွန်က တွေ့ဖူးမှာ မဟုတ်ဘူး"

ဟာကြူလီက နော်မန်ဂေး(လ်)ကို ရည်ရွယ်ပြီးပြောလိုက်ကြောင်း ဂျိန်းက ရိပ်မိသဖြင့်...

"နော်မန်ဂေး(လ်)ကလည်း ဒါမျိုး တွေ့ဖူး၊ ကြုံဖူးသေးပုံ မရပါဘူး"

"ဘာပဲဖြစ်ဖြစ် နော်မန်ဂေး(လ်)က အခု ကနေဒါနိုင်ငံကို ထွက်သွားတော့မယ်ဆိုတာ ဝမ်းနည်းစရာပဲ"

"အခု သူက နယူးဇီလန်ကို သွားမယ်လို့ ပြောနေပြန်ပြီရှင့်။ နယူးဇီလန်နိုင်ငံရဲ့ ရာသီဥတုကို သူက ပိုပြီးသဘောကျတယ်တဲ့"

"ဘာပဲဖြစ်ဖြစ်လေ။ သူက မျိုးချစ်စိတ်ဓာတ် ရှိပုံရပါတယ်။ သူသွားဖို့ နိုင်ငံတွေက ဗြိတိသျှအင်ပိုင်ယာထဲက နိုင်ငံတွေချည်း ဖြစ်တယ်"

"ကျွန်မကတော့ သူထွက်သွားဖို့ မလိုပါစေနဲ့လို့ မျှော်လင့်နေမိပါတယ်"

"ဘာလဲ။ မင်းက ဒီအမှုကိစ္စမှာ ကျုပ်ရဲ့ အရည်အချင်းကို အကြွင်းမဲ့ ယုံကြည်စိတ်ချတယ်လား။ ဒါပေမဲ့ ဒီအမှုနဲ့ပတ်သက်ပြီး ထင်ထင်ရှားရှား ပေါ်ထွက်မလာသေးတဲ့ အရေးပါသူတစ်ဦး ရှိတယ်လို့ ကျုပ်ထင်မိတယ်၊ ကျုပ်တော့ ဒီအတိုင်းပဲ ထင်နေမိတယ်"

ပြောရင်းနှင့် စုံထောက်ဟာကြူလီသည် မျက်မှောင်ကြုတ်၍ [illegible] နေပြီးမှ...

"ဟုတ်တယ်။ ဒီအမှုမှာ မသိရသေးတဲ့ အချက်တစ်ချက် [illegible] အရေးပါတဲ့ အချက်လည်း ဖြစ်တယ်၊ အခြေအနေက ဒီအတိုင်းပဲ [illegible]တယ်"ဟု ဆက်ပြောလိုက်သည်။

ပဲရစ်မြို့သို့ရောက်ပြီး နှစ်ရက်မြောက်သောနေ့[illegible] စုံထောက်ဟာကြူလီနှင့် ဂျိန်းတို့သည် စားသောက်ဆိုင်တစ်ဆိုင်[illegible] ညစာ စားကြရာ

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဟာကြျူလီ၏ ဖိတ်ကြားချက်အရ ရှေးဟောင်းသုတေသန ပညာရှင် မစ္စတာဒူပွန်နှင့် သူ၏သား ဂျွန်တို့လည်း ရောက်ရှိနေကြသည်။

စားသောက်နေကြစဉ် စုံထောက်ဟာကြျူလီက ဖခင်မစ္စတာဒူပွန်နှင့် အဆက်မပြတ် စကားပြောနေသဖြင့် ဂျိန်းသည် သားဖြစ်သူ ဂျွန်နှင့်သာ စကားပြောနေရလေသည်။

ဂျွန်သည် လန်ဒန်မြို့တွင် တွေ့ဆုံခဲ့ရစဉ်ကကဲ့သို့ပင် အလွန်ရည်မွန်ပြီး ခင်မင်ဖွယ်ကောင်းသော လူငယ်တစ်ဦးဟု ဂျိန်းက အကဲဖြတ်မိလေသည်။

သူသည် ဂျွန်နှင့် ရယ်ကာမောကာ စကားပြောနေသော်လည်း နားစွန်နားဖျား ကြားနေရသော ဟာကြျူလီနှင့် မစ္စတာဒူပွန်တို့ ပြောနေကြသည့် စကားကိုလည်း အမှတ်မဲ့ နားထောင်နေမိသည်။ သူ၏စိတ်ထဲတွင် စုံထောက်ဟာကြျူလီ စုံစမ်းသိရှိလိုသော အချက်က ဘာများပေနည်းဟု စဉ်းစားနေမိလေသည်။

သို့သော် သူတို့ပြောနေကြသည့် စကားများထဲတွင် လေယာဉ်ပေါ်မှ လူသတ်မှုအကြောင်း လုံးဝမပါရှိဘဲ ရှေးဟောင်းသုတေသနလုပ်ငန်းအကြောင်းကိုသာ ပြောနေကြသည်။

စားသောက်ပြီးသောအခါ ဂျွန်နှင့် ဂျိန်းတို့ လူငယ်နှစ်ဦးက ရုပ်ရှင်သွားကြည့်မည်ဟုဆိုကာ ထွက်သွားကြလေသည်။ သည်တော့မှ စုံထောက်ဟာကြျူလီသည် သူ၏ကုလားထိုင်ကို မစ္စတာဒူပွန်အနီးသို့ ရွှေ့လိုက်ပြီး ဆက်စကားပြောလေသည်။

သူသည် ရှေးဟောင်းသုတေသနလုပ်ငန်းကို အထူးစိတ်ဝင်စားဟန်ဖြင့် ဆက်ပြောနေလေသည်။

"ခင်ဗျားတို့ ရှေးဟောင်းသုတေသနပစ္စည်းတွေ တူးဖော်ရှာဖွေတာ စရိတ်စက အများကြီးကုန်ကျတယ် မဟုတ်လား။ အခုခေတ်မှာ ရန်ပုံငွေရရှိဖို့လည်း အလွန်ခက်မှာပဲ။ ခင်ဗျားတို့အနေနဲ့ ပုဂ္ဂလိက စေတနာရှင်တွေက ရန်ပုံငွေလှူရင် လက်ခံပါသလား"

"ကျုပ်တို့ ရှာဖွေတူးဖော်တဲ့ ရှေးဟောင်းပစ္စည်းမျိုးတွေကို စိတ်ဝင်စားသူ နည်းပါတယ်။ လူတွေက ရှေးဟောင်းပစ္စည်းတွေထဲက အဖိုးတန်တဲ့ ရွှေထည်ပစ္စည်းတွေ ရှာတွေ့ဖို့သာ လိုလားကြတယ်။ ကျုပ်တို့က ရှေးဟောင်း အိုးခွက်ပန်းကန်တွေကို အဓိကထား ရှာဖွေတယ်။ အိုးခွက်ပန်းကန်တွေကမှ ခေတ်ဟောင်း သမိုင်းအထောက်အထားတွေ ဖြစ်တယ်"



ဤသို့ အစချီကာ မစ္စတာဒူပွန်သည် ရှေးဟောင်းအိုးခွက် ပန်းကန်များ၏ သမိုင်းဆိုင်ရာ အဖိုးတန်လှပုံကို အကျယ်တဝင့် ဆက်ပြောလေသည်။

"ဟုတ်ပါပြီ။ ခင်ဗျားတို့ ရှေးဟောင်းသုတေသနလုပ်ငန်းအတွက် ကုန်ကျစရိတ် ရန်ပုံငွေရှိဖို့က မလွယ်ကူတာ ထင်ရှားနေပါတယ်။ ဒီအခြေအနေမှာ ကျုပ်က ခင်ဗျားတို့ ရန်ပုံငွေအတွက် စတာလင်ငွေ ပေါင်ငါးရာ လှူဒါန်းမယ်ဆိုရင် ဘယ်လို သဘောရပါသလဲ"

စုံထောက်ဟာကြျူလီက ပြောလိုက်လျှင် မစ္စတာဒူပွန်သည် အလွန်အံ့အားသင့်သွားသည်နှင့်အမျှ ဝမ်းမြောက် အားတက်လာပုံ ရလေသည်။

"ဟင်... ခင်ဗျားက စတာလင်ငွေ ပေါင်ငါးရာတောင် လှူမလို့လား။ ကျုပ်တို့ ရှေးဟောင်းသုတေသနလုပ်ငန်းကို ကူညီချင်လို့လား။ ဒါဆိုရင် အလွန်မွန်မြတ်တဲ့ လုပ်ရပ်တစ်ခုပါပဲ။ ကျုပ်တို့အနေနဲ့ တစ်ခါမှ ဒါလောက်များများ အလှူငွေ မရခဲ့ဖူးပါဘူး"

"ဟုတ်ပါတယ်။ ကျုပ်က လှူမှာပါ။ သို့သော်လည်း အခွင့်အရေးတစ်ခုတော့ တောင်းချင်ပါတယ်"

"ဪ... ဒါလား။ ရပါတယ်ဗျ။ ရှေးဟောင်းပစ္စည်း အိုးခွက်ပန်းကန် တစ်ခုခု အမှတ်တရ လိုချင်တာလား"

"မဟုတ်ပါဘူး။ ကျုပ်တောင်းချင်တဲ့ အခွင့်အရေးက တစ်မျိုးပါပဲ။ ကျုပ်ရဲ့ အတွင်းရေးမှူး မိန်းကလေးကို ခင်ဗျားတို့ ရှေးဟောင်းသုတေသနပစ္စည်း ရှာဖွေဖို့ ခရီးသွားတဲ့အခါ အတူလိုက်ပါခွင့် တောင်းချင်ပါတယ်"

စုံထောက်ဟာကြျူလီက ဤသို့ ပြောလိုက်လျှင် မစ္စတာဒူပွန်သည် ရုတ်တရက် အံ့သြသွားပုံရပြီးမှ ပြန်ဖြေလေသည်။

"ဒါကို စီစဉ်လို့ ဖြစ်နိုင်ပါတယ်။ ကျုပ်သားနဲ့တော့ တိုင်ပင်ရလိမ့်မယ်။ အခုတစ်ခေါက် ကျုပ်တို့ ခရီးထွက်ရင် ကျုပ်ရဲ့ တူတော်မောင်တစ်ယောက်နဲ့ သူ့ဇနီးလည်း လိုက်ပါကြလိမ့်မယ်။ ကျုပ်သားနဲ့ ဆွေးနွေးတိုင်ပင်ကြည့်ပါ့မယ်"

"ကျုပ်ရဲ့အတွင်းရေးမှူး ဂျိန်းဟာ ရှေးဟောင်း အိုးခွက် ပန်းကန် ပစ္စည်းတွေကို အလွန်စိတ်ဝင်စားတယ်ခင်ဗျ"

"ဒီလိုဆိုရင် ကျုပ်တို့အတွက် တစ်မျိုး အသုံးဝင်တာပဲ"

ထို့နောက် မစ္စတာဒူပွန်သည် ရှေးဟောင်းသုတေသနပစ္စည်း ရှာဖွေရေးလုပ်ငန်းအကြောင်း ဆက်ပြောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသော် စုံထောက်ဟာကြူလီ နှုတ်ဆက်၍ ပြန်ခဲ့လေသည်။

* * *

သူတည်းခိုသည့် ဟိုတယ်သို့ ပြန်ရောက်သောအခါ ဂျိန်းသည် ဗွန်ဒူပွန်အား နှုတ်ဆက်နေသည်ကို တွေ့ရလေသည်။

ဗွန်ဒူပွန် ပြန်သွားပြီးနောက် နှစ်ယောက်သား ဟိုတယ်အပေါ်ထပ်သို့ တက်လာစဉ် ဟာကြူလီက...

"ဒီမယ် ဂျိန်း။ ကျုပ်က မင်းအတွက် အလွန်စိတ်ဝင်စားဖို့ ကောင်းတဲ့ အလုပ်တစ်ခုရဖို့ စီစဉ်ခဲ့ပြီးပြီ။ အခုလာမယ့် နွေဦးရာသီရောက်ရင် မင်းဟာ မစ္စတာဒူပွန်တို့ အဖွဲ့နဲ့အတူ ရှေးဟောင်းသုတေသန ပစ္စည်းရှာဖို့ ပါရှားပြည်(အီရန်)ကို လိုက်ပါသွားရလိမ့်မယ်"ဟု ပြောလိုက်သည်။

ဂျိန်းသည် အလွန်အံ့အားသင့်သွားလေသည်။

"ဟာ... မဖြစ်နိုင်တာပဲ"

"အဲဒီအလုပ်ကို လက်ခံဖို့ ပြောတဲ့အခါလည်း မင်းက အလွန်စိတ်ပါတက်ကြွစွာနဲ့ လက်ခံရမယ်"

"ကျွန်မကတော့ ပါရှားပြည်ကို မသွားချင်ပါဘူး။ ကျွန်မက နော်မန်ဂေး(လ်)နဲ့အတူ နိုင်ငံခြားကို လိုက်သွားချင်ပါတယ်"

"ဒီမယ်... မိန်းကလေး။ ရှေ့လာမယ့် မတ်(နွေဦးရာသီ) ရောက်လာဖို့က အဝေးကြီးလိုပါသေးတယ်။ အလုပ်ကို လက်ခံတဲ့အခါ ဝမ်းသာအားရဖြစ်ဟန်နဲ့ လက်ခံလိုက်ရုံနဲ့ တကယ်ခရီးသွားရတာ မဟုတ်သေးပါဘူး။ ကျုပ်ကိုယ်တိုင်ကလည်း ရန်ပုံငွေစတာလင်ပေါင် ငါးရာ လှူမယ်လို့ ပြောလိုက်တာဟာလည်း ပြောရုံပဲရှိသေးတယ်။ တကယ်လက်တွေ့ ငွေပေးရသေးတာ မဟုတ်ပါဘူး။ ဒါထက် မနက်ဖြန်ကျရင် ကျုပ်က မင်းလေ့လာဖို့အတွက် အရှေ့တိုင်းက ရှေးဟောင်း အိုးခွက်ပန်းကန်တွေအကြောင်း စာအုပ်တစ်အုပ် ရှာပေးရဦးမယ်။ ကျုပ်က မင်းဟာ ရှေးဟောင်း အိုးခွက်ပန်းကန်တွေအကြောင်း အလွန်စိတ်ဝင်စားတယ်လို့ ပြောထားတယ်"

စုံထောက်ဟာကြူလီက ပြောလိုက်ရာ ဂျိန်းသည် သက်ပြင်းချလိုက်မိသည်။



"မစ္စတာဟာကြူလီရဲ့ အတွင်းရေးမှူး လုပ်ရတာကလည်း မသက်သာလှပါကလား။ နောက်ထပ် ဘာများရှိပါသေးသလဲ"

"ပြီးတော့ ကျုပ်က မင်းဟာ အချုပ်အလုပ်လည်း အလွန်တော်တယ်လို့ ပြောထားတယ်"

"ဟင်... အဲဒါကိုလည်း မနက်ဖြန်ကျတော့ ကျွန်မက လက်တွေ့လုပ်ပြရဦးမှာလား"

"သူတို့က ကျုပ်ပြောတာကို လက်ခံ ယုံကြည်တယ်ဆိုရင်တော့ မလိုပါဘူး"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

နောက်တစ်နေ့နံနက် ဆယ်နာရီခွဲအချိန်တွင် ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာသည် စုံထောက်ဟာကြူလီထံသို့ ရောက်လာပြီး ဝမ်းသာအားရ လက်ဆွဲ နှုတ်ဆက်လေသည်။

သူ၏ ဟန်အမူအရာကလည်း တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်တက်ကြွလှုပ်ရှားနေပုံ ရလေသည်။

"မစ္စတာဟာကြူလီကို ကျုပ်ပြောစရာ ရှိပါတယ်။ လန်ဒန်မြို့မှာတုန်းက ခင်ဗျားပြောခဲ့တဲ့ အချက်တစ်ခုကို သေသေချာချာ ပြန်စဉ်းစားကြည့်တော့မှ သဘောပေါက်လာမိတယ်"

"ဟုတ်လား... ဘာများလဲဗျ"

"ကျုပ်က ခင်ဗျားပြောခဲ့တာကို သေသေချာချာ စဉ်းစားကြည့်ရင်း လေယာဉ်ပေါ်က လူသတ်မှုဟာ ကျုပ်တို့ထင်သလို ကျူးလွန်ဖို့ရာ လုံးဝမဖြစ်နိုင်ဘူးလို့ တွေးမိတယ်။ ပြီးတော့ လေယာဉ်ပေါ်မှာ လေမှုတ်ပိုက် တွေ့ခဲ့ရတာနဲ့ ပတ်သက်လို့ ခင်ဗျားပြောတာနဲ့ ဆက်စပ်ကြည့်မိတယ်"

စုံထောက်ဟာကြူလီက ဘာမှပြန်မပြောဘဲ စိတ်ဝင်စားဟန်ဖြင့် နားထောင်နေသဖြင့် မစ္စတာဖိုနီယာကပင် ဆက်ပြောလေသည်။

"လန်ဒန်မြို့မှာတုန်းက ခင်ဗျားက ပြောခဲ့တယ်လေ။ လေယာဉ်ပေါ်မှာ လေမှုတ်ပိုက်ကို ဘာကြောင့်တွေ့ရတာလဲတဲ့။ တကယ်ဆိုရင် လူသတ်သမားဟာ လေမှုတ်ပိုက်ကို လေယာဉ်ရဲ့ လေဝင်ပေါက်ကနေပြီး အပြင်ဘက်ကို ထုတ်ပစ်လိုက်ရင် ရသားနဲ့။ ဘာကြောင့် အဲဒီလို ဖျောက်မပစ်လိုက်တာလဲလို့ ခင်ဗျားက ပြောခဲ့တယ်။ အဲဒီပြဿနာကို အခုကျုပ်က စဉ်းစားလို့ အဖြေ



ရပြီဗျ။ လေမှုတ်ပိုက်ကို ကျုပ်တို့ တွေ့ရတာဟာ လူသတ်သမားအနေနဲ့ ကျုပ်တို့ တွေ့စေချင်လို့ပဲလို့ အဖြေထွက်လာတယ်"

"ဟုတ်ပြီ ဟုတ်ပြီ... ဆက်ပါဦး"

စုံထောက်ဟာကြူလီက ပြောလိုက်သည်။

"ခင်ဗျားပြောခဲ့တုန်းက ဒီသဘောနဲ့ ပြောခဲ့တာမဟုတ်လား။ ကောင်းပြီ။ ကျုပ်ကဆက်ပြီး စဉ်းစားကြည့်ပြန်တယ်။ ဒါဖြင့် လူသတ်သမားက ဘာကြောင့် လေမှုတ်ပိုက်ကို ရှာတွေ့စေချင်တာလဲ။ အဲဒီမေးခွန်းရဲ့ အဖြေကိုပဲ စဉ်းစားလို့ရတယ်။ ဘာကြောင့်လဲဆိုတော့ လူသတ်မှုကျူးလွန်ရာမှာ လေမှုတ်ပိုက်ကို လုံးဝ အသုံးမပြုခဲ့လို့ပဲ ဖြစ်ရမယ်"

"ကျုပ်လည်း ဒီလိုပဲ စဉ်းစားမိပါတယ်"

"ဒါနဲ့ ကျုပ်က ဒီလိုသုံးသပ်မိတယ်။ လူသတ်သမားဟာ အဆိပ်လူးမြားငယ်ကို အသုံးပြုခဲ့တယ်။ လေမှုတ်ပိုက်ကိုတော့ မသုံးခဲ့ဘူး။ ဒီတော့ လေမှုတ်ပိုက်အစား တခြားပစ္စည်း တစ်ခုခုနဲ့ အဆိပ်လူးမြားကို ပစ်လွှတ်တာ ဖြစ်ရမယ်။ ကောင်းပြီ။ လေမှုတ်ပိုက်နည်းတူ ပါးစပ်မှာတေ့ပြီး ပစ်လွှတ်နိုင်တဲ့ ပစ္စည်း ဘာရှိသလဲ။ လူတစ်ယောက်ရဲ့ ပါးစပ်မှာ တပ်ထားလို့ သင်္ကာမကင်းဖြစ်စရာမရှိတဲ့ ပစ္စည်း ဘာများရှိသလဲလို့ စဉ်းစားကြည့်မိတယ်။ ခင်ဗျားကိုယ်တိုင် တိုက်တွန်းချက်အရ လေယာဉ်ခရီးသည်တစ်ဦးစီရဲ့ ပစ္စည်းတွေစာရင်းလုပ်ခဲ့စဉ်က ကျုပ်က အဲဒီစာရင်းကို ကြည့်လိုက်တော့ ပစ္စည်းနှစ်ခုကို စိတ်ဝင်စားမိတယ်။ တစ်ခုက လေဒီဟော်ဘူရီမှာ စီးကရက်သောက်တဲ့ စွပ်တံနှစ်ခုပါလာတာကို တွေ့ရတယ်။ စီးကရက်စွပ်တံ ဆိုတာက လေမှုတ်ပိုက်လို အသုံးပြုလို့ ရတယ်မဟုတ်လား။ ပြီးတော့ မစ္စတာဒူပွန် သားအဖရဲ့ ရှေးဟောင်းပစ္စည်း... စားပွဲမှာ အရှေ့တိုင်းက လူမျိုးစုတွေသုံးတဲ့ ဆေးတံတချို့ ပါလာတယ်။ ဆေးတံဆိုတာကလည်း ပါးစပ်မှာတေ့ပြီး လေမှုတ်ပိုက်လို အသုံးပြုလို့ ရတာပဲ"

မစ္စတာဖိုနီယာသည် စကားကို ခေတ္တဖြတ်၍ စုံထောက်ဟာကြူလီအား လှမ်းကြည့်လိုက်သည်။

ဟာကြူလီက ဘာမှမပြောဘဲနေရာ ဖိုနီယာကပင် [illegible] ပြန်သည်။

"ဒီပစ္စည်းနှစ်ခုစလုံးဟာ ပါးစပ်မှာ တပ်ထားလိုက်ရင် [illegible] မသင်္ကာမဖြစ်ဘူး မဟုတ်လား"

ဤတွင် စုံထောက်ဟာကြူလီသည် ခေတ္တစဉ်းစားပြီး...

"ခင်ဗျားစဉ်းစားနေပုံက မဆိုးပါဘူး။ ဒါပေမဲ့ ဆက်ပြောစမ်းပါဦး

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လေယာဉ်ပေါ်မှာ ပိတုန်းကောင်ကိုလည်း မမေ့ပါနဲ့"

ဟု ပြောလိုက်ရာ မစ္စတာဖိုနီယာသည် အံ့အားသင့်သွားလေသည်။

"ပိတုန်းကောင်ဆိုလို့ ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ။ ပိတုန်းကောင်က ဒီအမှုမှာ ဘယ်လိုမှ မသက်ဆိုင်ဘူးလို့ ကျုပ်တော့ ယူဆတယ်"

"ခင်ဗျား မစဉ်းစားမိဘူးလား။ ပိတုန်းကောင်နဲ့ ပတ်သက်လို့ ကျုပ်ကတော့..."

စုံထောက်ဟာကျူလီ၏ စကားမဆုံးမီ တယ်လီဖုန်းလာသဖြင့် စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို ဂွတ်မောနင်း... ဟုတ်ပါတယ်။ ကျုပ် ဟာကျူလီ စကားပြောနေပါတယ်"

ဤသို့ ပြောရင်းက ဟာကျူလီသည် ဖိုနီယာဘက်သို့ လှည့်၍...

"ရှေ့နေကြီး မစ္စတာသီဘော့က တယ်လီဖုန်း ဆက်တာဗျ"

ဟု ပြောလိုက်ပြီး တယ်လီဖုန်းထဲသို့ ဆက်ပြောလေသည်။

"ဟဲလို ဟုတ်ကဲ့ နေကောင်းပါတယ်။ ခင်ဗျားရော နေကောင်းရဲ့နော်။ မစ္စတာဖိုနီယာလား။ သူအခု ဒီမှာရှိနေတယ်။ သူနဲ့ပြောမလား။ ခဏကိုင်ထားဦးနော်"

စုံထောက်ဟာကျူလီသည် တယ်လီဖုန်း စကားပြောခွက်ကို မစ္စတာဖိုနီယာအား လှမ်းပေးရင်း...

"မစ္စတာသီဘော့က ခင်ဗျားတို့ ရုံးကို တယ်လီဖုန်းဆက်တော့ ခင်ဗျားဟာ ကျုပ်ဆီကို လာနေတယ်လို့ ဆိုတာနဲ့ ဒီကို လှမ်းဆက်တာပဲ။ ခင်ဗျား သူနဲ့ စကားပြောရင် ကောင်းမယ်။ မစ္စတာသီဘော့ အကြောင်းတစ်ခုခုကြောင့် စိတ်လှုပ်ရှားနေပုံလည်း ရတယ်"ဟု ပြောလိုက်သည်။

မစ္စတာဖိုနီယာလည်း တယ်လီဖုန်းကိုယူ၍ စကားပြောလေသည်။

"ဟဲလို... ကျုပ်ဖိုနီယာ စကားပြောနေပါတယ်။ ဟုတ်ကဲ့... ဟဲလို ဘာပြောတယ်။ ဟုတ်လား သေချာတယ်နော်။ ကောင်းပါပြီ။ ကျုပ်တို့ အခုပဲ လာခဲ့ပါ့မယ်"

ဤသို့ ပြောပြီး ဖိုနီယာသည် တယ်လီဖုန်းကို ပြန်ချကာ စုံထောက်ဟာကျူလီအား လှမ်းကြည့်လိုက်သည်။

"ကိစ္စကတော့ သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ သမီးပဲ"

"ဘယ်လိုလဲဗျ။ ဘာထူးလို့လဲ"

စုံထောက်ဟာကျူလီက ပြန်မေးလိုက်သည်။



"မာဒမ်ဂီဆယ်(လ်)ရဲ့ သမီးက အခုရောက်လာပြီ။ သူရသင့်ရထိုက်တဲ့ အမွေကို ဆက်ခံဖို့ လာနေတယ်တဲ့ဗျ"

"ဟုတ်လား၊ သူက ဘယ်ကလာတာလဲ"

"အမေရိကန်က လာတယ်လို့ ယူဆရတယ်။ ရှေ့နေကြီးမစ္စတာသီဘော့က ဒီအမျိုးသမီးကို ဆယ့်တစ်နာရီခွဲအချိန်မှာ တစ်ခေါက်လာဖို့ ပြောလွှတ်လိုက်ရတယ်။ ဒီအတောအတွင်း ခင်ဗျားနဲ့ ကျွန်တော်က သူနဲ့လာတွေ့ဆုံဖို့လည်း ပြောတယ်"

"ဒါဖြင့် သွားကြတာပေါ့။ ခုချက်ချင်းပဲ သွားကြမယ်။ ဒါပေမဲ့ ကျုပ် အတွင်းရေးမှူး မိန်းကလေးအတွက် စာတစ်စောင်ရေးထားခဲ့ဦးမယ်"

ဤသို့ ပြောရင်း ဟာကျူလီသည် အောက်ပါအတိုင်း စာတစ်စောင် ရေးလေသည်။

ဂျိန်း

*ထူးခြားတဲ့ အခြေအနေ ဖြစ်ပေါ်လာလို့ ကျုပ် အရေးတကြီး ထွက်သွားရတယ်။ တကယ်လို့ ဂျွန်ဒူပွန့်က တယ်လီဖုန်းဆက်ရင် (သို့မဟုတ်) လာတွေ့ရင် ရည်ရည်မွန်မွန် ဆက်ဆံပါ။ စကားပြောတဲ့အခါ မင်းအချုပ်အလုပ်ကျွမ်းကျင်တဲ့အကြောင်းကိုသာ ပြောပါ။*

*ရှေးဟောင်းအိုးခွက်ပစ္စည်းတွေ အကြောင်းတော့ မဆွေးနွေးနဲ့ဦး။ ဂျွန်ဒူပွန့်ဟာ မင်းကို အထူးခင်မင်တယ်။ သူက လူတော်တစ်ယောက်လည်း ဖြစ်တယ်။*

ဟာကျူလီ

ထိုစာကို ရေးပြီးနောက် စုံထောက်ကြီးဟာကျူလီသည် မစ္စတာဖိုနီယာအားလှမ်း၍...

"ကိုင်း... ကျုပ်တို့ သွားကြစို့။ ကျုပ်က ဒီကိစ္စကို ကြိုတင်မျှော်လင့်နေခဲ့မိတယ်။ အမှုမှာ အရေးပါတဲ့ လူတစ်ယောက် ပေါ်ထွက်မလာသေးဘူး။ တစ်ချိန်ကျရင် ပေါ်လာရမယ်လို့ ကျုပ်ကြိုတင် တွက်မိတယ်။ အခုလို ကျုပ်အဖြစ်မှန်ကို နားလည်သဘောပေါက်တော့မယ် ထင်တယ်"ဟု ပြောလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီးမစ္စတာသီဘော့သည် စုံထောက်ဟာကြူလီနှင့် မစ္စတာဖိုနီယာတို့အား ဖော်ရွေစွာ ခရီးဦးကြို ပြုလေသည်။

နှုတ်ဆက်စကားပြောကြပြီးနောက် ရွှေနေကြီးက မာဒမ်ဂီဆယ်(လ်)၏ အမွေစားအမွေခံ သမီးအကြောင်း စတင်ပြောလေသည်။

"မနေ့က ကျုပ်ဆီ စာတစ်စောင်ရောက်လာတယ်။ ဒီနေ့ကျတော့ အဲဒီမိန်းကလေးကိုယ်တိုင် ကျုပ်ကိုလာတွေ့တယ်"

"မိန်းကလေးက အသက်ဘယ်လောက် ရှိပြီလဲ"

စုံထောက်ဟာကြူလီက မေးလိုက်သည်။

"*မိန်းကလေးက သူ့မူလနာမည်က* မစ္စမိုရီဆော့ ဖြစ်ပေမဲ့ နောက်ပိုင်း အိမ်ထောင်ကျလိုက်တော့ နာမည်က မစ္စရစ်ချတ်ဖြစ်လာတယ်။ အသက်တော့ နှစ်ဆယ့်လေးနှစ် ရှိပါပြီတဲ့"

"သူဟာ သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့သမီး အမှန်ဖြစ်ကြောင်း အထောက်အထား စာရွက်စာတမ်းတွေ ယူလာသလား"

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာက မေးလိုက်ရာ ရွှေနေကြီး မစ္စတာသီဘော့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အထောက်အထားတွေ ယူခဲ့ပါတယ်"

ပြောပြောဆိုဆို သူ၏ရှေ့ရှိ ဖိုင်တွဲတစ်ခုကို ဖွင့်လိုက်သည်။

"ဟောဒီ စာရွက်ကို အရင်ဆုံးကြည့်လိုက်ပါဦး"

ရွှေနေကြီးပြသော စာရွက်ကို စုံထောက်ဟာကြူလီနှင့် မစ္စတာဖိုနီယာတို့က ကြည့်လိုက်ရာ လက်ထပ်စာချုပ်တစ်ခုဖြစ်ကြောင်း တွေ့ရလေသည်။

ထိုစာချုပ်မှာ ကနေဒါနိုင်ငံ ကွိဘက်မြို့နေ ဂျော့လီမန်ဆိုသူနှင့် မာရီမိုရီဆော့ (မာဒမ်ဂီဆယ်(လ်)၏ နာမည်အရင်း) တို့ ၁၉၁၀ခုနှစ်က လက်ထပ်သည့် စာချုပ်ဖြစ်သည်။ ထိုစာရွက်အပြင် သူတို့ဇနီးမောင်နှံမှ မွေးဖွားသည့် အယ်နီမိုရီဆော့လီမန် အမည်ရှိ သမီးကလေးမွေးဖွားသော စာရင်းမှတ်တမ်း စာရွက်ကိုလည်း တွေ့ရသည်။ အခြားအထောက်အထား စာရွက်စာတမ်းများလည်း ရှိပါသေးသည်။

"အင်း... ဒီအတိုင်းဆိုရင် မာဒမ်ဂီဆယ်(လ်)ရဲ့ ငယ်စဉ်က ဘဝအကြောင်း တစ်စိတ်တစ်ဒေသတော့ သိရတာပေါ့ဗျာ"

မစ္စတာဖိုနီယာက မှတ်ချက်ချလိုက်သည်။

ရွှေနေကြီးသီဘော့က ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။



"ကျုပ်လေ့လာကြည့်ရသလောက်ဆိုရင် ဒီဂျော့လီမန်ဆိုသူနဲ့ စတင်တွေ့ဆုံချိန်က မာရီမိုရီဆော့(မာဒမ်ဂီဆယ်(လ်))ဟာ နေ့ကလေးထိန်း ဆရာမအလုပ် လုပ်နေတယ်။ ဂျော့လီမန်ဆိုသူက အတော်မကောင်းပုံရတယ်။ သူဟာ လက်ထပ်ပြီး သိပ်မကြာခင်မှာပဲ ဇနီးကို စွန့်ခွာပစ်ပြီး ထွက်သွားတယ်။ ဒီတော့ အမျိုးသမီးကလည်း သူ့ရဲ့ မူလအပျိုတုန်းက နာမည်ကို ပြန်ယူလိုက်တယ်။ ကလေးငယ်ကိုတော့ ကွိဘက်မြို့က ဂေဟာတစ်ခုမှာ ပို့ထားပြီး ဟိုမှာပဲ ကြီးပြင်းလာခဲ့ရတယ်။ မာရီမိုရီဆော့ (မာဒမ်ဂီဆယ်(လ်))ကတော့ မကြာခင်ပဲ ကွိဘက်မြို့က ပြင်သစ်ပြည်ကို ထွက်လာခဲ့တယ်။ အဲဒီတုန်းက သူဟာ ယောကျ်ားတစ်ယောက်နဲ့အတူ ထွက်လာတယ်လို့ ယူဆရတယ်။ ပြင်သစ်ပြည်ကနေပြီး သူဟာ ရံဖန်ရံခါ သမီးကလေးအတွက် ငွေပို့ပေးခဲ့တယ်။ ပြီးတော့ သူ့သမီး အသက်နှစ်ဆယ့်တစ်နှစ်ပြည့်တဲ့အခါ ပေးဖို့ဆိုပြီး တစ်လုံးတစ်ခဲတည်း ငွေလည်း ပို့ပေးခဲ့တယ်။ မာရီမိုရီဆော့(မာဒမ်ဂီဆယ်(လ်))ဟာ အခြေတကျနေထိုင်တဲ့ အနေ [illegible] အနေမျိုးမှာ မရှိတဲ့အတွက် သူ့သမီးနဲ့ တိုက်ရိုက်ဆက်သွယ်မှုမလုပ်ပဲ နေခဲ့တယ်လို့ ယူဆရတယ်"

"မိန်းကလေးက သူဟာ သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ အမွေစားအမွေခံ ဖြစ်တာကို ဘယ်လိုလုပ်ပြီး သိသလဲ"

"ကျုပ်တို့က မာဒမ်ဂီဆယ်(လ်) ကွယ်လွန်သွားပြီးတဲ့နောက် အမွေစား အမွေခံ ဆက်ခံမယ့်လူ ရှိလိုရှိငြား သတင်းစာ၊ ဂျာနယ်တွေမှာ ကြော်ငြာထည့်ခဲ့တယ်။ အဲဒီကြော်ငြာကို သမီးဖြစ်သူ ကြီးပြင်းလာတဲ့ဂေဟာက ကျောင်းအုပ်ဆရာမကြီးက ဖတ်မိတယ်။ ဒါနဲ့ သူက မစ္စရစ်ချတ်အမည်ခံ သမီးဖြစ်သူကို ကြေးနန်းရိုက်လိုက်တယ်။ ဒီအချိန်က မိန်းကလေးက ဥရောပတိုက်ကို ရောက်နေပြီး၊ အမေရိကန်နိုင်ငံကို ပြန်တော့မယ့်ဆဲဆဲ ဖြစ်နေသတဲ့"

"မိန်းကလေးနဲ့ အိမ်ထောင်ကျတဲ့ ရစ်ချတ်ဆိုတာက ဘယ်သူလဲဗျ"

"ဒီလူက အမေရိကန် သို့မဟုတ် ကနေဒါလူမျိုးတစ်ဦး ဖြစ်လိမ့်မယ်။ ဇာတိက ဒက်ထရွိုက်မြို့ (အမေရိကန်)က ဖြစ်ပြီး အလုပ်အကိုင်ကတော့ ဆရာဝန်သုံး ခွဲစိတ်ပစ္စည်းကိရိယာတွေ ထုတ်လုပ်တယ်"

"သူက ဇနီးဖြစ်တဲ့သူနဲ့ အတူ လိုက်မလာဘူးလား"

"လိုက်မလာဘူးဗျ။ အခု သူက အမေရိကန်မှာ ရှိနေတယ်"

"ဒီမိန်းကလေး (မစ္စရစ်ချတ်) သူ့မိခင် အသတ်ခံရတာနဲ့ပတ်သက်လို့ သဲလွန်စ ရနိုင်စရာ အချက်အလက်များ ပြောမပြနိုင်ဘူးလား"

မစ္စတာဖိုနီယာက မေးလိုက်ရာ ရွှေနေကြီးသီဘော့က ခေါင်းခါ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"မိန်းကလေးက သူ့မိခင်အကြောင်း ဘာမှမသိဘူး။ ဂေဟာ ကျောင်းအုပ်ဆရာမကြီးက တစ်ကြိမ်က ပြောပြခဲ့ဖူးတာလောက်ပဲ ကြားဖူးသတဲ့ဗျ။ သူဟာ သူ့အမေရဲ့ ယံနာမည်ရင်းကိုတောင် မမှတ်မိဘူး"

"အင်း... ဒီအတိုင်းဆိုရင် သမီးဖြစ်သူ ပေါ်ထွက်လာပေမဲ့ လူသတ်မှု ပေါ်ပေါက်ဖို့ရာအတွက် အထောက်အကူ ဘာမှမရသလို ဖြစ်နေပြီ။ ကျုပ်ကလည်း တယ်ပြီးမျှော်လင့်ချက် မထားမိပါဘူး။ ကျုပ်အနေနဲ့ လေ့လာ စုံစမ်းကြည့်ရသလောက် လူသတ်မှုတရားခံ ဖြစ်နိုင်တာဆိုလို့ လူသုံးယောက်ရှိတယ်"

"သုံးယောက်မဟုတ်ဘူးဗျ။ လေးယောက်ရှိတယ်"ဟုပြောလိုက်သည်။

"ဘာလဲ... ခင်ဗျားက လူသတ်သမားဖြစ်နိုင်တာ လေးယောက်ရှိတယ် ထင်လို့လား"

"ကျုပ်က လေးယောက်လို့ပြောတာ မဟုတ်ပါဘူး။ ခင်ဗျားကိုယ်တိုင် တင်ပြတဲ့ ယူဆချက်အရဆိုရင် တရားခံဖြစ်နိုင်တာ သုံးယောက်တည်းပဲဆိုလို့ မရဘူးဗျ။ လေမှုတ်ပိုက်နည်းတူ ပါးစပ်မှာတေ့ပြီး မှုတ်လို့ရတဲ့ပစ္စည်းတွေ အကြောင်း ခင်ဗျားပြောခဲ့တယ် မဟုတ်လား။ စီးကရက်သောက်တဲ့ စွပ်တံရယ်၊ အရှေ့တိုင်းဆေးတံရယ်၊ နောက်ပြီး ပလွေလည်း ရှိသေးတယ်။ အဲဒီပလွေကို မမေ့ပါနဲ့"

မစ္စတာဖိုနီယာသည် အံ့အားသင့်သွားလျက် တစ်စုံတစ်ခုပြောမည် ပြုစဉ် ရှေ့နေကြီး၏စာရေး ဝင်လာပြီး...

"ဟိုအမျိုးသမီး ပြန်ရောက်လာပါပြီ"ဟု ပြောလေသည်

"ဟုတ်ပြီ၊ အခုတော့ ခင်ဗျားတို့ကိုယ်တိုင် မာဒမ်ဂီဆယ်(လ်)ရဲ့ အမွေစားအမွေခံသမီးကို မြင်ကြရတော့မယ်"

ရှေ့နေကြီးကပြောရင်း ဧည့်သည်အမျိုးသမီးအား နှုတ်ဆက်လေသည်။

"လာပါခင်ဗျ။ ထိုင်ပါ။ ခင်ဗျားနဲ့ ဟောဒီက ကျုပ်မိတ်ဆွေကြီးများနဲ့ မိတ်ဆက်ပေးရဦးမယ်"

ပြောရင်းနှင့် မိတ်ဆက်ပေးလေသည်။

"ဟောဒါက ခင်ဗျားမိခင်ရဲ့ သေဆုံးမှုကို တာဝန်ခံ စုံစမ်းစစ်ဆေးနေတဲ့ ပြင်သစ်ထောက်လှမ်းရေးဌာနက မစ္စတာဖိုနီယာ ဖြစ်ပါတယ်။ ဒီဘက်က ပုဂ္ဂိုလ်ကတော့ ဒီအမှုမှာ ဝင်ရောက်ကူညီနေတဲ့ မစ္စတာဟာကျူလီ ဖြစ်ပါ



တယ်။ သူ့နာမည်ကိုတော့ ခင်ဗျားကြားဖူးလိမ့်မယ် ထင်ပါတယ်။ ကိုင်း... မိတ်ဆွေကြီးများ ခင်ဗျာ။ ဒီအမျိုးသမီးက မစ္စရစ်ချတ်ပဲ ဖြစ်ပါတယ်"

မာဒမ်ဂီဆယ်(လ်)၏သမီးဆိုသူမှာ အသားခပ်ညိုညို ရုပ်ရည်ချော မောလှပသော မိန်းကလေးတစ်ဦး ဖြစ်လေသည်။ အဝတ်အစားကို သပ်ရပ်စွာ ဝတ်စားထားသည်။

သူမသည် ယောက်ျားသုံးဦးစလုံးအား လက်ဆွဲနှုတ်ဆက်ပြီးနောက်...

"တကယ်တော့ ကျွန်မက မာဒမ်ဂီဆယ်(လ်)ရဲ့သမီးလို့ ပြောရမှာတောင် ခပ်ခက်ခက်ပါပဲ။ ကျွန်မ တစ်သက်လုံး မိဘမဲ့ကလေးတစ်ယောက် နေခဲ့ရပါတယ်"ဟု ပြောလေသည်။

ထို့နောက် မစ္စတာဖိုနီယာ၏ မေးမြန်းချက်များကို သူမက ဖြေကြားလေသည်။ သူမအနေဖြင့် နေထိုင်ခဲ့ရသော ဂေဟာကျောင်းအုပ်ဆရာမကြီး၏ ကျေးဇူးကြီးမားပုံကိုလည်း ပြောလေသည်။

"ဆရာမကြီးက ကျွန်မအပေါ် အလွန်ကြင်နာခဲ့ပါတယ်"

"ခင်ဗျားက အဲဒီဂေဟာက ဘယ်တုန်းက ထွက်ခွာခဲ့ပါသလဲ"

"ကျွန်မ အသက်ဆယ့်ရှစ်နှစ်အရွယ်က ထွက်လာခဲ့ပါတယ်။ ဒီအချိန်မှာ ကျွန်မ ဝင်ငွေရတဲ့အလုပ် စလုပ်ပါတယ်။ ကျွန်မဟာ လက်သည်းအလှ ပြုပြင်တဲ့အလုပ် လုပ်ပါတယ်။ ပြီးတော့ အပ်ချုပ်ဆိုင်တစ်ဆိုင်မှာလည်း ဝင် လုပ်ခဲ့ပါသေးတယ်။ ကျွန်မရဲ့ခင်ပွန်းနဲ့ စတင်တွေ့ဆုံခဲ့တာက နိုက်စ်မြို့မှာ ဖြစ်ပါတယ်။ သူက အဲဒီအချိန်က အမေရိကန်ကို ပြန်တော့မယ့်ဆဲဆဲ ဖြစ်ပါတယ်။ နောက်မကြာခင် သူက ဟော်လန်နိုင်ငံကို စီးပွားရေးအလုပ်နဲ့ တစ်ခေါက်ပြန်လာချိန်မှာ လွန်ခဲ့တဲ့တစ်လလောက်က ရောတာဒမ်မြို့မှာ လက်ထပ် ခဲ့ကြပါတယ်။ ဒါပေမဲ့ သူက အလုပ်ကိစ္စနဲ့ ကနေဒါကို ရုတ်တရက် ပြန်သွား ရပါတယ်။ ကျွန်မက ဒီမှာကျန်ခဲ့ပြီး အခုမှ ကျွန်မယောက်ျားနောက်ကို လိုက် သွားဖို့ စီစဉ်နေပါတယ်"

သူမ၏ ပြင်သစ်ဘာသာဖြင့် ရေလည်ကျွမ်းကျင်စွာ ပြောခြင်းဖြစ်ရာ ပြင်သစ်လူမျိုးတစ်ယောက်နှင့် တူနေပေသည်။

"ခင်ဗျားရဲ့မိခင် သေဆုံးတာကို ဘယ်လိုသိပါသလဲ"

"သတင်းစာထဲမှာ ဖတ်ရပါတယ်။ ပထမတော့ အသတ်ခံရသူဟာ ကျွန်မရဲ့မိခင်ဖြစ်မှန်း မသိပါဘူး။ နောက်တော့ ကျွန်မ ပဲရစ်မြို့မှာရှိနေတုန်း ကျွန်မတို့ဂေဟာ ကျောင်းအုပ်ဆရာမကြီးဆီက ကြေးနန်းတစ်စောင်ရရှိခဲ့ ပါတယ်။ ကြေးနန်းမှာ ကျွန်မမိခင်ကြီးရဲ့ ယံနာမည်ကို [illegible]

www.burmeseclassic.com



ကြီး မစ္စတာသိဘော့ရဲ့လိပ်စာကိုလည်း ယည့်ရေးထားပါတယ်"

မစ္စတာဖိုနီယာသည် နားထောင်ရင်း ခေါင်းညိတ်ပြီး ခေတ္တစဉ်းစား နေလေသည်။ ထို့နောက် ဆက်လက်စကားပြောကြည့်ကြသော်လည်း သူမ အနေဖြင့် လူသတ်မှုတရားခံ ဖော်ထုတ်ရေးအတွက် အထောက်အကူ ပြုနိုင်ဖွယ် မရှိကြောင်း ထင်ရှားလေသည်။

သူမသည် မိခင် မာဒမ်ဂီဆယ်(လ်)၏ ကိုယ်ရေးကိုယ်တာ ဘဝ အကြောင်း၊ စီးပွားရေးလုပ်ငန်းများအကြောင်းနှင့်ပတ်သက်၍ ဘာမှသိဟန် မတူချေ။ သူမတည်းခိုနေသော ဟိုတယ်၏အမည်ကို မေးမြန်းမှတ်သားပြီး နောက် စုံထောက်ဟာကြူလီနှင့် မစ္စတာဖိုနီယာတို့သည် ထွက်လာခဲ့ကြလေ သည်။ မစ္စတာဖိုနီယာသည် ဆက်လက်ဆွေးနွေးပြန်သည်။

"မစ္စတာဟာကြူလီ စိတ်ပျက်သွားသလားဗျ။ ဒီမိန်းကလေးနဲ့ ပတ် သက်လို့ ခင်ဗျား ကြိုတင်ယူဆချက် တစ်ခုခု ရှိခဲ့တယ် မဟုတ်လား။ ဒီ မိန်း ကလေးဟာ မာဒမ်ဂီဆယ်(လ်)ရဲ့ သမီးအစစ်မဟုတ်ဘဲ ဟန်ဆောင်လာတယ် လို့ရော ထင်သလား"

စုံထောက်ဟာကြူလီက ခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူး။ ကျုပ်က ဒီမိန်းကလေးဟာ ဟန်ဆောင်လာသူလို့ မထင်ပါဘူး။ သူက ဘယ်သူဘယ်ဝါဆိုတာ တင်ပြတဲ့ စာရွက်စာတမ်း အထောက်အထားတွေက ခိုင်လုံပါတယ်။ ဒါပေမဲ့ ထူးဆန်းတာတစ်ခုက ကျုပ် ဒီမိန်းကလေးရဲ့မျက်နှာ မြင်ဖူးသလိုရှိတယ်။ ဒါမှမဟုတ် ကျုပ်သိဖူးတဲ့ လူ တစ်ယောက်နဲ့ ရုပ်ချင်းအလွန်တူနေတာ ဖြစ်ရမယ်"

"သေသူ အမျိုးသမီးနဲ့ ရုပ်ချင်းတူနေတာများလား"

"မဟုတ်ပါဘူးဗျ၊ ဒီမိန်းကလေးရဲ့မျက်နှာကိုမြင်တော့ ကျုပ်က တစ်စုံ တစ်ယောက်ကို အထူးသတိရမိတယ်။ ဘယ်သူဘယ်ဝါဆိုတာသာ ကျုပ်က မပြောနိုင်ဘူး"

ဤတွင် မစ္စတာဖိုနီယာသည် အံ့သြဟန်နှင့် စုံထောက်ဟာကြူလီ အား လှမ်းကြည့်လိုက်သည်။

"ခင်ဗျားက မာဒမ်ဂီဆယ်(လ်)ရဲ့သမီး ပျောက်နေခဲ့တာကို စဉ်းစားရ ခက်နေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ် စဉ်းစားတာက ဒီလိုပါ။ မာဒမ်ဂီဆယ်(လ်) သေ ဆုံးတဲ့အတွက် အကျိုးသက်ရောက်မှုရှိပုံကို ကျုပ်တို့ စဉ်းစားခဲ့ကြတယ် မဟုတ် လား၊ သူသေဆုံးတဲ့အတွက် တခြားလူတွေမှာ အကျိုးရှိတာ မရှိတာ အသာ



ထား၊ ဒီမိန်းကလေးကတော့ အများကြီး အကျိုးရှိသလို ဖြစ်နေတယ်။ ငွေကြေး အမြောက်အမြားတွေ ရမှာဖြစ်တယ်"

"မှန်ပါတယ်။ ဒါပေမဲ့ ကျုပ်တို့ မှုခင်းထောက်လှမ်းရာမှာ ဒီအချက် က ဘာမှအကြောင်းမထူးဘူးဗျ"

"ဒီမယ် မိတ်ဆွေကြီး၊ သေသေချာချာ စဉ်းစားကြည့်စမ်းပါ။ သူ့သမီး ဆိုတဲ့ မိန်းကလေးဟာ အမွေအဖြစ် ငွေကြေးအမြောက်အမြား ရတော့မှာ ဖြစ်တယ်။ ကျုပ်က စောစောကတည်းက မာဒမ်ဂီဆယ်(လ်)အသတ်ခံရမှုမှာ သမီးဖြစ်သူက တစ်နည်းနည်းနဲ့ ပတ်သက်နေတယ်လို့ သင်္ကာမကင်းဖြစ်မိ တယ်။ လူသတ်မှုဖြစ်ပွားတဲ့ လေယာဉ်ပေါ်မှာ အမျိုးသမီးသုံးဦး ပါလာခဲ့တယ်။ အဲဒီသုံးဦးနဲ့ ဗင်နီရှာကားဆိုသူကတော့ ထင်ရှားပြီး လူသိများတဲ့ မိသားစုက ဆင်းသက်လာသူဖြစ်လို့ သူ့ကို ထည့်စဉ်းစားဖို့ မလိုဘူး။ ဒါပေမဲ့ ကျန်တဲ့ နှစ်ယောက်ကတော့ အသက်အရွယ်အားဖြင့် မာဒမ်ဂီဆယ်(လ်)ရဲ့သမီး ဖြစ်နိုင် တယ်လို့ ယူဆရမယ်။ အထူးသဖြင့် သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ လူယုံတော် အယ်လစ်က ကလေးအဖေဟာ အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်တယ်လို့ ထွက်ဆိုခဲ့ တာကြောင့် ပိုပြီးစဉ်းစားစရာ ဖြစ်နေတယ်။ လေဒီဟော်ဘူရီဟာ တစ်ချိန်က မထင်မရှား ပြဇာတ်မင်းသမီးဖြစ်တဲ့အပြင် သူ့ရဲ့နောက်ကြောင်းရာဇဝင်ကို ဘာမှမသိရဘူး။ နာမည်ကလည်း ဝယ်နာမည်ရင်း မဟုတ်ဘူး။ ပြီးတော့ ဂျိန်း ဆိုတဲ့ မိန်းကလေးက သူဟာ မိဘမဲ့ဂေဟာတစ်ခုမှာ ကြီးပြင်းလာခဲ့တယ်လို့ သူ့ကိုယ်တိုင်က တစ်ခါက ကျုပ်ကို ပြောပြဖူးတယ်"

"သြော် ဒီလိုလား၊ ခင်ဗျားက ဒီလိုစဉ်းစားတာကိုး၊ ရဲမှူးကြီးဂျက်က ဆိုရင် ခင်ဗျားစဉ်းစားတာ လွန်ကဲတယ်လို့ ပြောမှာပဲ"

"ရဲမှူးကြီးဂျက်ကတော့ အမြဲလိုလို ကျုပ်ကို ဝေဖန်တတ်တယ်။ သူက ကျုပ်အား လွယ်တာတစ်ခုကို ခက်အောင်လုပ်တတ်တယ်လို့ စွပ်စွဲလေ့ရှိတယ်"

"တကယ်ရော ဟုတ်လို့လား"

"မဟုတ်ပါဘူး။ ကျုပ်ရဲ့နည်းက လွယ်လွယ်နဲ့ ရှင်းရှင်းကလေးပါ။ ပြီးတော့ ကျုပ်ဟာ တကယ့်အချက်အလက်ဆိုရင် အမြဲတမ်း လက်ခံပါတယ်"

"ဒါပေမဲ့ အခုမာဒမ်ဂီဆယ်(လ်)ရဲ့သမီး အဲနီမာရီဆော့ဆိုတဲ့ မိန်း ကလေးနဲ့ ပတ်သက်လို့ ခင်ဗျားက လက်ရှိအနေအခြေနဲ့ပိုပြီး [illegible] မဟုတ်လား"

ဤသို့စကားပြောရင်းနှင့် သူတို့သည် စုံထောက်[illegible] သော ဟိုတယ်သို့ ရောက်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ဧည့်ခန်းသို့ ရောက်လာကြစဉ် ဟိုတယ်စာရေး၏ ကောင်တာပေါ်တွင် တင်ထားသော အရာဝတ္ထုကို မစ္စတာဖိုနီယာကမြင်ပြီး တစ်စုံတစ်ခု သတိရဟန်ဖြင့် စုံထောက်ဟာကြူလီအား ပြောလေသည်။

"ခင်ဗျားကို ကျေးဇူးတင်စကား ပြောရဦးမယ်။ ကျုပ်က လေမှုတ်ပိုက်လို သုံးရတဲ့ စီးကရက်စွပ်တံနဲ့ ဆေးတံအကြောင်းပြောစဉ်က ခင်ဗျားက ဒေါက်တာဘာရိုင်ယန်ရဲ့ ပလွေအကြောင်း သတိပေးထောက်ပြလိုက်တယ်။ မှန်တယ်... ကျုပ်က ပလွေကို လုံးလုံးမေ့နေခဲ့တယ်။ တကယ်တော့လည်း ကျုပ်က ပလွေပိုင်ရှင် ဒေါက်တာဘာရိုင်ယန်ကို သံသယမဖြစ်ခဲ့ဘူးဗျ"

"ခင်ဗျားက သူ့ကို လုံးဝ သံသယမဖြစ်ဘူးလား"

"မဖြစ်ဘူးဗျ။ သူ့ကိုကြည့်ရတာက..."

မစ္စတာဖိုနီယာ၏စကားမဆုံးမီ ဟိုတယ်ကောင်တာ၌ စာရေးနှင့် စကားပြောနေသူသည် လှည့်လာပြီး စုံထောက်ဟာကြူလီကိုမြင်လျှင် ချက်ချင်း မျက်နှာပျက်သွားသည်။ သူကား လူသတ်မှုဖြစ်ပွားသော လေယာဉ်ပေါ်မှ ခရီးသည်တစ်ဦးဖြစ်သူ ဒေါက်တာ ဘာရိုင်ယန်ပင်တည်း။

"ဟဲလို ဒေါက်တာဘာရိုင်ယန်"

ဟာကြူလီက စတင်နှုတ်ဆက်လိုက်ရာ ဒေါက်တာဘာရိုင်ယန်ကလည်း 'ဟဲလို မစ္စတာဟာကြူလီ' ဟုပြောရင်း လက်ဆွဲနှုတ်ဆက်လေသည်။

ထိုအချိန်က ဒေါက်တာဘာရိုင်ယန်အနီး၌ ရပ်နေသူ အမျိုးသမီးတစ်ဦးသည် ဓာတ်လှေကားဘက်ဆီသို့ လျှောက်သွားလေသည်။ စုံထောက်ဟာကြူလီက ထိုအမျိုးသမီး၏မျက်နှာကို သေချာစွာ မမြင်လိုက်ရချေ။

"ဘယ်နှယ့်လဲ ဒေါက်တာကြီး၊ ခင်ဗျားက အခု ဒီပဲရစ်မြို့ကို ရောက်နေပုံထောက်တော့ ခင်ဗျားရဲ့လူနာတွေက အခက်အခဲ မရှိဘူးလား"

စုံထောက်ဟာကြူလီကပြောလိုက်ရာ ဒေါက်တာဘာရိုင်ယန်က ပြုံးလိုက်သည်။

"ကျုပ်မှာ အခု ကုရမယ့်လူနာ မရှိတော့ဘူးဗျ၊ ကိုင်း... ကြို့တုန်းတစ်ခုခု သောက်ပါဦး"

ပြောပြောဆိုဆို ဒေါက်တာဘာရိုင်ယန်သည် စုံထောက်ဟာကြူလီအား စားပွဲတစ်ခုရှိရာသို့ခေါ်သွားပြီး ဝိုင်းအရက်တစ်ခွက်စီမှာ၍ ထိုင်စကားပြောလေသည်။

"တကယ်ပြောတာပါဗျ။ ကျုပ်မှာ အခုလူနာမရှိတော့ဘူး။ ကျုပ်က အခု အလုပ်က အနားယူလိုက်ပြီ"



"အနားယူဖို့ရာ ရုတ်တရက် ဆုံးဖြတ်လိုက်တာလား"

"ဗြုန်းခနဲဆုံးဖြတ်တာတော့ မဟုတ်ပါဘူး။ ကျုပ်အနေနဲ့ လိုအပ်လို့ ဆုံးဖြတ်လိုက်ရတာပဲ။ ရှင်းရှင်းပြောရရင် သက်ဆိုင်ရာက ကျုပ်ရဲ့ဆရာဝန်လိုင်စင်ကို မပယ်ဖျက်မီ ကျုပ်က ကြိုတင်ပြီး အနားယူလိုက်ခြင်း ဖြစ်တယ်။ ခင်ဗျား သဘောပေါက်ပါလိမ့်မယ် ထင်ပါတယ်။ လူတစ်ယောက်ရဲ့ဘဝမှာ တစ်ခါတလေ ပြတ်ပြတ်သားသားဆုံးဖြတ်ရမယ့် အခြေအနေမျိုး ကြုံရတတ်တယ်။ တကယ်တော့ ကျုပ်ဟာ ဆရာဝန်အလုပ်ကို အလွန်ဝါသနာပါသူ ဖြစ်တယ်။ ဒီအလုပ်ကို စွန့်လွှတ်ရမှာလည်း ဝမ်းနည်းပါတယ်။ သို့သော်လည်း လောကမှာ အားလုံးထက်ပိုပြီး ဦးစားပေးရလောက်အောင် အရေးကြီးတဲ့ကိစ္စမျိုး ဖြစ်ပေါ်လာတတ်တယ်။ ဥပမာ လူတစ်ယောက်ရဲ့ စိတ်ချမ်းသာမှုအတွက် လုပ်ရတာမျိုးဆိုပါတော့..."

စုံထောက်ဟာကြူလီသည် ဘာမှမပြောဘဲ စိတ်ဝင်စားဟန်ဖြင့် နားထောင်နေရာ ဒေါက်တာဘာရိုင်ယန်ကပင် ဆက်ပြောလေသည်။

"အကြောင်းက ဒီလိုဗျ...။ ကျုပ်မှာ လူနာအမျိုးသမီးတစ်ဦး ရှိတယ်။ ကျုပ်က သူ့ကို အလွန်ချစ်ခင်မြတ်နိုးတယ်။ သူ့ခမျာ အိမ်ထောင်ရှိပေမဲ့ ယောက်ျားလုပ်သူက သိပ်ဆိုးတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်တော့ အမျိုးသမီးခမျာ အလွန်စိတ်ဆင်းရဲနေရှာတယ်။ ခက်တာက အမျိုးသမီးဟာ သီးခြားဝင်ငွေကလည်း မရှိတော့ သူ့ယောက်ျားကို စွန့်ခွာထွက်သွားလို့ မဖြစ်ဘူး။ ဒီပြဿနာကို ကျုပ်က အတော်ကြာကြာ အချိန်ယူပြီး စဉ်းစားကြည့်ခဲ့တယ်။ အခုတော့ ကျုပ် ဆုံးဖြတ်လိုက်ပြီ။ အခု အဲဒီအမျိုးသမီးနဲ့ ကျုပ်ဟာ အာဖရိကတိုက် ကင်ညာနိုင်ငံကိုသွားပြီး ဟိုမှာပဲ အခြေချနေထိုင်ရင်း ဘဝသစ် ထူထောင်ကြမလို့ ခရီးထွက်လာခြင်း ဖြစ်တယ်။ တစ်နည်းအားဖြင့် ကျုပ်က အမျိုးသမီးကို စိတ်ချမ်းသာမှု ဖန်တီးပေးလိုတဲ့ ရည်ရွယ်ချက်နဲ့ ဆုံးဖြတ်လိုက်တယ်။ ဒီကိစ္စဟာ နောက်တော့ လူအများသိသွားမှာဖြစ်လေတော့ ကျုပ်က ကြိုတင်သိနှင့်အောင် ပြောပြတာပါပဲ"

ဒေါက်တာ၏စကားအဆုံးတွင် စုံထောက်ဟာကြူလီသည် [illegible] စဉ်းစားနေပြီးမှ ပြန်ပြောလေသည်။

"ဟုတ်ကဲ့။ ကျုပ်နားလည်ပါပြီ။ ဒါထက် ခင်ဗျားအခု [illegible] ခင်ဗျားရဲ့ ပလွေကိုလည်း ယူသွားတာကိုးဗျ"

ဤတွင် ဒေါက်တာဘာရိုင်ယန်က ပြုံးလိုက်သည်။

"ဒီပလွေဟာ ကျုပ်ရဲ့ အရင်းနှီးဆုံး အဖော်ပဲ [illegible]"

www.burmeseclassic.com

www.burmeseclassic.com



အခါ ဂီတအနုပညာက အထောက်အကူပေးနိုင်တယ်"

ပြောရင်းနှင့် ဒေါက်တာဘရိုင်ယန်သည် သူ၏ပလွေထည့်သော သေတ္တာကို မြတ်နိုးတွယ်တာစွာဖြင့် တယုတယ ပွတ်သပ်နေသည်။

စုံထောက်ဟာကြူလီလည်း ထိုင်ရာမှ ထလိုက်သည်။

"ကျေးဇူးတင်ပါတယ်။ ခင်ဗျားနဲ့တကွ အမျိုးသမီးတို့ရဲ့ နောင်ရေး အဝ သာယာချမ်းမြေ့ပါစေလို့ ဆုတောင်းပါတယ်"

★ ★ ★

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာသည် စုံထောက် ဟာကြူလီ ရှိရာသို့ ချဉ်းကပ်လာချိန်တွင် ဟာကြူလီက ဟိုတယ်ကောင်တာမှ နေ၍ ကနေဒါနိုင်ငံ ကွီဘက်မြို့သို့ အဝေးပြော တယ်လီဖုန်းဖြင့် ဆက်ရန် စီစဉ်နေလေသည်။

❖ ❖ ❖

(၂၄)

ဘယ်လိုလဲဗျ၊ မိတ်ဆွေကြီး။ ခင်ဗျားက အမွေဆက်ခံမယ့် မာဒမ် ဂီဆယ်(လ်)ရဲ့ သမီးဆိုသူ မိန်းကလေးကိုပဲ စိတ်ဝင်စားနေပုံ ရပါကလား"

ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာက စုံထောက်ဟာကြူလီ အား မေးလိုက်သည်။

"ဒီလိုလည်း မဟုတ်ပါဘူး၊ ကျုပ်က ဘယ်ဟာမဆို စနစ်တကျ နည်း လမ်းကျကျ သုံးသပ်ပြီးမှ လုပ်ကိုင်တတ်တဲ့ သဘောပါ"

စုံထောက်ဟာကြူလီက ပြန်ပြောရင်း တစ်ဖက်သို့ လှည့်ကြည့်ပြီး...။

"ပြောရင်းဆိုရင်း ကျုပ်အတွင်းရေးမှူး ဂျိန်းတောင် ရောက်လာပြီပဲ။ ကဲ... ခင်ဗျားသွားပြီး စားနှင့်ပါ။ ကျုပ်မကြာခင် ခင်ဗျားဆီကို လာခဲ့ပါ့မယ်"

ဟု ဆက်ပြောလိုက်သည်။

မစ္စတာဖိုနီယာလည်း လျှောက်ထွက်သွားရာ ဟာကြူလီသည် ဂျိန်း နှင့်အတူ ထမင်းစားခန်းသို့ သွားလေသည်။

"ပြောစမ်းပါဦးရှင့်။ သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့ သမီးဆိုတာ ဘယ် လို ပုံပန်းသဏ္ဌာန်မျိုးလဲ"

ဂျိန်းက အလွန်သိချင်ဟန်ဖြင့် မေးလိုက်သည်။

"လူက အရပ်မနိမ့်မမြင့် အသားက ခပ်ညိုညို အသားအရေ ကတော့..."

စုံထောက်ဟာကြူလီ၏ စကားမဆုံးမီ ဂျိန်းက စိတ်မရှည်[illegible] ကြားဖြတ်ဝင်ပြောလေသည်။

"ရှင်ပြောပုံကလည်း နိုင်ငံကူးလက်မှတ်(ပတ်[illegible])ထဲက လူပုံပါ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ကျနေတာပဲ။ ကျွန်မရဲ့ ပတ်(စ)ပို့ထဲက လူပုံပန်းသဏ္ဍာန်ကို ရေးထားပုံကလည်း အလွန်စိတ်ပျက်ဖို့ ကောင်းတယ်။ ဘာမှ တိတိကျကျ မရှိဘူး။ နှာခေါင်းက သာမန်၊ ပါးစပ်အနေအထားက သာမန်၊ အဲဒီလိုပဲ ရေးထားတယ်"

"ဒါပေမဲ့ မျက်လုံးကို သာမန်မျက်လုံးလို့ ရေးမထားဘူး"

မစ္စတာဖိုနီယာက ဝင်ပြောလိုက်သည်။

"သာမန်မျက်လုံးလို့ ရေးမထားပေမဲ့ မျက်လုံးမီးခိုးရောင်လို့ ရေးထားတယ်။ အဲဒီအရောင်က လှပတာမှ မဟုတ်ပဲ"

"မလှပဘူးလို့ ဘယ်သူပြောနိုင်သလဲ"

မစ္စတာဖိုနီယာက ပြောလိုက်သည်တွင် ဂျိန်းက ရယ်မောလိုက်သည်။

"မစ္စတာဖိုနီယာက အင်္ဂလိပ်စကားပြောတာ တကယ်ကျွမ်းကျင်တာပဲကိုး။ ဒါထက် မာဒမ်ဂီဆယ်(လ်)ရဲ့ သမီး အယ်နီမာရီဆော့ အကြောင်းကို ပြောစမ်းပါဦးရှင့်။ သူက တော်တော်ချောလှသလား"

"သူ့နာမည်က အခု အယ်နီမာရီဆော့ မဟုတ်တော့ဘူးလေ။ အိမ်ထောင်ကျနေပြီဖြစ်လို့ နာမည်က မစ္စအယ်နီရစ်ချက် ဖြစ်နေပြီ"

"ဟုတ်လား။ သူ့ယောကျ်ားလည်း အတူပါသလား"

"သူ့ယောကျ်ားမပါဘူး"

"ဟင်... ဘာကြောင့်ပါလိမ့်"

"သူ့ယောကျ်ားက အခုဒီမှာမရှိဘူးတဲ့။ အမေရိကန်မှာလား၊ သို့မဟုတ် ကနေဒါနိုင်ငံမှာလား ရောက်နေတယ်"

ဤသို့ပြောရင်း မစ္စတာဖိုနီယာသည် မာဒမ်ဂီဆယ်(လ်)၏ သမီးဆိုသူ၏ ဘဝအကြောင်းကို ရှင်းလင်းပြောပြလေသည်။

ထိုအခိုက် စုံထောက်ဟာကြူလီသည် သူတို့အနီးသို့ ရောက်လာရာ မျက်နှာအမူအရာ အနည်းငယ် စိတ်ခုတ်ကျနေပုံ ရသဖြင့် မစ္စတာဖိုနီယာက...

"ဘယ်လိုလဲဗျ။ ပြောစမ်းပါဦး"ဟု မေးလိုက်သည်။

"ကျုပ်က အဝေးပြော တယ်လီဖုန်းနဲ့ အမျိုးသမီးဂေဟာ ကျောင်းအုပ်ဆရာမကြီးနဲ့ စကားပြောရတယ်"

"ဟုတ်လား၊ အခုခေတ် တယ်လီဖုန်းတွေက နိုင်ငံခြားကို လှမ်းပြောနိုင်တာ တယ်ဟန်ကျတာပဲ"

"ဟုတ်တယ်၊ ကျုပ်နဲ့ စကားပြောတော့ ကျောင်းအုပ်ဆရာမကြီးက မိန်းကလေး (မစ္စရစ်ချတ်)ပြောခဲ့တဲ့အကြောင်းတွေကို အတည်ပြုပြောပါတယ်၊



ပြီးတော့ မိန်းကလေးရဲ့ခင်ဟာ ကွိဘက်မြို့က ခွာသွားတော့ ပြင်သစ်အမျိုးသားတစ်ဦးနဲ့ အတူထွက်သွားတယ်လို့ဆိုတယ်။ ဒီလူက ဝိုင်အရက်ရောင်းဝယ်ရေးလုပ်ငန်း စိတ်ဝင်စားသူဖြစ်သတဲ့ဗျ။ ဆရာမကြီးရဲ့သဘောက မိန်းကလေးဟာ သူ့မိခင်နဲ့ အတူမနေရတာပဲ ကောင်းတယ်လို့ ယူဆတယ်။ သူ့အမြင်မှာ မာဒမ်ဂီဆယ်(လ်)ရဲ့ ဘဝအခြေအနေ မကောင်းဘူးလို့ မြင်ခဲ့တယ်။ သမီးလေးအတွက် ငွေတော့ မှန်မှန်ပို့သတဲ့။ သို့သော်လည်း မာဒမ်ဂီဆယ်(လ်)ဟာ သူ့သမီးနဲ့လာတွေ့ဖို့ တစ်ခါမှ အကြောင်းမကြားခဲ့ဘူးလို့ ဆိုတယ်"

"ဒါဖြင့် ခင်ဗျားက ကျောင်းအုပ်ဆရာမကြီးနဲ့ပြောကြည့်တော့ ကျုပ်တို့ မနက်က မစ္စရစ်ချတ်ပြောတာ ကြားခဲ့ရတာနဲ့ သိပ်မထူးဘူးဆိုပါတော့"

"ဟုတ်ပါတယ်၊ ကျောင်းအုပ်ဆရာမကြီး ပြောပြချက်မှာ အသေးစိတ်အချက်အလက်တွေ ပါလာတာပဲထူးတယ်။ ဒီမိန်းကလေး အယ်နီ (မစ္စရစ်ချတ်) ဟာ လွန်ခဲ့တဲ့ခြောက်နှစ်က ဂေဟာက ထွက်ခွာသွားတယ်၊ ပထမတော့ လက်သည်းအလှပြုပြင်တဲ့ အလုပ်လုပ်။ နောက် အမျိုးသမီးကြီးတစ်ဦးရဲ့ အိမ်ဖော်အဖြစ် လုပ်တယ်။ အဲဒီအလုပ်နဲ့ပဲ ကွိဘက်မြို့က ဥရောပတိုက်ကို ထွက်သွားတယ်လို့ဆိုတယ်။ မိန်းကလေးဟာ ကျောင်းအုပ်ဆရာမကြီးဆီကို ရံဖန်ရံခါ စာရေးတယ်။ တစ်နှစ်မှာ နှစ်ကြိမ်လောက် စာရေးတယ်လို့ ဆိုတယ်။ ကျောင်းအုပ်ဆရာမကြီးဟာ မာဒမ်ဂီဆယ်(လ်) သေဆုံးမှု ပဏာမ စစ်ဆေးတဲ့အကြောင်း သတင်းစာထဲ ဖတ်ရတော့ တွေ့ ဒီမိန်းကလေးဟာ မာရီမိုရီဆော့ အမည်နဲ့ ကွိဘက်မြို့မှာနေသွားတဲ့ အမျိုးသမီးဖြစ်ရမယ်လို့ တွက်မိတယ်"

"မာဒမ်ဂီဆယ်(လ်)ရဲ့ ယောကျ်ားကရောဗျ။ အခု ကျုပ်တို့အနေနဲ့ မာဒမ်ဂီဆယ်(လ်)ဟာ အိမ်ထောင်ရှိခဲ့ပြီဖြစ်ကြောင်း သိရပြီဖြစ်တဲ့အတွက် ဒီလူ့အကြောင်း လေ့လာဖို့တော့ ကောင်းမယ်ထင်တယ်"

"ကျုပ်လည်း စဉ်းစားမိပါတယ်။ ဒါကြောင့် ကျုပ် တယ်လီဖုန်းဆက်စဉ်က ဒီအကြောင်းကို မေးကြည့်တယ်။ မာဒမ်ဂီဆယ်(လ်)ရဲ့ယောကျ်ား ဂျော့လီမန်ဆိုသူဟာ ကမ္ဘာစစ်ကြီးက သေဆုံးသွားတယ်လို့ဆိုတယ်"

ဤတွင် စုံထောက်ဟာကြူလီသည် ခေတ္တစဉ်းစားပြီးနောက် ဆက်လက်၍...

"နေဦးဗျ။ စောစောက ကျုပ် ဘယ်လိုပြောခဲ့ပါလိမ့်၊ ကျုပ်ပြောတဲ့အထဲမှာ စိတ်ကူးတစ်မျိုး စဉ်းစားမိလို့ ပြောလိုက်တာဖြစ်မယ်"ဟု မြွက်ဆိုသည်။

မစ္စတာဖိုနီယာလည်း ဟာကြူလီပြောခဲ့သည့်စကားတို့ မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



သလောက် ပြန်ပြောပြရာ စုံထောက်ဟာကြူလီသည် မကျေမနပ်ဟန်ဖြင့် ခေါင်းခါလိုက်သည်။

"ဒါလည်း ကိစ္စမရှိဘူးဗျ။ ကဲ... နေပါစေတော့။ ကိစ္စမရှိပါဘူး"

ဤသို့ပြောပြီးနောက် ဟာကြူလီသည် ဂျိန်းဘက်သို့လှည့်၍ စကား ပြောနေလိုက်သည်။

စားသောက်ကြပြီးနောက် အပြင်ဘက် ဧည့်ခန်းထွက်၍ ကော်ဖီ သောက်ကြရန် ပြင်ဆင်ကြစဉ် ဂျိန်းသည် လက်ကိုင်အိတ်ကောက်ကိုင်ရင်း နာကျင်ဟန်ဖြင့် ရှုံ့မဲ့လိုက်သည်။

"ဘာဖြစ်လို့လဲ မိန်းကလေး"

စုံထောက်ဟာကြူလီကမေးသဖြင့် ဂျိန်းက...

"ကျွန်မရဲ့လက်သည်း ရှည်ပြီး တစ်ခြမ်းပဲ့ထွက်တာနဲ့ ခိုက်မိပြီး နာသွားလို့ပါ။ လက်သည်း ပြန်ပြီးညှပ်ဦးမှပဲ"ဟု ပြောလိုက်သည်။

ဤတွင် စုံထောက်ဟာကြူလီသည် တစ်စုံတစ်ခုကို ရုတ်တရက် စဉ်းစားမိဟန်ဖြင့်...

"ဟုတ်ပြီ၊ ဟုတ်ပြီ။ အခုမှပဲ စဉ်းစားမိတော့တယ်"ဟု ပြောလိုက်သည်။

မစ္စတာဖိုနီယာနှင့် ဂျိန်းတို့က အံ့အားသင့်နေကြစဉ် စုံထောက်ဟာကြူလီကပင် ဆက်ပြောလေသည်။

"မာဒမ်ဂီဆယ်(လ်)ရဲ့သမီး အယ်နီမာရီဆော့ကို ကျုပ်မြင်ဖူးသလိုရှိတာ စဉ်းစားလို့ရပြီ။ လေယာဉ်ပေါ်တုန်းက လေဒီဟော်ဘူရီဟာ သူ့ရဲ့ လက်သည်းပြုပြင်တဲ့ ကိရိယာလိုချင်လို့ ရှေ့ခန်းမှာရှိတဲ့ အိမ်ဖော်မိန်းကလေးကို သူခိုင်းခဲ့တာ ကျုပ်မှတ်မိပြီ။ အဲဒီ အိမ်ဖော်မိန်းကလေးက အယ်နီမိုရီဆောပဲဗျ"

❖ ❖ ❖

(၂၅)

စုံထောက်ဟာကြူလီ့စကားကြောင့် ပြင်သစ်ထောက်လှမ်းရေး အရာရှိ မစ္စတာဖိုနီယာနှင့် ဂျိန်းတို့မှာ အလွန်အံ့အားသင့်လျက် ရုတ်တရက် ဘာမှ မပြောနိုင်အောင် ဖြစ်နေကြတော့သည်။

ယခုအတိုင်းဆိုလျှင် မာဒမ်ဂီဆယ်(လ်)၏သမီး အယ်နီမိုရီဆော့ (မစ္စရစ်ချတ်)သည် လူသတ်မှုဖြစ်ပွားရာ လေယာဉ်ပေါ်တွင် လိုက်ပါလာသူ တစ်ဦး ဖြစ်နေပေပြီ။

စုံထောက်ဟာကြူလီသည် သူ့ကိုယ်သူ မကျေမနပ်ဟန်ဖြင့် မျက်မှောင်ကြုတ် စဉ်းစားနေပြန်သည်။

ထို့နောက် သူ့ကိုယ်သူ ပြန်ပြောသလို ပြောလေသည်။

"ကျုပ် သေသေချာချာ စဉ်းစားကြည့်ရဦးမယ်။ ဒီအမှုနဲ့ပတ်သက်ပြီး ကျုပ် မူလက ယူဆထားတာနဲ့ ဘယ်လိုကွာခြားပြောင်းလဲလာမယ်ဆိုတာ ပြန်သုံးသပ်ကြည့်မှ ဖြစ်မယ်"

မစ္စတာဖိုနီယာကလည်း...

"ဒီအတိုင်းဆိုတော့ မာဒမ်ဂီဆယ်(လ်)ရဲ့သမီးကိုယ်တိုင်က လေယာဉ်ပေါ် လိုက်ပါလာတာကိုး။ ကျုပ် အခု သဘောပေါက်ပါပြီ"

ဟု မှတ်ချက်ချလိုက်သည်။

"ဟုတ်တယ်ရှင့်။ လေဒီဟော်ဘူရီရဲ့ အိမ်ဖော်မိန်းကလေးဟာ အား[illegible] မြင့်မြင့်၊ အသားညိုညို ဖြစ်တယ်။ လေဒီဟော်ဘူရီက သူ့ကိုခေါ်[illegible] လိန်းဆိုတဲ့နာမည် ခေါ်လိုက်တာကို သတိပြုမိတယ်"

ဂျိန်းကပြောလိုက်ရာ စုံထောက်ဟာကြူလီက ခေါင်းညိတ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မာဒီလိန်းဆိုတဲ့နာမည် ခေါ်ခဲ့တယ်"

"လေဒီဟော်ဘူရီက အဲဒီမိန်းကလေးကို ခေါ်ပြီး သူ့ရဲ့အလုပြင်ကိုရိယာထည့်တဲ့ သေတ္တာကလေးကို ယူခိုင်းတယ်။ သေတ္တာက ကြက်သွေးအရင့်ရောင်ဖြစ်တယ်"

"ဒါဖြင့် အဲဒီမိန်းကလေးက အလှပြင်ကိရိယာ သွားယူတော့ သူမိခင်မာဒမ်ဂီဆယ်(လ်)ရဲ့ ထိုင်ခုံနားက ဖြတ်လျှောက်သွားတာပေါ့"

မစ္စတာဖိုနီယာကပြောလိုက်ရာ စုံထောက်ဟာကြူလီက...

"ဟုတ်တယ်"ဟု ပြန်ပြောလိုက်သည်။

"ဒီအတိုင်းဆိုတော့ မိန်းကလေးအနေနဲ့ လူသတ်မှုကျူးလွန်ဖို့ အခြေအနေ အခွင့်အရေးလည်း ရှိတယ်။ အကျိုးသက်ရောက်မှု ရည်ရွယ်ချက်လည်း ရှိခဲ့တယ်။ ဒါနဲ့များ စောစောက ဘာကြောင့် ဒီမိန်းကလေးကို ကျုပ်တို့ မသင်္ကာတဲ့ လူတွေစာရင်းထဲ ထည့်မစဉ်းစားကြတာလဲ"

မစ္စတာဖိုနီယာက မကျေနပ်သလိုပြောရာ စုံထောက်ဟာကြူလီက... 'ကျုပ် အဲဒီတုန်းက မစဉ်းစားမိခဲ့လို့ပါ'ဟု ပြန်ဖြေလိုက်သည်။

ဤတွင် ဂျိန်းက မိမိ၏ထင်မြင်ချက်ကို ပြောလိုသဖြင့်...

"ဒီလို ရှိတယ်ရှင့်။ အဲဒီကိစ္စက စောစောပိုင်းက ဖြစ်ခဲ့တယ်။ လေယာဉ်ဟာ ပဲရစ်မြို့လေဆိပ်က ထွက်ပြီး တစ်နာရီလောက်အထိ မာဒမ်ဂီဆယ်(လ်) ဟာ ဘာမှမဖြစ်သေးဘူး။ နောက် တော်တော်ကြာမှ အသတ်ခံရသလိုဖြစ်နေပုံပဲ"ဟု ပြောလိုက်သည်။

ထိုအချက်ကို မစ္စတာဖိုနီယာသည် ခေတ္တစဉ်းစားကြည့်ပြီးနောက်...

"အဲဒါက ထူးဆန်းတယ်။ ချက်ချင်း မသေဘဲ ဖြည်းဖြည်းမှ အဆိပ်သင့်လာပြီး သေစေတဲ့ အဆိပ်မျိုးများ ဖြစ်နေမလား။ ဒါမျိုးလည်း ရှိတတ်တယ်လို့ထင်တယ်"ဟု ပြောလိုက်သည်။

"ကျုပ် သေသေချာချာ စဉ်းစားကြည့်ရဦးမယ်။ ကျုပ်က တစ်လျှောက်လုံးလုံး မှားနေသလား မဖြစ်နိုင်ဘူး"

စုံထောက်ဟာကြူလီက ပြောပြန်ရာ မစ္စတာဖိုနီယာကလည်း...

"ဒါတော့ ဖြစ်တတ်တာပဲ။ ကျုပ်ကိုယ်တိုင်လည်း မူလက ယူဆချက်တွေ နောက်ပိုင်းကျတော့ မှားနေတာမျိုး ကြုံဖူးတယ်။ ဒါမျိုးဖြစ်ရင်တော့ တစ်မျိုးပြန်စဉ်းစားသုံးသပ်ကြည့်ရတာပဲ"ဟု ပြောလိုက်သည်။

"မှန်တယ်... ကျုပ်အနေနဲ့ အချက်အလက်တစ်ခုတည်းကို ဦးစားပေး အလေးထားလွန်းပြီး စဉ်းစားယူဆခဲ့မိတာ ဖြစ်နိုင်တယ်။ ဒီအမှုမှာ ကျုပ်က



သဲလွန်စတစ်ခုကို ရှာဖွေဖို့ မျှော်လင့်ခဲ့တယ်။ အဲဒီ သဲလွန်စလည်းတွေ့ရော ကျုပ်ဟာ ဒီသဲလွန်စတစ်ခုတည်းအပေါ် အခြေခံပြီး အဖြေကို သုံးသပ်ရှာဖွေခဲ့တယ်။ ဒါပေမဲ့ ကျုပ်ဟာ မူလကတည်းက မှားနေတာ ဖြစ်နိုင်တယ်။ အထူးသဖြင့် ပစ္စည်းတစ်ခုဟာ မတော်တဆတိုက်ဆိုင်လို့ ရှိနေတာမျိုးဖြစ်ရင် ကျုပ်ယူဆချက်က လုံးလုံးမှားနိုင်တယ်။ ဟုတ်တယ်။ ကျုပ်ရဲ့မူလယူဆချက်ဟာ လုံးလုံးမှားနေခဲ့တယ်လို့ ဝန်ခံရမယ်"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ အခုပေါ်ထွက်လာတဲ့အချက်ကိုတော့ ခင်ဗျား လျစ်လျူရှုလို့မရဘူး။ လူသတ်မှုကျူးလွန်ဖို့ရာ အခြေအနေ အခွင့်အရေးလည်း ရှိတယ်။ အကျိုးသက်ရောက်မှု သို့မဟုတ် ရည်ရွယ်ချက်ကလည်း ရှိတယ်။ ဒါအပြင် ဘာလိုသေးသလဲ"

မစ္စတာဖိုနီယာက ထောက်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားပြောတဲ့အတိုင်း ဖြစ်နိုင်ပါတယ်။ တစ်ခုပဲရှိတာက အဆိပ်ဟာ ချက်ချင်းမသေစေဘဲ ဖြည်းဖြည်းမှသေတာကတော့ ထူးဆန်းတယ်။ ဒါပေမဲ့လည်း အဆိပ်ဆိုတာမျိုးက ပြောရခက်သားပဲ။ မဖြစ်နိုင်ဘူးလို့ ထင်ရတာမျိုးတွေ ဖြစ်လာတတ်တယ်"

စုံထောက်ဟာကြူလီက ပြောလိုက်ပြီးနောက် မစ္စတာဖိုနီယာက သူ၏သဘောထားကို ပြောပြန်သည်။

"ကျုပ်တို့ ရှေ့လျှောက်လုပ်မယ်ဆိုတာ သေသေချာချာ စဉ်းစားဆွေးနွေးပြီး စီမံချက်ချမှဖြစ်မယ်။ လောလောဆယ်တော့ အယ်နီမိုရီဆော့ မိန်းကလေးအနေနဲ့ ဘာမှမရိပ်မိအောင် သတိထားဖို့လိုမယ်။ အခုဆိုရင် သူ့ကို ခင်ဗျားက မှတ်မိကြောင်း သူလုံးဝမသိသေးဘူး။ ကျုပ်တို့အနေနဲ့ သူဟာ မာဒမ်ဂီဆယ်(လ)ရဲ့ အမွေစားအမွေခံသမီးဖြစ်ကြောင်း အထောက်အထားတွေအရ လက်ခံယုံကြည်ကြတယ်လို့သာ သူသိနေတယ်။ သူ အခုတည်းခိုနေတဲ့ ဟိုတယ်ကိုလည်း ကျုပ်တို့သိထားပြီ။ သူ့ကို ဆက်သွယ်ချင်ရင် ရှေ့နေကြီး မစ္စတာသီဘော့ကတစ်ဆင့် ဆက်သွယ်လို့ ရတယ်။ လောလောဆယ်တော့ သူဟာ လူသတ်မှုကျူးလွန်ဖို့ရာအကြောင်း(ရည်ရွယ်ချက်)ရှိတာရယ်၊ သတ်ဖို့ အခွင့်အရေး အခြေအနေရှိခဲ့တာကို ကျုပ်တို့သိရပြီဖြစ်တယ်။ ဒါပေမဲ့ သူ လက်ဝယ်မှာ မြွေဆိပ်ရယူထားတာရှိကြောင်း ခိုင်လုံတဲ့အထောက်အထား ရှိဖို့လိုတယ်။ နောက်ပြီး လေမှုတ်ပိုက် ဝယ်သွားတဲ့ အမေရိကန်လူမျိုးအကြောင်း လေယာဉ်ကုမ္ပဏီက မစ္စတာပဲရှေ့ကို လာဘ်ထိုးပြီး လေယာဉ်ခရီးစဉ် ပြောင်းခိုင်းတဲ့ကိစ္စကလည်း ရှိသေးတယ်။ ဒီလူဟာ အယ်နီမိုရီဆော့နဲ့ ခင်ပွန်းရင်းဖြစ်

www.burmeseclassic.com



ဆိုသူ ဖြစ်နိုင်တယ်။ သူ့ယောက်ျားဟာ ကနေဒါနိုင်ငံမှာ ရောက်နေတယ်ဆို တာ သူ့အပြောပဲရှိတယ်"

မစ္စတာဖိုနီယာ၏ စကားအဆုံးတွင် စုံထောက်ဟာကျူလီက...

"အေးဗျ... ခင်ဗျားပြောသလို ဒီအမျိုးသမီးရဲ့ယောက်ျား... နေဦး ဗျို့... ခဏနေဦး"ဟု စကားကို တစ်ပိုင်းတစ်စပြောပြီး သူ၏ နားထင်ကို လက် ညှိုးဖြင့် ကိုင်နှိပ်ရင်း ခေတ္တစဉ်းစားနေပြန်သည်။

ထို့နောက် သူ့ကိုယ်သူ ဝေဖန်သုံးသပ်သလို ခပ်တိုးတိုးပြောလေ သည်။

"မှားနေပြီ... အားလုံး မှားနေပြီ။ ကျုပ်က စနစ်တကျ ဦးနှောက်ဉာဏ် ကို အသုံးမကျဘဲ ရှေ့လောတကြီး ကောက်ချက်ချမိတယ်။ ကျုပ်ဒီလိုစဉ်းစား မိအောင် တမင်ဖန်တီးထားသလား မပြောတတ်ဘူး။ ဒီလိုလည်း မဟုတ်သေး ဘူး။ ကျုပ် မူလက စဉ်းစားသုံးသပ်ခဲ့တာသာ မှန်ခဲ့ရင်..."

ပြောရင်းနှင့် စကားကိုဖြတ်ထားလိုက်ရာ ဂျိန်းက...

"ဘာကိုဆိုလိုတာလဲရှင်"ဟု မေးလိုက်သည်။

စုံထောက်ဟာကျူလီသည် ချက်ချင်းပြန်မဖြေဘဲ ခေတ္တစဉ်းစားနေ ပြန်သည်။ ခဏကြာတော့မှ သူစဉ်းစားမိပုံကို ပြောပြလေသည်။

"ဒီလိုသုံးသပ်ကြည့်ကြရအောင်။ သေသူ မာဒမ်ဂီဆယ်(လ်)ရဲ့သမီး အယ်နီမိုရီဆော့ဟာ ဒီအမှုမှာ အပြစ်ရှိချင်လည်းရှိမယ်။ အပြစ်ကင်းချင်လည်း ကင်းနိုင်တယ်။ တကယ်လို့ အပြစ်ကင်းတယ်ဆိုရင် သူဟာ ဘာကြောင့် လိမ် ပြောခဲ့ရတာလဲ။ လေဒီဟော်ဘူရီရဲ့ အိမ်ဖော်မိန်းကလေးဖြစ်ကြောင်း ဘာ ကြောင့် ထိန်ချန်ထားတာလဲ"

"ဟုတ်တယ်... ဟုတ်တယ်။ ဘာကြောင့်လဲ"

မစ္စတာဖိုနီယာက ထောက်ခံသည့်အနေဖြင့် ဝင်ပြောလိုက်သည်။

"ဒီတော့ အယ်နီမိုရီဆော့ဟာ လိမ်ပြောခဲ့တဲ့အတွက် အပြစ်ရှိသူ ဖြစ်ရမယ်လို့ ယူဆစရာရှိတယ်။ ဒါပေမဲ့ နေပါဦးဗျ။ ကျုပ်ရဲ့ မူလပထမ ယူဆ ချက်က မှန်နေတယ်ဆိုပါစို့။ ကျုပ်ရဲ့ ယူဆချက်အရ ဒီအမျိုးသမီးအပြစ်ရှိတာ သို့မဟုတ် လိမ်ပြောခဲ့တာနဲ့ ကိုက်ညီရဲ့လား။ နောက်တစ်ခုရှိတာက ကျုပ်ရဲ့ ယူဆချက်သာ မှန်ခဲ့လို့ရှိရင် အယ်နီမိုရီဆော့ဟာ လူသတ်မှုဖြစ်ပွားတဲ့ လေယာဉ်ပေါ်မှာ လုံးဝလိုက်ပါလာဖို့ မသင့်ဘူး"

စုံထောက်ဟာကျူလီ၏ စကားက နားလည်ရန် ခဲယဉ်းလောက် အောင် ရှုပ်ထွေးနေရာ ပြင်သစ်ထောက်လှမ်းရေးမှ မစ္စတာဖိုနီယာက ချက်ချင်း



ဘာမှပြန်မပြောဘဲ စိတ်ထဲမှ ဤသို့ တွေးမိလေသည်။

"ဒီလူကြီးနဲ့ပတ်သက်လို့ ဗြိတိသျှစုံထောက် ရဲမှူးကြီးဂျက်က ဝေဖန် ပြောတာကို အခုမှ ကျုပ်သဘောပေါက်မိပြီ။ ဒီလူကြီးဟာ ပြဿနာတစ်ခုရဲ့ အဖြေကို လွယ်လွယ်နဲ့ရှင်းရှင်း ရှာလို့ရနိုင်ပေမဲ့ ရှုပ်ထွေးအောင် တမင် သက်သက်လုပ်တတ်တယ်။ သူ့အနေနဲ့ အလွယ်တကူဖြေရှင်းနည်းကို လက်ခံ ချင်ပုံမရဘူး"

ဂျိန်းအမည်ရှိ မိန်းကလေးကလည်း ဤသို့တွေးမိသည်။

"ဒီလူကြီးပြောတာတွေကို နားမလည်နိုင်အောင် ဖြစ်နေမိတယ်။ အယ်နီမိုရီဆော့ဆိုတဲ့ မိန်းကလေးက ဘာကြောင့် လေယာဉ်ပေါ်ကို လိုက်ပါ မလာရမှာလဲ။ သူ့အနေနဲ့ သခင်မ လေဒီဟော်ဘူရီသွားလေရာကို ထက်ကြပ် မကွာ လိုက်ပါရမှာပဲ မဟုတ်ပါလား"

ထိုအတောအတွင်း စုံထောက်ဟာကျူလီသည် တစ်ယောက်တည်း စဉ်းစားနေရာမှ...

"ဟုတ်တာပေါ့။ ဒီလိုဖြစ်နိုင်တယ်။ အဲဒါဟုတ်မဟုတ် သိအောင်လုပ် ဖို့ကလည်း လွယ်သားပဲ"ဟုပြောရင်း ထိုင်ရာမှ ထလိုက်သည်။

"မိတ်ဆွေကြီးက ဘာများလုပ်ဦးမလို့လဲ"

မစ္စတာဖိုနီယာက မေးလိုက်ရာ ဟာကျူလီက...

"ကျုပ်တယ်လီဖုန်း ဆက်မလို့ပါ"ဟု ပြန်ပြောလေသည်။

"ဘာလဲ၊ အဝေးပြေး တယ်လီဖုန်းနဲ့ ကနေဒါနိုင်ငံကို ဆက်ဦး မှာလား"

"မဟုတ်ပါဘူး။ ကျုပ်က လန်ဒန်မြို့ကို ဆက်မလို့ပါ"

"လန်ဒန် စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ရုံးကို ဆက်မှာလား"

"မဟုတ်ဘူး။ လေဒီဟော်ဘူရီရဲ့ အိမ်ကိုဆက်မလို့။ ကျုပ် တယ်လီ ဖုန်း ဆက်ချိန်မှာ လေဒီဟော်ဘူရီ ရှိနေပါစေလို့သာ မျှော်လင့်ပါတယ်"

"သတိလည်းထားဦးဗျနော်။ အယ်နီမိုရီဆော့ဆိုတဲ့ အမျိုးသမီးကို ကျုပ်တို့ သံသယရှိနေတဲ့သတင်း ပေါက်ကြားသွားရင် ပြဿနာရှုပ်တုန်းဦးမယ်။ မိန်းကလေးအနေနဲ့ ရိပ်မိသွားရင် သူက သတိထားရှောင်တိမ်းလိမ့်မယ်"

မစ္စတာဖိုနီယာက သတိပေးသလို ပြောလိုက်သည်။

"မစိုးရိမ်ပါနဲ့။ ကျုပ်က လိမ္မာပါးနပ်စွာ ကြည့်လုပ်မှာပါ။ ကျုပ် အနေနဲ့ မေးခွန်းတစ်ခုတည်းပဲ မေးပါမယ်။ တယ်လီဖုန်းဆက်တဲ့ နေရာကို ခင်ဗျားပါလိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ချင်ပါဘူးဗျာ"

"လိုက်ခဲ့ပါဗျ။ ကျုပ်က ခင်ဗျားလိုက်လာစေချင်တယ်"

စုံထောက်ဟာကြူလီက အတင်းခေါ်သဖြင့် မစ္စတာဖိုနီယာလည်း ထလိုက်သွားရလေသည်။

ဂျိန်းတစ်ယောက်တည်းသာ ဧည့်ခန်းတွင် ကျန်ရစ်လေသည်။

လန်ဒန်မြို့သို့ တယ်လီဖုန်းလှမ်းဆက်ကြည့်သောအခါ ကံအားလျော်စွာ လေဒီဟော်ဘူရီသည် အိမ်တွင်ရှိနေပြီး နေ့လယ်စာ စားနေကြောင်း သိရလေသည်။

စုံထောက်ဟာကြူလီလည်း ဝမ်းမြောက်အားတက်လျက် တစ်ဖက်မှ ပြန်ဖြေသူအား ပြောလေသည်။

"ဟဲလို... လေဒီဟော်ဘူရီကို ပြောပေးစမ်းပါ။ ကျုပ်က မစ္စတာ ဟာကြူလီပါ။ ပြင်သစ်ပြည်၊ ပဲရစ်မြို့ကနေပြီး ဆက်နေပါတယ်။ ဟဲလို ဟဲလို ဪ... လေဒီဟော်ဘူရီပါလား။ ဟုတ်ကဲ့ ဘာမှမပူပါနဲ့။ အခြေအနေအားလုံး ချောမောအဆင်ပြေမှာပါ။ ကျုပ်တာဝန်ယူပါတယ်။ အခု ကျုပ်က ခင်ဗျားကို မေးခွန်းတစ်ခု မေးချင်တယ်။ အဲဒါ ခင်ဗျားဖြေစမ်းပါ။ ခင်ဗျားအနေနဲ့ ပဲရစ်မြို့က အင်္ဂလန်ကို လေယာဉ်နဲ့ သွားတဲ့အခါ ခင်ဗျားရဲ့ အိမ်ဖော်မိန်းကလေးဟာ အတူလိုက်ပါလေ့ ရှိပါသလား။ ဒါမှမဟုတ် သူက မီးရထားနဲ့ သွားလေ့ရှိသလား။ ဪ... ဟုတ်ကဲ့ ရထားနဲ့လား။ အခု နောက်ဆုံးအခေါက် တုန်းကရော... ဟုတ်ကဲ့ ဒီလိုလား ဟုတ်ပြီ။ ကျုပ်ဒါကို သိချင်တာပါပဲ။ အခုတော့ အဲဒီအိမ်ဖော်မကလေးဟာ ခင်ဗျားဆီက ရုတ်တရက် အလုပ်က ထွက်သွားတယ်လား။ အင်း... သူတို့တစ်တွေက တယ်ခက်တာပဲကိုး။ ကောင်းပါပြီ။ ခင်ဗျားရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် ဘာမှမပူပါနဲ့။ ကိုင်း ကျုပ်သိချင်တာ ဒါပါပဲ။ ကျေးဇူးတင်ပါတယ်။ ဒါပဲနော်"

စုံထောက်ဟာကြူလီသည် တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်ပြီးနောက် စူးရှတောက်ပြောင်သော မျက်လုံးဖြင့် မစ္စတာဖိုနီယာအား လှမ်းကြည့်လိုက်သည်။

"ဒီလိုဖြစ်တယ်ဗျ။ လေဒီဟော်ဘူရီရဲ့ အိမ်ဖော်မိန်းကလေးဟာ ခါတိုင်းဆိုရင် လေယာဉ်မစီးဘဲ မီးရထားနဲ့သာ သွားလေ့ရှိတယ်။ အခုမာဒမ်ဇီဆယ်(လ်) အသတ်ခံရတဲ့ အခေါက်ကျတော့ လေဒီဟော်ဘူရီကိုယ်တိုင်က အိမ်ဖော်မိန်းကလေး မာဒီလိန်းကို ခရီးထွက်ခွာနီးမှ ကပ်ပြီး လေယာဉ်နဲ့အတူ လိုက်စေဖို့ ဆုံးဖြတ်လိုက်သတဲ့"



ပြောရင်းနှင့် စုံထောက်ဟာကြူလီသည် မစ္စတာဖိုနီယာ၏ လက်မောင်းကို ဖမ်းဆွဲလိုက်ရင်း...

"ဒီမယ် မိတ်ဆွေ၊ ခင်ဗျားနဲ့ ကျုပ် အယ်နီမိုရီဆော့ရဲ့ ဟိုတယ်ကို အမြန်ဆုံး သွားမှဖြစ်မယ်။ ကျုပ်ထင်တဲ့အတိုင်းသာမှန်ရင် သိပ်အရေးကြီးနေပြီဗျ။ နောက်ကျလို့ မဖြစ်ဘူး"ဟု ပြောလိုက်သည်။

မစ္စတာဖိုနီယာသည် အံ့အားသင့်ပြီး ငေးကြည့်နေမိရာ စုံထောက်ဟာကြူလီက ရေးကြီးသုတ်ပျာဖြင့် အပြင်ဘက်သို့ ထွက်သွားနှင့်သောကြောင့် မစ္စတာဖိုနီယာလည်း နောက်မှ လိုက်သွားရလေသည်။

"နေပါဦးဗျ။ ဘာတွေဖြစ်ကုန်တာလဲ။ ကျုပ်ဖြင့်နားမလည်နိုင်အောင် ဖြစ်နေပြီ"

မစ္စတာဖိုနီယာက မေးကြည့်သော်လည်း စုံထောက်ဟာကြူလီသည် ဘာမှပြန်မပြောဘဲ တက္ကစီကားတစ်စီးကို တား၍ အယ်နီမိုရီဆော့ တည်းခိုနေသည့် ဟိုတယ်ရှိရာသို့ မောင်းခိုင်းလေသည်။

"ဟေ့... အမြန်ဆုံးမောင်းစမ်းကွာ"

ဤသို့လည်း တက္ကစီဒရိုင်ဘာအား ပြောလိုက်သည်။ မစ္စတာဖိုနီယာလည်း ကပျာကယာ ကားပေါ်သို့ ပြေးတက်လိုက်ရတော့သည်။

"ဘယ်လိုဖြစ်တာလဲဗျ။ ခင်ဗျားက အလောတကြီးနိုင်လိုက်တာ။ ဘာကြောင့် ဒါလောက်လောနေရတာလဲ"

"ဘာကြောင့်လဲဆိုတော့ ကျုပ်ယူဆချက်သာ မှန်နေရင် အယ်နီမိုရီဆော့ဆိုတဲ့ အမျိုးသမီးအဖို့ အသက်အန္တရာယ် အလွန်နီးကပ်နေတယ်ဗျ"

စုံထောက်ဟာကြူလီက ပြန်ပြောလိုက်ရာ မစ္စတာဖိုနီယာသည် အံ့ဩသွားမိလေသည်။

"ဟင်... ဟုတ်လား။ ခင်ဗျား ဒီလိုပဲ ထင်သလား"

"ဟုတ်တယ်။ ကျုပ်အထူးစိုးရိမ်မိတယ်။ အရေးထဲ ဒီတက္ကစီကားကလည်း နှေးလိုက်တာ"

စုံထောက်ဟာကြူလီက ညည်းညူသလို ပြောလိုက်ချိန်တွင် တက္ကစီကားသည် တစ်နာရီ မိုင်လေးဆယ်နှုန်းဖြင့် ခပ်သွက်သွက် မောင်းနှင်လျက် ရှိလေသည်။ ယင်းသို့ လျင်မြန်စွာမောင်းနှင်နေရာ ယာဉ်မောင်းသူ၏ ကျွမ်းကျင်မှုကြောင့်သာ အခြားမော်တော်ကားများကို ရှောင်တိမ်း၍ မောင်းနိုင်လေသည်။

"ခင်ဗျားကသာ တက္ကစီကားမောင်းတာ နှေးတယ်လို့ ပြောနေတယ်။ အခုမောင်းနေပုံက မတော်တဆ ယာဉ်တိုက်မှုဖြစ်မှာစိုးအောင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျုပ်တို့က တယ်လီဖုန်းဆက်မယ်ဆိုပြီး ထွက်လာစဉ်က မိန်းကလေး ကိုမိန်းကို စောင့်နေခိုင်းခဲ့တယ် မဟုတ်လား။ သူ့ခမျာ ဒီအတိုင်း ထိုင်စောင့်နေမှာ မယ်။ ကျုပ်တို့က ဘာမှမပြောဘဲ တောက်လျှောက် ထွက်လာခဲ့တာဟာ ရိုင်းများ မကျဘူးလား"

မစ္စတာဖိုနီယာက ဝေဖန်ပြောလိုက်သော်လည်း စုံထောက်ဟာကြူလီသည် ဂရုမစိုက်ချေ။

"ရိုင်းတာမရိုင်းတာက အရေးမကြီးဘူးဗျ။ အခုကိစ္စက သေရေး ရှင်ရေး ပြဿနာဖြစ်နေတယ်"

"အလို... သေရေး ရှင်ရေး ပြဿနာ ဟုတ်လား"

ဤသို့ ပြောလိုက်ပြီးနောက် မစ္စတာဖိုနီယာသည် စိတ်ထဲမှ...

"ဒီလူကြီးက တယ်ပြီးဇွတ်လုပ်တတ်တာပဲ။ အယ်နီမိုရီဆော့ဆိုတဲ့ မိန်းကလေးဟာ ကျုပ်တို့ သူ့နောက်လိုက်လာပြီဆိုတာ သိရင်တော့..."ဟု တွေးတောမိရင်း စုံထောက်ဟာကြူလီအား ဖျောင်းဖျပြောဆိုသလို...

"ဒီမယ် မစ္စတာဟာကြူလီ၊ ကျုပ်တို့က သတိထားပြီး သွားမှဖြစ်မယ်" ဟု ပြောလိုက်သည်။

"ခင်ဗျား နားမလည်ပါဘူး။ ကျုပ်တော့ အလွန်စိုးရိမ်မိတယ်"

ဤသို့ ပြောနေစဉ်မှာပင် တက္ကစီကားသည် အယ်နီမိုရီဆော့ တည်းခိုနေသော ဟိုတယ်ရှေ့သို့ ရောက်သွားလေသည်။

စုံထောက် ဟာကြူလီသည် လျင်မြန်သွက်လက်စွာ မော်တော်ကားပေါ်မှဆင်း၍ ဟိုတယ်တွင်းသို့ ပြေးဝင်သွားရာအတွင်းမှ ထွက်လာသူ လူငယ်တစ်ဦးနှင့် လူချင်းတိုက်မိတော့မလို ဖြစ်သွားလေသည်။

စုံထောက်ဟာကြူလီသည် ထိုလူငယ်အား လှမ်းကြည့်ရင်း သူ့ကိုယ်သူပြောသလိုလိုနှင့်...

"ဒီလူကို ကျုပ်သိပါတယ်။ ဘယ်သူပါလိမ့်။ ဪ... သိပြီ။ သူဟာ ပြဇာတ်မင်းသား မစ္စတာဘာရာကလောက်ဆိုတဲ့ လူပဲ"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ထိုအခိုက် မစ္စတာဖိုနီယာက သတိပေးလိုသည့်ဟန်ဖြင့် ဟာကြူလီ၏ လက်မောင်းကို အသာဖမ်းဆုပ်ကိုင်လိုက်သည်။

"ဒီမယ် မစ္စတာဟာကြူလီ၊ ကျုပ်က ခင်ဗျားရဲ့ အရည်အချင်းနဲ့ နည်းစနစ်ကို လေးစားပါတယ်။ ဒါပေမဲ့ ငွေ့ရှုလောတကြီးတော့ လုပ်ဖို့ မသင့်ပါဘူး။ ဒီပြင်သစ်မှာ ကျုပ်က ဒီအမှုစုံစမ်းထောက်လှမ်းရေးမှာ တာဝန်ရှိတယ်ဗျ"



"ခင်ဗျားမှာ တာဝန်ရှိတာ ကျုပ်နားလည်ပါတယ်။ သို့သော်လည်း ဘာမှမစိုးရိမ်ပါနဲ့။ ကျုပ်က ဒီမှာ စုံစမ်းမေးမြန်းကြည့်ရုံပါပဲ။ တကယ်လို့ အယ်နီမိုရီဆော့(မစ္စရစ်ချက်)ဟာ ဟိုတယ်မှာ ဘေးအန္တရာယ်မရှိပဲ ကောင်းကောင်း မွန်မွန် ရှိနေတယ်ဆိုရင် ကျုပ်တို့ အေးအေးဆေးဆေး ဘာဆက်လုပ်ရမယ် ဆိုတာ ဆွေးနွေးကြမယ်။ ဒါတော့ ခင်ဗျား သဘောတူတယ် မဟုတ်လား"

ပြောပြောဆိုဆို စုံထောက်ဟာကြူလီသည် ဟိုတယ်၏ ညွှန်ခံစာရေး ရှိရာသို့ လျှောက်သွားရာ မစ္စတာဖိုနီယာလည်း လိုက်သွားလေသည်။

"ဒီမယ် ခင်ဗျားတို့ ဟိုတယ်မှာ မစ္စရစ်ချက်ဆိုတဲ့ အမျိုးသမီးတစ်ဦး တည်းခိုနေတယ် မဟုတ်လား..."

စုံထောက်ဟာကြူလီက စတင်မေးရာ ဟိုတယ်စာရေးက...

"ဟုတ်ကဲ့ အဲဒီအမျိုးသမီးဟာ စောစောကတော့ ဒီမှာနေပါတယ်။ ဒါပေမဲ့ သူက ဒီနေ့ပဲ ထွက်သွားပါပြီ..."ဟု ပြန်ဖြေလေသည်။

ဤတွင် မစ္စတာဖိုနီယာက ဝင်၍မေးခွန်းထုတ်လေသည်။

"အမျိုးသမီးဟာ ဟိုတယ်က ထွက်သွားပြီလား"

"ဟုတ်ပါတယ်"

"သူဘယ်တုန်းက ထွက်သွားတာလဲ"

မစ္စတာဖိုနီယာက ဆက်မေးရာ ဟိုတယ်စာရေးသည် နာရီကို လှမ်းကြည့်လိုက်ပြီး...

"လွန်ခဲ့တဲ့နာရီဝက်သာသာကပဲ ထွက်သွားပါတယ်"ဟု ပြန်ဖြေလေသည်။

"ရုတ်တရက် မမျှော်လင့်ဘဲ ထွက်သွားတာလား။ သူက ဘယ်ကိုသွားတာလဲ"

ထိုမေးခွန်းကို ဟိုတယ်စာရေးက မဖြေပဲ ဆိတ်ဆိတ်နေလေသည်။ ဖြေရန်လုံးဝ ငြင်းဆန်လိုဟန်ရှိသော်လည်း မစ္စတာဖိုနီယာက ပြင်သစ်ထောက် လှမ်းရေးအရာရှိဖြစ်ကြောင်း စိစစ်ရေးကတ်ပြားကို ထုတ်ပြလိုက်တော့မှ ဟိုတယ်စာရေးလည်း မငြင်းသာတော့ချေ။

မစ္စရစ်ချက်(အယ်နီမိုရီဆော့)သည် ဟိုတယ်မှထွက်ခွာသွားရာတွင် မည်သည့်နေရာသို့ သွားမည်ဟု ပြောမပြသွားဟု ဆိုသည်။ ထွက်ခွာသွား သည့်အကြောင်းမှာ အခြေအနေအရ သူမ၏အစီအစဉ်များ ရုတ်တရက် ပြောင်းသွားသောကြောင့် ဖြစ်ပါသည်ဟုလည်း ပြောခဲ့သည်။

မူလက သူမသည် ဤဟိုတယ်၌ ရက်သတ္တပတ်ခန့် နေမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ကြောင်းလည်း ပြောခဲ့သည်။ ယနေ့မှသာ အခြေအနေ တစ်မျိုးပြောင်းလာသဖြင့် ရုတ်တရက် ထွက်သွားရသည်ဟု ဆိုသည်။

ဟိုတယ်ဝန်ထမ်း လူလင်တစ်ဦး၏ ပြောပြချက်အရ သူမထံသို့ အမျိုးသားတစ်ဦး လာရောက်တွေ့ဆုံသည်ဟုလည်း သိရပြန်သည်။ ထိုလူလာရောက်ချိန်က အမျိုးသမီးက မရှိပဲ အပြင်ဘက်သွားနေရာ ထိုလူသည် ထိုင်စောင့်နေခဲ့သည်။ အမျိုးသမီး ပြန်ရောက်လာတော့မှ လူချင်းတွေ့ဆုံပြီး နှစ်ယောက်သား နေ့လယ်စာ အတူစားကြသည်ဟု ဆိုသည်။

ထိုလူ၏ ပုံပန်းသဏ္ဌာန်ကို မစ္စတာဖိုနီယာက မေးကြည့်သောအခါ အမေရိကန်တစ်ဦးနှင့် တူသည်ဟု ဆိုသည်။ ထိုလူကိုမြင်မြင်ချင်း အမျိုးသမီးက ဒဲ့အားသင့်သွားပုံရသည်ကိုလည်း ဟိုတယ်ဝန်ထမ်းက သတိပြုမိသည်။ နေ့လယ်စာစားပြီးသော အမျိုးသမီးက ဟိုတယ်အခန်းမှ သူမ၏ပစ္စည်းများကို သိမ်းယူချနိုင်းပြီး တက္ကစီတစ်စီးငှား၍ တင်လိုက်သည်ဟု ဆိုသည်။ တက္ကစီမောင်းသူအား သူမက ပြောလိုက်ပုံအရ သူမသည် ဂါရီဒူနော့အရပ်သို့ မောင်းနှိုင်းသည်ဟုဆိုသည်။ တက္ကစီကားနှင့် ထွက်သွားစဉ်က အမေရိကန် အမျိုးသားမပါဘဲ သူမတစ်ယောက်တည်းသာ သွားသည်ဟုလည်းဆိုသည်။

ဤတွင် မစ္စတာဖိုနီယာသည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် စုံထောက်ဟာကျူလီအား လှမ်းကြည့်လိုက်သည်။

"ဂါရီဒူနော့ကို တက္ကစီကားနဲ့ သွားတယ်ဆိုရင် အင်္ဂလန်ပြည်ကို သွားဖို့ ဖြစ်ရမယ်။ နှစ်နာရီအခေါက်နဲ့ သွားဖို့အချိန်က အံကိုက်ပဲ။ ကျုပ်တို့ မြန်မြန်လိုက်မှ ဖြစ်မယ်။ တယ်လီဖုန်း ကြိုတင်ဆက်ပြီး တက္ကစီကားကိုပဲ တွေ့အောင် ရှာရမယ်"

မစ္စတာဖိုနီယာသည် စောစောက စုံထောက်ဟာကျူလီ၏ စိုးရိမ်ခဲ့ပုံကို နားလည်သဘောပေါက်သွားပုံ ရလေသည်။

ထို့ကြောင့် သူ၏ ပြင်သစ်ထောက်လှမ်းရေးနှင့် ရဲတပ်ဖွဲ့တို့၏ ယန္တရားကို လည်ပတ်လှုပ်ရှားစေရန် ချက်ချင်းအရေးယူ ဆောင်ရွက်လေတော့သည်။

★ ★ ★

ငါးနာရီခန့်တွင် ဂျိန်းသည် ဟိုတယ်ဧည့်ခန်းထဲတွင် စာအုပ်တစ်အုပ် ထိုင်ဖတ်နေရာမှ စုံထောက်ဟာကျူလီလျှောက်လာသည်ကို မြင်ရလေသည်။

သူမသည် ဤမျှကြာကြာစောင့်ထားခိုင်းရမလားဟု အပြစ်တင်စကားပြောမည်ပြုစဉ် ဟာကျူလီ၏ မျက်နှာအမူအရာကို မြင်ယောင်လိုက်ပြီးနောက်



အပြစ်တင်စကားမပြောတော့ချေ။

"ဟင်... ဘာဖြစ်လို့လဲဟင်။ တစ်ခုခုဖြစ်သွားလို့လား"

ဂျိန်းက ဟာကျူလီ၏ မျက်နှာကိုအကဲခတ်ရင်း စိုးရိမ်ဟန်ဖြင့် မေးလိုက်သည်။

"လူ့ဘဝဆိုတာ တယ်ဆိုးတာပဲ"

စုံထောက်ဟာကျူလီ သူမ၏လက်နှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်ရင်း ပြောလိုက်ရာ သူပြောပုံလေးသံကြောင့် ဂျိန်းမှာ စိုးရိမ်တုန်လှုပ်သွား မိလေသည်။

"ဘာဖြစ်လို့လဲဟင်"

"အင်္ဂလန်ပြည်ကို သွားတဲ့ မီးရထားဟာ ဘိုလွန်ဘူတာရောက်တော့ အထက်တန်းတွဲထဲမှာ အမျိုးသမီးတစ်ယောက် သေနေတာ တွေ့ရတယ်"

"ဟင်... ဟုတ်လား။ သေနေသူဟာ အယ်နီမိုရီဆော့လား"

ဂျိန်းက ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်သည်။

"ဟုတ်တယ်။ သူ့လက်ထဲမှာလည်း စိုင်ယနစ်အက်(စ်)အဆိပ်ပါတဲ့ ပုလင်းငယ်တစ်လုံး တွေ့ရတယ်"

"ဒါဖြင့် သူ့ကိုယ်သူ သတ်သေလိုက်တာပေါ့"

ထိုစကားကို ဟာကျူလီက ချက်ချင်းမဖြေပဲ ခေတ္တဆိုင်းနေပြီးမှ...

"ရဲအရာရှိတွေကတော့ သူ့ကိုယ်သူ သတ်သေတယ်လို့ ယူဆတယ်"

ဟု စကားကို တစ်လုံးချင်းပြောလိုက်သည်။

"ရှင်ကကော ဘယ်လိုထင်သလဲ"

"ဘယ်လိုများ ထင်စရာရှိလို့လဲ"

"နေပါဦးရှင့်။ ဒီအမျိုးသမီးဟာ ဘာကြောင့် သတ်သေတာလဲ။ စိတ်ထိခိုက်လို့ပဲလား။ ဒါမှမဟုတ် သူ့အကြောင်း ပေါ်သွားမှာစိုးလို့လား"

စုံထောက် ဟာကျူလီက ခေါင်းခါလိုက်သည်။

"လူ့ဘဝဟာ တယ်ဆိုးတာပဲ။ လူ့ဘဝမှာ သတ္တိကောင်းဖို့ လိုတယ်"

"သတ်သေဖို့ရာ သတ္တိကောင်းဖို့ လိုတယ်လို့ ဆိုလိုတာလား"

"အသက်ရှင်ပြီး ရပ်တည်နေဖို့လည်း သတ္တိကောင်းဖို့ လိုတယ်လေ"

ဤသို့လျှင် စုံထောက်ဟာကျူလီက စကားကို အဆုံးသတ်လိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

နောက်တစ်နေ့တွင် စုံထောက်ဟာကျူလီသည် ပဲရစ်မြို့မှ ထွက်ခွာသွားလေသည်။

ဂျိန်းအမည်ရှိ မိန်းကလေးကမူ ဆောင်ရွက်စရာ တာဝန်ဝတ္တရားအချို့ လုပ်စရာရှိသေး၍ ပဲရစ်မြို့တွင် နေရစ်ခဲ့သည်။ လုပ်ရသော တာဝန်ဝတ္တရားများမှာ ဂျိန်းအဖို့ အဓိပ္ပာယ်ရှိသလိုဖြစ်သော်လည်း သူမသည် စုံထောက်ဟာကျူလီအား ယုံကြည်သဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လေသည်။

သူမအနေဖြင့် မစ္စတာဒူပွန်၏ သား ဂျွန်နှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ရာ ဂျွန်က ဂျိန်းလိုက်ပါရမည့် ရှေးဟောင်းသုတေသနပစ္စည်း ရှာဖွေရေးခရီးစဉ်အကြောင်းကို စကားစပ်ပြောလေသည်။ ဂျိန်းသည် ထိုခရီးသို့ တကယ်လိုက်ပါမည် မဟုတ်ကြောင်း ဂျွန်အား ပြောပြလိုသော်လည်း စုံထောက်ဟာကျူလီထံမှ အမိန့်မရဘဲ မပြောဝံ့ရှာချေ။

နောက် ငါးရက်ကြာသောအခါ သူမအား အင်္ဂလန်ပြည်သို့ ပြန်ခဲ့ရန် ကြေးနန်းတစ်စောင် ရောက်လာလေသည်။

လန်ဒန်မြို့ ဝိတိုရိယ ဘူတာရုံသို့ ရောက်သောအခါ သူမအား နော်မန်ဂေး(လ်)က စောင့်ကြိုနေပြီး နှစ်ယောက်သား အခြေအနေအရပ်ရပ်ကို ဆွေးနွေးပြောဆိုကြလေသည်။

မာဒမ်ဂီဆယ်(လ်)၏သမီး အယ်နီမိုရီဆော့ (မစ္စရစ်ချတ်) သူ့ကိုယ်သူ သတ်သေသည့် အကြောင်းကို သတင်းစာများ၌ အကျယ်တဝင့် ရေးသားဖော်ပြခြင်း မပြုကြချေ။ မစ္စရစ်ချတ် အမည်ရှိ ကနေဒါအမျိုးသမီးတစ်ဦး မီးရထား



ပေါ်တွင် သူ့ကိုယ်သူ သတ်သေသွားကြောင်း သာမန်သတင်းတိုအဖြစ်သာ ဖော်ပြပြီး လေယာဉ်ပေါ်မှ လူသတ်မှုနှင့် ဆက်စပ်မှုရှိကြောင်းကို လုံးဝမဖော်ပြကြချေ။ ဂျိန်းနှင့် နော်မန်ဂေး(လ်)တို့သည် ပြန်လည်တွေ့ဆုံချိန်၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ သူတို့အဖို့ ပူပင်သောက ဖြစ်စရာတွေ ကုန်ဆုံးပြီဟု မျှော်လင့်နေကြသည်။

သို့သော် နော်မန်ဂေး(လ်)ကမူ အခြေအနေကို သုံးသပ်ပြီး အနည်းငယ် စိုးရိမ်နေပုံ ရလေသည်။

"အခု သတ်သေသွားတဲ့ အမျိုးသမီးဟာ သူ့အမေ မာဒမ်ဂီဆယ်(လ်)ကို သတ်ခဲ့တယ်လို့ ရဲတပ်ဖွဲ့က သင်္ကာမကင်း ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အခု သူ့ခမျာ သေသွားပြီဆိုတော့ ရဲက အမှုကို ဆက်ပြီးလိုက်ချင်မှ လိုက်မယ် ထင်တယ်။ ဒီတော့ အများအမြင်မှာ မင်းတို့ ငါတို့ဟာ လေယာဉ်မှုနဲ့ ပတ်သက်လို့ မသင်္ကာစရာလူတွေ ဖြစ်နေဦးမှာပဲ"

ဤသို့ ဂျိန်းအားပြောနေသလို နော်မန်ဂေး(လ်)သည် စုံထောက်ဟာကျူလီနှင့် နောက်ရက် အနည်းငယ်အတွင်း တွေ့ရာတွင်လည်း ပြောပြန်သည်။ စုံထောက်ဟာကျူလီက ပြုံးလိုက်သည်။

"မောင်ရင်ကလည်း တခြားလူတွေလိုပဲ တွေးနေတာကိုး။ ကျုပ်တို့ဘာမှ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်တဲ့ အဘိုးကြီးတစ်ယောက်လို့ ထင်နေတယ်မဟုတ်လား။ ဒီမယ် မောင်ရင် ဒီနေ့ ညဘက် မောင်က ကျုပ်အိမ်မှာ ညစာ လာစားပါ။ ရဲမှူးကြီးဂျက်လည်း လာလိမ့်မယ်။ ပြီးတော့ မစ္စတာကလင်စီဆိုသူလည်း ရှိနေမယ်။ ကျုပ်က စိတ်ဝင်စားစရာ စကားတွေ ပြောစရာရှိတယ်"

* * *

သို့နှင့်ပင် စုံထောက်ဟာကျူလီက တည်ခင်းသော ညစာစားပွဲ[illegible] လာဆုံကြချိန်တွင် အားလုံးပျော်ရွှင်စွာပင် စကားပြောရင်း စားကြသော[illegible] လေသည်။ အထူးသဖြင့် ရဲမှူးကြီးဂျက်သည် စိတ်ပျော်ရွှင်နေပုံရပြီး နော်မန်ဂေး(လ)ကလည်း ပြောနေသောစကားများကို စိတ်ဝင်စားမိသည်။ [illegible] မစ္စတာကလင်စီကလည်း စိတ်ရွှင်လန်းနေပုံရသည်။

ညစာစားပြီး၍ ကော်ဖီသောက်ကြချိန်တွင် စုံထောက်ဟာကျူလီသည် ခပ်တည်တည်နှင့် ချောင်းတစ်ချက်ဟန့်လိုက်ပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေများ ခင်ဗျား။ မစ္စတာကာလင်စီက ကျုပ်ရဲ့ ထောက်လှမ်းရေးနည်းစနစ်အပေါ် စိတ်ဝင်စားမိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် အခု ကျုပ်က ဒီအမှုနဲ့ပတ်သက်လို့ ကျုပ်ရဲ့ နည်းစနစ်အကြောင်း ရှင်းလင်းပြောပြလိုပါတယ်။ ခင်ဗျားတို့ ပျင်းရိ ငြီးငွေ့ခြင်း မဖြစ်စေရပါဘူး"

ရဲမှူးကြီးဂျက်သည် နော်မန်ဂေး(လ်)အနီးသို့ ကပ်၍

"ကြည့်စမ်းပါဦးဗျာ။ ဒီလူကြီးက ဘဝင်မြင့်ပြီး သူ့ကိုယ်သူ အထင်ကြီးနေပုံ ရတယ်"ဟု ခပ်တိုးတိုး ပြောလိုက်သည်။

စုံထောက်ဟာကြျူလီက ရိပ်မိသဖြင့် ရဲမှူးကြီးဂျက်အား အပြစ်တင်သလို လှမ်းကြည့်လိုက်ပြီးနောက် စကားဆက်လေသည်။

"ကဲ... မိတ်ဆွေများခင်ဗျား။ ကျုပ်က အစကနေပြီး ပြောပါ့မယ်။ မြင်သစ်ပြည်၊ ပဲရစ်မြို့က လန်ဒန်မြို့ကို လေယာဉ်ခရီး ပျံသန်းထွက်လာချိန်က စပြောပါ့မယ်။ အဲဒီအချိန်က ကျုပ်ရဲ့ ထင်မြင်ယူဆချက်တွေနဲ့တကွ နောက်ပိုင်း အခြေအနေအရ ကျုပ်ယူဆချက်တွေကို ပြင်သင့်ပြင်ပြီး အတည်ပြုသင့်တာကိုလည်း အတည်ပြုခဲ့ပုံပါ ပြောပါ့မယ်။ လန်ဒန်မြို့ရဲ့ ခရွိုင်ဒန်လေဆိပ်ကို လေယာဉ်ရောက်ခါနီးမှာ ခရီးသည်တစ်ဦးဖြစ်သူ ဒေါက်တာဘရိုင်ယန်ကို လေယာဉ်မောင်တစ်ဦးက လာခေါ်တဲ့အတွက် လူသေအလောင်းကို သွားစစ်ဆေးကြည့်ခဲ့တယ်။ အဲဒီတုန်းက ကျုပ်လည်းလိုက်ပါသွားပါတယ်။ လိုက်သွားတဲ့အကြောင်းက ကျုပ်စိတ်ထဲမှာ ကျုပ်ဝါသနာပါတဲ့ အလုပ်မျိုး ဖြစ်ချင်ဖြစ်နေမယ်ဆိုပြီး လိုက်သွားတာပဲ။ လူသေတာနဲ့ ပတ်သက်လို့ ကျုပ်အနေနဲ့ နှစ်မျိုးနှစ်စား ခွဲခြားသတ်မှတ်ထားတယ်။ ပထမတစ်မျိုးက ကျုပ်နဲ့သက်ဆိုင်တဲ့ လူသေမှုဖြစ်ပြီး နောက်တစ်မျိုးက ကျုပ်နဲ့ မသက်ဆိုင်တဲ့ လူသေဆုံးတာမျိုးဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ကျုပ်ဟာ ဝါသနာအရ လူတစ်ယောက်သေတယ်ဆိုရင် အမဲလိုက် ခွေးတစ်ကောင်လိုပါပဲ။ အနံ့ခံပြီး သဲလွန်စ လိုက်ရှာလေ့ရှိပါတယ်။ ဒါနဲ့ပဲ ဒေါက်တာဘရိုင်ယန်က စစ်ဆေးကြည့်လိုက်တော့ လေယာဉ်မောင် စိုးရိမ်တဲ့အတိုင်း အမျိုးသမီးက သေဆုံးနေပြီဖြစ်ပါတယ်။ သေဆုံးတဲ့အကြောင်းကိုတော့ ဆရာဝန်အနေနဲ့ အသေးစိတ် မစစ်ဆေးဘဲ အတိအကျ ပြောလို့ မရဘူးပေါ့။ အဲဒီအချိန်မှာ ဂျွန်ဒူပွန်ဆိုတဲ့ ခရီးသည်တစ်ဦးက အမျိုးသမီးဟာ ပိတုန်းကောင်ကိုက်ခံရလို့ အဆိပ်သင့်ပြီး သေတာဖြစ်နိုင်တယ်လို့ ပြောခဲ့တယ်။ သူကိုယ်တိုင် ပိတုန်းတစ်ကောင်တွေ့လို့ ရိုက်သတ်လိုက်ရကြောင်းလည်း ပြောခဲ့တယ်။ ဒါဟာ စဉ်းစားကြည့်ရင် ဖြစ်နိုင်တယ်လို့ လက်ခံရမယ့် ယူဆချက်ဖြစ်တယ်။ လေယာဉ်ပေါ်မှာ ပိတုန်းတစ်ကောင် တွေ့ခဲ့ရတာ



လည်း အမှန်ပဲ။ ပြီးတော့ သေသူအမျိုးသမီးရဲ့ လည်ပင်းမှာ ပိတုန်းကိုက်ခံရသလို ဒဏ်ရာငယ်တစ်ခု တွေ့ရတယ်။ ကံအားလျော်စွာ အဲဒီအချိန်က ကျုပ်ဟာ လေယာဉ်ကြမ်းခင်းကို ငုံ့ကြည့်လိုက်မိတော့ ပိတုန်းကောင်လိုထင်ရတဲ့ အရာဝတ္ထုတစ်ခု တွေ့ရတယ်။ တကယ်ကတော့ ပိတုန်းမဟုတ်ပဲ တိုင်းရင်းသားလူမျိုးစုတစ်စု သုံးတဲ့ ဆူးမြားငယ်တစ်ခု ဖြစ်နေတယ်။ နောက် ခရီးသည်တစ်ဦးဖြစ်တဲ့ မစ္စတာကလင့်စီက လာပြီး ဒီဆူးမြားငယ်ဟာ တိုင်းရင်းသားလူမျိုးစုတချို့က လေမှုတ်ပိုက်နဲ့ ပစ်လွှတ်လေ့ရှိတဲ့ ဆူးမြားမျိုး ဖြစ်တယ်လို့ ထောက်ပြခဲ့တယ်။ နောက်ပိုင်းမှာ ခင်ဗျားတို့ သိပြီးဖြစ်တဲ့အတိုင်း တကယ်ပဲ လေမှုတ်ပိုက်တစ်ခု ရှာတွေ့ခဲ့တယ်။ ဒါနဲ့ ကျုပ်တို့ဟာ ခရွိုင်ဒန်လေဆိပ်ကို ရောက်လာကြတယ်ဆိုပါတော့။ ကျုပ်စိတ်ထဲမှာတော့ ယူဆချက်တွေ အမျိုးမျိုး ရှိနေပြီဖြစ်တယ်။ ဒီအချိန်မှာ ကျုပ်ရဲ့ ဦးနှောက်က ပုံမှန်အတိုင်း ဉာဏ်ထက်မြက်စွာနဲ့ စဉ်းစားနိုင်ပြီ ဖြစ်တယ်"

ဤတွင် ရဲမှူးကြီးဂျက်က သရော်သလိုပြုံးလိုက်ပြီး...

"လိုရင်းကိုသာ ဆက်ပြောစမ်းပါဗျ။ ကိုယ့်အရည်အချင်းကို ထုတ်ပြောရမှာ ရှက်မနေပါနဲ့"ဟု ပြောလိုက်သည်။

စုံထောက်ဟာကြျူလီသည် ခပ်တည်တည်ဖြင့် စကားဆက်လေသည်။

"ကျုပ်အနေနဲ့ စဉ်းစားမိတာတစ်ခုက တခြားလူတွေနည်းတူ ဒီမှုခင်းကျူးလွန်ပုံက ရဲတင်းသလောက် ဘယ်သူကမှ မမြင်လိုက်တာ ထူးဆန်းအံ့ဩဖွယ်ကောင်းလှတယ်ဆိုတဲ့အချက်ပဲဖြစ်တယ်။ ဒါ့အပြင် ကျုပ် စိတ်ဝင်စားမိတဲ့ အချက်နှစ်ချက် ရှိနေပြန်တယ်။ ပထမအချက်က လေယာဉ်ပေါ်မှာ ပိတုန်းကောင်တစ်ကောင် ရှိနေတာဖြစ်ပြီး ဒုတိယအချက်ကတော့ လေမှုတ်ပိုက်တစ်ခုတွေ့ရတဲ့ အချက်ဖြစ်တယ်။ ကျုပ်ကိုယ်တိုင် မိတ်ဆွေကြီးဂျက်တို့ ပြောခဲ့တဲ့အတိုင်း လူသတ်သမား လေမှုတ်ပိုက်ကို ဘာကြောင့် လေယာဉ်ရဲ့ လေဝင်ပေါက်ကနေပြီး လွှင့်ပစ်ဖျောက်ဖျက်ခြင်း မပြုလိုက်တာလဲ စဉ်းစားစရာ ဖြစ်နေတယ်။ ဒီတော့ ကျုပ်တွေးမိတာက လူသတ်သမားဟာ လေမှုတ်ပိုက်ကို ရှာတွေ့စေချင်တဲ့ သဘောဖြစ်ရမယ်လို့ စဉ်းစားမိတယ်။ အဲဒါ ဘာကြောင့်လဲ သဘာဝကျတဲ့ အဖြေတစ်ခုပဲရှိတယ်။ လေယာဉ်ပေါ်မှာ လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြားငယ်ရယ် တွေ့ရခြင်းအားဖြင့် အားလုံးက လေမှုတ်ပိုက်နဲ့ အဆိပ်လူးမြား ပစ်လွှတ်ပြီး သတ်တာလို့ တစ်ထစ်ချ ယူဆကြမယ် ... ဒါကြောင့် အမှန်က လူသတ်မှုဟာ အဲဒီနည်းနဲ့ ကျူးလွန်ခဲ့တာ ...

www.burmeseclassic.com

www.burmeseclassic.com



ယူဆစရာ ဖြစ်လာတယ်။ ဒါပေမဲ့ အလောင်းကို စစ်ဆေးတဲ့ဆရာဝန်ရဲ့ ထွက်ချက်အရ အမျိုးသမီးသေဆုံးတာဟာ အဆိပ်လူးမြှားငယ်ကြောင့် ဖြစ်တယ်လို့ ဆိုထားပြန်တယ်။ ဒီတော့ ကျုပ်က သေသေချာချာ ပြန်စဉ်းစားကြည့်တယ်။ လူတစ်ယောက်ကို အဆိပ်လူးမြှားငယ်နဲ့ သတ်ချင်ရင် ဘယ်လိုနည်းနဲ့ သတ်မလဲ။ အလွယ်ဆုံးနည်းနဲ့ အသေချာဆုံးနည်းက အဆိပ်လူး မြှားငယ်ကို လက်နဲ့ကိုင်ပြီး ထိုးလိုက်တဲ့နည်းပဲ ရှိတယ်။ လေမှုတ်ပိုက်ကိုတွေ့ရတော့ အားလုံးက အဆိပ်လူးမြှားကို ခပ်လှမ်းလှမ်းက ပစ်လွှတ်လိုက်တာလို့ ထင်ကြရတယ်။ တကယ်တော့ သတ်သူဟာ မာဒမ်ဂီဆယ်(လ်)ရဲ့ ထိုင်ခုံရှိရာကိုသွားပြီး အနီးကပ်ခွင့် ရှိတဲ့လူဖြစ်ရမယ်။ ကောင်းပြီ၊ အဲဒီလို မာဒမ် ဂီဆယ်(လ်)ရဲ့ ထိုင်ခုံရှိရာနားကို ကပ်သွားနိုင်တဲ့ လူကဘယ်သူလဲ။ ဘယ်သူ များရှိသလဲလို့ လေ့လာကြည့်တော့ လေယာဉ်မောင်နှစ်ဦးကို တွေ့ရတယ်။ သူတို့ထဲက တစ်ယောက်ယောက်ဟာ မာဒမ်ဂီဆယ်(လ်)နားကိုသွားပြီး စားစရာတစ်ခုခု တည်ခင်းသလိုလိုနဲ့ အဆိပ်လူးဆူးမြားနဲ့ ထိုးသတ်လိုက်ရင် ဘယ်သူကမှ သတိပြုမိမှာ မဟုတ်ဘူး"

"ကောင်းပြီ။ သူတို့နှစ်ဦးအပြင် တခြားဘယ်သူများ ရှိသေးသလဲ"

ရဲမှူးကြီးဂျက်က မေးလိုက်သည်။

"တခြားလူထဲကဆိုရင် မစ္စတာကလင်စီ ရှိတယ်။ ခရီးသည်တွေထဲက သူတစ်ယောက်သာလျှင် မာဒမ်ဂီဆယ်(လ်)ရဲ့ ထိုင်ခုံနားက ကပ်ပြီး ဖြတ်လျှောက်သွားခဲ့တယ်။ နောက်ပြီး ဆိပ်လူးဆူးမြှားငယ်ကို လေမှုတ်ပိုက်နဲ့ ပစ်လွှတ်တာ ဖြစ်မယ်လို့ သူကပဲ စပြီးထောက်ပြခဲ့တယ် မဟုတ်လား"

ဤတွင် မစ္စတာကလင်စီသည် မကျေနပ်ဟန်ဖြင့် ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။

"ဒီစကားကို ကျုပ်ကန့်ကွက်ပါတယ်။ ဒါဟာ ကျုပ်ကို သက်သက်စော်ကားတာပဲ"

မစ္စတာကလင်စီက ဒေါသဖြစ်ဟန်ဖြင့် အော်ပြောလိုက်သော်လည်း စုံထောက်ဟာကျူလီသည် ဂရုမစိုက်ချေ။

"ခင်ဗျား ပြန်ထိုင်နေလိုက်ပါ။ ကျုပ်ပြောတဲ့ စကားမဆုံးသေးဘူး။ ကျုပ်အနေနဲ့ ဒီအမှုရဲ့ အဖြေမှန်ကို ဘယ်လိုကောက်ချက်ချတယ်ဆိုတာ ကျုပ်ရဲ့ ခြေလှမ်းတွေအားလုံး ခင်ဗျားတို့ကို ပြောပြဖို့လိုတယ်။ ကောင်းပြီ။ ဒီတော့ ကျုပ်အနေနဲ့ မသင်္ကာဖွယ်ရာ လူသုံးဦးကို တွေ့ရတယ်။ လေယာဉ်မောင်များ မစ်ချယ်နဲ့ ဒေးဗစ်ရယ်၊ ပြီးတော့ မစ္စတာကလင်စီရယ် ဆိုပါတော့။



ရုတ်တရက် သူတို့သုံးဦးစလုံးဟာ လူသတ်သမားတွေဖြစ်နိုင်တယ်လို့ ထင်စရာမရှိဘူး။ သို့သော်လည်း ကျုပ်အနေနဲ့ ဆက်လက်ပြီး စုံစမ်းထောက်လှမ်းစရာတွေ ရှိနေသေးတယ်။ နောက်ပြီး ကျုပ်က ပိတုန်းကောင် ပြဿနာကို ဆက်ပြီး စဉ်းစားကြည့်တယ်။ ပိတုန်းကောင်က စဉ်းစားစရာလည်း ဖြစ်နေတယ်။ အဲဒီ ပိတုန်းကောင်ကို စောစောပိုင်းက ဘယ်သူကမှ သတိမပြုမိဘဲ ကော်ဖီသောက်ချိန်ကျမှသာ တွေ့မိတယ်။ ဒါကိုပင်က ဆန်းနေတယ်။ ဒီတော့ ကျုပ်အနေနဲ့ လူသတ်သမားဖြစ်ပွားပုံကို စဉ်းစားသုံးသပ်ကြည့်တယ်။ လူသတ်သမားဟာ သူ့အပေါ် ဘယ်သူကမှ မထင်ဘဲ လူသတ်မှုဖြစ်နိုင်ပုံ အဖြေနှစ်ခု ဖန်တီးချပြထားတယ်။ ပထမအဖြေက မာဒမ်ဂီဆယ်(လ်)ဟာ ပိတုန်းကောင် ကိုက်ခံပြီး နှလုံးရပ်တဲ့ဝေဒနာနဲ့ သေဆုံးသွားတယ်ဆိုတဲ့ အဖြေပဲ။ အဲဒီအဖြေက ဘာပေါ်မူတည်သလဲဆိုတော့ လူသတ်သမားအနေနဲ့ အသုံးပြုခဲ့တဲ့ ဆိပ်လူးဆူးမြှားငယ်ကို ပြန်ယူပြီး ဖျောက်ဖျက်ပစ်နိုင်မလားဆိုတဲ့ အချက်ပေါ်မူတည်တယ်။ ကျုပ်နဲ့ ရဲမှူးကြီးဂျက်တို့က ဒီကိစ္စဟာ အလွယ်တကူပဲ ဖြစ်နိုင်တယ်လို့ ယူဆမိကြတယ်။ နောက်တစ်ချက်က အဆိပ်လူး ဆူးမြှားငယ်ရဲ့ နောက်မှာ တပ်ထားတဲ့ ပိုးစကလေးရဲ့အရောင်က ရုတ်တရက် ကြည့်လိုက်ရင် ပိတုန်းကောင်နဲ့တူနေတယ်။ လူသတ်သမားရဲ့ အပြုအမူကို ကျုပ်စဉ်းစားကြည့်တယ်။ သူဟာ မာဒမ်ဂီဆယ်(လ်)ရဲ့ ထိုင်ခုံနားကို ချဉ်းကပ်လာပြီး အဆိပ်လူးဆူးမြှားနဲ့ ထိုးလိုက်တယ်။ တစ်ချိန်တည်းမှာပဲ အသင့်ဆောင်လာတဲ့ ပိတုန်းအရှင်တစ်ကောင်ကိုလည်း လွှတ်ပေးလိုက်တယ်။ အဆိပ်က အလွန်ပြင်းထန်လေတော့ ချက်ချင်းပဲ သေဆုံးသွားတယ်။ တကယ်လို့ မာဒမ်ဂီဆယ်(လ်)ဟာ ဟစ်အော်လိုက်ရင်တောင်မှ လေယာဉ်စက်သံကြောင့် တခြားခရီးသည်တွေက သတိပြုမိမှာ မဟုတ်ဘူး။ လူတချို့က ကြားဦးတော့ ပိတုန်းကောင်ကိုမြင်ပြီး ပိတုန်းကိုက်လို့ အော်တာပဲလို့ ထင်ကြလိမ့်မယ်။ အဲဒါက ကျုပ်အနေနဲ့ ယူဆမိတဲ့ အစီအစဉ် (၁)ဖြစ်တယ်။ သို့သော်လည်း လူသတ်သမားအနေနဲ့ အဆိပ်လူးဆူးမြှားကို တွေ့သွားတယ်ဆိုပါတော့။ တကယ်လည်း ဒီအတိုင်း ဖြစ်ခဲ့တယ်။ လူသတ်သမားရဲ့ ပထမအကြံက မအောင်နိုင်တော့ဘူး။ မာဒမ်ဂီဆယ်(လ်)[illegible] ပိတုန်းကိုက်ခံရလို့ သေတယ်ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး။ ဒီတော့ [illegible] ပိုက်က ရှာလို့လွယ်လွယ်နဲ့ တွေ့နိုင်မယ့်နေရာမှာ ထားလိုက်တယ်။ [illegible] ပိုက်ကို တွေ့တယ်ဆိုရင်ပဲ အဆိပ်လူးဆူးမြှားကို လေမှုတ်ပိုက်[illegible] သတ်တာလို့ ယူဆစရာဖြစ်လာမယ်။ ဒါက လူသတ်မှုနဲ့ [illegible] စဉ်းစားကြည့်လို့ရတာ ဖြစ်တယ်။ မသင်္ကာစရာ လူ[illegible]နဲ့ [illegible]

www.burmeseclassic.com



ကျုပ်စဉ်းစားမိထားပြီ။ စတုတ္ထမြောက် မသင်္ကာစရာ လူကတော့ မစ္စတာဒူပွန် ရဲ့သား ဂျွန်ဒူပွန်ဖြစ်တယ်။ သူထိုင်တဲ့နေရာကလည်း သေသူမာဒမ်ဂီဆယ်(လ်) ရဲ့ထိုင်ခုံနဲ့ အလွန်နီးတယ်။ ဒါပေမဲ့လည်း သူဟာ ရဲရဲတင်းတင်း လူသတ်မှု ကျူးလွန်ဝံ့လိမ့်မယ်လို့ ကျုပ်မထင်မိပါဘူး"

"ကျုပ်အနေနဲ့ ပိတုန်းကောင်ကိစ္စကို သေသေချာချာ အာရုံစိုက် စဉ်းစားကြည့်တယ်။ တကယ်လို့ လူသတ်သမားက ပိတုန်းကောင်အရှင်ကို လေယာဉ်ပေါ် ယူဆောင်လာခဲ့တယ်ဆိုရင် ထည့်ယူလာစရာ သေတ္တာငယ် တစ်ခုတော့ ပါလာရမယ်။ အဲဒီ ယူဆချက်ကြောင့် ကျုပ်ခရီးသည်အားလုံးရဲ့ ပစ္စည်းတွေစာရင်း အသေးစိတ်လုပ်ဖို့ တိုက်တွန်းခဲ့ခြင်းဖြစ်တယ်။ အရေးထဲ မမျှော်လင့်တဲ့ ကိစ္စတစ်ခုပေါ် လာပြန်တယ်။ ကျုပ်ရှာတဲ့ ပစ္စည်းကို တွေ့ရပေမဲ့ မထင်မှတ်တဲ့ လူဆီမှာ သွားတွေ့နေတယ်။ ဒါကဘာလဲဆိုတော့ နော်မန်ဂေး (လ်)ရဲ့ မီးခြစ်ဘူးကလေးပဲဖြစ်တယ်။ ဒါပေမဲ့ နော်မန်ဂေး(လ်)ဟာ ခရီးစဉ် တစ်လျှောက်လုံး သေသူနားကို ထလျှောက်မသွားခဲ့ဘူး။ သူက အိမ်သာခန်းကို ပဲ တစ်ကြိမ်ထသွားပြီး သူ့နေရာသူ ပြန်ထိုင်နေတယ်။ ဒါကြောင့် ကျုပ်စဉ်းစားရ ခက်သွားတယ်။ နော်မန်ဂေး(လ်)ကို လုံးလုံးထင်စရာမရှိပေမဲ့ သူ့အနေနဲ့ လူသတ်မှုကျူးလွန်ဖို့ ဖြစ်နိုင်တဲ့ အခြေအနေရှိနေတယ်။ သူ့ရဲ့ လက်ကိုင်အိတ် ထဲမှာ တွေ့ရတဲ့ပစ္စည်းအရ သတ်လို့ ဖြစ်နိုင်တယ်"

ဤတွင် နော်မန်ဂေး(လ်)က အလွန်အံ့ဩဟန်ဖြင့်...

"ကျွန်တော့်ရဲ့ လက်ကိုင်အိတ်ထဲက ပစ္စည်းလား။ ကျွန်တော်ကတော့ အဲဒီအိတ်ထဲ ဘာပစ္စည်းတွေပါမှန်းတောင် မမှတ်မိတော့ဘူး"

ဟု ပြောလိုက်သည်။

စုံထောက်ဟာကျူလီကမူ ပြုံးလိုက်သည်။

"နေပါဦးလေ။ ကျုပ်ဆုံးအောင် ပြောပြရစေဦး။ အခုဟာက ကျုပ်ရဲ့ စိတ်ကူးကို အရင်ပြောနေတာပါ။ ဆက်ပြောရမယ်ဆိုရင် ကျုပ်အနေနဲ့ သင်္ကာစရာ လူလေးဦးရှိလာတယ်။ သတ်ဖို့ အခွင့်အရေး ရှိတဲ့ လူ လေး ယောက်ဆိုပါတော့။ အဲဒါက လေယာဉ်မောင်နှစ်ဦးရယ်၊ ပြီးတော့ မစ္စတာ ကလင်စီနဲ့ နော်မန်ဂေး(လ်)တို့ ဖြစ်တယ်။ ဒီတော့ ကျုပ်က ဒီအမှုကို ဆန့်ကျင် ဘက်ရှုထောင့်ကနေပြီး စဉ်းစားကြည့်ပြန်တယ်။ အဲဒါက သတ်ဖို့အကြောင်း၊ သို့မဟုတ် ရည်ရွယ်ချက်ပဲ ဖြစ်တယ်။ သတ်ဖို့ အကြောင်းရှိပြီး အခွင့်အရေး အခြေအနေကလည်း ရှိတဲ့လူဆိုရင် ဒီလူဟာ လူသတ်သမားဧကန်ဖြစ်ရမယ်။ သို့သော်လည်း အဲဒီလို နှစ်ချက်ကိုက်ညီတာကို မတွေ့ရဘူး။ မိတ်ဆွေ ရဲမှူးကြီး



ဂျက်ကတော့ ကျုပ်ဟာ ပြဿနာတစ်ခုကို မခက်ခက်အောင် လုပ်တယ်လို့ ဝေဖန်တယ်။ အမှန်တော့ ဒီလိုမဟုတ်ပါဘူး။ ကျုပ်က စနစ်တကျ စဉ်းစား တွေးခေါ်တာပါ။ ကောင်းပြီ။ မာဒမ်ဂီဆယ်(လ်)သေဆုံးခြင်းအားဖြင့် ဘယ်သူ့ အဖို့ အကျိုးရှိလာမလဲ။ ကျုပ်တို့ မသိသေးတဲ့ သူ့သမီးဆိုသူက အကျိုးရှိမှာ သေချာတယ်။ သူက အမွေအမြောက်အမြားရမှာကိုး။ ဒါ့အပြင် မာဒမ် ဂီဆယ်(လ်)က အနိုင်ကျင့် အကျပ်ကိုင်လို့ရတဲ့ လူတချို့လည်း ရှိသေးတယ်။ ဒီတော့ ခရီးသည်တွေအနက် မာဒမ်ဂီဆယ်(လ်)နဲ့ ပတ်သက်ခဲ့သူကို ကျုပ် လိုက်ရှာတယ်။ ဒီလိုလူတစ်ယောက်က လေဒီဟော်ဘူရီဖြစ်တယ်။ သူနဲ့ ပတ် သက်လို့တော့ သတ်ဖို့ရာ ရည်ရွယ်ချက်ကလည်း ရှိနေတယ်။ လေဒီဟော်ဘူရီ ဟာ လူသတ်မှုမဖြစ်မီညက ပဲရစ်မြို့က မာဒမ်ဂီဆယ်(လ်)ရဲ့ အိမ်ကို သွားခဲ့ တယ်။ သူမှာက အကျပ်အတည်းလည်း ဖြစ်နေတယ်။ သူနဲ့ အလွန်ရင်းနှီးတဲ့ ပြဇာတ်မင်းသား လူငယ်ကလည်း အမေရိကန်လူမျိုးတစ်ဦးအသွင် ဟန်ဆောင် ပြီး လေမှုတ်ပိုက်ကို ဝယ်ဖို့ရာ ဖြစ်နိုင်တယ်။ ပြီးတော့ မာဒမ်ဂီဆယ်(လ်)ကို မနက်လေယာဉ်နဲ့ မဟုတ်ဘဲ နေ့လယ်အခေါက်နဲ့မှ လန်ဒန်ကို သွားဖြစ်အောင် လေယာဉ်ကုမ္ပဏီစာရေးကို လာဘ်ထိုးဖို့လည်း ဖြစ်နိုင်တယ်။ ဒီအခြေအနေမှာ ကျုပ်အဖို့ ပြဿနာတစ်ခုတည်း နှစ်ခြမ်းကွဲသလို ဖြစ်နေတယ်၊ လေဒီ ဟော်ဘူရီ အနေနဲ့ လေယာဉ်ပေါ်မှာ လူသတ်မှုကျူးလွန်နိုင်ဖို့ နည်းလမ်းကို စဉ်းစားလို့မရဘူး။ တစ်ဖက်ကလည်း သတ်နိုင်တဲ့ အခြေအနေရှိသူ လေယာဉ် မောင်နှစ်ဦးနဲ့ မစ္စတာကလင်စီရယ်၊ နော်မန်ဂေး(လ်)တို့အဖို့က သတ်စရာ ရည်ရွယ်ချက်၊ သို့မဟုတ် အကြောင်းမရှိဘူး ဖြစ်နေတယ်။ နောက်တစ်ချက်က ကျုပ်ဟာ မာဒမ်ဂီဆယ်(လ်)ရဲ့ အမွေစားအမွေခံ သမီးကိုလည်း စဉ်းစားမိ တယ်။ ကျုပ်က မသင်္ကာဖွယ်ရာလို့ သတ်မှတ်ထားတဲ့ လူ လေးဦးက အိမ် ထောင်ရှိကြသလား။ ရှိရင် တစ်ယောက်ယောက်ရဲ့ ဇနီးက မာဒမ်ဂီဆယ်(လ်)ရဲ့ သမီး အယ်နီမိုရီဆော့ ဖြစ်နိုင်သလားလို့ စဉ်းစားကြည့်တယ်။ မိန်းကလေးရဲ့ ဖခင်က အင်္ဂလိပ်လူမျိုးဆိုတော့ မိန်းကလေးဟာ အင်္ဂလန်ပြည်မှာ ကြီးပြင်း လာတာ ဖြစ်နိုင်တယ်။ ဒါကြောင့် ကျုပ်က လူလေးဦးကို လှေ့လာကြည့်မိတယ်။ လေယာဉ်မောင်မစ်(ချ်)နဲ့ ဇနီးကို ကျုပ်လေ့လာကြည့်ပြီး မဖြစ်နိုင်ဘူးလို့ ပယ်လိုက်တယ်။ ဒေးဗစ်ဆိုသူကလည်း သူကြိုက်နေတဲ့ မိန်းကလေး[illegible] စလုံး ရှိနေတယ်။ စာရေးဆရာ မစ္စတာကလင်စီက အိမ်ထောင်[illegible] နော်မန်ဂေး(လ်)ကျပြန်တော့လည်း ဂျိန်းဆိုတဲ့ မိန်းကလေးတို့[illegible] နေသူ ဖြစ်တယ်။ ဒီအတောအတွင်းမှာ ကျုပ်က ဂျိန်းရဲ့ နောက်ကြောင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



လည်း လေ့လာစုံစမ်းကြည့်ခဲ့တယ်။ သူဟာ အိုင်ယာလန်ပြည်၊ ဒပ်ဗလင်မြို့ အနီးက မိဘမဲ့ဂေဟာတစ်ခုမှာ ကြီးပြင်းလာခဲ့တယ်လို့ သူကိုယ်တိုင်က ပြောခဲ့တယ်။ ဒါပေမဲ့ ကျုပ်လေ့လာစုံစမ်းကြည့်ရသလောက် ဂျိန်းဟာ မာဒမ်ဂီဆယ်(လ်)ရဲ့သမီး မဟုတ်နိုင်ဘူးလို့ ကောက်ချက်ချလိုက်တယ်"

"ဒါနဲ့ ကျုပ်က လေ့လာသုံးသပ်ချက်တွေကို ချရေးကြည့်တယ်။ လေယာဉ်မောင်နှစ်ဦးအနေနဲ့ မာဒမ်ဂီဆယ်(လ်)သေလို့ ဘယ်လိုမှ အကျိုးမရှိနိုင်ဘူး။ မစ္စတာကလင်စီက ဒီလူသတ်မှုကို အခြေခံပြီး ဝတ္ထုတစ်ပုဒ်ရေးရင် ငွေများများရလိမ့်မယ်လို့ မျှော်လင့်နေတယ်။ နော်မန်ဂေး(လ်)ကတော့ လူသတ်မှုကြောင့် သူ့ရဲ့ သွားဘက်ဆေးကုခန်းကို လူနာတွေမလာတော့ပဲ အကျိုးစီးပွား ဆုတ်ယုတ်လာတယ်။ သူ့အဖို့ လူသတ်မှုကြောင့် လုံးဝအကျိုးမရှိဘူး။ သို့သော်လည်း အဲဒီအချိန်က ကျုပ်အနေနဲ့ နော်မန်ဂေး(လ်)ကို လူသတ်သမားလို့ပဲ ထင်ခဲ့မိတယ်။ သူ့ရဲ့ လက်ကိုင်အိတ်ထဲမှာ မီးခြစ်ဘူးအလွတ်တစ်ခု တွေ့ရလို့ ဖြစ်တယ်။ သူ့အဖို့ လူသတ်မှုကြောင့် အကျိုးမရှိလာပေမဲ့ ကျုပ်က ဆက်လက်စုံစမ်းဖို့ ဆုံးဖြတ်ခဲ့တယ်"

"ဒါနဲ့ ကျုပ်က သူနဲ့ ခင်မင်ရင်းနှီးအောင် ကြိုးစားခဲ့ရတယ်။ ဘယ်သူမဆို စကားပြောဖန်များလာရင် စကားထဲက အမှားပါလာတတ်တယ်ဆိုတဲ့ ယူဆချက်အရ ကျုပ်က သူနဲ့ ရင်းနှီးအောင် လုပ်ခဲ့ခြင်းဖြစ်တယ်။ ကျုပ်ကို သူက ယုံကြည်လာအောင်လည်း ကြိုးစားခဲ့တယ်။ ကျုပ်ကိုယ်တိုင်ကလည်း သူ့ကို ယုံကြည်စိတ်ချတဲ့ သဘောနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့တယ်။ လေဒီဟော်ဘူရီကို ဟန်ဆောင်ပြီး ခြိမ်းခြောက်ငွေညှစ်တောင်းတဲ့ ကိစ္စမှာတောင် ကျုပ်က သူ့ကို အကူအညီ တောင်းခဲ့သေးတယ်။ အဲဒီမှာသူဟာ ပထမဆုံးအကြိမ် ခြေလှမ်းမှားခဲ့တယ်။ ကျုပ်က သူ့ကို လေဒီဟော်ဘူရီဆီ မသွားခင် မမှတ်မိအောင် မွမ်းမံဖို့ပြောတော့ သူဟာ ကိုးရိုးကားရား ရုပ်ဖျက်လာတယ်။ ကျုပ်က ပြုံးပြင်ဆေးလိုက်ရတယ်။ သူဟာ ဘာကြောင့် ဒီလိုရုပ်ဖျက်ရတာလဲ၊ အဖြေက သူ့မှာ အပြစ်ရှိတာကို စိတ်မလုံလို့၊ တစ်နည်းအားဖြင့် သူဟာ သရုပ်ဆောင်ကောင်းတစ်ဦးမဟုတ်ကြောင်း ပြလိုတဲ့သဘောနဲ့ ပုံပန်းမကျ ရုပ်ဖျက်တာပဲလို့ ကျုပ်ယူဆတယ်၊ နောက်တော့ တကယ်သွားလိုက်တဲ့ အခါကျတော့မှ လေဒီဟော်ဘူရီဟာ သူ့ကို လုံးဝမမှတ်မိဘူး၊ သူဟာ လူတစ်ယောက်ဟန်ဆောင်တဲ့ သရုပ်ဆောင်မှု အလွန်ကောင်းတယ်ဆိုတာ ထင်ရှားလာတယ်"

"ဒီတော့ ကျုပ်စိတ်ထဲမှာ နော်မန်ဂေး(လ်)ဟာ ပဲရစ်မြို့မှာတုန်းက အမေရိကန်လူမျိုးတစ်ဦး ဟန်ဆောင်ရုပ်ဖျက်ရင် ဖြစ်နိုင်တယ်လို့ ယုံကြည်မိတယ်။ လူသတ်မှုဖြစ်တဲ့ လေယာဉ်ပေါ်မှာလည်း လိုအပ်တဲ့ဟန်ဆောင်မှုကို လုပ်နိုင်တယ်လို့ ယူဆလာမိတယ်။ အဲဒီအချိန်မှာ ကျုပ်ဟာ ဂျိန်းဆိုတဲ့ မိန်းကလေးအတွက် စိုးရိမ်လာမိတယ်။ မိန်းကလေးဟာ နော်မန်ဂေး(လ်)နဲ့ အလိုတူအလိုပါ ဖြစ်နိုင်သလို ဘာမှမသိတာလည်း ဖြစ်နိုင်တယ်။ သူ့ခမျာ လှည့်စားခံခဲ့ရတဲ့ သဘောဖြစ်နေတယ်။ နော်မန်ဂေး(လ်)ကို သူ့စိတ်ထဲက သဘောကျနေမိရာက လူသတ်သမားတစ်ဦးနဲ့ ထိမ်းမြားလက်ထပ်မိမှာကိုလည်း ကျုပ်က စိုးရိမ်မိတယ်။ ဒါကြောင့် သူတို့ အလျင်စလို လက်မထပ်ဖြစ်အောင် ကျုပ်က ဂျိန်းကို ကျုပ်ရဲ့ အတွင်းရေးမှူးအဖြစ် ပဲရစ်မြို့ကို ခေါ်သွားခဲ့ခြင်းပဲဖြစ်တယ်။ ကျုပ်တို့ ပဲရစ်မြို့မှာ ရှိနေစဉ်မှာပဲ မာဒမ်ဂီဆယ်(လ်)ရဲ့ သမီးဆိုသူက အမွေဆက်ခံဖို့ လာခေါ်တယ်။ ကျုပ်က ဒီအမျိုးသမီးကို မြင်ဖူးတယ်ဆိုပြီး စဉ်းစားကြည့်တော့ ရုတ်တရက် မမှတ်မိဘူး။ နောက်တကယ်မှတ်မိတော့ အချိန်နောက်ကျနေပြီ"

"အဲဒီ အမွေခံသမီးဆိုသူဟာ လူသတ်မှုဖြစ်ပွားတဲ့ လေယာဉ်ပေါ် သူကိုယ်တိုင်ပါလာတယ်ဆိုတာ သိရတော့ ကျုပ်ရဲ့ ယူဆချက်တွေအားလုံး လွဲမှားကုန်သလို ဖြစ်ရပြန်တယ်။ ဒီအမွေခံသမီးသာလျှင် အပြစ်ရှိရမယ်ဆိုတာ ထင်ရှားလာတယ်။ ကောင်းပြီ။ ဒီမိန်းကလေးမှာ အပြစ်ရှိတယ်ဆိုရင် သူ့ကို ကူညီတဲ့ ကြံရာပါတစ်ယောက် ရှိရမယ်။ ဒီလူက လေမှုတ်ပိုက်ကို ဆိုင်ကဝယ်ပြီး လေကြောင်းကုမ္ပဏီက စာရေးကို လာဘ်ထိုးခဲ့သူ ဖြစ်တယ်"

"ဒီအချိန်မှာ ကျုပ်ရဲ့ ယူဆချက်မှန်ဖို့က အယ်နီမိုရီဆော့ဆိုတဲ့ အမျိုးသမီးက လေယာဉ်ပေါ် ပါမလာသင့်ဘူး။ ဒါနဲ့ ကျုပ်က လေဒီဟော်ဘူရီကို တယ်လီဖုန်းဆက်ပြီး စုံစမ်းကြည့်တော့ သူ့ရဲ့ အိမ်ဖော်မိန်းကလေးက လေယာဉ်နဲ့ ပါလာတာဟာ နောက်ဆုံးအချိန်ကျမှ ကပ်ပြီးဆုံးဖြတ်လိုက်တာဆိုတာ သိရတယ်"

ဂျပ်တွင်စုံထောက်ဟာကျူလီသည် စကားကို ခေတ္တဖြတ်ထားလိုက်ရာ မစ္စတာကလင်စီက 'ကျုပ်တော့ ခင်ဗျားပြောတာကို သိပ်မရှင်းဘူးဗျ'ဟု ပြောလိုက်သည်။

နော်မန်ဂေး(လ်) ကလည်း...

"ဒီတော့ ခင်ဗျားက ကျွန်တော်ဟာ လူသတ်သမား မဟုတ်ဘူးဆိုတာ ဘယ်တုန်းကမှ ယူဆခဲ့တာလဲ"ဟု မေးလိုက်သည်။

စုံထောက်ဟာကျူလီသည် ရုတ်တရက် ချာခနဲလှည့်ပြီး နော်မန်ဂေး(လ်)အား မျက်နှာချင်းဆိုင်ကာ ခပ်တည်တည်ပြောလာသည်။ -



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းကမှ မယူဆပါဘူး။ မောင်ရင်ဟာ လူသတ်သမားဖြစ်တာ အမှန်ပဲ။ ကျုပ်အပြည့်အစုံ ပြောပြမယ်။ လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းတာ ကျုပ်နဲ့ ရဲမှူးကြီးဂျက်တို့က မောင်ရင်ရဲ့ နောက်ကြောင်းကို အသေးစိတ်စုံစမ်းထောက်လှမ်းကြည့်ခဲ့တယ်။ မောင်ရင်ဟာ သွားဘက်ဆိုင်ရာ ဆရာဝန်ဖြစ်လာတာဟာ မောင်ရင့်ဦးလေး ဂျွန်ဂေး(လ်)ဆိုသူရဲ့ အလိုဆန္ဒအရဆိုတာ မှန်တယ်။ မောင်ရင် ဒီလူရဲ့ နှမက မွေးတဲ့တူ ဖြစ်တယ်။ သူ့အစ်ကိုရဲ့သား မဟုတ်ဘူး။ ဒါကြောင့် မောင်ရင့်ဦးလေးရဲ့နာမည်ဂေး(လ်)ဆိုတာကိုယူပြီး နော်မန်ဂေး(လ်) ဆိုတဲ့ နာမည်ကို ယူလိုက်တယ်။ မောင်ရင့်နာမည်အမှန်က ရစ်ချတ်ဖြစ်တယ်။ ဆောင်းရာသီတုန်းက ပြင်သစ်ပြည် နိုက်(စ်)မြို့မှာ မာဒမ်ဂီဆယ်(လ်)ရဲ့ သမီး အယ်နီမိုရီဆော့နဲ့ စတင်တွေ့ဆုံခဲ့တယ်။

အဲဒီတုန်းက သူဟာ သူ့သခင်မ လေဒီဟော်ဘူရီနဲ့ အတူ လိုက်ပါလာခဲ့တယ်။ အယ်နီမိုရီဆော့က ကျုပ်တို့ကိုအစစ်ခံပြောပြချက်တွေက ပထမပိုင်းဟာ မှန်တယ်။ သို့သော်လည်း နောက်ပိုင်းက မောင်ရင်ကိုယ်တိုင်သင်ပေးခဲ့တဲ့ အတိုင်း ပြောပြဖြစ်ပါတယ်။ ဒီမိန်းကလေးဟာ သူ့အမေရဲ့ ငယ်နာမည်ကို သိနေခဲ့တယ်။ မာဒမ်ဂီဆယ်(လ်)က မွန်တီကာလိုမြို့ကို ရောက်လာချိန်မှာ သူ့ကို မောင်ရင်က မြင်ပြီး နာမည်ရင်းပါသိခဲ့တယ်။ ဒီတော့ ဒီမိန်းမကြီးသေရင် သမီးဖြစ်သူက အမွေ အမြောက်အမြားရဖို့ရှိတာကိုလည်း မောင်ရင်က တွက်မိတယ်။ မောင်ရင်ဟာ လောင်းကစားဝါသနာပါသူပီပီ အကြံတစ်ခုစဉ်းစားမိလာတယ်။ ဒီအကြံက လူသတ်မှုကျူးလွန်ဖို့ အကြံပဲ။ ဒီအတောအတွင်း လေဒီဟော်ဘူရီဟာ မာဒမ်ဂီဆယ်(လ်)နဲ့ အဆက်အသွယ်ရှိတာကိုလည်း အယ်နီမိုရီဆော့ကတစ်ဆင့် မောင်ရင်က သိခဲ့တယ်။ ဒီတော့ မာဒမ်ဂီဆယ်(လ်)ကို သတ်ပြီး လူတကာက လေဒီဟော်ဘူရီရဲ့ လက်ချက်လို့ ထင်ရအောင် မောင်ရင်က ကြံစည်ခဲ့တယ်။

မောင်ရင်ဟာ ယူနီဗာဆယ်လေကြောင်းကုမ္ပဏီက စာရေးကို လာဘ်ထိုးပြီး မာဒမ်ဂီဆယ်(လ်)လန်ဒန်ကိုသွားရာမှာ လေဒီဟော်ဘူရီပါတဲ့ လေယာဉ်အခေါက်နဲ့မှ လိုက်ပါအောင် ဖန်တီးခဲ့တယ်။ အယ်နီမိုရီဆော့က မောင်ရင့်ကို ပြောခဲ့တာဟာ သူဟာ မီးရထားနဲ့ အင်္ဂလန်ကို သွားမယ်လို့ ပြောခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးအချိန်မှသူဟာ လေယာဉ်နဲ့ လိုက်ပါလာတော့ မောင်ရင့် အကြံအစည်ပျက်မလိုဖြစ်ခဲ့တယ်။ တကယ်လို့ သူဟာ မာဒမ်ဂီဆယ်(လ်)ရဲ့ သမီးဖြစ်ကြောင်း လူသိသွားရင် လူသတ်မှုမှာ သူ့ကို သင်္ကာမကင်းဖြစ်လာမှာ မဟုတ်လား။ မူလအစီအစဉ်က လူသတ်မှုဖြစ်ပွားချိန်မှာ



သူက လေယာဉ်ပေါ်မပါဘဲ မီးရထားနဲ့ ခရီးသွားနေမှာမို့ ဘယ်လိုမှ သံသယမဖြစ်နိုင်ဘူး။ ဒီတော့ သူက မိခင်ရဲ့အမွေကို တရားဝင်တောင်းယူရန်ပဲ ရှိတယ်။ ပြီးတော့ မောင်ရင်က သူ့ကို လက်ထပ်ဖို့ ရည်ရွယ်တယ်။ ဒီအချိန်ကတော့ မိန်းကလေးက မောင်ရင့်ကို လုံးလုံးကျနေပြီဖြစ်တယ်။ မောင်ရင့်အနေနဲ့က သူရရှိမယ့် ငွေကြေးအမွေကို မက်မောတာဖြစ်တယ်။ မိန်းကလေးကို တကယ်ချစ်တာ မဟုတ်ဘူး။ ဒါအပြင် မောင်ရင်ရဲ့ မူလအကြံအစည်မှာ နောက်ထပ် ပြဿနာတစ်ခု ပေါ်ခဲ့သေးတယ်။ ပြင်သစ်ပြည်၊ လီပီနေအရပ်မှာ ဂျိန်းဆိုတဲ့ မိန်းကလေးနဲ့ တွေ့ဆုံတော့ မောင်ရင်ဟာ သူ့ကိုအလွန် ချစ်ခင်စုံမက်မိတယ်။ ဂျိန်းကိုတပ်မက်တဲ့ဇောနဲ့ မောင်ရင်ဟာ အန္တရာယ်များတဲ့ လုပ်ရပ်ကို လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ မောင်ရင့် အကြံက အမွေရမယ့် ငွေကြေးတွေရော၊ မောင်ရင်တကယ်ချစ်တဲ့ မိန်းကလေးကိုပါ ရအောင်ယူဖို့ပဲ။ မောင်ရင်ဟာ ငွေကိုမက်ပြီး လူသတ်မှုကို ကျူးလွန်ရာမှာရမယ့် အကျိုးအမြတ်ကိုလည်း ခွဲဝေမပေးချင်ဘူး။ ဒီတော့ မောင်ရင်က အယ်နီမိုရီဆော့ကို ခြိမ်းခြောက်တယ်။ တကယ်လို့ သူဟာ မာဒမ်ဂီဆယ်(လ်)ရဲ့ သမီးဖြစ်ကြောင်း ချက်ချင်းဖော်ထုတ်ပြောလိုက်ရင် လူသတ်မှုမှာ မသင်္ကာဖြစ်ခံရလိမ့်မယ်လို့ ပြောခဲ့တယ်။ ဒါကြောင့် သူ့ကို လေဒီဟော်ဘူရီဆီက ခွင့်တောင်းပြီး ခဏရှောင်နေဖို့ ပြောခဲ့တယ်။ နောက်တော့ မောင်ရင်နဲ့ သူနဲ့ အတူတူ ဟော်လန်ပြည် ရော်ဘာဒမ်မြို့ကိုသွားပြီး ဟိုမှာ လက်ထပ်လိုက်ကြတယ်။ နောက်တော့မှ မောင်ရင်က သူ့အတွက် အမွေရဖို့ တောင်းဆိုနည်းကို သင်ပေးခဲ့တယ်။

သူဟာ လေဒီဟော်ဘူရီရဲ့ အိမ်ဖော်မိန်းကလေး အလုပ်လုပ်ခဲ့တာကို လုံးဝဖွင့်မပြောဘဲ သူနဲ့ သူ့ခင်ပွန်းတို့က လူသတ်မှုဖြစ်ချိန်မှာ နိုင်ငံခြားရောက်နေပါတယ်လို့ ပြောဖို့ သင်ပေးခဲ့တယ်။ မောင်ရင်တို့ ကံဆိုးချင်တော့ သူဟာ အမွေရရှိဖို့ တောင်းဖို့ရေးအတွက် သတ်မှတ်တဲ့နေ့ရက်က ကျုပ်ကိုယ်တိုင် ပဲရစ်မြို့ကို လာတဲ့နေ့နဲ့ တိုက်ဆိုင်နေတယ်။ ဂျိန်းကလည်း ကျုပ်ရဲ့ အတွင်းရေးမှူးအဖြစ်လိုက်ပါလာတယ်။ ဒါဟာ မောင်ရင့်အနေနဲ့ သဘောမကျစရာ ဖြစ်လာတယ်။ ကျုပ် သို့မဟုတ် ဂျိန်းအနေနဲ့ အယ်နီမိုရီဆော့ကို လေဒီဟော်ဘူရီရဲ့ အိမ်ဖော်မိန်းကလေး မာဒီလိန်းအဖြစ် မှတ်မိနိုင်တဲ့ အန္တရာယ်ရှိနေတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။

မောင်ရင်ကိုယ်တိုင် ပဲရစ်မြို့ကို လိုက်လာတဲ့ အချိန်တုန်းကတော့ အယ်နီမိုရီဆော့ဟာ ရှေ့နေကြီး မစ္စတာသီဘော့ထံ သွားပြီး အမွေတောင်းခဲ့ပြီးပြီ။ တယ်။ အယ်နီမိုရီဆော့က ကျုပ်နဲ့ တွေ့ဆုံခဲ့ပုံကို ပြောပြတော့ မောင်ရင်က

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်သွားမိတယ်။ အခြေအနေက အန္တရာယ်ပိုလာတဲ့အတွက် မောင်ရင်ဟာ တစ်ခုခု အမြန်ဆုံး ဆုံးဖြတ်မှုဖြစ်မယ်လို့ စဉ်းစားမိတယ်။ မောင်ရင့်မှာ မူလကတည်းက ရှိခဲ့တဲ့အကြံအစည်တစ်ခုက အယ်နီမိုရီဆော့ဟာ အမွေရပြီး ကြာရှည် အသက်ရှင်မနေဖို့ပဲ ဖြစ်တယ်။ ဒါကြောင့် လက်ထပ်ပြီး မကြာခင်မှာ မောင်ရင်တို့နှစ်ယောက်ဟာ အလွန်ချစ်တဲ့ ဇနီးမောင်နှံအနေနဲ့ သေတမ်းစာတွေရေးပြီး လက်မှတ်ထိုးလိုက်ကြတယ်။ နောက်တစ်ခုက မောင်ရင့်ရည်ရွယ်ချက်က အင်္ဂလန်မှာ အလုပ်အကိုင်မကောင်းလို့ဆိုပြီး ကနေဒါနိုင်ငံကို သွားဖို့ ရည်ရွယ်ခဲ့တယ်။ ဟိုကျတော့ မောင်ရင်က မူရင်းနာမည် ရစ်ချတ်ကိုပြန်ပြီး မောင်ရင့်ဇနီးက နောက်မှလိုက်လာဖို့ပဲ။ နောက်မကြာခင်မှာ မောင်ရင့်ဇနီး မစ္စရစ်ချတ်က ကွယ်လွန်သွားပြီး မောင်ရင်က အမွေဆက်ခံရရှိနိုင်ဖို့ စီစဉ်ထားခဲ့တယ်။ ဒီတော့မှ မောင်ရင် နော်မန်ဂေး(လ်)အမည်နဲ့ အင်္ဂလန်ပြည်ကို ပြန်လာဖို့ ရည်ရွယ်တယ်။ ဒီအတောအတွင်း အခြေအနေက အေးအေးဆေးဆေး လုပ်ဖို့ အချိန်မရတော့ဘူးဆိုတာ မောင်ရင်စဉ်းစားမိတယ်"

စုံထောက်ဟာကြူလီက စကားကို ခေတ္တရပ်လိုက်ရာ နော်မန်ဂေး(လ်)သည် လှောင်ပြောင်သလို ရယ်မောလိုက်သည်။

"ခင်ဗျားပြောတာတွေက စိတ်ကူးယဉ်ဆန်လွန်းလို့ ခင်ဗျားဟာ မစ္စတာကလင်စီလို စာရေးဆရာလုပ်ဖို့ ကောင်းတယ်။ အခုခင်ဗျားပြောတာတွေဟာ ဘာအထောက်အထားမှ မရှိပါဘူး"

နော်မန်ဂေး(လ်)က ဤသို့ပြောလိုက်သော်လည်း စုံထောက် ဟာကြူလီသည် ခပ်တည်တည်ပြန်ကြည့်လိုက်ပြီး…

"ကျုပ်မှာ အထောက်အထားတွေ ရှိပါတယ်"ဟု ပြန်ပြောလိုက်သည်။

" ဘာအထောက်အထားတွေလဲ။ ကျွန်တော်က မာဒမ်ဂီဆယ်(လ်)နားကို လုံးဝမသွားခဲ့တာကို လေယာဉ်ပေါ်က လူတွေအားလုံးသိတယ်။ ဒီတော့ ဘယ်လိုလုပ်ပြီးသတ်တယ်ဆိုတာ ခင်ဗျား ဘာအထောက်အထားပြနိုင်သလဲ"

"မောင်ရင် ဘယ်လိုသတ်တယ်ဆိုတာ ကျုပ်က အတိအကျ ပြောပြမယ်။ ပထမဆုံး မောင်ရင့်ရဲ့ ပစ္စည်းစာရင်းကို စစ်ကြည့်လိုက်တော့ သွားဘက်ဆိုင်ရာ ဆရာဝန်တွေဝတ်တဲ့ အဖြူရောင် ဂျူတီကုတ်အင်္ကျီတစ်ထည်ပါလာတယ်။ မောင်ရင်က ပြင်သစ်ပြည်ကို အပန်းဖြေခရီးထွက်လာတာဆိုရင် ဘာကြောင့် အဲဒီ အဖြူရောင် ဂျူတီကုတ်အင်္ကျီကို ဆောင်လာရတာလဲ။ ဒီ မေးခွန်းကို ကျုပ်က သေသေချာချာ စဉ်းစားကြည့်လိုက်တော့ အဖြေထွက်



လာတယ်။ ဘာလဲဆိုတော့ ဆရာဝန်သုံး ဂျူတီအဖြူရောင်ကုတ်အင်္ကျီဟာ လေယာဉ်မောင်တွေ ဝတ်တဲ့ အဖြူရောင်ကုတ်အင်္ကျီနဲ့ အလွန်တူနေလို့ပဲ ဖြစ်တယ်။ ကောင်းပြီ၊ မောင်ရင်လုပ်ခဲ့ပုံကို ကျုပ်ဆက်ပြောပါ့မယ်။ ခရီးသည်တွေကို ကော်ဖီတိုက်ချိန်မှာ မောင်ရင်က အိမ်သာခန်းကို ထသွားခဲ့တယ်။ အိမ်သာခန်းထဲမှာ မောင်ရင်ဟာ အဖြူရောင်ဂျူတီကုတ်အင်္ကျီကို လဲဝတ်လိုက်တယ်။ မောင်ရင်ရဲ့ မျက်နှာကိုလည်း ရုပ်တစ်မျိုးပြောင်းသွားအောင် ပါးစောင်နှစ်ဖက်ထဲမှာ ဝါဂွမ်းတွေထည့်ပြီး ပါးဖောင်းတဲ့ လူတစ်ယောက်လို လုပ်လိုက်တယ်။ ပြီးတော့ အိမ်သာအပြင်ဘက်မှာရှိတဲ့ ပန်းကန်ခွက်ယောက် စားပွဲပေါ်က ကော်ဖီဇွန်းတစ်ချောင်း ကောက်ယူပြီး လေယာဉ်မောင်တစ်ဦးအသွင်နဲ့ မာဒမ်ဂီဆယ်(လ်)ရဲ့ ထိုင်ခုံရှိရာကို ခပ်သုတ်သုတ်လျှောက်သွားလိုက်တယ်။ ဟိုရောက်တော့ အဆိပ်လူးဆူးမြားငယ်နဲ့ မာဒမ်ဂီဆယ်(လ်)ရဲ့ လည်ပင်းကို ထိုးစိုက်လိုက်တယ်။ တစ်ချိန်တည်းမှာပဲ အသင့်ယူဆောင်သွားတဲ့ မီးခြစ်ဘူးအလွတ်ထဲက ပိတုန်းကောင်အရှင်ကို ဖွင့်လွှတ်လိုက်တယ်။ ပိတုန်းကောင်က ပျံဝဲထွက်သွားတယ်။ ဒီတော့ ခင်ဗျားက အိမ်သာခန်းထဲပြန်ဝင်၊ ကုတ်အင်္ကျီအဖြူကို ချွတ်ပြီး မူလအင်္ကျီ လဲဝတ်လိုက်တယ်။ အိမ်သာခန်းထဲကပြန်ထွက်လာတော့ မောင်ရင်ဟာ အေးအေးဆေးဆေး ကိုယ့်နေရာကိုယ်ပြန်လာပြီး ထိုင်နေလိုက်တယ်။ ဒါတွေလုပ်တာဟာ ဘာမှသိပ်မကြာဘဲ မိနစ်ပိုင်းလောက်သာကြာတယ်။ အဓိကအချက်ကတော့ လေယာဉ်မောင်တွေ လှုပ်ရှားသွားလာတာကို ဘယ်သူကမှ ဂရုစိုက်ကြည့်လေ့မရှိဘူး။ မောင်ရင်က လေယာဉ်မောင်ဟန်ဆောင်ပြီး လျှောက်လာတော့ မှတ်မိနိုင်တဲ့ ခရီးသည်ဆိုလို့ ဂျိန်းဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲရှိတယ်။ ဒါပေမဲ့ မိန်းကလေးဆိုတာက ယောကျ်ားချောချောတစ်ယောက်နဲ့ ခရီးသွားလာတဲ့အခါ သူ့ကိုယ်သူ အလှပြင်ချင်တဲ့ စိတ်က များနေတတ်တယ်။ ဒီတော့ မောင်ရင်ထသွားချိန်မှာ ဂျိန်းဟာ လက်ကိုင်အိတ်ထဲက မှန်ငယ်ကို ထုတ်ကြည့်ရင်း သူ့မျက်နှာကို အလှပြင်နေတာမို့ မောင်ရင့်ကို ဂရုစိုက် မကြည့်ခဲ့ဘူး"

စုံထောက်ဟာကြူလီ၏ စကားအဆုံးတွင် နော်မန်ဂေး(လ်)သည် စိုးရိမ်တုန်လှုပ်ဟန်မရှိဘဲ သရော်သလိုလေသံမျိုးနှင့်…

"ခင်ဗျားဟာက တော်တော်စိတ်ဝင်စားဖို့ကောင်းတဲ့ စိတ်ကူးယဉ် ယူဆချက်ပါပဲ။ နောက်ထပ် ဘာများ ရှိပါသေးသလဲဗျာ"ဟုမေးလိုက်သည်။

"နောက်ထပ် ပြောစရာတွေအများကြီးပဲ။ [illegible] [illegible] တဲ့အတိုင်း လူတစ်ယောက်ဟာ စကားပြောဖန်များရင် [illegible] အမှားပါ

www.burmeseclassic.com



လာတတ်တယ်ဆိုတာ တကယ်မှန်တယ်။ ကျုပ်နဲ့စကားပြောရင်း မောင်ရင်က တစ်ချိန်တုန်းက တောင်အာဖရိကနိုင်ငံက လယ်ယာလုပ်ငန်းတစ်ခုမှာ ရောက်နေခဲ့တယ်လို့ ပြောခဲ့တယ်။ မောင်ရင် ထည့်မပြောတဲ့အချက် အဲဒီလယ်ယာလုပ်ငန်းဆိုတာက မြွေအမျိုးမျိုးမွေးတဲ့ မွေးမြူရေးခြံတစ်ခု ဖြစ်တယ်"

ဤတွင် နော်မန်ဂေး(လ်)သည် ပထမဆုံးအကြိမ် စိုးရိမ်တုန်လှုပ်ဟန်ဖြင့် မျက်နှာပျက်သွားသည်။ စုံထောက်ဟာကျူလီက စကားဆက်လေသည်။

"တောင်အာဖရိကမှာရှိစဉ်က မောင်ရင် ရစ်ချတ်ဆိုတဲ့နာမည်ရင်းနဲ့ နေခဲ့တယ်။ မောင်ရင့်ဓာတ်ပုံတစ်ပုံကို ဟိုလှမ်းပို့လိုက်တော့ ဟိုကလူတွေက မှတ်မိကြတယ်။ ပြီးတော့ အဲဒီဓာတ်ပုံကိုပဲကြည့်ပြီး ရော်တာဒမ်မြို့မှာ အယ်နီမိုရီဆော့နဲ့ လက်ထပ်ခဲ့တဲ့ ရစ်ချတ်ဆိုသူဟာ မောင်ရင်ပဲလို့ ဟိုကလူတွေက အတိအကျပြောကြတယ်"

နော်မန်ဂေး(လ်)သည် တစ်စုံတစ်ရာပြောရန် ကြိုးစားသော်လည်း ပါးစပ်က မထွက်ပြဘဲ ပြင်းစွာ စိုးရိမ်တုန်လှုပ်လာတော့သည်။ သူ၏ အင်္ဂါရုပ်အသွင်သည် သိသိသာသာ ပြောင်းလဲလာလေသည်။ ခံ့ညားချောမွေ့သော လူငယ်တစ်ယောက်အသွင်မျိုး မဟုတ်တော့ဘဲ လှောင်အိမ်ထဲ ပိတ်မိနေ၍ ပြေးပေါက်ရှာမရသော ကြွက်တစ်ကောင်၏ဟန်မျိုး ဖြစ်လာသည်။

စုံထောက်ဟာကျူလီက သူ၏စကားကို ဆက်ပြန်သည်။

"မောင်ရင့် အကြံအစည်ပျက်ရတဲ့အကြောင်းကတော့ ရှေ့လောကြီးလို့ပဲဖြစ်တယ်။ အယ်နီမိုရီဆော့ နေထိုင်ခဲ့တဲ့ မိဘမဲ့ဂေဟာရဲ့ ကျောင်းအုပ်ဆရာမကြီးက မာဒမ်ဂီဆယ်(လ်)သေဆုံးကြောင်း သတင်းကြားတော့ အယ်နီမိုရီဆော့ဆီကို အကြောင်းကြားလိုက်တယ်။ ဒါကို လျှစ်လျူရှုထားလိုက်လျှင်လည်း မသင်္ကာဖြစ်မယ်ဆိုတာ မောင်ရင်တို့က တွက်မိတယ်။ ဒီတော့ မောင်ရင်က မိန်းကလေးကို တချို့အချက်အလက်တွေကို ထိမ်ချန်ထားဖို့ သင်ပေးတယ်။ ဒီလိုမှမလုပ်ရင် မောင်ရင်ရော၊ အယ်နီမိုရီဆော့တို့က လူသတ်မှုဖြစ်တဲ့ လေယာဉ်ပေါ်ပါလာတော့ မသင်္ကာစရာဖြစ်မှာ အမှန်ပဲ။ နောက်ပိုင်း မောင်ရင့်ဇနီးနဲ့ ပြန်တွေ့ချိန်မှာ ကျုပ်နဲ့တွေ့ဆုံခဲ့ကြောင်းသိရတော့ မောင်ရင်က စိုးရိမ်လာတယ်။ ကျုပ်အနေနဲ့ အယ်နီမိုရီဆော့ဆီက အမှန်ကို စစ်ဆေးမေးမြန်းနိုင်ရင် ဒုက္ခပဲလို့ စိုးရိမ်မိလာတယ်။ ဒီတော့ မောင်ရင်က ရှေ့လောတကြီး လုပ်တော့တာပဲ။ အယ်နီမိုရီဆော့တို့ အင်္ဂလန်ပြည်သွားတဲ့ မီးရထားနဲ့ လိုက်ပါခိုင်းပြီး သူ့ကို အတင်းအဓမ္မ အဆိပ်တိုက်သတ်လိုက်တယ်။ ပြီးတော့ အဆိပ်ပုလင်းတိုလည်း သူ့လက်ထဲမှာ ထားပစ်ခဲ့တယ်"



"ဒါတွေအားလုံး မဟုတ်တာချည်းပဲ။ ခင်ဗျားလုပ်ကြံပြောနေတာ"

နော်မန်ဂေး(လ်)ကပြောသော်လည်း စုံထောက်ဟာကျူလီက ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး မောင်ရင်၊ မိန်းကလေးရဲ့လည်ပင်းမှာ အတင်းဖျစ်ညှစ်ထားတဲ့ဒဏ်ရာရှိနေတယ်"

"မဖြစ်နိုင်ဘူး"

"နောက်ပြီး အဆိပ်ပုလင်းမှာ မောင်ရင်ရဲ့ လက်ဗွေပုံစံ တွေ့ရတယ်"

"ဒါဖြင့် ခင်ဗျားလိမ်တာပဲ။ အဲဒီတုန်းက ကျုပ်လက်မှာ... "

စကားမဆုံးမီ စုံထောက်ဟာကျူလီက ကြားဖြတ်လျက်...

"ဟုတ်ပါတယ်၊ မောင်ရင်က လက်အိတ်ဝတ်ထားတယ် မဟုတ်လား။ ဒီလိုဖွင့်ပြောလိုက်တာကိုက မောင်ရင့်အနေနဲ့ ဖြောင့်ချက်ပေးသလို ဖြစ်သွားပြီ"ဟု ပြောလိုက်သည်။

နော်မန်ဂေး(လ်)သည် ဒေါသကို မချုပ်တည်းနိုင်သောဟန်ဖြင့် ရုတ်တရက်ခုန်၍ စုံထောက်ဟာကျူလီအား တိုက်ခိုက်ရန် ကြိုးစားရာ ရဲမှူးကြီးဂျက်က ပို၍လျင်မြန်စွာ လှုပ်ရှားလိုက်သည်။

သူ၏သန်မာသောလက်ဖြင့် နော်မန်ဂေး(လ်)အား ဖမ်းချုပ်ထားလိုက်သည်။

"နော်မန်ဂေး(လ်) ရစ်ချတ် ခင်ဗျားကို လူသတ်မှုနဲ့ ဖမ်းဆီးဖို့ ဝရမ်းကျုပ်မှာ အသင့်ရှိတယ်။ အခုချိန်ကစပြီး မောင်ရင်ပြောတဲ့စကားတွေကို ရေးမှတ်ပြီး တရားရုံးမှာ သက်သေအထောက်အထားအဖြစ် အသုံးပြုနိုင်တယ်ဆိုတာလည်း သတိပြုပါ"

ရဲမှူးကြီးဂျက်က တရားဥပဒေ အစဉ်အလာအရ ခပ်တည်တည်ပြောလိုက်ရာ နော်မန်ဂေး(လ်)သည် မည်သို့မျှမတတ်နိုင်တော့ဘဲ မတ်တတ်မှ ယိုင်လဲကျသွားတော့မလို ဖြစ်သွားလေသည်။ သူသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားနေပြီ ဖြစ်သည်။

အပြင်ဘက်၌ အသင့်ရှိနေသော အရပ်ဝတ်အရပ်စားနှင့် ရဲအရာရှိနှစ်ဦးတို့က ဝင်လာပြီး နော်မန်ဂေး(လ်)အား ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

စာရေးဆရာမစ္စတာကလင်စီသည် အလွန်အံ့ဩခြင်းကြောင့် စုံထောက်ဟာကျူလီအား လှမ်းကြည့်လိုက်သည်။

"မစ္စတာဟာကျူလီခင်ဗျား၊ ကျုပ်အနေနဲ့ မကြုံဖူးအောင် အံ့ဩမိတယ်။ ခင်ဗျားရဲ့ စုံစမ်းထောက်လှမ်းပုံက တကယ်ပဲ အံ့ကျစရာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စုံထောက်ဟာကြူလီက ပြုံးလိုက်သည်။

"ကျုပ်ကို သိပ်ပြီးမချီးကျူးပါနဲ့။ ချီးကျူးဖို့သင့်တာက ရဲမှူးကြီးဂျတ် ဖြစ်ပါတယ်။ သူ့ရဲ့ စွမ်းဆောင်ချက်ကြောင့် နော်မန်ဂေး(လ်)ဟာ ရစ်ချတ်ဆိုသူ ဖြစ်ကြောင်း ထင်ရှားတဲ့အထောက်အထား ရခဲ့တယ်။ နောက်တစ်ခုက ရစ်ချတ်ဆိုသူကို ကနေဒါနိုင်ငံ ရဲတပ်ဖွဲ့ကလည်း အလိုရှိနေတယ်။ ဟိုမှာ သူနဲ့ပတ်သက်တဲ့ မိန်းကလေးတစ်ယောက်ဟာ သူ့ကိုယ်သူ သတ်သေသွားတယ်လို့ ထင်ရပေမဲ့ သေသေချာချာ စုံစမ်းကြည့်လိုက်တော့ အသတ်ခံရတာ ဖြစ်နေတယ်။ ဒီအမှုနဲ့ပတ်သက်ပြီး သူ့ကို အလိုရှိနေတယ်ဗျ"

"ဟုတ်လား၊ ဒီလူက တယ်ဆိုးပါလား"

"ဟုတ်တယ်၊ သူက လူသတ်သမားတစ်ယောက်ပဲ။ ခက်ပုံက မိန်းကလေးတွေက သူ့ကိုမြင်ရင် သဘောကျတတ်တယ်"

"ဒီတိုင်းဆိုတော့ ဂျိန်းဆိုတဲ့မိန်းကလေးခမျာ သနားစရာပါပဲ"

မစ္စတာကလင်စီကပြောလိုက်ရာ စုံထောက်ဟာကြူလီကလည်း ဝမ်းနည်းဟန်ဖြင့်...

"ဟုတ်တယ် သနားစရာပါပဲ။ ဒါပေမဲ့ ကျုပ်က သူ့ကို ပြောခဲ့ပါတယ်။ လူ့ဘဝဆိုတာ အလွန်ဆိုးတာပဲလို့ ပြောခဲ့တယ်။ ဂျိန်းက သတ္တိရှိတဲ့ မိန်းကလေးတစ်ဦးဖြစ်တယ်။ တဖြည်းဖြည်းတော့ စိတ်ပြေသွားပါလိမ့်မယ်"ဟု ပြောလိုက်သည်။

ထိုအခိုက်မှာပင် စုံထောက်ဟာကြူလီသည် စားပွဲပေါ်၌ ရှုပ်ပွနေသော စာရွက်များကို ပြန်လည်နေရာချထားရင်းမှ သတင်းစာတစ်စောင်ထဲက ဓာတ်ပုံတစ်ပုံကို မစ္စတာကလင်စီအား ပြလိုက်သည်။

ဓာတ်ပုံက ဗင်နီရှာကားအမည်ရှိ အမျိုးသမီးနှင့် ဟော်ဘူရီ မြို့စားကြီးတို့ မြင်းပွဲ၌ စကားပြောနေကြပုံ ဖြစ်သည်။

"ခင်ဗျား ဒီပုံကိုမြင်ရဲ့ မဟုတ်လား။ နောက်တစ်နှစ်လောက်ကြာရင် သူတို့နှစ်ဦး ထိမ်းမြားလိုက်ပြီဆိုတဲ့သတင်း ကြားရလိမ့်မယ်။ အဲဒီလက်ထပ်ပွဲ ဖြစ်မြောက်အောင် စီစဉ်ပေးမယ့်သူက ကျုပ်ပဲဗျ။ ဒါ့အပြင် နောက်ထပ်လက်ထပ်ပွဲတစ်ပွဲကိုလည်း ကျုပ်က စီစဉ်ပေးဖို့ ရှိသေးတယ်"

"ဘာလဲ... လေဒီဟော်ဘူရီနဲ့ ပြဇာတ်မင်းသား မစ္စတာဘာရာကလောက်တို့ရဲ့ လက်ထပ်ပွဲလား"

မစ္စတာကလင်စီက မေးလိုက်လျှင် စုံထောက်ဟာကြူလီက ခေါင်းခါလိုက်သည်။



"မဟုတ်ပါဘူး။ သူတို့ကို ကျုပ်က စိတ်မဝင်စားပါဘူး။ ကျုပ်စီစဉ်ပေးတာက ဂျိန်းနဲ့ ပြင်သစ်ရှေးဟောင်း သုတေသနပညာရှင် မစ္စတာဒူပွန်ရဲ့သား ဂျွန်ဒူပွန်ဖြစ်တယ်။ ခင်ဗျား စောင့်သာကြည့်ပေတော့"

★ ★ ★

နောက်တစ်လခန့်ကြာသောအခါ ဂျိန်းသည် စုံထောက်ဟာကြူလီ၏ အိမ်သို့ လာလေသည်။ သူမ၏မျက်နှာက စိတ်မကောင်းဖြစ်နေသည့်ဟန်မျိုး ဖြစ်နေသည်။

"ကျွန်မနေနဲ့ မစ္စတာဟာကြူလီကို မုန်းဖို့သင့်တယ်"

"မုန်းချင်လည်း မုန်းပါကွာ။ ဒါပေမဲ့ မင်းကို အကဲခတ်ကြည့်ရတာ စိတ်ကူးယဉ်လောကမှာနေတာထက် အမှန်တရားကို ရင်ဆိုင်ဝံ့တဲ့ မိန်းကလေး တစ်ယောက်လို့ အကဲခတ်မိတယ်။ မင်းဟာ စိတ်ကူးယဉ်လောကမှာ နေမယ် ဆိုရင် ကြာရှည်အသက်ရှင်မှာ မဟုတ်ဘူးကွယ့်။ မိန်းမတွေကို သတ်ဖြတ် ဖျောက်ဖျက်တတ်တဲ့လူဟာ အကျင့်ပါပြီး ဒါမျိုးဆက်လုပ်တတ်တယ်"

စုံထောက်ဟာကြူလီက ညင်သာစွာပြောလိုက်သည်။

"ဒီလူက မိန်းကလေးတစ်ယောက်အနေနဲ့ တကယ် တပ်မက်စရာ ကောင်းတာ အမှန်ပဲရှင်။ ကျွန်မတော့ နောက်ကို ဘယ်သူ့ကိုမှ ချစ်မှာမဟုတ် တော့ဘူး"

"ဒါဟာ သဘာဝကျပါတယ်။ မင်းဘဝရဲ့ အဲဒီအပိုင်းက ပြည့်ဖုံးတား ချလိုက်ပြီဖြစ်တယ်"

"ရှေ့လျှောက် ကျွန်မက ဘာလုပ်ရမှာလဲရှင့်။ စိတ်ပြေလက်ပျောက် ဖြစ်တဲ့ အလုပ်တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

"ကျုပ် အကြံပေးရမယ်ဆိုရင် မင်းဟာ မစ္စတာဒူပွန်ရဲ့ သားအ... ပါရှားပြည် (အီရန်)ကို လိုက်သွားသင့်တယ်။ ရှေးဟောင်းသုတေသန... လည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်"

"နေပါဦးရှင့်၊ အဲဒီအလုပ်က စောစောက ရှင်ကအမှု... ရင်း ခဏဟန်ဆောင်လုပ်ဖို့ပြောတာ မဟုတ်လား"

ဂျိန်းက အံ့ဩဟန်ဖြင့် မေးလိုက်လျှင် စုံထောက်ဟာကြူလီက ... လိုက်လေသည်။

"မဟုတ်ဘူးကွယ့်။ ကျုပ်ကိုယ်တိုင်က ရှေးဟောင်းသုတေသန ...

www.burmeseclassic.com

www.burmeseclassic.com



ငန်းကို အလွန်စိတ်ဝင်စားမိတယ်။ ဒါကြောင့် သူတို့အဖွဲ့ ကုန်ကျစရိတ်အတွက် ကျုပ်က ရန်ပုံငွေလှူပါ့မယ်ဆိုတဲ့ ကတိအတိုင်း ချက်လက်မှတ်တစ်စောင်တောင် ပို့လိုက်ပြီးပြီ။ သူတို့သားအဖကလည်း မင်းကိုယ်တိုင် လိုက်ပါလိမ့်မယ်လို့ မျှော်လင့်နေကြကြောင်း ဒီနေ့မနက်ပဲ ကြားရတယ်။ ဒါထက် မင်းက နည်းနည်းပါးပါး ပုံဆွဲတတ်သလား"

"ဟုတ်ကဲ့... ကျွန်မက ကျောင်းမှာတုန်းက ပုံဆွဲပညာ တော်ခဲ့ပါတယ်"

"ဟုတ်ပြီ၊ ဒါဖြင့် မင်းဒီအလုပ်ကို စိတ်ဝင်စားပြီး ပျော်ပါလိမ့်မယ်"

"သူတို့က ကျွန်မ လိုက်ပါမှာကို တကယ်လိုလားရဲ့လား"

"သိပ်လိုလားတယ်"

"ဒါဖြင့် ကျွန်မအဖို့ ဟန်ကျပါလိမ့်မယ်။ ဒါထက် မစ္စတာဟာကြူလီ ကျွန်မကိုသနားပြီး တမင်သက်သက် ကူညီတာများလားဟင်"

"ကျုပ်က ငွေရေးကြေးရေးနဲ့ပတ်သက်ရင် ဘယ်သူ့ကိုမှ သနားတတ်တာ မဟုတ်ဘူး"

စုံထောက်ဟာကြူလီက ခပ်တည်တည်နှင့် ပြောလိုက်သည်။

"ကောင်းပါပြီ။ ကျွန်မကလည်း ပြတိုက်တွေသွားပြီး ရှေးဟောင်းပစ္စည်းတွေအကြောင်း ကြိုတင်လေ့လာထားဦးမှပဲ"

"ကောင်းပါတယ်"

ဂျိန်းသည် စုံထောက်ဟာကြူလီအား အထူးကျေးဇူးတင်မိလျက်...

"ဘာပဲပြောပြော မစ္စတာဟာကြူလီက ကျွန်မအပေါ် အထူးစေတနာထားပြီး ကရုဏာရှိတာတော့ ကျွန်မသိပါတယ်"

ဟု ပြောပြောဆိုဆို ဟာကြူလီ၏ နဖူးပြင်ကို ညင်သာယုယစွာ နမ်းလိုက်လေသည်။

❖ ❖ ❖

တက္ကသိုလ်နေဝင်း

BURMESE CLASSIC .com

## ကျော့်မွေးစာပေမှ ထုတ်ဝေပြီး စာအုပ်များ

၁။ မောင်သာမည(ယက်ဖ်တူရှင်ကိုနှင့်တွေ့ဆုံခြင်း)
၂။ မောင်ဒီ(သင်္ချာပညာ ငါဆရာ)
၃။ ရဲဘုန်းခေါင်(မာရ်နတ်မင်း၏ရယ်မောသံများ)
၄။ တင်ဦးခက်(ညဖြူဖြူ-ဒုတိယအကြိမ်)
၅။ ကျော့်ဝင်း(ပေါက္ခရဝသမိုး)
၆။ တက္ကသိုလ်နေဝင်း(မာဖီးယားကမ္ဘာ-ဒုတိယအကြိမ်)
၇။ ရဲဘုန်းခေါင်၊မိုးမင်းသိမ်း(နွေရာသီဓာတ်လမ်း နှင်းပွင့်တိုင်းပြည်)
၈။ ခင်စောတင့်(အမေဆောက်ခဲ့သောရဲတိုက်ကြီးများ-ဒုတိယအကြိမ်)
၉။ တက္ကသိုလ်နေဝင်း(သူသေကိုယ်သေ-ဒုတိယအကြိမ်)
၁၀။ မောင်ဒေး(အပျော်စီးပင်လယ်)
၁၁။ နတ်နွယ်(မနေ့တစ်နေ့ကရွာတဲ့မိုး-ဒုတိယအကြိမ်)
၁၂။ တက္ကသိုလ်နေဝင်း(အလောင်းပျောက်နေသောလူသတ်မှု-ဒုတိယအကြိမ်)
၁၃။ ရဲဘုန်းခေါင်(ပိုးအကျီ်ခရမ်းပြာနှင့် လရောင်နဲ့လင်းတဲ့အရိပ်တွေ)
၁၄။ တက္ကသိုလ်နေဝင်း(လောကကိုအနိုင်ယူမယ်-ဒုတိယအကြိမ်)
၁၅။ တက္ကသိုလ်နေဝင်း(ရှီးဂန်း-ဒုတိယအကြိမ်)

## ယခု

၁၆။ တက္ကသိုလ်နေဝင်း(လေယာဉ်ပေါ်မှလူသတ်မှု-ဒုတိယအကြိမ်)

## ဆက်လက်၍

၁၇။ စိုးစိုး(အင်္ဂပူ) (ရူပဗေဒသမားတို့ရဲ့စကြဝဠာ)
စာမူခွင့်ပြုချက်အမှတ် - ၄၀၀၉၃၈၀၆၀၇

www.burmeseclassic.com

www.burmeseclassic.com

## ကျော်မွှေးစာပေမှ ဆက်လက်စီစဉ်လျက်

၁၈။ မောင်လင်းယုန်(ရှမ်းပြည်) (ဂျက်လန်ဒန်၏ဝတ္ထုတိုများ)
၁၉။ တက္ကသိုလ်နေဝင်း(လိင်သဘာဝသမိုင်း)
၂၀။ တက္ကသိုလ်နေဝင်း(ကမ္ဘာဖျက်အန္တရာယ်)
၂၁။ ရဲဘုန်းခေါင်(မိန်းကလေး ၁၇ နှစ်)
၂၂။ ကျော်ကျော်(ကြံ့မိကြံ့ရာလှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ)
၂၃။ အောင်ခင်မြင့်(အဓိပ္ပာယ်မဲ့ပြဇာတ်)
၂၄။ ကိုလေးမြတ်(စာအုပ် ၅၀)
၂၅။ ကျော်ဝင်း(ဒုတိယအတွေး)
၂၆။ ခင်စောတင့်(အားလုံးရဲ့အမေ)
၂၇။ စိုင်းဝင်းမြင့်(ပြောပြောပြီး ပြေး)
၂၈။ နတ်နွယ်(မနေ့တစ်နေ့ကတိုက်တဲ့ မုန်တိုင်း)

www.burmeseclassic.com